www.burmeseclassic.com




# ဘဝရှင်မင်းတြားကြီးနှင့် သူ၏နျူးကလီးယား

## မြေမှုန့်လွင်

www.burmeseclassic.com

www.burmeseclassic.com

မြေမှုန်လွင်

# ဘဂရှင်မင်းတြားကြီးနှင့်
# သူ၏ နျူကလီးယား

www.burmeseclassic.com

www.burmeseclassic.com

## CHAPTER - A

(၁)

"ဒီမှာ နားထောင်ကြစမ်း…"

ခန်းမအတွင်းရှိ နိုင်ငံပေါင်းစုံမှ ထိပ်တန်းခေါင်းဆောင်များသည် နမဲချေရဲ၊ ဇက်မချိုးရဲ၊ နားရွက်မလှုပ်ရဲ၊ မျက်တောင်မခတ်ရဲ။ အသက်ရှူဖို့ပင် မေ့နေကာ စင်ပေါ်မှ ခမ်းနားကြီးကျယ်သော အသံပိုင်ရှင်ဆီသို့သာ အာရုံစိုက် နားထောင်နေကြ၏။

"အခုအချိန်ကစပြီး ဒီကမ္ဘာကြီးရဲ့ ခေါင်းဆောင်အဖြစ် ကျုပ်ကိုယ်ကျုပ် ကြေညာတယ်။ ခင်ဗျားတို့အထဲက မကျေနပ်တဲ့သူ ရှိလား"

ကုလသမဂ္ဂ အတွင်းရေးမှူးလုပ်သူက တစ်စုံတစ်ခုပြောရန် ပြင်လိုက်စဉ်မှာပဲ အမေရိကန်သမ္မတက လှမ်းတားသဖြင့် ကိုယ်ရှိန်သတ်လိုက်ရသည်။ စင်ပေါ်က ခမ်းနားကြီးကျယ်သော ပုဂ္ဂိုလ်ကြီးကတော့ သူ့စကားကို ကန့်ကွက်ရဲသူ ရှိမလားဟု ခဏစောင့်ကြည့်သည်။ သူ တွေးထားသလိုပင်။ မည်သူမျှ ပါးစပ်မဟရဲကြ။

"ကောင်းတယ်…. သိပ်ကောင်းတယ်၊ အခုလို ကျုပ်ကို ထောက်ခံကြတဲ့အတွက် ခင်ဗျားတို့အားလုံး ကောင်းကျိုးသုခ ရလိမ့်မယ်။ မယုံမရှိနဲ့၊ ဒီကမ္ဘာကို ကျုပ်လက်ထဲသာ ယုံယုံကြည်ကြည် ထည့်လိုက်ကြစမ်းပါ၊ ကျုပ်ကသာ တစ်ကမ္ဘာလုံးကို ကာကွယ်နိုင်မယ့်သူလေ၊ ကျုပ်ကသာ ခင်ဗျားတို့အားလုံးရဲ့ ရေမြေအရှင်သခင်ကြီးလေ…"

စင်အောက်ရှိ နိုင်ငံအသီးသီး၏ ခေါင်းဆောင်များက ထောက်ခံသည့် သဘောဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေကြသည်။

"ကျုပ်ရဲ့ နျူကလီးယား လက်နက်တွေကသာ လူသားအားလုံးကို ကာကွယ်ပေးနိုင်မှာ"

စင်ပေါ်မှအသံသည် ကျယ်သထက် ကျယ်လာ၏။ အောက်က ခေါင်းဆောင်များကလည်း ကြောက်သထက် ကြောက်လာကြ၏။ အကုန်လုံး ဇက်ကလေးများ ပုထားကြ၏။ ခေါင်းကလေးများ ငုံ့ထားကြ၏။

"အခုအချိန်ကစပြီး ကျုပ်ကိုယ်ကျုပ် ကြေညာမယ်"

စင်ပေါ်က ပုဂ္ဂိုလ်ကြီးက ခန်းမအတွင်းရှိ လူများအားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးတော့မှ….

"ကျုပ်ဟာ အခုအချိန်ကစပြီး ဘုရင်မင်းတြားကြီး ဖြစ်သွားပြီ၊ ဘယ်သူ ကန့်ကွက်မလဲ"

အားလုံး တညီတညွတ်တည်း ခေါင်းတွေ ဘယ်ညာယမ်းပြကြသည်။

"ဘယ်သူ ကန့်ကွက်မလဲ…"

အားလုံး တညီတညွတ်တည်း လက်တွေခါယမ်းပြကြသည်။

"ဘယ်သူ ကန့်ကွက်မလဲ…"

www.burmeseclassic.com

www.burmeseclassic.com

ကန့်ကွက်မည့်သူ တစ်ယောက်မှ မရှိ။ စင်ပေါ်က ဘဂရှင်မင်းတြားကြီးက သူ၏ အောင်မြင်မှုအတွက် လွန်စွာ နှစ်ထောင်းအားရကာ ကျယ်လောင်ခမ်းနားသော အသံကြီးဖြင့်...

"ငါသည်သာ ဒီမြေ ဒီရေကိုစိုးစံရာ ဘဂရှင်မင်းတြားကြီးကွ...၊ ဟား... ဟား... ဟား... ဟား... ဟား...."

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၂)

"ဟား... ဟား... ဟား... ဟား... ဟား... ဟား..."

"မောင်တော်... မောင်တော် ဘာဖြစ်တာပါလိမ့် မောင်တော်"

"ဟင်... ဟို... အဲ..."

ဘဂရှင်မင်းတြားကြီးက မျက်လုံးကို တစ်ချက်နှစ်ချက် ပွတ်ကာ ကြည့်လိုက်သည်။ သူ့ကို ကြောက်လန့်တကြား ကြည့်နေကြသည့် နိုင်ငံခေါင်းဆောင်များ မရှိကြတော့။ သူကလည်း စင်မြင့်ပေါ်မှာ မဟုတ်တော့။

"ဟို... အင်း... ဘာမှ မဟုတ်ပါဘူး"

သူ့ကိုကြည့်နေသည့် သူ့ကြင်ယာ ထိပ်ဖျားကို ဖြေလိုက်သည်။ အမှန်တော့ အခုလို အိပ်မက်မျိုး မက်သည်မှာ ယခုချိန်သည် ပထမဆုံး မဟုတ်တော့။ အခုအပတ်ထဲမှာပင် သုံးကြိမ်မြောက် ရှိလေပြီ။ ပထမဆုံးမက်သည့် အချိန်ကပင် ခါခါကြီး (အခါတော်ပေး)ကို အတိတ်ကောက်ခိုင်းပြီးသားပင်။

အဖြေက ကျေနပ်စရာ ကောင်းသည်။ ထိုကဲ့သို့ အိပ်မက်များများ မက်လေလေ လက်တွေ့အကောင်အထည် ဖော်နိုင်ဖို့ နီးလေလေ ဖြစ်သည် ဟူသတည်း။

ထို့ကြောင့် အခုလို အိပ်မက်မက်တိုင်း ကြည်နူးစွာ အိပ်ရာမှ ထရလေ့ ရှိသည်။ သို့သော် ဒီနေ့က နည်းနည်းပိုသည်။ ယခင်နေ့တွေနှင့် မတူ။ အဘယ့်ကြောင့်ဆိုသော် သူ့အိပ်မက်များကို အကောင်အထည်ဖော်မည့် အစည်းအဝေးကို စတင်မည့်နေ့ ဖြစ်နေခြင်း ကြောင့်ပင်။ စိတ်ကူးမှသည် လက်တွေ့သို့ ပထမဆုံးခြေလှမ်း လှမ်းမည့်နေ့ ဖြစ်သည်။ ထို့ကြောင့် အားရပါးရဖြင့် အိပ်ရာပေါ်မှ ထကာ လက်သီးလက်မောင်းတန်း၍ ဟစ်ကြွေးလိုက်ပုံမှာ...

"အောင်အတိတ်... အောင်နိမိတ်နှင့် အိပ်မက်မှသည် လက်တွေ့သို့ ထွန်းကားအောင်မြင်မည့် နေ့ ဖြစ်စေသော်..."

www.burmeseclassic.com

www.burmeseclassic.com

(၃)

"ဟေ့ကောင်... ဒါ ဘာအစည်းအဝေးလဲကွ"

မြန်မာနိုင်ငံတွင် ဘဂရှင်မင်းတြားကြီး ပြီးပါက ဒုတိယ အာဏာအကြီးဆုံးသူဟု ပြောနိုင်မည့် ဒုဆောင်ကြီး (ဒုတိယခေါင်းဆောင်ကြီး)က သူ့ဘေးတွင် လာထိုင်သည့် ကာဆောင်ကြီး (ကာကွယ်ရေးခေါင်းဆောင်ကြီး)ကို မေးလိုက်သည်။

"ဗျာ... ဒုဆောင်ကြီးတောင် မသိမှတော့ ကျွန်တော်လည်း ဘယ်သိပါ့မလဲဗျ"

"အထူးထိပ်တန်း လျှို့ဝှက်အစည်းအဝေးလို့တော့ ပြောတာပဲ ခင်ဗျား"

ဂန်ချုပ်ကြီး (ဂန်ကြီးချုပ်ကြီး) က ဝင်ဖြေသည်။

"ဒါကတော့ မင်းပြောမှလားကွ၊ ငါလည်း သိတာပေါ့"

ဒုဆောင်ကြီးက ဟောက်လိုက်သဖြင့် ဂန်ချုပ်ကြီး ဇက်ကလေးပုကာ ပြန်ငြိမ်သွားသည်။

"ကျုပ်တို့ ကြီးသုံးကြီးကိုပဲ ဖိတ်တာဆိုတော့ သိပ်အရေးကြီးတဲ့ အစည်းအဝေးတော့ ဖြစ်မှာသေချာတာပဲ"

ကာချုပ်ကြီးက တွေးတွေးဆဆဖြင့် ဝင်ပြောသည်။

"အင်း.. အစည်းအဝေးဆိုရင်တော့ မဆိုးပါဘူး၊ မဟုတ်ရင် ဟိုတစ်ခါတုန်းကလို ကျုပ်တို့သုံးယောက်နဲ့ သူ့အခါတော်ပေးကြီးကို ပေးတွေ့ပြီး နာမည်တွေထပ်ပြောင်းနေရင် ဒုက္ခပဲ ကျုပ်က ဗေဒင်တွေ ယတြာတွေ ဟိုဟိုဒီဒီ ဘာဆိုဘာမှ ယုံတဲ့ကောင် မဟုတ်ဘူး"

ဒုဆောင်ကြီးက သူတို့ ကြီးသုံးကြီးဖြစ်လာပုံကို သတိရကာ ပြောလိုက်သည်။ အစတုန်းက သူတို့သုံးယောက်သည် ဒုဆောင်၊ ကာဆောင်၊ ဂန်ကြီးချုပ်ဟူ၍သာ အချင်းချင်း ခေါ်ဆိုကြသည်။ တစ်နေ့တွင် ထိပ်တန်း လျှို့ဝှက်အစည်းအဝေးဆိုကာ သူတို့သုံးယောက်ကို ခေါ်၍ အခါတော်ပေးဆိုသည့် ဘိုးတော်တစ်ပါးနှင့် ပေးတွေ့သည်။ ဘဂရှင်မင်းတြားကြီး ဖြစ်ဖို့ရာအတွက် ကြီးသုံးကြီး၏ ခေါင်းဆောင်ဖြစ်ရမည်။ ထို့ကြောင့် သူတို့သုံးယောက်၏ ရာထူးများနောက်တွင် ကြီးများထည့်ရမည်ဆိုသဖြင့် ယခုကဲ့သို့ ကြီးသုံးကြီး ဖြစ်လာခြင်း ဖြစ်သည်။

"အဟမ်း..."

ချောင်းဟန့်သံနှင့်အတူ ဝင်လာသည်က ဘဂရှင်မင်းတြားကြီး။ ခါးများဆန့်ကာ အလျှင်အမြန် အလေးပြုရသည်က ကြီးသုံးကြီး။ ဘဂရှင်မင်းတြားကြီး နောက်တွင် ပါလာသည်က အနောက်တိုင်းဝတ်စုံနှင့် မျက်နှာစိမ်း လူရွယ်တစ်ဦး။ ဒီတစ်ခေါက် အနောက်တိုင်းက ဘိုးတော်အသစ် ပင့်လာပြန်သည်ဟုထင်ကာ ကြီးသုံးကြီးလုံး လန့်သွားသည်။ သူတို့ကို ဘာလုပ်ခိုင်းဦးမည်မသိ။

"ဒီမှာ အခု ကျုပ်နဲ့ပါလာတဲ့သူက သိပ်အရေးကြီးတယ်။ သူ့ကို မင်းတို့ သိမှာမဟုတ်ဘူး၊ နိုင်ငံခြားကနေ အခုမှ ပြန်ရောက်တာ၊ သူ့ကို သေချာမှတ်ထားကြ၊ ငါ့အတွက် သိပ်အရေးကြီးတဲ့ တာဝန်ကို ထမ်းဆောင်ဖို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com

ဘဂရှင်မင်းတြားကြီးက အခန်းထိပ်ခေါင်တွင် ချထားသည့် တစ်ခုတည်းသော ရွှေရောင်ထိုင်ခုံကြီးပေါ်တွင် မိန့်မိန့်ကြီးထိုင်ကာ ပြောလိုက်သည်။ ကြီးသုံးကြီးလည်း သတိအနေအထားဖြင့် ရပ်ကာ နားထောင်နေကြသည်။ အနောက်တိုင်းဝတ်စုံနှင့် လူရွယ်က ဘဂရှင်မင်းတြားကြီးဘေးတွင် ဝင်ရပ်၏။

"ဒီလူ့နာမည်ကို မင်းတို့ သိစရာမလိုဘူး။ သူပြောတာ နားထောင် သူခိုင်းရင် လုပ်ပေး၊ သူလိုအပ်တာ မှန်သမျှ ဖြည့်ဆည်းပေး၊ မင်းတို့ကိုယ်တိုင် လုပ်ရမယ်၊ ဘယ်သူ့ကိုမှ တစ်ဆင့် ပြန်ခိုင်းခွင့် မရှိဘူး... ကြားလား"

ကြီးသုံးကြီးလုံး အလုအယက် ညိတ်ပြန်သည်။ ခေါင်း။

"ကဲ... ဒါဆိုပြီးပြီ၊ လာ... သွားမယ်"

ဘဂရှင်မင်းတြားကြီးသည် သူနှင့်ပါလာသည့်သူကို ခေါ်ကာ ပြန်ထွက်သွားသည်။ ကြီးသုံးကြီးစလုံး နဖူးကို တဖြောင်းဖြောင်း မြည်အောင် ရိုက်၍ အလေးပြုလိုက်ကြ၏။

"ဒီလူက ဘယ်သူလဲကွ၊ အရေးကြီးတဲ့ တာဝန်ဆိုတာ ဘာများပါလိမ့်..."

ဒုဆောင်ကြီး၏အမေးကို ဘယ်သူမှမဖြေနိုင်ကြ။

"ဒါနဲ့ ကာဆောင်ကြီးရေ... ဒီလူက နိုင်ငံခြားက ရောက်လာတယ်ဆိုတော့ မင်းတို့ ရုရှားဘက်ကလား..."

"အင်း... မဟုတ်လောက်ဘူးဗျ၊ ရုရှားကို လွှတ်သမျှသူတိုင်းကို ကျွန်တော်သိပါတယ်၊ ဒီကောင်တော့ တစ်ခါမှ မတွေ့ဖူးဘူး"

ကာဆောင်ကြီးက တွေးတွေးဆဆ ဖြေသည်။

"အေး... ဟုတ်တယ်၊ မြောက်ကိုရီးယားက လာတာလည်း မဟုတ်လောက်ဘူး၊ မြောက်ကိုရီးယားကို သွားသမျှက ငါ့လက်ထွက်တွေချည်းပဲ"

ဒုဆောင်ကြီးက ပြောပြောဆိုဆိုနှင့် ဂန်ချုပ်ကြီးကို ကြည့်လိုက်သည်။ ဂန်ချုပ်ကြီးကလည်း ခေါင်းတယမ်းယမ်းဖြင့်...

"တရုတ်ကလည်း မဟုတ်လောက်ပါဘူး၊ တရုတ်ကိုလွှတ်သမျှ ကျွန်တော့်တပည့်တွေချည်းပါပဲ"

"ဒါဆို ဒီကောင် ဘယ်ကလဲကွ..."

ကြီးသုံးကြီးခမျာ အတွေးကြီးတွေးကာ ချာချာအလည်ကြီး လည်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၄)

"နျူကလီးယားဆိုတာ ဘာလဲ မယ်မယ်ဖျားရဲ့..."

"ဒီကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံး လက်နက်မဟာကြီးပေါ့ကွယ်၊ အဲဒါရှိရင် ငါတို့ကို တစ်ကမ္ဘာလုံးက ဖိန့်ဖိန့်တုန်အောင် ကြောက်ကြမှာ..."

"အဲဒါဆိုလည်း တစ်ဒါဇင်လောက် ဝယ်ထားလိုက်ပါလား..."

"တယ်လေ... လွယ်လွယ်ရမှတော့ နင်တို့ကိုတောင် ပြောနေပါ့မလားဟဲ့၊ ဝယ်ပြီးတာ ကြာပေါ့"

ဘဂရှင်မင်းတြားကြီး၏ ကြင်ယာထိပ်ဖျားက သမီးတော်များကို နျူကလီးယားလက်နက်နှင့် ပတ်သက်ပြီး ရှင်းပြနေခြင်း ဖြစ်သည်။

"ဟုတ်ပါပြီ၊ အဲဒါဆို တော်တော်တို့က ဘာလုပ်ပေးရမလဲ... ပြော"

တော်ကြီး (သမီးတော်ကြီး)က ဝင်မေးသည်။

"ညည်းတို့လုပ်ရမှာက ခါခါကြီး ခိုင်းတဲ့အတိုင်း လုပ်၊ ခါခါကြီး ပြောတဲ့အတိုင်းနေ၊ ယတြာများများ ချေပေးကြ"

"နျူကလီးယားရဖို့ ယတြာချေပေးရမှာပေါ့... ဟုတ်လား"

တော်လတ် (သမီးတော်လတ်)၏ အမေးကို မယ်မယ်ဖျားက ခေါင်းညိတ်ပြလိုက်သည်။

"ဟင်... သမီးကတော့ ဘာလက်နက်မှ စိတ်မဝင်စားဘူး၊ လိုလည်း မလိုချင်ဘူး သိလား၊ ဟောလိဝုဒ်မှာ မင်းသမီးလုပ်ရဖို့ပဲ အရေးကြီးတယ်၊ သမီးကိုသာ အမေရိကားရောက်အောင် လုပ်ပေးကြ"

တော်လေး (သမီးတော်လေး)က သူ့ထုံးစံအတိုင်း အာကျယ်ကျယ်ဖြင့် ဝင်ပြောသည်။

"ညည်းကလေ... သိလား၊ မိသားစုကိစ္စဆို ဘယ်တော့မှ စိတ်မဝင်စားဘူး၊ ကိုယ်ဖြစ်ချင်တာပဲ ကိုယ်ပြောနေတယ်၊ နင့်လို ဂက်မက ဆင်မကျ ဘုတ်ပြဲကြီးကို ဟောလိဝုဒ်မပြောနဲ့ ၃၅ လမ်းက ကောင်တွေတောင် ခေါ်ရိုက်မှာမဟုတ်ဘူး"

"ဟာ... မယ်မယ်ဖျားကလည်း"

"မယ်မယ်ဖျားကလည်း မလုပ်နဲ့၊ နင် ဟောလိဝုဒ်မင်းသမီး ဖြစ်ချင်တယ် မဟုတ်လား၊ ဖြစ်ချင်ရင် နျူကလီးယားလက်နက် ရအောင် ဆုတောင်း၊ နျူကလီးယားလက်နက်ရရင် နင်လည်း မင်းသမီးဖြစ်ပြီ"

"ဘာဆိုင်လို့တုန်း မယ်မယ်ဖျားရဲ့"

"ဆိုင်သမှ သိပ်ဆိုင်တာပေါ့ဟ၊ နျူကလီးယားသာ ရှိရင် နင့်ကို ရုပ်ရှင်ထဲမှာ ထည့်ရိုက်ဖို့ ဟောလိဝုဒ်က လူတွေကို ခိုင်းမယ်၊ အေး... မရိုက်ဘူးလို့ငြင်းရင် ငြင်းတဲ့လူတွေကို နျူကလီးယားနဲ့ ထုမယ်လို့ ပြောလိုက်ရင်..."

www.burmeseclassic.com

www.burmeseclassic.com

မယ်မယ်ဖျားက စကားကိုဖြတ်ကာ သမီးတော်များ၏ မျက်နှာများကို ဝေ့ဝဲအကဲခတ်လိုက်သည်။ သမီးတော်တိုင်း၏ မျက်လုံးများထဲတွင် ကျေနပ်မှု ပီတိအရောင်များ အဖျပ်ဖျပ် တောက်ပလျက်။

"ဒါဆို တော်လတ်လည်း ဂျပ်စတင်ဘီဘာနဲ့ ရှော့ပင်အတူတူထွက်လို့ ရပြီပေါ့နော်"

"ဒါပေါ့..."

"တောင်အာဖရိက စိန်တွင်းကြီးတွေကိုလည်း တော်ကြီးလိုချင်ရင် ရမှာပေါ့နော်"

"ဒါပေါ့...၊ ဒါကြောင့် ညည်းတို့ကို ခါခါကြီးပြောတဲ့အတိုင်း လိုက်နာ၊ ယတြာချေ၊ ဘုရားမှာ ဆုတောင်းဖို့ ငါပြောနေတာပေါ့"

"နေကြစမ်းပါဦးဗျာ..."

လူကြီးတွေ စကားဝိုင်းကို တစ်ချိန်လုံး ငြိမ်နားထောင်နေသည့် ဆုံးမြေး (အချစ်ဆုံးမြေး)က ဝင်ပြောသည်။

"နျူကလီးယားလုပ်ဖို့ဆိုတာ သိပ်မခက်လှပါဘူး"

"ဘာ..."

မယ်မယ်ဖျားက တအံ့တသြ ပြန်မေးသည်။

"မခက်ဘူး... ဟုတ်လား"

"ဟုတ်တယ်..မခက်လှပါဘူး၊ မခက်လို့လည်း နိုင်ငံတော်တော်များများမှာ ရှိတာပေါ့၊ ခက်မှတော့ ရှိပ့ါမလား၊ နောက်ပြီး သူတို့တောင် ရအောင်လုပ်နိုင်သေးတယ်၊ ကျွန်တော်တို့ရော ဘာလို့ မရရမှာလဲ"

ဆုံးမြေး၏ စကားကို မယ်မယ်ဖျားက စိတ်ဝင်တစား နားထောင်နေ၏။ တော်သုံးတော်ကတော့ ယုံကြည်ပုံ သိပ်မရ။

"ကျွန်တော် ပြောပြမယ်၊ နျူကလီးယားဆိုတာ အီး အီးကွယ်တူ အမ်ဆီစကွယ် ဆိုပြီး ဆံပင်စုတ်ဖွားနဲ့ ဘဲကြီးတစ်ယောက တီထွင်ထားတာလေ၊ လက်ရှိ ကမ္ဘာပေါ်မှာ အမေရိကန်၊ ရုရှား၊ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ မြောက်ကိုရီးယား အပါအဝင် နိုင်ငံတော်တော်များများ ပိုင်ထားကြတာ၊ ကျွန်တော်တို့လည်း ရအောင်လုပ်ရင် ဖြစ်ပါတယ်"

"ဟယ်... ငါ့ဆုံးမြေးလေးက တော်လိုက်တာဟယ်၊ ဒါတွေ ဘယ်လိုလေ့လာထားတာလဲ၊ တွေ့လား... ငါ့ဆုံးမြေးကမှ နင်တို့ထက် အများကြီး အသုံးဝင်သေးတယ်"

မယ်မယ်ဖျားက သူ၏အသည်းကျော် ဆုံးမြေးလေး၏ ပခုံးကို ခပ်ဖွဖွပုတ်ကာ သူ့ တော်သုံးတော်ကို ကြိမ်းလေသည်။

"ပြောစမ်းပါဦးလေ၊ ငါ့မြေးလေးက အဲ့ဒါတွေကို ဘယ်လိုလုပ် သိတာလဲ"

"ဒါလား... မခက်ပါဘူး၊ ဖေ့စ်ဘုတ်ထဲ ဝင်ဖတ်လိုက်တာပဲလေ၊ ဒါကြောင့် တော်တော်တို့ကိုလည်း ဖေ့စ်ဘုတ်သုံးပါလို့ ကျွန်တော် ပြောတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"မသုံးချင်ပါဘူးဟယ်... နင့်ဖေ့စ်ဘုတ်က ငါတို့ကောင်းကြောင်း ရေးမှမရေးဘဲ၊ နင်သုံးချင်တယ်ဆိုလို့သာ မင်းကြားကြီးက မပိတ်ဘဲ ထားထားရတာ၊ မဟုတ်လို့ကတော့ မြန်မာပြည်မှာ ဖေ့စ်ဘုတ်မသုံးရတာ ကြာလှပေ့ါ"

တော်တော်က ဂင်ပြောသည်ကို မယ်မယ်ဖျားက စကားစဂင်ဖြတ်သည်။

"တော်စမ်းပါဟယ်... ဒီမှာ ငါ့ဆုံးမြေးလေး ပြောတာကို သေချာနားထောင်ကြစမ်းပါ"

"ဆိုတော့ကာ အခု ကျွန်တော်လည်း နျူကလီးယားနဲ့ ပတ်သက်တာတွေကို လေ့လာသင့်သလောက်လည်း လေ့လာပြီးပြီ၊ မြန်မာပြည်မှာ နျူကလီးယားလက်နက်ရဖို့ တာဂန်ကို ကျွန်တော့်ကိုမှ မပေးရင် ဘယ်သူ့ကို ပေးချင်သေးလဲ"

"နျူကလီးယားလက်နက်ရအောင် ဆုံးမြေးကို တာဂန်ပေးရမယ် ဟုတ်လား"

တော်ကြီးက အလန့်တကြား ပြန်မေးသည်။ အမှန်တော့ ဆုံးမြေးသည် တော်ကြီး၏ သားတော်တစ်ပါး ဖြစ်သည်။ သို့သော် ဆုံးမြေးကို ဘဂရှင်မင်းကြားကြီးနှင့် ကြင်ယာထိပ်ဖျားတို့က မွေးစားလိုက်ပြီး သူတို့နှင့်အတူနေရန် ခေါ်ထားလိုက်သည်။ တော်ကြီးကပင် သူ့သားကို သားတော်ဟု ခေါ်ခွင့်မရှိ။ ဆုံးမြေးဟုသာ ခေါ်ရသည်။ ဘဂရှင် မောင်နှံတို့၏ အချစ်ဆုံးမြေး ဖြစ်သည့်အလျောက် လွန်စွာ ပစားပေး ခံရသဖြင့် မိခင်ရင်းအပါအဂင် တော်သုံးတော်လုံးက သိပ်ကြည့်မရကြ။

"ကြည့်လည်း လုပ်ပါဦး ဆုံးမြေးလေးရယ်၊ မြိုင်ကား မြိုင်ကားဆိုတော့လည်း မြန်မာပြည်မှာ မြိုင်ကားကွင်းတွေ ဆောက်ပေးရ၊ မြိုင်ကားတွေ ဂယ်ပေးရ၊ ဆောက်ပေးတဲ့ မြိုင်ကားကွင်းက ကျဉ်းတယ်ဆိုလို့လည်း လေယာဉ်ကွင်းကိုတောင် ပိတ်ပြီး ပေးမောင်းရ၊ ပြီးတော့လည်း အိမ်မှာသာ မြိုင်ကားတွေ အဖတ်တင်သွားတယ်၊ ဘောလုံးဘက် လှည့်သွားပြန်ရော၊ ဟော... ဘောလုံးဆိုတော့လည်း မန်ယူအသင်းကိုတောင် ဂယ်ချင်တယ် ဆိုလို့ မယ်မယ်ဖျားတို့ကလည်း ဂယ်ပေးတာပဲ၊ ဟိုက မရောင်းလို့သာပေ့ါ၊ ဒါနဲ့ စိတ်ကျေနပ်အောင် မြန်မာအင်တာနေရှင်နယ်လိဂ်ဆိုပြီး မြိုင်ပွဲကြီး လုပ်ပေးရ၊ ပရော်ဖက်ရှင် ဘောလုံးသမားတွေ ပါရမယ်ဆိုလို့ ဘယ်က ရောက်လာမှန်းမသိတဲ့ ကပွလီကောင်တွေကို အလကား ပိုက်ဆံပေးထားရ။ ပြီးတော့ ဟုတ်တာလည်း မဟုတ်ဘူး၊ အခု နျူကလီးယားဆိုတာ လက်နက်နော်၊ လူတွေ အများကြီး သေစေနိုင်တဲ့ လက်နက်နော်၊ ပေ့ါသေးသေး လုပ်လို့မရဘူး"

တော်ကြီးက တွေးတွေးဆဆဖြင့် ဂင်ပြောသည်။

"ဟုတ်တယ်.. ဒါမျိုးဆိုတာ ဂိမ်းကစားသလို လွယ်တာမဟုတ်ဘူး၊ ကြည့်လည်းလုပ်ဦး"

တော်လတ်ကပါ ဂင်ထောက်ခံသည်။

"ဟင်း... မယ်မယ်ဖျားရေ လုပ်ပါဦး"

သူ့နောက်တွင် ရပ်နေသည့် မယ်မယ်ဖျားအား ဆုံးမြေးက ဖက်ကာချွဲလေသည်။

"ဆုံးမြေးက အားလုံးကောင်းဖို့ လုပ်ပေးချင်တာကို ဂိုင်းပြောနေကြပြီ"

www.burmeseclassic.com

www.burmeseclassic.com

မယ်မယ်ဖျား၏ ပျော့ကွက်ကို ဆုံးမြေးက သိသည်။ အခုလို ခေါင်းလေးတစ်ချက်လောက် ပွေ့လိုက်လျှင် ပြီးပြီ၊ သူလိုချင်တာ မရဟူ၍ မရှိ။

"အေးလေဟယ်... ဒီမှာ ကလေးက အားလုံးကောင်းဖို့ လုပ်ပေးချင်နေတာကို၊ ညည်းတို့က ဘာဖြစ်နေကြရတာတုန်း၊ ကလေးဆိုတာ ဒီလိုပဲ၊ ငယ်ငယ်တုန်းကတော့ ဘာစိတ်ဝင်စားမှန်း ဘယ်သိဦးမှာလဲ၊ ဒီလိုပဲ စမ်းတဝါးဝါးလုပ်ရင်းနဲ့မှ ဖြစ်မှာပေါ့၊ ဟိုဟာဆိုလည်း တွေဝေ၊ ဒီဟာဆိုလည်း စဉ်းစားနဲ့ နင်တို့လိုသာဆိုရင် ငါ့ဆုံးမြေးလည်း ဖက်တီးပုတ်ကြီး ဖြစ်ရုံကလွဲပြီး ဘာမှထူးမှာ မဟုတ်ဘူး၊ ဒါနဲ့ ဆုံးမြေးက သိပ္ပံပညာကို တကယ် ဝါသနာပါတာနော်"

"တကယ်ပါတာပါ မယ်ဖျားရယ်၊ ပြိုင်ကားတွေ၊ ဘောလုံးတွေဆိုတာ ငယ်ငယ်တုန်းက မရင့်ကျက်သေးဘူး မဟုတ်လား၊ အခုတော့ အသစ်တွေ တီထွင်ရတာကို စိတ်ဝင်စားနေတာလေ၊ ကိုယ့်ဘာသာကိုယ်တောင် တီထွင်ဖို့ စဉ်းစားထားတာ ရှိသေးတယ်"

"ဟုတ်လား၊ ကြည့်စမ်း... ဆုံးမြေးလေးက တော်လိုက်တာ၊ ပြောစမ်းပါဦး... ဘာတွေလဲလို့"

သူ့အရပ်နဲ့ သူ့ဇာတ်ကတော့ ကိုက်နေတာပဲပေ့ ဆိုသည့် တော်လတ်၏ အသံကိုပင် မယ်မယ်ဖျားမှာ မကြားနိုင်တော့၊ ဆုံးမြေ၏ အတွေးသစ် အမြင်သစ် ဆိုသည်များကိုသာ စိတ်ဝင်တစား နားစွင့်နေ၏။

"ဒီလိုလေ... ဆုံးမြေးတို့ ကမ္ဘာက အလုံးကြီးမဟုတ်လား"

"ဘာ... ကမ္ဘာက အလုံးကြီး ဟုတ်လား"

တော်လေးက အလန့်တကြား ဝင်မေးသည်။

"ဟာ... ဟုတ်တယ်လေ၊ တော်လေးကလည်း ဒါတောင် မသိဘူးလား၊ ဒါကြောင့် ဖေ့စ်ဘုတ်သုံးပါလို့ ပြောနေတာ၊ ဖေ့စ်ဘုတ်ထဲမှာ အကုန်ရှိတယ်"

"ကဲပါ ဒီကောင်မတွေကို အဖတ်လုပ်မနေပါနဲ့ ဆုံးမြေးရယ်၊ ပြောစရာရှိတာသာ ပြောပါ"

မယ်မယ်ဖျားက စကားစဖြတ်လိုက်သဖြင့် တော်လေးမှာ ဘာမှထပ်မမေးသာ။ သို့သော် ကမ္ဘာကြီးက အလုံးဆိုသည်ကိုတော့ မည်သို့မျှ နားမလည်နိုင်ဖြစ်နေသည်။ အလုံးဆိုပါက အပေါ်တွင် ရှိနေသူများအတွက်တော့ ဘာမှမထူး။ အောက်ဘက်ခြမ်းကို ရောက်သွားပါက တွဲလောင်းကြီးများဖြစ်ကာ မည်သို့ အသက်ရှင်နေထိုင်ကြမည်နည်း။ စဉ်းစားရင်း ခေါင်းရှုပ်လာကာ ဆုံးမြေးပြောသည့် စကားများဘက်ကိုသာ အာရုံပြန်လွှဲလိုက်၏။

"ကမ္ဘာကြီးက အလုံးဆိုတော့ လည်နေတယ်လေ၊ အခု မြန်မာပြည်ကနေ အင်္ဂလန်တို့၊ ပြင်သစ်တို့ကို သွားချင်ရင် လေယာဉ်အကြာကြီး စီးရတယ်မဟုတ်လား၊ ဆုံးမြေးရဲ့အကြံက လေယာဉ်စီးစရာ မလိုဘူး၊ မြန်မာနိုင်ငံရဲ့ လေထုအပြင်ဘက်မှာ အဆောင်တစ်ခု ဆောက်ပေးလိုက်မယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

မယ်မယ်ဖျားမှ ဆုံးမြေးပြောနေတာတွေကို နားမလည်လှသော်လည်း စိတ်ဝင်တစား နားထောင်လျက်ရှိသည်။

"အဲဒီလို အဆောင်တစ်ခု ဆောက်ပြီးရင်း နိုင်ငံခြားကို သွားချင်တဲ့သူ မှန်သမျှကို အဲဒီအဆောင်ထဲ သွားနေနိုင်းလိုက်မယ်၊ ကမ္ဘာကြီးက အောက်မှာ သူ့ဘာသာသူ လည်နေတာဆိုတော့ ကိုယ်သွားချင်တဲ့နိုင်ငံက သူ့အလိုလို အဲဒီအဆောင်ကြီးအောက်ကို ရောက်လာမယ်၊ အဲဒီအခါကျမှ ပြန်ဆင်းလိုက်ရင် ကိုယ်သွားချင်တဲ့ နိုင်ငံကို ရောက်သွားရော၊ လေယာဉ်လည်း စီးစရာမလိုတော့ ပိုက်ဆံလည်း မကုန်တော့ဘူး၊ လေယာဉ်ပျက်ကျမှာလည်း ပူစရာမလိုတော့ဘူး၊ နောက်ပြီး လေယာဉ်မစီးရတော့လည်း လေယာဉ်ဆီတွေ မကုန်တော့ဘူး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက်ပါ အထောက်အကူဖြစ်တယ်လေ၊ ဒါ ဆုံးမြေးရဲ့ ကိုယ်ပိုင်အိုင်ဒီယာနော်၊ ကမ္ဘာကို ချပြလိုက်ရင် နိုဘယ်ဆုတွေ ဘာတွေ ရနိုင်တယ်"

"ဘာ... နိုဘယ်ဆု... ဟုတ်လား"

နိုဘယ်ဆုဆိုသည့် အသံကို ကြားလိုက်ရသည့်အခါ မယ်ဖျားမှာ အနာပေါ် တုတ်ကျလိုက်သည့်အလား၊ တီကောင်ကို ဆားနှင့်တို့လိုက်သည့်အလား၊ မျောက်ကို ငပိပေးသည့်အလား၊ အရက်သမားကို ကော်ဖီဖျော်တိုက်သည့်အလား များစွာ တုန်လှုပ်သွားလေ၏။

"နိုဘယ်ဆု ရမယ်ဆိုရင်တော့ မလုပ်နဲ့၊ မလုပ်ပါနဲ့ ဆုံးမြေးလေးရယ်၊ နိုဘယ်ဆု ရတဲ့သူတွေက ကောင်းတာမဟုတ်ဘူး၊ မယ်ဖျားတို့ မိသားစုကို ဒုက္ခပေးတဲ့သူတွေ၊ ကြားလား... နောက် နိုဘယ်ဆိုတဲ့အသံတောင် မထွက်ပါနဲ့နော်"

"ဟုတ်ပါပြီ၊ ထားလိုက်ပါတော့၊ နောက်ထပ် စဉ်းစားထားတာတွေ အများကြီး ရှိသေးတယ် သိလား၊ ကွမ်းတံတွေးကနေ လျှပ်စစ်ထုတ်ဖို့တို့၊ အင်္ဂလိပ်စာကို မျက်မှန်တပ် ဖတ်လိုက်တာနဲ့ မြန်မာဘာသာ မြင်နိုင်တဲ့ ဘာသာပြန် မျက်မှန်တို့၊ အများကြီးမှ အများကြီးပဲ၊ နောက်မှ သေချာရှင်းပြမယ်၊ အခု နျူကလီးယားစီမံကိန်းကို ဆုံးမြေး ဦးဆောင်ရမလား၊ မရဘူးလားပဲ ပြော"

"ဦးဆောင်ရမှာပေါ့၊ ဦးဆောင်ရမှာပေါ့၊ ငါ့ဆုံးမြေးမှ ဦးမဆောင်ရင် မြန်မာနိုင်ငံမှာ ဘယ်သူက ဦးဆောင်မလဲ၊ ဟုတ်တယ် မဟုတ်လား"

"ဟင်း... တော်တော်လည်း လိုက်ဖက်ညီကြပါပေ့"

တော်ကြီးက ပြောပြောဆိုဆိုနှင့် ထထွက်သွားသည်။ တော်လတ်နှင့် တော်ငယ်တို့လည်း ထိုင်နေ၍ ထူးမည်မဟုတ်သဖြင့် တော်ကြီးနောက်သို့ လိုက်သွားကြ၏။ ဒါတောင် မြေးအဖွားနှစ်ဦး၏ တစ်နျူတည်း တစ်နျူကား တစ်ယားတည်း ယားသံများကို တစ်အိမ်လုံး ဘယ်နေရာသွားသွား ကြားပြီးရင်း ကြားနေရပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

(၅)

"ဖူး..."

ဘယ်နှစ်ကြိမ်မြောက်မှန်း မသိသော လေပူများကို ဒုဆောင်ကြီးပါးစပ်မှ မှုတ်ထုတ်လိုက်သည်။ လေအေးစက်ကို အစွမ်းကုန် ဖွင့်ထားခြင်းကြောင့် အခန်းတွင်းတွင် အေးနေပါသော်လည်း အတွေးများကြောင့် ဦးနှောက်ကြီးပူကာ ချောက်ခမ်းနေလေ၏။

"ဘဂရှင်မင်းတြားကြီးအတွက် သိပ်အရေးကြီးတယ်၊ ငါတို့ကိုလည်း ဖွင့်မပြောဘူး၊ ဘာများပါလိမ့်"

ဒုဆောင်ကြီး သောက်လိုက်သည့် အရက်များသည် ရေခဲတုံးများနှင့် ရောနှောကာ အေးစက်နေပါသော်လည်း ရင်ဘတ်ထဲသို့ ရောက်သွားသည့်အခါ ပူလောင်နေသော အတွေးများကြောင့် ပွက်ပွက်ဆူကုန်၏။

သူတို့ကိုတောင် ဖွင့်မပြောနိုင်လောက်အောင် အရေးကြီးပါသည်ဆိုသည့် ကိစ္စမှာ လွန်စွာဆန်းသလို ကြောက်စရာလည်း ကောင်းသည်။ တစ်ခါကလည်း ဖြစ်ဖူးသည်။ သူတို့ကို အိမ်ထဲတွင် တစ်ပတ်လောက် အိမ်တွင်းပုန်းနေရန် မိန့်ကြား၏။ တစ်ပတ်အတွင်း အိမ်အပြင်မထွက်ရ။ ယခုကဲ့သို့ပင် ဘဂရှင်မင်းတြားကြီးအတွက် လွန်စွာအရေးကြီးသော ကိစ္စရှိသည်ဟုသာ ဆိုသည်။ ဘာအတွက်လည်းဟု ဖွင့်မပြော။

ထိုတစ်ပတ်အတွင်းမှာ သူတို့ လုံးဝမမျှော်လင့်ထားသည့် ကိစ္စကြီး ဖြစ်ခဲ့သည်။ ဘဂရှင်မင်းတြားကြီး၏ လက်ရုံးတစ်ဆူဟု ပြောနိုင်သည့်သူကို ဖမ်းလိုက်ခြင်းပင်။ အမှန်ဆိုလျှင် ထိုသူသည် ဒုဆောင်ကြီးဖြစ်သည့် သူ့ထက်ပင် ဘဂရှင်မင်းတြားကြီးနှင့် ပိုမို နီးစပ်သူ ဖြစ်သည်။ ဘဂရှင်မင်းတြားကြီးကလည်း လွန်စွာ အားထားသူ ဖြစ်သည်။ သို့သော် ဘဂရှင်မင်းတြားကြီးကိုယ်တိုင် ပြန်ဖမ်းလိုက်သည်။ ဘာကြောင့်မှန်း တိတိကျကျ မသိ။ သိရအောင်လည်း မမေးရဲ။

အခုလည်း ထိုကဲ့သို့ မဖြစ်ပါစေနှင့်ဟုသာ ဆုတောင်းနေရသည်။ သူသိပ်ကြိုက်သည့် အရက်ပင် ချောချောရှုရှု သောက်၍ မရတော့။ ဂန်ချုပ်ကြီး ဖုန်းကိုသာ မျှော်နေရသည်။ ဂန်ချုပ်ကြီးကလည်း သူ့လိုပင်။ အဆိုပါ လွန်စွာအရေးကြီးသည်ဆိုသော ကိစ္စကို အပူတပြင်း စုံစမ်းနေသည်။ စုံစမ်းနေသည်ဆိုတာလည်း အခြားမဟုတ်။ ဘဂရှင်မင်းတြားကြီး၏ မယ်မယ်ဖျား (ကြင်ယာထိပ်ဖျား) ထံသို့ ဂန်ချုပ်ကြီးကတော်ကို လွှတ်ပြီး အစ်အောက်ခိုင်းကြည့်ခြင်းသာ ဖြစ်သည်။ ယခုလို ကိစ္စမျိုးကို အပြင်တွင် စုံစမ်း၍ ထူးမည်မဟုတ်။ သူတို့တောင် မသိလျှင် ဘယ်သူမှ သိနိုင်မည်မဟုတ်။

မယ်မယ်ဖျားနှင့် ဂန်ချုပ်ကြီးကတော်တို့၏ ဆက်ဆံရေးမှာ လွန်စွာကောင်းလေသည်။ နေ့စဉ်လိုလို မယ်မယ်ဖျားနှင့် သမီးတော်များ ကြိုက်တတ်သည့် ဟင်းလျာများကို ချက်သွားရသည်။ ထမင်းစားချိန်အမီ ပို့ပေးရသည်။ ထမင်းစားပြီး၍ မယ်မယ်ဖျား

www.burmeseclassic.com

www.burmeseclassic.com

ထမင်းလုံးစီချိန်တွင်လည်း မယ်မယ်ဖျား၏ ခြေသလုံးတော်နနကို လက်ထိပ်ဖျားလေးများဖြင့် ဖွဖွလေး နှိပ်ပေးရသည်။ ထိုကဲ့သို့ နှိပ်ခွင့်မှာ ဂန်ချုပ်ကြီးကတော်အတွက် အထူးအခွင့်အရေး ဖြစ်သည်။

မယ်မယ်ဖျားကို နှိပ်ခွင့်ရရန် ကြိုးစားနေသည့် အရာရှိကတော်၊ သူဌေးကတော်များမှာ မနည်းမနော။ သူပင် သူ့မိန်းမကို ဂန်ချုပ်ကတော်ကဲ့သို့ နှိပ်ခွင့်ရဖို့ ကြိုးစားခိုင်းသေး၏။ သို့သော် အလုပ်မဖြစ်ခဲ့။ လူလူချင်း နှိပ်ပေးရတာ ရှက်စရာကြီးဆိုပြီး ငြင်းလေသည်။ ထို့ကြောင့်ပင် သူ့မှာ ယခုကဲ့သို့ သထင်းထူးမျိုး သိချင်သည့်အခါ ဂန်ချုပ်ကြီးကို ပြန်မေးနေရ၏။ အောက်လေစွ။

တကယ်ဆို သူနှင့် ဂန်ချုပ်ကြီးအဆင့်မှာ လွန်စွာ ကွာလေသည်။ သူက ဂန်ချုပ်ကြီးထက် အပတ်စဉ် များစွာစောသည်။ ဂန်ချုပ်ကြီးလိုကောင်မျိုးကို ဖုန်းဆက်ပြီး ပြန်မေးနေရသည်မှာ ရှက်ဖွယ်ပင်။

"တောက်..."

တွေးမိလေလေ သူ့မိန်းမကို ဒေါသဖြစ်လေလေ။ သူ့မိန်းမသာ ဂန်ချုပ်ကြီးကတော်ကဲ့သို့ နှိပ်ခွင့်ရဖို့ ကြိုးစားလျှင် များစွာဖြစ်နိုင်သည်။ သူနှင့် မင်းတြားကြီးတို့၏ အပတ်စဉ်မှာ ရှေ့ဆင့်နောက်ဆင့်သာ။ တပ်တွင်းမှာကတည်းက တစ်မိသားစုနှင့် တစ်မိသားစု လွန်စွာရင်းနှီးကြသည်။ နှိပ်ခွင့်ရဖို့ များစွာ အခွင့်အရေးကောင်းရှိလေသည်။ ဒါကို ဒီမိန်းမက တန်ဖိုးမထား။ အခုလို အရေးအကြောင်းပေါ်တော့ ခက်ကပြီ။

တကယ်တော့ ဒီနိုင်ငံမှာ သြဇာအကြီးဆုံးသူမှာ ဘယ်သူလဲလို့ ဒုဆောင်ကြီးကို မေးလာပါက အဖြေက အဆင်သင့်။ ဘဂရင်မင်းတြားဘကီးလား။ နိုး... မယ်မယ်ဖျားပင်။ သာမန်လူတွေအမြင်မှာ ဘဂရင်မင်းတြားကြီးကိုသာ အာဏာထွဋ်ခေါင်ဟု ထင်နေကြသော်လည်း ဘဂရင်မင်းတြားကြီးမှာ မယ်မယ်ဖျား၏ စကားကို ဖယ်ရှားခဲ့သည်ဆို၍ သူ့ဘဂတွင် တစ်ခါမှ မကြားဖူးခဲ့။

"တီ.. တီ... တီ... တီ..."

သူ့ရှေ့ရှိ အရေးပေါ်ဖုန်းလိုင်းမှ အသံထွက်လာသည်။ ဂန်ချုပ်ကြီးထံမှ...

"အေး... ပြော၊ သိရပြီလား"

ဂန်ချုပ်ကြီး ဘာမှမပြောခင် သူ အရင်မေးလိုက်သည်။

"ဘာ..."

သူ့နားကိုပင် သူ မယုံနိုင်။

"ပြန်ပြောစမ်းပါဦး..."

"နျူကလီးယား... ဟုတ်လား"

"အေး... အေး... ကောင်းပြီ၊ မင်းရော အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုသဘောထား ရှိလဲ"

www.burmeseclassic.com

www.burmeseclassic.com

မေးပြီးမှ သူမှားသွားပြီဟု သိလိုက်သည်။ ဂန်ချုပ်ကြီးမှာ တကယ်တော့ သူတို့အဖွဲ့ထဲတွင် အူတူတူ အတတ အနိုင်ဆုံးပင်။ ကိုယ်ပိုင်အတွေးအခေါ် ရှိသူမျိုး မဟုတ်။ ဘဂရှင်မင်းတြားကြီး၏ အမိန့်မှလွဲ၍ ဘာမှသိသည့်သူမျိုး မဟုတ်။ ဘဂရှင်မင်းတြားကြီး သေဆိုပါက အသက်ရှူ ချက်ချင်းရပ်ကာ လဲသေမည့်လူစားမျိုးပင်။ ထို့ကြောင့် စကားကို အချိန်မီပြင်လိုက်ရသည်။

"အေးပါ... ငါက ဘာလဲဆိုတာ သိချင်ရုံသက်သက်ပါ၊ ကောင်းတာပေါ့ကွာ၊ နျူကလီးယားရတော့ ငါတို့တပ်မတော်ကြီး ပိုအင်အားရှိတာပေါ့၊ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမယ် မဟုတ်လား"

သူ့စကားများ ဘဂရှင်မင်းတြားကြီးထံ ပြန်မရောက်ပါဘူးဟု မည်သူမှ အာမမခံ။ ထို့ကြောင့် နျူကလီးယားကိစ္စကို သူ ထောက်ခံသယောင်ပြပြီး ဖုန်းချလိုက်ခြင်းပင်။

ဂန်ချုပ်ကြီး ဖုန်းကို ချပြီးတာနှင့် အချိန်မဆွဲ၊ နောက်တစ်ယောက်ထံသို့ ဖုန်းထပ်ဆက်သည်။ အခုကိစ္စမျိုးဆိုတာ အချိန်ဆွဲလို့ မဖြစ်။

"ဟယ်လို... ကာဆောင်ကြီးလား"

www.burmeseclassic.com

www.burmeseclassic.com

## CHAPTER - B

(၁)

အာဏာရှင်။

အာဏာတို့၏ အရှင်သခင်။ အာဏာရှင်ဆိုသည်မှာ လူတိုင်း၏ ဒိပ်မက်ပင် မဟုတ်လော။ လူတိုင်း၏ မျှော်လင့်ချက်ပင် မဟုတ်လော။

မွေးကတည်းက...

လူမှန်းသူမှန်း မသိခင်ကတည်းက...

အမေ့ဝမ်းထဲက ပြွတ်ခနဲ ကျွတ်ကျွတ်ချင်းပင် လူသားတို့ အရင်ဆုံး စလုပ်သည်မှာ အဘယ်နည်း။ အာဏာပြချင်းပင် မဟုတ်လော။

အော်ကြီးဟစ်ကျယ် ငိုမည်။ လိုချင်တာကို စတောင်းမည်။ လိုချင်သည့် နို့ချိုလေး စို့ရမှသာ ပြန်ငြိမ်သွားသည်။ တကယ်တော့ ထိုကဲ့သို့ နို့စို့ခြင်းသည် ဆန္ဒမဟုတ်။ လူတွေက ဆန္ဒဟုထင်နေကြသည်။ တကယ်တော့ အာဏာပြခြင်းပင်။ ငါဗိုက်ဆာတယ်၊ ငါ့ကို အစာကျွေးကြစမ်းဟု အာဏာပြခြင်းပင်။

ထိုမှတစ်ဆင့် ကျောင်းတက်မည်။ စာကြိုးစားမည်။ ဘွဲ့ရမည်။ လုပ်ငန်းခွင်ထဲ ရောက်မည်။ အလုပ်ကြိုးစားမည်။ ရာထူး ကြီးလာမည်။ ရာထူးကြီးလာတော့ အာဏာပိုကြီးလာမည်။ ပိုက်ဆံတွေ ရလာမည်။ ပိုက်ဆံတွေရလာတော့ သူများကို ခိုင်းချင်တာ ခိုင်းလို့ရမည်။ အာဏာရှင်ကြီး ဖြစ်လာမည်။

ထိုအရာများသည် ဤကမ္ဘာပေါ်တွင် ရှိရှိသမျှ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ လုပ်နေကြသည့်အရာများပေ မဟုတ်လော။ တစ်နည်း လူတိုင်း အာဏာရှင်ဖြစ်ဖို့ ကြိုးစားနေကြသည် မဟုတ်လော။

တီဗီကို ဖွင့်ကြည့်လိုက်။ ဟိုဟာမစားနဲ့၊ ဒီဟာမစားနဲ့၊ လေ့ကျင့်ခန်းကို ဘယ်လိုလုပ်ဆိုတဲ့ အာဏာရှင်တွေကို တွေ့တယ်မဟုတ်လား။ စာအုပ်တစ်အုပ်ကို ကောက်ကိုင်လိုက်။ ဒီလိုနည်းနဲ့မှ မလုပ်ရင် ပိုက်ဆံမရဘူး။ ပိုက်ဆံလိုချင်ရင် တစ်နေ့ဝင်ငွေကို ဘယ်လိုစု၊ ဘယ်လိုသုံး။ အင်္ဂလိပ်လို တတ်ချင်ရင် ဒါကိုဖတ်။ အာဏာရှင်တွေရဲ့ စာတွေကို ဖတ်နေတယ်မဟုတ်လား။ လေယာဉ်ပျံစီးပါပြီတဲ့။ ကပ္ပတိန်က ခါးပတ် ပတ်ကြဟေ့ဆိုရင် ခါးပတ် ပတ်ရတာပဲ မဟုတ်လား။ ဖုန်းတွေ ပိတ်ကြစမ်း ဆိုပြန်တော့လည်း ပိတ်ရတာပဲလေ။ ဒါ အာဏာပြတာပဲဆိုပြီး ဘယ်သူကများ လေယာဉ်မစီးဘဲ နေလို့လဲ...။

ဒါဆို ဘာကြောင့်များ သူ့ကို အာဏာရှင်ဟု တစ်ကမ္ဘာလုံးက သမုတ်ကြသနည်း။ ဘဂရှင်မင်းတြားကြီး တစ်ယောက်တည်းကို ဘာလို့ အာဏာရှူးကြီးလို့ ပြောနေကြတာလဲ။ ကိုယ်ပြောတဲ့ စကားကို ကိုယ်သေချာ ပြန်စဉ်းစားကြစမ်း။ လူတိုင်း အာဏာရူးနေကြတာပဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားပါ။ အနောက်တိုင်းက ကြောင်တောင်တောင် စာရေးဆရာတွေ ရေးတိုင်း ဖွတ်မယုံကြနှင့်။ ထိုသူတွေက ဘဂရှင်မင်းတြားကြီး၏ မကောင်းကြောင်းတွေ ရေးကာ သူတို့ကိုယ်သူတို့ ပရိုမိုးရှင်း လုပ်နေကြခြင်းပင်။ ဂင်ငွေတိုးအောင် ရှာနေကြခြင်းပင်။ တစ်နည်း သူတို့၏ အာဃာကြီးမား ကျယ်ပြန့်ဖို့အတွက် တစ်ဖက်သားကို အာဃာရှူးဟု မဟုတ်တမ်းတရားများနှင့် စွပ်စွဲပုတ်ခတ်ကာ ခုတုံးလုပ်နေကြခြင်းပင်။

ရှူးတော့ ဘာဖြစ်လဲ၊ ကိုယ့်လက်ကို ကိုယ့်နဖူးပေါ် သေချာတင်ပြီး ကိုယ့်ဦးနှောက်နှင့်ကိုယ် စဉ်းစားကြစမ်း။ အာဃာရှူးဆိုတာ ဘဂရှင်မင်းတြားကြီး တစ်ယောက်တည်းလား။ ဒါမှမဟုတ် ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ အကုန်လုံးပဲလား။ ကိုယ်နဖူးနောက်မှ ကိုယ့်ဦးနှောက်နှင့် ကိုယ် သေချာစဉ်းစားစမ်းပါ။

www.burmeseclassic.com

www.burmeseclassic.com

(၂)

တကယ်တော့ မြန်မာနိုင်ငံလို နိုင်ငံမျိုးမှာ အာဏာရှင်ဖြစ်ဖို့ ကြိုးစားရခြင်းသည် အခြားသော နိုင်ငံတွေမှာ အာဏာရှင်ဖြစ်ဖို့ ကြိုးစားရခြင်းထက် များစွာ ခက်ခဲလေသည်။ အပြိုင်အဆိုင်တွေ၊ အတိုက်အခိုက်တွေ၊ အတားအဆီးတွေက မနည်းမနော။ အခုလို အာဏာထွင့်ခေါင်ဘွဲ့ကို ရရှိဖို့အတွက် ဘဂရှင်မင်းကြွားကြီးမှာ အချိန်တွေ အများကြီး ပေးဆပ်ခဲ့ရသည်။ ဘဂတွေ အများကြီး ပေးဆပ်ခဲ့ရသည်။

အာဏာရှင်ကြီး ဖြစ်လာပြန်တော့လည်း အဆိုပါ အာဏာကို တည်မြဲဖို့အတွက် အချိန်ပြည့် ကြိုးစားရပြန်သည်။ နောက်ကျောကို ဓားနှင့်ထိုးမည့်သူများရော၊ ရင်ဘတ်ကို ဓားနှင့်ထိုးမည့်သူများပါ ရှေ့နောက်ဝဲယာအပြည့်။ ဘဂရှင်မင်းကြွားကြီးဘေးတွင် ဝိုင်းနေကြသည်။

တစ်ခါတလေ လူတွေကို စိတ်အချဉ်ပေါက်မိသည်။ ဘာမှ မသိကြဘဲ သူများယောင်တိုင်း လိုက်ယောင်နေကြသည်။ သူများ ဒီမိုကရေစီဆိုတိုင်း လိုက်ကာ တစီစီအော်နေကြသည်။ ကိုယ့်ခေါင်းနှင့် ကိုယ်တော့ မစဉ်းစားချင်ကြ။

အမှန်တော့ ဒီမိုကရေစီဆိုသည်မှာ ပျင်းတွေ အုပ်ချုပ်သည့် စနစ်တစ်ခုပင်။ အာဏာရှင် စနစ်လောက် မပင်ပန်း။ အာဏာလိုချင်လာလျှင် လူပြိန်းကြိုက်စကားတွေ တွင်တွင်ပြောကာ လူကြိုက်များအောင် လုပ်မည်။ ကတိတွေ လျှောက်ပေးမည်။ တီဗီမှာ လက်သီးလက်မောင်းတန်းပြီး ပါလာအောင် လုပ်မည်။ သတင်းစာတွေမှာ ဓာတ်ပုံပြုံးတုံးပြုံတဲ ထည့်၍ ကြီးကြီးကျယ်ကျယ်တွေ လျှောက်ဖောရမည်။ ခင်ဗျားတို့ ကောင်းစားဖို့ ကျုပ်ကိုသာ မဲပေးဗျို့ဆိုပြီး မရှက်မကြောက် လိမ်မည်။

သင့်သွားတွေ ဖြူချင်ပါသလား၊ ဒီသွားတိုက်ဆေးကို သုံးပါ ဆိုတာထက် ဘာမှမပို။ သွားတိုက်ဆေးကမှ စက်ရုံတွေဆောက်၊ ဂန်ထမ်းတွေ ခန့်ရသေးသဖြင့် ငွေအရင်းအနှီး ကုန်ဦးမည်။ ဒီမိုကရေစီ စနစ်မှာတော့ အာဏာရဖို့ ကြိုးစားခြင်းသည် သွားတိုက်ဆေး ထုတ်ဖို့ ကြိုးစားခြင်းလောက် အရင်းအနှီး မလိုပေ။

အာဏာရလာပါက ဖောထားသမျှ ကတိတွေကို ပြည်သူ့အခွန်တွေနှင့်သာ လုပ်လိုက်ရုံပဲ။ အိတ်ထဲက စိုက်စရာမလို။ တစ်နည်း ငါးကြင်းဆီဖြင့် ငါးကြင်းကြော်ရုံပင်။ နောက်ပြီး ကိုယ်တိုင်လည်း လုပ်ရတာ မဟုတ်။ ခိုင်းချင်တဲ့သူကို လက်ညှိုးထိုးခိုင်းလိုက်စမ်း။ ဒီကြားထဲ အချိန်မီ မလုပ်နိုင်သေးလျှင်လည်း ပြဿနာမရှိ။ နောက် တစ်ကျော့ ရွေးကောက်ပွဲတွင်တော့ မဖြစ်ဖြစ်အောင် လုပ်ပေးမည်ဆိုကာ ထပ်လိမ့်၍ ရသေး၏။

ကိုင်း… ဘယ်လောက်လွယ်သလဲ။ ဘဂရှင်မင်းကြွားကြီး၏ အာဏာရှင်စနစ်ကိုတော့ ထိုမျှလောက် မလွယ်။ မလွယ်လို့လည်း ကမ္ဘာတွင် နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိသည့်အနက် အာဏာရှင်စနစ်ကို အောင်အောင်မြင်မြင် ထူထောင်ထားနိုင်သည်မှာ မြန်မာနိုင်ငံအပါအဝင် ၃၃

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံလောက်သာ ရှိ၏။ ဂမ်းနည်းပါတယ် ကမ္ဘာ့သူကမ္ဘာ့သား အပေါင်းတို့။ သင်တို့မှာ ကံမကောင်း အကြောင်းမလှသဖြင့် ဒီမိုကရေစီနိုင်ငံတွေမှာ နေထိုင်ကြီးပြင်းနေကြသည်။

တကယ်တော့ ဒီမိုကရေစီဆိုသည်မှာ စဉ်းစားလေလေ အဓိပ္ပါယ်မရှိလေလေပင်။ လူအများရဲ့ ဆန္ဒကိုက လူနည်းစုက လိုက်နာရသည်တဲ့။

လောကတွင် ပညာတတ်နှင့် ပညာမဲ့ မည်သူ ပိုများသနည်း။ အဖြေက ရှင်းပါတယ်။ စာသင်ခန်းထဲ သွားကြည့်လိုက်။ ဆရာက တစ်ယောက်တည်းဖြစ်ပြီး တပည့်တွေက ပိုများနေတယ် မဟုတ်လား။

ဒီလိုပဲ ဘုရားသခင်နှင့် နောက်လိုက်ကဂိတွေ ဘယ်ဟာက ပိုများပြီး ဘယ်ဟာက ပိုနည်းပါသလဲ။ အဖြေက သူ့ထက်ရှင်းတာတောင် သူ့လောက်ရှင်းမည်မဟုတ်။

ထိုသို့ဆိုလျှင် လူပြိန်းအများစု၏ ဆန္ဒကို လိုက်လုပ်ပေးပါက အဆိုပါနိုင်ငံလည်း ငပိန်းနိုင်ငံကလွဲ၍ ဘာမျှဖြစ်မည်မဟုတ်။ မြန်မာပြည်က လူတွေကတော့ များစွာ ကံကောင်းလေသည်။ ဘယ်အရာမဆို အချိန်ကုန်ခံပြီး အများဆန္ဒ ကောက်ခံစရာမလို။ တာဝန်ယူ ဆုံးဖြတ်ပေးမည့် ဘဂရှင်မင်းတြားကြီး ရှိလေပြီ။ တစ်နည်း အာဏာရှင်ဆိုသည်ထက် ပိုကာ အာဏာထွဋ်ခေါင် ဘဂရှင်မင်းတြားကြီး ရှိလေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

(၃)

တိုင်းပြည်တစ်ပြည်တွင် အရေးကြီးဆုံးမှာ ဘယ်အရာနည်း။

စီးပွားရေးကောင်းကာ ချမ်းသာဖို့လား၊ ပညာရေးမြင့်ကာ တိုးတက်ဖို့လား၊ ကျန်းမာသန်စွမ်းကာ ကြံ့ခိုင်ဖို့လား။ မဟုတ်... တစ်ခုမှ မဟုတ်။

သေချာစဉ်းစားစမ်း... ကိုယ့်လက်ကို ကိုယ့်နဖူးပေါ်တင်ကာ ကိုယ့်ဦးနှောက်ကိုယ် ထပ်စဉ်းစားစမ်း။ တိုးတက်ချမ်းသာ ကျန်မာ သန်စွမ်းနေသော ပြည်သူတွေ နေထိုင်သည့် နိုင်ငံတစ်နိုင်ငံ ဆိုပါစို့။ အဆိုပါနိုင်ငံကို ဘယ်သူမှ လာမကျူးကျော်ဟု ဘယ်သူက ကံသေကံမ အာမခံနိုင်မည်နည်း။ ချမ်းသာကျန်းမာသော ပြည်သူတွေ နေထိုင်သည့် နိုင်ငံဆိုတော့ ပိုလို့တောင် ကျူးကျော်ချင်ကြဦးမည်။ မြန်မာပြည်ကလည်း အလားတူပင်။ အင်မတန်မှ သယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံ။ အဆိုပါ မြေပေါ်မြေအောက် အရင်းအမြစ်တွေကို သွားရေယိုနေသည့် နိုင်ငံတွေက မနည်းမနော။

ထို့ကြောင့် သူ့ကျွန်ဘဝကို ဆယ်စုနှစ်များစွာ ရောက်ခဲ့ရသည် မဟုတ်လား။ ဘဂျရှင်မင်းတြားကြီးမှာ သူ့ကျွန်ဘဝ ရောက်ရခြင်းအကြောင်းကို စဉ်းစားမိတိုင်း ရင်နာသည်။ ထိုအချိန်ကာလတွင် သူသာရှိခဲ့ပါက မြန်မာပြည်သည် သူ့ကျွန်ဘဝသို့ မရောက်နိုင်။ သူ့ကျွန်ဘဝ ရောက်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ တပ်မတော်ပင်။ တပ်မတော် အင်အားချိသဖြင့် တိုင်းပြည် ရင်ကားပိခဲ့ရလေပြီ။

ထိုသင်ခန်းစာကို ယူ၍ ယခုအခါမှာလည်း ဘဂျရှင်မင်းတြားကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော တပ်မတော်ကြီးကို တည်ဆောက်နေရခြင်း ဖြစ်သည်။ တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည့် ဆောင်ပုဒ်ကို ဦးထိပ်ပန်ကာ နေ့မနား ညမနား ကြိုးစားလျက် ရှိသည်။

သို့သော် အခုနောက်ပိုင်းတွင် ဘဂျရှင်မင်းတြားကြီးမှာ များစွာ စိတ်နှလုံး မချမ်းမြေ့ဖြစ်နေသည်။ အရှေ့အလယ်ပိုင်းက သူ့မိတ်ဆွေ အာဏာရှင်ကြီးများ တစ်ဦးပြီးတစ်ဦး ကျဆုံးလျက်ရှိသည်။ ကျဆုံးရခြင်းမှာလည်း အခြားကြောင့် မဟုတ်။ တပ်မတော်အင်အား မတောင့်၍ပေ။ သာမန် တိုက်လေယာဉ်လေး၊ တင့်ကားလေးလောက်နှင့် တပ်မတော်မျိုးသည် ယနေ့ခေတ်တွင် လူရာမဝင်နိုင်တော့။

ဘဂျရှင်မင်းတြားကြီး၏ လက်ရှိတပ်မတော်မှာလည်း ဘာထူးသနည်း။ အလုံးစုံ စိတ်ချရသည်ဟု မဆိုနိုင်။ အချိန်မရွေး ပြည်သူတွေက လက်နက်ကိုင် တော်လှန်နိုင်သည်။ မြန်မာနိုင်ငံက အရှေ့အလယ်ပိုင်း နိုင်ငံတွေထက် သာဆိုးသေးသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေက နည်းနည်းနောနောမဟုတ်။ ထိုထဲက အဖွဲ့တစ်ဖွဲ့ဖွဲ့ကို အနောက်နိုင်ငံတွေက အဆင့်မြင့်လက်နက်တွေ တပ်ပြီး မြန်မာ့တပ်မတော်ကို လာတိုက်ပါပြီတဲ့။ ဘယ်လိုလုပ်မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com

"ဖူး…"

ဘဂရှင်မင်းတြားကြီးမှာ အတွေးပူတွေနှင့် အပူတွေတွေးကာ အိပ်မပျော်နိုင်ရှာ။ ဒါကို ရိပ်မိသည့် မယ်မယ်ဖျားက အိပ်နေရာမှ ပြန်ထလာသည်။

"အိပ်မပျော်ဘူးလား မောင်တော်…"

ဘဂရှင်မင်းတြားကြီးက ခေါင်းကို ခပ်လေးလေး ခါလိုက်သည်။

"ဘာတွေများ ရတက်မအေး နေရတာတုန်း မောင်တော်ရဲ့…"

ဘဂရှင်မင်းတြားကြီးက လက်ရှိ ကမ္ဘာ့နိုင်ငံရေး အခြေအနေတွေကို ရှင်းပြသည်။ အရှေ့အလယ်ပိုင်းက နိုင်ငံတွေကဲ့သို့ အဖြစ်မခံနိုင်ကြောင်း၊ အရှေ့အလယ်ပိုင်းက သူ့မိတ်ဆွေများခမျာ လူလိုမသေရရှာ။ ခွေးသေ ဂက်သေ သေရရှာသည်။ ကျန်ရစ်သူ မိသားစုတွေလည်း များစွာ ဒုက္ခရောက်နေကြရသည်။ သူ့မိသားစုကို ထိုကဲ့သို့ အဖြစ်မခံနိုင်ကြောင်း ပြောပြလိုက်လေသည်။

"ဒါတွေက အရှေ့အလယ်ပိုင်းမှာပါ မောင်တော်ရယ်၊ ဒီနဲ့ အဝေးကြီးပါ၊ မဟုတ်ဘူးလား"

မယ်မယ်ဖျားက သူ့ကို စိတ်ချမ်းသာစေရန် ဖြေသိမ့်သည်။

"အဝေးကြီး…. ဟုတ်လား၊ ဘယ့်နှယ် ဝေးရမှာလဲ၊ ဒီကလူတွေက စောက်ကျင့်ကောင်းတာ မဟုတ်ဘူး၊ ကျုပ် ဘယ်လောက်လုပ်ပေးပေး အကောင်းထင်ကြတာ မဟုတ်ဘူး။ အချိန်ပြည့် ဆန့်ကျင်ဖို့ပဲ ချောင်းနေကြတဲ့ ကောင်တွေ…"

"အဲ့လောက်လည်း မဟုတ်ပါဘူး မောင်တော်ရယ်၊ မယ်မယ်တို့ကို အားပေးထောက်ခံကြတဲ့သူတွေလည်း ရှိသေးတာပဲလေ"

"အဲဒီ ထောက်ခံတဲ့ကောင်တွေက ကျုပ်တို့ကို ချစ်လို့ မြတ်နိုးလို့များ ထင်နေလား၊ ကျုပ်ရဲ့ တပ်မတော်ကို ကြောက်လို့၊ ကျုပ်ရဲ့ အာဏာကိုကြောက်လို့၊ ကျုပ်မှာသာ ဒီနေ့ အာဏာမရှိကြည့်၊ မနက်ဖြန် လှည့်ပြီး သေးပန်းကြမှာတောင် မဟုတ်ဘူး"

ဘဂရှင်မင်းတြားကြီး၏ အားသာချက်မှာ ထိုအရာပင်။ ဘယ်တော့မဆို အခြေအနေမှန်ကို ထိုးထွင်းသိမြင်နိုင်သည်။ သုံးသပ်နိုင်သည်။ မြှောက်တိုင်းလည်း မမြှောက်၊ ခြောက်တိုင်းလည်း မကြောက်။ အစက သူ့ကို လူတော်တော်များများက နတ်ရုပ်တစ်ရုပ်သာသာ ထင်ခဲ့ကြဖူးသည်။ တကယ်တော့ သူက နတ်ရုပ်လည်း မဟုတ်၊ မြင်းလည်း မဟုတ်၊ ဘုရင်လည်း မဟုတ်၊ ပလေရာ ဖြစ်သည်။ ပလေရာတောင် ရိုးရိုး မလေရာမဟုတ်။ မာစတာ ပလေရာ ဖြစ်သည်။ ထိုအရာကို နောက်ပိုင်းမှ တဖြည်းဖြည်းနှင့် လူအများ သဘောပေါက်လာကြသည်။

"အခုဟာက အရှေ့အလယ်ပိုင်းမှာပဲ ဖြစ်နေတာ မဟုတ်ဘူး၊ မောင်တော့်မဟာမိတ်နိုင်ငံတွေမှာရော ဖြစ်လို့လား"

မယ်မယ်ဖျား၏ စကားတစ်ခွန်းက သူ့အတွက် လွန်စွာ အဖိုးတန်သွားသည်။ ဟုတ်ပါရဲ့… သူ့မဟာမိတ်နိုင်ငံများဖြစ်သည့် တရုတ်၊ ရုရှား၊ မြောက်ကိုရီးယားတို့တွင် ဘာပြဿနာမှ မရှိ။

www.burmeseclassic.com

www.burmeseclassic.com

"အင်း... ဟုတ်တယ်နော်၊ ဘာဖြစ်လို့ပါလဲ"

ဘဂရှင်မင်းတြားကြီးက မေးလိုက်သည်။ မယ်မယ်ဖျားက မဲ့ပြုံးလေး တစ်ချက်ပြုံးကာ...

"ဘာဖြစ်ရမှာလဲ အလွယ်လေးပဲကို၊ သူတို့က ကြောက်လို့ပေါ့၊ မြှောက်ပေးမယ့် သူတွေ၊ ထောက်ခံပေးမယ့် သူတွေ ကိုယ်တိုင် ကြောက်လို့ပေါ့၊ ဘာကြောင့် ကြောက်တာလဲရော သိချင်သေးလား..."

မင်းတြားကြီးမှာ ထိုင်ရာမှထကာ မယ်မယ်ဖျားဘက်သို့ လှည့်၍ ခေါင်းတဆတ်ဆတ် ညိတ်လေတော့သည်။ တစ်နည်း သူ သိပ်သိချင်နေပါပြီ။

"နျူကလီးယားလေ... နျူကလီးယားပေါ့..."

ဘဂရှင်မင်းတြားကြီး၏ ခေါင်းထဲတွင် မီးရှူးမီးပန်းများ ဖောက်သလို လင်းခနဲ လက်ခနဲနှင့် တဖောင်းဖောင်းမြည်ကာ တဖျတ်ဖျတ် လက်ကုန်တော့သည်။ ပါးစပ်မှလည်း တဖွဖွ ရွတ်နေမိ၏။

" နျူကလီးယား... နျူကလီးယား... နျူကလီးယား... နျူကလီးယား..."

ဘဂရှင်မင်းတြားကြီးသည် သူ့ကိုယ်သူ မစတာပလေရာ ဟုဆိုပါက မယ်မယ်ဖျားသည် မာစတာပလေရာ၏ နည်းပြချုပ် ဖြစ်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

(၄)

"ဟဲလို... ကာဆောင်ကြီးလား"

ဒုဆောင်ကြီးက နျူကလီးယား သတင်းကို ဂန်ချုပ်ကြီးထံမှ ကြားပြီးပြီးခြင်း ဖုန်းဆက်လိုက်သည်။ ကာဆောင်ကြီးသည် ဒုဆောင်ကြီး၏ လက်ဆွဲတော်တစ်ယောက်ဟု မပြောနိုင်သော်လည်း တပ်တစ်တပ်တည်းတွင် ဆရာတပည့် ဖြစ်ခဲ့ဖူးသည်။ ထို့အပြင် ကာဆောင်ကြီးသည် တချို့နေရာများတွင် ဘဂရှင်မင်းကြားကြီးထက် သူနှင့်ပို၍ အတွေးအခေါ်ချင်း နီးစပ်သည်။ ထက်ထက်မြက်မြက်လည်း ရှိသည်။ ဘာပဲပြောပြော ဂန်ချုပ်ကြီးထက်တော့ ပိုစိတ်ချရသည်။

"မင်း ကြားပြီးပြီလား..."

"အေး... မင်း ဘယ်လိုလုပ် သိနေတာလဲ"

ယခု နျူကလီးယားကိစ္စမှာ ထိပ်တန်းလျှို့ဝှက်ဖြစ်သဖြင့် ဂန်ချုပ်ကြီးနှင့် သူတို့နှစ်ယောက်သာ သိသောအရာဟု ထင်သော်လည်း ကာဆောင်ကြီးက သိနှင့်နေသည်။

"ဒါက ရှင်းပါတယ် ဒုဆောင်ကြီးရယ်၊ ကျွန်တော်တို့ အဆင့်တွေထက်တောင် အရေးကြီးတယ်ဆိုမှတော့ ဒီနိုင်ငံမှာ ဘာရှိနိုင်တော့မှာလဲ၊ နျူကလီးယားပဲပေါ့ မဟုတ်ဘူးလား"

ဒီကောင်က ငါထင်နေတာထက်တောင် ပိုဟုတ်နေပါလားဟု ဒုဆောင်ကြီးက စိတ်ထဲကနေ ကျိတ်ချီးကျူးလိုက်သည်။

"နောက်ပြီး ကျွန်တော်တို့နဲ့လည်း နျူကလီးယားရဖို့ အသည်းအသန် ကြိုးစားခဲ့တယ် မဟုတ်လား၊ အခု ကျွန်တော် စဉ်းစားလို့ မရတာက ကျွန်တော်တို့ကို ခိုင်းတာနဲ့ ချက်ချင်း လုပ်ပေးရမယ်ဆိုတဲ့ကောင်က မြန်မာတိုင်းရင်းသားပုံပဲနော်၊ ဒါဆို ကျွန်တော်တို့ မြန်မာတိုင်းရင်းသားတွေထဲမှာ နျူကလီးယား လုပ်နိုင်လောက်တဲ့သူတွေ ရှိနေပြီလား"

"အေး... မင်းပြောတာ စဉ်းစားစရာပဲ၊ ငါတို့တစ်တွေ နျူကလီးယား ရဖို့ တရုတ်၊ ရုရှား၊ မြောက်ကိုရီးယား မဟာမိတ်နိုင်ငံတွေအကုန်လုံး ချဉ်းကပ်ခဲ့တယ် မဟုတ်လား"

"ဟုတ်... ဒုဆောင်ကြီး"

"အကုန်လုံးနဲ့လည်း အဆင်မပြေခဲ့ဘူး မဟုတ်လား"

"ဟုတ်... ဒုဆောင်ကြီး"

"ဒါဆို ဒီကောင်က ဘယ်ကလဲ..."

"ဟုတ်... ကျွန်တော်လည်း အဲဒါကို တွေးမရ ဖြစ်နေတာပါ"

နှစ်ဖက်စလုံး အသံ ခဏတိတ်သွားသည်။

"ရှုပ်ပါတယ်ကွာ၊ မင်း ငါ့ဆီ လာခဲ့ပါလား"

"ဟုတ်... ကျွန်တော် လာနေတာ လမ်းတစ်ဝက်တောင် ရောက်နေပါပြီ"

"ဟေ"

www.burmeseclassic.com

www.burmeseclassic.com

ဒုဆောင်ကြီးမှာ ဘာမှပင် ထပ်မပြောနိုင်ရှာ။ ဖုန်းချလိုက်သည်။ ကာဆောင်ကြီး၏ လေးစားပါတယ်ဆိုသော စကားကိုပင် ဆုံးတောင် နားမထောင်လိုက်ရ။

ကာဆောင်ကြီးမှာ ငယ်လည်းငယ်သလို ထက်လည်း ထက်သည်။ သူတွေးထားတာထက် များစွာ ပါးနပ်ထက်မြက်သည်။ ထို့ကြောင့် ဒုဆောင်ကြီးမှာ ကာဆောင်ကြီးအစား ရင်လေးမိလေသည်။ မြန်မာနိုင်ငံတွေ တော်သည့်သူများအတွက် နေရာမရှိ။ ဘဂရှင်မင်းတြားကြီးက ဘယ်သူ့ကိုမှ ပခုံးချင်းယှဉ်ဖို့ ခွင့်မပေး။ ခြေရာချင်းတိုင်းဖို့ ခွင့်မပေး။ တိုင်းလာ ယှဉ်လာပါက ယှဉ်လာ တိုင်းလာသည့် သူ့အတွက် မြောင်းထဲမှ လွဲ၍ တခြားရောက်စရာ နေရာမရှိ။

ဒုဆောင်ကြီးမှာ ခေါင်းကို လေးလေးပင်ပင် ခါလိုက်ကာ ခွက်ကို ကောက်ကိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၅)

တစ်ခန်းလုံး အနီရောင်များနှင့် ရဲရဲတောက်လျက်။ နံရံထက်တွင် ဥက္ကဋ္ဌကြီး၏ ပုံတူပန်းချီကားကြီးမှာ ခမ်းနားလှပေသည်။ ပန်းချီကားဆိုသည်ထက် ဘောင်ဆိုလျှင် ပိုမှန်လိမ့်မည်။ မြန်မာပြည် ပြန်ရောက်လျှင် ယခုကဲ့သို့ ဘောင်မျိုးထဲတွင် သူ၏ပုံကိုသွင်းကာ နိုင်ငံတော်ဧည့်ဂေဟာ၌ ချိတ်ဆွဲထားရမည်ဟု ဘဂရှင်မင်းတြားကြီးက စိတ်ထဲမှနေ တွေးနေ၏။ ဒီလိုဘောင်မျိုးနှင့်သာဆိုလျှင် ဘဂရှင်မင်းတြားကြီးပုံသည် ယခုထိပ်ပြောင်ကြီး မော်ထက် ပိုမို ခမ်းနားလိမ့်မှာ မလွဲဟု တွေးမိပြီး များစွာကျေနပ်လေသည်။

ထိုအချိန်မှာပဲ ကျိုကျိုကျွကျွ တရုတ်အသံများကြောင့် နောက်လှည့်ကြည့်လိုက်ရာ တရုတ်ခေါင်းဆောင်များ ဝင်ရောက်ခြင်း ဖြစ်နေသည်။ ခေါင်းဆောင်များဆိုသော်လည်း စုစုပေါင်း သုံးယောက်သာ။ တိတိကျကျဆိုလျှင် သမ္မတ၊ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်တို့သာ။ မြန်မာဘက်ကလည်း ကြီးသုံးကြီးနှင့် ဘဂရှင်မင်းတြားကြီးတို့သာ ပါလာသည်။ ထို့ကြောင့် အခန်းထဲတွင် စကားပြန် အပါအဝင်မှ စုစုပေါင်း ရှစ်ယောက်သာရှိ။ တရုတ်ခေါင်းဆောင်များ အခန်းထဲသို့ ရောက်လာသည်နှင့် တံခါးများအားလုံး အလုံပိတ်လိုက်သည်။

ယခု အစည်းအဝေးက သာမန်အစည်းအဝေး မဟုတ်။ နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်ရေးအတွက် လုပ်သည့် အစည်းအဝေးမျိုး မဟုတ်။ မြန်မာတစ်မျိုးသားလုံး လုံခြုံစွာ နေထိုင်နိုင်ရေးအတွက် နျူကလီးယားလက်နက်ရအောင် တရုတ်နှင့် အပေးအယူ လာလုပ်သည့် အစည်းအဝေး။

တရုတ်ဘက်က စတင်ကာ နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဘဂရှင်မင်းတြားကြီးကလည်း တရုတ်နှင့် မြန်မာတို့ကြားက ရှည်လျားသော ဆွေမျိုးပေါက်ဖော်တွေအကြောင်းကို အတန်ငယ် ပြောပြီး ပြန်လည်နှုတ်ဆက်လိုက်သည်။

ထို့နောက်တွင်တော့ သံခင်းတမန်ခင်းတွေ လုပ်မနေကြတော့ဘဲ ဘဂရှင်မင်းတြားကြီးက သူလိုချင်တာကို တန်းတောင်းဆိုလေတော့သည်။

"ကျုပ်တို့တိုင်းပြည်အတွက် နျူကလီးယားလက်နက် လိုချင်တယ်၊ နျူကလီးယားလက်နက်ရရင် ဘာဖြစ်ဖြစ် ကျုပ်တို့ဘက်က ပြန်ပေးဖို့ အဆင်သင့်ပဲ"

"အင်း..."

တရုတ်သမ္မတကြီးက တွေးဆဆဖြင့် စကားစသည်။

"တကယ်တော့ နျူကလီးယားလက်နက် ရဖို့ဆိုတာ လွန်စွာခက်သလို အန္တရာယ်လည်း များလှပါတယ်"

"....."

www.burmeseclassic.com

www.burmeseclassic.com

တရုတ်သမ္မတက စကားကိုမဆက်ဘဲ မြန်မာဘက်က အဆွေတော်များ၏ မျက်နှာတွေကိုသာ လိုက်ကြည့်နေသည်။ ဘဂရုင်မင်းတြားကြီးက ဆက်ပြောပါဆိုသည့် သဘောဖြင့် ခေါင်းညိတ်ပြလိုက်တော့မှ စကားဆက်လေသည်။

"ဒါပေမယ့် ကျုပ်တို့အနေနဲ့ နှစ်နိုင်ငံရင်းနှီးချစ်ကြည်မှုကို ရှေးရှုကာ ဘဂရုင်မင်းတြားကြီးတို့ကို များစွာ ကူညီချင်ပါတယ်၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မရရအောင်ကို ကူညီချင်ပေမယ့် နျူကလီးယားလက်နက် ရဖို့ဆိုတာ ကုန်ကျစရိတ် အလွန်ကြီးမားလှပါတယ်"

ဘဂရုင်မင်းတြားကြီးက လက်ထောင်ပြကာ စကားဖြတ်ပြောသည်။

"နှောင်တော် မိတ်ဆွေခင်ဗျာ၊ အခုအခန်းထဲမှာ ရောက်နေသူများအားလုံးဟာ တကယ့် သွေးသားရင်းများပမာ ရင်းနှီးကြတဲ့ ဆွေးမျိုးပေါက်ဖော်တွေပါပဲ။ ဒီတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောပါ၊ ပိုက်ဆံ ဘယ်လောက်လိုပါလဲ၊ ကျုပ်တို့ဘက်က ဘာတွေပေးဖို့ လိုပါလဲ၊ ကျုပ် အကုန်ထောက်ပံ့ဖို့ စဉ်းစားပြီးသားပါ"

"ကောင်းပါပြီ အဆွေတော်..."

တရုတ်သမ္မတက ဘဂရုင်မင်းတြားကြီး၏ ပွင့်လင်းမှုကို သဘောကျသဖြင့် တစ်ချက်ပြုံးလိုက်သည်။

"ကျုပ်တို့လိုချင်တာကတော့..."

ဘဂရုင်မင်းတြားကြီးက ပြောပါဆိုသည့် သဘောဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။ ကျန်သူများအားလုံးကတော့ တိတ်ဆိတ်စွာ စိတ်ဝင်တစား နားထောင်နေကြ၏။

"ပထမဆုံးအနေနဲ့ ဧရာဝတီမြစ်ကို လိုချင်ပါတယ်"

"အဲဒါ... ဒါ..."

ဒုဆောင်ကြီးက တစ်ခုခုပြောရန် ပြင်လိုက်စဉ်မှာပင်

"ပြောပါ အဆွေတော်... ဆက်ပြောပါ"

ဟု ဘဂရုင်မင်းတြားကြီးက ဖြတ်ပြောလိုက်သည်။

"နောက် ရခိုင်ဘက်က ကမ်းလွန်ဆိပ်ကမ်းနဲ့ သဘာဝဓာတ်ငွေ့တွင်းတွေ"

"ဟုတ်ပါပြီ"

"ကျောက်စိမ်းတွင်းတွေ၊ ကြေးနီတောင်တွေ အကုန်လုံး..."

"ကောင်းပါပြီ"

"မန္တလေးမှာ တရုတ်အစိုးရသံရုံးတွေ ဖွင့်ပြီး တရုတ်နိုင်ငံသားတွေ ဗီဇာမလိုဘဲ ဝင်ထွက်ခွင့်"

"ဟာ... ဒါကတော့.."

ဝန်ချုပ်ကြီးကလည်း စကားဆုံးအောင် ပြောခွင့်မရ၊ ဘဂရုင်မင်းတြားကြီးကပင်...

"ပြောပါ အဆွေတော်၊ ဘာများ ထပ်လိုပါသေးသလဲ"

www.burmeseclassic.com

www.burmeseclassic.com

"အင်း... သိပ်မကျန်တော့ပါဘူး၊ နောက်ဆုံးနှစ်ခုပဲ ကျန်ပါတော့တယ်၊ တစ်ခုက ကိုကိုကျွန်းကို တရုတ်စစ်အခြေစိုက်စခန်း ဖွင့်ခွင့်ရဖို့"

"ဒါတော့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်... နိုင်... နိုင်..."

ကာချုပ်ကလည်း စကားကို အဆုံးမသတ်နိုင်ရှာ။

"ကောင်းပါပြီ အဆွေတော်..."

ဘဂရှင်မင်းတြားကြီးက ဖြတ်ပြောပြန်သည်။

တကယ်တော့ ဘဂရှင်မင်းတြားကြီးက ဒီကိုမလာခင်ကတည်းက နျူကလီးယားရဖို့အတွက် ဘာမဆိုပေးဆပ်ဖို့ ဆုံးဖြတ်ထားပြီးသားပင်။ တရုတ်တွေက စီးပွားရေး သောင်းကျန်းမှန်း သိသော်လည်း ယခုလောက် အများအပြား တောင်းမယ်လို့ မမှန်းခဲ့တာအမှန်ပင်။ ရောဂတီ၊ ရခိုင်၊ မန္တလေး၊ ကိုကိုးကျွန်း၊ ကျောက်စိမ်း၊ ကြေးနီ ဒါဆို မြန်မာနိုင်ငံမှာ ဘာကျန်ပါဦးမလဲ။

ဘဂရှင်မင်းတြားကြီးနည်းတူ ကျန်ကြီးသုံးကြီးလည်း တွေးနေမိမှာပင်။ ဘာမှမကျန်လည်း မတတ်နိုင်။ လိုချင်တာက နျူကလီးယား မဟုတ်လား။ နျူကလီးယားရရင် နေပြည်တော်ကနေ တစ်နိုင်ငံလုံး ငြိမ်ဝပ်ပိပြားအောင် အုပ်ချုပ်နိုင်မည်။ တစ်ကမ္ဘာလုံးကို စိတ်မထင်ရင် မထင်သလို ခြိမ်းခြောက်နိုင်မည်။ နျူကလီးယား ရဖို့သည်သာ အဓိက။ မတတ်နိုင်။ တောင်းသမျှ ပေးရုံသာပင်။

"နောက်ဆုံးတစ်ခုကို ကြားပါရစေ"

"နောက်ဆုံးတစ်ခုက..."

တရုတ်သမ္မတသည် ဘဂရှင်မင်းတြားကြီးကို ကြည့်နေရာမှ မျက်နှာလွှဲလိုက်ကာ

"အဲဒီ နျူကလီးယားဗုံးကို တရုတ်ပြည်ထဲမှာပဲ ထားခွင့်ရှိမယ်၊ ဒါပေမယ့် မြန်မာအလံတော့ တပ်ထားပေးမယ်၊ မြန်မာအပိုင်လို့လဲ သတ်မှတ်ထားပေးမယ်၊ အဲဒီနျူကလီးယားကို တစ်နေရာရာကို ပစ်တော့မယ်ဆိုရင်တော့ တရုတ်သမ္မတဖြစ်တဲ့ ကျုပ်ရဲ့ ခွင့်ပြုချက် ပါရမယ်"

"ဘာ"

ဘဂရှင်မင်းတြားကြီး၏ အသံမှာ ဟိန်းခနဲ ထွက်လာ၏။ ထိုင်နေသည့်သူများပင် တွန့်သွားသည်။

"ကျုပ် နျူးကလီးယားကိုပစ်ဖို့ ခင်ဗျားရဲ့ ခွင့်ပြုချက် လိုတယ် ဟုတ်လား"

နဂိုကတည်းက ညိုနေသော မျက်နှာသည် မည်းလာသည်။ မည်းလာသော မျက်နှာသည် နက်လာသည်။ နက်လာရာမှ မှောင်လာသည်။

"ဟုန်း"

ဘဂရှင်မင်းတြားကြီးသည် ထိုင်နေရာမှ ဒေါသတကြီး ထလိုက်သည်။ ထို့နောက် စကားပင် တစ်ခွန်းမှ မပြောတော့။ အဆွေတော်တွေ၊ ဆွေမျိုးပေါက်ဖော်တွေ၊ အစ်ကိုကြီး ညီလေးတွေ မလုပ်နိုင်တော့ဘဲ တံခါးကို ဆောင့်ကြီးအောင့်ကြီး ဖွင့်ကာ ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

ကြီးသုံးကြီးလား။ နောက်ကနေ ခေါင်းလေးတွေငုံ့လို့ ကုတ်ကုတ်ကလေး လိုက်သွားရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

(၆)

ဘဂရှင်မင်းတြားကြီးသည် အလုပ်တစ်ခုလုပ်တိုင်း ဒုတိယဦးစားပေး၊ တတိယဦးစားပေး အရန်သင့် ထားရှိလေ့ရှိသည်။ ယခုလို တရုတ်နှင့်အဆင်မပြေပါက နောက်ထပ် ချဉ်းကပ်ရန် နိုင်ငံ နှစ်နိုင်ငံ လျာထားသည်။

ရုရှားနှင့် မြောက်ကိုရီးယား။

သို့သော် မည်သည့်နိုင်ငံသို့ အရင်သွားရမည်မသိ ဖြစ်နေသည်။ နှစ်နိုင်ငံလုံးမှ အကူအညီရနိုင်သလို နှစ်နိုင်ငံလုံးကလည်း ငြင်းလိုက်နိုင်သည်။ နောက်ဆုံးတွင် ကြံရာမရဖြစ်လာသဖြင့် မယ်မယ်ဖျားကိုသာ မေးရပြန်သည်။

"ဒါများ ဘာခေါင်းရှုပ်ခံစရာ လိုလို့လဲ မောင်တော်ရယ်၊ ခါခါကြီး တစ်ယောက်လုံး ရှိတာပဲ။ ခါခါကြီးကို ဘယ်နိုင်ငံ အရင်သွားရင် အောင်မြင်မလဲ တွက်ချက်ခိုင်းလိုက် ပြီးတာပဲ မဟုတ်လား"

ဘဂရှင်မင်းတြားကြီးသည် လွန်စွာ ကျေနပ်သွားသည်။ ရက်ပေါင်းများစွာ သူ ခေါင်းရှုပ်ခံ စဉ်းစားခဲ့ရသော ပြဿနာကြီးကို မယ်မယ်ဖျားက စက္ကန့်ပိုင်းအတွင်း ဖြေရှင်းလိုက်နိုင်သည်။

"အဲ.... ဒါပေမယ့် ခါခါကြီးကို နျူကလီးယားကိစ္စ အကူအညီ သွားတောင်းမှာဆိုပြီး အမှန်အတိုင်း ဖွင့်ပြောဖို့ ဖြစ်ပ့ါမလား"

"အို... အဲလိုတော့ ဘယ်ပြောပ့ါမလဲ၊ တိုင်းပြည်ကာကွယ်ရေးအတွက် အရမ်းအရေးကြီးတဲ့ကိစ္စလို့ ပြောရမှာပေ့ါ၊ မဟုတ်လား..."

"အင်း... အေးပါ... ဟုတ်ပါတယ်၊ ကောင်းသလိုသာ ကြည့်လုပ်ပေ့ါ"

ဘဂရှင်မင်းတြားကြီးအတွက် ထပ်ပြောစရာ စကားမရှိတော့။ ခါခါကြီး၏ အခါတော်ကို စောင့်မျှော်နေရုံသာ ရှိပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၇)

ကိုးကွယ်ပါ။ ကိုယ်ယုံကြည်ရာ ဘာသာကို မြတ်မြတ်နိုးနိုး ကိုးကွယ်ပါ။ နေ့စဉ် ဝတ်ပြုပါ။ နေ့စဉ် ဆုတောင်းပါ။ စိတ်အေးချမ်းသာမှု သင့်ထံသို့ အလိုလို ရောက်ရှိလာပါလိမ့်မည်။ ကံကောင်းခြင်းတွေ သင့်ကို ထွေးပွေ့ပါလိမ့်မည်။

သို့သော်...

ခြွင်းချက်အနေနှင့် ဘဝအတွက် လွန်စွာအရေးပါသော ဆုံးဖြတ်ချက်တစ်ခုကို ချရတော့မည့် အခါတွင်လည်းကောင်း၊ အခက်အခဲများနှင့် ရင်ဆိုင်နေရလျှင်လည်းကောင်း၊ ပြင်းထန်သော ပြိုင်ဆိုင်မှုများ ဖြစ်ပေါ်လာလျှင်လည်းကောင်း လူတိုင်းတွင် အကူအညီ လိုအပ်မည် အမှန်ပင်။

ထိုအခြေအနေမျိုးတွင် သင့်ကို အကောင်းဆုံး အကြံဉာဏ်ပေးနိုင်မည့်သူမှာ မည်သူနည်း။ ခါခါကြီး ခေါ် အခါတော်ပေးပင် ဖြစ်ပါသည်။

နေ့တိုင်း ရက်တိုင်းတွင် သင်၏ ကံကြမ္မာကို စိုးမိုးနေသော ကိန်းဂဏန်းရှိသည်။ အရောင်ရှိသည်။ ဂြိုဟ်တွေ ရှိသည်။ ထိုအရာများကို ဟန်ချက်ညီညီ အချိန်အခါကိုက် ဖော်ဆောင်နိုင်မှသာ သင့်အနေနှင့် အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်မှာ ဖြစ်သည်။

ထိုကဲ့သို့ နေ့နံအလိုက် တွက်ချက်အကြံဉာဏ်ပေးခြင်းကို အခါတော်ပေးခြင်းဟု ခေါ်သည်။ ထိုမှတစ်ဆင့် အဆိုပါ ပြဿနာများ၊ အခက်အခဲများ ပြေလည်စေရန် ကူညီစောင်မ,ခြင်းကို ယတြာဟု ခေါ်သည်။ အခါတော်ပေးတစ်ယောက်၏ အောင်မြင်မှုမှာ ယတြာနှင့်လည်း များစွာ ဆိုင်လေသည်။ ယတြာကောင်းလျှင် မင်းလောင်းဖြစ်သည်ဟုပင် အဆိုရှိသည် မဟုတ်လား။ အဆိုပါ ယတြာဆိုသည်မှာလည်း ယခုမှ ပေါ်လာတာမျိုး မဟုတ်။ ဘုရားရှင် လက်ထက်ကတည်းကပင် ထင်ရှားကျော်ကြားနေလေပြီ။ အရှေ့တိုင်း နိုင်ငံတော်တော်များများ၏ အရှင်ဘုရင်များတွင် အခါတော်ပေးများ ကိုယ်စီရှိကြသည်။

ခါခါကြီးကတော့ လက်ရှိမြန်မာနိုင်ငံ၏ အထင်ရှားဆုံး အခါတော်ပေး ပုဂ္ဂိုလ်ကြီးပင်။ အာဏာအကြီးဆုံး မိသားစုက ကိုးကွယ်မှတော့ အထင်ရှားဆုံး ဖြစ်မည်မှာလည်း မဆန်းပေ။ သာမန်လူများသည် ခါခါကြီးနှင့် တွေ့ဖို့အတွက် လပေါင်းများစွာ ကြိုတင်၍ ရက်ချိန်းယူရသည်။ ရက်ချိန်းရပြန်လျှင်တောင် ခါခါကြီးနှင့်တွေ့ဖို့ မသေချာသေး။ ခါခါကြီး အာရုံကျမှသာ တွေ့ခွင့်ရမည် ဖြစ်သည်။ တွေ့လျှင်လည်း တစ်ရက်ကို သုံးဦးထက် ပိုမတွေ့။ ယတြာ မယူသူကို မတွေ့။ ခါခါကြီး၏ ယတြာမှာ စွမ်းသလို ဈေးကလည်း ကြမ်းသည်။ သိန်းဆယ်ဂဏန်းအောက် ယတြာဟူ၍ ခါခါကြီးထံတွင် တစ်ခုမှ မရှိ။

သို့ပါသော်လည်း ခါခါကြီးထံ လာရောက်ကြသူများသည် လျော့သွားသည်ဟူ၍ မရှိ။ စီးပွားရေးသမားကြီးများ၊ မင်းစိုးရာဇာ ပုဂ္ဂိုလ်ကြီးများ၊ ကတော်ကြီးများနှင့် ကြိတ်ကြိတ်တိုး စည်ကားလျက်။ ယနေ့အတွက်တော့ ထူးထူးခြားခြား ခါခါကြီး ဓာတ်ခန်းတွင် ခြောက်ကပ်လျက်

www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ ခါခါကြီးလည်း မရှိပေ။ မရှိဆို နေပြည်တော်မှ အရေးပေါ် လှမ်းခေါ်သဖြင့် အထူးရဟတ်ယာဉ်ဖြင့် ထွက်သွားခြင်းကြောင့် ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com

(၈)

ဘဂရှင်မင်းတြားကြီးသည် ကြာသပတေးနံဖြစ်ကာ ကြာသပတေး၏ အောင်ပွဲနေ့ဖြစ်သော အင်္ဂါနေ့တွင် မဟာထွန်းအရောင်ဖြစ်သည့် ပိတောက်ခြောက်ရောင်ကို ဂတ်လျက် ခန်းမထဲတွင် ခမ်းခမ်းနားနား ထိုင်နေသူမှာ ဘဂရှင်မင်းတြားကြီး ဖြစ်သည်။ ကြီးသုံးကြီးကတော့ ရင်ဘတ်တွင် တံဆိပ်ခေါင်းများစွာ ဆင်ယင်ထားသည့် စစ်ယူနီဖောင်း စိမ်းပုပ်ကြီးများထဲတွင် မျက်နှာထားပုပ်ပုပ်ဖြင့် ထိုင်နေကြသည်။ တစ်ခါတစ်ရံ ဘဂရှင်မင်းတြားကြီးပင် ကြီးသုံးကြီး ရင်ဘတ်မှ ဆုတံဆိပ်များကိုကြည့်၍ ဘယ်တံဆိပ်က ဘာကိုဆိုလိုပြီး ဘယ်တုန်းကပေးခဲ့မှန်းပင် မမှတ်မိတော့ပေ။ တစ်ဖက် ရုရှားနိုင်ငံမှ ခေါင်းဆောင်များကလည်း အနောက်တိုင်းဂတ်စုံ အနက်ရောင်ကိုယ်စီဖြင့် ဘဂရှင်မင်းတြားကြီးတို့၏ တစ်ဖက်တွင် ထိုင်နေကြသည်။ ဆိုတော့ကာ ဘဂရှင်မင်းတြားကြီး တစ်ပါးတည်း ပိတောက်ခြောက်ရောင်ဂတ်စုံဖြင့် ခန်းမထဲတွင် ထင်းခနဲ လင်းခနဲ ဖြစ်နေသည်။

ယခုတစ်ခေါက် ဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးသူမှာ ဘဂရှင်မင်းတြားကြီး မဟုတ်။ ကာဆောင်ကြီးဖြစ်သည်။ ကာဆောင်ကြီးသည် ရုရှားတွင် ကိုယ်တိုင်ကိုယ်ကျ စစ်ပညာသင်ခဲ့ဖူးသလို ရုရှားသို့လည်း စစ်သားများ စေလွှတ်ရာတွင် ဦးဆောင် ဆောင်ရွက်နေသူ ဖြစ်သည်။ ရုရှားဘာသာစကားကိုလည်း ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်သဖြင့် ဆွေးနွေးရာ အလွန်အဆင်ပြေလေသည်။

ရုရှားခေါင်းဆောင်များဘက်လှည့်ကာ စကားပြောလိုက်၊ ဘဂရှင်မင်းတြားကြီးဘက် လှည့်ကာ ဘာသာပြန်လိုက်ဖြင့် ကာဆောင်ကြီးမှာ လွန်စွာ အလုပ်များလျက် ရှိသည်။ ဘဂရှင်မင်းတြားကြီးတို့ဘက်က တောင်းဆိုလိုသည့် အချက်များကို စာဖြင့် ကြိုတင်ရေးကာ ကာဆောင်ကြီးကို ပေးထားသည်။ စကားအစပိုင်းတွင် ထုံးစံအတိုင်း သံခင်း တမန်ခင်းများဖြင့် နှုတ်ခွန်းဆက်ကြသည်။ ထို့နောက်တွင်တော့ ဘဂရှင်မင်းတြားကြီးက အချက်ပေးလိုက်သဖြင့် ကာဆောင်ကြီးက နျူကလီးယားကိစ္စကို ဖွင့်ပြောလိုက်သည်။

ရုရှားသမ္မတသည် သူ့နားကိုသူ မယုံနိုင်သည့်အလား နောက်တစ်ကြိမ် သေချာအောင် ပြန်မေးသည်။ ကာဆောင်ကြီးက ပြန်ပြောသည်။ ဒါကိုလည်း မယုံနိုင်သေး။ ထို့ကြောင့် အင်္ဂလိပ်လိုပါ မေးသည်။ ကာဆောင်ကြီးကလည်း အင်္ဂလိပ်လိုပါ ပြန်ဖြေသည်။ ထိုအခါမှ ရုရှားအဖွဲ့က လက်ခံသွားတော့သည်။ ထို့နောက် တစ်ယောက်နှင့်တစ်ယောက် ခေါင်းဆိုင်ကာ တတွတ်တွတ် ပြောနေကြသည်။ ဘဂရှင်မင်းတြားကြီးက ဘယ်လိုလဲဆိုသည့်သဘောဖြင့် မျက်ရိပ်မျက်ခြည်ပြကာ မေးသည်။ ကာဆောင်ကြီးက ခေါင်းခါပြသည်။ ကျန် ကြီးနှစ်ကြီးမှာလည်း ရုရှားအဖွဲ့ကိုသာ စူးစိုက်ကြည့်နေကြသည်။

အတန်ကြာမှ ရုရှားသမ္မတက စ၍ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"တကယ်တော့ ကျွန်တော်တို့ မဟာမိတ်နိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ နျူကလီးယားလက်နက် ရှိတာ လွန်စွာ ကောင်းတဲ့ကိစ္စပါ"

ရုရှားသမ္မတ၏ စကားများကို ကာဆောင်ကြီးက တစ်လုံးချင်း သေသေချာချာ ဘာသာပြန်လျက် ရှိသည်။

"ဒါပေမယ့် နျူကလီးယားလက်နက်ဆိုတာ အင်မတန်မှ ကြီးကျယ်ပြီး အင်မတန်မှ ခက်ခဲတဲ့ ကိစ္စပါ"

"ဒါကြောင့်လည်း နင်တို့ကို အကူအညီ လာတောင်းတာပေါ့ သေနာတွေရယ်"

ဟု ဘဂရှင်မင်းတြားကြီးက စိတ်ထဲမှ ကျိတ်၍ ကြိမ်းနေမိသည်။

"ခုလိုကိစ္စမျိုးကြီးကို ဒီခန်းမထဲက လူတွေလောက်နဲ့ အပြီးအပြတ် ဆုံးဖြတ်ဖို့ မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် အချိန်နည်းနည်းလောက် ထပ်ပေးစေလိုပါတယ်၊ အခြားသော တိုင်းပြည်ခေါင်းဆောင်များနဲ့ တိုင်ပင်ပြီးမှ အဖြေပေးစေလိုပါတယ်"

ဘဂရှင်မင်းတြားကြီး ခေါင်းယမ်းလိုက်သည်။ သံခင်းတမန်ခင်းအကြောင်း သူကောင်းကောင်း သိသည်။ ယခုကဲ့သို့ စဉ်းစားပါရစေဆိုသည်မှာ ငြင်းလိုက်ခြင်းဖြင့် မထူးပင်။ ထို့ကြောင့်...

"ဒီမှာ... ကျုပ်တို့ကို နျူကလီးယား ရအောင်သာ လုပ်ပေးစမ်းပါ၊ ကျုပ်တို့နိုင်ငံက ဘာတွေလိုချင်လဲ၊ ကျွန်းသစ်လား၊ ကမ်းလွန်ဓာတ်ငွေ့လား၊ ကျောက်မီးသွေးလား၊ ပတ္တမြားတွင်းတွေလား၊ စစ်အခြေစိုက်စခန်းလုပ်ဖို့ နယ်မြေလား၊ ပြောပါ ကြိုက်တာပြောပါ၊ ကျုပ်တို့ဘက်က ပြန်ပေးဖို့ အဆင်သင့်ပါပဲ"

"ကျေးဇူးပါ ခင်ဗျာ၊ လူကြီးမင်းရဲ့ စေတနာကိုကြားရတာ လွန်စွာ ဝမ်းသာပါတယ်၊ အခုကိစ္စက တကယ်ပဲ ကျွန်တော်တို့နဲ့ မပြီးပြတ်လို့ပါ။ စိတ်မရှိပါနဲ့။ အကြောင်းပြန်ပေးပါ့မယ် ဒီမှာ လူကြီးမင်းတို့ နေထိုင်တဲ့ ရက်များအတွင်း စိတ်တိုင်းကျ ပြုစုပေးဖို့ကိုလည်း ကျွန်တော့်အနေနဲ့ မှာကြားထားပါတယ်"

"ကျွတ်... လချီးထဲမှပဲ၊ သူတို့ပြုစုတာ ဘာလုပ်ရမလဲ၊ ငါတို့နိုင်ငံထဲမှာ အဲဒီထက် အဆတစ်သောင်းမက ဇိမ်ခံလို့ရတယ်၊ အလကားဟာတွေ၊ ကိုယ့်တိုင်းပြည်မှာ ကိုယ့်ဦးနှောက်နဲ့ မဆုံးဖြတ်နိုင်ဘဲနဲ့များ သမ္မတ လုပ်နေသေးတယ်... ဟင်း"

ဘဂရှင်မင်းတြားကြီးက မြန်မာဘာသာဖြင့် ပြောနေသည်ကို ကာဆောင်ကြီးက ဘာသာပြန်ဖို့ လုပ်နေသဖြင့်...

"မင်းကလည်း စောက်မှန်းကမ်းမှန်း မသိဘူး၊ ပြန်မယ်၊ ကျေးဇူးပဲလို့သာ ပြောလိုက်"

ကာဆောင်ကြီးမှာ ခေါင်းလေးပုကာ ရုရှားအဖွဲ့ဘက်သို့ နှုတ်ဆက်စကားဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၉)

နောက်ဆုံးပိတ် အိတ်နဲ့လွယ်ဆိုသကဲ့သို့ ဘဂရှင်မင်းတြားကြီး၏ နောက်ဆုံးမျှော်လင့်ချက် ရောင်ခြည်ဖြစ်သည့် မြောက်ကိုရီးယားမြေသို့ ခြေချလိုက်မိတာနှင့် တစ်ပြိုင်နက် ခါခါကြီးပေးလိုက်သည့် အိုင်ဂါထာတော်ကြီးကို အဆက်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်လျက် ရှိသည်။

"ဦး

ကြောင်တိုင်းအိုင်

ပြောင်တိုင်းအိုင်

လောင်တိုင်းအိုင်

တောင်တိုင်းအိုင်

အိုင်အိုင်အိုင်...

အောင်စေ ပိုင်စေ

အိုင်... အိုင်... အိုင်"

မြောက်ကိုရီယားနှင့် ဆွေးနွေးပွဲမှာတော့ ဦးဆောင်သူမှာ ဒုဆောင်ကြီး ဖြစ်သည်။ ဒုဆောင်ကြီးမှာ မြောက်ကိုရီးယားလို ပြောတတ်သည်တော့ မဟုတ်။ သို့သော် မြောက်ကိုရီးယားများနှင့် အများဆုံးဆက်ဆံရသူ ဖြစ်သလို မြောက်ကိုရီးယားအရေးလည်း လွန်စွာ ကျွမ်းကျင်သူ ဖြစ်သည်။ ယခုဆွေးနွေးပွဲကို အစစအရာရာ စီစဉ်ပေးသူလည်း ဖြစ်သည်။ ထိုမှာပင် ပြဿနာက စတက်ပါတော့သည်။

ဒုဆောင်ကြီးက ဦးဆောင်စီစဉ်သဖြင့် မြောက်ကိုရီးယားဘက်က မည်သို့နားလည်သွားသည် မသိ။ ဆွေးနွေးပွဲကို မြောက်ကိုရီးယား၏ ချစ်လှစွာသော ခေါင်းဆောင်ကြီးကိုယ်တိုင် တက်ရောက်ခြင်း မရှိ။ မြောက်ကိုရီးယား၏ ဒုတိယအဆင့် ခေါင်းဆောင်များသာ တက်ရောက်ကြလေသည်။ ဆွေးနွေးပွဲစကတည်းကပင် ဘဂရှင်မင်းတြားကြီးသည် အခြေအနေ မကောင်းမှန်း ရိပ်မိလေသည်။ ထင်သည့်အတိုင်းပင် နျူကလီးယားကိစ္စအတွက်လည်း ချစ်လှစွာသော ခေါင်းဆောင်ကြီးထံ တင်ပြပေးပါမည်ဆိုသည့် အဖြေကိုသာ ရလေသည်။

ဘဂရှင်မင်းတြားကြီးက ချစ်လှစွာသော ခေါင်းဆောင်ကြီးနှင့် တွေ့ခွင့်မရနိုင်ဘူးလားဟု မေးရာတွင်လည်း မြောက်ဘက်ပိုင်းရှိ ရေခဲပြင် စကိတ်ဖွင့်ပွဲ သွားနေသဖြင့် တွေ့ခွင့်ရရန် မလွယ်ဟူသည့် အဖြေသာ ရခဲ့လေသည်။

မြောက်ကိုရီးယားမှ မြန်မာပြည်သို့ အပြန် လေယာဉ်ပေါ်တွင်တော့ ဒုဆောင်ကြီးခမျာ ခေါင်းပင် မဖော်နိုင်ရှာ။

"ထင်တယ်... မင်းကို တာဝန်ပေးမိတာကိုက ငါ့အမှားပဲ"

www.burmeseclassic.com

www.burmeseclassic.com

ဘဂရှင်မင်းတြားကြီး၏ အသံမှာ လေယာဉ်တစ်စီးလုံး ဟိန်းနေ၏။ ဒုဆောင်ကြီးလည်း ဘဂရှင်မင်းတြားကြီးဘေးတွင် ခေါင်းလေးငုံ့ကာ ကုပ်ကုပ်လေး ရပ်နေသည်။ လေယာဉ်ပျံမှ ခါးပတ်ပတ်ရန် မီးလင်းသည့်တိုင်အောင် ထိုင်ခုံတွင် ပြန်ထိုင်ခွင့်မရ။ ဒုဆောင်ကြီးလည်း မတ်တတ်ရပ်နေရသဖြင့် ကျန်ကြီးနှစ်ကြီးမှာလည်း ထိုင်မနေနိုင်ရှာ။ ဒုဆောင်ကြီးနှင့်အတူ ဘဂရှင်မင်းတြားကြီးဘေးတွင် မတ်တတ်ရပ်နေကြရသည်။

"အရက်သောက်ဖို့ကလွဲပြီး ဘာစောက်သုံးကျလဲ၊ မင်းကို ငါ့တပည့်ရင်း ဖြစ်နေတာရော၊ တပ်ထဲမှာ စီနီယာဖြစ်နေတာရောကြောင့်သာ ဒုဆောင်ကြီးရထူး ပေးထားရတာ၊ ဘာမှသုံးစားလို့ မရဘူး၊ မင်းရင်ဘတ်က ဆုတွေကိုတောင် အားနာသင့်တယ်၊ ဒီမယ်... ငါ ပြောမယ်"

ဘဂရှင်မင်းတြားကြီးမှာ ပြောလေလေ ဒေါသထွက်လေလေ ဖြစ်နေသည်။

"အခုကိစ္စမှာ ငါ ဘယ်လောက် သိက္ခာကျတယ်၊ သိလား၊ ငါကိုယ်တိုင် လာတာတောင် ဟိုမြောက်ခေါင်းဆောင်ဆိုတဲ့ကောင်က ထွက်မတွေ့ဘူး၊ ဟင်း... သိမယ်၊ ငါ့မှာ ဈေးကလီးယား ရှိလို့ကတော့ ဒင်းတို့ကို အရင်ဆော်ပစ်မယ်"

"ရန်ကုန်ရောက်တာနဲ့ မြောက်သံမှူးကြီးကို ကျွန်တော် ခေါ်ပြီး ဆူပုံ့မယ် ခင်ဗျာ"

ဒုဆောင်ကီးက မပွံ့မရဲ ပြန်ပြောသည်။

"တော်စမ်းပါကွာ... မင်းခေါ်ဆူတော့လည်း ဟိုက တောင်းပန်တာနဲ့ ပြီးသွားမှာ၊ ဒီကောင်တွေက ဆူတာလောက်နဲ့ ဘာမှထူးမှာ မဟုတ်ဘူး၊ အရေထူပြီးသားကောင်တွေ၊ ငါပြောနေတာ မင်းကိုပဲ၊ မင်းမလည်း အသက်ကြီးပြီ၊ အရက်ကလေး ဘာလေး လျှော့သောက်မှပေါ့၊ အရက်တွေ နင်းကန်သောက်တော့ မင်းခေါင်းထဲမှာ ဘာရှိလဲ၊ အရက်ပဲရှိမှာပေါ့၊ ဟိုတစ်ခါတုန်းကလည်း မင်း မူးမူးနဲ့ အမိန့်တွေ လျှောက်ပေးနေလို့ ငါ့မှာ မနည်း လိုက်တားရတယ် မဟုတ်လား"

သွားပါပြီဟု ဒုဆောင်ကြီးက စိတ်ထဲမှ ပြောနေမိသည်။ ဘဂရှင်မင်းတြားကြီးမှာ ဒုဆောင်ကြီးကို စိတ်အခန့်မသင့်တိုင်း ထိုအရာကို မကြာခဏ ပြန်ပြောကာ ကြိမ်းလေ့ ရှိသည်။ ကြိမ်းလည်း ကြိမ်းချင်စရာပင်။ ဒုဆောင်ကြီးက ရှေ့တန်းစစ်မြေပြင်တွင် မထားမဖြစ် ထားရန် အမိန့်တစ်ခုကို ထုတ်ပြန်ခဲ့သည်။

ထိုအမိန့်မှာ အခြားမဟုတ်၊ အရက်ချမ်းစင် ဖြစ်သည်။ ရေချမ်းစင်များ ထားသကဲ့သို့ အရက်ချမ်းစင်များလည်း ထားရမည်ဆိုသည့် အမိန့်ပင်။ အဆိုပါ အရက်ချမ်းစင်တွင် အာမီရမ်များ အမြဲ အပြည့်ဖြည့်ထားရမည်။ မြေပဲလှော်၊ ပဲလှော် အစရှိသော အမြည်းများပါ အနီးအနားတွင် ထားရမည်။ ရှေ့တန်းစစ်သည်တော်များသည် တိုင်းပြည်အတွက် အသက်ပေး တာဝန်ထမ်းဆောင်နေရသဖြင့် များစွာ ပင်ပန်းဆင်းရဲသည်။ ထို့ကြောင့် အပန်းဖြေနိုင်ရန် အရက်ချမ်းစင်များ မထားမနေရ ထားရမည်ဟု တပ်ရင်းမှူးများ၊ ဗျူဟာမှူးများကို ခေါ်၍

www.burmeseclassic.com

www.burmeseclassic.com

အမိန့်ပေးသည်။ ဒုဆောင်ကြီး၏ အမိန့်ဖြစ်သဖြင့် အကုန်လုံးကလည်း အလျင်အမြန် အကောင်အထည် ဖော်ကြသည်။

ရလဒ်အဖြစ် ရှေ့တန်းစစ်သည်တော်များမှာ အချိန်ပြည့် မူးနေကြကာ စစ်တိုက်ရန် အလွန်သွေးကြွပြီး ထိန်းမနိုင် သိမ်းမရ ဖြစ်နေကြတော့သည်။ ထို့ကြောင့် ကာဆောင်ကြီးက ဘဂရှင်မင်းတြားကြီးကို ထိုအရက်ချမ်းစင်များ ဖျက်ပေးရန် အလျင်အမြန် လျှောက်ထားရသည်။ ဘဂရှင်မင်းတြားကြီးမှာ ဒုဆောင်ကြီးကို ချက်ချင်းခေါ်ကြိမ်း၍ အဆိုပါအမိန့်ကို ပြန်ဖြတ်ခိုင်းရသည်။

"နောက် ရှိပါသေးတယ်၊ ဘာတဲ့... ဂါတွင်းသုံးလ အရက်ရှောင်တာကို ပြဿနာလုပ်သေးတယ် မဟုတ်လား"

ဒုဆောင်ကြီးမှာ ဖောချွေးများပင် ပြန်နေသည်။ ယခုပုံအတိုင်းဆို မြန်မာပြည် ပြန်ရောက်သည့်တိုင် ထိုင်ခွင့်ရမည့်ပုံ မပေါ်တော့ပေ။

"ဂါတွင်းသုံးလမှာ အရက်ရှောင်ရင် ကျန်တဲ့ လေးပါးသီလပါ ရှောင်ရမယ်၊ သူရာမေဒယျ တစ်မျိုးတည်းကို ရှောင်တာ မတရားဘူး၊ အရက်တစ်မျိုးတည်းရှောင်ရင် ပြစ်မှုမြောက်တယ်ဆိုပြီး ဥပဒေထုတ်ဖို့ လုပ်သေးတယ် မဟုတ်လား၊ အဲဒီတုန်းကလည်း ငါ့ကို သာသနာရေးဂန်ကြီးက အမြန်လာပြောပေလို့ပေါ့၊ မဟုတ်ရင် ဘုန်းကြီးတွေနဲ့ ပြဿနာဖြစ်လိုက်မယ့် ဖြစ်ခြင်း၊ အလကား ငမူး ဒိဋ္ဌိ၊ မင်းလို ဘုရားတရား မရှိတဲ့ကောင် ပါလာလို့ ခါခါကြီးရဲ့ ဂါထာတွေပါ မစွမ်းတော့တာ ဖြစ်လိမ့်မယ်၊ နောက်ဆိုရင် မင်းကို ငါ့ခရီးစဉ်တွေမှာ ခေါ်ဖို့ စဉ်းစားရတော့မယ်"

"တော်ပြီ... သွားကြ... သွားကြ၊ ကျန်တဲ့ကောင်တွေလည်း အလကားပဲ၊ ငါ့ဆန္ဒကို အောင်မြင်အောင် ဘယ်ကောင်မှ လုပ်မပေးနိုင်ကြဘူး၊ အခု ဘယ်လိုလုပ်ကြမလဲ၊ နျူကလီးယားကိစ္စက လမ်းဆုံးသွားပြီပေါ့... ဟုတ်လား"

ကြီးသုံးကြီး၏ စိတ်ထဲတွင်လည်း နျူကလီးယားကိစ္စကို အဆုံးသတ်သွားပြီဟု ယုံကြည်သလို ဘဂရှင်မင်းတြားကြီး ကိုယ်တိုင်လည်း ထိုကဲ့သို့ပင် ထင်လေသည်။ သို့သော် ကံကြမ္မာက ထိုမျှလောက် မရိုးရှင်း၊ ထူးဆန်းသည်။ မထင်မှတ်သော နေရာမှ မထင်မှတ်သော အကူအညီဖြင့် ဘဂရှင်မင်းတြားကြီး၏ နျူကလီးယားအိပ်မက်မှာ ပြန်လည်နိုးထ အသက်ဝင်လာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

နျူကလီးယားအရေးနှင့် ပတ်သက်၍ ဘဂရှင်မင်းတြားကြီးသည် လွယ်လွယ်နှင့် လက်မလျှော့ချင်ပါသော်လည်း လက်လျှော့ရမည့် အနေအထားသို့ ရောက်နေသည်။ သူ၏ မဟာမိတ် သုံးနိုင်ငံမှာမှ အကူအညီမရလျှင် ဘယ်လိုမှ မဖြစ်နိုင်တော့။ ကိုယ့်ဘာသာကိုယ် တီထွင်ဖို့ဆိုတာကလည်း မြန်မာပြည်မှာက လောက်စာလုံးတောင် ဝိုင်းအောင် လုံးတတ်ကြသည်မဟုတ်ရာ နျူကလီးယားရဖို့ ဆိုသည်မှာ မည်သို့မျှ ဖြစ်နိုင်မည် မဟုတ်။

သို့သော် မယ်မယ်ဖျားကတော့ လွယ်လွယ်နှင့် လက်မလျှော့။ လူမစွမ်းနတ်မ, ဆိုသည့်အတိုင်း ခါခါကြီးထံမှ အကြံဉာဏ်များ တောင်းရပြန်၏။ ပထမဆုံးအနေနှင့် ဘဂရှင်မင်းတြားကြီးကိုယ်တိုင် ရက်ကိုးဆယ် အဓိဋ္ဌာန်ဝင်ရသည်။ ထို့နောက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ယတြာချေရသည်။

အခြားမဟုတ်။ တစ်နိုင်ငံလုံး လှည်းနေလှေအောင် ကားဂိုထောင်ပါမကျန် ကြက်ဆူပင် စိုက်ရမည်။ ကြက်ဆူဆိုသည်မှာ တနင်္လာနံဖြစ်ပြီး နျူကလီးယားသည် စနေဖြစ်ကာ မိတ်ဖက် နေ့နံဖြစ်ကြသဖြင့် ကြက်ဆူပင်ကို အောင်အောင်မြင်မြင် စိုက်နိုင်ပါက နျူကလီးယားလည်း အောင်အောင်မြင်မြင် ရမည်ဖြစ်သည်ဆိုသည့် အတိတ်နိမိတ်ပင်။

ခါခါကြီး၏ ယတြာအစွမ်းကြောင့်ပင်လော၊ ဘဂရှင်မင်းတြားကြီး၏ အဓိဋ္ဌာန်ကြောင့်ပင်လော မသိ။ မမျှော်လင့်သော ကိစ္စကြီး ဖြစ်လာခဲ့လေသည်။

အထူးထိပ်တန်း ဆွေးနွေးရန် ဘဂရှင်မင်းတြားကြီး တစ်ဦးတည်းနှင့်သာ တွေ့ဆုံလိုသည်ဟု အနောက်နိုင်ငံကြီး တစ်နိုင်ငံက တောင်းဆိုလာသည်။ အနောက်နိုင်ငံ အတော်များများက ယခုကဲ့သို့ ထိပ်တန်းလျှို့ဝှက်ဆိုပြီး တွေ့ဖို့ မကြာခဏ ကြိုးစားကြသည်။ ပြီးတော့လည်း မြောက်ကိုရီးယားအရေး၊ တရုတ်အရေး၊ နိုင်ငံရေး အကျဉ်းသားများ လွှတ်ပေးရေးလောက်နှင့်သာ ပြီးသွားပြီး ဘာမှလည်း အကျိုးရှိတာ မဟုတ်။ စိတ်ရှုပ်နေသည့် ယခုအချိန်မျိုးတွေမှာ သာ၍ မတွေ့လို။ ထို့ကြောင့် မတွေ့နိုင်ဟုသာ ငြင်းလိုက်သည်။

သို့သော် ထိုကိစ္စမှာ လွယ်လွယ်နှင့် မပြီးသွား။ ဘဂရှင်မင်းတြားကြီးထံ နောက်တစ်နည်းဖြင့် ဝင်လာပြန်သည်။ ပထမတစ်ခေါက်ကကဲ့သို့ သူ့ကိုယ်ရေးအရာရှိထံမှ မဟုတ်။ သူယုံကြည်အားထားရသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးထံမှ ဖြစ်သည်။ ထိုသူထံမှတစ်ဆင့် တွေ့ခွင့်တောင်းလာသည့်အပြင် ဘဂရှင်မင်းတြားကြီးအတွက်ပါ လွန်စွာ အကျိုးရှိစေမည့် တွေ့ဆုံမှုဖြစ်သည်ဟု ဆိုလာသည့်အတွက် သူ့အနေနှင့် ပြန်စဉ်းစားရတော့သည်။

ကြားမှတစ်ဆင့် အာမခံပေးသည့် လုပ်ငန်းရှင်ကြီးသည် သူ့မိသားစုဝင် တစ်ယောက်ကဲ့သို့ဖြစ်ကာ လွန်စွာ အားကိုးရသည့် လက်ရုံးတစ်ဆူပင်။ ဒုဆောင်ကြီးတို့၊ ကာဆောင်ကြီးတို့ထက်ပင် ယုံကြည်ရလေသည်။ တပ်မတော်အတွက် လိုအပ်သမျှ

www.burmeseclassic.com

www.burmeseclassic.com

လက်နက်ခဲယမ်းများကိုလည်း အဆိုပါ စီးပွားရေးလုပ်ငန်းရှင်ကြီးကသာ ဒိုင်ခံ ဂယ်ပေးနေခြင်းပင်။ ထိုစီးပွားရေးလုပ်ငန်းရှင်ကြီး ဆိုသူ၏ အမည်မှာ…

"အင်း.. မိုးသောက်ပန်းဆီကနေတစ်ဆင့် တွေ့ခွင့်တောင်းတယ်ဆိုတော့ လက်ခံရမှာပေါ့… မဟုတ်ဘူးလား"

မယ်မယ်ဖျားက တွေးတွေးဆဆဖြင့် ပြောသည်။ ဘဂရှင်မင်းတြားကြီးမှာ ထိုအနောက်နိုင်ငံကြီးနှင့် တွေ့ရေး၊ မတွေ့ရေး မယ်မယ်ဖျားနှင့် တိုင်ပင်နေခြင်း ဖြစ်သည်။

"ဟုတ်တယ်… ကျုပ်လည်း မိုးသောက်ပန်း အာမခံတယ် ဆိုလို့ စဉ်းစားနေတာ၊ ပထမတစ်ခေါက် ငြင်းပြီးသားသူကို နောက်တစ်ခါ ပြန်တွေ့ရိုးထုံးစံ ကျုပ်မှာရှိတာ မဟုတ်ဘူး"

ဘဂရှင်မင်းတြားကြီးကလည်း သူ့ဆုံးဖြတ်ရခက်နေပုံကို ပြောပြသည်။

"ကဲပါလေ… မိုးသောက်ပန်းကိုယ်တိုင် အာမခံနေမှတော့ တွေ့လိုက်ပါ၊ အရှုံးရှိမယ် မထင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

တကယ်တော့ မိုးသောက်ပန်းကို သိခဲ့သည်မှာ ကြာလေပြီ။ ဘဂရှင်မင်းတြားကြီး မဖြစ်ခင်ကတည်းကပင်။ မိုးသောက်ပန်း အဖေသည် ဘဂရှင်မင်းတြားကြီးတို့ထက် အပတ်စဉ်စောသည့် စီနီယာတစ်ဦးပင် ဖြစ်သည်။ တိုက်ပွဲတစ်ခုတွင် ဒဏ်ရာရကာ အငြိမ်းစားယူသွားခဲ့ခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် မိုးသောက်ပန်းသည် စီးပွားရေးကိစ္စများနှင့်သော်လည်းကောင်း၊ မိသားစုအရေးများနှင့်သော်လည်းကောင်း အထိအတွေ့ ပိုများလာသည်။

သူတွေ့ဖူးသမျှ လူငယ်တွေထဲတွင် မိုးသောက်ပန်းသည် လူကြီးသူမများအပေါ် လွန်စွာ ကိုင်းရှိုင်းသူတစ်ယောက် ဖြစ်သလို ကျေးဇူးတရားကိုလည်း လွန်စွာ သိတတ်သူ ဖြစ်သည်။ လုပ်ငန်းကြီး တော်တော်များများကို မိုးသောက်ပန်းအား အထူးလုပ်ပိုင်ခွင့် ပေးခဲ့ဖူးသည်။ ပေးလိုက်တိုင်းလည်း အချိန်မီ အောင်မြင်အောင် လုပ်နိုင်သလို လုပ်ပြီးပါကလည်း ဂါဂရုတရားများကို နင့်နင့်ပိုးပိုး ပြုလေ့ရှိသည်။ ထို့ကြောင့်လည်း မယ်မယ်ဖျားကိုယ်တိုင် မျက်စိကျကာ ဘဂရှင်မင်းတြားကြီး မိသားစု၏ လူယုံတော် ဖြစ်လာခဲ့လေသည်။ ခါခါကြီးကိုပင် မိုးသောက်ပန်းက ရှာဖွေ မိတ်ဆက်ပေးခဲ့ခြင်း ဖြစ်သည်။

မိုးသောက်ပန်းနှင့် လက်တွဲပြီးသည့်နောက် ဘဂရှင်မင်းတြားကြီးလည်း ရာထူးများ တစ်ဆင့်ပြီးတစ်ဆင့် တိုးကာ ယခုကဲ့သို့ မြန်မာနိုင်ငံ၏ အာဏာထွဋ်ချေါင် ဖြစ်လာခဲ့ခြင်းပင်။ ဘဂရှင်မင်းတြားကြီး ဖြစ်လာပြီးသည့် အချိန်တွင်တော့ မိုးသောက်ပန်းကို သာမန်အသေးစား ကန်ထရိုက်လေးများကို မလုပ်ခိုင်းတော့။ နိုင်ငံတော်အဆင့် ပရောဂျက်ကြီးများကို ဦးစီးခိုင်းသည်။ လက်နက်ဝယ်ယူရေးအတွက် အလုံးစုံ လွှဲအပ်ထားသည်။ သံမဏိ၊ ကမ်းလွန်ရေနံ လုပ်ကွက်များကို ဦးဆောင်ရှာဖွေစေသည်။ မိသားစု စီးပွားရေးတစ်ခုဖြစ်သည့် ကျွန်းသစ်အိတ်စပို့ လုပ်ငန်းကိုလည်း မိုးသောက်ပန်းကိုပင် အလုံးစုံ လွှဲအပ်ထားသည်။ မိုးသောက်ပန်းကလည်း လွန်စွာသစ္စာရှိသည်။ ကျွန်းသစ်လုပ်ငန်းက ရရှိသမျှ ဝင်ငွေတိုင်းကို တစ်ပြားမကျန် မယ်မယ်ဖျားထံ ဆက်သလေ့ရှိသည်။

ထို့ပြင် သမီးတော် တစ်ပါးချင်းစီ၏ အကြိုက်များကိုလည်း သိကာ အိမ်တော်သို့ လာတိုင်း လက်ဆောင်များ ယူလာလေ့ရှိသည်။ တော်တော်ကြီးအတွက်ဆိုလျှင် နောက်ဆုံးပေါ် ရတနာပစ္စည်းများ၊ တော်တော်လတ်အတွက်ဆိုလျှင် ဂျက်စတင်ဘီဘာနှင့် ပတ်သက်သမျှ ပုံများ၊ သတင်းများ၊ အခွေများ၊ တော်တော်ငယ်အတွက်ဆိုပါက ဟောလိဝုဒ်မင်းသား မင်းသမီးများ၏ အတွင်းရေးသတင်းများ၊ အတင်းအဖျင်းများကို မြန်မာလို ဘာသာပြန်ထားသည့် သီးသန့်စာစောင်များ စုဆောင်းပေးသည်။ ထိုမျှမကသေး... မိသားစု အပန်းဖြေဆိုကာ တစ်ပတ်တစ်ခါ ရုပ်ရှင်ကားသစ်တင်တိုင်း မယ်မယ်ဖျားနှင့် သမီးတော်များကို ခေါ်၍ ဒူဘိုင်းတွင် ရုပ်ရှင်သွားကြည့်လေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

မယ်မယ်ဖွားး၏ နှလုံးသည်းပွက်ဖြစ်သည့် ဆုံးမြေးကိုတော့ အထူးဂရုစိုက်သည်။ မြိုင်ကားးမောင်းချင်သည် ဆိုလိုက်တာနှင့် ရန်ကုန်တွင် မြိုင်ကားကွင်းဖြစ်အောင် လုပ်ပေးသည်။ ဘောလုံးဆိုတော့လည်း မန်ယူအသင်းကိုပင် ဂယ်ယူရန် ကမ်းလှမ်းခဲ့သည်။ မရသဖြင့် ပရီးမီးယားလိဂ်ကဲ့သို့ ပရော်ဖက်ရှင်နယ်လိဂ်တစ်ခု ဖြစ်ပေါ်လာအောင် မြန်မာပြည်တွင် တည်ထောင်ပေးခဲ့သည်။ ထိုမျှအားမရဘဲ ဆုံးမြေးက ကိုယ်တိုင်ကန်ချင်ပါတယ်ဆိုသဖြင့် ကမ္ဘာ့ကျော် ဘောလုံးသမားတချို့ကို ဖိတ်ကာ ဘောလုံးပွဲများ စီစဉ်ပေးရသည်။

တစ်ခါတရံ မယ်မယ်ဖွားကပင် အားနာယူရသည်။ မိုးသောက်ပန်းသည် များပြားလှသည့် စီးပွားရေးလုပ်ငန်းများကိုလည်း ဦးဆောင်နေရသလို သူတို့မိသားစု၏ အရေးကိစ္စများကိုလည်း လိုလေသေးမရှိ ဆောင်ရွက်ပေးနေရသဖြင့် နားချိန်ပင် ရှိသေးရဲ့လား မသိ။

"ဒီကောင်တွေက ဘာလို့ ကျုပ်ကို အရေးတကြီး တွေ့ချင်နေကြတာတုန်း"

ဘဂရှင်မင်းတြားကြီး၏ အမေးကို မဖြေခင် မိုးသောက်ပန်းသည် ထိုင်ခုံပေါ်သို့ ရို့ရို့လေး ထိုင်လိုက်သည်။ ထိုကဲ့သို့ ထိုင်ခွင့်သည် မိုးသောက်ပန်း၏ အထူးအခွင့်အရေး ဖြစ်သည်။ ဘဂရှင်မင်းတြားကြီး၏ ရုံးခန်းထဲတွင် ထိုင်ခုံတစ်လုံး အပိုရှိပါသော်လည်း ယနေ့အထိ မိုးသောက်ပန်းမှလွဲကာ ဘယ်သူမှ ထိုင်ခွင့်မရခဲ့ကြ။ ထိုင်လည်း မထိုင်ရဲကြ။

"သူတို့နဲ့ ကျွန်တော် တွေ့ပြီးပါပြီခင်ဗျ၊ စကားလည်း သေချာပြောပြီးပါပြီခင်ဗျ၊ စိတ်ချရတဲ့သူတွေ ဖြစ်သလို ဘဘ ဘဂရှင်မင်းတြားကြီးအတွက်လည်း လွန်စွာ အကျိုးများမယ်လို့ ယုံကြည်လို့ တွေ့ခွင့်ပြုပေးဖို့ ပန်ကြားရခြင်း ဖြစ်ပါတယ်ခင်ဗျ"

ဘဂရှင်မင်းတြားကြီးက ဧည့်သည်တွေ့ခွင့်မပေးခင် သေချာစေရန် မိုးသောက်ပန်းကို ခေါ်ယူမေးမြန်းနေခြင်း ဖြစ်သည်။

"အင်း... ကျုပ်အတွက် လွန်စွာ အကျိုးများမယ်ဆိုတာ ဘာအရေးများလဲ"

"ဒီလိုပါ ဘဘ ဘဂရှင်မင်းတြားကြီး"

မိုးသောက်ပန်းက လွန်စွာ လျှို့ဝှက်အပ်သော အကြောင်းရာကြီးကို ပြောရန်အတွက် လေသံကို နှိမ့်ကာ ကိုယ်ကို ရှေ့သို့ကိုင်းလိုက်၏။

"မြန်မာနိုင်ငံက နျူကလီးယားလက်နက်ရဖို့ ကြိုးစားနေတယ်ဆိုတာ သူတို့က သတင်းအတိအကျ ရထားသလို၊ အဆိုပါ ကြိုးစားမှုကလည်း မအောင်မမြင် ဖြစ်နေပါတယ်လို့ ပြောပါတယ်"

"ဟော..."

ဘဂရှင်မင်းတြားကြီးသည် သူ၏ ထိပ်တန်းလျှို့ဝှက်ချက်ကြီး ကျိုးပေါက်ကာ သတင်းများ ပျံ့နှံ့နေပုံကို လွန်စွာ အံ့ဩနေမိသည်။

"အဲဒီအခက်အခဲတွေကို သူတို့က ကူညီချင်လို့ပါတဲ့ ခင်ဗျ"

"ဘာ... သူတို့က ကူညီမယ် မဟုတ်လား..."

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်ခင်ဗျ"

"ကျုပ်တို့ကို နျူကလီးယားရအောင် ကူညီမယ်ပေါ့ ဟုတ်လား"

"ဟုတ်... အဲ့ဒီလိုပဲ ပြောပါတယ်ခင်ဗျ"

ဘဂရှင်မင်းတြားကြီးသည် တစ်ချက် မျက်မှောက်ကြုတ်သွားသည်။ ခေါင်းကိုလည်း ဖြည်းညင်းစွာ ခါရမ်းလိုက်သည်။

"ဖြစ်ရော ဖြစ်နိုင်ပါ့မလား မောင်မိုးသောက်ပန်းရယ်၊ ဒင်းတို့ အနောက်နိုင်ငံကြီးတွေက ကျုပ်တို့ကို ဘယ်တော့မှ ကောင်းကျိုးပေးတာ မဟုတ်ပါဘူး၊ ဒီလို နျူကလီးယားလက်နက်ကြီး တစ်ခုကို လွယ်လွယ်နဲ့ ပေးပါ့မလား"

"ဟုတ်ကဲ့ပါ ဘဘ ဘဂရှင်မင်းတြားကြီး၊ ကျွန်တော့်အနေနဲ့ သူတို့ကို လူချင်းလည်း တွေ့ဆုံမေးမြန်းခဲ့ပါတယ်ခင်ဗျ၊ သူတို့က ကျွန်တော့်ကို ပြောခွင့်ရှိသလောက် ပြောခဲ့ပါတယ်ခင်ဗျ၊ ဘဘနဲ့ တွေ့ရင်တော့ ပိုပြီး ပွင့်ပွင့်လင်းလင်း ပြောချင်ပါတယ်လို့ ပြောပါတယ်ခင်ဗျ၊ ဒါ့အပြင် သူတို့နိုင်ငံမှာရှိတဲ့ ကျွန်တော့် လူယုံတချို့ကိုလည်း သူတို့နောက်ကြောင်းရာဇဝင်တချို့ကို လိုက်စုံစမ်းခိုင်းရာ သူတို့က တကယ့်ကို အရာရှိကြီးများ ဖြစ်တယ်လို့လည်း ပြောပါတယ်ခင်ဗျ၊ နောက်ပြီး သူတို့သံရုံးရဲ့ လျှို့ဝှက်စစ်သံမှူးကြီးလည်း သူတို့နဲ့အတူ ပါလာပြီး ဘဂရှင်မင်းတြားကြီးနှင့် တွေ့ခွင့်ရရင် တွေ့ချင်ပါတယ်လို့ တောင်းဆိုနေပါတယ် ခင်ဗျ"

လျှို့ဝှက်စစ်သံမှူးဆိုသည်မှာ အဆိုပါ နိုင်ငံနှင့် ဘဂရှင်မင်းတြားကြီးတို့သာသိသော သံမှူးဖြစ်သည်။ နိုင်ငံတကာသို့ တရားဝင် ကြေညာခန့်အပ်ထားသည့် သံမှူးမဟုတ်ဘဲ ဘဂရှင်မင်းတြားကြီးနှင့် ဆက်ဆံရန် အထူးခန့်အပ်ထားခြင်း ဖြစ်သည်။ အဆိုပါ လျှို့ဝှက်စစ်သံမှူးသည် သံရုံးအရာရှိထက်ပင် သြဇာပိုရှိကာ သူ့နိုင်ငံခေါင်းဆောင်နှင့်လည်း အချိန်မရွေး သတင်းပေးပို့ ဆက်သွယ်ပိုင်ခွင့်ရှိသူ ဖြစ်သည်။

"ဒါနဲ့ နေပါဦး... အဲ့ဒီနိုင်ငံမှာ မင်းရဲ့လူယုံရှိတယ် ဟုတ်လား"

ဘဂရှင်မင်းတြားကြီးက မိုးသောက်ပန်းကို ကြီးသထက် အထင်ကြီးသွားသည်။ သူ့ကို ဆန့်ကျင်ပိတ်ထားသဖြင့် သွားခွင့်မရှိသော နိုင်ငံမျိုး မဟုတ်လား။

"ဟုတ်ပါတယ် ခင်ဗျ၊ ကျွန်တော့်လူယုံတွေက သူတို့ထောက်လှမ်းရေးရုံးက အရာရှိတချို့ပါပဲ ခင်ဗျ၊ တကယ်တော့ နိုင်ငံရေးအတွက် မဟုတ်ပါဘူး၊ စီးပွားရေးအတွက်ပါ၊ သူတို့က ကျွန်တော်တို့ ဘဏ်အကောင့်တွေကို မကြာခဏ ပိတ်တတ်တော့ သူတို့မပိတ်ခင် သတင်းကြိုရပြီး ပိုက်ဆံတွေ ပြန်ထုတ်ထားနိုင်ဖို့အတွက် သတင်းပေးတွေ မွေးထားတာပါ၊ သူတို့ကို လစဉ် ကျွန်တော့်ကိုယ်ပိုင်ငွေများနဲ့ ထောက်ပံ့ရပါတယ်ခင်ဗျ၊ သူတို့နိုင်ငံရဲ့ မြန်မာနိုင်ငံအပေါ် အမြင်တွေ သတင်းတွေကို ပြန်ထောက်လှမ်းခိုင်းထားတာပါခင်ဗျ"

"အို.... ကောင်းလိုက်တာ၊ နောက်ဆို မင်း ရသမျှသတင်းတွေကို ကျုပ်ဆီ တင်ပြစမ်း"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ပါ ဘဘ ဘဂရှင်မင်းတြားကြီး၊ အခု သူတို့ကိုရော ဘယ်လိုအကြောင်းပြန်လိုက်ရမလဲ ခင်ဗျ"

"အင်း…"

ဘဂရှင်မင်းတြားကြီးက တစ်ချက်စဉ်းစားကာ…

"တွေ့ခွင့်ပေးလိုက်ပါ၊ တွေ့ရမယ့်ကိစ္စက သိပ်အရေးကြီးတော့ မောင်ရင်ပဲ ခါခါကြီးကို နေ့ကောင်းရက်မြတ် ရွေးခိုင်းလိုက် ဟုတ်ပြီလား၊ ပြီးမှ ကျုပ်ကို အကြောင်းပြန်"

မိုးသောက်ပန်းက ဘဂရှင်မင်းတြားကြီး မိန့်ကြားသမျှကို စာအုပ်တစ်အုပ်နှင့် သေချာရေးမှတ်နေသည်။

"ဪ… ဒါနဲ့ မောင်ရင် သူတို့က ဘယ်နိုင်ငံက ပြန်ပြောပါဦး"

"သူတို့ကလား…"

မိုးသောက်ပန်းက ရေးမှတ်နေရာမှ ခေါင်းမော့ကာ…

"အမေရိကန်ပါ"

ဟု တစ်လုံးချင်း ပီပီသသ ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

အိမ်တော်၏ ဧည့်ဆောင်ထဲတွင် အမေရိကန် ဧည့်သည်တော်များ ရောက်နေပြီဆိုမှ ဘဂရှင်မင်းတြားကြီးသည် ဘုရားခန်းထဲမှ ထွက်လိုက်သည်။ ယခုတွေ့ဆုံမှု မတိုင်ခင် တစ်မနက်လုံး ခါခါကြီး၏ အခါတော်အရ ဘုရားခန်းထဲတွင် အဓိဋ္ဌာန်ဝင် ပုတီးစိပ်နေခြင်း ဖြစ်သည်။

အိမ်တော်၏ ဧည့်ခန်းထဲသို့ ခေါ်ယူတွေ့ဆုံရသည်မှာ အကြောင်းရှိသည်။ ယခုတွေ့ဆုံမှုသည် ထိပ်တန်းလျှို့ဝှက်ဖြစ်ကာ သူ၏ ကိုယ်ရေးအရာရှိပင် မသိပေ။ ဧည့်ခန်းမအတွင်းတွင်လည်း အမေရိကန်ဘက်မှာ လျှို့ဝှက်စစ်သံမှူးနှင့် အထူးကိုယ်စားလှယ်တစ်ယောက်သာ ပါရှိကာ မြန်မာနိုင်ငံဘက်မှ ဘဂရှင်မင်းတြားကြီးနှင့် မိုးသောက်ပန်းတို့သာ ပါဝင်သည်။

"ကျွန်တော်တို့ဘက်ကတော့ ရှည်ရှည်ဝေးဝေး မပြောချင်ပါဘူး၊ ဒါကလည်း သာမန် သံခင်းတမန်ခင်းမျိုး တွေ့တာမဟုတ်တော့ တိုက်ရိုက်ပဲ တင်ပြပါရစေ"

တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ပြီးတာနှင့် အမေရိကန် လျှို့ဝှက်စစ်သံမှူးက ပွင့်ပွင့်လင်းလင်း စပြောသည်။ ဘဂရှင်မင်းတြားကြီးလည်း ထိုကဲ့သို့ ပွင့်လင်းတာကို သဘောကျသည်။ ငါ ဒါယူမယ်၊ မင်း ဟိုဟာပေးဆို ပြီးပြီ။ မလိုအပ်ဘဲ အရစ်ရှည်တာမျိုး မကြိုက်။

"အခု ဘဂရှင်မင်းတြားကြီးတို့ နျူကလီးယားရဖို့ ကြိုးစားတာ အဆင်မပြေဘူးလို့ သိရပါတယ်။ ဘယ်က သိရသလဲဆိုတာတော့ မသိချင်ပါနဲ့၊ ကျွန်တော်တို့ အမေရိကန်တွေ မသိဘူးဆိုတာ ကမ္ဘာပေါ်မှာ မရှိပါဘူး၊ မသိချင်ယောင် ဆောင်နေတာပဲ ရှိပါတယ်"

ဒါကတော့ ဖြစ်နိုင်ပါတယ်ဆိုပြီး ဘဂရှင်မင်းတြားကြီးက စိတ်ထဲကနေ မှတ်ချက်ချလိုက်သည်။ နျူကလီးယားလက်နက်နဲ့ ပတ်သက်ပြီး နိုင်ငံသုံးနိုင်ငံ သွားခဲ့သည်။ လူပေါင်းများစွာ တွေ့ခဲ့သည်။ အဆိုပါထဲက တစ်ယောက်ယောက်ဆီက ပေါက်ကြားဖို့ဆိုတာ သိပ်လွယ်မဟုတ်လား။

"အခု အမေရိကန်အစိုးရအနေနဲ့ မြန်မာနိုင်ငံ နျူကလီးယား ရဖို့အတွက် နည်းပညာ၊ ငွေကြေးကစလို့ အစစအရာရာ ထောက်ပံ့ပေးဖို့ ဆုံးဖြတ်ထားပါတယ်"

ဘဂရှင်မင်းတြားကြီး၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ မတ်သွားသည်။ အစစအရာရာ ဆိုပါလား။

"ဘဂရှင်မင်းတြားကြီးအနေနဲ့ ထောက်ပံ့မှုကို လက်ခံရင် ဆက်လက်လုပ်ဆောင်ရမယ့် အချက်တွေကို ယခု ကျွန်တော်နဲ့အတူ ပါလာတဲ့ ပညာရှင်က ရှင်းပြပါလိမ့်မယ်"

"ဒါနဲ့ နေပါဦး..."

ဘဂရှင်မင်းတြားကြီးက စကားစဖို့ ပြင်လိုက်သည်။

"ဟုတ်ကဲ့... ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com

"အမေရိကန်က နည်းပညာရော၊ ငွေကြေးရော ထောက်ပံ့မယ်ဆိုတာ ကျုပ်တို့ဘက်က ဘာပြန်ပေးရမှာလဲ၊ အပေးရှိရင် အယူရှိမယ် မဟုတ်လား"

"တကယ်တော့ ကျွန်တော်တို့ရဲ့ ထောက်ပံ့မှုဟာ နောင်ကြီးမဲ့ ထောက်ပံ့မှုပါ၊ တစ်ခုပဲ အရေးကြီးပါတယ်၊ ချူကလီးယား စီမံကိန်းကို အထူးလျှို့ဝှက်ထားဖို့ပါပဲ၊ တကယ်တော့ နျူကလီးယားလို စီမံကိန်းကြီးမျိုးဟာ လျှို့ဝှက်ဖို့ အင်မတန်မှ ခက်ပါတယ်၊ ပေါက်ကြားခဲ့သည်ရှိသော် အမေရိကန်ဆိုတဲ့ နာမည် လုံးဝမပါမိစေဖို့ပါပဲ၊ ဘဂျရင်မင်းတြားကြီးဘက်က ပြန်ပေးရမှာ ဒီလောက်ပါပဲ"

ဘဂျရင်မင်းတြားကြီးက လျှို့ဝှက်စစ်သံမှူး၏ စကားအဆုံးတွင် ခေါင်းကို ခပ်လေးလေး ခါလိုက်သည်။

"ဒီမှာ သံမှူးကြီး၊ ကျုပ်က ခင်ဗျားတို့ အမေရိကန်တွေအကြောင်း ကောင်းကောင်းသိပါတယ်၊ ခင်ဗျားတို့ လူမျိုးတွေက ကိုယ်ကျိုးမရှိရင် လေတောင် အလကားချွန်ကြတဲ့ လူမျိုးတွေ မဟုတ်ဘူး၊ အခု ကျုပ်တို့ကို ကူညီမယ်ဆိုတာ လျှို့ဝှက်ထားဖို့ တစ်ခုတည်းတော့ မဟုတ်ပါဘူး၊ ပြောစမ်းပါကွ… ပွင့်ပွင့်လင်းလင်း"

အမေရိကန် စစ်သံမှူးကြီးက တစ်ချက်ရယ်လိုက်သည်။

"ကောင်းပါပြီခင်ဗျာ၊ ကျွန်တော် အကုန်လုံး ပြောပြပါ့မယ်၊ ဘဂျရင်မင်းတြားကြီးကို နျူကလီးယားလက်နက် ရအောင် ငွေရော၊ နည်းပညာရော ထောက်ပံ့မယ်ဆိုတာ အမှန်ပါပဲ၊ အဓိကကတော့ မြန်မာနိုင်ငံမှာ နျူကလီးယားလက်နက် ရှိစေချင်တာပါပဲ၊ ဘာဖြစ်လို့ မြန်မာနိုင်ငံမှာ ရှိစေချင်တာလဲဆိုတော့…"

စစ်သံမှူးကြီးက သူ့စကားကို စိတ်ဝင်စားမှု ရှိရဲ့လားဟု အခန်းတွင်းမှ လူများကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ အကုန်လုံးက စိတ်ဝင်တစား နားထောင်နေကြသည်ကို မြင်မှ စကားကို ဆက်လေသည်။

"မြန်မာနိုင်ငံရဲ့ ပထဝီအနေအထားက အလွန်အရေးပါပါတယ်၊ အဓိကအားဖြင့် တရုတ်နဲ့ အိန္ဒိယတို့ကို ထိန်းချုပ်ထားဖို့ရာ လွန်စွာကောင်းတဲ့နေရာပါ။ အမေရိကန်အနေနဲ့ အနာဂတ်ပြိုင်ဘက်တွေဟာ တရုတ်နဲ့ အိန္ဒိယဖြစ်မယ်လို့ တွက်ချက်ထားပါတယ်၊ ဒါကြောင့် သူတို့ကို ထိန်းချုပ်ဖို့ မြန်မာနိုင်ငံမှာ နျူကလီးယားလက်နက် ရှိစေချင်တာပါ"

"ကျုပ်တို့မှာ နျူကလီးယားလက်နက် ရှိတာနဲ့ သူတို့ကို ဘယ်လိုထိန်းချုပ်မလဲ"

တရုတ်ရယ်၊ အိန္ဒိယရယ်ကို ထိန်းချုပ်ဖို့ မြန်မာပြည်မှာ နျူကလီးယား ရှိရမယ်၊ ဘဂျရင်မင်းတြားကြီးမှာ မည်သို့မျှ စပ်ဆက်စဉ်းစား၍မရ ဖြစ်နေသည်။

"ဒီလိုပါ ကျွန်တော်တို့ ထောက်ပံ့ပေးမယ့် နျူကလီးယားလက်နက်က အကန့်အသတ်နဲ့ပါ၊ အဲဒီနျူကလီးယား လက်နက်က အာရှနယ်နိမိတ်အတွင်းမှာပဲ ပစ်လို့ရမှာဖြစ်ပြီး အာရှဒေသကို

www.burmeseclassic.com

www.burmeseclassic.com

ကျော်သွားတာနဲ့ အသက်မဲ့သွားမှာပါ၊ နောက်ပြီး အမေရိကန်အနေနဲ့ အာရှဒေသအတွင်း နိုင်ငံတစ်နိုင်ငံနဲ့ စစ်ဖြစ်ပွားခဲ့သည်ရှိသော် အဲဒီနျူကလီးယားကို သုံးခွင့်ပြုပေးရမှာပါ"

"ဩော်... အဲဒီလိုဆိုရင် တရုတ်နဲ့ အိန္ဒိယသာမက မြောက်ကိုရီးယားကိုရော၊ အရှေ့အလယ်ပိုင်း နိုင်ငံတွေကိုပါ ကျုပ်တို့ဆီကနေ ပစ်ချင်ပစ်မယ်ပေါ့"

စစ်သံမှူးကြီးက မှန်ကန်ပါကြောင်း ခေါင်းညိတ်လေသည်။

"အဲဒီလို ပစ်လိုက်ရင် ကျုပ်တို့ရဲ့ နျူကလီးယားကို ခင်ဗျားတို့ အမေရိကန်တွေ ထောက်ပံ့ထားမှန်း သိသွားမှာပေါ့"

ဘဂရှင်မင်းတြားကြီးက ချက်ကျလက်ကျ မေးလိုက်သည်။

"ရပါတယ်ခင်ဗျာ၊ အဲဒီအချိန်မှ သိသွားတာ ပြဿနာမရှိသလို တကယ်တော့ ဒီနျူကလီးယားလက်နက်ကို ယူသုံးဖို့ဆိုတာလည်း ဖြစ်နိုင်ချေ သိပ်နည်းပါတယ်၊ စကားအဖြစ်သာ ပြောထားရတာပါ၊ ပင်လယ်ကွေ့မှာ ရှိနေတဲ့ ကျွန်တော်တို့ သင်္ဘောတွေမှာ နျူကလီးယားလက်နက်တွေ အကုန်တပ်ထားပြီးသားပါ"

ထို့နောက် စစ်သံမှူးကြီးက ဆက်လက်၍ ရှင်းလင်းပြန်သည်။ မြန်မာနိုင်ငံတွင် နျူကလီးယားလက်နက် ရှိလိုက်ရုံဖြင့် တရုတ်နှင့် အိန္ဒိယကိုလည်း ထိန်းချုပ်မည်ဆိုသည်မှာ အခြားမဟုတ်။ တရုတ်နှင့် အိန္ဒိယတို့သည် သူတို့နှင့် နယ်နိမိတ်ခြင်း ထိစပ်နေသည့် မြန်မာလိုနိုင်ငံမျိုးတွင် နျူကလီးယားလက်နက်ရှိနေပါက စိတ်အေးလက်အေး နေနိုင်မည်မဟုတ်၊ မြွေပွေးကို ခါးပတ်ပတ်ထားရသလို ဖြစ်မည်။ ထိုအခါ စီးပွားရေးကို အားသွန်ခွန်စိုက် မလုပ်နိုင်။ နျူကလီးယားလက်နက် ကာကွယ်ရေးများ လုပ်ရမည်။ မြန်မာနိုင်ငံကို အချိန်ပြည့် စောင့်ကြည့်နေရမည်။ စီးပွားရေးတိုးတက်မှုနှုန်း လျော့ကျသွားမည်။

ထို့အပြင် အာရှအရှေ့ခြမ်းတွင် မြောက်ကိုရီးယား တစ်နိုင်ငံတည်း ရမ်းကားမှုကို တစ်နည်းတစ်ဖုံ ထိန်းချုပ်နိုင်မည်။ အရှေ့အာရှတိုက်မှ နျူကလီးယား လက်နက်ပိုင်သော အာဏာရှင်နှစ်ဦး ဖြစ်လာမည်။ ထိုအခါ မြောက်ကိုရီးယားအနေနှင့်လည်း ထင်တိုင်းမကြဲနိုင်တော့။ အရှေ့အလယ်ပိုင်းဒေသများကို လိုအပ်လာပါကလည်း ဒီကနေပြီး အလျင်အမြန် ပစ်လို့ရမည် မဟုတ်လား။ `တယ် အကြံပိုင်တဲ့ အမေရိကန်တွေပဲ´ ဟု ဘဂရှင်မင်းတြားကြီးက စိတ်ထဲကနေ မှတ်ချက်ချနေမိသည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပင် မဟုတ်တော့။ တစ်ချက်တည်းနှင့် အာရှတစ်တိုက်လုံးကို တောက်တောက်စဉ်းလိုက်နိုင်သည့် သဘောပင်။

ဘဂရှင်မင်းတြားကြီးမှာ စဉ်းစားရပြန်သည်။ သူ့နျူကလီးယားသည် ဥရောပတိုက်ကိုတောင် ပစ်လို့မရ။ အမေရိကန်ဆိုရင်တော့ စိတ်ပင်ကူးလို့ ရမည်မဟုတ်။ အမေရိကန်တွေကလည်း သူတို့ကို ပစ်ဖို့ နျူကလီးယားဒုံးကျည်ကို ပေးကြမယ့်ကောင်တွေ မဟုတ်။ ဒါပေမယ့် သူ့မှာလည်း နျူကလီးယားလက်နက်ရဖို့က လမ်းဆုံးနေလေပြီ။ အမေရိကန် အကူအညီမှတစ်ပါး အခြား ရွေးစရာမရှိ။ အရေးကြီးတာက နျူကလီးယားလက်နက် ရဖို့ပင်။

www.burmeseclassic.com

www.burmeseclassic.com

နောက်မှသာ နည်းပညာတွေ ပုံစံကူးကာ အမေရိကန်ထိ ပစ်နိုင်မည့် နျူကလီးယား တီထွင်လည်း ဖြစ်နိုင်တာပဲလေ။

"အင်း... ဒီလိုဆိုတော့လည်း.."

ဘဂရှင်မင်းတြားကြီးက တစ်စုံတစ်ခုကို ခိုင်ခိုင်မာမာ ဆုံးဖြတ်လိုက်သည့်ပုံစံဖြင့်....

"နျူကလီးယား စီမံကိန်းကို..."

ပြတ်ပြတ်သားသား ပြောလိုက်သည်။

"ကျုပ် သဘောတူပါတယ်"

အမေရိကန်စစ်သံမှူးက ထိုင်ရာမှထလာကာ ဘဂရှင်မင်းတြားကြီးနှင့် မိုးသောက်ပန်းတို့ကို ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်လေသည်။

"ကောင်းပါပြီ ခင်ဗျာ၊ အခုလို သဘောတူတဲ့အတွက် အမေရိကန်အစိုးရကိုယ်စား ဘဂရှင်မင်းတြားကြီးကို လွန်စွာ ကျေးဇူးတင်ပါတယ်၊ နောက်ဆုံးအနေနဲ့ သတိပေးချင်တာကတော့ အမေရိကန်ဆိုတဲ့ နာမည်ကို အခု နျူကလီးယားစီမံကိန်းနဲ့တွဲပြီး ဘယ်လိုမှ မပေါက်ကြားစေချင်ပါဘူး၊ ပေါက်ကြားတာနဲ့ စီမံကိန်းကို ချက်ချင်းရပ်ပစ်မှာ ဖြစ်သလို မြန်မာနဲ့ အမေရိကန်ဆက်ဆံရေး မဟုတ်ဘဲ ဘဂရှင်မင်းတြားကြီးနဲ့ အမေရိကန် ဆက်ဆံရေးလို့ သဘောထားစေချင်ပါတယ်၊ ဆိုလိုတာက ဘဂရှင်မင်းတြားကြီးကို နျူကလီးယားရဖို့ ထောက်ပံ့တာဖြစ်ပြီး မြန်မာနိုင်ငံကို ထောက်ပံ့တာ မဟုတ်ပါဘူး၊ မြန်မာနိုင်ငံကိုလည်း ဆန့်ကျင်နိုင်ငံအဖြစ် ဆက်လက် သတ်မှတ်ထားမှာဖြစ်ပြီး နိုင်ငံတကာနည်းတူ အရေးယူပိတ်ဆို့မှုများ လုပ်မြဲလုပ်နေမှာ ဖြစ်ပါတယ်ခင်ဗျာ"

ဘဂရှင်မင်းတြားကြီးသည် ဘာမှပြန်မပြော။ စစ်သံမှူး၏ စကားကိုသာ နားထောင်နေလေသည်။ တကယ်တော့ စစ်သံမှူးသည် မြန်မာစကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်သလို မြန်မာလူမျိုးများ၏ အထာကိုပါ ကောင်းစွာသိရှိသူတစ်ယောက် ဖြစ်သည်။ ထို့ကြောင့် ဘဂရှင်မင်းတြားကြီးကို စိတ်ထဲမှ များစွာ မလေးစားသော်လည်း ပရော်ဖက်ရှင်နယ်ပီပီ ဟန်ကိုယ့်ဖို့ လေးလေးစားစား ဆက်ဆံနေခြင်း ဖြစ်သည်။

"အခုဆက်လက်ပြီး စီမံကိန်းနဲ့ ပတ်သက်တဲ့ အရေးကြီးအချက်အလက်တချို့ကို ယခုပါလာတဲ့ ပညာရှင်က ဆက်ပြောပါလိမ့်မယ်"

တချိန်လုံး ငြိမ်နေသည့် ပညာရှင်ဆိုသူက ထိုင်ရာမှထကာ ဘဂရှင်မင်းတြားကြီးကို အရိုအသေ ပေးလေသည်။

"ကျွန်တော့်နာမည့်က ဖွဲ့မောင်ပါ၊ တကယ်တော့ ကျွန်တော်က မြန်မာနိုင်ငံဖွား ကချင်တစ်ယောက်ပါ။ ကျွန်တော့်ဖခင်က မြန်မာ့လွတ်လပ်ရေး တပ်မတော်မှာတောင် အမှုထမ်းခဲ့ဖူးပါတယ်။ ၁၉၆၂ နောက်ပိုင်းမှ မြန်မာနိုင်ငံကနေ အမေရိကန်နိုင်ငံကို

www.burmeseclassic.com

www.burmeseclassic.com

ပြောင်းရွှေ့အခြေချခဲ့တာ ဖြစ်ပါတယ်။ အခုတော့ ကျွန်တော်ဟာ အမေရိကန်လူမျိုးတစ်ယောက် ဖြစ်နေသလို နျူကလီးယားအထူးပြု သိပ္ပံပညာရှင်တစ်ယောက် ဖြစ်နေပါပြီ"

မြန်မာပြည်ဖွား တစ်ယောက်အနေနဲ့ ယခုကဲ့သို့ နျူကလီးယားသိပ္ပံပညာရှင် ဖြစ်နေခြင်းကို ဘဂရှင်မင်းတြားကြီးသည် များစွာ အံ့ဩနေမိသည်။ သူသာဆိုလျှင်တော့ ယခုကဲ့သို့ တိုင်းတစ်ပါးဖွားတစ်ယောက်ကို ထိုမျှအရေးပါသော ပညာမျိုး သင်ကြားခြင်း ခွင့်ပြုမည် မဟုတ်။

"ကျွန်တော့်ကို အမေရိကန်အစိုးရက အခုစီမံကိန်းကြီးရဲ့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ စေလွှတ်လိုက်ခြင်းပါ၊ ကျွန်တော့်ကို လွှတ်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ ယခုစီမံကိန်းကြီး ရတ်တရက် ပေါက်ကြားခဲ့သည်ရှိသော် ကျွန်တော့်လို မြန်မာပြည်သားတစ်ယောက်အနေနဲ့ပဲ နိုင်ငံတကာကို ပေးသိစေမှာ ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော့်ကို ဒီနိုင်ငံသား စိစစ်ရေးကတ်ကြား ထုတ်ပေးရပါမယ်၊ နေထိုင်ဖို့ စီစဉ်ပေးရပါမယ်၊ စက်ရုံတည်နေရာကိုလည်း ကျွန်တော်ပဲ ရွေးချယ်မှာပါ"

သြော်... ဒါကြောင့်လည်း အမေရိကန်ဆိုတာ ကမ္ဘာ့ထိပ်သီးနိုင်ငံ ဖြစ်နေတာကိုးဟု ဘဂရှင်မင်းတြားကြီးက ပထမဆုံးအကြိမ် အထင်ကြီးမိသည်။ ကြည့်ပါဦး... ဘယ်နေရာမှမှ ဟာကွက်မရှိ။ စောစောလေးကပင် သူတွေးထားမိသည့် ဖွဲ့မောင်လို နိုင်ငံခြားဖွားတစ်ယောက်ကို နျူကလီးယားပညာ မသင်ပေးသင့်ဆိုသည့် အတွေးမှာ တက်တက်စင်အောင် လွဲနေပြီ။ ဖွဲ့မောင်လိုလူမျိုးကို ပညာသင်ပေးထားသည့်အတွက် ယခုလို အချိန်တွင် များစွာ အကျိုးများနေပြီ မဟုတ်လား။

ထို့နောက်တွင်တော့ ကြိုတင်ပြင်ဆင်ထားရမည်များ၊ လိုအပ်သည်များကို ဖွဲ့မောင်က အသေးစိတ် ရှင်းပြသည်။ နျူကလီးယားလက်နက်၏ အစွမ်းကိုလည်း သေချာရှင်းပြလေသည်။ နျူကလီးယားလက်နက်ရအောင် လိုအပ်ချက်များ၊ ကုန်ကြမ်းစွမ်းအင်များ အချိန်ကာလများပါ စိတ်ရှည်လက်ရှည် ရှင်းပြလေသည်။ ပွင့်ပွင့်လင်းလင်း ပြောရလျှင် ဘဂရှင်မင်းတြားကြီးအနေနှင့် အလုံးစုံ နားလည်သည်တော့ မဟုတ်။ ဟန်ကိုယ့်ဖို့၍သာ ခေါင်းညိတ်ပြနေရသည်။ ဘဂရှင်မင်းတြားကြီးအတွက်လည်း အလုံးစုံ နားလည်ဖို့ မလို၊ တောင်းဆိုလာသမျှကိုလည်း ဖြည့်ဆည်းပေးဖို့ အဆင်သင့်ရှိလေပြီ။

"လောလောဆယ် တင်ပြစရာကတော့ ဒီလောက်ပါပဲ၊ အခု ကျွန်တော့်အတွက် အရေးတကြီး လိုအပ်တာကတော့ လုံခြုံတဲ့ နေရာတစ်နေရာနဲ့ မြန်မာနိုင်ငံသား မှတ်ပုံတင်ကတ်ပါပဲ"

ဟု ပြောကာ ဖွဲ့မောင်က သူ့တင်ပြချက်ကို နိဂုံးချုပ်လိုက်သည်။

"ကဲ... မိုးသောက်ပန်းရေ၊ ဖွဲ့မောင် တောင်းဆိုတဲ့အရာတွေကို မိုးသောက်ပန်းကပဲ ဖြည့်ဆည်းပေးလိုက်ပါ၊ တခြားလိုအပ်တာ မှန်သမျှကိုလည်း ဖြည့်ဆည်းပေးပါ၊ ကိုဖွဲ့မောင်ကလည်း လိုအပ်တာမှန်သမျှ မိုးသောက်ပန်းဆီမှာ တောင်းဆိုနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့... စိတ်ချပါ ခင်ဗျ၊ ဒီနေ့ပဲ ကျွန်တော် စီစဉ်ပေးလိုက်ပါ့မယ် ခင်ဗျ"

မိုးသောက်ပန်းက ခပ်မြန်မြန် ပြန်ဖြေသည်။

"ဟုတ်ပြီ..."

ဘဂရှင်မင်းတြားကြီးက ထိုင်ရာမှ ထလိုက်သည်။

"ဒီနေ့ ကျုပ်တို့ရဲ့ တွေ့ဆုံမှုက အောင်မြင်ခဲ့ပြီ၊ ကျွန်တော့်ဘက်က ပြောချင်တာက စီမံကိန်းကို အမြန်ဆုံး အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဖို့ပါပဲ၊ ဘာများပြောဖို့ ကျန်သေးလဲ"

အမေရိကန် စစ်သံမှူးကလည်း ထိုင်ရာမှထကာ ဘဂရှင်မင်းတြားကြီးကို လက်ဆွဲနှုတ်ဆက်လိုက်သည်။ ဘဂရှင်မင်းတြားကြီးကလည်း ပထမဆုံးအကြိမ် အမေရိကန်နိုင်ငံသားတစ်ယောက်ကို နှစ်နှစ်ကာကာ ပြန်လည် လက်ဆွဲနှုတ်ဆက်လိုက်သည်။

နှုတ်ဆက်ဆို သူ့ခန္ဓာကိုယ်ကြီးသည် ငှက်မွှေးလေးတစ်စလို လွတ်လပ်ပေါ့ပါးနေသည် မဟုတ်လား။ ပေါ့ပါးဆို သူ့အိပ်မက်တွေ အသက်ဝင်တော့မည် မဟုတ်လား။

တစ်နည်း ချူကလီးယားလက်နက်ပိုင် ဘဂရှင်မင်းတြားကြီးအဖြစ်သို့ ရောက်ရှိတော့မည် မဟုတ်ပေလော...။

www.burmeseclassic.com

www.burmeseclassic.com

## CHAPTER - C

(၁)

ကော့ညက် သုံးခွက်ခန့် ကုန်ပြီးသွားသည့်အခါ ဒုဆောင်ကြီးထံသို့ ကာဆောင်ကြီး ရောက်ရှိလာ၏။ ကာဆောင်ကြီး၏ အရှိအသေပေးခြင်းကို အသိအမှတ်ပြုသည့်သဘောဖြင့် လက်ပြကာ ထိုင်ခိုင်းလိုက်သည်။

"ရော့..."

ကာဆောင်ကြီးက ကော့ညက်တစ်ခွက် ထည့်ပေးလိုက်သည်။ အမှန်ဆိုလျှင် ကာဆောင်ကြီးသည် အရက်သောက်လေ့သောက်ထ ရှိသူတော့ မဟုတ်။ သို့သော် ကိုယ့်အထက်အရာရှိကိုယ်တိုင်က ငှဲ့ပေးလာသည့်အခါတွင်တော့ မငြင်းသာ။ ကြိတ်မှိတ် သောက်လိုက်သည်။

"ကဲ.. ပြောပါဦး ကာဆောင်ကြီးရဲ့၊ မင်းရဲ့အမြင်..."

ကာဆောင်ကြီးသည် လက်ထဲက အရက်ခွက်ကို အသာချလိုက်သည်။ အမှန်တော့ ကာဆောင်ကြီးတွင် ပြောစရာ စကားတွေက အများကြီး။ ချူကလီးယားဆိုသည်မှာ တပ်မတော်တစ်ခု၏ အထွဋ်အခေါင်လက်နက်မျိုး မဟုတ်လား။ ထိုကဲ့သို့သော တပ်မတော်၏ အထွဋ်ခေါင်ကိစ္စမျိုးကို ကာကွယ်ရေးခေါင်းဆောင်ဖြစ်သည့် သူလိုလူမျိုးနှင့် မတိုင်ပင်ဘဲ ဘဂရှင်မင်းတြားကြီး တစ်ပါးတည်း လုပ်ချင်ရာလုပ်သည့် ကိစ္စမျိုးကို များစွာ မနှစ်မြို့ပေ။ သို့သော်... ဘဂရှင်မင်းတြားကြီးကို ဆန့်ကျင်ပြောဖို့ ဆိုသည်မှာလည်း မပံ့မရဲ ဖြစ်နေသည်။ ပိုဆိုးတာက ဒုဆောင်ကြီးလို လူမျိုးရှေ့တွင် ပို၍ပြောမထွက်။

"ဒီမှာ ကာဆောင်ကြီး... မင်းလည်း ငါ့အကြောင်း ကောင်းကောင်းသိပါတယ်၊ မင်းနဲ့ငါက ဆရာတပည့်ရင်းတွေပဲ၊ မင်း ဒီနေရာကို ရောက်အောင် ငါပဲ ဘဂရှင်မင်းတြားကြီးကို တိုက်တွန်းခဲ့ရတာ၊ ငါ့ကို ဘာမှ လျှို့ဝှက်ထားစရာ မလိုဘူး၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းကွာ"

ကာဆောင်ကြီး တွေဝေနေပုံကို ရိပ်မိသဖြင့် ဒုဆောင်ကြီးက လမ်းကြောင်းဖွင့်ပေးလိုက်သည်။

"ဟုတ်ကဲ့ပါ ဒုဆောင်ကြီး"

ကာဆောင်ကြီးက တစ်စုံတရာကို ပြောရန် ကိုယ်နေဟန်ကို ပြင်လိုက်သည်။ တကယ်တော့ ဒုဆောင်ကြီးသည်လည်း ကာဆောင်ကြီးကဲ့သို့ပင် ဘဂရှင်မင်းတြားကြီး တစ်ပါးတည်း စိတ်ထင်ရာ လုပ်နေခြင်းမျိုးကို ကြိုက်နှစ်သက်ခြင်း မလျှင်းမရှိ။ ဒုဆောင်ကြီးနှင့် ဘဂရှင်မင်းတြားကြီးတို့သည် မြောက်ကိုရီးယားအရေးနှင့် ပတ်သက်ပြီး အဖုအထစ် ဖြစ်ခဲ့ဖူးကြသည်။ ထို့ကြောင့် ကာဆောင်ကြီးအနေဖြင့် ဒုဆောင်ကြီးကို ယုံယုံကြည်ကြည် ပြောလို့ရမည်ဟု ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တွေးတာ မမှားဘူးဆိုရင် ဘဂရှင်မင်းတြားကြီးမှာ နျူကလီးယားပရောဂျက်နဲ့ ပတ်သက်ပြီး တစ်နေရာရာက အကူအညီ ရသွားပြီလို့ ထင်တယ်"

"အေးလေ... အဲဒါကြောင့်သာ ငါတို့ကိုခေါ်ပြီး အကောင်တစ်ကောင်နဲ့ မိတ်ဆက်ပေးတာ မဟုတ်လား၊ အဲကောင်က နျူကလီးယား ပညာရှင် ဖြစ်ပုံရတယ်"

"ကျွန်တော်ကတော့ စိတ်ထဲမှ တစ်မျိုးကြီးပဲဗျာ"

"အင်း... ပြောပါဦး"

ဒုဆောင်ကြီးက စကားထောက်ပေးသည်။

"တကယ်တော့ နျူကလီးယားလို ပရောဂျက်ကြီးနဲ့ ပတ်သက်ပြီး တစ်ခုခုကို ဆုံးဖြတ်တော့မယ်ဆိုရင် ကျွန်တော်တို့ ကြီးသုံးကြီးကိုတော့ အရင်တိုင်ပင်သင့်တယ် မဟုတ်လား၊ အခုတော့ ကိုယ့်ဘာသာ ကိုယ်လုပ်ချင်တာ လုပ်တာမျိုးတော့ သိပ်အာဏာရှင် ဆန်လွန်းသလားလို့"

"ဟား... ဟား... ဟား... ဟား..."

ဒုဆောင်ကြီးက ကာဆောင်ကြီး၏ စကားအဆုံးတွေ အားရပါးရ ရယ်လိုက်သည်။ ထို့နောက် ကုန်သွားသည့် ဖန်ခွက်ကို ပြန်ဖြည့်ကာ...

"ငါ့ကောင်ရယ်... မင်းစကားကို ကြည့်ပြောပါဦး၊ ဘဂရှင်မင်းတြားကြီးလို အာဏာရှင်ကြီးမျိုးကို အာဏာရှင်ဆန်တယ်တဲ့... ဟုတ်လား၊ သိပ်မနောက်ပါနဲ့ကွာ၊ ကဲ... သောက်လိုက်ပါဦး၊ ငါတောင် နောက်တစ်ခွက် ရောက်သွားပြီ၊ မင်းဟာက အရာမယွင်းသေးဘူး"

ဒုဆောင်ကြီးက ကာဆောင်ကြီးခွက်ကို တိုက်ကာ ချီးယားလုပ်လိုက်သည်။ ဒုဆောင်ကြီးက ကာဆောင်ကြီးကို ထိုမျှလောက် အရက်တွေတိုက်နေတာ အကြောင်းရှိသည်။ ကာဆောင်ကြီးသည် အူရိုင်းဖြစ်သဖြင့် အရှိန်တက်လာရန် များများသောက်ဖို့ လိုမည်မဟုတ်။ အရက်အရှိန်လေးရမှ အာဂဇွန်းလည်း ရှင်ကာ ပြောချင်သမျှ ပြောရဲပေမည်။

"ဒီမှာ ကာဆောင်ကြီး... မင်းက အခုမှ ကာဆောင်ကြီး ဖြစ်တာ၊ ငါက ဘဂရှင်မင်းတြားကြီးအောက်မှာ နေခဲ့ရတာ နှစ်ပေါင်းများစွာ ရှိပြီ၊ တကယ့်အရေးကြီး ဆုံးဖြတ်မျိုးကို ငါ့ကို တိုင်ပင်တယ်ဆိုတာ ဘယ်တော့မှ မရှိခဲ့ဘူး၊ မှတ်ထား.... ဘဂရှင်မင်းတြားကြီး ဘဝမှာ ယုံကြည်တဲ့သူဆိုတာ ဘယ်သူမှမရှိဘူး၊ အေး.... ရှိခဲ့ရင်လည်း အဲဒီလူဟာ မယ်မယ်ဖျားပဲ"

ကာဆောင်ကြီး လက်ထဲက ခွက်ကိုယူကာ ဒုဆောင်ကြီးက ထပ်ဖြည့်ပေးလိုက်သည်။

"ဘာပဲပြောပြော ကျွန်တော်ကတော့ မကျေနပ်ဘူး၊ ဘယ့်နှယ် ကာကွယ်ရေးခေါင်းဆောင် လုပ်ပြီး ဒီလိုကာကွယ်ရေးနဲ့ တိုက်ရိုက်ဆိုင်တဲ့ ကိစ္စမျိုးမှာ နကန်းတစ်လုံးမှ မသိရဘူးဆိုရင် ဟောဒီကျွန်တော့်ပခုံးပေါ်က ကြယ်တွေက ဘာလုပ်ဖို့လဲ..."

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီကြယ်တွေကလား... အဲဒီကြယ်တွေက ဘဂရှင်မင်းတြားကြီးနဲ့ ဘဂရှင်မင်းတြားကြီး မိသားစုတွေ၊ ဆွေတော်မျိုးတော်တွေကို ကာကွယ်စောင့်ရှောက်ဖို့ထားတဲ့ အိမ်စောင့်ခွေး တပ်မတော်ရဲ့ အမြင့်ဆုံးတံဆိပ်ပေါ့ကွာ"

"ဘာ..."

ကာဆောင်ကြီးက ရုတ်တရက် ဒေါသထွက်သွားသဖြင့် အသံအတန်ငယ် ကျယ်သွားသည်။ ပြီးတော့မှ သူနှင့်ပြောနေသူသည် ဒုဆောင်ကြီးပါလားဟု အသိဝင်ကာ အရှိန်သတ်လိုက်၏။ ဒုဆောင်ကြီးနေရာမှာ တခြားသူဆိုလျှင် လွယ်မည်မဟုတ်။

"ကျွန်တော် မြတ်နိုးတန်ဖိုးထားတဲ့ စစ်သားဘဂကိုတော့ အဲဒီလို အိမ်ရဲ့ အိမ်စောင့်ခွေးနဲ့ မနှိုင်းပါနဲ့၊ အသည်းနာလွန်းလို့"

"ဟင်း..."

ဒုဆောင်ကြီးက တစ်ချက် မဲ့ပြုံးပြုံးလိုက်သည်။ တကယ်တော့ ဒုဆောင်ကြီးက ကာဆောင်ကြီး၏ အတွင်းစိတ်များ ပွင့်အံလာရန် တမင် ဆွပေးနေခြင်းပင်။

"ဒီမှာ မင်းဘာသာ မြတ်ပဲနိုးနိုး၊ တန်ဖိုးပဲ ထားထား မြန်မာစစ်တပ်က ဘာလုပ်ဖို့လဲ သိလား..."

ကာဆောင်ကြီးက ဘာမှပြန်မပြော၊ ဒုဆောင်ကြီးကိုသာ ကြည့်နေသည်။

"မြန်မာစစ်တပ်ရဲ့ တာဝန်က ဘဂရှင်မင်းတြားကြီးကို ကာကွယ်ဖို့၊ ဘဂရှင်မင်းတြားကြီးရဲ့ အာဏာသက် အခွန့်ရှည်တည်တံ့ခိုင်မြဲဖို့၊ ဘဂရှင်မင်းတြားကြီးအပေါ် ကျရောက်လာမယ့် အန္တရာယ်ဟူသမျှ အသက်စွန့် ရင်ဆိုင်ဖို့ ဖွဲ့ထားတဲ့ အဖွဲ့ပဲ။ ခြံစောင့်ခွေးထက် ဘာပိုလို့လဲ"

"ဟာဗျာ..."

ခြံစောင့်ခွေးဆိုတဲ့ စကားကြောင့် ကာဆောင်ကြီးသည် တွန့်ခနဲ ဖြစ်သွားသော်လည်း ပြောသမျှ မှန်နေသဖြင့် ဘာမှပြန်မပြောနိုင်။

"ကျွန်တော်ကတော့ ဒုကိစ္စကို စဉ်းစားမိတိုင်း အသည်းနာတယ်ဗျာ"

ခြံစောင့်ခွေးဆိုသည့်စကားကို ကြားတိုင်း သူ့ပခုံးထက်မှ ကြယ်များကို ဆွဲခွာလွှင့်ပစ်ချင်နေသဖြင့် ဒုဆောင်ကြီး၏ စကားလမ်းကြောင်းကို လွှဲလိုက်သည်။

"အေး... မင်းက အသည်းနာရုံပဲ နာ၊ တကယ်တော့ အဲဒါ မင်းတို့ ငါတို့ရဲ့ အန္တရာယ်ပဲ"

"ဗျာ... အန္တရာယ်"

ဒုဆောင်ကြီးက ကာဆောင်ကြီးကို သနားစရာ သတ္တဝါတစ်ကောင်အလား ကြည့်လိုက်သည်။ ကာဆောင်ကြီးသည် စစ်ရေးဗျူဟာ ကြွယ်ဝသလို ပညာရည်ထူးချွန်ကာ ဖြတ်ထိုးဉာဏ် ကောင်းမွန်သူတစ်ယောက် ဖြစ်သည်ကို ဒုဆောင်ကြီးအနေဖြင့် သံသယမရှိ။

ထို့အပြင် ကာဆောင်ကြီး၏ အရာရှိမှတ်တမ်းထဲတွင် အာဏာကို အလွဲသုံးစားလုပ်ခြင်း၊ လာဘ်ပေးလာဘ်ယူလုပ်ခြင်း။ မတော်မတရား စီးပွားရှာခြင်းမျိုးလည်း မရှိ။ တစ်ကိုယ်ရည်

www.burmeseclassic.com

www.burmeseclassic.com

တစ်ကာယသမားဖြစ်သည့်အလျောက် ဘဂတစ်လျှောက်လုံးကို တပ်မတော်ထဲတွင်သာ နှစ်မြှုပ်ထားသူ ဖြစ်သည်။ လက်ရှိ မြန်မာ့တပ်မတော်တွင် လူချစ်လူခင် အများဆုံးနှင့် လေးစားမှုအခံရဆုံး အရာရှိဖြစ်သည်ကိုလည်း သံသယမရှိ။

သို့သော် နိုင်ငံရေးပါးတော့ မဂသေးပေ။ နိုင်ငံရေးဆိုသည်မှာ စစ်ပညာနှင့်မတူ၊ လောကီပညာနှင့်လည်း မတူ၊ အတန်းပညာနှင့်လည်း မတူ။ နိုင်ငံရေးပါးဂဖို့ဆိုတာ ဉာဏ်ကောင်းရုံတစ်ခုတည်းနှင့် မပြီး။ ရက်စက်သင့်သည့်နေရာတွင် ရက်စက်ရမည်။ ပြတ်သားသင့်သည့် နေရာတွင် ပြတ်သားရမည်။ နိုင်ငံရေးတွင် သံယောဇဉ်၊ ကျေးဇူးရှင်၊ ကျေးဇူးခံ မရှိ။ အကွက်စေ့စေ့နှင့် သွက်သွက်လှုပ်ရှားနိုင်ရမည်။ တစ်ကွက်မှားလျှင် အစားခံရမည်။

"မင်း... စဉ်းစားကြည့်၊ ချူကလီးယားနဲ့ ပတ်သက်ပြီး မဟာမိတ်နိုင်ငံတွေဆီ သွားတုန်းက ဘာလို့ ငါတို့ကိုခေါ်လဲ အဖြေက ရှင်းပါတယ်။ အဲဒီနိုင်ငံတွေနဲ့ ဆက်ဆံရေးမှာ ငါတို့ကပိုပြီး အခရာကျလို့၊ တစ်နည်း သူထက် ငါတို့က ပိုပြီးရင်းနှီးလို့ ငါတို့ကို အသုံးချချင်လို့ ခေါ်တာပေါ့"

ကာဆောင်ကြီးက သဘောတူသည်ဆိုသည့် သဘောဖြင့် ခေါင်းတဆတ်ဆတ် ညိတ်လေသည်။

"ကဲ... အခု သူ့နည်း သူ့ဟန်နဲ့ ရသွားရော ငါတို့ကို ဘာလုပ်လိုက်လဲ၊ ချောင်ထိုးလိုက်တာပဲ မဟုတ်လား"

ဒုဆောင်ကြီးက လက်ထဲကခွက်ကို တစ်ချက်မော့လိုက်သည်။

"တကယ်လို့ ချူကလီးယားလက်နက်ကြီးသာ တကယ်ပိုင်သွားရင် ငါတို့ကို လုံးဂ ချောင်ထဲပို့လိုက်မှာ... ဒီထက်ဆိုးရင် ငါတို့ကို ထုံးစံအတိုင်း ရှင်းချင်ရှင်းပစ်လိုက်နိုင်တယ်"

"ဗျာ..."

ဒုဆောင်ကြီး၏ ထုံးစံအတိုင်း ရှင်းပစ်လိုက်သည်ဆိုသည့် စကားကို ဂယနဂ သဘောမပေါက်သော်လည်း အဖမ်းခံရနိုင်ခြင်းနှင့် အသတ်ခံရနိုင်ခြင်းတို့ကို ဆိုလိုမှန်းတော့ ရိပ်မိသည်။ သူတို့ စစ်တပ်တွင် ဘဂရှင်မင်းတြားကြီး မလိုအပ်တော့ပါက အရှင်ထွက် ထွက်ရသည့်လူမျိုးမှာ မရှိသလောက် ရှားလေသည်။ ကာယကံရှင် မရိပ်မိခင်မှာပင် တစ်နည်းမဟုတ် တစ်နည်းဖြင့် အဖမ်းခံရရင် ခံရ၊ ရဟတ်ယာဉ်ပေါ်တင်ကာ ပျက်ကျတယ်ဆိုပြီး အစဖျောက်ချင်ဖျောက်၊ ဘယ်ကရောက်လာမှန်းမသိသည့် ပါဆယ်ဗုံးနှင့် လုပ်ကြံခံရရင် ခံရ အစရှိသဖြင့် တစ်နည်းမဟုတ် တစ်နည်းဖြင့် အရှင်းခံရတတ်သည်။

အခုလည်း ဒုဆောင်ကြီး စကားကြောင့် အတန်ငယ် တုန်လှုပ်သွားမိသည်။

"ဒါ... ဒါဆို... ကျွန်တော်တို့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ ဒု...ဒုဆောင်ကြီး"

"မင်းကလည်း စစ်သားလုပ်ပြီး အဲဒီလောက် သွေးကြောင်မနေစမ်းပါနဲ့၊ ရော့... ထပ်သောက်ဦး"

www.burmeseclassic.com

www.burmeseclassic.com

ကာဆောင်ကြီးက တုန်တုန်လှုပ်လှုပ် ဖြစ်နေပုံကို ဒုဆောင်ကြီးက သတိပေးကာ နောက်တစ်ခွက် ငှဲ့ပေးလိုက်သည်။ ဒီတစ်ခေါက်တော့ ကာဆောင်ကြီးလည်း ဟန်မလုပ်နိုင်တော့။ ဒုဆောင်ကြီး ငှဲ့ပေးသည့်ခွက်ကို တစ်ကျိုက်တည်း မော့လိုက်၏။ နွေးခနဲ၊ ရင်ဘတ်ရော သွေးတွေရော။

"မင်း အရင်ပြောကြည့်စမ်း၊ ငါတို့ ဘာလုပ်သင့်လဲ၊ ငါတို့ ဒုက္ခရောက်မယ့်နေ့ကို ထိုင်စောင့်နေကြမလား"

ကာဆောင်ကြီးဟာ ခပ်သွက်သွက် ရမ်းသည်။ ခေါင်း။

"ဒါဆို မင်းမှာရော ဘာအစီအစဉ်ရှိလဲ"

နောက်တစ်ကြိမ် ခပ်သွက်သွက် ရမ်းပြန်သည်။ ခေါင်း။

"အေး... ငါလည်း ဒီစစ်တပ်ထဲမှာ ရှိသမျှလူတွေထဲမှာ မင်းကို အယုံကြည်ဆုံးနဲ့ အားအကိုးဆုံး၊ နောက်ပြီး ငါစီစဉ်ထားတဲ့ ကိစ္စက ငါတစ်ယောက်တည်းလည်း ဘယ်လိုမှ မဖြစ်နိုင်တာကြောင့် မင်းနဲ့ ပေါင်းလုပ်မှ ဖြစ်မယ်၊ မင်းလုပ်မလား..."

ဒီတစ်ခါတော့ ခပ်သွက်သွက် ညိတ်လိုက်သည်။ ခေါင်း။

"တကယ်တော့ ငါ့အစီအစဉ်သာ ပေါက်ကြားခဲ့ရင် သေချာပေါက် ငါတော့ သေမှာပဲ၊ ဒါပေမယ့် မင်းကို ငါပြောပြမယ်၊ မင်း နားထောင်ပြီးလို့ မင်းဆီက ပေါက်ကြားခဲ့ရင်လည်း ငါ ဂရုမစိုက်ဘူး၊ ဘာလို့လည်းဆိုတော့ မင်းလည်း ငါနဲ့ထပ်တူ ဒုက္ခရောက်မှာပဲ၊ သဘောပေါက်လား"

"ဟုတ်... သဘောပေါက်ပါတယ်"

"အေး... ငါကလည်း ဘာသာရေးတွေ ဘာတွေ ယုံတဲ့ကောင် မဟုတ်တော့ မင်းကို ပရိတ်ရေတွေ ဘာတွေ တိုက်ပြီး သစ္စာမဆိုခိုင်းတော့ပါဘူး၊ အဲဒီအစား ရော့... ဟောဒီအရက်ကိုသာ တစ်ကျိုက်တည်း ချလိုက်စမ်း၊ အဲဒါ ငါတို့နှစ်ယောက်ရဲ့ သစ္စာရည်ပဲ"

နှစ်ယောက်စလုံး တစ်ပြိုင်နက်တည်း မော့လိုက်သည်။

"မြောက်ကိုရီးယားကို ငါတို့ရောက်တုန်းက မြောက်ကိုရီးယားရဲ့ ချစ်လှစွာသော ခေါင်းဆောင်ကြီးက ထွက်မတွေ့တာ မှတ်မိတယ် မဟုတ်လား"

ကာဆောင်ကြီး၏ အဖြေကိုပင် မစောင့်ဘဲ ဒုဆောင်ကြီးက တစ်ဆက်တည်း ပြောလေသည်။

"တကယ်တော့ ငါက အဲဒီလောက်လည်း မအသေးပါဘူးကွာ၊ ခေတ်မကောင်းလို့ အ,ချင်ယောင်ဆောင်နေရတာ မြောက်ကိုရီးယားရဲ့ ချစ်လှစွာသော ခေါင်းဆောင်ကြီးက ငါ့လူပဲ၊ ငါကလည်း သူ့လူပဲ၊ ဒါကြောင့် ငါ တမင် တစ်ကွက်ချန်ခဲ့တာ၊ အခုတော့ အဲဒီတစ်ကွက်က အသုံးဝင်ပြီပေါ့ကွာ..."

www.burmeseclassic.com

www.burmeseclassic.com

ဒုဆောင်ကြီးပြောသမျှကို ကာဆောင်ကြီးက မနည်း အာရုံစိုက် နားထောင်နေရသည်။ အလုံးစုံ နားမလည်။ သူကိုယ်တိုင် နိုင်ငံရေးပါး မဂတာ ဖြစ်နိုင်သလို သောက်ထားသည့် အရက်တန်ခိုးများကြောင့်လည်း ဖြစ်နိုင်သည်။

"အေး... မင်းကို ငါ နားလည်အောင် အသေးစိတ် ပြောပြမယ်၊ ဒီလို..."

ပြောနေရင်းမှ ဒုဆောင်ကြီးသည် တစ်စုံတစ်ရာ သတိရသွားသလို စကားကို ရပ်လိုက်၏။

"အခု ငါပြောမှာက သိပ်အရေးကြီးတယ်၊ လာ... ခြံထဲထွက်ပြောရအောင်"

ဒုဆောင်ကြီးသည် သူ့အိမ်ကိုပင် သူမယုံ။ နံရံတွေမှာ နားတွေရှိတယ်ဆိုတဲ့ မြန်မာစကားပုံက တခြားသူတွေအတွက် ထားခဲ့တာ မဟုတ်။ နိုင်ငံရေးသမားတွေအတွက်ပင်။ သတိဆိုတာ ပိုသည် မရှိ။ သူ့အခန်းထဲမှာ ဘဂရှင်မင်းတြားကြီးက လျှို့ဝှက်အသံဖမ်းစက် မထားဟု မည်သူ အာမခံနိုင်သနည်း။

ဒုဆောင်ကြီးက ကာဆောင်ကြီး၏ ပခုံးကိုဖက်ကာ ခြံထဲသို့ ဆင်းသွား၏။ ထို့နောက် ခြံထဲတွင် လမ်းလျှောက်ရင်း ဒုဆောင်ကြီး၏ အစီအစဉ်များကို အသေးစိတ် ရှင်းပြနေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၂)

ဘဂရှင်မင်းတြားကြီးသည် ဖွဲမောင်ကို မည်သူနှင့်မျှ ပေးမတွေ့ဘဲ လျှို့ဝှက်ထားချင်သည်။ သို့သော် နျူကလီးယားစီမံကိန်းကြီးသည် လွန်စွာမှ ကြီးမားကျယ်ပြန့်လေသည်။ လူတစ်ယောက် နှစ်ယောက်နှင့် ကျိတ်လုပ်လို့ရသည့် အရာမဟုတ်။ အင်ဂျင်နီယာများစွာ၊ အလုပ်သမားများစွာ လိုအပ်လေသည်။ ထိုမျှလောက် အင်ဂျင်နီယာများ၊ လုပ်သားများ အများအပြားကို အလွယ်တကူ ရနိုင်သည်မှာ တပ်မတော်ထဲတွင်သာ ရှိလေသည်။ ထို့ကြောင့် ဘဂရှင်မင်းတြားကြီးသည် ဖွဲမောင်ကို ကြီးသုံးကြီးနှင့် ပေးတွေ့ကာ လိုအပ်သမျှ လုပ်ပေးရန် မှာကြားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ကြီးသုံးကြီးနှင့် တွေ့ဆုံမှုအပြီးတွင် ဘဂရှင်မင်းတြားကြီး၏ အိမ်၌ နောက်အစည်းအဝေးတစ်ခု ထပ်မံပြုလုပ်သည်။ အဆိုပါ အစည်းအဝေးကိုတော့ ဘဂရှင်မင်းတြားကြီး၊ မိုးသောက်ပန်း၊ ဖွဲမောင်တို့အပြင် ဆုံးမြေးပါ ပါဝင်လေသည်။ ဆုံးမြေးကို အခုစီမံကိန်းကြီးထဲတွင် ထည့်ရခြင်းမှာ မယ်မယ်ဖျား၏ တိုက်တွန်းချက် တစ်ခုတည်းကြောင့်မဟုတ်။

ဖွဲမောင်နှင့်အတူ လက်တွဲလုပ်၍ နျူကလီးယားပညာကို အတုယူနိုင်ရန်။ အတုယူပြီးပါကလည်း ကိုယ်တိုင် နျူးကလီးယားလက်နက် တီထွင်နိုင်ရန်။ တီထွင်ပြီးပါကလည်း အဆိုပါ လက်နက်ဖြင့် အမေရိကအပါအဝင် ဥရောပနိုင်ငံများထိ ပစ်လွှတ်နိုင်အောင် အဆင့်မြင့်တင်ရန် အစရှိသဖြင့် အနာဂတ် ရည်ရွယ်ချက်များ များစွာပါလေသည်။ သူတို့၏ ရည်ရွယ်ချက်ကို ဖွဲမောင်က ရိပ်မိသည်ထင်၏။

"အခု စီမံကိန်းကို ကျွန်တော်ကပဲ ဦးဆောင် ဖော်ဆောင်သွားချင်ပါတယ်၊ ကျွန်တော့်အထက်မှာ ဘယ်သူမှ ရှိလို့မရပါဘူး၊ ဒါမှလည်း အမေရိကန်က ယုံယုံကြည်ကြည် ထောက်ပံ့မှာပါ"

ဆုံးမြေကို ယခုစီမံကိန်း၏ ခေါင်းဆောင်အဖြစ်ထားရန် ဘဂရှင်မင်းတြားကြီးက တောင်းဆိုသည်ကို ဖွဲမောင်က ငြင်းလိုက်ခြင်း ဖြစ်သည်။

"နောက်ပြီး... ဆုံး... ဆုံး... ဟို... ဆုံး..."

ဖွဲမောင်က ဆုံးမြေး၏ နာမည်ကို မေ့နေသဖြင့် မိုးသောက်ပန်းက...

"ဆုံးမြေးပါ"

ဟု ဝင်ထောက်ပေးရသည်။

"ဟုတ်...ဆုံးမြေးက နျူကလီးယားနဲ့ ပတ်သက်ပြီး ဘယ်လိုများ လေ့လာထားပါသလဲ ခင်ဗျား"

ဆုံးမြေးသည် အစည်းအဝေး အစကတည်းက တယ်လီဖုန်းတစ်လုံးကို ဟိုပွတ်ဒီပွတ် လုပ်နေရာက ခေါင်းမော့လာ၏။

"ဒီမှာလေ..."

www.burmeseclassic.com

www.burmeseclassic.com

ဖုန်းကို ထောင်ပြ၏။

"ဒီထဲမှာ ဖေ့စ်ဘုတ်ရှိတယ်၊ ဖေ့စ်ဘုတ်ထဲမှာ အကုန်ရှိတယ်၊ ကျွန်တော်သိချင်တာမှန်သမျှ အလွယ်လေးပဲ"

ဖွဲ့မောင်ခမျာ ဘာပြန်ပြောလို့ ပြောရမှန်းမသိ။ ပါးစပ်အပေါင်းသားနှင့် ငေါင်နေမိသည်။

"ဘာပဲပြောပြော... ကျုပ်တို့မြန်မာနိုင်ငံမှာ လာလုပ်တယ်၊ လာလုပ်တဲ့ စီမံကိန်းကြီးကလည်း အကြီးကြီး ဒီလိုစီမံကိန်းကြီးမျိုးကို မြန်မာတစ်ယောက်က ဦးဆောင်သင့်သလား၊ မသင့်ဘူးလား"

ဆုံးမြေးဘဝတွင် သူ ဦးဆောင်မည်ဟု ဆိုလိုက်ပါက မည်သူမှ ငြင်းရဲသည်မရှိ။ အကုန်လုံးက ကြည်ကြည်ဖြူဖြူ ခွင့်ပြုကြသည်များသာ။ တချို့ဆို ဆုံးမြေးကို ကိုယ်တိုင်ဦးမဆောင်နိုင်တောင် နာမည်လေးခံပေးဖို့ ခယယ တောင်းဆိုကြသည်များပင် ရှိသေး၏။ အခုတစ်ယောက်မှ အင်တင်တင်လုပ်နေသဖြင့် ဒေါသထွက်မိလေသည်။

"ဆုံးမြေးလေးပြောတာ သင့်လျော်ပါတယ်၊ စီမံကိန်းကြီးကို ဆုံးမြေးလေး ဦးဆောင်မယ်ဆိုပေမယ့် ဖွဲ့မောင်ကပဲ အစအဆုံး လုပ်ရမှာပါ၊ ဆုံးမြေးက ကြီးကြပ်ရုံပဲပေါ့"

ဖွဲ့မောင် အကျုပ်ရိုက်လေပြီ။ ချူကလီးယားဆိုသည်မှာ ဖေ့စ်ဘုတ်တွေ၊ ယူကျု့တွေကြည့်ပြီး အကောင်အထည်ဖော်လို့ ရသည့်အရာမျိုး မဟုတ်။ မိုးသောက်ပန်းထံမှ အကူအညီရလိုရငြား တစ်ချက်လှည့်ကြည့်လိုက်သည်။ မိုးသောက်ပန်းက ခေါင်းငုံ့ကာ ရှိန့်ရှိန့်လေး ထိုင်နေသည်။ ဖွဲ့မောင်ဘက်သို့ တက်ချက်လေးမျှ မကြည့်။

"ဒီလိုရှိပါတယ် ဘဂရှင်မင်းတြားကြီးရော ဆုံးမြေးရော ပြောတာတွေက လွန်စွာ သဘာဝကျပါတယ်၊ ဒါပေမယ့် အမေရိကန်ဘက်ကကျတော့ သူတို့ဟာ ဒီစီမံကိန်းကြီးအတွက် နည်းပညာရော၊ ငွေရော ကြေးရော ထောက်ပံ့ထားရတဲ့အတွက် သူတို့စိတ်မချရတဲ့သူ တစ်ယောက်ယောက်ကို ဦးဆောင်ခွင့်ပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ ကြားမှာ ဆုံးရှုံးမှုတွေ၊ မအောင်မြင်မှုတွေ ဖြစ်ပေါ်လာမှာကို စိုးရိမ်ရပါတယ်၊ နောက်ပြီး..."

"ကဲ... ဒါဆို ဘယ်လိုလုပ်ကြမလဲ၊ ကျွန်တော် ဦးမဆောင်ရဘဲနဲ့တော့ ဒီစီမံကိန်းက ဖြစ်မှာမဟုတ်ဘူး"

ဆုံးမြေးက စိတ်မရှည်တော့သဖြင့် ဖွဲ့မောင်၏စကားကို ဖြတ်ပြောလိုက်သည်။ ဘဂရှင်မင်းတြားကြီးကတော့ ဘာမှဝင်မပြော။

"အင်း.. အဲ..."

ဖွဲ့မောင်မှာ ဇောချွေးများပင် ပြန်လာသည်။ ဘယ်လိုအဖြေပေးရမည် မသိတော့။ အမှန်တော့ ဘဂရှင်မင်းတြားကြီးကလည်း သူ့စကားကို အခုလို ကလန်ကဆန်လုပ်နေတာမျိုး သိပ်မကြိုက်။ သူက ဆုံးမြေးကို ခေါင်းဆောင်ခန့်လိုက်ဆိုလျှင် ခန့်လိုက်တာကိုပဲ လိုချင်သည်။ အတွန့်တက်တာမျိုး မလိုချင်။ ဖွဲ့မောင်နေရာမှာ အခြားမြန်မာတစ်ယောက်ဆိုပါက အခုချိန်တွင်

www.burmeseclassic.com

www.burmeseclassic.com

ထောင်ထဲ ရောက်နေလောက်ပြီ။ အမေရိကန်နိုင်ငံသား ဖြစ်နေတာရော၊ သူသိပ်လိုချင်သည့် ချုကလီးယားလက်နက်ကို တီထွင်ပေးမည့် ပညာရှင်ဖြစ်နေတာရောကြောင့်သာ သည်းခံနေခြင်း ဖြစ်သည်။

"ဒီလိုလုပ်ပါလား ခင်ဗျာ"

တစ်ချိန်လုံး ငြိမ်နေသည့် မိုးသောက်ပန်းက စကားစသည်။

"နှစ်ဦးနှစ်ဖက် အဆင်ပြေသွားအောင်၊ အခုစီမံကိန်းကြီးကို ကိုဖွဲ့မောင်နဲ့ ဒီက ဆုံးမြေးတို့ အတူတကွ ခေါင်းဆောင်ပြီး လုပ်ရင်ကော မကောင်းဘူးလား"

ဘဂရှင်မင်းတြားကြီးက ဆက်ပြောပါဆိုသည့် သဘောဖြင့် ခေါင်းဆတ်ပြလိုက်သဖြင့် မိုးသောက်ပန်းက စကားကို ဆက်သည်။

"ဒီလိုလေ... ပညာရပ်ပိုင်းဆိုင်ရာတွေ၊ အမေရိကန်နဲ့ ဆက်သွယ်ရာတွေမှာ ကိုဖွဲ့မောင်က ဦးဆောင်ပေါ့၊ ကျန်တဲ့ ပြည်တွင်းက အင်ဂျင်နီယာတွေ၊ တည်ဆောက်ရေးတွေမှာ ဆုံးမြေးက ဦးဆောင်ပေါ့၊ ဒီလိုဆိုရင် လုပ်ငန်းက ပိုတွင်ကျယ်သွားမယ်၊ တချို့ လိုအပ်ရင် နှစ်ဦးပေါင်းပြီး ဆုံးဖြတ်ပေါ့၊ ဆုံးမြေးရှိနေတဲ့အတွက်လည်း တချို့ အလျင်အမြန် ဆုံးဖြတ်ရမယ့် ကိစ္စတွေမှာ ဘဂရှင်မင်းတြားကြီးကိုယ်စား ဆုံးမြေးပဲ ဆုံးဖြတ်ပေးနိုင်တယ်လေ၊ လုပ်ငန်း ပိုတွင်ကျယ်တာပေါ့ဗျာ၊ ဘယ်လိုသဘောရလဲ"

ဖွဲ့မောင်မှာ မငြင်းသာတော့။ ဆုံးမြေကို ခေါင်းဆောင်ခန့်ရမှာနဲ့စာလျှင် ယခုလို ပူးတွဲခေါင်းဆောင်ရတာမှ တော်သေးသည်။ တစ်ဖန် ဆုံးမြေး ရှိနေသည့်အတွက်ကြောင့် ဘဂရှင်မင်းတြားကြီးထံ အလုံးစုံ တင်ပြနေရမည့် ဝဋ်မှ ကျွတ်မည်ဖြစ်သည်။ ထို့ထက်ပိုအရေးကြီးဆုံးမှာ သူရောက်နေသည့် နိုင်ငံသည် အမေရိကန်နိုင်ငံမဟုတ်။ မြန်မာနိုင်ငံဆိုခြင်းပင်။ အမေရိကန်မှာလို တာဝန်တစ်ခုကို ကိုယ့်စိတ်ကြိုက် လုပ်ပြီးမှ ခေါင်းဆောင်တွေကို ခေါ်ပြလို့ရတာ မဟုတ်။ အရာရာတိုင်းကို ဘဂရှင်မင်းတြားကြီးထံမှ ခွင့်ပြုချက်ယူရမည်။ အတည်ပြုချက် ယူရမည်။ ဆုံးမြေးရှိနေလျှင် အဆိုပါ အရာများ သက်သာပေမည်။

"ဟုတ်... ကိုမိုးသောက်ပန်းပြောတာ လက်ခံနိုင်ပါတယ်။ ဆုံးမြေးရဲ့သဘောကရော"

ဆုံးမြေးက လက်ထဲမှ ဖုန်းကိုပွတ်နေရင်း ခေါင်းမမော့ဘဲ ပြန်ဖြေသည်။

"အင်း... မဆိုးပါဘူး၊ ဒီအတိုင်းပဲ လုပ်တာပေါ့"

"ကဲ... ဒါဆို အစည်းအဝေးကို ရှေ့ဆက်မယ်၊ ကျုပ်ကတော့ ချုကလီးယား မရမချင်း ကောင်းကောင်း အိပ်ပျော်မှာမဟုတ်ဘူး၊ ဆုံးဖြတ်ချက်တွေ မြန်မြန်ချပြီး အကောင်အထည် ဖော်ကြမယ်၊ ဟုတ်ပြီလား"

ထို့နောက် ချုကလီးယားလက်နက် စီမံကိန်းအတွက် အသေးစိတ်များ ဆက်လက်ဆွေးနွေးကြသည်။ ဆွေးနွေးပွဲ၏ အဆုံးသတ်တွင်...

www.burmeseclassic.com

www.burmeseclassic.com

၁။ စီမံကိန်းကို ဆုံးမြေးနှင့် ဖွဲမောင် ဦးဆောင်မည်။

၂။ စက်ရုံမြေနေရာ အတည်ပြုပြီးပါက စက်ရုံပုံစံကြမ်းကို သုံးလနှင့် အပြီးရေးဆွဲမည်။

(အဆိုပါစက်ရုံပုံစံကြမ်းကို အမေရိကန်မှ ပညာရှင်များကသာ ရေးဆွဲမည်။)

၃။ ထိုသုံးလအတွင်း မြေယာရှင်းလင်းရေး၊ နယ်မြေလုံခြုံရေးများအတွက် ဆုံးမြေးက ဆောင်ရွက်မည်။

၄။ စက်ရုံအတွက် လိုအပ်သည့် ယန္တရားများကို စက်ရုံဆောက်ပြီး ခြောက်လအတွင်း အပြီးတပ်ဆင်မည်။

၅။ နျူကလီးယားလက်နက်၏ အခြေခံသတ္တုဖြစ်သည့် ယူရေနီယမ်သတ္တုကို မြန်မာနိုင်ငံတွင် ရှာဖွေဖော်ထုတ်မည်။

၆။ အဆိုပါ ဖော်ထုတ်မှုကို မိုးသောက်ပန်းက ဦးဆောင်မည်။ ပိုလျှံသည့် ယူရေနီယမ်သတ္တုများကို အမေရိကန်သို့ လျှို့ဝှက်တင်ပို့ရမည်။

၇။ ကုန်ကြမ်းများ၊ စက်ရုံများ အခြေတကျ တည်ဆောက်ပြီးပါက နျူကလီးယားဒုံးကျည်ကို နှစ်နှစ်အတွင်း ရရှိအောင် ပြုလုပ်မည်။

နောက်ဆုံးအချက်ဖြစ်သည့် နံပါတ်ရှစ် အချက်တစ်ခုတည်းသာ ဘဂရှင်မင်းတြားကြီး၏ တာဝန်ဖြစ်လေသည်။ သို့သော် အဆိုပါတာဝန်အတွက် အဖြေကို အစည်းအဝေးအချိန်အတွင်း မည်သူမျှ တိတိကျကျ မထုတ်နိုင်ခဲ့။ ထိုအချက်သည် အရာအားလုံး၏ အခြေခံဖြစ်သလို အရေးအပါဆုံး အချက်လည်း ဖြစ်သည်။ အဆိုပါအချက်ကို အောင်မြင်မှသာ အပေါ်ကအချက်များ ချောချောမွေ့မွေ့ ဆောင်ရွက်နိုင်မည်။ အဆိုပါအချက်တွင် တစ်နေပါက အထက်က အချက်များအားလုံးလည်း နှောင့်နှေးမည်မှာ မလွဲ။

ထိုအချက်မှာ တခြားမဟုတ်။

၈။ စီမံကိန်းကာလအတွင်း ပြည်တွင်းကရော ပြည်ပကပါ မြန်မာနိုင်ငံ၏ နျူကလီးယား လှုပ်ရှားမှုအပေါ် သတိမပြုမိစေရန် အာရုံလွှဲထားရန်။

ပြည်တွင်းကိုရော ပြည်ပကိုရော အာရုံ လွှဲထားရမည်။ ဘယ်လိုလွှဲမလဲ။ မြန်မာတွေကရော ကမ္ဘာက လူတွေရော သူ့အပေါ် အာရုံမကျရောက်အောင် ဘယ်လိုလုပ်မလဲ။

အဆိုပါ မေးခွန်းသည် ဘဂရှင်မင်းတြားကြီး၏ ဦးခေါင်းထဲတွင် အထက်အောက်၊ ဘယ်ညာ၊ ရှေ့နောက် ပြေးလွှားကာ အဖြေရှိမည့်အရပ်ကို ရှာလျက် ရှိနေပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

(၃)

မြောက်မှူး (မြောက်ကိုရီးယားသံမှူး)သည် သူ့မျက်လုံးကိုပင် သူ မယုံနိုင်။ မြန်မာနိုင်ငံကို မြောက်ကိုရီးယားလောက် မချမ်းသာဟု ထင်ခဲ့မိသည့် သူ့အထင်များမှာ လုံးလုံးမှားခဲ့လေပြီ။

ကြည့်ပါဦး... အိမ်တော်ကြီး၏ ဆင်ဝင်ရှိ တိုင်လုံးကြီးများ၊ မသိလျှင် အနောက်တိုင်း ရုပ်ရှင်များထဲက ရဲတိုက်ကြီးများတွင် တွေ့ရလေ့ရှိသော တိုင်လုံးကြီးများပမာ။ အိမ်အဝင်အဝမှနေ၍ ဧည့်ခန်းမအထိ ခင်းထားသည့် ကော်ဇောကြီးများလည်း အိစက်ညက်ညော လှပေသည်။ ကော်ဇောကြီးအဆုံးမှာတော့ မှန်လုံဓာတ်လှေကားကြီး တစ်ခုအတွင်းသို့ ဝင်ရသည်။ ထိုမှတစ်ဆင့် မြေအောက်သို့ ဆင်းသွားရသည်။ မြောက်ကိုရီးယားရှိ အရာရှိကြီးများ အိမ်တိုင်းတွင်လည်း မြေအောက်ခန်းများ ကိုယ်စီရှိကြသည်။ သို့သော် သူ အခုရောက်နေသည့် မြေအောက်ခန်းလောက် ခမ်းနားတာမျိုးတော့ မတွေ့ဖူးခဲ့။ ကုန်ကုန်ပြောရလျှင် ချစ်လှစွာသော ခေါင်းဆောင်ကြီး၏ အိမ်တော်သည်ပင် ယခုလောက် မခမ်းနား။

ကြည့်ပါဦး.... ဓာတ်လှေကားမှ တစ်ဆင့် အစည်းအဝေးခန်းမဆီသို့ ရောက်ရန် ရေခဲပြင်ပော်ကီတစ်ကွင်းစာမျှ လမ်းလျှောက်ရသေးသည်။ အဆိုပါ လျှောက်လမ်းတစ်လျှောက်ရှိ နံရံပေါ်တွင် မီးဆိုင်းများဖြင့် လွန်စွာ ခမ်းနားလှပေ၏။ အစည်းအဝေး ခန်းမရှေ့သို့ ရောက်သည့်အခါ တံခါးမကြီးကို ဖွင့်ရန် မြောက်မှူးကို လိုက်ပို့သည့်သူက လက်ဗွေနှိပ်လိုက်သည်။ ထိုမှသာ တံခါးသည် အလိုအလျောက် ပွင့်သွားသည်။ မြောက်မှူး၏မျက်လုံးမှာ ပြူးပြီးရင်း ပြူးနေပါတော့သည်။ မြန်မာပြည်ကြီး ဒီလောက်တောင် တိုးတက်နေပြီလား...။

အစည်းအဝေး ခန်းမ၏ အလယ်တွင် ဘဲဥပုံ စားပွဲရှည်တစ်လုံး ရှိသည်။ သို့သော် စားပွဲထိပ်တွင် ခုံတစ်ခုံနှင့် စားပွဲတစ်ဖက်တစ်ချက်စီတွင် တစ်ခုံစီ စုစုပေါင်း ခုံသုံးခုံသာ ရှိသည်။ မြောက်မှူးကို လိုက်ပို့သည့်သူက သူ့ကို တစ်ဦးတည်း ထားခဲ့ကာ ပြန်ထွက်သွားသည်။ ထိုသူ ထွက်သွားသည်နှင့် တစ်ပြိုင်နက် တံခါးမကြီးမှာလည်း အလိုလို ပိတ်သွားသည်။

အစည်းအဝေးခန်းမကြီး၏ ဘေးနှစ်ဖက်နံရံတွင် မြန်မာရှေးခေတ် စစ်သည်တော်တစ်ယောက်ယောက် ဖြစ်ပုံရသည့် မြင်းစီးကာ ဓားကြီးမြှောက်ထားသည့် သူရဲကောင်းကြီးပုံတူ ပန်းချီကားတစ်ကားကို နံရံအပြည့် ချိတ်ဆွဲထား၏။ အခြားတစ်ဖက်တွင်လည်း နောက်ထပ်စစ်သည်တော်တစ်ပါးက လှံကြီးဂင့်ကာ မတ်မတ်ရပ်နေပုံကို ချိတ်ဆွဲထား၏။ တံခါးမကြီးနှင့် မျက်နှာချင်းဆိုင် နံရံပေါ်တွင်တော့...

လူ့အရပ် နှစ်လံကျော်မျှရှိသည့် ပန်းချီကားကြီး။ လက်ရာမှ အလွန်ပြောင်မြောက်ပေသည်။ အပြင်တွင် မြင်နေရသည့်အလား သက်ဝင်လှုပ်ရှားနေ၏။ ပခုံးထက်တွင် ကြယ်များကလည်း ရွှေရောင်တွေ တဖျပ်ဖျပ် လက်နေသည်။ နက်ပြောင်နေသည့် ရှူးဖိနပ်၊ စိမ့်ရင့်ရောင် မြန်မာ့တပ်မတော် ယူနီဖောင်းကြီးနှင့် ခမ်းနားဝင့်ထည်နေသူမှာတော့ ဒုဆောင်ကြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မြောက်မှူးကြီးသည် အခု ခန်းမကြီးအတွင်းသို့ ရောက်ပြီးသည့်နောက် ပေါ်လာသည့် အာသီသမှာ ဘဂရှင်မင်းတြားကြီး၏။ အိမ်တော်သို့ ရောက်ဖူးချင်ခြင်းပင်။ ဒုဆောင်ကြီး၏ အိမ်တော်တောင် ယခုလောက် ခမ်းနားနေမှတော့ ဘဂရှင်မင်းတြားကြီး၏ အိမ်တော်ဆိုလျှင် တွေးပင် မတွေးတတ်တော့ပေ။

ထိုအချိန်မှာပဲ ခန်းမတံခါးကြီး ပွင့်လာကာ ဒုဆောင်ကြီးနှင့်အတူ ကာဆောင်ကြီးပါ ဝင်လာ၏။ ယခင်က ဘဂရှင်မင်းတြားကြီး အပါအဝင် ကာဆောင်ကြီးတို့နှင့် အကြိမ်ကြိမ် တွေ့ဖူးသည်။ သို့သော် အများစုမှာ အစိုးရရုံးခန်းများတွင်သာ ဖြစ်သည်။ ယခုကဲ့သို့ အိမ်တော်သို့ တသီးတသန့် ခေါ်၍ ဆွေးနွေးခြင်းသည် ပထမဆုံးအကြိမ် ဖြစ်သလို အင်မတန် အရေးကြီးသည့် ကိစ္စ ဆွေးနွေးမည်ဆိုသည်ကိုလည်း ရိပ်မိလေသည်။ ယခုတော့ ကာဆောင်ကြီးပါ ပါလာသဖြင့် ပိုသေချာသွားပေသည်။

မြောက်မှူးကြီးက ထ၍ အရိုအသေ ပေးလိုက်သည်။ ဒုဆောင်ကြီးက ဘဲဥပုံစားပွဲဝိုင်းထိပ်တွင် ဝင်ထိုင်လိုက်ပြီး ကာဆောင်ကြီးနှင့် မြောက်မှူးကြီးတို့က တစ်ဖက်တစ်ချက်တွင် ဝင်ထိုင်လိုက်ကြသည်။

ဒုဆောင်ကြီးက စတင်ကာ...

"ကျွန်တော်တို့ တိုင်းပြည်အတွက်သာမက ခင်ဗျားတို့ တိုင်းပြည်အတွက်ပါ အလွန်အရေးကြီးတဲ့ အလုပ်အပြောင်းတစ်ခု ဖြစ်နေပြီ၊ အဲဒါ ခင်ဗျား သိလား"

မြောက်မှူးက ခေါင်းခါသည်။ ဒုဆောင်ကြီးသည် ထိုနေရာမှ ပြန်ထသွားကာ ခန်းမထောင့်ရှိ ဗီရိုတစ်ခုကို ဖွင့်လိုက်သည်။ အထဲတွင် ဖိတ်ဖိတ်လက်နေသည့် ယမကာပုလင်းများ၊ တချို့တံဆိပ်များဆိုလျှင် မြောက်မှူးကြီးမှာ မြင်ပင်မမြင်မဖူးရှာ။

ဒုဆောင်ကြီးက ကာဆောင်ကြီးကို ခေါ်လိုက်သည်။ ကာဆောင်ကြီးက ခွက်သုံးခွက်ယူကာ အရက်ငှဲ့ပေးရသည်။

"ကဲ... ချီးယား"

"ချီးယား..."

အကုန်ခွက်များ လေထဲသို့ မြှောက်လိုက်ကြသည်။

"အခု မြန်မာနိုင်ငံမှာ ချူကလီးယားလက်နက် ရတော့မယ်"

"ဗျာ..."

မြောက်မှူးကြီးသည် လက်ထဲက ဖန်ခွက်ကို လွတ်မကျအောင် မနည်းထိန်းထားလိုက်ရသည်။

"ဟုတ်တယ်... အခု ဘဂရှင်မင်းတြားကြီးကို ချူးကလီးယားလက်နက်ရအောင် ကူညီပေးမယ့်နိုင်ငံ ပေါ်လာပြီ"

www.burmeseclassic.com

www.burmeseclassic.com

ဒုဆောင်ကြီး ခမ်းနားလှသော အိမ်တော်ကြီးကို မြင်မြင်ချင်းက သူ့မျက်လုံးသူ မယုံနိုင်လောက်အောင် ဖြစ်ခဲ့သလို ဒုဆောင်ကြီး၏ နှုတ်ထွက်စကားကို ကြားရပြန်တော့လည်း သူ့နားကို သူ မယုံနိုင်အောင် ဖြစ်မိပြန်သည်။ မြန်မာနိုင်ငံကို ကမ္ဘာပေါ်တွင် မြောက်ကိုရီးယားမှလွဲပြီး ဘယ်သူကများ နျူကလီးယား ထောက်ပံ့ပေးနိုင်သနည်း။

"အခုလောလောဆယ်တော့ ဘယ်နိုင်ငံက ထောက်ပံ့သလဲဆိုတာ ကျွန်တော်တို့လည်း အတိအကျ မသိရသေးဘူး၊ ဒါပေမယ့် နျူကလီးယား လက်နက်ရဖို့ စီမံကိန်းတွေ စနေပြီဆိုတာတော့ သေချာတယ်"

မြောက်မှူးကြီး၏ အတွေးကို ရိပ်မိသည့်အလား ဒုဆောင်ကြီးက ပြောသည်။

"တကယ်တော့ ဒီနိုင်ငံမှာ ဘဂရှင်မင်းတြားကြီးပြီးရင် ကျုပ်နဲ့ ကာဆောင်ကြီးတို့က ဒုတိယ တတိယခေါင်းဆောင်တွေလို့ ပြောလို့ရပါတယ်၊ ဒါပေမယ့် အခုကိစ္စမှာ ကျုပ်တို့နှစ်ယောက်ကိုတောင် မပြောဘဲ လျှို့ဝှက်ထားတယ်ဆိုတော့ ခင်ဗျား ဘယ်လိုထင်လဲ"

မြောက်မှူးကြီးက အဖြေမပေးခင် ခွက်ကို ဘယ်ညာလှည့်ကာ သေချာစဉ်းစားနေ၏။ ထို့နောက် အကောင်းဆုံး စကားလုံးတချို့ကို ရွေးကာ အဖြေပေးလိုက်သည်။

"ဒုဆောင်ကြီးနဲ့ ကာဆောင်ကြီးတို့ကို ကစားကွင်းထဲက ထုတ်လိုက်တာနဲ့ အတူတူပါပဲ၊ ကစားကွင်းထဲက အထုတ်ခံရတဲ့ ကစားသမားဟာ နောက်ပွဲတွေမှာလည်း ဦးစားပေး ပလေရာတစ်ယောက် ဖြစ်ဖို့ လွယ်တော့မှာ မဟုတ်ပါဘူး"

ဒုဆောင်ကြီးက စားပွဲကို လက်ဖဝါးနှင့် ဘုန်းခနဲ ပုတ်ကာ

"သိပ်မှန်တဲ့ စကားပဲ"

ဟု မြောက်မှူးကြီး၏ နိုင်ငံရေး အမြင်ကြွယ်ဝမှုကို ချီးကျူးလိုက်သည်။ အမှန်တော့ မြောက်မှူးကြီးမှာလည်း ခေသူမဟုတ်။ မြောက်ကိုရီးယား၏ ကွန်မြူနစ်ပါတီ အတွင်းကလပ်ဆဲလ်များထဲတွင် နှစ်ပေါင်းများစွာ ကျင်လည်လှုပ်ရှားခဲ့ဖူးပြီး နိုင်ငံရေးအတွေ့အကြုံ များစွာကြွယ်ဝသူ ဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံကဲ့သို့ လွန်စွာအရေးပါသော မိတ်ဖက်နိုင်ငံတွင် သံမှူးကြီးအဖြစ် ချစ်လှစွာသော ခေါင်းဆောင်ကြီးက ယုံယုံကြည်ကြည် တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

"နောက်ပွဲတွေမှာ အရန်ခုံ ရောက်တော့မယ်၊ ကျုပ်တို့နှစ်ယောက်လည်း ကျုပ်တို့မှာ ရှိရှိသမျှ အစွမ်းအစလေးတော့ ထုတ်ပြခဲ့ချင်ပါသေးတယ်"

"ဟုတ်… အမိန့်ရှိပါ"

ဒုဆောင်ကြီး၏ စကားကို ဆက်ပြောရန် မြောက်မှူးကြီးက ထောက်ပေးလိုက်သည်။

"ကျုပ်ကတော့ ဘဂရှင်မင်းတြားကြီး နျူကလီးယား မရခင် ကျုပ်တို့သာ အရင်ရလိုက်ရင် ပွဲသိမ်းပြီ၊ အဲဒီလို ရဖို့ဆိုတာလည်း မြောက်ကိုရီးယားမှတစ်ပါး ကျုပ်တို့မှာ အခြားလမ်း မမြင်ဘူး"

"အင်း…"

www.burmeseclassic.com

www.burmeseclassic.com

"နေဦး၊ ကျုပ်စကား မဆုံးသေးဘူး"

မြောက်မှူးကြီးက တစ်စုံတစ်ခုပြောရန် ပြင်လိုက်စဉ်မှာပင် ဒုဆောင်ကြီးက တားကာ စကားကိုဆက်လေ၏။

"တကယ်တော့ ဒီလိုကိစ္စကြီးမျိုးဟာ ကျုပ်နဲ့ ချစ်လှစွာသော ခေါင်းဆောင်ကြီးတို့ရဲ့ မျက်နှာချင်းဆိုင် ပြောသင့်တဲ့ ကိစ္စမျိုးပါ၊ ဒါပေမယ့် သိတဲ့အတိုင်းပဲ အခုချိန်မျိုးမှာ ကျုပ်က မြောက်ကိုရီးယားကို ထွက်သွားရင် ဘဂရှင်မင်းတြားကြီးက ကျုပ်ကို များစွာမသင်္ကာ ဖြစ်မယ်၊ နောက်ပြီး ကျုပ်နဲ့ ချစ်လှစွာသော ခေါင်းဆောင်ကြီးတို့ရဲ့ ဆက်ဆံရေး အလွန်ကောင်းတယ်ဆိုတာ သိထားတဲ့ ဘဂရှင်မင်းတြားကြီးရဲ့ စိတ်ထဲမှာ သံသယဖြစ်သွားနိုင်တယ်၊ ဒါကြောင့် ခင်ဗျားကို ဒီကိုခေါ်ပြီး ပြောရတာ၊ ဆိုတော့ ခင်ဗျားလုပ်ရမှာက ကျုပ်ပြောတာ မှန်သမျှကို ချစ်လှစွာသော ခေါင်းဆောင်ကြီးဆီ တစ်လုံးမကျန် သတင်းပြန်ပို့ဖို့ရာပဲ"

မြောက်မှူးကြီးက ဒုဆောင်ကြီးပြောသမျှကို စာရွက်တစ်ရွက်နှင့် အသေအချာ လိုက်လံမှတ်သားလေ၏။ မြောက်ကိုရီးယား၏ သံရုံးများတွင် ကွန်ပျူတာ လုံးဝမသုံး။ စာရွက်နှင့် ဘောပဲန်ကိုသာ သုံးသည်။ တစ်နေရာမှ တစ်နေရာသို့လည်း စာပို့၍သာ ဆက်သွယ်သည်။ အီးမေးလ် အင်တာနက်နှင့် မဆက်သွယ်ရန် အမိန့်ထုတ်ထား၏။ အစတုန်းကတော့ အီးမေးလ်အသုံးပြုခွင့် မပေးခဲ့ခြင်းအပေါ် မြောက်မှူးကြီးကိုယ်တိုင် လုံးလုံး နားမလည်။

မြောက်မှူးကြီး အပါအဝင် မြောက်ကိုရီးယား ထိပ်သီးခေါင်းဆောင်တိုင်းလိုလိုမှာ အင်တာနက် ကျွမ်းကျင်ကြသကဲ့သို့ မြောက်ကိုရီးယား၏ အင်တာနက်မြန်နှုန်းမှာလည်း လွန်စွာမြင့်လေသည်။ သို့သော် အမိန့်သည့် အမိန့်ဖြစ်သဖြင့် အီးမေးလ်စနစ်ကို လုံးလုံးမသုံးခဲ့။ သို့သော် သိပ်မကြာ။ ဝီကီလိဒ်ကဲ့သို့သော လျှို့ဝှက်အီးမေးလ်များ ဖွင့်ချဖော်ထုတ်သည့် ဂက်ဆိုက်ကြီး ပေါ်လာပါတော့သည်။ လုံခြုံလှပါသည်ဆိုသော အနောက်နိုင်ငံအသီးသီး၏ သံတမန်လျှို့ဝှက်ချက်များ၊ နိုင်ငံရေး လျှို့ဝှက်ချက်များ ဖွင့်ချခြင်း ခံကြရသည်။ အရက်တော်များ ပြန်းပြန်းကွဲကုန်ကြ၏။ ထိုအခါမှသာ ချစ်လှစွာသော ခေါင်းဆောင်ကြီး၏ အမြော်အမြင်ကြီးပုံကို သဘောပေါက်ကာ လေးစားပြီးရင်း လေးစားမိသွားပါတော့သည်။

"နောက်ထပ် အရေးကြီးတာက ဘဂရှင်မင်းတြားကြီးသာ နျူကလီးယားဗုံး ရသွားရင် မြောက်ကိုရီးယားအတွက်လည်း စိုးရိမ်စရာပဲ၊ အခုချိန်မှာ မြောက်ကိုရီးယားက ဘာပဲပြောပြော နျူကလီးယားဗုံးပိုင်တဲ့ တစ်ခုတည်းသော အာဏာရှင်နိုင်ငံ မဟုတ်လား"

"ကျွန်တော်တို့က အာဏာရှင်နိုင်ငံ မဟုတ်ပါဘူး၊ ပြည်သူ့ဆိုရှယ်လစ် သမ္မတနိုင်ငံပါခင်ဗျာ"

မြောက်မှူးကြီးက ပျာပျာသလဲ ငြင်းသည်။

www.burmeseclassic.com

www.burmeseclassic.com

"အေးပါ... ထားပါတော့၊ ဘာပဲပြောပြော ဘာဂရင်မင်းတြားကြီးသာ နျူကလီးယားပိုင်သွားရင် မြောက်ကိုရီးယား လုံခြုံရေးအတွက်လည်း စိုးရိမ်စရာပဲ၊ နိုင်ငံတကာရဲ့ အာရုံတွေလည်း မြန်မာအပေါ် စုပြုံကျလာလိမ့်မယ် ဟုတ်တယ်မဟုတ်လား"

မြောက်မှူးကြီးက ခေါင်းညိတ်ထောက်ခံသည်။

"ကျွန်တော် သဘောပေါက်ပါတယ်၊ ကွင်းထဲမှာ ပြိုင်မြင်းတစ်ကောင် ထပ်တိုးလာမှာပေါ့"

"အေး... ဟုတ်တယ်၊ အဲဒီပြိုင်မြင်းတစ်ကောင် မတိုးလာခင် ကွင်းထဲကို ဝင်လို့မရအောင် ပိတ်ထားရင် ပိုမကောင်းဘူးလား"

"ဟုတ်ကဲ့..."

"ဒါကြောင့် ကျုပ်နဲ့ ဟောဒီ ကာဆောင်ကြီးတို့ကို နျူကလီးယားအရင်ရအောင် ကူညီပေးပါလို့ သေချာသတင်းပို့ပေးပါ၊ မြန်မာပြည်ရဲ့ တပ်မတော်ဟာ ဟောဒီ ကာကွယ်ရေးခေါင်းဆောင်ကြီးရဲ့ လက်ထဲမှာသာ ရှိတာပါ၊ အဲဒါကို ချစ်လှစွာသော ခေါင်းဆောင်ကြီး နားလည်အောင် သေချာပြောပေးပါ၊ ဟုတ်ပြီလား"

ဒုဆောင်ကြီး၏ စကားကို ကာဆောင်ကြီးက ထပ်မံဖြည့်စွက်၍ ပိုမိုသေချာစေသည်။

"ဟုတ်ပါတယ်... ကျွန်တော်တို့ မြန်မာ့တပ်မတော်ထဲမှာလည်း အပြောင်းအလဲတွေ လိုချင်နေတဲ့ စစ်သည်ပေါင်းများစွာ ရှိနေပါပြီ၊ အပြောင်းအလဲကို ကျွန်တော်တို့ကသာ ဦးဆောင်လိုက်ရင် နောက်ကပါလာမယ့်သူတွေ အများကြီးရှိနေပါပြီ၊ မြောက်ကိုရီးယားက အခုလို ကျွန်တော်တို့ တပ်မတော်ကြီးအတွက် နျူကလီးယားလက်နက် ဖော်ဆောင်ပေးနိုင်မယ်ဆိုရင် မြန်မာ့တပ်မတော်ကလည်း မြောက်ကိုရီးယား တပ်မတော်ကို အစဉ်သစ္စာစောင့်သိ ရှိသေနေမှာပါ။ ဒါ စစ်သားတွေရဲ့ သစ္စာပါခင်ဗျား"

ကာဆောင်ကြီးက သူ့စကားကို ပိုမိုလေးနက်စေရန် မတ်တတ်ရပ်၍ မြောက်မှူးကြီးကို တင်ပြပြောဆိုသည်။ မြောက်မှူးကြီးကလည်း ကာဆောင်ကြီးပြောသမျှကို သေသေချာချာ ရေးမှတ်လျက် ရှိသည်။

"ကောင်းပြီ၊ မြောက်မှူးကြီးအနေနဲ့ ဘာများပြောချင်သေးလဲ"

မြောက်မှူးကြီးကလည်း ရိုသေသမှုဖြင့် မတ်တတ်ရပ်လိုက်သည်။

"ကျွန်တော်အနေနဲ့ လောလောဆယ် တိကျတဲ့အဖြေကို မပေးနိုင်သေးတာ နားလည်စေချင်ပါတယ်၊ ဒါပေမယ့် ဒီနေ့ ခေါင်းဆောင်ကြီးတွေ ပြောသမျှကိုက ချစ်လှစွာသော ခေါင်းဆောင်ကြီးထံ အမြန်ဆက်သားနဲ့ နေ့တွင်းချင်းပဲ ပေးပို့လိုက်ပါ့မယ်လို့ ကတိပေးပါတယ်၊ ချစ်လှစွာသော ခေါင်းဆောင်ကြီးကလည်း ယခုအရေးကို ဒီအတိုင်း လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူးလို့ ယုံကြည်ပါတယ်၊ အထူးသဖြင့် ချစ်လှစွာသော ခေါင်းဆောင်ကြီးရဲ့ မဟာမိတ်ဒုဆောင်ကြီး ဒုက္ခရောက်မယ့်အချိန်မှာ မိတ်ဆွေကောင်းပီပီ တစ်မျိုးတစ်ဖုံ ဆောင်ရွက်ပေးလိမ့်မယ်လို့ ယုံကြည်ပါတယ် ခင်ဗျား"

www.burmeseclassic.com

www.burmeseclassic.com

"ဖြောင်း... ဖြောင်း... ဖြောင်း..."

မြောက်မှူးကြီး၏ စကားအဆုံးတွင် ဒုဆောင်ကြီးက လက်ခုပ်တီးလိုက်သည်။

"ကောင်းပါပြီ မြောက်မှူးကြီး၊ ကျုပ်တို့တတွေ သတင်းကောင်းကို စောင့်နေပါ့မယ်"

ဒုဆောင်ကြီးက စားပွဲပေါ်ရှိ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ ခန်းမတံခါးကြီး အလိုလိုပွင့်ကာ အစောင့်နှစ်ဦး ဝင်လာပြီး ဧည့်သည်တော်မြောက်မှူးကြီးကို ခေါ်ဆောင်သွားလေသည်။

အခန်းထဲတွင် ကျန်ခဲ့သည်မှာ ဒုဆောင်ကြီးနှင့် ကာဆောင်ကြီး။ တစ်ယောက်ကိုတစ်ယောက် အဓိပ္ပါယ်ပါပါ ကြည့်လိုက်ကြသည်။ အတွေးများထဲတွင်တော့ စိတ်ကူးများက အရောင်တလက်လက်။ သူတို့သာ နျူကလီးယားဗုံး အရင်ရခဲ့လျှင်...။

www.burmeseclassic.com

www.burmeseclassic.com

(၄)

စဉ်းစားသည်။ ထမင်းစားလည်း စဉ်းစားသည်။ ရေချိုးလည်း စဉ်းစားသည်။ မျက်နှာသစ်လည်း စဉ်းစားသည်။ အိမ်သာဝင်လည်း စဉ်းစားသည်။ အိပ်ရာဝင်လည်း စဉ်းစားသည်။ အိပ်မက်ထဲတွင်လည်း စဉ်းစားသည်။ စဉ်းစားခြင်းကို အိပ်မက်မက်နေချိန်မှာပင် ထပ်စဉ်းစားနေသေးသည်။

"မြန်မာပြည်ကရော ကမ္ဘာတစ်ခုလုံးကရော လူတွေအကုန်လုံးကို ဘယ်လိုအာရုံလွှဲထားရမလဲ"

ဘဂရှင်မင်းတြားကြီးမှာ စဉ်းစား၍မရ။ တစ်ခုတော့ ရသည်။ ဒီမှာ ချူကလီးယားစီမံကိန်း လုပ်နေတယ်။ ဘယ်ကောင်မှ လာမမေးနဲ့ မေးတဲ့ကောင် ထောင်ထဲသွား။ မကျေနပ်လို့ ဆူဆူပူပူ လုပ်ဦးမလား။ အကုန်လုံး ပစ်သတ်ခံရမယ်။ အဲသလို ဘီလူးဆိုင်း တီးလိုက်ရရင် ကောင်းမလား။ ဘဂရှင်မင်းတြားကြီးသည် သူ့ခေါင်းထဲက အတွေးကို ချက်ချင်းခါထုတ်လိုက်၏။ ဒါမျိုးဆိုတာ မြန်မာပြည်ထဲမှာပဲ လုပ်လို့ရမည်။ နိုင်ငံတကာမှာတော့ မဖြစ်။

ဘဂရှင်မင်းတြားကြီးမှာ စဉ်းစားလေလေ ခေါင်းရှုပ်လေလေ ဖြစ်သည်။ မြန်မာနိုင်ငံမှာကဲ့သို့သော နိုင်ငံမျိုးသည် ချူကလီးယားလက်နက် မဖြစ်မနေ လိုအပ်သည်။ တရုတ်၊ အိန္ဒိယ စသော ရောမနိုင်ငံကြီးများနှင့် နယ်နိမိတ် ထိစပ်နေသလို ဘင်္ဂလာဒေ့ရှ်ကဲ့သို့သော လူဦးရေပေါက်ကွဲနေသော နိုင်ငံမျိုးနှင့်လည်း အိမ်နီးချင်း ဖြစ်နေသည်။ ထို့ကြောင့် ကိုယ့်မြေကိုယ့်ရေကို ကာကွယ်ဖို့ ချူကလီးယားလက်နက် မရှိသင့်ပေဘူးလား။

အမှန်တော့ စဉ်းစားကြည့်လေလေ တရားမျှတမှု မရှိလေလေ။ ချူကလီးယားလက်နက် ထပ်မလုပ်ဖို့ တားမြစ်ကြသည်။ ကန့်သတ်ကြသည်။ ထိုကဲ့သို့ တားမြစ်ကန့်ကွက်ဖို့ ဦးဆောင်နေသည့် နိုင်ငံများကို ကြည့်လိုက်။ အများစုမှာ ချူကလီးယားလက်နက် လက်ဝယ်ရှိပြီးသား နိုင်ငံများပင်။ ကုလသမဂ္ဂဆိုတဲ့ အာဖျံကြီးအဖွဲ့ကလည်း အလကား။ စူပါပါဝါနိုင်ငံများအကြိုက် လိုက်ပြောပေးဖို့ကလွဲ၍ ဘာမှ ကိုယ်စွမ်းကိုယ်စရှိသည့် အဖွဲ့မျိုး မဟုတ်။ အမှန်ဆိုလျှင် တစ်ကမ္ဘာလုံး သာတူညီမျှ ဖြစ်စေရန် တစ်နိုင်ငံ ချူကလီးယားတစ်လုံးနှုန်းပင် ဝေပေးသင့်သည်။

တကယ်တော့ သေချာစဉ်းစားလေလေ အဓိပ္ပါယ်မရှိလေလေ။ ကိုယ့်နိုင်ငံအတွင်းမှာ ကိုယ့်ဘာသာကိုယ် ဘာလက်နက် ထုတ်ထုတ်ပေါ့။ ဘယ်သူ့ဆီက ခွင့်ပြုချက်ယူနေရဦးမှာလဲ။ အခုတော့ ကူညီမည့်သူ ရှိတာတောင်မှ လူမသိသူမသိ လုပ်နိုင်ဖို့အတွက် အာရုံလွှဲရမည်။ မလွှဲနိုင်လျှင် စီမံကိန်းက စ၍မရ။ တိုင်ကီနား ရောက်ခါနီး ဓာတ်ဆီကို ဘယ်နည်းနဲ့မှ လက်လွှတ်လို့ မဖြစ်နိုင်။

လွှဲရမှာကလည်း ရိုးရိုးမဟုတ်။ ကမ္ဘာနှင့်ချီပြီး အာရုံလွှဲရမည်။ စဉ်းစားစမ်း။ အဖြေဘယ်မှာလဲ စဉ်းစားစမ်း။ ဘဂရှင်မင်းတြားကြီး၏ ဦးနှောက်သည် စဉ်းစားလွန်းသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်၏ နွေရာသီ နေ့လယ်ခေါင်ခေါင် ကွန်ကရစ်လမ်းမထက်က အပူချိန်ထက်ပင် ပူကာ ပွက်ပွက်ဆူနေပါတော့သည်။ သို့သော် အဖြေကတော့ ကုန်ဈေးနှုန်းကဲ့သို့ပင်။ လိုက်လေဝေးလေလေ။

ထိုအဖြေကို မစဉ်းစားနိုင်သေးခင်မှာပင် အခြားပုစ္ဆာတစ်ခုက ဘဂရှင်မင်းတြားကြီးထံသို့ ထပ်ရောက်လာပြန်သည်။ ကြီးသုံးကြီးကို အမေရိကန်၏ လျှို့ဝှက်ကူညီမှုအကြောင်း ဖွင့်ပြောသင့် မသင့်။

ဘဂရှင်မင်းတြားကြီး သဘောအတိုင်းဆိုလျှင် ကြီးသုံးကြီးကို ဖွင့်ပြောဖို့ အစီအစဉ်မရှိ။ ထို့ကြောင့်လည်း ဖွဲ့မောင်နှင့် မိတ်ဆက်ပေးသည့် အချိန်တုန်းက မည်သည့်စီမံကိန်းလုပ်မည်၊ မည်သူ ဦးဆောင်မည် အစရှိသဖြင့် တိတိကျကျပြော၍ မိတ်ဆက်ပေးခဲ့ခြင်း မဟုတ်။ အပေါ်ယံ မိတ်ဆက်ပေးပြီး ခိုင်းသမျှ လုပ်ပေးရန်သာ အမိန့်ပေးခဲ့ခြင်းပင်။

သို့သော် မိုးသောက်ပန်းက သတင်းတစ်ခု သယ်လာသည်။ ဒုဆောင်ကြီး၏ အိမ်တော်သို့ ကာဆောင်ကြီး အသွားအလာ စိပ်နေသည်။ သွေးရိုးသားရိုးဆိုပါက ရုံးခန်းတွင်သာ တွေ့ကြမည်ဟု သတိပေးသည်။ ထို့ကြောင့် ဘဂရှင်မင်းတြားကြီးတို့ ရှေ့ဆက်လုပ်ဆောင် ဖော်ဆောင်သွားရမည့် စီမံကိန်းကြီးတွင် နောက်ကျောလုံလုံ ရှိနေဖို့လိုသည်။ ကြီးသုံးကြီးကို ကိုယ့်ဘက်ပါအောင် လုပ်ထားခြင်းဖြင့် စီမံကိန်းကြီးကို စိတ်ချလက်ချ ဖော်ဆောင်နိုင်သလို လိုအပ်ပါကလည်း အကူအညီများ ရနိုင်သည်ဟု မိုးသောက်ပန်းက အကြံပြုသည်။

မိုးသောက်ပန်းသည် ယခုအခါ သာမန်စီးပွားရေးလုပ်ငန်းရှင်သာ မဟုတ်တော့။ ဘဂရှင်မင်းတြားကြီး၏ နိုင်ငံရေး လက်ရုံးတစ်ဆူ ဖြစ်နေလေပြီ။ မြန်မာတစ်ပြည်လုံး ဘယ်နေရာတွင် ဘယ်သူတွေ ဘာလုပ်နေသလဲ သိနိုင်အောင် နယ်ပယ်အသီးသီးတွင် သတင်းပေးများ မွေးထားနိုင်ခဲ့ပြီး ကွန်ရက်တွေ ဖြန့်ချက်ထားနိုင်ပြီ။ ပြည်တွင်းတွင်သာမက ဗြိတိန်၊ အမေရိကန်၊ သြစတြေးလျ အစရှိသော နိုင်ငံကြီးများတွင်ပါ ထောက်လှမ်းရေးများ မွေးထားနိုင်ခဲ့သည်။

မိုးသောက်ပန်း၏ အကြံပေးချက်မှာ သဘာဂကျသဖြင့် ဘဂရှင်မင်းတြားကြီးလည်း လက်ခံလိုက်ရသည်။ ထို့ကြောင့် ကြီးသုံးကြီးကို အရေးပေါ် အစည်းအဝေးခေါ်ကာ နျူကလီးယားစီမံကိန်းအကြောင်း အသေးစိတ် အသိပေးလိုက်၏။

ကြီးသုံးကြီးမှာ ဘဂရှင်မင်းတြားကြီး၏ နျူကလီးယား စီမံကိန်းနှင့်ပတ်သက်ပြီး တစ်ခွန်းတလေမှ စောဒက မတက်ကြသော် လွန်စွာ အံ့သြနေကြသည်။ နျူကလီးယား စီမံကိန်းကို အကောင်အထည်ဖော်မည့် ကိစ္စကို အံ့သြခြင်း မဟုတ်။ သူတို့လည်း သူတို့နည်း သူတို့ဟန်ဖြင့် နျူကလီးယား စီမံကိန်းအကြောင်း သိနှင့်ကြသည်။ အံ့သြသည်ကတော့ နည်းပညာနှင့် ငွေကြေးထောက်ပံ့သည့် နိုင်ငံ။

www.burmeseclassic.com

www.burmeseclassic.com

အဆိုပါနိုင်ငံသည် အမေရိကန်ဖြစ်လိမ့်မည်ဟု သူတို့ စိတ်ကူးများထဲတွင် တစ်ခါမျှ ထည့်၍ မတွေးဖူးခဲ့။ အမေရိကန်သည် မြန်မာနိုင်ငံအပေါ် လွန်စွာ တင်းတင်းမာမာ ဆက်ဆံသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုများကြောင့် မြန်မာပြည်သူများ မဆင်းရဲသင့်ဘဲ ဆင်းရဲနေကြခြင်း ဖြစ်သည်။ ယခုကဲ့သို့ တစ်ကမ္ဘာလုံး လုံခြုံရေးအတွက် လွန်စွာ အန္တရာယ်ကြီးသော နျူကလီးယား လက်နက်ကြီးကို မည်သည့်ရည်ရွယ်ချက်နှင့် အမေရိကန်က ထောက်ပံ့ပေးရသနည်း။ ကြီးသုံးကြီးလုံး စဉ်းစား၍မရ။

www.burmeseclassic.com

www.burmeseclassic.com

(၅)

"အင်း... ထင်တော့ ထင်သားပဲ"

"ထင်တယ်... ဟုတ်လား"

"ဟုတ်ကဲ့ပါ... ဒီလိုလေ"

ဒုဆောင်ကြီး၊ ကာဆောင်ကြီးနှင့် မြောက်မှူးကြီးတို့၏ ဒုတိယအကြိမ်မြောက် လျှို့ပုက်ဆွေးနွေးပွဲ။ ဒုဆောင်ကြီးက ဘဂရှင်မင်းတြားကြီး၏ နျူကလီးယားစီမံကိန်းအကြောင်းကို ပြန်လည်ဖောက်သည်ချနေခြင်း ဖြစ်သည်။ အမေရိကန်နိုင်ငံ၏ ကူညီထောက်ပံ့မှုကို သူတို့က လွန်စွာအံ့သြနေသော်လည်း မြောက်မှူးကြီးက ထင်သလောက် အံ့သြပုံမပြပေ။

"ပြောပါဦး... မြောက်မှူးကြီးရဲ့ အမြင်ကို"

"အင်း... တကယ်တော့"

မြောက်မှူးကြီးက သူ့ရှေ့ကအရက်ခွက်ကို ဘေးသို့ အနည်းငယ်တွန်းလိုက်ကာ ကိုယ်ကို ရှေ့သို့ကိုင်းလိုက်၏။

"တစ်လုံးတည်းနဲ့ ရှင်းရှင်းပြောရရင် အမေရိကန်ဆိုတာ ငပွကြီးနိုင်ငံပဲ"

"ငပွကြီး..."

ဒုဆောင်ကြီးနှင့် ကာဆောင်ကြီးတို့ နှစ်ဦးစလုံး၏ ပါးစပ်မှ ငပွကြီးဆိုသည့်စကားကို လိုက်လံရေရွတ်မိနေကြသည်။

"အမေရိကန်က ဘယ်တော့မဆို ဇာတ်လိုက်မင်းသား ဖြစ်ချင်တယ်၊ ဒီတော့ သူ့မှာ ဇာတ်ပို့ ဇာတ်ရံတွေ၊ ဗီလိန်တွေ အများကြီးလိုတယ်လေ..."

ငပွကြီးပြောလိုက်၊ ဇာတ်လိုက်မင်းသားပြောလိုက်နှင့် မြောက်မှူးကြီး၏စကားကို ဒုဆောင်ကြီးနှင့် ကာဆောင်ကြီးတို့ လိုက်မမီသေး။

"ဒီမှာ ကျွန်တော် တစ်ခုပြောပါရစေ၊ အမေရိကန်မှာ တစ်နှစ်ကို လက်နက်အရေအတွက် ဘယ်လောက်ထုတ်နေသလဲလို့ ထင်သလဲ..."

ဒုဆောင်ကြီးနှင့် ကာဆောင်ကြီးတို့ထံမှ မည်သည့်အသံမှ ထွက်မလာ။ မြောက်မှူးကြီးကပင် ဆက်ပြောသည်။

"တစ်နှစ်ကို လက်နက်မျိုးစုံ ဆယ်သန်းလောက် ထုတ်နေပါတယ်။ အဲဒီလောက် လက်နက်တွေ အများကြီးထုတ်ပြီး ဘာလုပ်ဖို့လဲ၊ အဲဒီလောက် လက်နက်တွေကို ဘယ်လိုကုန်အောင် ရောင်းမလဲ၊ ကဲ..."

မြောက်မှူးကြီးက ခေါင်းတစ်ချက်ဆတ်ကာ မေးသည်။ မည်သူမျှ မဖြေနိုင်။ ထို့ကြောင့် သူ့မေးခွန်းကို သူ့ဘာသာ ဖြေရသည်။

www.burmeseclassic.com

www.burmeseclassic.com

"စစ်ပွဲပေါ့၊ စစ်ပွဲတွေ အများကြီးဖြစ်အောင် ဖန်တီးရမယ် ဟုတ်တယ် မဟုတ်လား၊ ကမ္ဘာမှာ စစ်ပွဲများများဖြစ်လေ ဒင်းတို့ အိတ်ထဲကို ပိုက်ဆံတွေ များများရပေါ့... ဟုတ်တယ်နော်၊ ဒါက စီးပွားရေးအရ တစ်ချက်"

မြောက်မှူးကြီးက စကားကို ခဏရပ်ပြီးမှ ဆက်သည်။

"နောက် နိုင်ငံရေး၊ ခုန ကျွန်တော်ပြောခဲ့သလိုပဲ။ အမေရိကန်တွေက ဇာတ်လိုက် မင်းသား ဖြစ်ချင်တယ်ဆိုတော့ ဇာတ်ပို့ ဇာတ်ရံတွေ မွေးရတယ်၊ ဗီလိန်တွေ မွေးရတယ်၊ အိုစမာ ဘင်လာဒင်တို့၊ အယ်ကိုင်ဒါတို့ဆိုတာ ဘယ်လိုပေါ်လာသလဲ၊ လုံခြုံရေးတွေ အင်မတန် ကောင်းပါတယ်ဆိုတဲ့ သူတို့လို နိုင်ငံမျိုးကို လေယာဉ်ပျံ ပြန်ပေးဆွဲပြီး မြို့လယ်ကောင် တိုက်ကြီးကို ဂင်တိုက်နိုင်တယ်ဆိုတာ ယုတ္တိရှိလို့လား၊ သူတို့ပြောတဲ့ အကြမ်းဖက်သမားဆိုတဲ့ ကောင်တွေက တောကြိုအုံကြားက ကောင်တွေ၊ လေယာဉ်တောင် စီဖူးရဲ့လား မသိဘူး၊ ဒီလိုကောင်တွေက အမေရိကန်ထဲက လေယာဉ်ကို ပြန်ပေးဆွဲဖို့ဆိုတာ အင်း...နားရှိလို့သာ ကြားနေရတာ၊ မျက်လုံးရှိလို့သာ မြင်နေရတာ ယုံရခက်ခက်ပဲ။ နောက် ရှိသေးတယ်... ဆိုမာလီ ပင်လယ်ဓားပြတွေ ဘာကြောင့် ပေါ်လာသလဲ၊ အမေရိကန်တွေမှာ ဒီလောက် အဆင့်မြင့် နည်းပညာတွေ ရှိနေတာပဲ။ ဘာမဟုတ်တဲ့ ရိုင်ဖယ်တစ်လက်၊ နှစ်လက် ကိုင်ထားတဲ့ ကောင်တွေကို ဘာလို့ အပြတ်မရှင်းနိုင်ရမှာလဲ၊ အဖြေက ရှင်းရှင်းလေးပါ၊ သိတယ် မဟုတ်လား"

ဒုဆောင်ကြီးနှင့် ကာဆောင်ကြီးတို့က အားရပါးရ ခေါင်းညိတ်ပြကြသည်။ တဖြည်းဖြည်း သဘောပေါက်လာကြ၏။

"အမေရိကန်တွေ ဂင်ကယ်မှ ကမ္ဘာကြီးငြိမ်းချမ်းမယ်ဆိုတဲ့ အတွေးမျိုးတွေ ရောက်အောင်ရယ်၊ အမေရိကန်ရဲ့ ဩဇာအာဏာဟာ တစ်ကမ္ဘာလုံးအပေါ် အချိန်ပြည့် လွှမ်းမိုးနေနိုင်အောင်လို့ ပြဿနာတွေ တစ်ခုပြီးတစ်ခု ဖန်ဆင်းတယ်၊ ဗီလိန်တွေ တစ်ယောက်ပြီး တစ်ယောက် ထုတ်ပြတယ်၊ တကယ်တော့ ကျွန်တော်တို့ ကိုရီးယားတွေက အမေရိကန်တွေရဲ့ ယုတ်မာရက်စက်မှုတွေကို သိပြီးသားပါ၊ ကျွန်တော်တို့ ကိုရီးယားတွေတောင် တောင်နဲ့မြောက် ကွဲအောင် အမေရိကန်တွေပဲ လုပ်ထားတာလေ၊ ချစ်လှစွာသော ခေါင်းဆောင်ကြီးက တစ်ကမ္ဘာလုံးကို အမေရိကန်ရန်က ကယ်ဖို့ ကြိုးစားနေတာပါပဲ၊ ဒါပေမယ့် သိတဲ့အတိုင်းပဲ တစ်ကမ္ဘာလုံးက ချစ်လှစွာသော ခေါင်းဆောင်ကြီးရဲ့ စေတနာကို သဘောမပေါက်ကြဘူးလေ"

"အဲဒီအထဲမှာ ကျွန်တော်တို့ မပါပါဘူးဗျာ"

ဒုဆောင်ကြီးက ချစ်လှစွာသော ခေါင်းဆောင်ကြီး၏ စေတနာအပေါ် ယုံမှားသံသယမရှိကြောင်း ပြောကြားသည်။

"ဒါနဲ့ နေပါဦး... အခု မြန်မာပြည်အပေါ် အမေရိကန်ရဲ့ ချူကလီးယား ထောက်ပံ့မှုကိုရော ဘယ်လိုမြင်လဲ"

ကာဆောင်ကြီး၏ မေးခွန်း။

www.burmeseclassic.com

www.burmeseclassic.com

"ဒါက ရှင်းပါတယ်၊ မြန်မာနိုင်ငံဟာ အမေရိကန်ရဲ့ အနာဂတ်ဗီလိန်အသစ် ဖြစ်လာပါလိမ့်မယ်၊ နောက်ပြီး မြန်မာနိုင်ငံမှာ နျူကလီးယားလက်နက် ရှိလာခြင်းအားဖြင့် အာရှတိုက်တစ်ဝိုက်လုံးရဲ့ လုံခြုံရေးဟာ စိုးရိမ်စရာ ဖြစ်လာလိမ့်မယ်၊ အထူးသဖြင့် အာဆီယံဒေသတွင်းမှာ လက်နက်တွေ အပြိုင်အဆိုင် တိုးချဲ့ကြလိမ့်မယ်၊ ဒါ့အပြင် တောင်ကိုရီးယားတို့၊ ဂျပန်တို့ကလည်း ငြိမ်နေကြမှာ မဟုတ်ဘူး၊ လက်နက်တွေ တိုးချဲ့ကြမှာပဲ။ ဒီတော့ အဲဒီနိုင်ငံတွေက ဘယ်က လက်နက်ဝယ်ကြသလဲ၊ အမေရိကန်ကပဲ ဝယ်ရမှာပဲ။ မြန်မာပြည် နျူကလီးယား စီမံကိန်းအတွက် ထောက်ပံ့ရတဲ့ ကုန်ကျစရိတ်၊ ဒင်းတို့ တစ်နှစ်စာ လက်နက်ရောင်းသလောက်တောင် မရှိပါဘူး၊ ဒါက တစ်ချက်"

မြောက်မှူးကြီးက ချက်နင့်လက်နင့် သေချာရှင်းပြသည်။

"နောက်.. တရုတ်နဲ့ အိန္ဒိယ၊ တကယ်တော့ အမေရိကန်ကြောက်တာ ကမ္ဘာပေါ်မှာ တရုတ်နဲ့ အိန္ဒိယတို့ပဲ ရှိတာ၊ သူတို့နဲ့ နယ်နိမိတ်ခြင်း ထိနေတဲ့ မြန်မာလိုနိုင်ငံမျိုးမှာ နျူကလီးယား ရှိနေပြီဆိုတော့ သူတို့အနေနဲ့ ဘယ်လိုနေကြမလဲ၊ နောက်မီးလင်းတဲ့ မိန်းမကို ယူထားရသလို ဖြစ်နေရမှာပေါ့ မဟုတ်ဘူးလား၊ တိုးတက်ရာ တိုးတက်ကြောင်း ပြည်ပထွက် အလုပ်လုပ်ချင်ပေမယ့် အိမ်ကမိန်းမကို စိတ်မချလို့ အိမ်အပြင်မထွက်ရဲတဲ့ ယောကျ်ားကိုလေ၊ သူတို့တွေ ဘာလုပ်လုပ် နျူကလီးယားလက်နက် ပိုင်ဆိုင်ထားတဲ့ မြန်မာပြည်ကို နောက်ဆံတတင်းတင်းနဲ့ လှည့်ကြည့်နေမှာ၊ အဲဒီတော့ သူတို့ရဲ့ တိုးတက်မှုကလည်း အခုလောက် မြန်နိုင်တော့မှာ မဟုတ်ဘူး၊ တကယ်တော့ အမေရိကန်တွေ လုပ်တဲ့အကွက်က သိပ်လှတယ်ဗျ၊ ခဲတစ်လုံးတည်းနဲ့ ငှက်နှစ်ကောင် မဟုတ်ဘူး၊ ငှက်အုပ်ကြီး တစ်အုပ်လုံးကို ပစ်ချလိုက်နိုင်တာပဲ... အင်း.... ဒီထက်ပိုပြောရမယ်ဆိုရင်တော့..."

မြောက်မှူးကြီးက စကားအရှည်ကြီးကို ပြောလိုက်ရသဖြင့် မောသွားကာ ခဏနား၍ ရှေ့ရှိခွက်ကို အားရပါးရ မော့လိုက်၏။

"အွတ်..."

မော့လိုက်ပြီးတော့မှ အရက်ဖြစ်မှန်း သတိရသည်။ သို့သော် အချိန်မမီတော့။ ပူဆင်းသွား၏။ လည်ချောင်းတစ်လျှောက်။

"ကဲ... စကားကို ဆက်ပါဦး"

ဒုဆောင်ကြီးက လွန်စွာ စိတ်ဝင်စားဟန်ဖြင့် စကားဆက်ရန် ပြောလိုက်သည်။

"တကယ်တော့ မြန်မာနိုင်ငံမှာ နျူကလီးယားလက်နက် ရလိုက်တာနဲ့ အာရှတိုက်တစ်တိုက်လုံး စစ်ပွဲတွေနဲ့ မီးဟုန်းဟုန်းတောက်သွားနိုင်တယ်"

စကားဝိုင်းသည် ရုတ်ချည်း တိတ်သွား၏။ အတွေးကိုယ်စီ နက်ရှိုင်းနေကြသည်။ သို့သော် ခဏသာ...

"ကဲ... ဘဂရှင်မင်းတြားကြီးနဲ့ အမေရိကန်အကြောင်း ခဏထားလိုက်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com

ဒုဆောင်ကြီးက မြောက်မှူးကြီး၏ ခွက်ထဲသို့ အရက်ထပ်မံ ငှဲ့ပေးကာ စကားပြန်စလေသည်။

"ချစ်လှစွာသော ခေါင်းဆောင်ကြီးဘက်ကရော ဘာထူးသလဲ"

"ဩော်... ဟုတ်ကဲ့၊ ကျွန်တော် အခုရလာတဲ့ အဓိကအကြောင်းအရင်းက ချစ်လှစွာသော ခေါင်းဆောင်ကြီးရဲ့ အမိန့်ညွှန်ကြားလွှာကို အကြောင်းကြားဖို့ပါ"

"ဆိုပါဦးဗျ"

ဒုဆောင်ကြီးက စိတ်ဝင်တစား မေးလိုက်၏။

"မနေ့ကပဲ ချစ်လှစွာသော ခေါင်းဆောင်ကြီးရဲ့ အမိန့်ညွှန်ကြားလွှာကို ဆက်သားတစ်ယောက်နဲ့ ရောက်ရှိလာပါတယ်၊ အဲဒီစာကို ဖတ်ပြပါရစေ"

"ကောင်းပါလေ့ဗျာ၊ ဖတ်ပြပေးပါ"

မြောက်မှူးကြီးက သူ့အိတ်ထဲက စာရွက်တစ်ရွက်ကို ထုတ်ကာ ဖတ်ပြသည်။

"ဒုဆောင်ကြီးရဲ့ သဝဏ်လွှာကို လုံလုံခြုံခြုံ ရရှိပါတယ်၊ ဒုဆောင်ကြီးကဲ့သို့သော မဟာမိတ်တစ်ဦး အကူအညီလိုနေတဲ့ အချိန်မျိုးမှာ ကျွန်တော်လည်း မိတ်ဆွေကောင်းပီပီ ကူညီဖို့ အသင့်ရှိပါတယ်တဲ့"

"ဟုတ်လား... ဝမ်းသာစရာပါပဲဗျာ"

ဒုဆောင်ကြီးနှင့် ကာဆောင်ကြီးတို့က တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ အဓိပ္ပါယ်ပါပါ ပြုံးလိုက်ကြသည်။

"သို့သော် ယခုကိစ္စသည် မြန်မာနိုင်ငံ၏ အလှည့်အပြောင်းတစ်ခု ဖြစ်နိုင်သလို ဒုဆောင်ကြီးနှင့် ကာဆောင်ကြီးတို့၏ ဘဝတွေအတွက်ပါ အလှည့်အပြောင်း ဖြစ်နိုင်တဲ့အတွက် အကွက်စေ့စေ့နှင့် ပိပိရိရိလုပ်ဖို့ လိုပါလိမ့်မယ်တဲ့"

"မှန်တာပေါ့... ဆက်ပါဦး"

ဒုဆောင်ကြီးက စကားထောက်ပေးသည်။

"ကျွန်ုပ်အနေဖြင့် မိတ်ဆွေကောင်းပီပီ အကြံကောင်းတစ်ခု ပေးပါရစေ၊ ယခု ဘဂရှင်မင်းတြားကြီး ဖော်ဆောင်နေသည့် ချူကလီးယား စီမံကိန်းကို ဆက်လက်ဖော်ဆောင်ပါစေ၊ ဒုဆောင်ကြီးနှင့် ကာဆောင်ကြီးတို့ အနေနှင့်လည်း လိုအပ်သည့် အကူအညီများကို ပုံစံမပျက် ဆက်လက်ဆောင်ရွက်ပေးနေပါ၊ ချူကလီးယားလက်နက် ဆိုသည်မှာ တစ်လ၊ နှစ်လနှင့် အလွယ်တကူ ရနိုင်သည့် အရာမျိုး မဟုတ်ပါ။ စက်ရုံကြီးတွေ ဆောက်ရမည်၊ ကုန်ကြမ်းတွေ နည်းပညာတွေ စုဆောင်းရပါမည်။ အဆိုပါစက်ရုံကြီးများ ဆောက်လုပ်ပြီးသည့်အခါနှင့် ကုန်ကြမ်းများ စုဆောင်းပြီးသည့်အခါ ဒုဆောင်ကြီးက ဦးဆောင်၍ ဘဂရှင်မင်းတြားကြီးထံမှ အာဏာသိမ်းယူစေလိုပါသည်။ ထိုကဲ့သို့ အာဏာသိမ်းသည့်အခါ လိုအပ်သည့် စစ်လက်နက်များကို ကျွန်ုပ်တို့ မြောက်ကိုရီးယားမှ ဝမ်းမြောက်ဝမ်းသာနှင့် ထောက်ပံ့မည်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သလို၊ အာဏာရပြီးသွားပါကလည်း ဆောင်ရွက်လက်စ နျူကလီးယားစီမံကိန်းကြီးကို ကျွန်ုပ်တို့ မြောက်ကိုရီးယားက ဦးဆောင်ပြီး ဆက်လက်ထောက်ပံ့သွားပေးပါ့မယ်၊ အချိန်ကုန်လည်း သက်သာသလို နည်းပညာတွေလည်း တစ်ခါတည်း ရရှိလိုက်နိုင်မှာပါ၊ ထို့နောက်မှာတော့ ဒုဆောင်ကြီးတို့၏ ပြည်မြန်မာနှင့် ကျွန်ုပ်တို့ ကိုရီးယားပြည်သူ ဆိုရှယ်လစ်သမ္မတ နှစ်နိုင်ငံဟာ မဟာမိတ် လက်တွဲဖော်များအဖြစ် ချစ်ကြည်ရင်းနှီးစွာ ရပ်တည်ကာ ကမ္ဘာကြီးကို ဦးဆောင်အုပ်ချုပ်နိုင်ဖို့ အတူတကွ ကြိုးစားသွားကြမှာ ဖြစ်ပါတယ်"

မြောက်မှူးကြီးက စာရွက်ဖတ်နေရာမှ ခေါင်းပြန်မော့ကာ

"ချစ်လှစွာသော ခေါင်းဆောင်ကြီး..."

ဟု နိဂုံးချုပ်လိုက်ပြီး စာရွက်ကို ချစ်သူ၏ ပါးနှစ်ဖက်ကို ကိုင်သကဲ့သို့ ဖွဖွလေးကိုင်ကာ ရိုရိုသေသေ ခေါက်၍ အိတ်ထဲ ပြန်ထည့်လိုက်သည်။

ဒုဆောင်ကြီးနှင့် ကာဆောင်ကြီးတို့၏ မျက်နှာများတွင် ကျေနပ်ပီတိ ဂမ်းဆီထိနေသည့် အရိပ်များကို ထိန်းထား၍ မရ။ အတိုင်းသား ပေါ်လွင်ထင်ရှားနေ၏။

"ချစ်လှစွာသော ခေါင်းဆောင်ကြီးရဲ့ အကြံပေးချက်ကို ဘယ်လိုသဘောရပါသလဲ ခင်ဗျာ"

"သိပ်ကောင်းဗျာ"

ဒုဆောင်ကြီး၏ အားရပါးရ အသံ။

"ကျုပ်ဖြင့် တစ်ခါမှ အဲသလို မစဉ်းစားဖူးဘူး၊ ဒီလို အမြော်အမြင်ရှိလို့လည်း ချစ်လှစွာသော ခေါင်းဆောင်ကြီးရယ်လို့ တစ်ကမ္ဘာလုံးက လေးစားနေကြတာကိုး၊ ကြည့်စမ်း ဘယ်လောက်ကောင်းလိုက်တဲ့ အိုင်ဒီယာလဲဟင်"

"ဟုတ်ပါတယ်ခင်ဗျာ၊ သိပ်ကောင်းပါတယ်၊ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ရုံပါပဲ၊ ဒါ့အပြင် အမေရိကန်တွေရဲ့ နည်းပညာတွေပါ ရလိုက်မယ်ဆိုတော့ မိတ်ဆွေများရဲ့ ကိုရီးယားဆိုရှယ်လစ် ပြည်သူ့သမ္မတနိုင်ငံအတွက်ပါ အကျိုးပိုရှိမှာပေါ့ မဟုတ်ပေဘူးလား"

ကာဆောင်ကြီးက ဂမ်းသာအားရ ပင်ရောက်ပြောကြားသည်။

"ဟုတ်တယ်ဗျို့၊ ကျွန်တော်လည်း သံရုံးကို ပြန်ရောက်တာနဲ့ ချစ်လှစွာသော ခေါင်းဆောင်ကြီးထံ စာတစ်စောင် အမြန်ပို့ပါ့မယ်၊ အခု နျူကလီးယားစီမံကိန်းကို အမေရိကန်တွေ နောက်ကွယ်က ထောက်ပံ့တာဆိုတာရယ်၊ ချစ်လှစွာသော ခေါင်းဆောင်ကြီးရဲ့ အကြံဉာဏ်အတိုင်း လုပ်ကိုင်မယ်ဆိုတဲ့ အကြောင်းတွေ ရေးပြီး ပို့လိုက်ပါ့မယ်၊ ဟုတ်ပါတယ်နော်"

မြောက်မှူးကြီးက သေချာအောင် ပြန်မေးသည်။

"သိပ်ဟုတ်တာပေါ့ဗျာ"

ဒုဆောင်ကြီးနှင့် ကာဆောင်ကြီးတို့ထံမှ ပြိုင်တူထွက်လာသည့် အသံ။

www.burmeseclassic.com

www.burmeseclassic.com

(၆)

မြန်မာတစ်ပြည်လုံးရှိ တန်ခိုးကြီး ဘုရားမှန်သမျှ တစ်ခုမှ မကျန်အောင် ဖူးခဲ့ဖူးလေပြီ။ တချို့ ဘုရားကြီးများဆိုလျှင် ကိုယ်တိုင်ကိုယ်ကျ ရွှေသင်္ကန်းကပ်ခြင်း၊ ထီးတော်တင်လှူခြင်းများလည်း ပြုလုပ်ခဲ့ပြီးလေပြီ။ ခါခါကြီး၏ အခါတော်များအတိုင်း သိကြားမင်းများ နတ်မင်းများကိုလည်း ယုံယုံကြည်ကြည် ဆည်းကပ်ပူဇော်ခဲ့ပါသည်။ ယတြာများကိုလည်း အတိအကျ လိုက်နာဆောင်ရွက်ခဲ့ပါသည်။

ယုံကြည်သည်။ ဘဂရှင်မင်းတြားကြီးက နက်နက်သည်းသည်းကို ယုံကြည်ပါသည်။ ထိုကဲ့သို့သော စေတနာ သဒ္ဓါတရားနှင့် ယုံကြည်မှုများကြောင့် နတ်ကောင်းနတ်မြတ်များက အစဉ်အမြဲ စ,စကာ အန္တရာယ်ဟူသမျှ ကာဆီးဖယ်ရှားပေးနေကြခြင်း ဖြစ်ပါလိမ့်မည်။

သို့သော် ယခုရက်ပိုင်းအတွင်း ဘဂရှင်မင်းတြားကြီး၏ စိတ်ထဲတွင် အတန်ငယ် လေးလံနေသည်။ တစ်စုံတစ်ရာကို စိုးရိမ်နေမိသည်။ ကမ္ဘာနှင့် မြန်မာတစ်နိုင်ငံလုံးကို အာရုံလွှဲရမည့် ကိစ္စကြီးကို မစဉ်းစားနိုင်ခြင်းကလည်း အကြောင်းတစ်ချက် ဖြစ်လိမ့်မည်။

ထို့ကြောင့် ခါခါကြီးကိုပင့်ဖိတ်ကာ အသေအချာ တွက်ချက်ခိုင်းရပြန်သည်။ ခါခါကြီးသည် ဘဂရှင်မင်းတြားကြီး၏ ကံကြမ္မာကို တွက်ချက်ပြီးသည့်အခါ များစွာ အံ့သြမိနေသည်။ ဘဂရှင်မင်းတြားကြီး၏ ကံကြမ္မာကို အကြိမ်ကြိမ်အခါခါ တွက်ချက်ခဲ့ဖူးလေသည်။ သို့သော် ယခုတစ်ခေါက်လောက် မိစ္ဆာစီးနေတာမျိုး တစ်ခါမျှ မကြုံဖူးခဲ့။

အဆိုပါ မိစ္ဆာအန္တရာယ်ကို ဖယ်ရှားဖို့လိုလေပြီ။ ထို့ကြောင့် တွက်ရချက်ရပြန်၏။ ဖြစ်ချင်တော့ ဘဂရှင်မင်းတြားကြီး၏ မိစ္ဆာအန္တရာယ်ဆိုးကို လွယ်လွယ်နှင့် နိမ်နင်း၍ မရ။ အဆိုပါရန်ဆိုးမှ ကျော်လွှားရန်အတွက် အမြင့်မြတ်ဆုံးနှင့် အသန့်ရှင်းဆုံး ပထဝီမြေကြီးပေါ်တွင် တည်ထားကိုးကွယ်သည့် စေတီသုံးဆူကို အရင်ရှာရမည်။ အဆိုပါ စေတီသုံးဆူတွင် ပုတီးကိုးပတ်စီစိပ်ကာ သုံးရက်စီ အဓိဋ္ဌာန်ဝင်ရမည်။

ကမ္ဘာကြီး၏ အမြင့်မြတ်ဆုံးနှင့် အသန့်ရှင်းဆုံးအရပ်သည် ဘယ်မှာနည်း။ ပုဂံဒေသကို စတင်တွက်ချက်သည်။ ပုဂံဒေသသည် သန့်ရှင်းမြင့်မြတ်သည်မှာ မှန်သော်လည်း ခါခါကြီး၏ စိတ်တိုင်းကျလောက်အောင်ထိ မရောက်။ မြောက်ဦး.. ဟင့်အင်း။ ပုဂံလောက်ပင် စိတ်တိုင်းမကျ။ ရှမ်းပြည်၊ အင်းလေး၊ ဘုရားစေတီပေါင်းများစွာဖြင့် သပ္ပါယ်မြင့်မြတ်ရာအရပ် မှန်သော်လည်း ခါခါကြီးကိုတော့ စိတ်တိုင်းကျလောက်အောင် မဆွဲဆောင်နိုင်။ ဘုရားရှင်း ဆံတော်ကိန်းဝပ်ရာ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မြင့်မြတ်သန့်ရှင်းသည်မှာ ယုံမှားဖွယ်ရာမရှိ။ သို့သော် ထိုကဲ့သို့သော အလွန်တရာ စည်ကားသော စေတီတော်ကြီးပေါ်တွင် ဘဂရှင်မင်းတြားကြီးမှာ မည်ကဲ့သို့ ပုတီးစိပ်နိုင်မည်နည်း။ ဘဂရှင်မင်းတြားကြီး၏ လုံခြုံရေးအတွက်လည်း ထည့်သွင်းစဉ်းစားရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ခါခါကြီးကလည်း ဖွဲရှိသည်။ တစ်နေရာပြီး တစ်နေရာ စဉ်းစားကာ တွက်ချက်သည်။ စိတ်တိုင်းကျ အဖြေမရမချင်း ထိုင်ရာကမထ။ ဘဂရှင်မင်းတြားကြီးနှင့် မယ်မယ်ဖျားတို့ကလည်း ခါခါကြီးရှေ့တွင် ရှိရှိလေးထိုင်ကာ တုတ်တုတ်မျှ မလှုပ်ကြ။ မိစ္ဆာဆိုး အန္တရာယ်ကို ဖယ်ရှားနိုင်မှ အနာဂတ်အရေး စိတ်အေးရပေမည်။

"ဟာ... ဟုတ်ပြီ"

ခါခါကြီးက တွက်ချက်ရင်း အရပ်တစ်ခုကို တွေ့သွားသဖြင့် အားရဝမ်းသာ အော်လိုက်သည်။ မဟာပထဝီမြေကြီးပေါ်တွင် အမြင့်မြတ်ဆုံးနှင့် အသန့်ရှင်းဆုံး အရပ်အဖြစ် သံသယဖြစ်စရာ တစ်ကွက်မှ မရှိသည့်အရပ်။ ဘုရားစေတီများလည်း များစွာရှိသဖြင့် ဘဂရှင်မင်းတြားကြီး၏ လုံခြုံရေးအတွက် သင့်လျော်မည့် စေတီတစ်ဆူဆူကို အလွယ်တကူ ရှာတွေ့နိုင်မည့်အရပ်။ ဘဂရှင်မင်းတြားကြီး ကိုယ်တိုင်လည်း သွားရောက်ရန် လွန်စွာစိတ်ဝင်စားမည့် အရပ်။ အဆိုပါအရပ်မှာ တခြားမဟုတ်...။

ဗုဒ္ဓဂါယာ...။

ဘုရားရှင်ကိုယ်တော်တိုင် ပွင့်တော်မူခဲ့သည့် အရပ်မှ အမြင့်မြတ်ဆုံး မဟုတ်လျှင် မည်သည့်အရပ်သည် အမြင့်မြတ်ဆုံး ဖြစ်လေမည်နည်း။ ဘုရားရှင်ကိုယ်တော် ပွင့်တော်မူခဲ့သည့် အရပ်မှာမှ ဆုတောင်းမပြည့်လျှင် မည်သည့်အရပ်တွင် ဆုတောင်းပြည့်နိုင်မည်နည်း။ မိစ္ဆာအန္တရာယ်ဆိုးကို နှိမ်နင်းနိုင်မည့် အတုမရှိ မြင့်မြတ်သန့်ရှင်းရာ ဒေသ။

ဗုဒ္ဓဂါယာ...။

မိသားစုလိုက် ခရီးမထွက်ရသည်မှာ ကြာမြင့်နေပြီဖြစ်သဖြင့် မယ်မယ်ဖျားကလည်း ခါခါကြီး၏ အကြံဉာဏ်ကို လွန်စွာ သဘောကျလေသည်။ ထို့ကြောင့်ပင် အဆိုပါ ခရီးစဉ်ကို အမြန်ဆုံး စီစဉ်လိုက်သည်။

ဗုဒ္ဓဂါယာက အပြန်တွင် နယူးဒေလီသို့လည်း ဝင်လည်ပါဟု အိန္ဒိယဝန်ကြီးချုပ်က ဖိတ်ကြားသဖြင့် ပိုအဆင်ပြေသွားသည်။ အိန္ဒိယလူမျိုးများ၏ အထွဋ်အမြတ်ထားရာ ဂင်္ဂါမြစ်ကြီးထဲမှ သန့်စင်မြင့်မြတ်သော ရေဖြင့်ပါ ရေချိုးသန့်စင်ရပေမည်။

ဂင်္ဂါမြစ်ရေသည် သာမန်မြစ်ရေ မဟုတ်။ ဂင်္ဂါမြစ်ရေကို တစ်နှစ်တစ်ခါ ချိုးခြင်းအားဖြင့် ခန္ဓာကိုယ်မှ ရောဂါဆိုးများကို နှိမ်နင်းနိုင်သည်။ မကောင်းဆိုးရွားများကို ဖယ်ရှားနိုင်သည်။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်စေရမည်ဟု အိန္ဒိယနွယ်ဖွား ပြည်သူအများက ယုံကြည်ကြလေသည်။ ဘဂရှင်မင်းတြားကြီးနှင့် တစ်မိသားစုလုံး အဆိုပါဂင်္ဂါမြစ်ထဲသို့ စိမ်ပြေနပြေ စိမ်ကာ ရေချိုးသန့်စင်ကြဖို့ စီစဉ်ထားလေသည်။ မယ်မယ်ဖျားဆိုလျှင် ရေချိုးရုံသာမက ဂင်္ဂါမြစ်ရေများကိုပါ တိုင်ကီနှင့် အပြည့်ထည့်ကာ နေပြည်တော်ထိ သယ်ရန် ဆုံးဖြတ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဂါယာတင်မက မြတ်စွာဘုရားရှင် မွေးဖွားရာ ပုမ္မိဏီဥယျာဉ်၊ ရာဇဂြိုဟ်၊ ဝေသာလီ၊ သာဝတ္ထိ၊ ပတ္တနား၊ မိဂဒါပုန်၊ အာဂရာ အစရှိသော မြင့်မြတ်ရာ အရပ်များသို့ တစ်နေရာပြီးတစ်နေရာ သွားရောက်ဖူးမြော်သည်။ ဘဂရှင်မင်းတြားကြီးသည် ဒီနိုင်ငံက အစိုးရတွေကို အံ့သြမိသည်။ ယခုလို မြင့်မြတ်သန့်ရှင်းရာနေရာရှိ ဘုရားပုထိုးများကို အစဉ်အမြဲ သစ်လွင်တောက်ပနေအောင် ပြင်ဆင်သင့်သည်။ တချို့နေရာများတွင်ဆို လွန်စွာ ပျက်စီးယိုယွင်းနေ၏။ အသစ်ပင် ပြန်လည်တည်ဆောက်သင့်နေသည်။ နောက်အခါသင့်မှ ဒီနိုင်ငံက အုပ်ချုပ်နေတဲ့ ကောင်တွေကို ပုဂံသို့ ဖိတ်ရမည်။ ဘဂရှင်မင်းတြားကြီး လက်ထက်တွင်တော့ ပုဂံဘုရားများကို အကုန်ပြုပြင်ကာ အသစ်ပြန်လည် တည်ထားကိုးကွယ်ခဲ့သည်။ ထိုမှသာ ရေရှည်တည်တံ့ ခိုင်မြဲနေမည် မဟုတ်လား။

ဘဂရှင်မင်းတြားကြီး အဓိဋ္ဌာန်ဝင် ပုတီးစိပ်နေသည့် အချိန်များတွယ် မယ်မယ်ဖွားး ဆုံးမြေနှင့် တော်သုံးတော်တို့ စျေးဝယ်ထွက်ကြသည်။ တော်ငယ်နှင့် ဆုံးမြေတို့ကတော့ ပထမတစ်ရက်သာ လိုက်ပြီး နောက်ရက်များတွင် ပျင်းသည်ဟုဆိုကာ ဟိုတယ်ထဲတွင်ပင် အင်တာနက် သုံးရန် နေခဲ့ကြသည်။ မယ်မယ်ဖွားနှင့် တော်ကြီးတို့အတွက်ကတော့ ကားပါမစ်ကောက်ရသည့် ပွဲစားပမာ သဘောအကျကြီး ကျနေကြသည်။ သူတို့အကြိုက်ဖြစ်သည့် နံ့သာဖြူများ ဖောဖောသီသီ ဝယ်လို့ရသည် မဟုတ်လား။

နံ့သာဖြူများကလည်း အရည်အသွေး အလွန်ကောင်းသည်။ တော်ကြီးက ရှိသမျှ နံ့သာဖြူများကို မြန်မာပြည်သို့ သင်္ဘောနှင့်သယ်ဖို့ ကြံစားသေးသည်။ `ဒါ မြန်မာပြည်မဟုတ်ဘူး၊ ပိုက်ဆံပေးဝယ်ရမှာ၊ အလကားမရဘူး´ ဆိုသဖြင့် လက်လျှော့လိုက်ခြင်း ဖြစ်သည်။

အဓိဋ္ဌာန်ဝင်ကာ ပုတီးစိပ်နေသည့် ဘဂရှင်မင်းတြားကြီးအတွက်လည်း လွန်စွာထူးဆန်းသည့် အတွေ့အကြုံများ ရခဲ့သည်။ ဘုရားများပေါ်တွင် ပုတီးစိပ်တိုင်း ချွေးစီးချွေးပေါက်များ ပြိုက်ပြိုက်ကျကာ ဘုရားဖူးပြီးသွားပါက ရေချိုးထားသကဲ့သို့ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသည်။ ဒီက ရာသီဥတုကလည်း မြန်မာပြည်ကထက်တော့ ပိုမပူ။ ဘာကြောင့် ထိုကဲ့သို့ ဖြစ်ရသနည်းဟု မြန်မာပြည်တွင် ကျန်ခဲ့သည့် ခါခါကြီးကို ဖုန်းဆက်မေးရသည်။

"ဘဂရှင်မင်းတြားကြီးရဲ့ ကိုယ်စောင့်နတ်များနဲ့ မိစ္ဆာများ အကြီးအကျယ် စစ်ခင်းနေတဲ့အတွက် အခုလို ချွေးသီးချွေးပေါက်များ ကျနေတာပါ"

ဟု ခါခါကြီးက ပြောလေသည်။ ဟုတ်မည်။

နောက်ဆုံးနေ့တွင်တော့ ဘဂရှင်မင်းတြားကြီး၏ ကိုယ်စောင့်နတ်များဘက်မှ အနိုင်ရသွားသည်ထင့်။ ချွေးသီးချွေးပေါက်များ မကျတော့ဘဲ နဂိုအတိုင်း ပြန်ဖြစ်သွားသည်။

ထိုနောက်တွင်တော့ စီစဉ်ထားသည့်အတိုင်း ဂင်္ဂါမြစ်သို့ သွားကြသည်။ ခရီးစဉ်၏ နောက်ဆုံးအစီအစဉ်အဖြစ် အိန္ဒိယဝန်ကြီးချုပ်ကို သွားရောက်တွေ့ဆုံခဲ့၏။ အမှန်တော့ ဘဂရှင်မင်းတြားကြီးအနေနှင့် အိန္ဒိယနိုင်ငံကို သဘောတွေ့လှသည် မဟုတ်။ အိန္ဒိယနိုင်ငံက

www.burmeseclassic.com

www.burmeseclassic.com

အိမ်နီးနားချင်းကောင်း မပီသဘဲ မြန်မာပြည် ပြည်ပြေးများ၊ အမျိုးသား သစ္စာဖောက်များကို လက်ခံပေးထားသည်။ ကူညီစောင့်ရှောက်လေ့ရှိသည်။ သို့သော်လည်း အထူးတလည် ဖိတ်ကြားထားသဖြင့် စိတ်မပါ့တပါနှင့် သွားရောက်တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

တွေ့ဆုံတော့လည်း အိန္ဒိယဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ပညာရေးစနစ် ဖွံ့ဖြိုးရန် ကူညီပါရစေဟု ကမ်းလှမ်းသည်။ ပညာရေးကို ဘာလို့ ကူညီမှာလဲ။ တပ်မတော်အတွက် လက်နက်ပဲ ကူညီပါလားဟု ပြောလိုက်ချင်သော်လည်း နျူကလီးယားစီမံကိန်းကို ပြန်လည်သတိရသွားသဖြင့် ဘာမှမပြောဘဲ အသာ ခေါင်းညိတ်လိုက်သည်။ နျူကလီးယား ရပြီးနောက် ဘာလက်နက် အကူအညီ လိုဦးမည်နည်း။

ပညာရေးစနစ်အတွက် သူ့အနေနှင့် ဘာမှမသိ။ ထို့ကြောင့် ပညာရေးဝန်ကြီးကို အိန္ဒိယသို့ လွှတ်လိုက်ပါမည်ဟု ကတိပေးခဲ့သည်။ ပညာတတ်တွေများတော့ ဘာလုပ်ရမည်နည်း။ အရေးအကြောင်း ကြုံလာပါက ပညာတတ်တွေက စစ်ထွက်တိုက်မှာလား။ တိုင်းပြည်ကို ကာကွယ်ဖို့ရာ တပ်မတော်သည်သာ အရေးကြီးပေသည်။ တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် မဟုတ်ပေလား။

ထိုအရာတွေကိုလည်း အိန္ဒိယဝန်ကြီးချုပ်ကို ပြောမပြချင်တော့။ သူက တပ်မတော်သားလည်း မဟုတ်။ တပ်မတော်သား မဟုတ်သည့်သူတစ်ယောက်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ထားသည့် အိန္ဒိယအတွက်တော့ များစွာ ရင်လေးမိသည်။ အရေးနဲ့ပ အကြောင်းနဲ့ စစ်ပွဲများ ဖြစ်ပြီဆိုပါတော့။ အဲဒီဝန်ကြီးချုပ်ဆိုတဲ့ ကောင်ကြီးက သေနတ်တောင် ကောင်းကောင်းမပစ်တတ်။ တပ်မတော်ကြီးကို မည်ကဲ့သို့ ဦးဆောင်လေမည်နည်း။

ဝန်ကြီးချုပ်နှင့် တွေ့ဆုံမှုအပြီး အပြန်လမ်းတွင် ဘဂရှင်မင်းတြားကြီး၏ ကားတန်းသည် ရုတ်တရက် ရပ်သွားသည်။

"ဘာဖြစ်တာလဲဟ..."

ဘဂရှင်မင်းတြားကြီးက ရှေ့ခန်းတွင် လိုက်ပါလာသည့် နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူ တစ်ယောက်ကို မေးလိုက်သည်။

"ဘာမှမဖြစ်ပါဘူးခင်ဗျာ၊ ဆန္ဒပြပွဲနဲ့ ကြုံနေလို့ပါ"

"ဘာ... ဆန္ဒပြပွဲ ဟုတ်လား၊ သူတို့က ဘာလို့ဆန္ဒပြနေကြတာလဲ"

အဆိုပါ တာဝန်ရှိသူက ကားပြတင်းပေါက်ကနေ ခေါင်းလေးပြုထုတ်ကာ အပြင်သို့ ကြည့်လိုက်သည်။

"အင်း... ဘာကိုဆန္ဒပြတာလဲဆိုတော့..."

သတင်းထောက်များနှင့် လူအုပ်ကြီး ကွယ်နေသဖြင့် ဆန္ဒပြသူများကို ရှင်းရှင်းလင်းလင်း မတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com

"ဘာကို ဆန္ဒပြတာလဲတော့ မသိဘူးခင်ဗျ၊ လက်ရှိ အာဏာရပါတီကိုပဲလား၊ မြို့တော်ဝန်ကိုပဲလား၊ တစ်ခုခုနေမှာ၊ ကျွန်တော်တို့ နိုင်ငံမှာက နေ့စဉ်လိုလို တစ်ခုမဟုတ်တစ်ခုကို ဆန္ဒပြနေကြတာပဲ"

"နေ့တိုင်း ဆန္ဒပြကြတယ်... ဟုတ်လား၊ အကုန်လုံး ပစ်မသသတ်ပစ်ဘူးလား"

မြန်မာပြည်မှာတော့ နေ့တိုင်း ဆန္ဒပြဖို့နေနေသာသာ ဆန္ဒနှင့် ပြသည်ဆိုသည့် အတွဲအစပ်ကိုပင် ပေးမသုံး။ ပြချင်သပ မရမကပြမယ်ဆိုရင်တော့ ထောင်နှင့် ကျည်ဆံ ကြိုက်ရာရွေးဟုပင် ဆိုရမည်။

"အင်း... မရပါဘူးခင်ဗျ၊ အဲဒီလို သေနတ်နဲ့သာ ပစ်လိုက်လို့ကတော့ တစ်တိုင်းပြည်လုံး ပွက်ပါက်ညံသွားပါလိမ့်မယ်၊ မီဒီယာတွေကလည်း ဆွမ်းကြီးဝိုင်းလောင်းတာနဲ့ ဝန်ကြီးချုပ်တောင် ပြေးစရာနေရာ ရှိမှာမဟုတ်ဘူး"

အစောင့်အရှောက်များစွာဖြင့် ရောက်လာသည့် သူတို့ကားတန်းကို မြင်သဖြင့် လူအုပ်ကြီးက ဘေးသို့ အတန်ငယ် ရှဲသွားသည်။ သတင်းထောက်များကလည်း မဆီမဆိုင် သူတို့ကားတန်းကို ဓာတ်ပုံများ ဝိုင်းရိုက်နေကြ၏။ မြန်မာပြည်မှ ပါလာသည့် ဘဂရှင်မင်းတြားကြီး၏ ကိုယ်ရံတော်များက ကားပြတင်းပေါက်ဘေးများအားလုံးကို ခန္ဓာကိုယ်နှင့် ကွယ်ထားလိုက်ကြပြီး ကားဘေးမှ ပြေးလိုက်လာကြသည်။

လူအုပ်ကြီးကို ကျော်သွားသည့်အခါ ကားတန်းကြီးသည် နဂိုမူလအရှိန်သို့ ပြန်တင်ကာ ခပ်သွက်သွက် မောင်းနှင်ကြသည်။ ဟိုတယ်ဆင်ဝင်အောက်သို့ ရောက်သည့်အခါ ရှေ့ခန်းက တာဝန်ရှိပုဂ္ဂိုလ်ကိုယ်တိုင် ဆင်းကာ ကားတံခါးဖွင့်ပေးသည်။ ထို့နောက် ဟိုတယ်အထဲ ဓာတ်လှေကားအထိ လိုက်လံပို့ဆောင်ပေးသည်။

"လမ်းမှာ နှောင့်နှေးမှုဖြစ်ခဲ့တဲ့အတွက် စိတ်မကောင်းပါဘူးခင်ဗျာ"

ဓာတ်လှေကားခလုတ်ကိုနှိပ်၍ အဆိုပါ တာဝန်ရှိ ပုဂ္ဂိုလ်က တောင်းပန်စကား ဆိုသည်။ ဘဂရှင်မင်းတြားကြီးက ရပါတယ် ဆိုသည့်သဘောဖြင့် လက်ကာပြသည်။ ဓာတ်လှေကားထဲသို့ ဘဂရှင်မင်းတြားကြီး ဝင်ရန် လှမ်းလိုက်စဉ်မှာပင် ထိုသူက လေသံကို နှိမ့်ကာ

"တကယ်တော့ လမ်းပေးက ဆန္ဒပြနေတဲ့သူတွေကို ပစ်သတ်လို့ရရင် ပစ်သတ်ချင်တာ အမှန်ပါပဲ၊ ဒီမိုကရေစီဆိုတဲ့ သုံးစားလို့မရတဲ့ စနစ်ကြီးကြောင့်သာ အသာလက်ပိုက် ကြည့်နေရတာ၊ ကျွန်တော်တို့ အိန္ဒိယမှာ ဒီမိုကရေစီ ရပြီးကတည်းက ဘယ်တော့မှ မငြိမ်းချမ်းခဲ့ဘူး၊ အစိုးရတာဝန်ရှိသူတွေမှာလည်း အဲဒီဆန္ဒပြပွဲတွေကို လိုက်ဖြေရှင်းပေးနေရတာနဲ့ပဲ တခြားတိုးတက်ရာ တိုးတက်ကြောင်း အာရုံမရောက်ကြဘူး၊ မီဒီယာတွေရော လူတွေရောကလည်း ဆန္ဒပြဖို့ကလွဲပြီး တခြား ဘာအာရုံမှ မရှိကြဘူး၊ ဒီလူတွေနဲ့ ဒီမိုကရေစီနဲ့ကတော့ အလုပ်မဖြစ်ပါဘူးဗျာ..."

ဟု ခပ်တိုးတိုး ညည်းတွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘဂရှင်မင်းတြားကြီးက ဓာတ်လှေကားထဲ ဝင်လိုက်သည်။ သူသွားရမည့် အထပ်ကို သူ့၏ကိုယ်ရေးအရာရှိက နှိပ်ပေးသည်။ ဓာတ်လှေကားက မှန်အကြည်ထဲတွင် တည်ဆောက်ထားခြင်း ဖြစ်သဖြင့် မြို့ကြီးတစ်မြို့လုံး၏ ရှုခင်းကို မြင်နေရသည်။ သို့သော် ဘဂရှင်မင်းတြားကြီးအနေဖြင့် ပြင်ပမြင်ကွင်း တစ်ခုမှမမြင်။ သူ့၏အမြင်အာရုံများသည် မြေညီထပ်၏ ဓာတ်လှေကားအဝတွင် ကျန်ခဲ့သည်။ သူ့၏ အကြားအာရုံများသည် မြေညီထပ်၏ ဓာတ်လှေကားအဝတွင် ရပ်ခဲ့သည်။ သူ့၏ အတွေး၊ သူ့၏ဂိဉာဏ်၊ သူ့၏နှလုံးသား၊ သူ့၏ ဦးနှောက်... အားလုံး... အားလုံး မြေညီထပ်၏ ဓာတ်လှေကားအဝတွင် ကျန်ခဲ့သည်။

"ဒီမိုကရေစီ ဆန္ဒပြပွဲ၊ အာရုံ၊ ဆန္ဒပြပွဲ၊ ဒီမိုကရေစီ၊ အာရုံ"

မြေညီထပ်၏ ဓာတ်လှေကားအဝက စကားသံများသာ ဆက်လက်ကြားယောင်နေ၏။

"တီ..."

ဓာတ်လှေကားတံခါးက အလိုအလျောက် ပွင့်သွားသည်။ ထို့အတူ ဘဂရှင်မင်းတြားကြီး ပါးစပ်ပေါက်ကလည်း စကားတစ်ခွန်း အလိုအလျောက် ထွက်လာ၏။

"အဖွဲ့တွေကို အကုန်လုံး ပြင်ခိုင်းလိုက်၊ အခုချက်ချင်း နေပြည်တော်ကို ပြန်မယ်"

www.burmeseclassic.com

www.burmeseclassic.com

## CHAPTER - D

(၁)

ပခုံးကိုယ်စီပေါ်က ပြိုးပြိုးလက်နေသည့် ရွှေရောင်ကြယ်ပွင့်၊ အခက်အလက်များနှင့် ရင်ဘတ်ပေါ်တွင် ချိတ်ဆွဲထားသည့် ရောင်စုံ ဆုတံဆိပ်များကြောင့် ခန်းမကြီးတစ်ခုလုံး တောက်ပြောင်လင်းလက်လျက် ရှိသည်။

သို့သော် မျက်နှာများကတော့ တောက်ပြောင်နေသော အဆောင်အယောင်များနှင့် ဆန့်ကျင်ဘက်ဖြစ်ကာ သုန်မှုန်နေကြ၏။ တစ်နည်း စိုးရိမ်ထိတ်လန့်နေကြ၏။ စိုးရိမ်မည်ဆိုပါကလည်း စိုးရိမ်စရာပင်။ ထိတ်လန့်မည်ဆိုလည်း ထိတ်လန့်စရာပင်။ ယခုကဲ့သို့ ဌာနအသီးသီးမှ ဂန်ကြီးများ၊ တပ်မတော် ထိပ်ပိုင်းခေါင်းဆောင်များနှင့် ကြီးသုံးကြီးတို့ ပါဝင်သည့် ဆွေးနွေးပွဲမျိုး တစ်ခါမှ မလုပ်ဖူးခဲ့ပေ။ ခြောက်လပတ် အစည်းအဝေးမျိုးဆိုသည်ကလည်း ဂန်ကြီးဌာနများက တာဂန်ရှိသူများသာ ပါကာ တပ်မတော်ထိပ်သီးခေါင်းဆောင်များ ပါဝင်လေ့ မရှိ။ ထို့အပြင် ခြောက်လပတ် အစည်းအဝေးမျိုး ကျင်းပဖို့ကလည်း နှစ်လခန့် လိုနေသေးသည်။

ထို့ကြောင့် ဂန်ကြီးအသီးသီးကလည်း ဘတ်ဂျက် အသုံးစရိတ် အစီရင်ခံစာများ၊ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းများ အဆင်သင့် မဖြစ်သေးကြ။ အခုအချိန်မှာသာ ဘတ်ဂျက်တွေ တောင်းယူစစ်ဆေးပါက ငယ်ထိပ် သေနတ်ပစ်ခံရတာထက် ဆိုးမည်။ ဟိုဖြတ် ဒီဘုံး စာရင်းများကို ဘတ်ဂျက်ကိုက်အောင် အဆင်သင့် မပြုပြင်ရသေး။

ရလဒ်ကတော့ ခန်းမအတွင်းရှိ ဂန်ကြီးများအားလုံး ပုတီးစိပ်သူက စိပ်၊ ဂါထာမန္တန်များ တဖွဖွ ရွတ်သူ ရွတ်၊ ပရိတ်ရေများ တစွတ်စတ် သောက်သူက သောက်နှင့် တစ်ဦးနှင့်တစ်ဦး ဟန်ကိုယ့်ဖို့၍ပင် နှုတ်ဆက်နိုင်ခြင်း မရှိကြ။ ဒုဆောင်ကြီးနှင့် ကာဆောင်ကြီးတို့လည်း ခေါင်းချင်းရိုက်နေကြသည်။ အင်မတန် အရေးကြီးသည့် အပြောင်းအလဲကြီးတစ်ခုတော့ ဖြစ်တော့မည်ဟု တွေးဆနေကြ၏။ ဘာဖြစ်မယ်မှန်းတော့ မသိ။ ဂန်ချုပ်ကြီးကတော့ သူ့မိန်းမပြ ပေးလိုက်သည့် ပရိတ်ရေများ အသောက်လွန်ကာ အိမ်သာ ခဏခဏ ပြေးနေရသည်။ ကျန်းမာရေး ချို့ယွင်းလာပါသဖြင့် ဂန်ချုပ်ကြီးဘဂမှ အနားပေးလိုက်ပါသည်ဆိုသည့် အမိန့်များ ကြားရတော့မည်လားဟု အလန့်ကြီးလန့်နေ၏။ တကယ်များ ကြားရခဲ့ရင်တော့ ခန်းမထဲတွင်ပင် တစ်ခါတည်း နလုံးရပ်ကာ သေသွားလေမည်လား မသိ။

ဘဂရှင်မင်းတြားကြီး၏ ကိုယ်ရေးအရာရှိနှင့် သက်တော်စောင့်အဖွဲ့က ခန်းမအတွင်းသို့ အရင်ဂင်လာ၏။ ထို့နောက် ခန်းမအတွင်းရှိ ကြီးသုံးကြီး အပါအဂင် ဂန်ကြီးများ၊ တပ်မတော်အရာရှိကြီးများကို တစ်ဦးမကျန် သေချာစစ်ဆေးသည်။ အမှန်တော့ သူတို့အားလုံးကို ခန်းမထဲ မဂင်ခင်ကတည်းကပင် လက်နက်များ ပါမပါ စစ်ဆေးပြီးသားပင်။ သို့သော် ခန်းမအဂင်ရှိ အဖွဲ့က တခြားအဖွဲ့ဖြစ်ကာ ယခု ခန်းမထဲတွင် စစ်ဆေးနေသည့် အဖွဲ့သည် ဘဂရှင်မင်းတြားကြီး၏ အနီးကပ် ကိုယ်ရံတော်အထူးတပ်ဖွဲ့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘဂရှင်မင်းတြားကြီး၏ အနီးကပ်အဖွဲ့ဝင်များသည် တပ်မတော်နှင့် မဆိုင်ဘဲ အရွယ်မရောက်ခင်ကတည်းက လက်သပ်မွေးကာ သီးသန့်အထူးလေ့ကျင့် သင်ကြားထားသည့် အဖွဲ့ဖြစ်သည်။ ဘဂရှင်မင်းတြားကြီးအတွက် အသက်စွန့် ကာကွယ်ရမည်ကလွဲ၍ သူတို့ခေါင်းထဲတွင် ဘာမှမရှိ။ သူတို့အသက်သည် ဘဂရှင်မင်းတြားကြီး၏ အသက်လောက် တန်ဖိုးမရှိ။ ဘဂရှင်မင်းတြားကြီးကို ကာကွယ်စောင့်ရှောက်ခြင်းသည် အမိနိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်ခြင်းပင် ဖြစ်သည်ဆိုသည့် ခံယူချက်များဖြင့် လူဖြစ်နေကြသူများ ဖြစ်သည်။

ယခု ကိုယ်ရံတော်များသည် ကိုက်သုံးဆယ်အတွင်း လှုပ်ရှားနေသည့် မည်သည့်အရာမဆို ဖျတ်ခနဲနှင့် မှန်အောင် ပစ်နိုင်သည့် သေနတ်ပစ် စွမ်းရည်ရှိကြသကဲ့သို့ သာမန်လူ ငါးယောက်လောက်ကိုလည်း တစ်မိနစ်အတွင်း မှောက်သွားအောင် သတ်ပုတ်နိုင်စွမ်း ရှိကြသူများလည်း ဖြစ်ကြသည်။ မသင်္ကာစရာ တစ်စုံတစ်ရာ တွေ့ပါက ကြီးသုံးကြီးပင်မချန် တစ်ကိုယ်လုံး နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေဖို့ ဂန်လေးကြသူများ မဟုတ်။

လုံခြုံရေးအဖွဲ့၏ စိတ်တိုင်းကျရှာဖွေမှုများ ပြီးသည့်အခါ ဘဂရှင်မင်းတြားကြီးက ခန်းမထဲသို့ ဝင်လာ၏။

"ဖြောင်း..."

အားလုံးက တညီတညာတည်းရပ်ကာ အလေးပြု၍ သတိအနေအထား နေလိုက်ကြသည်။ ဘဂရှင်မင်းတြားကြီးက လက်ထောင်ပြလိုက်မှ သတိအနေအထားမှ သက်သာအနေအထားသို့ ပြောင်းလိုက်သည်။ ဘဂရှင်မင်းတြားကြီး ထိုင်လိုက်သည့်အခါ အားလုံး တညီတညွတ်တည်း ထိုင်လိုက်၏။ စက်ရုပ်ကြီးများပမာ။ ထိုင်ခုံများပေါ်တွင် ရင်ဘတ်တကို အတတ်နိုင်ဆုံး ကော့ကာ ထိုင်နေကြသည်။ မျက်တောင်ပင် မခတ်ကြ။

ဘဂရှင်မင်းတြားကြီးက မိန့်ခွန်းကို တစ်လုံးချင်း ဖြည်းဖြည်းပင် ပြောသည်။ စာစစ်မည့် ဆရာမ၏ စကားကို အိမ်စာလုပ်မလာသည့် ကျောင်းသားများ နားထောင်နေသကဲ့သို့ ဂန်ကြီးများအားလုံးက ရင်တထိတ်ထိတ်ဖြင့် နားထောင်နေကြ၏။

"ကျုပ်အနေနဲ့ မြန်မာ့တပ်မတော်ကြီးကို ခေတ်အမီဆုံး၊ အဖွံ့ဖြိုးဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့တာ အားလုံးအသိပဲ ဖြစ်မှာပါ၊ ကျုပ်နဲ့အတူ မြန်မာ့တပ်မတော်ကြီးအတွက် လည်းကောင်း၊ မြန်မာနိုင်ငံတော်ကြီး စည်ပင်ဝပြောအောင် ဂိုင်းဂန်းဆောင်ရွက်ခဲ့ကြတဲ့ သက်ဆိုင်ရာဌာန အသီးသီးက အရာရှိကြီး၊ အရာရှိငယ်တို့အားလုံးကို အသိအမှတ်ပြုကြောင်း ဦးစွာပထမ ပြောပါရစေ"

ဒုဆောင်ကြီးနှင့် ကာဆောင်ကြီးတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တွေဝေနေကြသည်။ ဘဂရှင်မင်းတြားကြီး အနေနှင့် အစည်းအဝေးများတွင် ယခုကဲ့သို့ နိဒါန်းချီကာ မိန့်ခွန်းပြောခြင်းမျိုး တစ်ခါမျှ မကြားဖူးကြ။ ယခုကဲ့သို့သော မိန့်ခွန်းမျိုးကို တပ်မတော်နေ့ သို့မဟုတ် နိုင်ငံတော်အခမ်းအနား တစ်ခုခုမှာသာ ပြောကြားလေ့ ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့ ဘဂရှင်မင်းတြားကြီး မိန့်ခွန်းရှည် ပြောရန်အတွက်လည်း အဖွဲ့တစ်ဖွဲ့ထားကာ အဆိုပါအဖွဲ့က မိန့်ခွန်းများကို ရေးပေးရခြင်း ဖြစ်သည်။

အဆိုပါ မိန့်ခွန်းရေးသားသည့် အဖွဲ့ကို ဦးဆောင်ရသူမှာ ကာဆောင်ကြီး ဖြစ်သည်။ သို့သော် ယခု ဘဂရှင်မင်းတြားကြီး မွက်ကြားနေသည့် မိန့်ခွန်းကိုတော့ ကာဆောင်ကြီး၏ အဖွဲ့မှ ရေးသားခဲ့ခြင်း မရှိ။ ဘဂရှင်မင်းတြားကြီးကလည်း သူ့သက်တမ်းတစ်လျှောက် ထမ်းရွက်လာခဲ့သည့် တာဂန်များအကြောင်း၊ စွန့်လွှတ်အနစ်နာခံခဲ့ရသူများ အကြောင်း၊ မြန်မာ့တပ်မတော်ကြီး စည်ပင်ဂပြောလာသည့်အကြောင်း၊ နိုင်ငံနှင့်အဂန်း တစ်ကြိမ်တစ်ခါမျှ မရဖူးသေးသည့် ငြိမ်းချမ်းရေးများလည်း ရရှိနေပြီဆိုသည့် အကြောင်းများကို ချက်ကျလက်ကျ မိန့်ကြားနေလေ၏။

ကာဆောင်ကြီးမှာ အံ့သြပြီး အံ့သြနေကာ စဉ်းစားတွေးတောနေသည်။ ဘာများလွဲနေပါလိမ့်။

"ပြည်သူတွေအနေနဲ့ ကျုပ်တာဂန်က အနားယူသွားမယ့်အပေါ် များစွာ စိတ်မကောင်းဖြစ်နေမှာကို ကျုပ်အနေနဲ့ မှန်းဆနိုင်ပါတယ်၊ ဘယ်အရာကိုမဆို တစ်ဦးတည်း တာဂန်ယူဆုံးဖြတ်ရဲတဲ့ ကျုပ်လိုခေါင်းဆောင်မျိုးဟာ မြန်မာနိုင်ငံရာဇဂင်မှာ ထပ်ပေါ်လာနိုင်တော့မယ် မထင်ပါဘူး၊ ဒါကြောင့်..."

သိပြီ၊ ကာဆောင်ကြီး သိလေပြီ...။ ယခင် မိန့်ခွန်းများနှင့် ယခုမိန့်ခွန်း ကွာခြားပုံမှာ ဘဂရှင်မင်းတြားကြီးသည် မည်သည့်စာရွက်ကိုမျှ မကြည့်ဘဲ အလွတ်ပြောနေခြင်း ဖြစ်သည်။

"ဒါကြောင့် ကျုပ်ကဲ့သို့ အများပြည်သူများရဲ့ ဘဂကို လုံခြုံမှု ပေးစွမ်းနိုင်သော၊ အေးချမ်းမှု ပေးစွမ်းနိုင်သော ခေါင်းဆောင်အသစ်တစ်ယောက်ကို ရှာဖွေရမှာ ဖြစ်ပါတယ်"

နောက်ထပ်ကွာခြားချက် တစ်ချက်မှာ ပြည်သူဆိုသည့် အသုံးအနှုန်း၊ ဘဂရှင်မင်းတြားကြီး၏ မိန့်ခွန်းတိုင်းတွင် ပြည်သူဆိုသည့် စကားလုံးကို မဖြစ်မနေ အခြေအနေမျိုးမှသာ ထည့်သွင်းပြောကြားလေ့ ရှိသော်လည်း ယခုမိန့်ခွန်းတွင်တော့ ပြည်သူဆိုသည့် စကားကို လှိုင်လှိုင်ကြီး အသုံးပြုလျက် ရှိလေသည်။

"ထိုကဲ့သို့ ရှာဖွေရာမှာ ပြည်သူအများရဲ့ဆန္ဒကို အခြေပြုတဲ့ စနစ်နဲ့ ရှာဖွေသွားမှာဖြစ်ပါတယ်။ လွယ်လွယ်နဲ့ ရှင်းရှင်း ပြောရရင်တော့ ဒီမိုကရေစီစနစ်နဲ့ ရှာဖွေသွားမှာ ဖြစ်ပါတယ်"

ဒီမိုကရေစီဆိုသည့်စကားကြောင့် ခန်းမအတွင်းမှ ဂန်ဗိုလ်အပေါင်းတို့ဆီက ဂေါခနဲ အာမေဋိတ်အသံများ ထွက်လာကြ၏။ ဒီမိုကရေစီဆိုသည်မှာ ဂန်ဗိုလ်အပေါင်းတို့၏ အသည်းနှလုံး ဗဟိုအချက်တွင် စိုက်ဂင်နေသည့် စူးတစ်ချောင်း၊ ဒီမိုကရေစီသည် ရန်သူ၊ ဒီမိုကရေစီသည် အပျက်၊ ဒီမိုကရေစီသည် အန္တရာယ်။ ဒီမိုကရေစီကို ကြားတိုင်း ရင်နာသည်။ မြန်မာတစ်ပြည်လုံးတွင် ဒီမိုကရေစီဆိုသည့် စကားလုံးကို ကျယ်ကျယ်ပြောရဲသည့်သူပင်

www.burmeseclassic.com

www.burmeseclassic.com

မရှိအောင် နှိပ်ကွပ်ခဲ့ကြသည်။ မကောင်းဆိုးရွာ စကားလုံးတစ်လုံးအဖြစ် လူအများမြင်လာအောင် ပုံစံသွင်းခဲ့ကြသည်။

ယခုတော့ အဆိုပါ မကောင်းဆိုးရွား စကားလုံးကို ဘဂရှင်မင်းတြားကြီး၏ နှုတ်ဖျားမှ ထွက်လာသဖြင့် ခန်းမတစ်ခုလုံး အလန့်တကြား ဖြစ်သွားကြခြင်းပင်။

"ဒါပေမယ့် ကျုပ်တို့ရဲ့ ဒီမိုကရေစီဆိုတာ အခြား ဘယ်နိုင်ငံရဲ့ ဒီမိုကရေစီကိုမှ ကူးယူမှာမဟုတ်ဘဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖော်ဆောင်သွားမယ့် ကိုယ်ပိုင် ဒီမိုကရေစီပါ၊ ရောက်ရှိနေတဲ့ တာဂန်ရှိ ဂန်ထမ်းတွေအားလုံးလည်း မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ဒီမိုကရေစီစနစ်ရဲ့ အုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာအောင် လုပ်ရမယ်၊ ဖြစ်ပေါ်လာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအညီ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ထူထောင်ကြပါလို့ ကျုပ်အနေနဲ့ မှာကြားချင်ပါတယ်၊ ဒီမိုကရေစီ စနစ်ကြီး အောင်မြင်ပြီးတဲ့နောက် ကျုပ်အနေနဲ့ စာဖတ်ခြင်းကလွဲပြီး နိုင်ငံရေးကိစ္စများမှာ ပါဂင်ပတ်သက်တော့မှာ မဟုတ်ကြောင်း ထပ်လောင်းပြောကြားရင် နိဂုံးချုပ်ပါတယ်"

ဂန်ဗိုလ်အပေါင်းတို့မှာ အံ့ဩလွန်းကြသဖြင့် လက်ခုပ်ပင် မတီးနိုင်ဘဲ ကြောင်နေကြ၏။ ဒုဆောင်ကြီးက အသိဂင်လာကာ လက်ခုပ်စတီးလိုက်တော့မှ ဂန်ဗိုလ်များ ပိုင်းဂန်လက်ခုပ် တီးလိုက်ကြသည်။

"ဖြောင်း... ဖြောင်း... ဖြောင်း... ဖြောင်း..."

ဘဂရှင်မင်းတြားကြီးကတော့ ခန်းမအတွင်းမှ တစ်လှမ်းချင်း တည်တည်ငြိမ်ငြိမ် ထွက်ခွာသွား၏။ မည်သူ့ကိုမျှ မကြည့်။ မည်သူ့ကိုမျှ နှုတ်မဆက်။ ဘဂရှင်မင်းတြားကြီး ချန်ထားရစ်သည့် ခန်းမကြီးအတွင်းတွင်တော့ လောက်စာလုံးမှန်သည့် ပျားအုံကြီးကဲ့သို့ပင်။

ဆူညံ၊ ပွက်လော၊ ရှုပ်ထွေး၊ အော်ဟစ်၊ ပြေးလွှား...။

www.burmeseclassic.com

www.burmeseclassic.com

(၂)

ကာဆောင်ကြီး တွေးသကဲ့သို့ ဘဂရှင်မင်းတြားကြီးသည် မိန့်ခွန်းရှည်ကြီးကို ကိုယ်တိုင်အလွတ်ပြောခဲ့သည် မှန်သလို၊ နောက်ထပ်အဖွဲ့တစ်ဖွဲ့များ ရှိလေသနည်းဆိုသည်မှာလည်း မှန်ပေသည်။ နှစ်ခုစလုံး မှန်ရသည်မှာ အကြောင်းရှိသည်။ မိန့်ခွန်းကို အလွတ်ပြောသည်။ သို့သော် ထိုမိန့်ခွန်းမပြောခင်မှာတော့ နျူကလီးယား ဖော်ဆောင်ရေး အဖွဲ့ဖြစ်သည့် ဖွဲမောင်၊ မိုးသောက်ပန်း၊ ဆုံးမြေးတို့နှင့် တွေ့ကာ အသေးစိတ် တိုင်ပင်ညှိနှိုင်းခဲ့သည်။

တိတိကျကျ ဆိုရလျှင် အိန္ဒိယက ပြန်ရောက်ရောက်ခြင်းပင်...

အိန္ဒိယဂန်ကြီးချုပ်နှင့် တွေ့အပြီး ပြန်အလာ ဓာတ်လှေကားဂတွင် အမှတ်မထင် ကြားလိုက်ရသည့် စကားတစ်ခွန်းသည် ဘဂရှင်မင်းတြားကြီးအတွက် များစွာ တန်ဖိုးရှိသွားလေသည်။ တစ်နည်း ရက်ပေါင်းများစွာ ရှာမတွေ့သည့် အဖြေတစ်ခုကို ရလိုက်ခြင်းပင်။ အိန္ဒိယတွင် နတ်များ၊ ဘုရားများ သိန်းပေါင်းများစွာ ရှိသည်ကို ဘဂရှင်မင်းတြားကြီးအနေနှင့် လက်တွေ့သဘောပေါက် သိမြင်ခဲ့ပြီ။ အဆိုပါ သိန်းပေါင်းများစွာထဲက နတ်ကောင်းနတ်မြတ်တစ်ပါးပါးက ဘဂရှင်မင်းတြားကြီးကို လိုက်ပို့သည့် အရာရှိယောင်ဆောင်ကာ သူ့အတွက် အကြံကောင်း ဉာဏ်ကောင်း ပေးသွားခြင်း ဖြစ်မည်။

"ဒီမိုကရေစီ၊ ဆန္ဒပြပွဲ၊ အာရုံ၊ ဆန္ဒပြပွဲ၊ ဒီမိုကရေစီ၊ အာရုံ"

ပြည်တွင်းပြည်ပမှ လူများ၏ အာရုံကို လှည့်စားနိုင်ရန် ဒီမိုကရေစီမှတစ်ပါး အခြားမရှိပြီ။ တစီစီအော်ကာ တောင့်တနေကြသော မြန်မာပြည်ကဟာတွေ အကုန်လုံးကို ဒီမိုကရေစီ ပေးလိုက်မည်။ မြန်မာတွေအကျင့်ကို အသိဆုံးသူမှာ တခြားသူမဟုတ်။ ဘဂရှင်မင်းတြားကြီးပင်။ ဒီနေ့ ဒီမိုကရေစီပေးလိုက်လျှင် မနက်ဖြန် ဘာဖြစ်မည်နည်းဆိုတာကို ဘဂရှင်မင်းတြားကြီး ကောင်းကောင်းသိပေသည်။

မြန်မာလူမျိုးများသည် ဒုက္ခကိုသာ မျှဝေခံစားနိုင်ကြပြီး သုခကိုတော့ မျှဝေခံစားနိုင်စွမ်း မရှိကြ။ မနာလိုစိတ် အင်မတန် ပြင်းထန်သည့်လူမျိုးများ ဖြစ်ကြသည်။ တစ်ယောက် ကောင်းစားမှာကို တစ်ယောက် လွန်စွာ စိုးရိမ်ကြသည်။ မြန်မာ့ရာဇဝင်ထဲတွင်လည်း မကွဲဖူးသည့် အဖွဲ့ဆိုသည် မရှိ။ သခင်ကိုယ်တော်မှိုင်းကဲ့သို့သော ပုဂ္ဂိုလ်ကြီးမျိုး ခေါင်းဆောင်သည့် ဖဆပလအဖွဲ့ကြီးပင် နှစ်ခြမ်းကွဲခဲ့ကြသေးသည်။ တော်ရုံတန်ရုံလူ ခေါင်းဆောင်သည့် အဖွဲ့တွေကတော့ မကွဲမှာကို စိုးရိမ်စရာ မရှိ။ ဖွဲ့ကတည်းက တဂိုမ်းဂိုမ်းနှင့် ကွဲဖို့ တာဆူလေ့ ရှိသူများပင်။ တပ်မတော်ကလွဲ၍ မြန်မာပြည်ကြီးကို စစ်မှန်သည့် ခေါင်းဆောင်မှု ပေးနိုင်သည့် အဖွဲ့အစည်းမျိုး မြန်မာနိုင်ငံတွင် မရှိ။

တပ်မတော်တောင် တခြားတပ်မတော် မဟုတ်။ ဘဂရှင်မင်းတြားကြီးလက်ထက် တပ်မတော်ကိုသာ ဆိုလိုသည်။ တခြားလူများ လက်ထက်က တပ်မတော်များတွင်

www.burmeseclassic.com

www.burmeseclassic.com

ထင်ထင်ရှားရှား မဟုတ်တောင် အတွင်းစည်းအတွင်း သူတစ်လူ ငါတစ်မင်းနှင့် ပြိုက်ခဲ့ကြဖူးသည်။ ဘဂရှင်မင်းတြားကြီး လက်ထက်ရောက်မှသာ တပ်အတွင်းရှိသမျှ ဗိုလ်မှန်သမျှကို တစ်သွေး တစ်သံ တစ်မိန့်ဖြစ်အောင် ရိုက်သွင်းခဲ့သည်။ ဘဂရှင်မင်းတြားကြီး သေဆိုလျှင် လဲသေရမည်။ အတန်ငယ် ခေါင်းထောင်လာပါက အဆိုပါခေါင်းထောင်သူ၏ အနာဂတ်ဘဂ မကောင်းနိုင်။ သို့သော် အခုတော့ အဆိုပါ စည်းကမ်းပြည့်ဂသော ပုံစံသွင်း တပ်မတော်ကြီးကို ဘဂရှင်မင်းတြားကြီး စွန့်လွှတ်ရတော့မည်။

လူအများ အင်မတန် လိုချင်နေကြသည့် ဒီမိုကရေစီဆိုသည့် အပင်ကို ပျိုးထောင်ပေးလိုက်ရတော့မည်။ အညှောက်ထွက်လာသည့်အခါ သူပိုင်တယ်၊ ငါပိုင်တယ်ဆိုပြီး ငြင်းကြ၊ ခုန်ကြ၊ ကွဲကြ၊ ပြိုကြနှင့် ကြည့်ကောင်းပေဦးမည်။ သို့သော် အဆိုပါအပင်မှ အသီးကို မည်သူမျှ စားရလိမ့်မည်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် ဘဂရှင်မင်းတြားကြီး၏ ဒီမိုကရေစီအပင်သည် အသီးလည်း သီးမည်မဟုတ်။ အပွင့်လည်း ပွင့်မည်မဟုတ်။ အရိပ်လည်း ရမည်မဟုတ်။ ရှင်းရှင်းဆိုလျှင် အညှောက်ကလွဲ၍ ပိုကြီးလာမည့် အပင်မျိုး မဟုတ်ပေ။

အိန္ဒိယမှ ပြန်ရောက်ရောက်ချင်း ဖွဲ့မောင်၊ မိုးသောက်ပန်းနှင့် ဆုံးမြေးတို့ကို ခေါ်လိုက်သည်။ ဘဂရှင်မင်းတြားကြီးက သူ့အစီအမံကို ပြောပြသည်။ သုံးယောက်စလုံးက အားတက်သရော လက်ခံကြသည်။ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အသေးစိတ် ဆွေးနွေးကြသည်။ ဒီမိုကရေစီတွင် အခြေခံဥပဒေသည် အသက်ဖြစ်သည်။ အခြေခံဥပဒေကို လုံလုံခြုံခြုံ ရေးဆွဲနိုင်ပါက လိုသလို နောက်ကွယ်မှ ခြယ်လှယ်နိုင်မည်။

"ဟုတ်ပါတယ်... အမေရိကားမှာလည်း ဘာမှမထူးပါဘူး၊ ပါတီကြီးနှစ်ခု ပြိုင်နေတယ်လို့ အများက မြင်နေပေမယ့် ဒါ သက်သက်လှည့်စားထားတာပါ၊ ဘယ်သူနိုင်နိုင် ဘာမှမထူးပါဘူး ခင်ဗျ၊ နောက်ကွယ်က အမိက ခြယ်လှယ်နေတာက စီးပွားရေးလုပ်ငန်းရှင်ကြီးတွေပါပဲ။ သူတို့ ထောက်ခံတဲ့သူ၊ သူတို့အကျိုး စီးပွားကို ထော်လော်ကန့်လန့် မလုပ်ရဲတဲ့သူမျိုးပဲ သမ္မတ ဖြစ်ခွင့်ရှိတာပါ"

ဖွဲ့မောင်က ဘဂရှင်မင်းတြားကြီး၏ စကားကို ထောက်ခံကာ အမေရိကန် ဒီမိုကရေစီစနစ်ကိုပါ ဝေဖန်ထောက်ပြလေသည်။

"တကယ်တော့ စဉ်းစားကြည့်ရင် အလွယ်လေးပါ၊ သမ္မတ တစ်ယောက်ရဲ့ မဲဆွယ်ကာလ အသုံးစရိတ်က ဒေါ်လာသန်းချီပါတယ်၊ လူများများသိဖို့အရေး၊ လူများများ ကြိုက်ဖို့အရေး ပိုက်ဆံတွေကို ဖျောခနဲ ဖျောခနဲ ကြဲနေရတာနဲ့ ဘာမှမကွာပါဘူး၊ အဲဒီလောက်များတဲ့ ပိုက်ဆံတွေကို အဲဒီသမ္မတလောင်းတွေ ဘယ်ကရမလဲ၊ ရှင်းရှင်းလေးပဲ သူဌေးတွေဆီကပေါ့၊ ဒါ့အပြင် လွှတ်တော်တွေထဲမှာလည်း ရှိသမျှ အမတ်တွေက သူဌေးတွေနဲ့ သူဌေးလူတွေပဲလေ၊ သမ္မတကများ သူတို့စီးပွားရေးလုပ်ငန်းတစ်ခုခုကို ထိခိုက်စေမယ့် ဥပဒေမျိုး ပြဋ္ဌာန်းဖို့ ကြိုးစားကြည့်ပါလား၊ လွှတ်တော်ထဲမှာ ပွက်လောရိုက်သွားလိမ့်မယ်၊ နောက်ပြီး သမ္မတဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

လွှတ်တော်က သဘောမတူဘဲ ဘာဥပဒေမှ ပြဌာန်းလို့မရဘူးဆိုတာ ဘဂရှင်မင်းတြားကြီးအနေနဲ့လည်း အခြေခံဥပဒေကောင်းကောင်းနဲ့ လွှတ်တော်အမတ် ညံ့ညံ့တွေသာရှိရင် အာဏာဘယ်တော့မှ လက်လွှတ်ရမှာ မဟုတ်ဘူး"

"ဘယ်လို... ဘယ်လို... အခြေခံဥပဒေကောင်းကောင်းနဲ့ အမတ်ညံ့ညံ့... ဟုတ်လား"

ဖွဲ့မောင်၏ စကားကို မရှင်းသဖြင့် မိုးသောက်ပန်းက ပြန်လည်မေးခွန်း ထုတ်လိုက်သည်။

"ဟုတ်ပါတယ်... အခြေခံဥပဒေကောင်းကောင်းဆိုတာ ဘဂရှင်မင်းတြားကြီးကို ကလန်ကဆန် မလုပ်နိုင်တဲ့ သူမျိုးကိုပဲ သမ္မတဖြစ်ခွင့်ရှိအောင် စည်းကမ်းချက်များများနဲ့ ထိန်းချုပ်ထားမယ့် ဥပဒေကို ဆိုလိုပါတယ်၊ အမတ်ညံ့ညံ့ဆိုတာကတော့ ရှင်းပါတယ်၊ ဘဂရှင်မင်းတြားကြီး ခေါင်းညိတ်ဆိုရင် ညိတ်မယ့်လူမျိုးနဲ့ ခေါင်းခါဆို ခေါင်းခါမယ့် သူမျိုးကိုပဲ ဆိုလိုတာပါ"

"အဲဒီလို အမတ်မျိုးကို အညံ့စားအမတ်လို့ ဘယ်ပြောလို့ရမလဲဗျ၊ အကောင်းစားအမတ်ပေါ့၊ သူတို့ကောင်းဖို့ သူတို့စားဖို့အတွက် ဘဂရှင်မင်းတြားကြီးရဲ့ စကားကို နားထောင်ရမှာပဲလေ၊ အကောင်းစားအမတ်လို့ပဲ ပြောပါဗျာ"

"ဟား... ဟား... ဟုတ်တာပေါ့၊ အကောင်းစားအမတ်ပေါ့ဗျာ"

မိုးသောက်ပန်းနှင့် ဖွဲ့မောင်တို့မှာ အတိုင်အဖောက်ညီညီ ရယ်မောနေကြသည်။ ဘဂရှင်မင်းတြားကြီးကတော့ စိတ်ထဲမှနေ၍ မိုးသောက်ပန်းနှင့် ဖွဲ့မောင်တို့ကို အနီးကပ်လူများအဖြစ် ရွေးမိတာ မှန်လေစွဟု များစွာ ပီတိဖြစ်နေ၏။

"ဒီမိုကရေစီစနစ်ကို ပြောင်းလိုက်တာ သိပ်ကောင်းပါတယ်၊ အာရုံလွှဲရုံတစ်ခုတည်းတင် မကဘဲ ကျွန်တော်တို့ရဲ့ ချူကလီးယား စီမံကိန်းကြီးအတွက် အင်မတန် အရေးပါတဲ့ အကျိုးအမြတ်ကြီး တစ်ခုကိုလည်း ရရှိစေမှာပါ"

"အကျိုးအမြတ်ကြီးတစ်ခု... ဟုတ်လား၊ ဘာများပါလိမ့်"

ဒီမိုကရေစီစနစ် ပြောင်းရခြင်း၏ အဓိကရည်ရွယ်ချက်သည် ကမ္ဘာ့ရော မြန်မာရော့ရှိ လူအများ၏ အာရုံများကို လှည့်စားထားရန် ဖြစ်သည်။ တခြား အကျိုးအမြတ်ကြီးတစ်ခုဆိုတာကိုတော့ ဘဂရှင်မင်းတြားကြီးလည်း မစဉ်းစားတတ်။

"ဒီလိုပါ အာဏာရှင်စနစ်ကြောင့် မြန်မာနိုင်ငံကို အမေရိကန်က ဆန်ရှင်လုပ်ထားတယ် မဟုတ်လား၊ အခုလို ဒီမိုကရေစီ ပြောင်းလိုက်မယ်ဆိုရင် ဆန်ရှင်ဖျက်သွားလိမ့်မယ်၊ အဲ့ဒီအခါ မြန်မာနိုင်ငံနဲ့လည်း တရားဝင် ကုန်သွယ်ခွင့် ရလာမယ်၊ ပစ္စည်းတွေ ပို့ခွင့်ရှိလာမယ်၊ အဲဒီပစ္စည်းတွေကြားထဲမှာ ကျွန်တော်တို့စီမံကိန်းအတွက် လိုအပ်တဲ့ ကုန်ကြမ်းတွေ၊ စက်ပစ္စည်းတွေပါ ပုံများရိုက်ပြီး မြန်မာနိုင်ငံထဲကို သယ်ပို့ရမှာပေါ့"

"အိုး..."

"အင်း..."

www.burmeseclassic.com

www.burmeseclassic.com

ဘဂရှင်မင်းတြားကြီးနှင့် မိုးသောက်ပန်းတို့ နှစ်ယောက်စလုံးထံမှ ပြိုင်တူထွက်လာသည့် အာမေဋိတ်အသံ။ ကြည့်စမ်း... ဒီမိုကရေစီရဲ့ ကောင်းကျိုးတွေက မနည်းမနောပါလား။ ဘဂရှင်မင်းတြားကြီး စိတ်ထဲကတွေးကာ ပီတိတွေဝေပြီးရင် ဝေ။ ဖြာပြီးရင်း ဖြာနေလေ၏။

"ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်"

တစ်ချိန်လုံး ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသည့် ဆုံးမြေးက စကားစလိုက်သည်။

"ဒီမိုကရေစီ ပေးလိုက်ပါပြီတဲ့၊ ဟိုစာပေ လွတ်လပ်ခွင့်တို့ ဘာတို့လည်း ပေးရတော့မယ် မဟုတ်လား၊ အဲ့ဒီအခါကျရင် ဒီဖေ့စ်ဘုတ်ထဲကလိုပဲ ကျွန်တော်တို့မိသားစုရဲ့ အတင်းအဖျင်းတွေရော၊ တပ်မတော် မကောင်းကြောင်းတွေရော၊ နောက်ဆုံး အခု ကျွန်တော်တို့လုပ်နေတဲ့ စီမံကိန်းအကြောင်းတွေပါ ပေါက်ကြားကုန်ရင် ဘယ်လိုလုပ်မလဲ"

"ကဲ... အရင်ဆုံးအနေနဲ့ ဆုံးမြေးရဲ့ ဖုန်းကို ခဏလောက် ဘေးချထားလိုက် ဟုတ်လား၊ စကားကို သေချာနားထောင်..."

အချိန်ပြည့် ဖုန်းတစ်လုံးကို ဟိုပွတ်ဒီပွတ် လုပ်နေသည့် ဆုံးမြေးကို ဘဂရှင်မင်းတြားကြီးက သတိပေးလိုက်သည်။ ဆုံးမြေးက မကြည်မလင် မျက်နှာဖြင့် ဖုန်းကို ဘေးသို့ချလိုက်၏။

"အင်း... ဆုံးမြေးမေးတာလည်း စဉ်းစားစရာပဲ၊ ဒါပေမယ့် သိပ်တော့ မပူပါနဲ့လေ သူတို့ကိုလည်း အာရုံလွှဲရမှာပေါ့၊ ဘဘကြီးတို့ဘက်ကို မလှည့်နိုင်အောင် ပြဿနာတွေ တစ်ခုပြီးတစ်ခု ဖန်တီးပေးမယ်၊ ရေးချင်တာရေး လွတ်လပ်ခွင့်တော့ ပေးမယ်၊ ဒါပေမယ့် အဲဒီလွတ်လပ်ခွင့်နဲ့အတူ ဥပဒေတွေပါ ထပ်ထည့်ပေးလိုက်မယ်လေ၊ ပုံနှိပ်ဥပဒေတို့၊ နိုင်ငံတော် လျှို့ဝှက်အက်ဥပဒေတို့ နောက်ဆက်တွဲတွေ ပြဋ္ဌာန်းထားလိုက်မယ်လေ၊ အဲဒီအခါ ဘဘကြီးတို့ရဲ့ စီမံကိန်းဘက် နည်းနည်းလေး မျက်စပစ်လိုက်တာနဲ့ အဲဒီဥပဒေတွေနဲ့ အကုန်ဆွဲဖမ်းပစ်လိုက်မှာပေါ့၊ ဒါပေမယ့် ကြည့်နေပါ ဆုံးမြေးရယ်၊ ဒီမီဒီယာသမားဆိုတဲ့ ကောင်တွေကလည်း သူတို့အချင်းချင်း စားခွက်လုနေတာနဲ့ ဘဘကြီးတို့ဘက် အာရုံလှည့်နိုင်ကြမှာ မဟုတ်ပါဘူး"

"ဒါတော့ ဟုတ်ပါတယ်၊ မီဒီယာတစ်ခု အောင်မြင်ဖို့ဆိုတာ တော်ရုံတန်ရုံလူက ရင်းနှီးမြှုပ်နှံနိုင်ကြတာမျိုး မဟုတ်ပါဘူး"

မိုးသောက်ပန်းက ဘဂရှင်မင်းတြားကြီးကို ထောက်ခံ၍ ဆက်လက်ပြောကြားသည်။

"အခုလက်ရှိ မီဒီယာလုပ်ငန်း လုပ်နေကြတဲ့ သူတွေကလည်း တပ်မတော်အရာရှိကြီးတွေရဲ့ မိသားစုတွေနဲ့ သူတို့အစွယ်အပွားတွေပါပဲ။ စီးပွားရေး သဘောသဘာဝအရဆိုရင် ဒီလူတွေက အခုကတည်းက အထိုင်ကျနေပြီ၊ ဒီလူတွေကို ဒီမိုကရေစီရပြီးနောက်မှ မီဒီယာလုပ်ငန်းအသစ် လုပ်မယ့်သူတွေက လိုက်မီဖို့ဆိုတာ မဖြစ်နိုင်သလောက်ပါပဲ၊ မြင်သာအောင် ပြောရရင်တော့ မီတာတစ်ရာ အပြေးပြိုင်ပွဲမှာ ပြိုင်ဘက်တွေ မီတာကိုးဆယ်ကျော်လောက်ရောက်ပြီးတာ တာလွတ်ခံရတဲ့ အပြေးသမားလို

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေလိမ့်မယ်။ ဒီမိုကရေစီရပြီးမှ ထုတ်မယ့် မီဒီယာအတွက်တော့ ရေရှည်ရပ်တည်နိုင်ဖို့ လွယ်မှာမဟုတ်ပါဘူးလေ"

"အင်း... နောက်တစ်ခု စိုးရိမ်စရာ ရှိသေးတယ်။ အွန်လိုင်းမီဒီယာ"

ဆုံးမြေး၏ စိုးရိမ်စကား။

"နောက်ပိုင်း နည်းပညာတွေ တိုးတက်လာတဲ့အခါ ပရင့်မီဒီယာတွေ အကုန်လုံးက အွန်လိုင်းပေါ် ရောက်သွားပါလိမ့်မယ်၊ အခု ဆုံးမြေးတို့ စွဲစွဲလန်းလန်း သုံးနေတဲ့ ဖေ့စ်ဘုတ်တို့လို ဆိုရှယ်မီဒီယာတွေက အလွန်ရေပန်းစားလာပါလိမ့်မယ်၊ အဲဒီအွန်လိုင်းဆိုတာကလည်း အလွန်ထိန်းချုပ်ဖို့ပ ခက်ပါတယ်၊ ထိန်းချုပ်ဖို့ မရသလောက်ပါပဲ၊ နည်းပညာ အရမ်းမြင့်ပါတယ်ဆိုတဲ့ ကျွန်တော်တို့ အမေရိကားမှာတောင် ထိန်းချုပ်လို့မရပါဘူး"

ဖွဲ့မောင်က ဆုံးမြေးစကားကို ထောက်ခံကာ တွေးတွေးဆဆ ပြောလေသည်။

"ဟုတ်တယ်... အဲဒါကြောင့် ဆုံးမြေးလည်း ဖေ့ဘုတ်ကို အမြဲမပြတ် သုံးနေရတာ၊ သတင်းထူးတွေမှန်သမျှ ဖေ့ဘုတ်ကပဲ သိရတာ၊ ဆုံးမြေးမှာဆိုရင် အကောင့် ငါးခုတောင် ရှိတာ၊ တစ်ခုက ကောင်လေးငယ်ငယ်ချောချောပုံနဲ့၊ တစ်ခုက ကောင်မလေးပုံနဲ့၊ တစ်ခုက အစိုးရကို ဆန့်ကျင်တဲ့ မျိုးချစ်မြန်မာဆိုတဲ့ ပုံစံနဲ့၊ တစ်ခုက တပ်မတော်သားပုံစံနဲ့၊ တစ်ခုကတော့ ဘာပုံမှမတင်ဘဲ ဒီအတိုင်း ဟိုလိုလို ဒီလိုလို ကောင်မျိုးပုံစံနဲ့ သုံးနေတာ၊ အလကားသုံးနေတာ မဟုတ်ဘူး၊ သတင်းတွေ အချက်အလက်တွေ ရှာဖွေစုဆောင်းနေတာ"

ဆုံးမြေးက သူ ဖေ့ဘုတ်သုံးသည်ကို မကြာခဏ ခလုတ်တိုက်နေကြသဖြင့် အခါအခွင့်သင့်တုန်းလေး ပဏာယူလိုက်သည်။

"ဟုတ်ပါတယ်... ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီမြန်မာနိုင်ငံအတွက်တော့ ထိန်းချုပ်စရာ နည်းလမ်းတစ်ခု တွေ့ထားပါတယ်"

"ဘာ.. ဖေ့ဘုတ်ကို ထိန်းချုပ်မယ့်နည်း ဟုတ်လား"

ဆုံးမြေးက သူအမြဲသုံးနေသည့် ဖေ့ဘုတ်ကို ထိန်းချုပ်နိုင်မည့် နည်းဆိုသဖြင့် အတန်ငယ် အံ့သြသွားသည်။

"တရုတ်ပြည်မှာလို ပိတ်ပစ်ဖို့လား"

ဆုံးမြေး၏ အမေးကို ဖွဲ့မောင်က ခေါင်းခါပြသည်။

"ဘယ်လိုမျိုးလဲဗျ"

"ဒီလိုပေါ့၊ ဖေ့ဘုတ်ဆိုတာ အင်တာနက်ရှိမှ သုံးလို့ရတာပေါ့၊ အဲဒီတော့ အင်တာနက်လိုင်းတွေကို တတ်နိုင်သမျှ နှေးထားမယ်၊ အင်တာနက် အသုံးပြုခတွေကို မြှင့်ထားမယ်၊ လျှပ်စစ်မီးလိုပဲ အင်တာနက်လိုင်းတွေကို ခဏခဏ ဖြတ်ထားမယ်ဆိုရင် တော်ရုံသူက စိတ်ပျက်ပြီး အင်တာနက်သုံးချင်တော့မှာ မဟုတ်ပါဘူး၊ အဲဒီအခါ ဖေ့ဘုတ်တင်မကဘူး၊ အွန်လိုင်းမီဒီယာကိုပါ ထိန်းချုပ်ပြီးသား ဖြစ်ပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့မောင်၏ စကားအဆုံးတွင် ဘဂရှင်မင်းတြားကြီးက နှစ်နှစ်ခြိုက်ခြိုက် ကျိတ်ပြုံးကာ ခေါင်းတဆတ်ဆတ် ညိတ်လေ၏။ သိပ်မှန်။ မြန်မာပြည်ကို ပြန်ရောက်တာ မကြာသေးသည့် ဖွဲ့မောင်ပင် မြန်မာတွေအထာကို အတော်ကျွမ်းကျင်နေလေပြီ။

"ကဲ... ဒါဆိုရင် ကျုပ်အနေနဲ့ အခု အရင်ဆုံး ဘာလုပ်သင့်သလဲ ကိုဖွဲ့မောင်"

ဘဂရှင်မင်းတြားကြီး၏ အမေးကို ဖွဲ့မောင်က အတန်ငယ် စဉ်းစားပြီး ဖြေသည်။

"ဟုတ်ကဲ့ပါ၊ အရင်ဆုံးအနေနဲ့ မြန်မာနိုင်ငံက ဂန်ကြီးတွေ၊ ဂန်လေးတွေ၊ ဗိုလ်ကြီးတွေ၊ ဗိုလ်လေးတွေကို ဒီမိုကရေစီစနစ် ပြောင်းလဲတော့မယ်ဆိုတာ အသိပေးလိုက်စေချင်ပါတယ်၊ ဒါပေမယ့် ဘယ်လိုပြောင်းလဲမယ်ဆိုတာကိုတော့ မပြောပါနဲ့ဦး"

"အင်း.. ဟုတ်ပြီ"

"နောက် ကျွန်တော်က အမေရိကားမှာ ရှိတဲ့ အခြေခံဥပဒေ ကျွမ်းကျင်သူတချို့ကို ဆက်သွယ်ပြီး ဘဂရှင်မင်းတြားကြီး လိုချင်တဲ့ ပုံစံမျိုးရအောင် ရေးဆွဲခိုင်းပါ့မယ်၊ ပြီးရင် ဒီမှာ အဖွဲ့တစ်ဖွဲ့ ဖွဲ့ပြီး အဲဒီဥပဒေကို ထောက်ခံခိုင်းလိုက်ပါ၊ ပြည်သူအများစုကလည်း ထောက်ခံတယ်ဆိုတဲ့ ပုံစံမျိုးဖြစ်အောင် ဖန်တီးလိုက်ပါ၊ အဲဒါဆို အခြေခံဥပဒေက အတည်ဖြစ်သွားပါမယ်၊ အဲဒီနောက်ပိုင်းမှာတော့..."

"ဟိုး... ဟိုး... ရပြီ"

ဘဂရှင်မင်းတြားကြီးက ဖွဲ့မောင်၏ စကားကို ရပ်ခိုင်း၏။ သူ့လူတွေက တစ်ထွာကို တစ်လံမြင်နိုင်ကြသည်ဆိုလျှင် ဘဂရှင်မင်းတြားကြီးသည် တစ်ထွာပြလိုက်ရုံနှင့် တစ်ကမ္ဘာလုံးထိ မြင်နိုင်သူ။ ထို့ကြောင့်လည်း ကမ္ဘာသိ ခေါင်းဆောင်ကြီး ဖြစ်နေခြင်းပင်။

ချူကလီးယားလက်နက်ကြီးသာ ရပြီးသွားလျှင်တော့ ကမ္ဘာသိတင် မကတော့။ ကမ္ဘာကျော် ခေါင်းဆောင်ကြီးဖြစ်မည်။ ထို့မှတစ်ဆင့် တစ်ကမ္ဘာလုံးက ဖိတ်ဖိတ်တုန်အောင် ကြောက်ရသည့် ခေါင်းဆောင်ကြီး ဖြစ်မည်၊ ထို့မှနောက် ရေမြွေသခင် ဘဂရှင်မင်းတြားကြီး ဖြစ်ချေလိမ့်မည်သတည်း။

www.burmeseclassic.com

www.burmeseclassic.com

(၃)

မြန်မာပြည်တွင် လူတန်းစားနှစ်မျိုး ရှိသည်။ တစ်မျိုးက ဘဂရှင်မင်းတြားကြီး၏ အရိပ်အာဂါသအောက်တွင် ငြိမ်းချမ်းစွာ နေထိုင်သူများနှင့် နောက်တစ်မျိုးက ဘဂရှင်မင်းတြားကြီး၏ အရိပ်ပြင်ပတွင် ပူလောင်စွာ နေကြသူများ ဖြစ်သည်။ ရှင်းအံ့။

ဘဂရှင်မင်းတြားကြီး၏ အရိပ်အာဂါသအောက်တွင် နေထိုင်ကြသူများသည် ကျန်းမာချမ်းသာကြသည်။ ပူပင်စိုးရိမ်စရာဆိုလို့ စိုးစဉ်းမျှ မရှိ။ ဘဂရှင်မင်းတြားကြီး သက်တော်ရာကျော် ရှည်ပါစေရန်သာ ဆုတောင်းနေဖို့ လိုသည်။ ဘဂရှင်မင်းတြားကြီး ပြောသမျှ လိုက်နာကျင့်ကြံရုံသာ လိုသည်။ အဆိုပါလူများတွင် ရာထူးကြီးကြီး ရှိမည်။ မီးခံသေတ္တာကြီးကြီး ရှိမည်။ ဘွဲ့တံဆိပ်ကြီးကြီး ရှိမည်။ မီးပျက်မှာ မပူရ။ ရေမလာမှာ မပူရ၊ ကုန်ဈေးနှုန်းတက်မှာ မပူရ။ သန်းခေါင်ကျော်ကြီး ဧည့်စာရင်းစစ်ခံရမှာ မပူရ။

မြန်မာပြည်တွင် မည်သည့်အရပ်ကိုသွားသွား ထိုသူများ၏ ကားကို တားမြစ်စစ်ဆေးရဲသူ မရှိကြ။

ဘဂရှင်မင်းတြားကြီး၏ အရိပ်အာဂါသပြင်ပတွင် နေထိုင်ကြသူများကတော့ ထိုသူများနှင့် ဆန့်ကျင်ဘက်ပင်။ အရိပ်အာဂါသ အပြင်ရောက်နေသဖြင့် ပူလောင်သည်။ ပင်ပန်းသည်။ လေကြမ်းရေကြမ်းတွေ တွေ့မည်။ ဖယောင်းတိုင်ထွန်းကာ စာကျက်ရမည်။ မိုးရွာလျှင် ရေရမည်။ နေပူလျှင် ရေပြတ်မည်။ ကားကျပ်ကျပ်များကြားရှိ ဘတ်စ်ကားကျပ်ကျပ်ကို နေ့ညတိုးစီးရမည်။ လခတိုးလိုက်တာနှင့် တစ်ပြိုက်နက် ကုန်ဈေးနှုန်းက ငါးဆလောက် ထပ်တိုးမည်။ ဘယ်သွားသွား ထောက်ခံစာ လိုသည်။ ဘာလုပ်လုပ် ထောက်ခံစာလိုသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများအားလုံးသည် ဘဂရှင်မင်းတြားကြီး၏ အရိပ်အာဂါသပြင်ပသို့ ရောက်ရှိနေခြင်းကြောင့်သာ ဖြစ်သည်။

သို့သော်ခက်သည်။ လူတွေက ခက်သည်။ အထူးသဖြင့် မြန်မာတွေက ပိုခက်သည်။ ဘဂရှင်မင်းတြားကြီးက လူတိုင်းကို မေတ္တာထားသည်။ လူတိုင်းကို သူ့အရိပ်အာဂါသအောက်တွင် ငြိမ်းငြိမ်းချမ်းချမ်း နေစေချင်သည်။ ဒါကို တချို့များက သဘောမပေါက်။ စေတနာကို နားမလည်။ လူဘဂတိုတိုလေးကို ပူပူလောင်လောင် ဖြတ်သန်းချင်ကြသည်။ ကြမ်းကြမ်းတမ်းတမ်း ရှင်သန်ချင်ကြသည်။

ကြာလာတော့ ဘဂရှင်မင်းတြားကြီးလည်း ထိုသူများကို များစွာ စိတ်ပျက်လာ၏။ ထို့ကြောင့် ထိုသူတွေနှင့် ဝေးရာတွင် မြို့သစ်ကြီးတစ်မြို့ တည်ထောင်ကာ နေထိုင်ဖို့ ဆုံးဖြတ်ခဲ့သည်။ ထိုမြို့တွင် ဘဂရှင်မင်းတြားကြီးနှင့် သူ၏ အရိပ်အာဂါသအောက်မှ သူကောင်းပြုခံထားရသူများသာ နေထိုင်ကြမည်။ ထိုမြို့တွင် ရေမီးပူစရာမလို၊ လမ်းပန်းဆက်သွယ်ရေး ပူစရာမလို၊ လုံခြုံရေး ပူစရာမလို။ ဘာဆိုဘာမှ ပူစရာမလိုအောင် ဖြည့်ဆည်းပေးထားသည်။ ထိုမြို့တွင် လူရှုပ်တွေမရှိ။ ဆင်းရဲသားတွေ မရှိ။ ဟိုအော်ဒီအော်

www.burmeseclassic.com

www.burmeseclassic.com

ဆန္ဒပြဆူပူသူတွေ မရှိ။ လောကနိဗ္ဗာန်တစ်ခုဖြစ်အောင် ဖန်တီးထားမည်။ ဘဂရှင်မင်းတြားကြီး၏ မေတ္တာတော်များဖြင့် အစဉ်အေးချမ်းနေရမည်။ သီရိကျက်သရေ ထွန်းပြောင်စေရမည်။

ထိုမြို့ကို `နေပြည်တော်´ ဟု ခေါ်သည်။

နေပြည်တော်သည် အေးချမ်းသည်။ လုံခြုံသည်။ လမ်းတံတားတွေ ခမ်းနားသည်။ မီးရောင်တွေ ထိန်လင်းသည်။ နေပြည်တော်ရှိ လူအပေါင်း ဘေးရန်ကင်းကွာ စိတ်ချမ်းသာ နေနေရသည်ဆိုသည်မှာ မှန်သည်။ သို့သော် ယခင်က ဖြစ်သည်။

ယခုတော့ မဟုတ်တော့။ ဘဂရှင်မင်းတြားကြီး အရိပ်အောက်မှ သူကောင်းပြုခံထားရသူများအကြား လှုပ်လှုပ်ရှားရှား ဖြစ်နေကြ၏။ ပမာပြုသော်...

ဖခင်မရှိသော သမီးငယ်လေးများသကဲ့သို့လည်းကောင်း၊ ဆရာမရှိသော ကျောင်းသားလေးများကဲ့သို့ လည်းကောင်း၊ ဘုရားသခင်မရှိသော လူသားများကဲ့သို့လည်းကောင်း ခိုကိုးရာမဲ့နေကြ၏။ မျက်စိသူငယ် နားသူငယ်ဖြစ်နေကြ၏။ ကြောက်ရွံ့နေကြ၏။ အဘယ့်ကြောင့်နည်း။

ဘဂရှင်မင်းတြားကြီး စာဖတ်ရန် အနားယူတော့မည်ဆိုသည့် သတင်းကြောင့်ပင်တည်း။

ထိုမျှမကသေး...

သာဆိုးသည်မှာ ဒီမိုကရေစီ။ တစ်သက်လုံး ရွံရှာမုန်းတီးခဲ့သော စကားလုံးကို ဘဂရှင်မင်းတြားကြီး၏ နှုတ်တော်မှ မိန့်ဆိုသွားသည်။ နေပြည်တော် အဘိဓာန်တွင် ဆေးမည်းကြီးဖြင့် ဖျက်သိမ်းထားသည့် စကားလုံးကို ဘဂရှင်မင်းတြားကြီးက အသုံးပြုသွားသည်။

သူတို့ ဘာလုပ်ရမည်နည်း။ သူတို့ ဘယ်သွားရမည်နည်း။ တစ်နည်း သူတို့ မည်သည့်အရိပ်ကို ခိုရမည်နည်း။ တစ်နည်း သူတို့ကို မည်သူက သူကောင်းပြုမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com

(၄)

ဘဂရှင်မင်းတြားကြီးထံသို့ ပထမဆုံး အလျင်အမြန် ခစားလာသူကတော့ ဂန်ချုပ်ကြီးပင်။ တိတိကျကျဆိုသော် ဂန်ချုပ်ကြီးနှင့် သူ၏ကတော်တို့ ဖြစ်ကြသည်။

နှစ်ယောက်စလုံးက မည်မျှ အိပ်ရေးပျက်ထားကြသည် မသိ။ မျက်ကွင်းများချိုင့်ကာ ရှိရင်းစွဲထက် များစွာ ပိန်ချုံးသွားကြလေသည်။ ဘဂရှင်မင်းတြားကြီးနှင့် မယ်မယ်ဖျားတို့ကို တွေ့တွေ့ချင်းပင် ဒူးများထောက်ကာ ထိုင်လိုက်ကြသည်။ ထို့နောက်တွင် လွန်စွာ သောကဗျာပါဒ ရောက်နေသည့် အသံဖြင့် ဂန်ချုပ်ကြီးကတော်က စတင်ပြောကြားသည်။

"မယ်မယ်ဖျားရှင် ကြားရတဲ့သတင်းက များစွာတုန်လှုပ်မိပါတယ်၊ ဘဂရှင်မင်းတြားကြီးသာ အနားယူသွားခဲ့သည်ရှိသော် အကျွန်မျိုးတို့ ဘယ်သူ့အရိပ်မှာ ရှင်သန်နေထိုင်ရပါ့မလဲ၊ မယ်မယ်ဖျား ဖြေကြားတော်မူပါဦး"

ဘဂရှင်မင်းတြားကြီးတို့၏ အိမ်တော်သို့ တော်ရုံသူ လာရောက်ခွင့်မရှိပေ။ လာရောက်ခွင့် ရပါကလည်း အနေအထိုင် အပြောအဆို လွန်စွာဆင်ခြင်ရ၏။ အနေအထိုင် အပြောအဆို မတတ်၍ အမျက်တော်ရလျှင် လွန်စွာ အပြစ်ကြီးလေသည်။

ဘဂရှင်မင်းတြားကြီးနှင့် မယ်မယ်ဖျားတို့က ခြသေ့်နှင့် နဂါးပုံများ ထွင်းထုထားသည့် ကျွန်းထိုင်ခုံကြီးပေါ်တွင် ထိုင်ကြသည်။ ဧည့်သည်များအတွက်တော့ ထိုင်ခုံမရှိ။ ဒူးထောက်ကာ ကြမ်းပြင်တွင် ခစားရသည်။ ထို့အပြင် အခေါ်အပြောလည်း များစွာ ဆင်ခြင်ရသည်။ အထူးသဖြင့် မယ်မယ်ဖျားရှေ့တွင် ဖြစ်သည်။ မယ်မယ်ဖျားသည် သူ့ကိုယ်သူ နန်းမတော်မယ်န မျိုးရိုးမှ ဆင်းသက်လာသည်ဟု ယုံကြည်ထားသည်။ နန်းမျိုးနန်းနွယ် ဖြစ်သဖြင့် အိမ်တော်အတွင်းသို့ လာရောက်သူ မှန်သမျှ ထီးသုံးနန်းသုံး ခေါ်ပြောမှ ရွှေစိတ်တော် ကြိုက်တော်မူ၏။ ခါခါကြီးနှင့် မိုးသောက်ပန်းတို့တော့ ချွင်းချက်အနေနှင့် အိမ်တော်ထဲတွင် တန်းတူနေထိုင် ပြောခွင့် ရှိလေသည်။

ဂန်ချုပ်ကြီးကတော်ဆိုလျှင် နေ့စဉ်နီးပါး အိမ်တော်သို့ အစားအသောက်များ ပို့နေသူဖြစ်သလို မယ်မယ်ဖျားကိုလည်း နင်းနှိပ်ပေးခွင့် ရထားသူဖြစ်သော်လည်း အိမ်တော်ထဲတွင်တော့ အိမ်တော်စည်းကမ်းအတိုင်းသာ ခေါ်ပြောနေထိုင်ရ၏။

"ဒီက သမီးတော် သားတော်တို့ကို ပစ်မသွားပါနဲ့ မယ်မယ်ဖျား"

ဂန်ချုပ်ကြီးကတော်၏ အသံသည် ပြောရင်းပြောရင်း တိမ်ဝင်သွား၏။ မျက်နှာပေါ်က တွန့်နေသော အရေးကြောင်းများက တဖြည်းဖြည်း ရှုံ့လာ၏။ ညိုနေရာမှ မည်းလာသည်။ မျက်ရည်စများပင် ကျလာပါတော့သည်။

မယ်မယ်ဖျားက ခေါင်းကို ဖြည်းညင်းစွာ ရမ်းလိုက်သည်။

"ညည်းတို့ကို ပစ်မထားပါဘူးဟဲ့၊ စိတ်ချစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com

ဂန်ချုပ်ကြီးကတော်ထံမှ မည်သည့်အသံမျှ ပြန်ထွက်မလာ၊ ပါးပေါ်က မျက်ရည်စများကိုသာ လက်ဖမိုးနှင့် သုတ်နေသည်။

"ဒီမှာ၊ ညည်းတို့ ဘဂရှင်မင်းတြားကြီးက ညည်းတို့ ဒုက္ခရောက်အောင် ဘယ်နှစ်ခါ လုပ်ဖူးလို့လဲ၊ ညည်းတို့တွေကို ထာဂရစောင့်ရှောက်ပေးမှာပါဟဲ့။ ကဲ... ကဲ... တိတ်စမ်းပါဦး၊ ငိုမနေပါနဲ့၊ မောင်တော်ကလည်း သူတို့စိတ်ချမ်းသာအောင် တစ်ခုခုပြောပေးလိုက်ပါဦး"

"အဟမ်း..."

ဘဂရှင်မင်းတြားကြီးက ချောင်းဟန့်ကာ စကားစရန် ပြင်လိုက်သည်။ ဂန်ချုပ်ကြီးနှင့် ကတော်တို့မှာတော့ ခေါင်းပင် မမော့ရဲကြရှာ။ ဘဂရှင်မင်းတြားကြီး၏ စကားတစ်ခွန်းသည် သူတို့ဘဂပင် ဖြစ်သည်။ ဘဂရှင်မင်းတြားကြီး သွားစမ်းဟု ဆိုလိုက်တာနှင့် အထုပ်လေးဆွဲကာ မွေးရပ်အညာသို့ ပြန်ရမည်မဟုတ်လား။

"တကယ်တော့ ကျုပ်တပည့်တွေ၊ ကျုပ်နောက်လိုက်တွေ ဒုက္ခရောက်အောင် ကျုပ်က လုပ်ပါ့မလား၊ အခု ကျုပ် အနားယူသွားမယ်ဆိုတာ မှန်တယ်၊ ဒီမိုကရေစီပြောင်းမယ်ဆိုတာလည်း မှန်တယ်၊ ဒါပေမယ့် အဲဒီ ဒီမိုကရေစီစနစ်မှာလည်း ကျုပ်တပည့်တွေပဲ ခေါင်းဆောင်မှာပဲ သဘောပေါက်လား"

ဘဂရှင်မင်းတြားကြီး မိန့်ကြားနေသည်များကို ဂန်ချုပ်ကြီးအနေဖြင့် လိုက်မမီ။ မျက်လုံးလေး အဝိုင်းသားနှင့် ဘဂရှင်မင်းတြားကြီးကို ကြည့်နေသည်။ ဘဂရှင်မင်းတြားကြီးက စိတ်ထဲကနေ တစ်ချက်ပြုံးလိုက်သည်။ သူ လူရွေးမှန်ပြန်ပြီ။ သူ့စီမံကိန်းထဲတွင် ဂန်ချုပ်ကြီးကဲ့သို့ ထုထုအအလူမျိုး များများရှိဖို့ လိုသည်။ ကိုယ့်ဦးနောက်နှင့်ကိုယ် ထွင်းဖောက် ဆင်ခြင်နိုင်သူမျိုးဆိုလျှင် အဆင်ပြေမည်မဟုတ်။ သူ ကြိုးဆွဲရာ အလိုက်သင့် ကနိုင်ကြမည်မဟုတ်။ ဂန်ချုပ်ကြီး သဘောပေါက်အောင် ဘဂရှင်မင်းတြားကြီးက အသေးစိတ်ရှင်းပြလိုက်သည်။

ဒီမိုကရေစီစနစ်ကို ဖော်ဆောင်မည်။ ဒီမိုကရေစီစနစ်သည် အာဏာရှင်စနစ်လောက် ခက်ခဲနက်နဲမှုမရှိ။ မဲများများရလျှင် ပြီးပြီ။ ထို့ကြောင့် နည်းပေါင်းစုံနှင့် ဘဂရှင်မင်းတြားကြီး၏ လူများ မဲများများရအောင် လုပ်ရမည်။ နည်းပေါင်းစုံမှ နည်းပေါင်းစုံ။ မည်သည့်နည်းဖြင့် မည်သို့ပင်လုပ်လုပ် မဲများဖို့သည်သာ အဓိက။ မဲများများရပြီးလျှင် ဘဂရှင်မင်းတြားကြီး စိတ်ကြိုက် လူတစ်ယောက်ကို သမ္မတအဖြစ် တင်မြှောက်မည်။ ထိုသူမှာ အခြားမဟုတ်။

"အဲဒီလူက မင်းပဲ၊ ကျုပ်တို့အဖွဲ့ထဲမှာ ကျုပ်သဘောအကျဆုံးကတော့ မင်းပဲ"

ဘဂရှင်မင်းတြားကြီးက ဂန်ချုပ်ကြီးကို လက်ညှိုးထိုးလိုက်သည်။

"အဲဒီတော့ အနာဂတ် မြန်မာနိုင်ငံ၊ တစ်နည်း ဒီမိုကရေစီ မြန်မာနိုင်ငံကြီးကို သမ္မတအဖြစ် ဦးဆောင်ပါ၊ ကျုပ်ခိုင်းတဲ့အတိုင်း တိတိကျကျ လုပ်ပါ... ဟုတ်ပြီလား၊ ဖြစ်တယ်မဟုတ်လား"

"ဟ... ဟု... ဟု... ဟုတ်"

www.burmeseclassic.com

www.burmeseclassic.com

ဂန်ချုပ်ကြီးသည် စကားပင် ပြန်မပြောနိုင်တော့။ ဂမ်းသာလုံးက လည်ချောင်းဝတွင် စို့ကာ မည်သည့်အသံမှ ထွက်မလာနိုင်။ သူ ထင်ထားသည့်က ဘဂရှင်မင်းတြားကြီး အနားယူသွားလျှင် သူတို့ပါ အနားယူရမည်။ ဘဂပျက်တော့မည်။ ယခုတော့ သူထင်သကဲ့သို့ မဟုတ်။ လက်ရှိ ဂန်ချုပ်ကြီးမှနေ သမ္မတကြီးပင် ဖြစ်ပေဦးမည်။

ဂန်ချုပ်ကြီးနှင့် သူ၏ ကတော်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်သည်။ မျက်လုံးများတွင် မျက်ရည်များ မရှိတော့။ အနာဂတ်သစ်များဖြင့် တဖိတ်ဖိတ် အရောင်တောက်လျက်။ ထို့နောက် ပြိုင်တူလုပ်မိကြသည်မှာ...

လက်အုပ်လေးများ ချီ၍ ဦးသုံးကြိမ် ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၅)

ဘဂရုင်မင်းတြားကြီး ထင်သည့်အတိုင်းပင်။ ဂန်ချုပ်ကြီးပြန်သွားပြီး နောက်ရက်များတွင် အိမ်တော်သို့ ဂန်ကြီးများ၊ ဂန်လေးများ၊ ဗိုလ်ကြီးများ၊ ဗိုလ်လေးများ တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြ၏။ အမှန်တွင် ဘဂရုင်မင်းတြားကြီးကို အိမ်တော်တွင် တွေ့ခွင့်ရဖို့ဆိုသည်မှာ မလွယ်ကြ။ ဂန်ကြီး တော်တော်များများပင် ဘဂရုင်မင်းတြားကြီး၏ အိမ်တော်သို့ ရောက်ဖူးကြသည် မဟုတ်။ ယခုအချိန်မှာသာ တွေ့ခွင့်တောင်းသမျှကို လက်ခံတွေ့ဆုံနေခြင်း ဖြစ်သည်။

အိမ်တော်သို့ ရောက်လာသမျှ ဂန်ဗိုလ်အပေါင်းတို့အတွက်လည်း ဒီမိုကရေစီခေတ်တွင် ထမ်းရွက်ဖို့အတွက် ရာထူးများ အဆင်သင့် ရှိပြီးသားပင်။ ရာထူးပေးဖို့ဆိုတာကလည်း ခက်လှသည်မဟုတ်။ လက်ရှိထမ်းဆောင်နေသော ဂန်ကြီးဌာနမှ တခြားဌာန တစ်ခုသို့ ပြောင်းလိုက်ရုံသာ။

ဘဂရုင်မင်းတြားကြီး၏ ဒီမိုကရေစီစနစ် ဆိုသည်မှာလည်း ထိုအရာပင် ဖြစ်လေသည်။ ဒီဘက်ကလူကို ဟိုဘက်ပို့မည်။ ဟိုဘက်ကလူကို ဒီဘက်ပို့မည်။ ဂန်ကြီးဌာနတွေ အပြောင်းအလဲ ဖြစ်မည်။ စစ်ဘောင်းဘီကနေ ချိတ်ပုဆိုး ပြောင်းဂတ်ရမည်။ ဒီမိုကရေစီကို ပြောင်းခြင်းသည် ပေါင်မုန့်ကို ယိုသုတ်သလောက်ပင် ဘဂရုင်မင်းတြားကြီးအတွက် မခက်။ ဘယ်ဘက်ကလူကို ညာဘက်ပို့၊ ညာဘက်ကလူကို ဘယ်ဘက်ပို့။ သိပ်ကြည့်မရတဲ့ကောင်မျိုးဆိုလျှင် ချောက်ထဲပို့။ ဒါပဲ...။

အမှန်တကယ်တော့ ဘဂရုင်မင်းတြားကြီးသည် သူ့ဂန်ဗိုလ်အပေါင်းတို့အား သူအနားယူတော့မည့်အကြောင်းနှင့် ဒီမိုကရေစီစနစ် ပြောင်းတော့မည့်အကြောင်း ပြောကြားသည့် အစည်းအဝေးတွင် ဘယ်သူက ဘယ်ရာထူးယူဟု အလွယ်တကူ ပြောခဲ့လို့ရသည်။ သို့သော် တမင် မပြောခဲ့ခြင်းပင်။

နောက်ကွယ်ကနေ ကြိုးကိုင်မည့် လူတစ်ယောက်အတွက် အရေးကြီးဆုံးသည် ဘာဖြစ်မည်နည်း။ အရေးကြီးဆုံးမှာ သူကြိုးဆွဲရာကမည့် အဖွဲ့ကြီးတစ်ဖွဲ့လုံး စည်းလုံးမှုမရှိဖို့ပင်။ ထိုအဖွဲ့ကြီးသာ စည်းလုံးနေပါက သူ့ကိုဂိုင်းလိမ်နိုင်မည်။ ဖုံးဖိထားနိုင်မည်။ သမ္မတနှင့် ဒုသမ္မတ နေရာများအတွက် မတည့်သည့်သူများကို လျာထား၏။ လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများကိုလည်း သဘောထား မတိုက်ဆိုင်သည့်သူ နှစ်ယောက်ကို လျာထား၏။

ဂန်ကြီးဌာနများတွင်လည်း ထိုနည်းလည်းကောင်းပင်။ ဂန်ကြီးနှင့် ဒုဂန်ကြီးများ စည်းလုံးညီညွတ်နေသည်ဟူ၍ မရှိစေရ။ ထိုမှသာ တစ်ဦးကိုတစ်ဦး ချောက်တွန်းဖို့ အမြဲစောင့်ကြည့်နေမည်။ အမှားတစ်ခုခု လုပ်လိုက်သည်နှင့် ဘဂရုင်မင်းတြားကြီးထံ တိုင်စာများ တန်းစီးဂင်လာလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

အိမ်တော်တို့ ရောက်လာသည့် သူတိုင်းကိုလည်း မည်သည့်နေရာတွင် မည်သို့ တာဝန်ထမ်းဆောင်ရမည်ကို ဘဂရှင်မင်းတြားကြီးကိုယ်တိုင် မှာကြားသည်။ ထို့အပြင် ဂန်တစ်ပါးနှင့် တစ်ပါး Check & Balance ရှိရမည့်အပြင် ပွင့်လင်းမြင်သာမှုရှိရှိ ဘဂရှင်မင်းတြားကြီးထံ သတင်းပေးပို့ တင်ပြရမည်ကိုပါ ပြောကြား၏။ ထို့အပြင် ဒီမိုကရေစီခေတ်တွင် မိမိတို့ ထမ်းဆောင်ရမည့် တာဝန်နှင့် ဌာနများကို ယခုအချိန်တွင် လျှို့ဝှက်ထားရမည်ဖြစ်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုရေးနှင့် ရွေးကောက်ပွဲတွင် အနိုင်ရဖို့ကိုသာ အာရုံစူးစိုက်ထားပါရန် ပြောကြား၏။

ထိုသို့ ပြောကြားရသည်မှာ အကြောင်းရှိသည်။ ဘဂရှင်မင်းတြားကြီးခမျာ အနားယူသွားသည့်တိုင်အောင် မိမိအရိပ်အာဂါသအောက်မှ သားတပည့်များအပေါ် လွှန်စွာ စောင့်ရှောက်သည့် မေတ္တာရှင်ကြီးတစ်ပါးကဲ့သို့ လည်းကောင်း၊ နောက်လိုက်များ၏ အနာဂတ်ကို အစဉ်ချောမွေ့အောင် ဆောင်ရွက်ပေးနိုင်သည့် ခေါင်းဆောင်ကြီးတစ်ပါးကဲ့သို့လည်းကောင်း ယုံမှတ်လာကြသည်။ ထို့နောက် ဘဂရှင်မင်းတြားကြီးတို့အတွက် မိမိတို့၏ တစ်ဘဝစာကို ပုံအပ်ချင်စိတ်များ ဖြစ်လာကြကုန်၏။ ဘဂရှင်မင်းတြားကြီး၏ သစ္စာတော်ကို သက်ဆုံးတိုင် ခံယူသွားမည်ဆိုသည့် အတွေးများ တစ်ကိုယ်လုံး ဟုန်းဟုန်းတောက်နေအောင် လုပ်လိုက်ခြင်းပင်။

သို့သော်...

ဒီမိုကရေစီနှစ်တွင် အလွန်အရေးပါသော ရာထူးများပေးရန် လျာထားသည့် နှစ်ယောက်။ လက်ရှိအချိန်တွင် ဘဂရှင်မင်းတြားကြီးပြီးပါက ရာထူးအကြီးဆုံးသူနှစ်ယောက်။ အရေးပါဆုံးသူ နှစ်ယောက်။ သူ့ဆီကို ရောက်မလာ။ ဘဂရှင်မင်းတြားကြီး၏ ခြေတော်ရင်းသို့ ဂင်ရောက်မခစား။

ဘာဖြစ်လေသနည်း။ ဒင်းတို့တတွေမှာ အားကိုးရှိလေပြီလား၊ အကြံအစည်း တစ်ခုခု ရှိလေပြီလား။ ဘာတွေလုပ်နေကြသနည်း။

www.burmeseclassic.com

www.burmeseclassic.com

(၆)

နေပြည်တော် တစ်ခုလုံးတွင် အုံးအုံးကျွတ်ကျွတ် ဖြစ်နေသည့်အချိန်တွင် တည်ငြိမ်အေးဆေးနေသည့်သူနှစ်ယောက်မှာတော့ ဒုဆောင်ကြီးနှင့် ကာဆောင်ကြီးတို့ ဖြစ်ကြသည်။

ဒီမိုကရေစီပဲ ပြောင်းပြောင်း၊ ဒီမိုကရေဆန်ပဲ ပြောင်းပြောင်း ဒုဆောင်ကြီးအနေနှင့် စိတ်မဂင်စား။ ဘဂရှင်မင်းတြားကြီးခိုင်းသည့်အတိုင်း အလိုက်သင့် လုပ်ပေးမည်။ အချိန်တန်၍ နျူကလီးယားစက်ရုံကြီး ပြီးသွားပါက မြောက်ကိုရီးယားအကူအညီဖြင့် အာဏာသိမ်းမည်။ ထိုအခါ ဘဂရှင်မင်းတြားကြီးထက် အာဏာစက် ပိုပြင်းသည့် ခေါင်းဆောင်သစ် ဖြစ်လာမည်။ ကာဆောင်ကြီးကိုလည်း ယခု သူ၏ ရာထူးဖြစ်သည့် ဒုဆောင်ကြီးရာထူးကဲ့သို့ပင် တိုင်းပြည်၏ ဒုတိယခေါင်းဆောင်အဖြစ် သတ်မှတ်ပေးသည်။

အာဏာရပြီးရင် ဘာလုပ်မလဲ...။ တိုင်းပြည်၏ အာဏာထွဋ်ခေါင်တစ်ပါး ဖြစ်လာလျှင် ဘာလုပ်မလဲ။ ဒုဆောင်ကြီး အမြဲတမ်း စဉ်းစားနေသည်မှာ ထိုအရာပင် ဖြစ်သည်။ စဉ်းစားလိုက်တိုင်းလည်း အရသာရှိလှသည်မှာလည်း ထိုအရာပင်။

အရင်ဆုံးအနေဖြင့် အရက်ချက်စက်ရုံကြီးများ တိုင်းနှင့်ပြည်နယ်အပုမ်း တည်ထောင်မည်။ နိုင်ငံတကာ အရက်ကုမ္ပဏီကြီးများကို ဖိတ်ကြား၍ နေပြည်တော်တွင် မြေနေရာများ အခမဲ့ ထောက်ပံ့ကာ ရုံးခန်းများ၊ ပြခန်းများ တည်ဆောက်ခိုင်းမည်။ အရက်ဟူသမျှ အခွန်မဆောင်ရ။ အရက်တစ်ပုလိမ်းဂယ်တိုင်း အသည်းအားတိုးဆေး တစ်ကတ် အခမဲ့ ထောက်ပံ့မည်။ အရက်သောက်ဖို့အတွက် အသက်ကန့်သတ်ချက် မရှိစေရ။ အရက်သမားတိုင်းအတွက် အထူးကျန်းမာရေး စောင့်ရှောက်ခွင့်ရမည်။ အရက်သောက်ပြီး ကားမကလို့ လေယာဉ်ပဲ မောင်းမောင်း မောင်းပိုင်ခွင့် ရှိရမည်။ မြန်မာနိုင်ငံသည် ကမ္ဘာတွင် ယမကာလုလင်တို့၏ သုခဘုံ ဖြစ်စေရမည်။

ထိုအခါ တစ်ကမ္ဘာလုံးက ယမကာလုလင်အပေါင်းတို့ မြန်မာပြည်သို့ အလုံးအရင်း ဂင်ရောက်လာကြမည်။ တစ်ကမ္ဘာလုံးရှိ ယမကာလုလင် အပေါင်းတို့၏ ဆုံရပ်ဖြစ်လာမည်။ အပြည်ပြည်ဆိုင်ရာ အရက်ပွဲတော်ကြီးများ၊ နိုင်ငံတကာ အရက်သောက် ဖိတ်ခေါ်ပြိုင်ပွဲများပါ နှစ်စဉ် ကျင်းပမည်။ ယမကာခရီးသွားဧည့်သည်များထံ နိုင်ငံခြားဂင်ငွေများ ရရှိကာ တိုင်းပြည်ဘဏ္ဍာပင် တိုးပွားလိမ့်ဦးမည်။

"ယမကာ သုခမဟာ ပြည်မြန်မာ"

ဟုပင် သူ၏ စီမံကိန်းကြီးကို တစ်ယောက်တည်း ကျိတ်၍ အမည်ပေးထားသေး၏။ အဆိုပါ စီမံကိန်းကြီးသည် တိုင်းပြည်၏ဘဏ္ဍာငွေများ တိုးပွားစေရုံသာမက နိုင်ငံရေးအရလည်း များစွာ အကျိုးရှိပေမည်။ ဒုဆောင်ကြီးသည် ဘဂရှင်မင်းတြားကြီးကဲ့သို့ အာဏာရှင် မဖြစ်ချင်။ ပြည်သူတွေကို အကြောက်တရားဖြင့် မအုပ်ချုပ်ချင်။

www.burmeseclassic.com

www.burmeseclassic.com

ပြည်သူတွေကို အမှောက်တရားဖြင့်သာ အုပ်ချုပ်မည်။ တိုင်းနှင့် ပြည်နယ်အဂုမ်း ယမကာသမားများ တိုးသထက်တိုး၊ ပွားသထက်ပွားအောင် ဆောင်ရွက်မည်။ အဆိုပါ ယမကာသမားများ အစဉ်အမြဲ မူးနေအောင်လည်း ယမကာများ ဖြည့်ဆည်းပေးမည်။ ထိုအခါ ဒုဆောင်ကြီးထံမှ အာဏာပြန်သိမ်းဖို့လည်း မည်သူမှ စဉ်းစားနိုင်မည် မဟုတ်။ လမ်းပေါ်ကနေ ဆန္ဒလည်း ပြနိုင်ကြမည် မဟုတ်။ အဘယ့်ကြောင့်ဆိုသော် ပြည်သူပြည်သားများအားလုံး မူးပြီး မှောက်နေကြ၍ ဖြစ်လေသတည်း။

နျူကလီးယား လက်နက်အတွက်လား။ အဆိုပါ နျူကလီးယား လက်နက်ကတော့ မြောက်ကိုရီးယားက ကြည့်စီစဉ်လိမ့်မည်။ ဖြစ်နိုင်လျှင် ဒုဆောင်ကြီးသည် မြန်မာတပ်မတော်ကြီးကိုပါ ဖျက်သိမ်းပစ်ချင်သည်။ ဘဂရင်မင်းတြားကြီး မိသားစု အသုံးစရိတ်ပြီးလျှင် လက်ရှိ မြန်မာနိုင်ငံ၏ ဘဏ္ဍာငွေအကုန်လုံးမှာ တပ်မတော်ဖြစ်သည်။

ဒုဆောင်ကြီး၏ `ယမကာ သုခမဟာ ပြည်မြန်မာ´ စီမံကိန်းကြီးသာ အောင်မြင်သွားလျှင် တပ်မတော် လိုအပ်တော့မည် မဟုတ်။ နယ်စပ်ရှိ တိုင်းရင်းသား လက်နက်ကိုင်တွေလည်း စစ်တိုက်စရာ မလိုတော့။ အကုန်လုံး မူးကာ မှောက်နေကြမည် မဟုတ်လား။ မြန်မာ့တပ်မတော်ကြီးသည် စစ်တိုက်စရာ မလိုတော့။ မူးနေရုံသာ ရှိသည်။ ထို့ကြောင့် တပ်မတော်ကို အပြီးအပိုင် ဖျက်သိမ်းမည်။ လက်နက်တွေအစား အရက်ပုလင်းများသာ ဝယ်တော့မည်။ တစ်တိုင်းပြည်လုံး အချိန်ပြည့် မူးနေသည့် နိုင်ငံမျိုးကိုလည်း မည်သည့်နိုင်ငံကမှ ကျူးကျော်သိမ်းပိုက်ချင်မည် မဟုတ်။ မသကာ ရန်လာစ တိုက်ခိုက်လာပါကလည်း နျူကလီးယားစက်ရုံကြီး ရှိလေသည်ပဲ။ နျူကလီးယားနဲ့ ထုလိုက်ရုံသာ။ ထိုမျှမကသေးလျှင် မြောက်ကိုရီးယား တပ်မတော်ကို ငှား၍ တိုက်လို့ရသေး၏။ တိုင်းပြည်၏ ကာကွယ်ရေးအတွက် မြောက်ကိုရီးယား လက်ထဲသာ ထည့်ထားလိုက်ရုံသာ။ မြောက်ကိုရီးယားသည် ကမ္ဘာတွင် စစ်သည်အင်အား အများဆုံးနိုင်ငံ မဟုတ်ပေလား။ မြောက်ကိုရီးယား အရှိန်ဖြင့် မြန်မာပြည်ကို မျက်စောင်းတောင် ထိုးရဲကြမည် မဟုတ်။

ဘာလိုသေးသနည်း။ ဒုဆောင်ကြီးလက်ထဲတွင် အာဏာရသွားပါက တစ်တိုင်းပြည်လုံး ငြိမ်းချမ်းသာယာမည်။ အရက်လေးသောက်ကာ အချိန်ပြည့် ထွေနေနိုင်မည်။ တောင်ပေါ်မြေပြန့် ခွဲခြားမှုမရှိ။ သွေးရင်းသားရင်းပမာ လက်ရည်တပြင်တည်း သောက်ကြရုံသာ။ ပြည်တွင်းစစ်ကြီးလည်း မရှိတော့ ဒုက္ခသည်တွေလည်း ရှိတော့မည် မဟုတ်။

သတင်းစာ၊ ဂျာနယ်တွေလည်း ရေးစရာရှိတော့မည် မဟုတ်။ အချိန်ပြည့် မှောက်နေကြသဖြင့် စာဖတ်ဖို့ မည်သူ့မှာ အချိန်ရှိမည် မဟုတ်။ စာပေစိစစ်ရေးပင် မလိုဘဲ စာပေဆိုသည်မှာ အလိုလို ပျောက်ကွယ်သွားလိမ့်မည်။ တိုင်းပြည်တွင် ပညာတတ်၊ ပညာမဲ့၊ ချမ်းသာ၊ ဆင်းရဲဟူ၍လည်း လူတန်းစားအလွှာများ ရှိတော့မည် မဟုတ်။ အရက်သမား

www.burmeseclassic.com

www.burmeseclassic.com

တစ်လွှာသာ ရှိလိမ့်မည်။ ကားလ်မဲစ်၊ အိန်ဂျယ်တို့၏ ကျမ်းများထက်ပင် ပြည့်စုံသော ဆင်းရဲချမ်းသာ ခွဲခြားမှုမရှိသည့် လောကနိဗ္ဗာန်ကြီးကို လက်တွေ့ တည်ထောင်နိုင်ပေတော့မည်။

ဒုဆောင်ကြီးသည် သူ၏စီမံကိန်းကြီးကို တွေးမိလေတိုင်း ကျေနပ်၏။ ဂမ်းသာ၏။ သူ၏ စီမံကိန်းကြီး မုချအောင်မြင်ရမည်ဆိုသည့် သန္နိဋ္ဌာန်ဖြင့် ပုလင်းလက်ကျန် နောက်ဆုံးခွက်ကို တစ်ကျိုက်တည်း မော့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

(၇)

မြင်မြင်ရသမျှ အံ့ဩစရာကြီးများပင်။ မြန်မာပြည်တွင် ဒါမျိုးတွေ ရှိသည်ဟု သိပါသော်လည်း ယခုလောက်တော့ မထင်ထားမိ။ ကိုယ့်ကိုယ်ကိုယ် အမေရိကားသို့ပင် ပြန်ရောက်နေသလားဟု ဇွဲမောင် ထင်နေမိသည်။

မိုးသောက်ပန်းက ဇွဲမောင်အိမ်သို့ ကိုယ်တိုင်ကိုယ်ကျ ကားမောင်း၍ လာခေါ်သည်။ လာခေါ်သည့်ကားက လန်ဗော်ဂနီ (Lamborghini) ပြိုင်ကား။ အမေရိကားတွင် ဆလီဘရစ်တီများနှင့် သူဌေးများသာ စီးနိုင်သည့် ကားမျိုး။ ဒေါ်လာ သန်းချီတန်သည်။ လက်ဗီးဂစ်မှာ တစ်ခါနစ်ခါသာ ခပ်လှမ်းလှမ်းက မြင်ခဲ့ဖူးသော သူ့အတွက် ယခုတော့ ကိုယ်တိုင်ကိုယ်ကျ စီးခွင့်ရလေပြီ။

ကျင်းတွေ ချိုင့်တွေနှင့် နံချာလှသော ရန်ကုန်လမ်းများပေါ်တွင် အခုလို ကားအကောင်းကြီး စီးနေရသည်မှာ မျောက်လို အင်္ဂလန်ဘုရင်မကြီး၏ သရဖူဆောင်းပေးသကဲ့သို့ပင် အဟပ်အစပ် မတည့်လှ။ မိုးသောက်ပန်းကတော့ အေးအေးလူလူပင်။ အစားအသောက်များ အကြောင်းပြောကာ ပြိုင်ကားအကောင်းစားကြီးကို အရှိန်ပြင်းပြင်း မောင်းနှင်လျက်ရှိသည်။ မိုးသောက်ပန်းသည် သူထင်ထားသည့်ထက်ပင် ဗဟုသုတ ပြည့်စုံသည့်သူတစ်ယောက်ပင်။ နိုင်ငံတကာ အစားအသောက်များအကြောင်း၊ ယမကာများအကြောင်း နှံ့နှံ့စပ်စပ် သိသူပင်ဖြစ်သည်။

မိုးသောက်ပန်း၏ ကားကို စီးနေရင်းမှ တစ်စုံတစ်ခု ထူးခြားနေသည်ဟု ခံစားမိသည်။ ကြာလာမှ တဖြည်းဖြည်း သဘောပေါက်လာသည်။ သူတို့သွားနေသည်မှာ ညဖြစ်သဖြင့် အတန်ငယ် ကားရှင်းသည်မှာ မှန်သော်လည်း မီးပွိုင့်တစ်ခု မိခြင်းမရှိ။ မိုးသောက်ပန်းကား မရောက်ခင်ကတည်းက မီးပွိုင့်များအားလုံး စိမ်းနေ၏။ တချို့ မီးပွိုင့်များတွင်ဆို မော်တော်ပီကယ်များပင် ထွက်၍ လမ်းရှင်းပေးနေကြသည်။ မိုးသောက်ပန်း ကားလာမှာမို့လို့ တမင်း လမ်းရှင်းပေးနေတာလား၊ ဒါမှမဟုတ် တခြားအရေးကြီး ပုဂ္ဂိုလ်များ လာဖို့ ရှိလို့လားဟု ဇွဲမောင်က မေးလိုက်သည်။

မိုးသောက်ပန်းက ကားမောင်းနေရင်းမှ သူ့ကို အလန့်တကြား လှည့်ကြည့်သည်။

"ဒီမယ် ကိုဇွဲမောင်... ဒီနိုင်ငံမှာ ခင်ဗျားထက် အရေးကြီးတဲ့ အရေးကြီးပုဂ္ဂိုလ် ဘယ်သူများ ရှိဦးမှာလဲ၊ ကျွန်တော်ကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့ရတဲ့ ဧည့်သည်ဆိုလို့ ခင်ဗျားတစ်ယောက်တည်း ရှိသေးတယ်၊ နောက်ပြီး ကျွန်တော်က ကားမောင်းရင် စိတ်မရှည်ဘူး၊ မီးပွိုင့်တွေဘာတွေ စောင့်ရလောက်အောင် ကျွန်တော့်မှာ အချိန်ပို မရှိဘူး။ ဒါကြောင့် ကျွန်တော် ကားမောင်းတော့မယ်ဆိုရင် ဘယ်အချိန်က ဘယ်အချိန်အတွင်း ဘယ်လမ်းပေါ်မှာ ကျွန်တော်သွားမယ်၊ လမ်းရှင်းထားဖို့ အမြဲမှာထားလေ့ရှိတယ်"

"ဩော်..."

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့မောင်၏ `ဩ´မှတစ်ပါး ဘာမှမပြောနိုင်။ ကားလမ်းပေါ်မှာ မီးပွိုင့်မိတာ အချိန်ဖြုန်းတယ်ဆိုပဲ။ ဒါဆို အခုညကရော။ သူ့ကို ညစာကျွေးတာ အထူးပြုစုလိုသည်ဆိုပြီး ဘားတစ်ခုသို့ သွားနေခြင်းပင်။ အဆိုပါ ဘားမှ ထိုင်တာကရော အချိန်ဖြုန်းတာ မဟုတ်ဘူးလား။ ဖွဲ့မောင်က အတွေးထဲတွင် မေးခွန်းများ ထုတ်နေ၏။

တကယ်တော့ ဖွဲ့မောင်တို့လို ပညာရှင်များသည် ဘားထိုင်ခြင်း၊ တခမ်းတနား ညစာထွက်စားခြင်းမျိုးကို ပိုက်ဆံနှင့် အချိန်ဖြုန်းတီးခြင်းဟု မြင်လေ့ရှိကြသော်လည်း မိုးသောက်ပန်းတို့လို စီးပွားရေးသမားများအတွက်တော့ ထိုသို့မဟုတ်။ ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် မြင်သည်။ စီးပွားရေးသဘော ဆက်ဆံရာမှာ မိတ်ဆွေအဆင့်သို့ တိုးနိုင်သည်။ သောက်ကြ၊ စားကြ၊ ဆိုကြနှင့် တစ်စုံတစ်ခု သတင်းအစအနများ ရခဲ့လျှင် စီးပွားရေးသမားအတွက် များစွာ အကျိုးဖြစ်ထွန်းနိုင်သည်။ ထိုအရာမျိုးဆိုသည်မှာ စာချုပ်ချုပ်၍ သိလို့ရသည့် အရာမျိုး၊ ပိုက်ဆံပေး၍ ဝယ်လို့ရသည့်အရာမျိုး မဟုတ်ပေ။

ယခု ဖွဲ့မောင်ကို ကိုယ်တိုင်ကိုယ်ကျ ကားမောင်း၍ ဧည့်ခံခြင်းသည် သာမန်စီးပွားဘက်အချင်းချင်း ဧည့်ခံရသည်ထက် ပိုသည်။ တစ်နည်း ဧည့်ခံသည်ဟု ပြော၍ခက်ပေသည်။ တာဝန်ထမ်းဆောင်နေသည် ဆိုပါက ပိုမှန်သည်။ တာဝန်တောင် ရိုးရိုးတာဝန် မဟုတ်။ ဘဂရှင်မင်းတြားကြီးက တိုက်ရိုက်ညွှန်ကြားခဲ့သည့် တာဝန်ဖြစ်သည်။

ဘဂရှင်မင်းတြားကြီး၏ စီမံကိန်းမှာ တဖြည်းဖြည်း ရုပ်လုံး ပေါ်လာလေပြီ။ ဘဂရှင်မင်းတြားကြီး စိတ်ကြိုက် ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေကြီးလည်း ရတော့မည်။ အဆိုပါ ဥပဒေကြီးကို ထောက်ခံဖို့လည်း စနစ်တကျ ပြင်ဆင်ပြီးလေပြီ။ ထို့နောက်တွင် ရွေးကောက်ပွဲများ ပြုလုပ်ကာ သမ္မတများ၊ ဒုသမ္မတများ ခန့်အပ်ရတော့မည်။ ထိုသမ္မတများ၊ ဒုသမ္မတများ၊ ဝန်ကြီးများသည် ဘဂရှင်မင်းတြားကြီး၏ လက်ထွက်တပည့်ရင်းများ ဖြစ်သည်မှာ မှန်သော်လည်း ထိုထဲကမှ ဖွဲဖောက်လာသူများလည်း ပါလာနိုင်သည်။ အာဏာသည် အရာရာကို ပြောင်းလဲစေနိုင်သည်။ ထိုကဲ့သို့ သူ့တပည့်များ စိတ်မဖောက်ပြန်သွားမီ အချိန်အတွင်း နျူကလီးယား လက်နက်ရဖို့ အရေးကြီးသည်။

အမေရိကန်ဘက်က အစစအရာရာ ကူညီမည်ဆိုတာ မှန်သော်လည်း အခုအချိန်ထိ ဖွဲ့မောင်နှင့် လျှို့ဝှက်သံမှူးတို့မှလွဲကာ အခြားတစ်စုံတစ်ယောက်နှင့်မျှ ဆုံစည်းခဲ့ဖူးခြင်း မရှိ။ အမှန်ဆိုလျှင် အမေရိကန်သမ္မတအနေနှင့် ဘဂရှင်မင်းတြားကြီးကို တရားဝင်တွေ့ဖို့ မလွယ်သည်ကို သိသော်လည်း တခြားအဆင့် အရာရှိကြီး တစ်ယောက်ယောက်နှင့်တော့ တွေ့သင့်သည် မဟုတ်လား။ ယခု ဖော်ဆောင်နေသည့် စီမံကိန်းသည် သေးသေးကွေးကွေး မဟုတ်။ ကမ္ဘာနှင့်ချီ အရေးပါသော စီမံကိန်းကြီးပင်။

ထို့ကြောင့် မိုးသောက်ပန်းကို တာဝန်တစ်ခု ပေးလိုက်သည်။ ဖွဲ့မောင်ကို ညတစ်ညဖိတ်ကာ အထူးစပါယ်ရှယ် ပြုစုရန်။ ဖွဲ့မောင်နှင့် ရင်းနှီးမှု ပိုရရန်နှင့် ဖွဲ့မောင်ထံမှ တတ်နိုင်သမျှ သတင်းများ

www.burmeseclassic.com

www.burmeseclassic.com

နိုက်ယူရန်အတွက် ဖြစ်သည်။ မိုးသောက်ပန်းသည် အမေရိကရှိ သတင်းပေးများကို ယုံကြည်သော်လည်း ထပ်မံသေချာရန် စုံစမ်းခိုင်းရခြင်း ဖြစ်သည်။ တော်ကြာ ဇာတ်မျောကြီး ဖြစ်သွားပြီး ဘကြီးမမီ ထီးတင်ပွဲမမီနှင့် ကြားတွင် ယက်ကန်ယက်ကန် ဖြစ်နေမှာကို စိုးရိမ်မိလေသည်။

မိုးသောက်ပန်းသည် ဘဂရှင်မင်းတြားကြီး၏ မှာကြားချက်များကို ပြန်လည်ကြားယောင်နေရင်းမှာပင် သူ့ပြိုင်ကားကြီးသည် ဘားခန်းမရှေ့သို့ ရောက်ရှိသွား၏။

အပေါက်ဝရှိ အစောင့်များသည် ပြေးထွက်လာကာ တံခါးများ အလုအယက် ဖွင့်ပေးကြသည်။ ဖွဲမောင်နှင့် မိုးသောက်ပန်းတို့ကို ဘားပိုင်ရှင်ကိုယ်တိုင် အပေါက်ဝမှ ဆီးကြိုကာ VVIP ဝိုင်းသို့ ပို့ပေးသည်။ အမှန်တော့ ယခု ဘားသို့ လာနိုင်သည့်သူများသည် အကုန်လုံး VIP အသိုက်အဝန်းမှ လူများပင်။ ထို့ကြောင့် ဝိုင်းတိုင်းနီးပါးသည် VIP ဝိုင်းများ ဖြစ်နေသည်။ ထို့ကြောင့် ဘဂရှင်မင်းတြားကြီး၏ အရိပ်နှင့် ပိုမိုနီးစပ်သူများအတွက် VVIP ဆို၍ ထပ်မံစီစဉ်ထားရလေသည်။ ယခု မိုးသောက်ပန်းနှင့် ဖွဲမောင်၏ VVIP ဝိုင်းကတော့ အထူးတကာ အထူးရှယ်ဝိုင်း ဖြစ်သည်။ ဘားပိုင်ရှင် မိသားစုကိုယ်တိုင်ပင် ထိုင်ခွင့်မရှိ။ မိုးသောက်ပန်းနှင့် ဆုံးမြေးတို့၏ အထူးသီးသန့်ဝိုင်း ဖြစ်သည်။

ယခု ဘားပိုင်ရှင်သည်လည်း မယ်မယ်ဖျား၏ တူ၏ ဇနီး၏ မောင်၏ ယောက်ဖ၏ တစ်ဝမ်းကွဲအစ်ကို ဖွင့်ထားသည့် ဆိုင်ဟု ဆိုလေသည်။ မြန်မာနိုင်ငံရှိ ဘားများ၊ ကေတီဗီများ၊ ဘီယာဆိုင်ကြီးများ၊ အနှိပ်ခန်းများသည် မယ်မယ်ဖျား၊ ဘဂရှင်မင်းတြားကြီးတို့၏ အစွယ်အပွား ဆွေမျိုးအများစုသာ လုပ်ပိုင်ခွင့်ရှိကြသည့် လုပ်ငန်းများ ဖြစ်သည်။ ဘဂရှင်မင်းတြားကြီးနှင့် မယ်မယ်ဖျားတို့၏ ဆွေမျိုးရင်းချာများကတော့ ထိုကဲ့သို့ အလုပ်များ မလုပ်။ ကျွန်းသစ်ထုတ်သည့် လုပ်ငန်းများ၊ ရေနံရှာဖွေရေး လုပ်ငန်းများ၊ တွင်းထွက်လုပ်ငန်းများ အစရှိသဖြင့် တစ်ပြားရင်းလျှင် တစ်သန်းလောက်မြတ်သည့် လုပ်ငန်းများ လုပ်ကိုင်ကြသည်။

အထက်ဆိုသလိုပင် ယခုဘားသည် မယ်မယ်ဖျား၏ အရင်အဖျား ဆွေတော်မျိုးတော် ပိစိလေးက ဖွင့်ထားသဖြင့် မိုးသောက်ပန်းကဲ့သို့သော မယ်မယ်ဖျား၏ အနီးကပ် ပုဂ္ဂိုလ်ကြီးအတွက် ဗီဗီအိုင်ပီ အထူးသီးသန့်နေရာ ပြင်ဆင်ထားပေးရခြင်း ဖြစ်သည်။

အထူးသီးသန့်ဝိုင်း၏ အနက်ဖွင့်ဆိုအံ့။ ထိုဝိုင်းမှနေ၍ ဘားတစ်ခုလုံးကို မြင်နေရသည်။ သို့သော် ဘားအတွင်းက သူများသည် ထိုဝိုင်းကို မမြင်နိုင်။ အဆိုပါဝိုင်းသို့လည်း သွားချင်တိုင်း သွားလို့မရ။ မိုးသောက်ပန်း ခွင့်ပြုသည့်သူများသာ ဝင်ခွင့်ရသည်။ စားပွဲထိုး၊ အရက်ငှဲ့ပေးသူ၊ ကြိုဆိုသူ အကုန်လုံးသည် ကောင်မလေးများသာ ဖြစ်သည်။ ကောင်မလေးဆိုသည်တောင်မှ အသက်နှစ်ဆယ်မကျော်သော အိမ်ထောင်မရှိသော ကောင်မလေးငယ်ငယ် ချောချောလေးများသာ ဖြစ်သည်။ အဆိုပါ ဗီဗီအိုင်ပီ ဝိုင်းအတွက်သာ သီးသန့်ခန့်အပ်ထားသော

www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးများ ဖြစ်သည်။ ယမကာများ၊ အစားအသောက်များ မှာချင်သလို မှာနိုင်၏။ မရမရှိ ဖြစ်အောင် စီမံထားသည်။

ဖွဲ့မောင်အတွက်တော့ မြင်မြင်သမျှ အံ့သြစရာချည်းသာ။ မြန်မာပြည်တွင် ဒါမျိုးတွေရှိသည်ဟု သိပါသော်လည်း ယခုလောက်တော့ မထင်ထားမိ။ ကိုယ့်ကိုယ်ကိုယ် အမေရိကားသို့ပင် ပြန်ရောက်နေသလားဟု ဖွဲ့မောင် ထင်နေမိသည်။ မဟုတ်။ အမေရိကားမှာပင် ယခုလောက် မပြည့်စုံ။

မိုးသောက်ပန်းနှင့် ဖွဲ့မောင်တို့အတွက် ယူလာပေးသည့် အရက်ပုလင်းများကိုလည်း ကြည့်ပါဦး။ ကော့ညက်၊ ဂီစကီ၊ တက်ကီလာ၊ ဗော့ကာရဲ အမျိုးအစား အစုံအလင်။ အမျိုးစား စုံလင်တာ အကြောင်းမဟုတ်။ တံဆိပ်များပင်။ လူဂစ် ဆယ့်သုံး၊ နှစ် ငါးဆယ် ရှိုင်ရယ်စလု၊ ဒီဟာဗော့ကာရဲ၊ တက်ကီလာ လေရဲ... အစရှိသဖြင့် သူ့ဘဝတွင် နာမည်သာ ကြားဖူးပြီး အပြင်တွင် မတွေ့ဖူးသည့် အရက်ပုလင်း၊ အကုန်လုံးသည် မြန်မာငွေနှင့် တွက်ပါက သိန်းရာကျော် တန်ဖိုးရှိ အရက်ပုလင်းများချည်းပင်။ ဖြစ်နိုင်လျှင် အကုန်လုံးကို နည်းနည်းစီ မြည်းပစ်လိုက်ချင်သည်။ ကံဆိုးချင်တော့ ဖွဲ့မောင်သည် အရက်မသောက်တတ်။ မသောက်တတ်သည်ထက်ပိုသော် အရက်နှင့် မတည့်ဟု ဆိုရမည်။ နည်းနည်းသောက်ပြီး များများမူးသည့် လူစားမျိုး။

"ဆောရီးဗျာ... ဒီပုလင်းတွေကိုတော့ အားနာပါရဲ့၊ ကျွန်တော် မသောက်တတ်တာက ခက်တယ်"

ဖွဲ့မောင်က ယဉ်ယဉ်ကျေးကျေး ငြင်းလိုက်၏။

"ဒီရောက်မှ ဘာမှမသောက်ရင် ခြောက်ကပ်ကပ်ကြီး နေမှာပေါ့ဗျာ၊ ဝိုင်လောက်တော့ ချပါဗျ"

ဝိုင်။ ဖွဲ့မောင်အနေဖြင့် မငြင်းသာ။ ဘားခန်းမှအလယ်ရှိ ကပွဲကြမ်းပြင်ထက်တွင် ဂီစကီခွက်များ ဘီယာပုလင်းများ ကိုယ်စီကိုင်ကာ ကနေကြသည့် ပျိုမေတို့ကို မျက်နာပူမိ၍ ဝိုင်တော့ လက်ခံလိုက်သည်။ မိုးသောက်ပန်းက မျက်ရိပ်တစ်ချက် ပြလိုက်သည်နှင့် စားပွဲထိုး ပျိုဖြူတစ်သိုက်က အရက်ပုလင်းများ ပြန်ယူသွားကာ ဝိုင်ပုလင်းများဖြင့် ပြန်ရောက်လာပြန်၏။

ဖွဲ့မောင် ထင်သည့်အတိုင်းပင်။ ပြန်ယူလာသည့် ဝိုင်ပုလင်းများသည် တကယ့် တန်ဖိုးကြီး ရှားပါး ပုလင်းများပင်။ တန်ဖိုး အတိအကျ မသိသော်လည်း ပုလင်းပေါ်တွင် ရိုက်နှိပ်ထားသည့် ခုနှစ်များကို ကြည့်၍ ခန့်မှန်းနိုင်သည်။ သက်တမ်း နှစ်ငါးဆယ်အောက် တစ်လုံးမှ မပါ။ မိုးသောက်ပန်းက ကြိုက်ရာ ပုလင်းတစ်လုံးကို ရွေးခိုင်းသဖြင့် အီတလီဟု ထင်ရပြီး သူအသံမထွက်တတ်သော ပုလင်းကို ရွေးပေးလိုက်သည်။ ကောင်မလေးတစ်ယောက်က ပုလင်းကို ဖောက်ကာ ဖော့ဆို့လေးကို ပန်းကန်လေးပေါ်တင်၍ ချထားပေးသည်။

ထိုမျှလောက် တန်ဖိုးကြီးသော ပုလင်းများသည် မိုးသောက်ပန်းအတွက် သီးသန့်ထားတာလား၊ ဒီကိုလာတဲ့သူတိုင်း ဂယ်သောက်နိုင်သလားဟု ဖွဲ့မောင် စဉ်းစား၍မရ။

www.burmeseclassic.com

www.burmeseclassic.com

ထို့အတူ စဉ်းစားချင်စိတ်များလည်း ပျောက်သွား၏။ ပိုင်နစ်ခွက်လောက် ကုန်သွားသည့်အခါ စိတ်များကြွလာသည်။ ပိုင်တစ်ခုတည်းကြောင့်တော့ မဟုတ်။ မြူးကြွသည့် ဂီတသံကြောင့်လည်း ပါသည်။ ဂီတသံ တစ်ခုတည်းကြောင့်ပင် မဟုတ်။ တဖျပ်ဖျပ် တောက်ပပြိုးပြက်နေသည့် ရောင်စုံမီးဆလိုက်များကြောင့်လည်း ပါသည်။ မီးစလိုက်တစ်ခုတည်းကြောင့် မဟုတ်။ အဆိုပါ မီးစလိုက်များ၊ ဂီတသံများနှင့်အတူ စည်းချက်ကျကျ လွင့်မျောနေသည့် အလှဘုရင်မတစ်ဆူကြောင့်လည်း ပါသည်။

ဖွဲ့မောင်သည် ထိုဘုရင်မလေးကို မည်မျှငေးနေမိသည် မသိ။ မိုးသောက်ပန်း ပြောလိုက်သည့် စကားကိုပင် မကြား။

"ဗျာ... ဘာပြောလိုက်တာလဲဗျ"

ဖွဲ့မောင်က ပြန်မေးသည့်အခါ မိုးသောက်ပန်းက ထပ်မပြောတော့။ ဖွဲ့မောင်ကြည့်သည့်နေရာသို့ ကြည့်လိုက်ပြီး ဖွဲ့မောင်ကို အဓိပ္ပါယ်ပါပါ ပြုံးပြသည်။ ထို့နောက် သူတို့နှင့် မနီးမဝေးတွင် စောင့်နေသည့် နတ်သမီးလေးတစ်ပါးကို ခေါ်လိုက်သည်။ အနားသို့ရောက်လာသည့်အခါ မိုးသောက်ပန်းက နားနားသို့ကပ်၍ ခပ်တိုးတိုး တစ်စုံတစ်ခု မှာကြားနေ၏။

"အင်း..."

မိုးသောက်ပန်းသည် ဖွဲ့မောင်ရှေ့ရှိန် ခွက်လွတ်ထဲသို့ ပိုင်များ ထပ်ငှဲ့ပေးလိုက်သည်။

"ခင်ဗျား သူ့ကို သိလို့လား"

"ဘယ်သူ့ကိုလဲဗျ"

"လုပ်ပါဗျ ကိုဖွဲ့မောင်၊ အချင်းချင်းတွေပဲ၊ ဘာမှ ဟန်ဆောင်မနေစမ်းပါနဲ့၊ ဒီမှာ ခင်ဗျားမှတ်ထားဖို့ရာ ဒီဘာထဲမှာ ခင်ဗျားထက် အရေးပါတဲ့ ဧည့်သည် မရှိဘူးဆိုတာပဲ၊ ဒီထဲမှာရှိသမျှ ခင်ဗျား သဘောရှိ မနောရှိ လုပ်နိုင်တယ်နော်"

ဖွဲ့မောင်က မိုးသောက်ပန်းစကားကို သဘောကျကာ တစ်ချက်ပြုံးလိုက်၏။

"ကဲ.. ဒါဆိုလည်း ခင်ဗျားအကြည့်အောက်က ကောင်မလေးကို ခေါ်လိုက်ပြီနော်"

"ဟား... ဟား... ဟား... ဟား..."

တချို့က ရှက်၍ရယ်သည်။ တချို့က ပျော်၍ရယ်သည်။ တချို့ကတော့ ဘာပြောရမှန်းမသိ၍ ရယ်သည်။ ဖွဲ့မောင်နှင့် မိုးသောက်ပန်းတို့၏ ရယ်မောခြင်းသည် နောက်ဆုံး အမျိုးအစားထဲတွင် ပါဝင်သည်။

"ခင်ဗျား တော်တော် အကောင်းကြိုက်တာပဲ၊ တကယ်တော့ သူက ရုပ်ရှင်မင်းသမီးဗျ၊ မင်းသမီးတောင် ရိုးရိုး မင်းသမီး မဟုတ်ဘူး၊ လောလောလတ်လတ် အကယ်ဒမီ ရထားတဲ့ တိုင်းရင်းသူ မင်းသမီးလေးဗျ၊ တိုင်းရင်းသူလေးဆိုတော့ အပြုအစုကလည်း ဘာကောင်းသလဲ မမေးနဲ့ပေါ့ဗျာ၊ သူ့ အကယ်ဒမီရအောင်တောင် ကျွန်တော်ပဲ ပြောပေးလိုက်တာလေ"

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့မောင် ပါးစပ်တစ်ခုလုံး အာစေးထည့်ထားသကဲ့သို့ စေးပိုင်ကာ ဘာမှပြန်မပြောနိုင်။ အပြုအစုက ဘာကောင်းသလဲ မမေးနဲ့ဆိုသည့် အသံသာ အကြိမ်ကြိမ်ကြားကာ ကြက်သီးများ ထနေ၏။

"သူ့နည်းက... အင်း... သူ့နည်းက သူလာမှသာ ကိုယ့်ဘာသာကိုယ် မေးဗျာ၊ ဘာမှ အားနာစရာမလိုဘူး၊ ခင်ဗျားစိတ်ထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားဖို့ရာ ဒီမှာ ခင်ဗျားက..."

မိုးသောက်ပန်းက စကားစပေးလိုက်သည်။ ဖွဲ့မောင်က အလိုက်သင့် ပြန်ဖြေသည်။

"အရေးတကာ အရေးကြီးဆုံး ဗိဗိအိုင်ပီ"

"ဟုတ်တယ်ဗျာ၊ ဒီထဲမှာ ခင်ဗျားလိုချင်တာ မှန်သမျှ..."

မိုးသောက်ပန်းက ထပ်တောက်ပေးသည်။ ဖွဲ့မောင်ကလည်း အတိုင်အဖောက်ညီညီ...

"အကုန်... အကုန် ရတယ်ဗျာ"

ပြောကာ တဟားဟား ရယ်ကြပြန်၏။ သိပ်မကြာလိုက်။ တိုင်းရင်းသူလေး ရောက်လာ၏။ မိုးသောက်ပန်းက ဖွဲ့မောင်နှင့် မိတ်ဆက်ပေးသည်။ ထို့နောက် တစ်ယောက်တစ်ခွက် သောက်ကြပြန်၏။ ဖွဲ့မောင်တို့အတွဲ လွတ်လွတ်လပ်လပ် ရှိရန် မိုးသောက်ပန်းက ကခန်းမထဲသို့ ဆင်းသွားသည်။ မိုးသောက်ပန်း ကပွဲကြမ်းပြင်ထက်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် ပတ်ပတ်လည်တွင် လုံခြုံရေးများက ဝိုင်းလိုက်သည်။ ကြမ်းပြင်ထက်ရှိ ယောကျ်ားလေးများ အကုန်အပြင်ထွက်ပေးရ၏။ မိုးသောက်ပန်းက သူတွဲကချင်သည့် ကောင်မလေး တစ်ယောက်ပြီးတစ်ယောက်နှင့် တွဲကသည်။ တစ်ခါတလေ နှစ်ယောက်။ တစ်ခါတလေ သုံးယောက်တွဲ။ စိတ်ထင်တိုင်း ကြဲနေ၏။

မိုးသောက်ပန်းနည်းတူ ဖွဲ့မောင်မှာလည်း စိတ်သွားတိုင်း ကိုယ်ပါနေ၏။ ပထမတစ်ပုလင်း ကုန်သွားသဖြင့် ကနေရာမှ ပြန်ရောက်လာသည့် မိုးသောက်ပန်းက နောက်တစ်ပုလင်း မှာရန် ဟန်ပြင်လိုက်သည်။ ဖွဲ့မောင်က မိုးသောက်ပန်းကို ပျာပျာသလဲ တားလေသည်။

"ကိုမိုးသောက်ပန်းရေ...."

"ဗျာ..."

မိုးသောက်ပန်းနှင့် ဖွဲ့မောင်တို့သည် ငယ်ပေါင်းကြီးဖော်များသဖွယ် ဖြစ်နေကြကာ တစ်ယောက်နှင့်တစ်ယောက် အတိုင်အဖောက် ညီနေကြသည်။

"အခုချိန်မှာ ကျုပ်လိုနေတာ အရည်မဟုတ်ဘူးဗျ၊ အငွေ့... အငွေ့"

"ဘာ... အငွေ့... ဟုတ်လား၊ ဟုတ်ပြီဗျာ... ကိုယ့်ဆရာက အငွေ့ဆိုတော့ ငွေ့စေသတည်းပေါ့... ဟုတ်ဘူးလား၊ ဒီထဲမှာ ခင်ဗျားလိုချင်သမျှ...."

ဟု မိုးသောက်ပန်းက စ,လိုက်ရာ...

"အကုန်.... အကုန် ရပ့်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့မောင်က စကားကို အဆုံးသတ်ကာ သူ့လက်ထဲက ရွှေမင်းသမီးလေးကို တင်တင်းကျပ်ကျပ် ဖက်လိုက်သည်။

ချက်ချင်းဆိုသလို သူတို့ဝိုင်းကို ကျူးဘားနိုင်ငံထုတ် ဆေးပြင်းလိပ်ကြီးများ၊ နိုင်ငံတကာထိပ်ခေါင် ဆေးလိပ်တံဆိပ်ပေါင်းစုံများ ရောက်ရှိလာသည်။

ဖွဲ့မောင်က ခေါင်းခါလိုက်သည်။

"မဟုတ်ဘူးလေ ကိုမိုးသောက်ပန်းရယ်၊ ကျွန်တော်ပြောတဲ့ အငွေ့ဆိုတာ အဲသလို အငွေ့မဟုတ်ဘူးလေဗျာ၊ ကျွန်တော်က ဓာတုဗေဒ ပညာရှင်မဟုတ်ဘူးလား၊ ဆိုတော့ကာ ဓာတုဗေဒဆေးပြားလေးတွေကို မီးမြိုက်ပြီး ဓာတ်ခွဲချင်တာလေဗျာ"

"ဟုတ်ပြီဗျာ"

မိုးသောက်ပန်းက ချက်ဆို နားခွက်က မီးတောက်သည်။

"ရစေရမယ်…"

မိုးသောက်ပန်း၏ ရစေရမယ်ဆိုတဲ့ စကားကို မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ဖွဲ့မောင်က ခေါင်းညိတ်လိုက်သည်။ ယခုလို တိုင်းပြည်၏ အုပ်ချုပ်ရေးပိုင်းမှ ဒိတ်ဒိတ်ကြဲ လူကြီးများ၏ သားသမီးများ လာရောက်သော ဘားကြီးအတွင်း အဆိုပါ တရားမဝင်မူးယစ်ဆေးပြားများ အလွယ်တကူ ရဖို့လွယ်မည်မထင်။

"ဟော… ဟောဒီမှာပါ"

ဖွဲ့မောင်၏ မယုံတစ်ဝက် ဆိုသည့်အတွေးကို ဖျက်ကာ အလုံးစုံ ယုံလိုက်ရပြီ။ မိုးသောက်ပန်း ပြောသည့် မရဘူးဆိုတာ မရှိဆိုသည့် စကားကို အကြွင်းမဲ့ ယုံလိုက်ရလေပြီ။

ကြည့်လေ…. စားပွဲထိုး ကောင်မလေးတစ်ယောက်က ပိုက်အတိုလေး လေးငါးချောင်း ယူလာသည်။ အဆိုပါ ပိုက်အတိုလေး၏ ထိပ်တစ်ဖက်ကို ဖွင့်လိုက်သည့်အခါ ဆေးပြားလေးများ ထွက်လာသည်။ တစ်နည်း ဖွဲ့မောင်၏ လောကနိဗ္ဗာန်ပြားလေးများ ထွက်ကျလာ၏။

ဖွဲ့မောင်မှာ ဟန်ပင်မဆောင်နိုင်။ ဆေးပြားလေးများ အငမ်းမရ ကောက်ယူကြည့်သည်။ မလွဲ။ သူသိပ်ကြိုက်သည့် ဓာတုဓာတ်ပေါင်းစုလေးများ။

"ခင်ဗျားကိုတော့ လေးစားသွားပြီဗျာ"

ဖွဲ့မောင်က မိုးသောက်ပန်းကို အလေးတစ်ချက် ပြုလိုက်သည်။ တကယ်ကို လိုတရ ဘားထဲရောက်နေသည်ပဲ။ နောက် စားပွဲထိုးကောင်မလေးက လက်နက်ကိရိယာများ ယူလာပေး၏။ ဓာတုဆေးပြားလေးများ ဓာတ်ခွဲဖို့ အဆင်သင့် ဖြစ်နေလေပြီ။ ဆိုတော့ကာ…

"ဖြောက်…"

မီးခြစ်ဖျားမှ မီးတောက်များက ရီဝေဝေ။ ဖွဲ့မောင်၏ အကြည့်များကလည်း ရီဝေဝေ။ သူ့ဘေးက အကယ်ဒမီ မင်းသမီးလေးကို ကြည့်လိုက်သည်။ တစ်ဖွာ နှစ်ဖွား အားရပါးရ

www.burmeseclassic.com

www.burmeseclassic.com

ရှိက်ပြီးသည့်အခါ ရွှေမင်းသမီးလေးကို လက်ဆင့်ကမ်းလိုက်သည်။ သူလေးကလည်း မငြင်း။ ရီဝေဝေ။

သူတစ်လှည့် ကိုယ်တစ်လှည့်နှင့် ခန္ဓာကိုယ်များ ပူးသထက် ပူး၊ ကပ်သထက် ကပ်။ ရီရီဝေဝေ အကြည့်ချင်းဆုံရာမှ နှုတ်ခမ်းချင်း စုံရာသို့ တိုးတက်လာ၏။ ဖွဲ့မောင်၏ လက်အစုံသည်လည်း ကမ္ဘာကျော် စန္ဒရားပညာရှင် တစ်ယောက်ကဲ့သို့ မင်းသမီး၏ ပေါင်တွင်းသားနုနုပေါ်တွင် ပြေးလွှားနေ၏။ မင်းသမီးလေးကလည်း အလိုက်သင့် မျက်လုံးအစုံမှိတ်ကာ ခါးသွယ်သွယ်လေးကို အသာစောင်းထားပေးသည်။ ကာရန်ညီ ကဗျာတစ်ပုဒ်ကို နှစ်ဦးသား စည်းချက်ညီညီ ရွတ်ဆိုနေကြ၏။

"အဟမ်း..."

မိုးသောက်ပန်း၏ အဟမ်းကြောင့် ဖွဲ့မောင်တို့အတွဲ ကိုယ်ရှိန်သတ်လိုက်သည်။

"သမီး အောက်ခဏ သွားကပါဦးလား၊ ဒီမှာ ကိုကြီးတို့ ပြောစရာရှိလို့..."

မင်းသမီးလေးက ပုံပျက်နေသည့် အဝတ်အစားများကို ပြုပြင်ကာ ကပွဲကြမ်းပြင်သို့ ဆင်းသွားသည်။

"ကိုယ့်ဆရာ ဘယ်လိုလဲဗျ၊ တယ် လက်မြန်ခြေမြန် ရှိပါလား"

ဖွဲ့မောင်မှာ ဘာမှ ပြန်မပြောနိုင်။ ရယ်သလို မောသလို လုပ်ကာ မိုးသောက်ပန်းဘက်သို့ ကမ်းပေးလိုက်သည်။ မိုးသောက်ပန်းက လက်ခါပြကာ...

"ကိုဖွဲ့မောင်ရေ.... ခင်ဗျားကို ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောစရာရှိတယ်ဗျာ၊ အရေးကြီးတယ်၊ ပြောလို့ဖြစ်ပါတယ်နော်၊ ခင်ဗျား အတော်ရောက်နေပြီလား..."

မိုးသောက်ပန်းက ဖွဲ့မောင်၏ မျက်နှာကို တစ်ချက်အကဲခတ်လိုက်သည်။ ဖွဲ့မောင်က `ပြောပါ... ရပါတယ်´ ဟု ဆိုကာ စကားဆက်ခိုင်းလိုက်သည်။

"ဒီလိုဗျာ... ကျွန်တော်တို့ စီးပွားရေး သမားတွေက နိုင်ငံရေးသမားတွေလို သွယ်ဝိုက်မပြောတတ်ဘူး၊ တည့်တည့်ပဲ ပြောချင်တယ်"

"ပြောပါ... ပြောပါ"

"ဘဂရှင်မင်းတြားကြီးအနေနဲ့ ကျွန်တော်တို့ရဲ့ ပရောဂျက်အပေါ် နည်းနည်း စိတ်ပူနေတယ်၊ ဒီလောက် အရေးကြီးတဲ့ ပရောဂျက်မှာ အမေရိကန်ဘက်က အရေးကြီးပုဂ္ဂိုလ်တစ်ယောက်နဲ့မှ မတွေ့ရသေးဘဲ ခင်ဗျားတစ်ယောက်တည်းနဲ့ တွေ့ရတဲ့အပေါ် နည်းနည်း ဘဂင်မကျ ဖြစ်နေပုံပေါ်တယ်"

ဖွဲ့မောင်က ချက်ချင်း ပြန်ဖြေမည်လုပ်ပြီးမှ တစ်စုံတစ်ခု အသိဝင်ကာ မိုးသောက်ပန်းကို ကပ်မေးလိုက်သည်။

"ဟိုနောက်မှာ စားပွဲထိုးလေးတစ်ယောက် ရှိတယ်၊ ကျွန်တော်တို့ အလုပ်အကြောင်း ပြောဖို့ သင့်တော်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com

"သူတို့ကိုလား..."

မလှမ်းမကမ်းတွင် ရပ်နေသည့် စားပွဲထိုးပျိုမလေးကို မိုးသောက်ပန်းက တစ်ချက် လှည့်ကြည့်လိုက်သည်။

"သူတို့အတွက်တော့ စိတ်သာချ၊ သူတို့က ဘဂမှာ နောက်ဆုံးပေါ် LV အိတ်ကိုင်ဖို့ရယ်၊ ဗစ်တိုးရီးယား စီးခရက် (Victoria's Secret) အတွင်းခံလေးတွေ ဝတ်ဖို့လောက်ပဲ စိတ်ဝင်စားကြတာ၊ ကျုပ်တို့ ပြောနေတာတွေကို စိတ်လည်း မဝင်စားဘူး၊ သိလည်း သိကြတာ မဟုတ်ပါဘူးလေ..."

မိုးသောက်ပန်းက ဖွဲ့မောင်ကို စိတ်ချလက်ချ ပြောနိုင်ရန် ရှင်းပြလိုက်သည်။

"ဟုတ်ပြီလေ... ဒီလိုဗျ၊ ကျွန်တော်တို့ရဲ့ စီမံကိန်းဟာ အမေရိကန်မှာလည်း ထိပ်တန်းလျှို့ဝှက် စီမံကိန်းပဲ၊ တော်ရုံ အရာရှိကြီးတွေတောင် မသိနိုင်တဲ့ စီမံကိန်းပါ။ ကုန်ကုန်ပြောရရင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးတောင် မသိတဲ့ စီမံကိန်းပဲ၊ နောက်ပြီး ဒီစီမံကိန်းကို လုပ်တဲ့အခါမှာလည်း အမေရိကန်တွေ နည်းနိုင်သမျှ နည်းနည်းပဲ ဒီကိုလာပြီး ပူးပေါင်းဆောင်ရွက်မှာ၊ များသောအားဖြင့် ကျွန်တော်ရယ်၊ ဒီက အင်ဂျင်နီယာတွေရယ်ပဲ လုပ်ကြရမှ အဓိကကတော့ ကျွန်တော်ပါပဲ၊ ဒါကြောင့် ကျွန်တော်တောင် ဒီကိုရောက်တာနဲ့ မြန်မာနိုင်ငံသားပြန်ဖြစ်အောင် အရင်ဆုံး လုပ်ရတာပဲလေ"

"ဟုတ်ပါတယ်၊ အဲဒါတွေ ကျုပ်သိပါတယ်၊ ဒါပေမယ့် ဘဂရှင်မင်းတြားကြီးက စိတ်ထဲမှာ မတင်မကျဖြစ်နေလို့ အခုလို ပွင့်ပွင့်လင်းလင်း မေးရတာပါဗျ"

"ဟာ... ရပါတယ်၊ မေးပါဗျာ... မေးပါ"

ဖွဲ့မောင်သည် အားရပါးရနှင့် ဓာတုဆေးပြားလေးများကို ဓာတ်ခွဲလိုက်သည်မှာ ဘယ်နှစ်ပြား ရှို့လိုက်မိသည်ပင် မမှတ်မိ။ သို့သော် အသိမဲ့လောက်သည်ထိတော့ မဖြစ်သေး။ မေးခွန်းတိုင်းကို သတိရှိရှိ ဖြေနိုင်သေး၏။

"နောက်တစ်ခုက အခုစီမံကိန်းက ရေရှည်စီမံကိန်း မဟုတ်လား အကယ်၍ အမေရိကန်ရဲ့ လက်ရှိသမ္မတ သက်တမ်းစေ့ပြီး နောက်သမ္မတအသစ် ရောက်လာတဲ့အခါ ကျုပ်တို့ရဲ့ စီမံကိန်းကို သဘောမတူတော့ပါဘူး၊ ဆက်မထောက်ပံ့နိုင်တော့ပါဘူး ဆိုပြီး ဖြစ်လာမှာကိုလည်း ဘဂရှင်မင်းတြားကြီးက စိုးရိမ်နေတယ်တဲ့"

အခုမှပင် စိတ်ရှင်းတော့သည်။ သူထင်သည့်အတိုင်းပင်။ ဒီနေရာကို အကြောင်းမဲ့သက်သက်ဖြင့် သူ့ကို ခေါ်လာမည်မဟုတ်။ အကြောင်းတစ်စုံတစ်ရာ ရှိရမည်ဆိုသည့် ဖွဲ့မောင်၏ အတွေးများ မှန်သွားလေပြီ။ သူကလည်း ပြောခွင့်ရှိသလောက် ပြောပြရန် တာဝန်ရှိသည်။ စီမံကိန်းကြီးတစ်ခုကို ရေရှည်လက်တွဲလုပ်ရန်မှာ တစ်ဦးနှင့်တစ်ဦး သံသယကင်းကင်းရှိဖို့ လွန်စွာအရေးကြီးပေသည်။ ထို့ကြောင့်ပင် ဖွဲ့မောင်က ခပ်သွက်သွက် ဖြေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"အင်း... ဒီလိုဗျ၊ အမေရိကားမှာ Think Tank ဆိုတဲ့ အဖွဲ့တစ်ဖွဲ့ ရှိတယ်၊ အဲဒီအဖွဲ့က သမ္မတရဲ့ လက်အောက်မှာရော၊ လွှတ်တော်ရဲ့ လက်အောက်မှာရော၊ စစ်တပ်ရဲ့ လက်အောက်မှာရော ဘယ်မှာမှ မရှိဘဲ သီးခြားရပ်တည်နေတဲ့ အဖွဲ့၊ အဲဒီအဖွဲ့ကို သမ္မတလည်း ဖျက်သိမ်းပိုင်ခွင့် မရှိဘူး၊ ဘာကြောင့်လည်းဆိုတာတော့ ကျွန်တော်မသိပေမယ့် အဲဒီအဖွဲ့က အမေရိကားမှာ အရေးပါဆုံး အဖွဲ့ဆိုတာတော့ ကျွန်တော်သိတယ်။ အဲဒီအဖွဲ့ထဲမှာ စီအိုင်အေတို့ အက်ဘီအိုင်တို့ ပင်တဂွန်းတို့က ထိပ်တန်းခေါင်းဆောင်တွေရော၊ နာဆာတို့၊ ဆီလီကွန်တောင်ကြားတို့က ထိပ်သီးပညာရှင်ရော ပါတယ်။ အခု ကျွန်တော်တို့ စီမံကိန်းကို အဲဒီအဖွဲ့က တိုက်ရိုက်ကိုင်တာ။ သမ္မတက တိုက်ရိုက်ကိုင်တာ မဟုတ်ဘူး၊ ဒီတော့ အခု လက်ရှိသမ္မတ မရှိတော့လည်း နောက်သမ္မတက ရောက်လာပြီး ကျွန်တော်တို့စီမံကိန်းကို ဖျက်တယ်ဆိုပြီး လုပ်လို့မရဘူး။ ဘာလို့လဲ... သိလား"

မိုးသောက်ပန်းတွင် အဖြေမရှိမှန်းသိသော်လည်း ဖွဲ့မောင်က မေးလိုက်၏။ မိုးသောက်ပန်းမှာ ဂီတသံများပင် မကြားနိုင်တော့။ ဖွဲ့မောင်ပြောမည့် စကားကိုသာ စိတ်ဝင်တစား နားထောင်နေ၏။

"ဘာလို့လဲဆိုတော့ အဲဒီအဖွဲ့ရဲ့ စီမံကိန်းတွေကို သဘောမတူနိုင်တဲ့သူက အိမ်ဖြူတော်ကိုလည်း သွားခွင့်မရှိဘူး၊ ဒီတော့ အဲဒီအဖွဲ့ဟာ သမ္မတက ခိုင်းတဲ့အဖွဲ့ မဟုတ်ဘူး၊ သမ္မတကို ခိုင်းတဲ့အဖွဲ့ သဘောပေါက်ပါတယ်နော်"

"အင်း... ဟုတ်ပြီ၊ ကောင်းတယ်ဗျာ၊ အခုလို ရှင်းရှင်းလင်းလင်း သိရတာ ခင်ဗျားပြောတာတွေအကုန် ဘဂရှင်မင်းတြားကြီးကို ပြန်ပြောလိုက်ပါ့မယ်... ဘဂရှင်မင်းတြားကြီးလည်း သဘောကျမှာပါ"

"ကဲ... ဒီတော့"

မိုးသောက်ပန်းက အချက်ပြသည်။ နောက်ထပ် ပိုက်တိုလေးများ ရောက်လာ၏။ တစ်နည်း ဓာတုဖွဲ့စည်းမှုလေးများ။

"ဒီလောက်ဆိုရင် လောက်မှာပါ၊ မလောက်လည်း ခင်ဗျားစိတ်တိုင်းကျ ထပ်မှာနိုင်တယ်၊ ခင်ဗျားက ဒီမှာ ဘာ..."

"ဗီဗီအိုင်ပီ"

ဖွဲ့မောင်က အားရပါးရ အော်လိုက်သည်။

"ဟုတ်ပြီ.... ရော့၊ ဒါ ကျွန်တော့်ကားသော့"

"ခင်ဗျားရဲ့ ပြိုင်ကားသော့ကြီးလား"

"ဟုတ်တယ်လေ"

"ဘာလုပ်ဖို့လဲ"

ဖွဲ့မောင်က ကားသော့ကိုကြည့်ကာ နားမလည်သဖြင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီကားက လူနှစ်ယောက်ပဲ ဆံ့တယ်၊ သုံးယောက်မဆံ့ဘူး၊ ဒီတော့ ရွှေမင်းသမီးလေးကို ခင်ဗျားနဲ့အတူ ခေါ်သွားချင်ရင် ကျွန်တော်လိုက်လို့ ဘယ်ဖြစ်မလဲ... ဟုတ်တယ်မဟုတ်လား..."

"ကျွန်တော်တို့က ဟုတ်ပါပြီ၊ ကိုမိုးသောက်ပန်းက ဘယ်လိုပြန်မလဲ"

မိုးသောက်ပန်းက တစ်ချက်ရယ်လိုက်သည်။

"ဒီမှာ ကျွန်တော်တို့က ဗီဗီအိုင်ပီလေဗျာ၊ အဲ့ဒါကို ဘယ်တော့မှ မမေ့နဲ့၊ ကျွန်တော် ပြန်ချင်လို့ ကျွန်တော့်ကို ပြန်လိုက်ပို့ပေးချင်တဲ့ ကားတွေ တန်းစီလိုက်စမ်းဆိုရင် ဒီကနေ အမေရိကားထိတောင် ကားတန်းကြီး ရှည်သွားဦးမယ်၊ သဘောပေါက်တယ်နော်"

မိုးသောက်ပန်းက ဖွဲ့မောင်လက်ထဲသို့ ကားသော့ထည့်ပြီး ထထွက်မည်အလုပ်မှ တစ်စုံတစ်ခုကို သတိရကာ ပြန်ထိုင်လိုက်သည်။

"ခင်ဗျားကို တစ်ခုတော့ မေးရဦးမယ်"

ဖွဲ့မောင်က ပြောပါဆိုသည့် သဘောဖြင့် ခေါင်းဆတ်ပြ၏။

"မနက်ကျရင် ခင်ဗျားရဲ့ ရွှေမင်းသမီးလေးကို ဒါပေးလိုက်ပါ"

မိုးသောက်ပန်းက သူလက်မှတ်ထိုးထားသည့် ချက်စာရွက်လွတ်တစ်ရွက် ထုတ်ပေးသည်။

"ဒီညပြီးရင်တော့ အပြီးမေ့လိုက်ပါ၊ ရင်ထဲမှာ ဘာမှမထားပါနဲ့၊ သူတို့တွေက ရေခဲမုန့်လိုပဲ၊ ရေခဲမုန့်ဆိုတာ အအေးဓာတ်မရှိရင် အရည်ပျော်ပြီး ပျောက်သွားတတ်သလိုပဲ၊ သူတို့လေးတွေကလည်း ဒါမရှိရင် အရည်ပျော်ပြီး ပျောက်သွားမှာပဲ"

မိုးသောက်ပန်းက လက်ညှိုးနှင့် လက်မကိုထိကာ ဝိုင်းပြသည်။

"ခင်ဗျားမှာ သူတို့ကို ခဲထားနိုင်လောက်တဲ့ ဒါမှမရှိရင်တော့ ချက်ချင်း အရည်ပျော်သွားလိမ့်မယ်၊ သဘောပေါက်တယ်နော်၊ ဟော... ပြောရင်းဆိုရင်း ခင်ဗျားရဲ့ ရေခဲမုန့်လေး ရောက်လာပါပြီဗျာ၊ စိတ်ရှိလက်ရှိသာ ပျော်ကြတော့ သွားလိုက်ဦးမယ်"

မိုးသောက်ပန်းက ပြောပြောဆိုဆိုနှင့် ထွက်သွားသည်။

ဖွဲ့မောင်၏ ပေါင်ပေါ်သို့ ရွှေမင်းသမီးလေးက ထိုင်လိုက်၏။ ဖွဲ့မောင်က အလိုက်သင့် ခါးလေးကို ဖက်လိုက်သည်။ ဘာလိုသေးလဲ၊ ဓာတုဆေးပြားလေးများ၊ ဒေါ်လာသန်းချီတန်တဲ့ ပြိုင်ကား၊ အလန်းစား မင်းသမီးလေးတစ်ပါး။ နီး.... ရိုးရိုးမင်းသမီး မဟုတ်၊ အကယ်ဒမီ မင်းသမီးလေး။ ပုရိသပေါင်းများစွာကို မြင်ရုံနှင့် ဟက်ထိုးလဲသွားအောင် ဆွဲဆောင်နိုင်သည့် ဖွံ့ဖွံ့ထွားထွား ခန္ဓာလုပ်ပိုင်ရှင် နတ်သမီးလေး။ ဘာလိုသေးသနည်း။

အမေရိကားတွင် ကုန်ခဲ့သည့် အချိန်များကိုပင် နမြောနေမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## CHAPTER - E

(၁)

နေပြည်တော်ရှိ ဂန်ဗိုလ်အပေါင်းတို့၏ ကတော်တပ်ရင်းကြီး အလုပ်အများဆုံးနေ့ကို ဖော်ပြပါဟု ဆိုလျှင် ယနေ့သာ ဖြစ်ပေလိမ့်မည်။ မြန်မာပြည်အဂှမ်းရှိ အဂတ်အစား ဒီဇိုင်းများ၊ အလှပြင် မာမီများအားလုံး နေပြည်တော်သို့ ရောက်ရှိနေကြသည်။ ဗိုက်ပူခါးတုတ် ကတော်ကြီးများကို မလှလှအောင် ပြင်ကြဆင်ကြရပေဦးမည်။ ပြင်ဦးလွင်က အဖြူရောင်ပန်းများ၊ ကချင်ပြည်နယ်က ငွေမင်ရောင် သစ်ခွပန်းများ။ ထို့အပြင် ပြင်သစ်နိုင်ငံက အထူးလေယာဉ်ဖြင့် ရောက်လာသည့် ဆင်စွယ်ရောင် နှင်းဆီပန်းပွင့်ကြီးများကလည်း နေပြည်တော်ကြီး တစ်ခုလုံးကို လွှမ်းခြုံသွားအောင်ပင် မွှေးနိုင်စွမ်း ရှိပေသည်။

နေပြည်တော် တစ်နယ်လုံး မွှေးပျံ့နေသည့် မွှေးရနံ့များသည် သာမန် မွှေးရနံ့များ မဟုတ်။ မင်္ဂလာမွှေးရနံ့များ၊ နေပြည်တော် တစ်ခွင်လုံး ပျော်ရွှင်နေကြသူများသည် ရိုးရိုးပျော်ရွှင်နေကြသူများ မဟုတ်။ မင်္ဂလာရှိရှိ ပျော်ရွှင်နေကြသူများ။ မင်္ဂလာမိုးများ ရွာပြီး မင်္ဂလာလေများ တိုက်ကာ မင်္ဂလာပန်းများပွင့်၍ မင်္ဂလာအပေါင်း ခညောင်းနေသည့် ရက်မြတ်မင်္ဂလာနေ့ တစ်နေ့ပင်။

အဘယ်ကြောင့်ဆိုသော် ဘဂရှင်မင်းတြားကြီး၏ အထွေထွေးဆုံး သမီးတော်လေး တစ်နည်း တော်ငယ်လေး၏ မင်္ဂလာရက်မြတ်အခါတော် ဖြစ်နေခြင်းကြောင့်ပင်။ မနက်စောစောပိုင်းတွင် ဘဂရှင်မင်းတြားကြီး၏ မိသားစု ကိုးကွယ်ရာ ဘုန်းတော်ကြီးကျောင်းသို့ အရဏ်ဆွမ်း သွားရောက်ဆက်ကပ်လှူဒါန်း၏။ ခါခါကြီး၏ အခါတော်ပေးချက်အရ ကြင်စဦး မင်္ဂလာမောင်နှံ ရာသက်ပန် ဘုန်းအာဏာ ထွန်းပြောင်ဖို့အရေး ဆင်ဖြူတော်ကြီးစီးကာ ဘုန်းကြီးကျောင်းသို့ သွားရသည်။

ဆင်ဖြူတော်ကြီးပေါ်မှ မင်္ဂလာသတို့သားနှင့် သတို့သမီးတို့ကို ကြည့်ရင်း ဘဂရှင်မင်းတြားကြီးနှင့် မယ်မယ်ဖျားတို့သည် ပီတိဂေဖြာ စိတ်လန်းဖြာလျက် ရှိကြသည်။ အထူးသဖြင့် မယ်မယ်ဖျား။ ဆင်ဖြူတော်ကြီးပေါ်မှ တင့်တယ်နေသည့် တော်တော်လေးကို ကြည့်မဂပေ။ မြန်မာတစ်ပြည်လုံးတွင် ဆင်ဖြူတော်ကြီးပေါ်သို့ တက်ဖူးသည့် အမျိုးသမီးဆို၍ တော်တော်လေးတစ်ဦးသား ရှိမည်။ မြင့်မြတ်လှသော ဆင်ဖြူတော်ပေါ်သို့ မည်သည့် အမျိုးသမီးမျှ တက်ခွင့်မရှိ။ တက်ဖို့မဆိုထားနှင့်၊ ဆင်ဖြူတော်၏ ဦးဆောင်ကိုပင် လက်ဖြင့်ထိခွင့်မရှိ။ မယ်မယ်ဖျားတို့မိသားစုက ဘုန်းကံမြင့်လွန်းသူများဖြစ်သဖြင့် ယခုကဲ့သို့ ဆင်ဖြူတော်ကြီးပေါ်သို့ တက်ခွင့်ရှိခြင်း ဖြစ်သည်။

တစ်နည်း မယ်မယ်ဖျားတို့သည် နန်းမတော်မယ်နုမျိုးမှ ဆင်းသက်လာသည့် မင်းမျိုးမင်းနွယ် တော်ဂင်မိသားစု ဖြစ်ခြင်းကြောင့်သာ ယခုကဲ့သို့ ဆင်ဖြူတော်ကြီးကို စီးခွင့်ရခြင်းပင်။ အရဏ်ဆွမ်းကို ဆက်ကပ်လှူဒါန်းရာတွင် မည်သည့်အခက်အခဲမှ မရှိ။ မင်္ဂလာရှိရှိ

www.burmeseclassic.com

www.burmeseclassic.com

ဖြုတ်သန်းအောင်မြင်ခဲ့၏။ သို့သော် နေ့လယ် ဧည့်ခံပွဲမစခင်မှာတော့ မမျှော်လင့်ထားသည့် အဖုအထစ်လေးတစ်ခု ပေါ်လာ၏။

ခါခါကြီး၏ အခါတော်များအရ မင်္ဂလာနေ့ တစ်နေ့လုံးတွင် မင်္ဂလာဇနီးမောင်နှံသာမက မင်္ဂလာဆွေတော်မျိုးတော်များ အားလုံးသည် ဆင်စွယ်ရောင်များသာ ဝတ်ဆင်ရမည်။ ထုံးဖွဲ့ဆင်ယင်ရမည်။ အဘယ့်ကြောင့်ဆိုသော် မင်္ဂလာသတို့သားသည် ဗုဒ္ဓဟူးနေ့ဖွား ဖြစ်နေသောကြောင့်ပင်။ ထို့ကြောင့် အရှက်ဆွမ်းကပ်ရာ ဘုန်းတော်ကြီးကျောင်းသို့ ဆင်ဖြူတော်စီးကာ သွားရောက်စေခြင်းပင်။ ထိုမှသာ တော်တော်လေးသည် သတို့သားအပေါ် အထက်မှ ရာသက်ပန် စီးထားနိုင်မည်ဆိုသည့် အတိတ်မျိုးပင်။

ထို့အတူ ဘဂရှင်မင်းတြားကြီး မိသားစုဝင်များအားလုံးသည်လည်း ဆင်စွယ်ရောင်များ ဆင်ယင်ခြင်းအားဖြင့် ဗုဒ္ဓဟူးသား သတို့သား၏ အစွယ်များသည် သူတို့မိသားစု၏ အဆောင်အယောင်မျှသာ ဖြစ်စေရမည်ဆိုသည့် အခါတော်ဖြစ်သည်။ ထို့ကြောင့်လည်း ခန်းမကြီးတစ်ခုလုံးကို ဆင်စွယ်ရောင်များနှင့်သာ အလှဆင်ထားသည်။ မင်္ဂလာမောင်နှံ စီးမည့် ကားကလည်း ဆင်စွယ်ရောင်၊ အဝတ်အစားများကလည်း ဆင်စွယ်ရောင်၊ ဖိနပ်ပင်လျှင် ဆင်စွယ်ရောင်အဖြစ် စီစဉ်ထား၏။ ထို့အတူ မင်္ဂလာသတို့သမီး ဝတ်ဆင်မည့် လက်ဝတ်ရတနာများကို ရွေးချယ်ရာတွင်လည်း ဆင်စွယ်ရောင်နှင့် အနီးစပ်ဆုံးဖြစ်သည့် စိန်နှင့် ပုလဲကိုသာ ရွေးချယ်ထားလေသည်။

သို့သော် ပုလဲကိုသာ အရန်သဘောမျိုးသာ ထားရှိကာ စိန်ကိုသာ အဓိက ဆင်မြန်းမည်ဖြစ်သည်။

မယ်မယ်ဖျားကလည်း သူ၏ သမီးတော်လေး မင်္ဂလာဆောင်တွင် သာမန်စိန်မျိုးဝတ်ကာ ပွဲထွက်မှာကို မလိုလား။ မြန်မာနိုင်ငံ၏ အာဏာထွဋ်ခေါင် မိသားစု ဝတ်ဆင်မည့် စိန်မျိုးသည် ပြစ်မျိုးမှဲ့မထင် တော်ဝင်စိန်မျိုးသာ ဖြစ်ရမည်။ အမှန်တော့ တော်တော်ကြီးသည် စိန်ဂါသနာအိုး ဖြစ်သည်။ နျူကလီးယားလက်နက်သာ ရပါက တော်အာဖရိကရှိ စိန်တွင်းကြီးများကို နျူကလီးယားလက်နက်နှင့် ခြိမ်းခြောက်ကာ သိမ်းယူဖို့ စိတ်ကူးရှိသူ ဖြစ်သည်။ သူ့တွင်လည်း စိန်ရတနာများ စုဆောင်ထားသည်မှာ မနည်းမနော။ စိန်တစ်ဆင်စာမက၊ ငါးဆင် ခြောက်ဆင်စာမျှ ရှိသည်။ သို့သော် မယ်မယ်ဖျားသည် တော်တော်ကြီးထံတွင် ရှိသည့် စိန်များကိုပင် စိတ်တိုင်းမကျသေးပေ။

မြန်မာပြည်တွင်သာမက ကမ္ဘာပေါ်တွင်ပါ အကောင်းဆုံးဆိုသည့် စိန်ကောင်းစိန်သန့်များနှင့်သဇ သမီးလှရတနာလေးကို ပွဲထွက်စေချင်၏။ သို့သော် ထိုကဲ့သို့သော ကမ္ဘာရှားပါးစိန်မျိုးမှာ ပိုက်ဆံရှိတိုင်းလည်း ဝယ်၍မရပေ။ ရောင်းသူရှိမှ ဝယ်နိုင်သည့် အဖြစ်မျိုး။ မယ်မယ်ဖျားနှင့် ဘဂရှင်မင်းတြားကြီး ခေါင်းတောက်အောင် ရှာကြသည်။ နိုင်ငံတကာရှိ လက်လှမ်းမှီသလောက် ကုန်သည်ကြီးများထံတွင် စုံစမ်းသည်။ တချို့ကတော့ ယူလာပြသည်။

www.burmeseclassic.com

www.burmeseclassic.com

ကွာလတီကောင်းသည်မှာ မှန်သော်လည်း သမိုင်းတန်ဖိုး မရှိ။ သမိုင်းတန်ဖိုး ရှိပြန်တော့ ကွာလတီကို စိတ်တိုင်းမကျ။ မယ်မယ်ဖျား လိုချင်သည်မှာ ကွာလတီလည်း ကောင်းသော၊ သမိုင်းတွင်လည်း ခမ်းနားခဲ့သော ရှေးစိန်ကြီးမျိုး ဖြစ်သည်။

ကံကောင်းချင်တော့ မင်္ဂလာရက်မြတ်အလို တစ်ပတ်လောက်မှ မိုးသောက်ပန်းဆီက သတင်းကောင်း ဝင်လာသည်။ မယ်မယ်ဖျားဆန္ဒနှင့် ထပ်တူကျမည့် စိန် ရှာတွေ့ပြီဟု ဆိုသည်။ တွေ့တာတောင် ရိုးရိုးမဟုတ်။ တစ်ဆင်စာ ကွက်တိဖြစ်သည်။ မယ်မယ်ဖျားက ဘယ်နိုင်ငံက တွေ့တာလဲ၊ အခုချက်ချင်း အထူးလေယာဉ်နဲ့ သွားကြရအောင်ဟု မိုးသောက်ပန်းကို ပြောလိုက်သည့်အခါ မိုးသောက်ပန်းက ရယ်လေသည်။ ဘယ်နိုင်ငံကမှ မဟုတ်၊ မြန်မာပြည်ထဲကပင် ဖြစ်သည်။

မယ်မယ်ဖျား အံ့သြသည်။ သူတို့မိသားစုတွင် ရှိသည့် စိန်များထက်ပင် ပိုကောင်းသည့် စိန်မျိုးကို တခြားမြန်မာမိသားစု တစ်စုတွင် ရှိနေသည်ကို လွန်စွာ အံ့သြသည်။ မိုးသောက်ပန်းလို လူမျိုးထံတွင်ပင် သူတို့ထက်ကောင်းသည့် စိန်မျိုး မရှိ။ မယ်မယ်ဖျားကိုယ်တိုင် မိုးသောက်ပန်းနှင့်အတူ ရန်ကုန်သို့ ဆင်းသွားကာ အဆိုပါ မိသားစုထံမှ စိန်များကို သွားရောက်ကြည့်ရှုလေ၏။

တကယ်ပင် ကောင်းမွန်သော အဖိုးမဖြတ်နိုင်သည့် စိန်ရတနာများပင်။ မယ်မယ်ဖျား လိုချင်သည့် ပြစ်မျိုးမှဲ့မထင်သည့် ကွာလတီမျိုးဖြစ်သလို သမိုင်းဝင် ရှေးဟောင်းစိန်များလည်း ဖြစ်သည်။ အဆိုပါစိန်ပိုင်ရှင်များသည် မျိုးရိုးစဉ်ဆက် ချမ်းသာကြသည့် မိုးကုန်က ကျောက်တွင်းသူဌေးများ ဖြစ်သည်။ သူတို့ အဘိုးအဘွားများသည် ပဲရစ်တွင်ပင် စိန်ဆိုင်ဖွင့်ခဲ့ဖူးသူများဟု ဆိုကြသည်။

ဈေးစကားပြောရန် မိုးသောက်ပန်းကို မယ်မယ်ဖျားက အချက်ပြလိုက်သည်။ အမှန်တော့ မယ်မယ်ဖျားအနေနှင့် သူ့သမီးလေး မင်္ဂလာဆောင်အမီ အဆိုပါ စိန်များ လက်ဝယ်ရရှိရေးသာ အရေးကြီးသည်။ ဈေးက အရေးမကြီး။ သူတို့ ဘယ်လောက်ပြောပြော ပေးဖို့အဆင်သင့်ပင်။ သို့သော် သူတို့က တွေဝေနေကြ၏။ သူတို့ အိမ်ထောင်ဦးစီးက နိုင်ငံခြားသွားနေသဖြင့် မဆုံးဖြတ်ရဲဟု ဆိုသည်။ သူတို့ အိမ်ထောင်ဦးစီး နှစ်ရက်သုံးရက်အတွင်း ပြန်ရောက်လာမည်ဖြစ်ပြီး ထိုအခါမှသာ အဖြေပေးပါရစေဟု ဆိုသည်။

မယ်မယ်ဖျားကလည်း မင်္ဂလာဆောင်မီလျှင် ပြီးတာပါပဲဟု သဘောပိုက်ကာ စိန်နှင့်ပတ်သက်၍ စိတ်ဒုံးဒုံးချပြီး အခြားအရာများနှင့် အလုပ်ရှုပ်နေ၏။ သို့သော် မင်္ဂလာဆောင်သည့် နေ့ရောက်မှ မရောင်းနိုင်ပါဆိုသည့် အဖြေကို ရုတ်တရက် ရလိုက်သဖြင့် အခက်ကြုံနေကြသည်။ အခက်ကြုံသည်ထက် ဒေါသပါ ထွက်မိလေသည်။ မြန်မာပြည်မှာနေပြီး သူတို့မိသားစုကို ကလန်ကဆန်လုပ်ရဲသည့် မိသားစုဟူ၍ အခုမှ ကြုံဖူးလေသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်မိသားစုလုံးလည်း ပျာပျာသလဲ ဖြစ်ကုန်၏။ မြန်မာပြည်၏ အထွဋ်ခေါင် မိသားတစ်စု၏ မင်္ဂလာဆောင်တွင် မင်္ဂလာသတို့သမီးက မည်သည့်လက်ဝတ်လက်စားမှ မဝတ်ဘဲ ပြောင်ကြီးထွက်လာပါက မိသားစုသိက္ခာ မည်မျှထိခိုက်လေမည်နည်း။

"ကဲ... အခုတော့ ဘယ်လိုလုပ်ကြမလဲ"

ဘဂရင်မင်းတြားကြီးက မယ်မယ်ဖျားကို မေးလိုက်သည်။

"မစဉ်းစားတတ်အောင်ပဲ ဖြစ်နေပါပြီ၊ သမီးတော်လေး မင်္ဂလာယူနေတဲ့အချိန် စိတ်အနှောင့်အယှက် မဖြစ်ချင်ပါဘူးဆို ဖြစ်ဖြစ်အောင် ဖြစ်လိုက်သေးတယ်။ အဲဒါ မောင်တော့်ဘက်က အမျိုးတွေ မကောင်းလို့"

"အွင်... ဟိုက မရောင်းတာနဲ့ ကျုပ်အမျိုးတွေနဲ့ ဘာများဆိုင်လို့တုန်း"

ဘဂရင်မင်းတြားကြီးမှာ မယ်မယ်ဖျား၏ စကားကို ဆက်စပ်စဉ်းစား၍ မရ ဖြစ်နေသည်။

"ဟုတ်တယ်လေ... ကြည့်ပါလား၊ မောင်တော်အစ်မရဲ့ သားတွေကို ဆင်စွယ်ရောင်ပဲ ဝတ်ခဲ့ပါလို့ သေချာမှာထားတဲ့ ကြားက တစ်ယောက်က အနက်ရောင်ကြီး ဝတ်လာတယ်လေ၊ ဒါကြောင့် ခါခါကြီးရဲ့ အခါတော်တွေ ကပြောင်းကပြန် ဖြစ်ကုန်ပြီး အခုလို ပြဿနာတွေ ဖြစ်နေရတာပေါ့"

ဘဂရင်မင်းတြားကြီးမှာ ဘာမှပြန်မပြောနိုင်ရှာ။ မယ်မယ်ဖျားက မိုးသောက်ပန်းဘက်သို့ လှည့်ကာ...

"မောင်မိုးသောက်ပန်းရော ဘယ်လိုသဘောရသလဲဟင်၊ ပွဲစတော့မယ်၊ ဒင်းတို့ကလည်း ကြီးကြီးကျယ်ကျယ်ဟယ်၊ ကျုပ်တို့ကိုများ မရောင်းနိုင်ဘူးလေး ဘာလေးနဲ့"

မယ်မယ်ဖျားမှာ ဒေါသထွက်လွန်းသဖြင့် အသံများပင် တုန်လာ၏။

"အင်း... သူတို့က မရောင်းဘူးဆိုပေမယ့် မင်္ဂလာဆောင်မှာ ဝတ်ဖို့အတွက် ဆိုရင်တော့ ငှားပေါ့မယ်တဲ့ မယ်မယ်ဖျား"

"အောင်မယ်... ရရာစစ၊ ငါတို့လို မင်းမျိုးမင်းနွယ်တွေက ဒင်းတို့လို ဘာမဟုတ်တဲ့ သာမန်လူတွေဆီက ငှားဝတ်ရမယ် ဟုတ်လား၊ ရာဇဂင်ရိုင်းလိုက်လေဟယ်"

မယ်မယ်ဖျား၏ ဒေါသများက ထိန်းမရတော့။ ပေါက်ထွက်ကုန်၏။

သူ့အနီးအနားတွင်သာ ထိုသူများရှိလျှင် သေနတ်နှ့် အကုန်ပစ်သတ်ပြီးသား ဖြစ်နေလောက်သည်။

"အင်း.... နေဦး"

သေနတ်နှင့် အကုန်ပစ်သတ်ပြီးသားဆိုမှ မယ်မယ်ဖျားက တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရမိလိုက်သည်။

ထို့နောက် မျက်လုံးအစုံကို မှေးကာ တစ်ချက်စဉ်းစားလိုက်သည်။ မြန်မာနိုင်ငံတွင် အာဏာအကြီးဆုံးသည် ဘယ်သူနည်း။ မြန်မာနိုင်ငံ၏ အရှင်သခင်မှာ ဘယ်သူနည်း။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်တွင် ရှိသမျှ ရေ၊ မြေ၊ လေ၊ တောတောင်တို့ကို မည်သူ့လက်ထဲတွင် ရှိသနည်း။ အဖြေမှာ ရှင်းရှင်းလေးပင်။ အာဏာအပေါင်းတို့၏ ထွဋ်ခေါင်ထိပ်ဖျားဖြစ်သည့် ဘဂရှင်မင်းတြားကြီး၏ လက်ထဲတွင်သာ ရှိလေသည်။

သူတို့လို သာမန်မိသားစုတစ်စု၏ လက်ထဲတွင် ရှိသည့် စိန်များကရော မည်သူပိုင်သနည်း။

ဘဂရှင်မင်းတြားကြီး မိသားစုသာ ပိုင်လေသည်။ ဘဂရှင်မင်းတြားကြီ အလိုရှိလာပါက မည်သည့်အရာမဆို ပေးအပ်ရမည်မှာ မြန်မာပြည်သူပြည်သားတို့၏ တာဝန်မဟုတ်လား။ ဒါကို မယ်မယ်ဖျားက သဘောထားကြီးကြီးဖြင့် ဂယ်ယူမည်ဟု ကမ်းလှမ်းသည့် စေတနာကို နားမလည်။ ငြင်းဆိုရဲသည့် ငမိုက်သားများပင်။

"ကဲ... ဟုတ်ပြီ၊ ငှားဆိုတော့လည်း ငှားတာပေါ့၊ အခုချက်ချင်း လေယာဉ်နဲ့ အမြန်သွားယူကြ"

မိုးသောက်ပန်းက မယ်မယ်ဖျား၏ အမိန့်ကို အကောင်အထည်ဖော်ရန် ချက်ချင်း ထွက်သွားလေ၏။ နှုတ်ခမ်းထောင့်ကို တစ်ချက်တွန့်ကာ ပြုံးလိုက်သည့်မယ်မယ်ဖျား၏ အပြုံးတော်ကို မမြင်လိုက်ရရှာ။ အပြုံးတော်၏ နောက်ကွယ်တွင် အဆိုပါ စိန်များရော၊ စိန်ပိုင်ရှင်မိသားစုပါ အစအန ပျောက်သွားပါတော့၏။

အဆိုပါ အဖြစ်အပျက်မှလွဲ၍ တော်တော်လေး၏ မင်္ဂလာဆောင်မှာ ခမ်းနားကြီးမြတ်စွာ ပြီးဆုံးသွားလေပြီ။ ဘဂရှင်မင်းတြားကြီး၏ အရိပ်အာဂါသအောက်မှ ပုဂ္ဂိုလ်ကြီး၊ ပုဂ္ဂိုလ်လေးများ စုံစုံလင်လင် တက်ရောက်ဂါရပပြုကြသည်။ ခန်းဂင်လက်ဖွဲ့ပစ္စည်းများကလည်း တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင်ပင်။ ရတနာပစ္စည်းများ၊ ဇိမ်ခံကားများ၊ မြေကွက်များ၊ ကွန်ဒိုတိုက်များ၊ အစရှိသဖြင့် တန်ဖိုးကြီး လက်ဖွဲ့များ မနည်းမနော။

အဆိုပါ လက်ဖွဲ့များထဲတွင်တော့ ဘဂရှင်မင်းတြားကြီး၏ မရဏပီတိ ဝမ်းဆီထိစေသည့် လက်ဆောင်တစ်ခု ပါလာ၏။ တိုက်တွေ ကားတွေ ရတနာတွေ တစ်ခုမှ မဟုတ်။

စာအုပ်လေးတစ်အုပ်။ ဖွဲ့မောင်ဆီမှ ဖြစ်သည်။

"ဖွဲ့စည်းပုံ အခြေခံဥပဒေ"

www.burmeseclassic.com

www.burmeseclassic.com

(၂)

ဘဂရင်မင်းတြားကြီးသည်သာ ပန်းချီဆရာဆိုပါက သူရေးဆွဲနေသည့် ပန်းချီကားသည် ရုပ်လုံးပေါ်လာပြီဟု ပြောနိုင်ပေမည်။

တစ်တိုင်းပြည်လုံးရှိ ပြည်သူပြည်သားအပေါင်းကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးကို လှိုက်လှိုက်လှဲလှဲ ထောက်ခံကြသေလည်း။ မည်မျှ ထောက်ခံကြသနည်းဆိုလျှင် ကွယ်လွန်ပြီးသူများပင် ထောက်ခံသည့် စာရင်း၌ ပါလာကြပေသည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မြန်မာနိုင်ငံ၏ ဒီမိုကရေစီတစ်ရပ် ပေါ်ပေါက်ရန်အတွက်လည်း ပြင်ဆင်ပြီးလေပြီ။ ရွေးကောက်ပွဲပြုလုပ်မည့် နေ့ရက်များ၊ ပုံစံများကိုပါ ကြေညာလိုက်လေပြီ။

ဘဂရင်မင်းတြားကြီး၏ အရိပ်အာဂါသ ပြင်ပမှ သူတချို့ပင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံကာ ရွေးကောက်ခံဖို့အတွက် ဘဂရင်မင်းတြားကြီး၏ အရိပ်အောက်သို့ ပြန်လည်ခိုလှုံလာကြ၏။

အနောက်နိုင်ငံ ရေဒီယိုများကတော့ ထုံးစံအတိုင်းပင်။ ဘဂရင်မင်းတြားကြီး ဘာလုပ်လုပ် ဆန့်ကျင်ကြဆိုသည့် မူအတိုင်း အခြေခံဥပဒေသစ်ကြီးကို ဝေဖန်ထောက်ပြကြသည်။ ဆန်းစစ်သုံးသပ်ကြသည်။

တပ်မတော်သားများ လွှတ်တော်ထဲပါနေသဖြင့် ဒီမိုကရေစီမစစ်ဟု ပြောသူက ပြောသည်။ သမ္မတဖြစ်ပိုင်ခွင့်ကို စည်းကမ်းချက်များစွာနှင့် တင်းကျပ်ထားသဖြင့် ဒီမိုကရေစီ မစစ်ဟု အော်သူကအော်သည်။ တကယ်တော့ ဒင်းတို့ မသိကြ။ ဒီမိုကရေစီအစစ်၊ အတု အစစ်ဆေးခံရန်အတွက် လုပ်နေခြင်းမဟုတ်။ ဒီမိုကရေစီဆိုတာကိုလည်း ဘဂရင်မင်းတြားကြီးက အယုံအကြည်မရှိ။ ဘဂရင်မင်းတြားကြီး၏ ရည်ရွယ်ချက်မှာ တစ်ခုတည်း။ နျူကလီးယား စီမံကိန်း ဖော်ဆောင်နေချိန်အတွင်း အများ အာရုံလွှဲထားနိုင်ဖို့ပင်။

ဘဂရင်မင်းတြားကြီး၏ ရည်မှန်းချက်မှာ အောင်မြင်သည်ဟု ဆိုနိုင်သည်။ နိုင်ငံတကာ မီဒီယာများကလည်း မြန်မာပြည် အပြောင်းအလဲအကြောင်း အကျယ်တဝင့် ပြောဆိုကြသည်။ အဂေးရောက် မြန်မာမီဒီယာများကလည်း မကြာမီ ကျင်းပမည့် မြန်မာ့ရွေးကောက်ပွဲကြီးအကြောင်း စိတ်ပင်တစား ပြောကြားသည်။ ယခင်ကလို အမျိုးသားသစ္စာဖောက်များ၊ ပြည်ပြေးမီဒီယာများ၊ လေလှိုင်းပေါ်က လူသတ်သမားများဟုသာ ပျစ်ပျစ်နစ်နစ် သုံးချင်သည်။ သို့သော် မိုးသောက်ပန်းနှင့် ဖွဲ့မောင်တို့က ဒီမိုကရေစီ တကယ်ပြောင်းသည်ဟု ထင်အောင် တချို့ အရေးမကြီးသည့် အသုံးအနှုန်းများ ပြောင်းလဲပေးပါဆိုသဖြင့် အဂေးရောက်မီဒီယာများဟု ခေါ်ရခြင်း ဖြစ်သည်။

အဆိုပါ အဂေးရောက် မီဒီယာများပင် မဟုတ်။ အဂေးရောက် မြန်မာတချို့ကလည်း နေပြည်တော်သို့ လှမ်း၍ မျက်စပစ်လာကြသည်။ သုံးရပြန်ပြီ အဂေးရောက်။ အတော်ကို ကိုးလိုးကန့်လန့်နိုင်သည့် နာမည်ပင်။ ဒင်းတို့ဘာသာ ပြည်တွင်းမှာ လက်ကြောတင်းတင်း

www.burmeseclassic.com

www.burmeseclassic.com

အလုပ်မလုပ်ချင်သဖြင့် နိုင်ငံခြားထွက် ဒေါ်လာရှာခြင်းကို တော်လှန်ရေးသမားယောင်ယောင် ဘာယောင်ယောင် တံဆိပ်ပေါင်းစုံတပ်၍ အချိန်ဖြုန်းနေကြသူများသာ ဖြစ်ကြသည်။

တကယ့်ကို အချိန်ဖြုန်းနေကြသူများ ဖြစ်သည်။ ဘဂရှင်မင်းတြားကြီးအတွက် သူတို့ပြောနေကြသည့် တော်လန်ရေးဆိုသည်ကို ကြားရတိုင်း အူတက်မတတ် ရယ်မိ၏။

အစိုးရတစ်ရပ်ကို ဖြုတ်ချဖို့ အချိန်မည်မျှ လိုသနည်း။ တစ်နှစ်လား၊ သုံးနှစ်လား၊ ငါးနှစ်လား။ စနစ်တစ်ခုကို တော်လှန်ဖို့ အချိန်မည်မျှ လိုသနည်း။ ဆယ်နှစ်လား၊ ဆယ့်ငါးနှစ်လား၊ နှစ်နှစ်ဆယ်လား။

နှစ်ဆယ်လည်း မရ။ နှစ်ဆယ့်ငါးနှစ်လည်း မရဆိုရင်တော့ အဲဆိုပါ တော်လှန်ရေးနှင့် တော်လှန်ရေး ဦးဆောင်သူများကို ပြန်လည်ဆန်းစစ်ကြည့်သင့်သည်။ တကယ့် ဟာသပင်။ ဘဂရှင်မင်းတြားကြီးအတွက်တော့ တကယ့်ဟာသပင်။ သူ့ကိုတော်လှန်ဖို့ သူနှင့်မိုင်ပေါင်း သောင်းနှင့်ချီဝေးသည့် အရပ်သို့ ထွက်သွားကြသည်တဲ့။ အဝေးကြီးကနေ သူ့ကို မည်ကဲ့သို့ ဖြုတ်ချမည်နည်း။ မြန်မာသံရုံးများရှေ့တွင် သံသေသံကြောင်အော်ကာ ဖြုတ်ချမယ်တဲ့လား။ တကယ့် ဟာသပင်။ ထိုသူများ နေပူထဲအော်နေချိန်တွင် ဘဂရှင်မင်းတြားကြီးမှာ နေပြည်တော်ရှိ အိမ်တော်ကြီးအတွင်း၌ အီတလီမှ တင်သွင်းထားသော ရေချိုးဇလုံထဲတွင် ရေနွေးစိမ်နေရုံသာ။ ဘာဆိုဘာမှ မဖြစ်။

တချို့က လာသေးသည်။ သူ့ကို လက်နက်ကိုင် တိုက်ကာ ဖြုတ်မယ်တဲ့။ ဂျပန်ခေတ်ကတော့ ရချင်ရမည်။ ယနေ့ခေတ်တွင် မဖြစ်နိုင်တော့။ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ စစ်တိုက်ရသည်မှာ ကုန်ကျစရိတ် အလွန်များသည်။ မည်သည့်နိုင်ငံခြား စစ်တပ်ကမှ ကူတိုက်ပေးမည် မဟုတ်။ လက်နက်ခဲယမ်းတွေ ထောက်ပံ့ချင် ထောက်ပံ့မည်။ အဲဆိုပါ လက်နက်လေးများနှင့် ရှိသမျှ လူလေးစုကာ မြန်မာပြည်ထဲ ပြန်ဝင်လာတော့မည် ဆိုပါစို့။

မည်သည့်အရပ်မှ ဝင်လာမည်နည်း။ မြန်မာပြည် နယ်စပ်တိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေ ကိုယ်စီရှိကြသည်။ ထိုတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကို ကျော်ဖြတ်နိုင်မှ မြန်မာပြည်ထဲသို့ ရောက်မည်။ အဲဆိုပါအဖွဲ့တွေနှင့် မဟာမိတ်ယူလို့ရတာပဲဟု တချို့က လွယ်လွယ်တွေးကြသည်။

တကယ်တော့ မဖြစ်နိုင်။ မြန်မာလူမျိုးတွေမှာ ရောဂါတစ်မျိုး ရှိသည်။ ထိုအရာမှာ ခေါင်းဆောင်ဖြစ်ချင်ခြင်းပင်။ နောက်လိုက်ကောင်းအဖြစ် ဘယ်သူမှမနေချင်။ ကိုယ့်ကိုယ်ကို ဘုရင်ဟု ထင်နေသူများသာ။ ထိုကဲ့သို့ သူများက နယ်စပ်ရှိ လက်နက်ကိုင်အဖွဲ့တစ်ခုခုနှင့် ပူးပေါင်းပြီဆိုပါစို့။ မည်သူက ခေါင်းဆောင်မည်နည်း။ တိုင်းရင်းသားလက်နက်ကိုင်များကလည်း သူတို့နယ်မြေထဲတွင် ဖြစ်သဖြင့် သူတို့ကသာ ခေါင်းဆောင်လိုမည်။ နိုင်ငံခြားကနေ ပြန်လာကာ တော်လှန်ရေးလုပ်မည့်သူများကလည်း နယ်စွန်နယ်ဖျားက တောသားတွေ အမိန့်ကို နာခံချင်ကြမည် မဟုတ်။ ထိုကနေ စ,ကာ စိတ်ဝမ်းကွဲကြမည်။ အဖုအထစ်တွေ ဖြစ်လာမည်။

www.burmeseclassic.com

www.burmeseclassic.com

အုပ်ချုပ်ရ ခက်လာမည်။ နောက်ဆုံးတွင် အချင်းချင်း ဆော်ပလော်တီးကာ ဘဂရှင်မင်းတြားကြီးဘက် မျက်စောင်းပင် လှမ်းထိုးနိုင်မည်မဟုတ်။

ထို့ကြောင့်ပင် နယ်စပ်ရှိ လက်နက်ကိုင်များကို ဘဂရှင်မင်းတြားကြီးက အပြီးတိုင် မချေမှုန်းခြင်း ဖြစ်သည်။ အမှန်တော့ အဖွဲ့အစည်းတိုင်းတွင် အရေးကြီးဆုံးမှာ အမိန့်ပင်။ လက်နက်ကိုင် အဖွဲ့များတွင် ပို၍ အရေးကြီးသည်။ တစ်သွေး တစ်သံ တစ်မိန့် ဖြစ်နေရမည်။ အထက်လူကြီးက သေဆိုလျှင် ချက်ချင်းလဲသေရမည်။ ထိုမှသာ ထိုအဖွဲ့အစည်းက အောင်မြင်မည်။ ဘဂရှင်မင်းတြားကြီးနှင့် လက်ရှိမြန်မာ့တပ်မတော်ကို ထိုကဲ့သို့ ပုံစံသွင်းထားသည်။ အမိန့်မှလွဲ၍ တခြားဘာကိုမှ မတွေးနိုင်အောင် သွန်သင်ထား၏။

ထိုကဲ့သို့သော မြန်မာ့တပ်မတော်ကို အတိုအစလက်နက်ကလေးများဖြင့် နိုင်ငံခြားတွင် အဆီယစ်နေသူများက လာရောက်တိုက်ခိုက်နိုင်မည်လား။ ထို့အပြင် ထိုသူများသည် လောကစည်းစိမ်ကို ကောင်းကောင်း သိနေကြပြီ။ တောကြုံအုံကြားထဲ ပြန်ကာ ဒုက္ခမခံနိုင်တော့။ အင်တာဗျူးလေး ဖြေလိုက်၊ ဒုက္ခသည်နာမည်ခံကာ ဖောင်ဒေးရှင်းပေါင်းစုံသို့ ခေါင်းစဉ်းပေါင်းစုံဖြင့် လျှောက်လွှာပေါင်းစုံ ပို့လိုက်။ ပိုက်ဆံများ တောင်းခံလိုက်နှင့် ဘဂကို ဖိမ်ရှိရှိ ဖြုတ်သန်းခြင်းမှာ နေသားကျနေလေပြီ။

အခုတော့ ဒုက္ခရောက်လေပြီ။ ထိုသူများ နဖူးကို မြွေပေါက်လေပြီ။ သူတို့ တကြော်ကြော်အော်ကာ တောင်းခံသည့် ဒီမိုကရေစီဆိုတာကြီးကို ဘဂရှင်မင်းတြားကြီးက ရက်ရက်ရောရော ပေးတော့မည်တဲ့။ ဖွဲ့စည်းပုံအခြေခံ ပြဋ္ဌာန်းခဲ့ပြီးပြီတဲ့။ မကြာမီ ရွေးကောက်ပွဲကြီး လုပ်တော့မည်တဲ့။ ပြည်သူများ မဲပေးရတော့မည်တဲ့။ ထိုသူများကို နောက်ကွယ်က ထောက်ပံ့နေသည့် အဖွဲ့အစည်းများက မေးငေါ့လာကြသည်။ သူတို့၏ နစ်နစ်ဆယ်ကျော် အီလေးဆွဲ တော်လှန်ရေးကြီးကို မည်သို့ရှေ့ဆက်ကြမည်နည်း။ ဒီမိုကရေစီ ရပြီးမှတော့ လှန်စရာ ဘာတော်မှ မရှိတော့။ ထိုအခါ နိုင်ငံတကာ အဖွဲ့အစည်းများထံမှ အသံများ ထွက်လာ၏။ နီး… တော်လှန်ရေး… နီး… မန်းနီ။

ထိုသူများသည် အတန်ငယ် ပြူးပြူးပျာပျာ ဖြစ်ကုန်၏။ သူတို့တွင် လျှောက်လွှာရေးတတ်သည်မှလွဲ၍ ဘာပညာ အရည်အချင်းမှ မရှိ။ ထောက်ပံ့ငွေမရပါက ငတ်ရုံသာရှိသည်။ ထိုအခါ ပြည်တွင်းကို ပြန်လည် မျက်စပစ်လာကြသည်။ လွှတ်တော်ကြီးအတွင်း ထိုင်ခုံတစ်နေရာ ရလိုရငြား လေသံပစ်လာကြ၏။ တချို့ ပြည်တော်ပြန်ကာ နိုင်ငံရေးလုပ်ကြမည်ဟု အသံဟစ်လာသည်။ နေပြည်တော်သို့ လှမ်းရန် ခြေလှမ်းပြင်လာကြ၏။ ဖုန်တက်နေသည့် တိုက်ပုံများ ပြန်ထုတ်လာကြ၏။ ပြည်တွင်းရှိ ဘဂရှင်မင်းတြားကြီး အရိပ်အာဂါသအောက်သို့ ပြင်ပမှ နိုင်ငံရေးသမားဆိုသူများ ပြန်လည်ဝင်ရောက်လာကြ၏။

ဘဂရှင်မင်းတြားကြီးကတော့ သဘောထားကြီးလှသည်။ ထိုသူများကို တတ်နိုင်သလောက် လိုက်လျောပေးထားသည်။ ပြည်တော်ပြန်ချင်ကြသူများအတွက်လည်း

www.burmeseclassic.com

www.burmeseclassic.com

တံခါးဖွင့်ပေးထားသည်။ အကုန်လုံးက ရွှေးကောက်ပွဲမှ ရွှေးကောက်ပွဲ ဖြစ်နေကြ၏။ ဘဂရှင်မင်းတြားကြီးကလည်း ဖြစ်ချင်ရာဖြစ် လွှတ်ထား၏။

လွှတ်ဆို ဘဂရှင်မင်းတြားကြီးမှာ ရွှေးကောက်ပွဲတွေ ကောက်ရွှေးပွဲတွေအပေါ် အာရုံမရောက်နိုင်။ နဂိုကတည်းက မည်သူ သမ္မတလုပ်၊ မည်သူ ဂန်ကြီးလုပ်ဆိုပြီး နေရာပေးပြီးသားပင်။ လူတွေ ဘယ်သူ့ကို မဲပေးပေး သူနှင့်မဆိုင်။

သူနှင့်ဆိုင်သည်က နျူကလီးယား။ ဘဂရှင်မင်းတြားကြီး အာရုံထားသည်က နျူကလီးယား။ ရွှေးကောက်ပွဲ ကာလများအတွင်း စက်ရုံကြီး စတင်တည်ဆောက်နေလေပြီ။ ယရေနီယံ သတ္တုများလည်း အောင်အောင်မြင်မြင် ထုတ်နိုင်လေပြီ။ ဘဂရှင်မင်းတြားကြီးသည်သာ ပန်းချီဆရာဆိုပါက သူရေးဆွဲနေသည့် ပန်းချီကားသည် ရုပ်လုံးပေါ် လာပြီဟု ပြောနိုင်ပေမည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၃)

"ခလွမ်း...."

တစ်စစီ ပြန့်ကျဲသွားသည့် ဖန်ကွဲစများ။ ထိုမျှလောက်နှင့် အားမရသေး။

"ပုန်း..."

စားပွဲကြီးကိုပါ ပိတ်ကန်လိုက်၏။ ထိုမျှလောက်နှင့် အားမရသေး။

"တောက်...."

ဒုဆောင်ကြီးက နာနာကျင်ကျင် တောက်တစ်ချက် ခေါက်လိုက်၏။ ထွက်လာသမျှ ဒေါသတဇွကို အရက်နှင့် မျောချ၍မရ။ နေနှင့်ဦးပေါ့ကွာ၊ ငါ့အလှည့်ရောက်ဖို့ရာ လိုတော့သည် မဟုတ်။

ဖွဲ့ဥ (ဖွဲ့ပစည်းပုံ အခြေခံဥပဒေ) အတည်ပြုပြီးသည့် နောက်တစ်နေ့တွင် ဒုဆောင်ကြီးကို ဘဂရှင်မင်းတြားကြီးက ခေါ်တွေ့သည်။ ဒုဆောင်ကြီးက ဘဂရှင်မင်းတြားကြီးနှင့် အပတ်စဉ် ရှေ့ကဆင့်နောက်ဆင့် ဖြစ်သလို အသက်အရွယ်မှာလည်း မတိမ်းမယိမ်း။ ထို့ကြောင့် ဘဂရှင်မင်းတြားကြီးက သူနှင့်အတူ အနားယူရန်နှင့် မျိုးဆက်သစ်များကို နေရာပေးရန် ပြောလေသည်။ ဒုဆောင်ကြီးက တွေဝေစဉ်းစားနေခြင်းမရှိ။ ပြတ်ပြတ်သားသား တစ်ခွန်းတည်း ပြန်ပြောလိုက်သည်။

BURMESE CLASSIC .com

"ဟုတ်ကဲ့..."

ဒုဆောင်ကြီး သက်တမ်းတစ်လျှောက်တွင် ဘဂရှင်မင်းတြားကြီး ထားရာနေ၊ စေရာသွားခဲ့သည်ချည်းသာ။ စောဒကတက် ငြင်းဆန်ခဲ့သည်ဟူ၍ တစ်ကြိမ်တစ်ခါမျှ မရှိခဲ့။ အခုလည်း နားကြစို့ဆိုတော့ နားလိုက်ရုံသာပင်။

သို့သော် ဒုဆောင်ကြီးက စိတ်ထဲကနေ တစ်ချက်ကြိတ်ပြုံးလိုက်သည်။ ဘဂရှင်မင်းတြားကြီးအနေနှင့် သူ့ကို အရက်သမား အမြဲမူးရူးနေတာပဲဟု တစ်ထစ်လျော့ တွက်ထားပုံရသည်။

သူနှင့် ကာဆောင်ကြီးတို့၏ လျှို့ပုက်အကြံအစည်းများကို ရိပ်မိပုံမရ။ ထိုအချိန်ရောက်လျှင်တော့ တစ်သက်လုံး ခေါင်းငုံ့ခံခဲ့ရသမျှ အတိုးချကာ ဘဂရှင်မင်းတြားကြီးကို နိုပ်ကွပ်ပစ်မည်ဟု တိတ်တိတ်လေး ကြုံးဝါးနေသည်။ ဘဂရှင်မင်းတြားကြီးကတော့ ဒါတွေကို မသိ။ ဘယ်သူ့ကို သမ္မတခန့်မည်။ ဘယ်သူ့ကို ဒုသမ္မတခန့်မည်ဟုပင် သူ့ကို ရှင်းပြနေသေးသည်။

ဒုဆောင်ကြီးက အိမ်သို့ ပြန်ရောက်ရောက်ချင်း ကာဆောင်ကြီးထံသို့ ဖုန်းဆက်သည်။ ဘဂရှင်မင်းတြားကြီးက ကာဆောင်ကြီးကို ဒုသမ္မတအဖြစ် လျာထားသဖြင့် ဂုဏ်ယူကြောင်းပြောရန်နှုတ်ကလီးယားင့် ဘဂရှင်မင်းတြားကြီးမှာ ကိုယ့်ကံကြမ္မာကို ကိုယ်မသိရှာဘဲ ဟုတ်လှပြီဟု ထင်နေသည်များကို ဟားရန်အတွက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ဒုဆောင်ကြီး ဖုန်းကို ကာဆောင်ကြီး၏ ကိုယ်ရေးအရာရှိကသာ ဖြေလေသည်။ အမှန်ဆိုလျှင် အထက်လူကြီး၏ ဖုန်းကို မည်မျှအရေးကြီးကိစ္စ ရှိနေပါစေ ကိုယ်ရေးအရာရှိ ကိုင်ပိုင်ခွင့် မရှိ။ ကိုယ်တိုင်ကိုင်ကာ မအားလျှင် မအားကြောင်း ပြောရမည်။

ဒုဆောင်ကြီးက ဖုန်းပြန်ဆက်လို့ မှာကာ ဖုန်းချလိုက်သည်။ နှစ်ခွက်ကုန်သွားသည်။ ဖုန်းမလာ။ လေးခွက်ကုန်သွားသည်။ ဖုန်းမလာ။ ဒုဆောင်ကြီးက စိတ်မရှည်တော့။ ထ၍ ဆက်လိုက်သည်။ နောက်တစ်ကြိမ်။ ဖုန်း။

မထူး။ ကာဆောင်ကြီးက ဖုန်းမကိုင်။ သူ့ကိုယ်ရေးအရာရှိနှင့်သာ တွေ့သည်။ ဒုဆောင်ကြီးက ထိုကိုယ်ရေးအရာရှိကိုပင် ပျစ်ပျစ်နှစ်နှစ် ဆဲလိုက်သည်။

မအေပေး ကာဆောင်ကြီးကို ဖုန်းချက်ချင်းပြန်ဆက်စမ်းဟု အမိန့်ပေးကာ ဖုန်းချလိုက်၏။

"ဘာလဲ..."

BURMESE CLASSIC .com

ဒုဆောင်ကြီး တွေးရပြီ။

"ဘာအချိုး ချိုးတာလဲ"

အလကားကောင်ပဲ၊ ငါတော့ယုံမိတာ မှားလေပြီ။ ဘဂရှင်မင်းတြားကြီးနှင့် ဘာမှမထူး။ အလကား အာဏာရူး ကာဆောင်ကြီးပဲ၊ အခု ဘဂရှင်မင်းတြားကြီးက ဒုသမ္မတလုပ်ရမယ်ဆိုတာနဲ့ အမြီးလေးနံ့ကာ သူ့ကိုပင် အတွေ့မခံတော့။ သူ့ရဲ့ လျှို့ဝှက်အကြံအစည်ထဲက ထွက်ပြေးပြီလား။

ဒုသမ္မတဆိုတာ ဘာစောက်ဆင့်ရှိလို့လဲ။ သူနဲ့ပေါင်းပြီး ဘဂရှင်မင်းတြားကြီးဆီက အာဏာကို သိမ်းလိုက်နိုင်ပါက သူပြီးလျှင် ဒုတိယ အာဏာအရှိဆုံးသူ ဖြစ်မည်။ အခု ကာဆောင်ကြီးရမည့် ဒုသမ္မတနှင့် သဘောသဘာဝခြင်း ဘာမှမတူ။ ဒုသမ္မတအပေးတွင် သမ္မတရှိမည်။ သမ္မတအပေါ်တွင် ဘဂရှင်မင်းတြားကြီး ရှိမည်။ ဘဂရှင်မင်းတြားကြီးအပေါ်တွင် မယ်မယ်ဖျား ရှိမည်။ အဲဒီ ဒုသမ္မတဆိုတာ ဘဂရှင်မင်းတြားကြီးအိမ်က ခွေးလောက်တောင် အာဏာရှိတဲ့အဆင့် မဟုတ်။

ဒါကို ဒင်းက အဟုတ်ကြီးထင်ကာ သွားရည်တမြားမြားနှင့် အမြီးနံ့ကာ သူ့ဆီက ထွက်ပြေးလေပြီ။ ထွက်ပြေးတာ ပြဿနာမဟုတ်။ ဒုဆောင်ကြီး၏ အစီအမံတွေကို မျက်နှာလို မျက်နှာရလုပ်ကာ ဘဂရှင်မင်းတြားကြီးထံ သတင်းမပို့ဟု မည်သူပြောနိုင်မည်နည်း။

သူ့အကြံကြီး အထမမြောက်ခင် ဘဂရှင်မင်းတြားကြီးသာ သိသွားလျှင် မိုးမီးလောင်မည်။ သူတစ်ယောက်တည်း မဟုတ်။ သူ့ဆွေစဉ်မျိုးဆက်ပင် ဒုက္ခအကြီးအကျယ် ရောက်တော့မည်။

"တောက်..."

စဉ်းစားလေလေ ဒေါသဖြစ်လေလေ။

"ဒီမအေလိုးလေးကို ယုံမိတာ ငါ့အမှားပဲ"

ဒုဆောင်ကြီးက တစ်ယောက်တည်း ရေရွတ်ကာ...

"ခလွမ်း..."

www.burmeseclassic.com

www.burmeseclassic.com

လက်ထဲက ဖုန်းကို ပစ်ပေါက်လိုက်သည်။ ထိုမျှနှင့် အားမရသေး။

"ဖုန်း…"

သူ့ရှေ့ရှိ စားပွဲကိုပါ ပိတ်ကန်လိုက်သည်။

ဒီလိုနေနေလို့တော့ မရ။ တစ်ခုခုတော့ လုပ်ရမည်။ ဘဂရင်မင်းတြားကြီး လက်မဦးခင် သူ့ဘက်က အရင်လက်ဦးမှု ယူရမည်။

ဒုဆောင်ကြီးက ထိုင်ရာမှ ထလိုက်သည်။ ဖုန်းရှိရာသို့ အပြေးတစ်ပိုင်း သွားလိုက်သည်။ ဖုန်းဆက်သည်။ ကာဆောင်ကြီးထံ မဟုတ်။

မြောက်မှူးကြီးထံ။

www.burmeseclassic.com

www.burmeseclassic.com

(၄)

"မဲရုံကို သွားကြမယ်၊

မဲရုံကို သွားကြမယ်၊

၁၈ နှစ် ပြည့်သူတိုင်း မဲတွေပေးကြမယ်"

ရေဒီယိုကို ဖွင့်လိုက်တာနှင့် အရင်ဆုံး ကြားရမည့် သီချင်း၊ တီဗီကို ဖွင့်လိုက်တာနှင့် အရင်ဆုံး မြင်ရမည့် သီချင်း။ အိမ်ထဲက အိမ်အပြင်ထွက်လာတာနှင့် လော်စပီကာမှတစ်ဆင့် အရင်ဆုံးကြားရမည့် သီချင်း။ တစ်နိုင်ငံလုံး တစ်မဲတည်း မဲကာ တစ်ရုံတည်း ရုံဖြစ်နေကြ၏။

ဖြစ်ဆို ယနေ့လည်း မြန်မာ့သမိုင်းဝင် မဲပေးရမည့်နေ့ပင် မဟုတ်ပါလော။ ဆယ့်ရှစ်နှစ်ပြည့်သူတိုင်း မဲရုံသို့ သွားကြရမည့်နေ့ မဟုတ်ပါလော။ ဘဂရုင်မင်းတြားကြီး မိသားစုကတော့ မနက်အစောကြီးထကာ မဲရုံကိုသွား၍ သူများတွေထက် ဦးဦးဖျားဖျား မဲပေးခဲ့သေးသည်။ အစောကြီးထကာ မဲပေးရခြင်းသည် အကြောင်းရှိသည်။

တစ်နိုင်ငံလုံး အုန်းအုန်းကျွတ်ကျွတ်နှင့် မဲပေးနေသည့်အချိန်တွင်တော့ ဘဂရုင်မင်းတြားကြီး မိသားစု၊ ဖွဲ့မောင်၊ မိုးသောက်ပန်းတို့သည် မဲရုံများနှင့်ဝေးရာ တစ်နေရာသို့ ရောက်ရှိနေကြသည်။ အဆိုပါ အရပ်သို့ သာမန်လူများ မဆိုထားနှင့်၊ ဘဂရုင်မင်းတြားကြီး၏ ထိပ်သီးလက်ဆွဲတော်များပင် ဝင်ခွင့်မရှိ။ စက်ရုံအတွင်းရှိ ဝန်ထမ်းများသည်လည်း စက်ရုံပြင်ပသို့ ပြန်လည်ထွက်ခွင့်မရှိ။ စက်ရုံဧရိယာပြင်ပသို့ မည်သည့်နည်းနှင့်မျှ ဆက်သွယ်ခွင့်မရှိ။ သို့သော် စက်ရုံဧရိယာအတွင်း မရတာ မရှိရလေအောင် အကုန်ဖန်တီးပေးထားသည်။ အရက်၊ ဆေးလိပ်၊ အစားအသောက် လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးထား၏။ အဆိုပါ စက်ရုံမှာ ဘာစက်ရုံဆိုသည်ကိုတော့ ပြောပြရန် လိုလိမ့်မည် မထင်။

ယနေ့တွင်တော့ အဆိုပါ စက်ရုံရှိ ဝန်ထမ်းများ၊ အင်ဂျင်နီယာများသည် အသစ်လွင်ဆုံး အဝတ်အစားများနှင့် တောက်ပြောင်နေ၏။ သူတို့ တည်ဆောက်ထားသည့် စက်ရုံကြီးကို စတင်လည်ပတ်နိုင်ရန်အတွက် ဖွင့်ပွဲအခမ်းအနား ကျင်းပတော့မည် ဖြစ်သည်။ အဆိုပါ ဖွင့်ပွဲကိုလည်း မြန်မာနိုင်ငံ၏ အာဏာထွဋ်ခေါင် ဘဂရုင်မင်းတြားကြီးကိုယ်တိုင် လာရောက်ဖွင့်လှစ်မည်ဆိုသဖြင့် စိတ်လှုပ်ရှားနေကြသည်။ ဘဂရုင်မင်းတြားကြီးကို အပြင်တွင် မြင်တွေ့ခွင့်ရဖို့ လွယ်ကူသည်မဟုတ်။

အမှန်တော့ စက်ရုံကြီးကို အချောသတ်ပြီးခဲ့သည်မှာ တစ်ပတ်ခန့်ရှိလေပြီ။ အကြိမ်ကြိမ် စမ်းသပ်လည်ပတ်ခဲ့ပြီးလေပြီ။ ယနေ့မှ ဖွင့်ပွဲလုပ်ရတာ အကြောင်းရှိသည်။ တစ်နိုင်ငံလုံးသာမက တစ်ကမ္ဘာလုံးက မီဒီယာများသည် ယနေ့တွင် မဲရုံသို့သာ အာရုံမဲနေကြသည်။ ဘဂရုင်မင်းတြားကြီး ဘယ်သွားကာ ဘာလုပ်နေသလဲ စိတ်ဝင်စားနိုင်ကြမည် မဟုတ်။ ဘဂရုင်မင်းတြားကြီးကလည်း ပိရိသည်။ မဲရုံတစ်ရုံသို့ စောစောသွားကာ မဲပေးပြခဲ့သေးသည်။ ထို့ကြောင့် ယခု စက်ရုံကြီးနှင့် ပတ်သက်၍ မည်သူမှ သိမည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာအချိန် ရောက်လာသည့်အခါ ဘဂရှင်မင်းတြားကြီးက စက်ခလုတ်နိပ်ကာ စက်ရုံကြီး၏ ကမ္ပည်းကျောက်စာကို ဖွင့်လှစ်ပေးလိုက်သည်။ ကတ္တီပါကန့်လန့်ကာနောက်မှ စက်ရုံကြီး၏ နာမည်သည် တဖြည်းဖြည်းနှင့် ထွက်ပေါ်လာ၏။

"သတ္တုသန့်စင်စက်ရုံ"

ဘဂရှင်မင်းတြားကြီး သဘောတိုင်းသာဆိုလျှင် နျူကလီးယား စက်ရုံဟု ပေါ်ပေါ်တင်တင် တပ်ထားချင်သည်။ သို့သော် ထိုကဲ့သို့ နာမည်သာ တပ်လိုက်ပါက ကောင်းကျိုးထက် ဆိုးကျိုးက ပိုများမည်ဟု ဖွဲမောင်နှင့် မိုးသောက်ပန်းတို့က ဂိုင်းတားကြသဖြင့် သတ္တုသန့်စင်စက်ရုံဟုသာ ဂိန်နည်းလွှတ် တပ်လိုက်ရခြင်းပင်။

သတ္တုသန့်စင်စက်ရုံဆိုသည့် နာမည်ကလည်း မဆိုးလှပေ။ တကယ်ပင် စက်ရုံကြီးအတွင်းရှိ သတ္တုများ သန့်စင်လေသည်။ တခြားမဟုတ်။ ယူရေနီယမ်သတ္တု။

"ဖြောင်း... ဖြောင်း... ဖြောင်း... ဖြောင်း..."

ကန့်လန့်ကာနောက်မှ စက်ရုံနာမည်ကြီး ထွက်ပေါ်လာသည့်အခါ လက်ခုပ်သံများ လှိုင်တက်လာသည်။ အဆိုပါ လက်ခုပ်သံများတွင် ဘဂရှင်မင်းတြားကြီး၏ လက်ခုပ်သံမှာ အကျယ်ဆုံး ဖြစ်လိမ့်မည်ဆိုတာကိုတော့ ပြောရန်လိုမည်မထင်။

ထို့နောက် ဘဂရှင်မင်းတြားကြီးက စက်ရုံအတွင်းသို့ လှည့်ပတ်ကြည့်ရှုသည်။ ဖွဲမောင်နှင့် ဆုံးမြေးတို့က စက်ရုံကြီးအကြောင်း တစ်ယောက်တစ်လှည့် အသေးစိတ် ရှင်းပြကြ၏။ နျူကလီးယားအတွက် မရှိမဖြစ် အရေးပါသည့် ယူရေနီယမ် သတ္တုသန့်စင်ပုံများကိုပါ အဆင့်ဆင့် ရှင်းပြသည်။ သန့်စင် ယူရေနီယမ်များ လုံလုံလောက်လောက် ရပါက နျူကလီးယားရရန် ခက်တော့မည် မဟုတ်။ ဘဂရှင်မင်းတြားကြီး၏ စိတ်ကူးယဉ်အိပ်မက်များ အကောင်အထည်ဖော်ရန် မဝေးတော့။

ဘဂရှင်မင်းတြားကြီးကတော့ သူ၏ အသစ်စက်စက် စက်ရုံကြီးကို ကြည့်လေကြည့်လေ ကြည့်လို့မဝလေ ဖြစ်နေသည်။ သေးသေးကွေးကွေးသာဆိုပါက ရင်ခွင်ထဲထည့်ကာ ဖက်ထားလိုက်ချင်သည်။ မယ်မယ်ဖျားကတော့ သူ့ဆုံးမြေးကို တဖွဖွ ချီးကျူးနေလေ၏။ မြန်မာလူမျိုးများထဲတွင် ဆုံးမြေးအရွယ်လောက်နှင့် ယခုကဲ့သို့ စက်ရုံကြီးဆောက်နိုင်သည့်သူ မရှိဟုသာ တွင်တွင်ပြောနေလေ၏။

တကယ်တော့ ဆုံးမြေးသည် စက်ရုံကြီးထဲသို့ ရောက်လာသည်နှင့် တီဗီဂိမ်းသာ ထိုင်ဆော့နေခြင်း ဖြစ်သည်။ စက်ရုံထဲတွင် ပြင်ပနှင့် အဆက်အသွယ်မရအောင် အင်တာနက်လိုင်းများလည်း ဖြတ်တောက်ထားသဖြင့် ဆုံးမြေးအနေနှင့် ဖေ့ဘုတ်သုံး၍ မရ။ ထို့ကြောင့် ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ပြတ်သည်ဟု အကြောင်းပြကာ တစ်ရက်ထက် ပို၍ နေသည်ဟူ၍ မရှိခဲ့။ အဓိက တည်ဆောက်ခဲ့သူမှာ ဖွဲမောင်နှင့် မိုးသောက်ပန်းတို့သာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သမီးတော်သုံးယောက်စလုံးသည်လည်း စက်ရုံကြီးအတွင်း ဟိုလက်ညှိုးထိုး၊ ဒီလက်ညှိုးထိုးနှင့် အင်မတန် ပျော်နေကြ၏။ မကြာမီ ထွက်ပေါ်လာတော့မည့် ချူကလီးယားလက်နက်ကြီးကို စိတ်ကူးယဉ်ပုံဖော်နေကြကာ တစ်ယောက်နှင့်တစ်ယောက် တွတ်ထိုးနေကြသည်။

"ဟဲ့... ချူကလီးယားလက်နက်တွေသာ ရရင်တော့ ငါလိုချင်တဲ့ စိန်တွင်းတွေ ရတော့မှာပေါ့နော်"

တော်ကြီးကို အားကျမခံ တော်ငယ်ကလည်း ပြန်ပြောသည်။

"ငါလည်း ပောလိပုဒ်မှာ မင်းသမီးဖြစ်တော့မှာပေါ့နော်"

"ဟဲ့... နိုင်ငံခြားမှာ မင်းသမီးလုပ်ရင် မင်းသားတွေက အရမ်းကြမ်းတာနော်၊ ဟိုထိဒီထိနဲ့၊ နှင့်ယောက်ျားက သဘောတူပါ့မလား"

"အောင်မယ်... အဲဒီကောင်လား၊ နိုင်ငံတကာ မင်းသမီးဖြစ်မှတော့ ဒင်းနဲ့ ပေါင်းပါ့မလား၊ မသကာ တော်လတ်ရဲ့ အသည်းကျော် ဂျက်စတင်ဘီဘာလေးနဲ့ပဲ တွဲတော့မှာပေါ့... မဟုတ်ဘူးလား တော်လတ်ရာ"

တော်ငယ်က တော်လတ်ကို မေးလိုက်သည်။ တော်လတ်က ဘာမှပြန်မပြော၊ မဖြေဆို တော်လတ်သည် တစ်ဦးတည်း အတွေးခေါင်နေ၏။ သူတွေးနေပုံမှာ တော်ကြီးနှင့် တော်ငယ်တို့လို မဟုတ်။

ချူကလီးယားလက်နက်သည် တစ်ကြိမ်တည်းနှင့် လူအများကြီးကို သေစေသည်။ ဆိုတော့ကာ တစ်ကမ္ဘာလုံးတွင် ရှိသမျှ မိန်းမတိုင်းကို ကျွန်းကြီးတစ်ကျွန်းသို့ ပို့လိုက်မည်။ ပြီးလျှင် ထိုကျွန်းကို ချူကလီးယားလက်နက်နှင့် ထုလိုက်မည်။ ဒါဆို ကမ္ဘာပေါ်တွင် မိန်းမဟူ၍ သူတစ်ယောက်တည်းသာ ကျန်ခဲ့မည်။ ထိုအခါ အကောင်တွေလည်း ရွေးစရာမိန်းမ မရှိတော့။ တစ်ဦးတည်း ကျန်ခဲ့မည့် သူ့ရှေ့တွင်သာ ဒူးထောက်ခစားရမည်။ အကောင်တိုင်းက ရှောင်ဖယ်ရှောင်ဖယ် လုပ်ခဲ့သဖြင့် ယခုအချိန်ထိ လင်မရသေးသည့် အပျိုကြီး သူ့ကို အလုအယက် တိုးဝှေ့ချစ်ရေးဆိုကြမည်။

အဲဒီအခါမှ စိတ်ကြိုက် ရွေးစမ်း။ တစ်ယောက်ပြီးတစ်ယောက် ခေါင်းခေါက်ပြီး ရွေးရုံသာ။ သေးသေးလေးပဲလား၊ ကြီးကြီးလား။ လာထားစမ်း... တစ်ယောက်ပြီးတစ်ယောက်။ တော်လတ်သည် ကိုယ့်အတွေးနှင့်ကို ကိုပြန်မြင်ယောင်ကာ ကြက်သီးများပင် ထလာပါတော့၏။

"ဒါနဲ့ နေပါဦး... မောင်ဖွဲ့မောင်"

ဘဂရှင်မင်းတြားကြီးအတွက် အရေးကြီးဆုံး မေးခွန်းကိုမေးရန် စကားစလိုက်သည်။

"စက်ရုံကြီးလည်း စလည်ပြီဆိုတော့ ချူကလီးယားလက်နက်ကြီး ဘယ်တော့ရမလဲ"

"အွင်..."

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့မောင်အနေနှင့် ဖြေရခက်သည်။ တကယ်တော့ နျူကလီးယားလက်နက်ဆိုသည်မှာ စက်ရုံလေးဆောက်၊ ကုန်ကြမ်းလေးဝယ်ကာ ရော့အင့်ဆိုပြီး ထုတ်လို့ရသည့် အရာမျိုးမဟုတ်။ အဆင့်ဆင့် တည်ဆောက်မှုတွေ၊ အကြိမ်ကြိမ် စမ်းသပ်မှုတွေကို အချိန်ယူလုပ်ဆောင်ပြီးမှ ရရှိနိုင်မည့် အရာမျိုးဖြစ်သည်။ ရက်ချိန်းအတိအကျပေးရန် မလွယ်။ သို့သော် ဖွဲ့မောင်သည် မြန်မာပြည်တွင် အချိန်အတန်ကြာနေပြီးနောက် ဘဂရှင်မင်းတြားကြီး၏အထာကို နပ်လာလေပြီ။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ရက်ချိန်းတစ်ရက်ကိုတော့ ပေးမှဖြစ်မည်။

"ဟုတ်ကဲ့ခင်ဗျ၊ လေးငါးနှစ်အတွင်း ရမယ်လို့ ထင်ပါတယ်"

"လေးငါးနှစ်..."

ဘဂရှင်မင်းတြားကြီးက တစ်လုံးချင်း ရေရွတ်ကာ စဉ်းစားနေ၏။

အင်း... လေးငါးနှစ်ဆိုတော့လည်း လေးငါးနှစ်ပေါ့။ ဘဂတစ်လျှောက်လုံး စောင့်ခဲ့ပြီးပြီပဲ။ အခု လေးငါးနှစ် ထပ်စောင့်ရတာ ဘာဖြစ်မည်နည်း။ ခါခါကြီးကလည်း သူ့ကို အနည်းဆုံး သက်တစ်ရာထိ နေနိုင်မည်ဟု ဟောကိန်းထုတ်ထားသည်။ မသေခင် နျူကလီးယားလက်နက် ရလျှင်ပင် ကျေနပ်လှပြီ။

ဘဂရှင်မင်းတြားကြီးသည် စက်ရုံဖွင့်ပွဲအပြီး အိမ်တော်သို့ ရောက်သည့်အခါ အတန်ငယ်ပင် မိုးချုပ်နေလေပြီ။ မဲအနိုင်အရှုံးနှင့် အရေအတွက်များ တင်ပြရမလားဟု ကိုယ်ရေးအရာရှိက မေး၏။ ဘဂရှင်မင်းတြားကြီးက ပြုံး၍ ခေါင်းခါလိုက်သည်။

တကယ်တော့ မဲပေးသည့် စနစ်ဆိုသည်မှာ ရယ်ဖို့ကောင်းလှပေသည်။ မဲရုံသို့ သွားမည်။ မဲထည့်မည်။ သို့သော် ကိုယ်ထည့်လိုက်သည့်မဲက ဘယ်ရောက်သွားသလဲ။ မဲပုံးထဲသို့ ထည့်လိုက်တာတော့ မှန်ပေသည်။ မဲပုံးလိုက် အစဖျောက်ကာ အခြားမဲပုံးတစ်ပုံးနှင့် အစားထိုးလိုက်လျှင် မည်သို့လုပ်မည်နည်း။ မြို့ကြီးတွေမှာ စောင့်ကြည့်နိုင်သည်ပဲထားဦး၊ မြို့လေးတွေမှာ မည်သို့လုပ်မည်နည်း။

ကြိုတင်မဲဆိုသည်မှာ ရှိသေးသည်။ မဲပုံးကို အစဖျောက်လို့ မရသည်ရှိသော် ကြိုတင်မဲဆိုသော ဘယ်ကဘယ်လို ရောက်လာမှန်းမသိသည့် မဲများနှင့် အနိုင်ရနိုင်သေးသည်။ ဘဂရှင်မင်းတြားကြီးမှာ အကုန်လုံးကို သေချာပြင်ဆင်ထားခဲ့ပြီးပြီ။ သူ့တပည့်များကို သူ စိတ်ချသည်။ ထို့ကြောင့် အဖြေကို သိရန်မလို။

အခုချိန်ဆိုလျှင် သူ့တပည့်များသည် စစ်ယူနီဖောင်းများချွတ်ကာ တိုက်ပုံခေါင်းပေါင်းများဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကြီးကို အုပ်ချုပ်ရန် ခက်ကွင်းပြင်နေကြပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

(၅)

ထိုင်၍မရ။ ထ၍မရ။ ဟိုလျှောက် ဒီလျှောက်၍လည်း မရ။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ အရက်လည်း မသောက်နိုင်။ ရင်တွေလည်း တရစပ် ခုန်နေ၏။ ဖြစ်မှဖြစ်ပါ့မလားဆိုသည့် စိုးရိမ်စိတ်များကလည်း ဒုဆောင်ကြီးထံတွင် အပြည့်။

နာရီကို လှမ်းကြည့်လိုက်သည်။ မနက် ငါးနာရီ။ နောက် သုံးနာရီဆိုလျှင် မြန်မာနိုင်ငံတွင် အကြီးမားဆုံးသော အပြောင်းအလဲကြီးတစ်ခု ဖြစ်တော့မည်။ ဘဂရှင်မင်းတြားကြီးကို ဖြုတ်ချကာ အာဏာရှင်အသစ်အဖြစ် မိမိကိုယ်မိမိ ကြေညာနိုင်တော့မည်။

ရဲဆေးတင်သည့်အနေဖြင့် ကော့ညက်တစ်ခွက်လောက် နှိ ကစ်လိုက်လျှင် ကောင်းမလားဟု ဒုဆောင်ကြီးက စဉ်းစားသေးသည်။ မကောင်း။ ဒီနေ့က သူ့ဘဝတွင် အရေးအပါဆုံးနေ့ ဖြစ်သည်။ ဆုံးဖြတ်ချက် တစ်ချက်မှားသည်နှင့် ဘဝပျက်သွားနိုင်၏။

ကာဆောင်ကြီးက သူ့ကို သစ္စာဖောက်ကာ အဆက်အသွယ် မလုပ်သည့်နေ့ကတည်းကပင် ဒုဆောင်ကြီးသည် မြောက်မှူးကြီးထံသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။ အစက ဘဂရှင်မင်းတြားကြီးသည် နျူကလီးယား စက်ရုံနှင့် ပတ်သက်ပြီး မိမိတို့နှင့်အတူတူ လက်တွဲဖော်ဆောင်သွားမည်ဟု ပြောသော်လည်း နောက်ပိုင်းတွင် အစအန ပျောက်သွားခဲ့သည်။ စက်ရုံကို ဘယ်နားတွင် တည်ဆောက်ထားသည်ပင် မသိရတော့။

ထို့အပြင် ဒုဆောင်ကြီးကိုလည်း အနားယူရန် မှာထားသေးသည်။ ယခုအခါ ရွေးကောက်ပွဲလည်း ပြီးခဲ့ပြီ။ မကြာမီတွင် သမ္မတများ၊ ဒုသမ္မတများ ပေါ်လာတော့မည်။ ထိုအခါ ဘဂရှင်မင်းတြားကြီးထံတွင်လည်း တရားဝင် အာဏာရှိတော့မည် မဟုတ်။ ထို့ကြောင့် ဘဂရှင်မင်းတြားကြီးထံ အာဏာရှိတုန်း မြန်မြန်အာဏာသိမ်းမှ ဖြစ်မည်ဟု မြောက်မှူးကြီးထံ တင်ပြခဲ့သည်။

မြောက်မှူးကြီးကလည်း သဘောတူသည်။ ထို့ကြောင့်ပင် ရွေးကောက်ပွဲပြီး နောက်တစ်နေ့ကို အာဏာသိမ်းမည့်နေ့အဖြစ် သတ်မှတ်ထားသည်။ ထိုနေ့တွင် မြောက်မှူးကြီးနှင့်အတူ မြောက်ဒို (မြောက်ကိုရီးယား အထူးကွန်မန်ဒိုအဖွဲ့)အဖွဲ့ကို ဒုဆောင်ကြီးထံ လာမည်။ ဒုဆောင်ကြီး၏အိပ်ဆောင် တပ်တစ်တပ်ကိုလည်း အဆင်သင့် ပြင်ထားသည်။ အဆိုပါ အိပ်ဆောင်တပ်အတွက် ခေတ်မီလက်နက်များကိုလည်း မြောက်မှူးကြီးက သယ်လာမည်။ ထို့နောက် နှစ်ဖွဲ့ပေါင်းကာ ဘဂရှင်မင်းတြားကြီး၏ အိမ်တော်ကို ဝင်ရောက်စီးနင်းကြမည်။ ဘဂရှင်မင်းတြားကြီးကို ဖမ်းမည်။ ပြီးလျှင် ဒုဆောင်ကြီးက ဘဂရှင်မင်းတြားကြီး အသစ်ဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ် ရေဒီယိုက ကြေညာမည်။

ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်ကြောင်း ကြေညာမည်။ တိုင်းနှင့်ပြည်နယ်အဂုမ်း အဖက်ဖက်မှ ယိုယွင်းနေသည့် အခြေအနေများကို အချိန်မီ ထိန်းသိမ်းလိုက်ကြောင်း ပြောကြားမည်။ ဒုဆောင်ကြီး၏ အုပ်ချုပ်မှုဖြင့် မြန်မာပြည်သူများ တစ်ကြိမ်တစ်ခါမျှ

www.burmeseclassic.com

www.burmeseclassic.com

မရဖူးသေးသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်သစ်ကြီးကို အချိန်တိုအတွင်း မြင်တွေ့ရအောင် အကောင်အထည်ဖော်ပေးမည်ဟု တစ်တိုင်းပြည်လုံးကို မိန့်ခွန်းခြွေမည်။ အဆိုပါ မိန့်ခွန်းကိုပင် ကြိုတင်ရေးသားထားပြီးပြီ။

ပြောက်ကျား ဂျက်ကပ်ထဲတွင် မိန့်ခွန်းစာရွက်လေး ရှိမရှိ သေချာစမ်းလိုက်သည်။ နာရီကို ထပ်ကြည့်သည်။ မြောက်မှူးကြီးရောက်ရှိလာရန် နှစ်နာရီခွဲခန့် လိုသေးသည်။ အချိန်တွေက ကုန်ခဲလိုက်ပါဘိ။ စက္ကန့်လက်တံလေး တစ်ပတ်ပြည့်ဖို့အရေး တစ်ဘဝလုံးစာမျှ စောင့်နေရသလို။

ထို့နောက် မည်သို့မည်ပုံ ရောက်သွားသည်မသိ။ မရောက်တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည့် ဘုရားခန်းထဲသို့ ရောက်သွားသည်။ ဘုရားခန်းထဲတွင် ဒုဆောင်ကြီးကတော်မှာ တရားမှတ်ရင်း ပါးစပ်မှ တဖွဖွ ဆုတောင်းနေသည်။ ဒုဆောင်ကြီးအတွက် ဆုတောင်းနေသည်ကိုတော့ မေးစရာမလို။

ဒုဆောင်ကြီးကလည်း လက်ဂါးနှစ်ဖက် ပူးကာ အလိုလို ရှိခိုးမိသွား၏။ ဘုရားဆင်းတုတော်၏ မျက်နှာတော်မှာ ငြိမ်းချမ်းလှပေသည်။ လက်ရှိ သူ့အနေအထားနှင့် တခြားစီ။

ဘုရားကို အာရုံပြုလိုက်မှ နည်းနည်း သက်သာသွားသည်။

"ဖူး..."

ဘာတွေ ကြောက်နေသနည်း။ စစ်ပွဲပေါင်းများစွာ တိုက်ခဲ့ဖူးသည့် စစ်သားပဲ။ ဘာမှ စိုးရိမ်စရာ မလို။ သူ့ဘက်မှာ ကျွမ်းကျင်သည့် မြောက်ဒိုတွေလည်း ပါမှာပဲ။ အောင်မြင်မှာ မုချပဲ။ စိတ်အေးအေးနှင့် အနီးကပ် ကွပ်ပဲ အမိန့်ပေးဖို့ပဲ လိုသည်။ ဒုဆောင်ကြီးက ဘဂရှင်မင်းတြားကြီးအိမ်ကို ဝင်စီးရာတွင် အိမ်အပြင်ဘက်ထိ ကိုယ်တိုင်လိုက်ကာ အနီးကပ်ကွပ်ပဲမည်ဖြစ်သည်။ အိမ်ထဲသို့ ဝင်ရန်လည်း မြောက်ဒိုအဖွဲ့နှင့် အသေးစိတ် တိုင်ပင်ပြီးသားပင်။ ဘာမှမလွဲနိုင်။ နောက် နာရီပိုင်းအတွင်း သူသည် မြန်မာနိုင်ငံ၏ အာဏာထွဋ်ခေါင် ဖြစ်တော့မည်။

အောက်ထပ်သို့ ပြန်ဆင်းသည်။ မြေအောက်ခန်းထဲသို့ ဝင်သည်။ သူကိုင်မည့် သေနတ်ကို သေချာရွေးသည်။ ပစ်ကွင်းကို မျက်စိတစ်ဖက်မှိတ်ကာ ချိန်လိုက်သည်။ သူ့ပစ်ကွင်းထဲတွင် ဝင်လာသည့်မှာ မျက်နှာတစ်ခု။ ဘဂရှင်မင်းတြားကြီး။

"ဒိုင်း..."

ပါးစပ်မှ ဒိုင်းခနဲအော်ကာ ပစ်ချလိုက်သည်။ ထို့နောက် သူ့လက်ရွေးစင် သေနတ်ကို ခါးကြားတွင် ချိတ်လိုက်၏။ သေနတ်ချိတ်လိုက်ရမှ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပိုရှိသွားသည်။ စစ်သားနှင့် သေနတ်၊ သေနတ်နှင့် စစ်သား ခွဲ၍ မနေကောင်း။

အပေါ်ထပ်သို့ ပြန်တက်သည်။ နာရီကြည့်သည်။

"ကျွတ်..."

www.burmeseclassic.com

www.burmeseclassic.com

အချိန်တွေ ရွေ့တာ နေးလှပါလား။ စိတ်မရှည်။ အခုပင် ဘဂရှင်မင်းတြားကြီးအိမ်ကို တစ်ယောက်တည်း ပြေးထွက်ကာ သေနတ်စွမ်း ပြလိုက်ချင်၏။ စိတ်လျော့... စိတ်လျော့။ ဒါတော့မဖြစ်နိုင်။ ဘဂရှင်မင်းတြားကြီးကလည်း လုံခြုံရေး အင်မတန် စိုးရိမ်သူဖြစ်သည်။ သူ့ခြံထဲတွင်ရှိသည့် အနီးကပ် လုံခြုံရေးအဖွဲ့ဝင်များသည် ငယ်ငယ်လေးကတည်းက စခန်းသွင်း လေ့ကျင့်ထားသည့် အဖွဲ့ဖြစ်ကာ မြန်မာပြည်တွင် ရှိရှိသမျှ တပ်ဖွဲ့ တပ်စိတ်များထက် တိုက်ခိုက်စွမ်းရည် အဆပေါင်းများစွာသာသည့် အဖွဲ့ဖြစ်သည်။ ထို့အပြင် အဆင့်မြင့်လက်နက်များလည်း တပ်ဆင်ထား၏။ အဆိုပါတပ်ကို ထိုးဖောက်ဖို့အတွက် ဒုဆောင်ကြီး၏ ကိုယ်ပိုင်တပ်နှင့်ဆို မဖြစ်နိုင်။ မြောက်ဒိုအဖွဲ့ပါ၍သာ အောင်မြင်မည်ဟု မုချ တွက်ထားနိုင်ခြင်း ဖြစ်သည်။ ဒါတောင် အတော်တိုက်ယူရမည်ပင်။

ခြံထဲသို့ ဆင်းသည်။ လမ်းလျှောက်သည်။ တွေးသည်။ အာဏာသိမ်းပြီးပါက ဒီအိမ်ကြီးတွင်ပင် ဆက်နေမည်လား။ အိမ်တော်အသစ် ဆောက်မည်လား။ ဒါမှမဟုတ် နေပြည်တော်ကဲ့သို့ အခြားသော မြို့သစ်ကြီးတစ်မြို့ ထပ်တည်လျှင်ကောင်းမည်လား။ အခု နေပြည်တော်က ဘဂရှင်မင်းတြားကြီး စိတ်တိုင်းကျ တည်ခဲ့သဖြင့် တချို့နေရာများတွင် ဒုဆောင်ကြီးအနေနှင့် သဘောမတွေ့။ ထို့ကြောင့် မြို့သစ်တည်ရမည်။ သူ့စိတ်တိုင်းကျ မြို့သစ်တည်ရမည်။ ထိုမြို့ကြီးတွင် မြေအောက်အရက်ပိုက်လိုင်းများ ထည့်သွင်းတည်ဆောက်မည်။ အိမ်ပေါ်ကနေ ဘုံဘိုင်လေး ဖွင့်လိုက်ရုံနှင့် အရက်များ တရဟော ကျလာစေရမည်။

အဆိုပါ မြို့သစ်ကို မည်သို့ နာမည်ပေးမည်နည်း။ ဘဂရှင်မင်းတြားကြီး ပေးခဲ့သလို ရှေးဟောင်းနာမည်တွေ မပေးချင်။ ခေတ်ဆန်ဆန် ပေးချင်သည်။ လမ်းနာမည်တွေကို ချီဗက်တို့ ဂျောနီဝါကားတို့ ဂျက်ဒင်နီရယ်တို့ ဆိုပြီး အရက်နာမည်တွေ ပေးရမည်။ ရပ်ကွက်နာမည်တွေကြတော့ ထန်းရည်၊ ချက်အရက်၊ ဘီအီး အစရှိသဖြင့် မြန်မာဆန်ဆန် ပေးရမည်။

ဒုဆောင်ကြီး၏ လုံခြုံရေးကင်မရာက အချက်ပြလာ၏။ လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့ ခြံဂသို့ ရောက်နေသည်။ နာရီကိုကြည့်လိုက်သည်။ ချိန်းထားသည့်အချိန်ထက် တစ်နာရီလောက် စောနေသေးသည်။ စောတော့လည်း ဘာအရေးလဲ။ တိုင်ပင်စရာရှိတာ တိုင်ပင်နိုင်တာပေါ့။

ဒုဆောင်ကြီးက အခန်းတွင်းမှ ရိမုဒ်ကွန်ထရိုးကို နှိပ်၍ ခြံတံခါးမကြီးကို ဖွင့်ပေးလိုက်သည်။ ထို့နောက် ဒုဆောင်ကြီးကိုယ်တိုင် ဆင်ဝင်အောက်တွင် စောင့်ကာကြိုနေလိုက်သည်။

ခြံဂက ကားသည် ခြံထဲသို့ လိုအပ်သည်ထက်ပိုကာ အရှိန်ပြင်းပြင်းနှင့် မောင်းဝင်လာ၏။

"ကျွီ..."

ဒုဆောင်ကြီးရှေ့တွင် ဘရိတ်ဆောင့်အုပ်လိုက်ကာ ကားပေါ်မှ လက်နက်ကိုင်အဖွဲ့ ခုန်ဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com

"မလှုပ်နဲ့..."

ဒုဆောင်ကြီးကို သေနတ်များနှင့် ဝိုင်းချိန်ထားသည်။ ရှေ့ခန်းက ဆင်းလာကာ ခေါင်းဆောင်ဖြစ်ပုံရသူက ဒုဆောင်ကြီးခါးမှ သေနတ်ကို လုယူသည်။ ထို့နောက်...

"ထပ်..."

လက်ထိပ်။ ဒုဆောင်ကြီး လက်နှစ်ဖက်ကို လက်ထိပ်ခတ်လိုက်သည်။

"ဟော့ကောင်တွေ မင်းတို့ ဘယ်ကအဖွဲ့လဲ၊ ငါ... ငါ... ဒုဆောင်... ဆောင်... ကြီး... လေ"

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသည်။ မိနစ်ပိုင်းတောင် မကြာလိုက်။ ဒုဆောင်ကြီးကို မျက်နှာဖုံးစွပ်ကာ ကားပေါ်သို့ ဆွဲတင်သွားကြသည်။

ပြီးတော့.. `ဂူး..." ခနဲ ခြံထဲမှ အပြင်သို့ မောင်းထွက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

(၆)

လေယာဉ်ပျံတွေ ဆင်းလာမည်။ တက်သွားမည်။ လူတွေ ရောက်လာမည်။ ထွက်သွားမည်။ နှုတ်ဆက်ကြ၊ ကြိုဆိုကြ၊ ဂမ်းနည်းကြ၊ ပျော်ရွှင်ကြ။ ရသပေါင်းစုံနှင့် အစဉ်အမြဲ သက်ဝင်လှုပ်ရှားနေသော အရပ်ကို လေယာဉ်ကွင်းဟု ခေါ်မည်ဆိုပါက နေပြည်တော် လေယာဉ်ကွင်းကို လေယာဉ်ကွင်းဟု ခေါ်ဆိုရန် ခက်ခဲပေလိမ့်မည်။

လေယာဉ်ကွင်းကြီးတစ်ခုလုံးမှာမှ တစ်စီးတည်းသော လေယာဉ်လေးသည် ပြေးလမ်းမကြီးဘေးတွင် အထီးကျန် စောင့်ဆိုင်းနေ၏။ ရယ်သံ၊ ငိုသံ၊ အော်သံ၊ ဟစ်သံဟူ၍ ဘာသံမှမရှိဘဲ တိတ်ဆိတ်နေသည်မှာ အသည်းငယ်သူများအတွက် ကြောက်လန့်စရာပင် ကောင်းနေတော့၏။ တစ်ခါတရံ တိုက်ခိုက်လာသည့် လေပွေများက ပြေးလမ်းတစ်လျှောက်ရှိ သစ်ရွက်ခြောက်များနှင့် ဖုန်များကို ဝေးရာသို့ သယ်ဆောင်သွားကြသည်။

လေနင်ရာ မျောနေရရှာသည့် သစ်ရွက်ခြောက်များကို ကြည့်၍ ကာဆောင်ကြီး တစ်ချက်မဲ့လိုက်သည်။ သူကရော ဘာထူးသနည်း။ သစ်ရွက်ခြောက်ထက် ဘာများထူးသနည်း။

ဖွဲ့ ဥ အရ တပ်မတော်က ဒုတိယသမ္မတတစ်ယောက် ရွေးချယ်ရမည်ဟု ဘဂရှင်မင်းတြားကြီးက သူ့ကို ခေါ်ပြောသည်။ အဆိုပါသူမှာ ကာဆောင်ကြီးပင် ဖြစ်လေသည်။ ထို့ကြောင့် ဒုသမ္မတအဖြစ် အနာဂတ်တွင် ထမ်းဆောင်ရန် အဆင်သင့် ပြင်ထားပါဟု ဘဂရှင်မင်းတြားကြီးက အမိန့်ပေးသည်။

အမှန်တော့ ကာဆောင်ကြီးသည် အရပ်ဘက်တာဝန်များကို ထမ်းဆောင်ရန် ဆန္ဒမရှိ။ ဒုသမ္မတမကလို့ သမ္မတရာထူးပင် ပေးစေဦး။ သူ့အနေနှင့် စိတ်ဝင်မစား။ သူစိတ်ဝင်စားသည်မှာ တပ်မတော်။ သူပျော်သည်မှာ တပ်မတော်။ တပ်မတော်သားဘဝနှင့် ရှင်သန်နေထိုင်လိုသည်။ တပ်မတော်သားဘဝနှင့်သာ ခေါင်းချကွယ်လွန်လိုသည်မှာ ကာဆောင်ကြီး၏ စစ်မှန်သော ဆန္ဒပင်။ စစ်ယူနီဖောင်းနှင့် ခေါင်းပေါင်းမလဲလို။

ယခုတော့ မတတ်နိုင်။ ဘဂရှင်မင်းတြားကြီး၏ နှုတ်ထွက်စကားသည် အမိန့်ပင်။ စစ်သားတစ်ယောက်၏ အဓိကစွမ်းရည်မှာ အမိန့်နာခံခြင်းပင်။ ဒုသမ္မတဆိုတော့လည်း ဒုသမ္မတပေါ့။

ယခုအခါ နောက်တစ်မျိုး လာပြန်သည်။ ရုရှားသို့ သွားရမည်။ ရုရှားရှိ မြန်မာတပ်မတော်သား၏ အခြေအနေကို လေ့လာပြီး အစီရင်ခံစာ ရေးသားရမည်။ နောက်နှစ်များတွင် ပညာတော်သင်များ တိုးလွှတ်သင့်သလား၊ လျှော့လွှတ်သင့်သလား အကြောင်းပြန်ရမည်ဟု အမိန့်တစ်ခု ရောက်လာပြန်၏။ ထိုအခါ ကာဆောင်ကြီးမှာလည်း ယောဉ်ပြေးလမ်းတစ်လျှောက်က သစ်ရွက်ခြောက်လေးပမာ ဘဂရှင်မင်းတြားကြီးစေရာ လွင့်ရပေဦးမည်။

"ထွက်ခွာဖို့ အဆင်သင့် ဖြစ်ပါပြီ ခင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com

လေယာဉ်မှူးက လာရောက်အကြောင်းကြားသဖြင့် ကာဆောင်ကြီးသည် ထိုင်ရာမှ ထလိုက်သည်။ ကာဆောင်ကြီးဘေးတွင် ရပ်နေသည့် လက်ထောက်အရာရှိက ကာဆောင်ကြီးကို အလေးပြုသည်။

"လေးစားပါတယ်"

လေယာဉ်လှေကားထစ်များအပေါ် တစ်ထစ်ချင်း တက်ရင်း နေပြည်တော်ကြီးကို လည်ပြန်ကြည့်လိုက်သည်။ သက်ရှိသတ္တဝါ တစ်ကောင် တစ်မြီးမျှ မရှိသည့် ကန္တာရလွင်ပြင်ကြီးအလား။ တိတ်ဆိတ်ခြောက်ကပ်လို့။ ကာဆောင်ကြီး၏ ညာဘက်လက်ကို နဖူးပေါ်သို့ တဖြည်းဖြည်း မ,တင်လိုက်၏။ လေးလေးနက်နက် အလေးပြုလိုက်၏။ သူချစ်သည့် မြန်မာပြည်ကြီးကို။

လေယာဉ်ပေါ်တွင် ထိုင်ရင်း စဉ်းစားသည်။ ကာဆောင်ကြီး စဉ်းစားသည်။ အခု သူသွားသည်မှာ နိုင်ငံတော်တာဝန်နှင့် ဖြစ်သည်။ ယခင်ကဆိုလျှင် ယခုလို ခရီးသွားတိုင်း အရာရှိကြီးများက လိုက်ပါပို့ဆောင်လေ့ရှိသည်။ တစ်ခါတစ်ရံ ဘုရင်မင်းတြားကြီးကိုယ်တိုင်ပင် လိုက်ပါပို့ဆောင်လေ့ရှိသည်။ အခုတော့ တစ်ယောက်မှ မရှိ။ လေယာဉ်ကြီးပေါ်တွင်လည်း ခရီးသည်ဟူ၍ ကာဆောင်ကြီးတစ်ယောက်တည်းသာ။ ထူးတော့ ထူးပေသည်။

"ဖူး..."

ကာဆောင်ကြီးက လေပူကြီးကို မှုတ်ထုတ်ကာ ထိုင်ခုံနောက်သို့ မှီလိုက်၏။ တဖြည်းဖြည်း သေး၍ ဝေးကွာသွားသည့် နေပြည်တော်ကြီးကို လက်ပြလိုက်၏။ မျက်စိနှစ်လုံးကို တင်းတင်းမှိတ်လိုက်၏။ နောက် ဘာတွေဆက်ဖြစ်မည်ဆိုတာ သူ မတွေးချင်တော့။

www.burmeseclassic.com

www.burmeseclassic.com

(၇)

ဘဂရှင်မင်းတြားကြီး၏ ရုံးခန်းထဲက အရေးပေါ်ဖုန်း ဝင်လာသည်။ ဘဂရှင်မင်းတြားကြီးက အေးအေးလူလူ ကောက်ကိုင်လိုက်ကာ...

"ပြော..."

ဟု အမိန့်ပေးလိုက်၏။ တစ်ဖက်က အသံထွက်လာသည်။

"နှင်းဆီပင်ကို အကိုင်းရော အပွင့်ပါ ခုတ်လိုက်ပါပြီ"

ဘဂရှင်မင်းတြားကြီးက ဘာမှပြန်မပြော။ ဖုန်းကို အသာပြန်ချလိုက်ကာ တစ်ချက်ပြုံးလိုက်။

ဒူးနေရာဒူး၊ တော်နေရာတော်ဆိုသည့် စကားသည် အလကားသက်သက် ပြောခြင်းမဟုတ်။ ကိုယ့်အဆင့်ကို ကိုယ်မသိဘဲ ခြေရာချင်းလာတိုင်းချင်လို့ ရမည်မဟုတ်။

နှင်းဆီအပွင့်ဆိုသည့် ဒုဆောင်ကြီးဟု အမိပ္ပါယ်ရသည့် လျှို့ဝှက်နာမည်များ ဖြစ်သည်။ ဒုဆောင်ကြီးက ဦးဆောင်ကာ သူ့ထံမှ အာဏာသိမ်းတော့မည်ဆိုသည်ကို ဘဂရှင်မင်းတြားကြီးက သတင်းကြိုတင် ရထားပြီးလေပြီ။ ထို့ကြောင့် လက်ဦးမှုရယူကာ ဒုဆောင်ကြီးကို ဖမ်းဆီးလိုက်ခြင်း ဖြစ်သည်။ အခုချိန်လောက်ဆို ဒုဆောင်ကြီးတစ်ယောက် စစ်ကြောရေးစခန်းတွင် ဘဂရှင်မင်းတြားကြီး၏ အနီးကပ် လုံခြုံရေးအဖွဲ့များက အထူးပြင်ဆင်ထားသည့် စစ်ဆေးမှု ပုံစံသစ်များဖြင့် စစ်ဆေးခံနေရလောက်ပြီ။

အထူးပြင်ဆင်ထားသည့် စစ်ဆေးမှု ပုံစံအသစ်ဆိုသည်မှာ ရှင်းသည်။ မည်သည့် လှည့်ကွက် မြှုပ်ကွက်မှ မပါ။ မေးမြန်းသူများက စိတ်တိုင်းကျ အဖြေမရမချင်း အကြမ်းနည်းဖြင့် ခန္ဓာကိုယ်ကို ဆော်ပလော်တီးမည်။ အနုနည်းဖြင့် စိတ်ကို ဗျင်းမည်။ သံချောင်းလို မာလှပါသည့် ဆိုသူများပင် စစ်ကြောရေးမှ ပြန်ထွက်လာသည့်အခါ ဖယောင်းကဲ့သို့ ဖြစ်သွားအောင် လက်စွမ်းထက်သည့်နည်းများ ဖြစ်သည်။

ကာဆောင်ကြီးကိုတော့ ရှင်းသည်။ ရုရှားကို သွားစမ်းဟု ဆိုကာ လေယာဉ်ပေါ် တင်ပေးလိုက်၏။ အမှန်တော့ အဆိုပါ လေယာဉ်တွင် ဆင်းစရာ ကွင်းဟူ၍ ဒီကမ္ဘာပေါ်တွင် မရှိ။ လေထဲတွင်ပင် ပေါက်ကွဲကာ အဆုံးဖျောက်လိုက်ရန် စီစဉ်ထားခြင်း ဖြစ်သည်။

ဒုဆောင်ကြီးကို ကာဆောင်ကြီးကဲ့သို့ အဆုံးမစီရင်တာ အကြောင်းရှိသည်။ မြောက်ကိုရီးယားနှင့် ဒုဆောင်ကြီးတို့၏ ဖာတ်လမ်းတွေကို ဘဂရှင်မင်းတြားကြီးအနေနှင့် သိလိုသေးသည်။ အခုအချိန်ဆို ရန်ကုန်ရှိ မြောက်သံရုံးတစ်ခုလုံးကို ဝိုင်းထားပြီးလောက်ပြီ။ သို့သော် သံတမန်စည်းကမ်းများအရ ဖမ်းခွင့်မရှိ။ ဖမ်းခွင့်မရှိသော်လည်း ဘဂရှင်မင်းတြားကြီးက သူဘာကောင်လဲဆိုတာ သိအောင် နည်းနည်း ပညာပြရတော့မည်။

ဘဂရှင်မင်းတြားကြီးအနေနဲ့ ချူကလီးယားလက်နက်သာ ရပြီးပါက မြောက်ကိုရီးယားကိုလည်း ဂရုစိုက်စရာ လိုတော့မည်မဟုတ်။ မြောက်တင် မဟုတ်။ အာရှတိုက်

www.burmeseclassic.com

www.burmeseclassic.com

တစ်တိုက်လုံးလည်း ဂရုစိုက်စရာ လိုတော့မည်မဟုတ်။ နျူကလီးယားလက်နက် ရပြီးလျှင် အာဆီယံအဖွဲ့ကပါ ထွက်ရမည်။ အာဆီယံဆိုသည်မှာ အလကား ချီးပေအဖွဲ့။ စီးပွားရေးလုပ်ဖို့ကလွဲပြီး ဘာမှမသိကြ။ တိုက်ဖို့ခိုက်ဖို့ဆို ဘယ်တော့မှ ဇမရှိ။ ငြိမ်းချမ်းရေး ဇန်းပြကာ လက်ရှောင်လေ့ရှိကြသည်။ အလကား ဂျိုပုန်းတွေအဖွဲ့။

နျူကလီးယားလက်နက် ရပြီးလျှင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ကို ပြန်လည်ဖျက်သိမ်းမည်။ မြန်မာပြည်က လူတွေလည်း ထိုအချိန်လောက်ဆိုလျှင် ဒီမိုကရေစီ ချောက်ထဲကျနေလောက်ပြီ။ ဘဂရှင်မင်းတြားကြီးက ချောက်အတွင်းက မြန်မာပြည်ကို ပြန်လည်ကယ်တင်မည်။ တစ်ကမ္ဘာလုံးတွင် စစ်သည်အင်းအား အကြီးမားဆုံးဖြစ်အောင် တပ်မတော်ကို တိုးချဲ့မည်။ လူတိုင်း စစ်မှုထမ်းမနေရ ပြဋ္ဌာန်းမည်။ သေနတ် မ,နိုင်သည့် အရွယ်ရောက်သူတိုင်း စစ်မှုထမ်းရမည်။ ယောက်ျား၊ မိန်းမ အကုန် စစ်မှုထမ်းရမည်။ ထိုမှသာ ကမ္ဘာပေါ်တွင် စစ်သည်အင်အား အများဆုံးနိုင်ငံ ဖြစ်မည်။

ဘဂရှင်မင်းတြားကြီး ယုံကြည်သည်။ သူ့အိပ်မက်များ အကောင်အထည် ပေါ်တော့မည်မှာ မလွဲ။ ထိုအိပ်မက်များကို ဖျက်လိုဖျက်ဆီး လုပ်မည့်သူတိုင်းကိုလည်း နှင်းဆီအကိုင်းနှင့် အပွင့်တို့ကဲ့သို့ပင် တစ်စစီ ခြေမွခြင်း ခံရမည်။ မိတ်ဆွေ၊ ရဲဘော်ဆိုသည်မှာ ဘဂရှင်မင်းတြားကြီး၏ အဘိဓာန်တွင် ရှာတွေ့မည့်စကားလုံးများ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com

## CHAPTER - F

(၁)

မိုးနှင့် ထိလုထိခင် အဆောက်အအုံများ၊ လက်လက်ထနေသည့် ဆိုင်ခန်းများ၊ တောက်ပြောင်နေသည့် အဝတ်အစားများ။ ဘာလိုချင်လဲ၊ ဘာလုပ်ချင်လဲ၊ ဒေါ်လာတွေသာ အပြည့်ဖြည့်ထား။ ဒါ နယူးယောက်ခ်။ လိုချင်တာ အကုန်ရှိ။

ကုန်တိုက်ကြီး၏ ငွေရှင်းကောင်တာနားတွင် ငူငူကြီးထိုင်နေသူက ဖွဲ့မောင်။ ကုန်တိုင်အတွင်းတွင် မမောနိုင် မပန်းနိုင်၊ လှည့်ပတ်ဝယ်ယူနေကြသူများကတော့ တော်သုံးတော်၊ ဆုံးမြေးနှင့် မိုးသောက်ပန်း။ သူတို့နောက်တွင် အထုပ်များပိုက်ကာ လိုက်နေသည့် ကုန်တိုက်ဝန်ထမ်းများ။ မသိလျှင် နယူးယောက်ခ်မြို့ကြီး၌ မြန်မာရှင်လောင်း လှည့်နေသလို။

ဖွဲ့မောင်က နာရီကိုကြည့်လိုက်သည်။ သူထိုင်စောင့်နေရသည်မှာ ငါးနာရီ ပြည့်တော့မည်။ ကုန်တိုက်တစ်ခုလုံးများ ဝယ်နေသလား မသိ။ သူတို့ ဝယ်နေသည့် ပစ္စည်းများကို ကြည့်ပြီး ဖွဲ့မောင်က စိတ်တွက်တွက်ကြည့်သည်။ မရှိဆို ဒေါ်လာတစ်သန်းတော့ အောက်ထစ်ရှိမည်။ ထို့ကြောင့်ပင် သူတို့မိသားစု အနောင့်အယှက်ကင်းကင်းနှင့် ဈေးဝယ်နိုင်အောင် ကုန်တိုက်ကို ယာယီပိတ်ထားပေးရ၏။ ကုန်တိုက်မန်နေဂျာကိုယ်တိုင်လည်း ဘေးမှ လိုက်ကာ တတွတ်တွတ် ရှင်းပြနေ၏။ ဟိုက နားလည်လား၊ နားမလည်လားတော့ မသိ။

စိတ်တိုင်းကျ ဝယ်ပြီးသွားသည့်အခါ ပစ္စည်းများကို ကုန်တိုက်တွင် ထားခဲ့ရုံသာ။ ဟိုတယ်ကို ကုန်တိုက်က ပို့ပေးလိမ့်မည်။ ဖွဲ့မောင်တို့အဖွဲ့ ထွက်သွားသည်နှင့် ကုန်တိုက်ရှေ့တွင် တံခါးခြောက်ပေါက် ဇိမ်ခံကားကြီးက အဆင်သင့်။

"ဘယ်လိုလဲ... ပင်ပန်းနေပြီလား"

မိုးသောက်ပန်းက ကားပေါ်က ရှန်ပိန်ပုလင်းကို ဖောက်၍ တော်သုံးတော်နှင့် ဆုံးမြေးတို့အတွက် ငှဲ့ပေး၏။ ဖွဲ့မောင်အတွက်တော့ မပါ။

"အို... ကိုဖွဲ့မောင်အတွက်လည်း ထည့်ပေးလိုက်ဦးလေ၊ သူ့ခမျာ အကြာကြီး စောင့်နေရတာ"

တော်လတ်က ပြောပြောဆိုဆိုနှင့် သူကိုယ်တိုင် ခွက်ယူကာ ဖွဲ့မောင်အတွက် ငှဲ့ပေးသည်။

"ဟင်... အပျိုကြီးနော်"

တော်လေးက ဝင်ဟန့်သည်။

"ဘာလဲဟဲ့... ကိုဖွဲ့မောင်ကြောင့် ငါတို့ ဒီကိုရောက်လာရတာ မဟုတ်လား"

"ဟုတ်ပါတယ်... ဟုတ်ပါတယ်၊ တော်လတ်ရဲ့ ကျေးဇူးရှင်ကြီး ကိုဖွဲ့မောင်ကြောင့်သာ ဒီကိုရောက်လာကြတာပါ"

"ကောင်မနော်... တော်တော်ကဲ"

www.burmeseclassic.com

www.burmeseclassic.com

တော်လတ်က ရှက်ရှက်နှင့် တော်လေးကို တဘုန်းဘုန်း ထုနေ၏။ အဆီများ အတစ်လိုက် ထွက်နေသည့် ခါး။ မေးစေ့နှင့် ရင်ဘတ်နှင့်ထိကာ လည်ပင်းပင် မမြင်ရလောက်အောင် တုတ်ခဲနေသည့် ခန္ဓာ။ ကောင်းပေ့ ညွန့်ပေ့ မိတ်ကပ်များ အစွမ်းကြောင့် မျက်နှာတစ်ဂိုက်တွင် ဖွေးနေပါသော်လည်း မဲတူးထစ်နေသည့် ကုတ်။ တော်လတ်၏ ကဗျာမမီ စာမမီ အလှအပများကို ခံစားရင်း ဖွဲ့မောင်ခမျာ လက်ထဲက ရှန်ပိန်ပင် မျိုမကျနိုင်။

"ဟို..."

ဖွဲ့မောင်က စကားစလိုက်သည်။

"အခု ဘယ်များသွားချင်သေးလဲ"

"မေးနေတယ်လေ၊ တော်လတ် ဖြေလိုက်ဦး"

"ဟဲ့... နင်တို့ အကုန်လုံးကို မေးတာလေ၊ ငါက ဘာလို့ဖြေရမှာလဲ"

"အဲ့ဒီအကုန်လုံးထဲမှာ တော်လတ်လည်း ပါတာပဲကိုး"

"ကဲ... တော်ကြစမ်းပါ"

တော်ကြီးက ဂင်ပြောသည်။

"ဒီနေ့တော့ အစ်မတော်တို့ကလည်း... အဲလေ... မမတို့ကလည်း ဈေးဝယ်ထွက်ရတာ သိပ်ပင်ပန်းနေပြီဆိုတော့ ဟိုတယ်ပြန်ပြီးတော့ပဲ အနားယူပါတော့မယ်နော်"

"ဟုတ်ကဲ့ပါခင်ဗျ၊ မနက်ဖြန်ရော ဘယ်များ သွားချင်ကြသေးလဲ"

တော်သုံးတော်၊ ဆုံးမြေးနှင့် မိုးသောက်ပန်းတို့၏ အမေရိကား လျှို့ဂှက်အလည်အပတ် ခရီးစဉ်အတွက် ဖွဲ့မောင်က အစအဆုံး တာဝန်ယူထားပေးရသည်။ လိုအပ်တာ ဖြည့်ဆည်းပေးရသည်။

"ဘယ်သွားရမလဲ မမတို့က မသိပါဘူး၊ ကိုဖွဲ့မောင် ကောင်းသလိုသာ ကြည့်စီစဉ်ပေးပါ"

"ဒါဆို ပြတိုက်တွေ၊ ပန်းချီပြခန်းတွေ သွားကြမလား၊ ဒီမှာရှိတဲ့ ပြတိုက်တွေက သိပ်နာမည်ကြီးတယ်"

"ပြတိုက်ဆိုတာ ဘာလဲဟင်..."

"ပန်းချီဆိုတာကရော..."

တော်လတ်နှင့် တော်လေးတို့၏ အမေး။

"အဲ... ဟို..."

အကျပ်ရိုက်ရသူက မောင်ဖွဲ့မောင်။ ပန်းချီနှင့် ပြတိုက်၏ အနက်ကို မည်သို့ဖွင့်ရမည်မသိ။ ဖွဲ့မောင်၏ ကယ်တင်ရှင်က ဆုံးမြေး။

"အဲဒါပြောတာပေါ့၊ အစ်မတော်တို့က ဘာမှ လေ့လာလိုက်စားမှု မရှိဘူး၊ ဖေ့ဘုတ်သုံးဆိုတော့လည်း မသုံးဘူး၊ ဖေ့ဘုတ်ထဲမှာ အကုန်ရှိတယ်။ မသိရင်မှတ်ထား ခတ်ပုံကို ဆေးတွေ စုတ်တံတွေနဲ့ ဆွဲတဲ့ဟာကို ပန်းချီလို့ခေါ်တယ်၊ ကျွန်တော်တို့ အိမ်တော်က

www.burmeseclassic.com

www.burmeseclassic.com

နံရံတွေမှာတောင် ချိတ်ထားသေးတယ်လေ၊ ပြတိုက်ဆိုတာ အိမ်မှာ အသုံးမဝင်တော့တဲ့ ပစ္စည်းအဟောင်းတွေ စုထားတဲ့နေရာ၊ သွားမနေပါနဲ့ဗျာ၊ ပျင်းစရာကြီးတွေပါ၊ စိတ်ဝင်စားစရာ ဘာမှမကောင်းလို့ နေပြည်တော်မှာတောင် ပြတိုက်တစ်ခုမှ ဖွင့်မထားဘူး"

ဆုံးမြေးလေး ရှင်းလိုက်တော့မှာပင် တော်သုံးတော်လည်း စိတ်တိုင်းကျ ကျေနပ်သွားတော့၏။

"ဒါနဲ့ ကိုဖွဲ့မောင်ရေ၊ နယူးယောက်ခ်က နာမည်သာကြီးတယ်၊ ထင်သလောက်လည်း မဟုတ်ဘူးနော်၊ နောက်ပြီး မေးရဦးမယ်ဗျာ"

ဖွဲ့မောင်ခမျာ ချွေးများပင် ပြန်လာ၏။ မာစတာဘွဲ့ရသည်အထိ မေးခွန်းပေါင်းများစွာကို အထစ်အငေါ့မရှိ ဖြေခဲ့ဖူးသည်။ သူတို့မိသားစု၏ မေးခွန်းတွေလောက် မခက်။

မေးသည့် မေးခွန်းများကလည်း ကြည့်ဦး...။ အမေရိကန်သမ္မတ ကိုးကွယ်တဲ့ ဘိုးတော်က ဘယ်သူလဲတို့၊ အမေရိကန်သမ္မတရဲ့ သမီးတွေမှာ စိန်ဘယ်နှစ်ဆင်စာ ရှိလဲတို့။။ အမေရိကန် စစ်တပ်က ဘာလို့ အာဏာမသိမ်းတာလဲတို့။ ခုလည်း ဘာမေးဦးမည် မသိ။

"ဒီက အင်တာနက်က ကျွန်တော်တို့အိမ်က အင်တာနက်လောက် ဘာလို့မမြန်ရတာလဲဗျ"

ဖွဲ့မောင် ခေါင်းကုတ်သည်။

"ဒီမှာ သူတောင်းစာတွေရော၊ လမ်းဘေးမှာနေတဲ့ သူတွေရော အများကြီးနော်၊ ပြောတော့သာ ချမ်းသာတဲ့နိုင်ငံတဲ့။ တော်လေးတို့ နေပြည်တော်မှာဆို ဘာသူတောင်းစားမှ မရှိဘူး"

"ဟုတ်ပ..."

တော်ကြီးပါ ပါလာ၏။

"အခုလည်း ကြည့်ပါဦး... ကားတွေပိတ်နေလိုက်တာ လွန်ပါရော၊ လမ်းကကျဉ်း၊ လူကများနဲ့ စိတ်ညစ်စရာကြီး၊ အမေရိကန်ကို အုပ်ချုပ်တဲ့ကောင်တွေလည်း ဘဂရှင်မင်းတြားကြီးလောက်တောင် အမြော်အမြင် မရှိဘူး။ နေပြည်တော်လို လမ်းတွေ အကျယ်ကြီး ဖောက်ထားရမှာ..."

"ဒီအတွက် မပူပါနဲ့..."

အာကျယ်လေး ဆုံးမြေး ပြန်ဝင်လာပြီ။

"ကျွန်တော်တို့ ချူကလီးယားပုံးရအောင် အခု လုပ်နေပြီပဲ၊ ချူကလီးယားရရင် နယူးယောက်ခ်ကို တစ်လုံးလောက် ကြဲလိုက်မယ်၊ ပြီးတော့ အစအဆုံး နေပြည်တော်လို ပြန်ဆောက်ပြီး ကျွန်တော်တို့ရဲ့ မယ်မယ်ဖွားနဲ့ ဘဘကြီးကို အုပ်ချုပ်ခိုင်းလိုက်ရင် မကောင်းဘူးလား"

"ကောင်းတယ်... ကောင်းတယ်၊ ဒါမှ ငါတို့တွေ ရှော့ပင်ထွက်တဲ့အခါ ပိုက်ဆံမပေးရတော့မှာ၊ အခုလို ပိုက်ဆံပေးဝယ်နေရတာ နမြောစရာကြီးဟယ်"

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့မောင်က ကုတ်လက်စ ခေါင်းကိုသာ အရေပြားများ ကွာကျသွားလောက်အောင် တဗျင်းဗျင်း ကုတ်နေရ၏။

"ကဲပါ...နင်တို့ပြောနေတာနဲ့ ဟိုမှာ ဖွဲ့မောင်ကြီး စိတ်ညစ်နေပြီလား မသိဘူး"

တော်လတ်က စိုးရိမ်တကြီး ဂင်ပြော၏။ စိတ်ညစ်တာ အမှန်ပင်။ ပညာရှိကြီးများ၏ အဆိုအမိန့်များက တစ်မျိုး။ တော်လတ်၏ မျက်လုံးရွှဲကြီးများနှင့် အကြင်နာလွှန် အကြည့်များက တစ်ဖွယ်။ ကားပေါ်မှ ထွက်တောင်ပြေးချင်လာမိ၏။ လမ်းတွေပိတ်နေသဖြင့် ကားက မရွေ့။ ကားကမရွေ့တော့ ဟိုတယ်ကို ပြန်မရောက်။ ဟိုတယ်ကို ပြန်မရောက်တော့ ပညာရှိအပေါင်း၏ ထူးဆန်းထွေလာ မေးခွန်းများကို ဖြေရှင်းရ။ လမ်းပေါ်မှာ ရှူးမသွားပါစေနဲ့လို့သာ ကိုယ့်ကိုယ်ကိုယ် ဆုတောင်းနေရ၏။ သူတို့ပြောသကဲ့သို့ နေပြည်တော်ကို နမူနာယူကာ လမ်းအကျယ်ကြီး မဆောက်ခဲ့တဲ့ အမေရိကန်သမ္မတ အဆက်ဆက်ကိုသာ စိတ်ထဲကနေ ကျိန်ဆဲနေမိ၏။

"အနက်ဖြန့်လည်း မထူးပါဘူး ကိုဖွဲ့မောင်ရယ်၊ ရှော့ပင်ပဲ ထွက်တာပေါ့၊ ဒီမှာ ဈေးဂယ်ရတာ ဒူဘိုင်းလောက် မစွံပေမယ့် မနက်ဖြန်တော့ လက်ဂတ်လက်စားတွေ ဂယ်ကြတာပေါ့... မကောင်းဘူးလား"

တော်ကြီး၏ စကားကို ကျန်လူများကလည်း ထောက်ခံသည်။ ဒါတောင် ဆုံးမြေးတို့က ရန်ကုန်မြစ်ထဲတွင် အပျင်းပြေစီးရန် ဇိမ်ခံရွက်လှေ ဂယ်ချင်သေးသည်ဆိုသဖြင့် မနည်းတောင်းပန်းယူရသည်။ အမေရိကန်အနေနှင့် မြန်မာပြည်ကို တရားဝင် ဆန်ရှင်ဖွင့်ထားသေးသည် မဟုတ်။ သူတို့၏ ခရီးစဉ်ကိုပင် လျှို့ဝှက်စီစဉ်ထားခြင်း ဖြစ်ကြောင်း၊ ဇိမ်ခံရွက်လှေကြီးကို အမေရိကားကနေ မြန်မာပြည်သို့ သယ်သွားပါက သိသာလွန်းနေမည်ဖြစ်ကြောင်းတို့ကို ရှင်းပြရသေး၏။

ထို့ပြင် ဆုံးမြေးကိုလည်း အခုခရီးစဉ်နှင့် ပတ်သက်ပြီး ဖေ့ဘုတ်တွင် ဘာပုံမှ မတင်မိစေဖို့ မှာရသေး၏။ ညဘက်များတွင်လည်း ဟိုတယ်အပြင်သို့ မထွက်ကြဖို့နှင့် သူစိမ်းများ မိတ်ဖွဲ့လာလျှင် လက်ခံစကားမပြောဖို့ အတန်တန် မှာရသည်။

အမှန်တော့ ဖွဲ့မောင်အနေနှင့် အမေရိကားကို ပြန်လာရခြင်းမှာ နျူကလီးယား ပရောဂျက်အတွက် အရေးကြီးသည့် အစိတ်အပိုင်းများကို ကိုယ်တိုင်ကိုယ်ကျ လာရောက်သယ်ယူခြင်း ဖြစ်သည်။ ထိုကဲ့သို့ သယ်ယူရာတွင် တစ်ယောက်တည်း စီစဉ်ရတာ ခက်သဖြင့် မိုးသောက်ပန်းကို အဖော်ခေါ်ခဲ့ခြင်း ဖြစ်သည်။ မိုးသောက်ပန်းကိုခေါ်သဖြင့် ဆုံးမြေးကပါ လိုက်ချင်သည်ဖြစ်လာ၏။ ဆုံးမြေးကို ခေါ်ပြန်တော့လည်း တော်သုံးတော်ကလည်း သူတို့ပါ ရောက်ဖူးချင်သည် ဖြစ်လာ၏။ နောက်ဆုံးမှာတော့ ဖွဲ့မောင်မှာ သမီးတော်၊ မြေးတော် တစ်ပြုံတစ်မကြီးနှင့် အမေရိကန်သို့ ရောက်လာရ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် တော်သုံးတော်နှင့် ဆုံးမြေးတို့မှာ လုံခြုံရေးအရ နယူးယောက်ခ်တွင် သုံးရက်သာ နေခွင့်ရှိသည်။ အဆိုပါ သုံးရက်အတွင်း သူတို့၏ လုံခြုံရေးကို ဖွဲမောင်တို့က လျှို့ဝှက်အဖွဲ့ကပင် တာဝန်ယူပေးရ၏။

ထိုသုံးရက်ကလည်း သုံးရက်ဆို ဆိုသလောက်ပင်။ ဖွဲမောင်၏ ဘဝတစ်သက်တာအတွင်း အရှည်လျားဆုံး သုံးရက်အဖြစ် မှတ်တမ်းဝင်သွားပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com

(၂)

အိမ်ရောက်ရောက်ခြင်း အရင်ဆုံးလုပ်သည်မှာ ရေချိုးခန်းထဲ ဝင်သည်။ အငွေ့တထောင်းထောင်း ထနေသည့် ရေနွေးများကို ရေချိုးဇလုံးအတွင်း ဖြည့်သည်။ ထို့နောက် တစ်ကိုယ်လုံး မြုပ်သွားအောင် စိမ်လိုက်၏။ အချိန်မည်မျှ ကြာသည်မသိ။ မြေးတော်၊ သမီးတော်တို့၏ မေးခွန်းအဆန်းတော်တို့ မေ့ပျော်သွားသည်အထိ စိမ်လိုက်၏။

အားရပါးရ ရေချိုးပြီးသည့်အခါ ဖွဲ့မောင်သည် ခုတင်ဘေးမှ ဗီရိုလေးကို ဖွင့်လိုက်သည်။ အဆိုပါ ဗီရိုလေးထဲတွင် သူ၏ အတိတ်ရှိသည်။ သူ၏ အနာဂတ် ရှိသည်။ သူ၏ ပစ္စုပ္ပန်ရှိသည်။ သူ၏ ချစ်သူ ရှိသည်။ သူ၏ နိဗ္ဗာန် ရှိသည်။

"ဖျောက်..."

လက်ထဲက မီးခြစ်ကို ခြစ်လိုက်၏။ ထို့နောက် ဆေးပြားလေးကို အပူပေးလိုက်သည်။ ထွက်လာသည့် အငွေ့များကို $H_2O$ ထဲသို့ ဖြတ်သန်းစေ၏။ ထို့နောက်...

"ဖူး..."

နှုတ်ခမ်းမှတစ်ဆင့် လည်ချောင်းပြွန်ထဲ၊ လည်ချောင်းပြွန်မှတစ်ဆင့် အဆုတ်။ အဆုတ်မှတစ်ဆင့် သွေးကြောများဆီ။ ဓာတုဓာတ်ငွေ့တွေ ဟိုဒီစီးဆင်းလို့။

"ဖူး..."

နောက်တစ်ကြိမ်။

ဆေးပြားလေးရယ်... အစိုင်အခဲကနေ အငွေ့အဖြစ် မင်းရဲ့ပြောင်းလဲပုံက ညင်သာလိုက်တာကွာ။

ငါနဲ့များ တခြားစီပါလား။ ငါ့မှာတော့ မင်းလို လွယ်လွယ်နဲ့ အငွေ့မပျံနိုင်တော့ မီးအပူပေါ်မှာ အကြာကြီး နေနေရတာပေါ့ကွာ။ ငါ ဘာဆက်ဖြစ်မလဲ ငါမသိ။ ငါ့ကို ဘယ်သူ မီးနဲ့လာရှို့ဦးမလဲ ငါ မသိ။ အခု ငါ လုပ်နေတာတွေက မှန်သလား၊ မှားသလား ငါမသိ။ ငါ ဘာဖြစ်လို့ အဲဒီပညာတွေ တတ်နေရတာလဲ။ ဓာတ်သတ္တုတွေ ဘာလို့ ဖွဲ့စည်းတတ်နေရတာလဲ။ ငါ ဘာလို မကောင်းတဲ့ လူတွေအတွက် မကောင်းတဲ့ လက်နက်တွေ လုပ်ပေးနေရတာလဲ။ ဆေးပြားလေးရေ.... ဖြေပါဦးဟေ့။

"ဖူး..."

နေဦး.. ဆေးပြားလေး၊ မင်းရဲ့ အစိုင်အခဲတွေအကုန်လုံး အငွေ့မဖြစ်ခင် ပြောရဦးမယ်၊ မကောင်းတဲ့သူဆိုတာ ဘာလဲ။ ဘာဂရှင်မင်းတြားကြီးလား၊ အမေရိကန် သမ္မတလား။ ငါ့အဖွဲ့အစည်းရဲ့ ခေါင်းဆောင်လား။ သူတို့တွေက မကောင်းဘူးဆိုတော့ ဘယ်သူတွေက ကောင်းလဲဟင်။ ဆေးပြားလေး ဖြေပါဦး၊ ငါ့ကို ဖြေပါဦး..။

"ဖူး..."

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့မောင်၏ စိတ်ကူးတွေ ထက်လာ၏။ ရူလာ၏။ မျက်လုံးတွေ ကျယ်လာ၏။ ဒီည အိပ်ဖို့မလိုတော့။ အတွေးများ သယ်ဆောင်ရာနောက်သို့သာ အသာတကြည် လိုက်သွားရုံ ရှိပ။

"ဖူး..."

နောက်ထပ် ဓာတုဖွဲ့စည်းမှုတစ်ခုကို အငွေ့အဖြစ် ဖြိုဖျက်လိုက်၏။ ဖွဲ့မောင်၏ဘဝတွင် တွယ်တာစရာဆိုလို့ ဆေးပြားလေးတွေကလွဲလို့ ဘာမှမရှိ။ သူ အခုလို ဘွဲ့တွေ ပညာတွေရအောင်လည်း ဆေးပြားလေးတွေကသာ အဖော်လုပ်ပေးခဲ့သည်။ ဆေးပြားလေးတွေကြောင့်သာ လောကကြီးဟာ နေပျော်စရာ ကောင်းခဲ့သည်။

နေပါဦး။ ငါ့မှာ တကယ်ပဲ တွယ်တာစရာ သက်ရှိတစ်ယောက်မှ မရှိတော့တာလား။ ဖွဲ့မောင်က စဉ်းစားသည်။ ခေါင်းထဲသို့ ပထမဆုံး ဝင်လာသည်က သူ၏ချစ်သူ။ သူနှင့် ကျောင်းအတူတက်ခဲ့သည့် ကိုရီးယားမလေး ဖြစ်သည်။ ထိုချစ်သူလေးက ပညာရေးဆုံးခန်းတိုင်သည့်အခါ ကိုရီးယားသို့ အတူပြန်ကာ ဟိုမှာအခြေချရန် ပြောသည်။ ဖွဲ့မောင်ကလည်း ရတယ်ပေါ့။ ဘာဖြစ်လဲ... ချစ်သူခေါ်ရာနောက် လိုက်မည်ပေါ့။

သို့သော်... တကယ်သွားရမည့်နေ့ ရောက်သည့်အခါ သူ့ချစ်သူက သူ့ကို ဖွင့်ပြောသည်။ ချစ်သူပြန်မှာက ကိုရီးယားတော့ ကိုရီးယား၊ သို့သော် တောင်မဟုတ်၊ မြောက်ကိုရီးယားတဲ့။ သူက မြောက်ကိုရီးယားက လွှတ်လိုက်တဲ့ လျှို့ဝှက်စုံထောက်တဲ့။ ဖွဲ့မောင်၏ ဘဝတွင်လျှို့ဝှက်သည့် စကားလုံးနှင့် ပထမဆုံး ရင်းနှီးခဲ့ခြင်း ဖြစ်သည်။ ထို့နောက်တွင်တော့ လျှို့ဝှက်ဆိုသည့် စကားလုံးများက သူ့အဘိဓာန်အတွင်း အပြည့်နေရာယူလာ၏။ ဘွဲ့ရပြီးကတည်းက ယနေ့အချိန်အထိ မလျှို့ဝှက်ဘဲ မလုပ်ရသည်ကိုမရှိ။ တစ်ခါတလေ လျှို့ဝှက်ရတာတွေ များသဖြင့် ပြောစရာစကားပင် ရှာမတွေ့။ သူ့အတွက် ထွက်ပေါက်ဆို၍ ဆေးပြားလေးများသာ ရှိလေ၏။

မြောက်ကိုရီးယားဆိုတော့လည်း မြောက်ပေါ့။ ဘာအရေးလဲ။ ဖွဲ့မောင်က မမူသေး။ ဟိုမှာ ဓာတုဆေးပြားတွေ ရှိလားဆိုတော့ အပုံကြီးပဲတဲ့။ ဖွဲ့မောင်လည်း အားတက်ကာ လိုက်မည်ဟုသာ ဖွတ်ခေါင်းတွေ ညိတ်နေ၏။

ထိုညိတ်နေသည့် ခေါင်းက အကြာကြီးမညိတ်နိုင်။ မြောက်ကိုရီးယား ရောက်သည့်အခါ မြောက်နိုင်ငံသား ခံယူရမည်တဲ့။ ကမ္ဘာအရပ်ရပ်ရှိ ဓာတုဆေးပြားအမျိုးမျိုး၏ အရသာအစုံစုံကို ဖွဲ့နွဲ့ခံစားချင်၏။ ဆေးပြားတိုင်းတွင် မတူညီသော ကိုယ်ပိုင်နိဗ္ဗာန်များ ရှိသည်။ ထိုနိဗ္ဗာန်များကို ရောက်ဖူးချင်သေး၏။ ထိုမှစကာ ဖွဲ့မောင်၏ အချစ်ဇာတ်လမ်းလည်း တစ်စခန်း ရပ်ခဲ့ရသည်။

နောက်ပိုင်းတွင်လည်း မိန်းမများနှင့် ရှုပ်ဖို့ရာ အချိန်မရ။ နိုင်ငံအသီးသီးသို့သွားကာ လျှို့ဝှက်တာဝန်များ ထမ်းဆောင်၍ လျှို့ဝှက်လက်နက်များ တီထွင်ပေးရသည်။ တွေ့သမျှကလည်း ဒင်ဆိုသည့် စစ်ခေါင်းဆောင်ကြီးများသာ။ ရင်ခုန်ဖို့ နေနေသာသာ ဇက်မပြုတ်အောင် အနေအထိုင် ဆင်ခြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားစမ်း...။ နောက်ထပ် တွယ်တာစရာ တစ်ယောက် ငါ့မှာရှိပါသေးတယ်။ ဖွဲ့မောင်က အငွေ့များကို ရင်ဘတ်ကြီး မောက်တက်လာသည့်အထိ အားနှင့် ရှိုက်သွင်းလိုက်၏။

"ဖူး..."

ဘယ်သူပါလိမ့်။ နောက်ထပ် တွယ်တာစရာက ဘယ်သူပါလိမ့်။ ဩော်... မှတ်မိပြီ။ အဖေ။ ဟုတ်ပ။ သူ၏ ချစ်လှစွာသော အဖေ။ အခုတော့ နိဗ္ဗာန်ဘုံတစ်ခုခုသို့ ရောက်နေလောက်ပြီ။ ဆေးပြားလေးများနှင့်အတူ သူရောက်ခဲ့သမျှ နိဗ္ဗာန်ဘုံများတွင်တော့ တစ်ခါမှ မတွေ့ခဲ့။ ဖွဲ့မောင်ကလည်း ဖွဲ့မောင်ဆိုသည့်အတိုင်း ဖွဲ့မလျော့။ သူ၏ ချစ်လှစွာသော ဖခင်ကြီးကို မတွေ့မချင်း နိဗ္ဗာန်ဘုံများသို့ ဆေးပြားလေးများနှင့် မောင်းနှင်ကာ လည်ပတ်နေဦးမည်။

ယခုကဲ့သို့ အမေရိကန်၏ ထိပ်သီးလျှို့ဝှက်အဖွဲ့ကြီးထဲ ပါဝင်ခွင့်ရခဲ့သည်မှာ သူ့အဖေကြောင့် ဖြစ်သည်။ သူ့အဖေသည် မြန်မာပြည်မြောက်ဖျား ကချင်ပြည်နယ်က မွေးဖွားခဲ့သူ ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်တပ်များ မြန်မာပြည်တွင်းသို့ ချီတက်ခဲ့ကြသည်။ အဆိုပါ အမေရိကန်တပ်အတွင်း ဂျိမ်းဆိုသည့် စစ်ဗိုလ်လေးတစ်ယောက်လည်း အပါအဝင်ပင်။ ဗိုလ်လေး ဂျိမ်းသည် နယ်စပ်တွင် တိုက်ပွဲအကြီးအကျယ်ဖြစ်ကာ ဒဏ်ရာရပြီး အမေရိကန်စစ်တပ်နှင့် အဆက်အသွယ် ပြတ်တောက်ခဲ့၏။ ရိက္ခာလည်း ပြတ်။ ဒဏ်ရာလည်း နက်နှင့် တစ်ယောက်တည်း သေမည့်အချိန်ကို ထိုင်စောင့်နေရသည်။

ထိုအချိန်တွင် ဂျိမ်းအတွက် ကယ်တင်ရှင် တစ်ယောက် ရောက်လာ၏။ ထိုသူမှာ အခြားမဟုတ်။ ဖွဲ့မောင်၏ ဖခင် ဘရန်ဆိုင်း ဖြစ်သည်။ ဒဏ်ရာရ ဗိုလ်လေးဂျိမ်းကို တောထဲကနေ တစ်ဦးတည်း ထမ်းလာသည်။ ဆေးကုပေးသည်။ အစားအစာ ပေးသည်။ တစ်ယောက်စကား တစ်ယောက်နားမလည်သော်လည်း ရင်ဘတ်ချင်း ဆက်သွယ်ခဲ့ကြသည်။ ဖွဲ့မောင်၏ ဖခင်ကပင် အမေရိကန် စစ်တပ်သို့ ခက်ခက်ခဲခဲ ဆက်သွယ်ပေးခဲ့သည်။ ဗိုလ်လေးဂျိမ်းမှာ သူ့စစ်တပ်က ပြန်လာခေါ်သည့်အခါ ဖွဲ့မောင်၏ ဖခင်ကို အကြာကြီးဖက်ကာ ငိုနေလေတော့၏။

အဆိုပါ ဗိုလ်လေးဂျိမ်းမှာလည်း ဗိုလ်လေးကနေ ဗိုလ်ကြီးဖြစ်၊ ဗိုလ်ကြီးကနေ ဗိုလ်ချုပ်ကြီး၊ အသက်နှင့်အတူ ရာထူးများပါ တဖြည်းဖြည်း ကြီးလာ၏။ နောက်ဆုံးတွင်ယခု ဖွဲ့မောင် အလုပ်လုပ်နေသည့် လျှို့ဝှက်အဖွဲ့ကြီး၏ ခေါင်းဆောင်ဖြစ်ခဲ့၏။ အမေရိကန်သမ္မတ အဆက်ဆက်ကို ဩဇာညောင်းခဲ့သည့် ဗိုလ်ချုပ်ကြီး ဖြစ်သည်။ ယခုအချိန်တွင် အသက်ရစ်ဆယ်ကျော်နေသဖြင့် ရာထူးမှ အနားယူထားသော်လည်း ဩဇာတော့ အတော်အသင့် ကျန်နေတုန်းပင်။

အဆိုပါ အဖွဲ့သည် အမေရိကန်နိုင်ငံအတွက် အလွန်အရေးပါသည့် အဖွဲ့ဖြစ်သဖြင့် တော်ရုံသူပင် အဖွဲ့ဝင်ဖြစ်ခွင့်မရှိ။ ဖြစ်ခွင့်မရှိရုံသာမက အမေရိကန်နိုင်ငံသား တော်တော်များများပင် အဆိုပါ အဖွဲ့ရှိကြောင်း မသိကြ။ ထိုမျှလောက် လျှို့ဝှက်သည့် အဖွဲ့ကြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့မောင်အနေနှင့် အဆိုပါအဖွဲ့ထဲ ပါဝင်ခွင့်ရသည်မှာ ဂျိမ်းကြောင့်ပင်။ ဂျိမ်း ရာထူးကြီးကြီး ရှိလာသည့်အခါ သူ့ကျေးဇူးရှင် ကချင်ကြီး ဘရန်ဆိုင်းကို မရမက ဆက်သွယ်၏။ အမေရိကန်သို့ ပြောင်းရွှေ့အခြေချရန် ဖိတ်ခေါ်သည်။ ထို့နောက် ကချင်ကြီး၏သား ဖွဲ့မောင်၏ ပညာရေးကိုပါ တာဝန်ယူ၏။ ဖွဲ့မောင်၏ဖခင် ဆုံးပါးသွားသည့်အခါ ဂျိမ်းကပင် ဖွဲ့မောင်ကို အစစအရာရာ တာဝန်ယူခဲ့၏။

ဖွဲ့မောင်၏ ငယ်နာမည်မှာ ဆိုင်းဒူးအောင် ဖြစ်သော်လည်း ဂျိမ်း၏ မွေးစားသား ဖြစ်သွားပြီးသည့်နောက် ဖရန်ကိုဂျိမ်း ဖြစ်သွားသည်။ အများစုက ဂျူနီယာဂျိမ်းဟုသာ ချစ်စနိုး ခေါ်ကြသည်။ မြန်မာပြည်တွင် တာဝန်ထမ်းဆောင်ရမည်ဆိုသောအခါ မြန်မာနာမည်တစ်ခု မှည့်ရသည်။ ထိုအခါ သူ့ကို မြန်မာစကား အနီးကပ်သင်ပေးသည့် ဆရာကပင် ဖွဲ့မောင်ဟု မြန်မာအမည် ပေးခဲ့ခြင်း ဖြစ်သည်။

ခက်တာက ဖွဲ့မောင်တွင် ကချင်နာမည်ရှိသော်လည်း သူ့လေယူလေသိမ်းမှာ ကချင်သံပါလား မပါသလားဆိုတာကို ဖွဲ့မောင်ကိုယ်တိုင်ပင် မသိ။ ကချင်စကား ပြောတတ်ဖို့နေနေသာသာ မြန်မာလိုပင် မနည်းသင်ထားရသည်။ ငယ်ငယ်ကတည်းက အမေရိကားတွင် ကြီးလာသည့်သူ မဟုတ်လား။ သို့သော် မြန်မာပြည်စီမံကိန်းအတွက် နစ်ပေါက်အောင် မြန်မာစကားကို သင်ရသည်။ မြန်မာတစ်ယောက် အရှုံးပေးလောက်အောင် မြန်မာစကားကို ရေရေလည်လည် ပြောတတ်တော့မှ မြန်မာပြည်သို့ လွှတ်လိုက်ခြင်း ဖြစ်သည်။

အမေ။ သေချာသည်။ ဖွဲ့မောင်ကို အမေမရှိဘဲ မွေးမည်မဟုတ်။ ဖွဲ့မောင် အဖေကလည်း သေသွားသည်အထိ သူ့အမေနှင့် ပတ်သက်၍ တစ်ခုမျှ မပြောခဲ့။ အန်ကယ်ဂျိမ်းကို မေးပြန်တော့လည်း အန်ကယ်ကြီးကလည်း မသိဟုသာ ဖြေသည်။ အန်ကယ်ကြီးကို တောထဲမှ ကယ်ခဲ့စဉ်က ဖွဲ့မောင် ဖခင်က လူပျိုဟုသာ ဆိုလေသည်။ အန်ကယ်ကြီးကလည်း သူသိချင်သည်ဆိုသဖြင့် တတ်နိုင်သလောက် စုံစမ်းပေးသော်လည်း သတင်းအစအန မရခဲ့။ အမေဆိုသည်မှာ ယခုအချိန်ထိ ဖွဲ့မောင်အတွက် အဖြေရှာမရသေးသည့် တစ်ခုတည်းသော ပုစ္ဆာဖြစ်လေသည်။

နောက်ပိုင်းတွင် ဖွဲ့မောင်ကိုယ်တိုင်လည်း ထိုမျှလောက် စိတ်အားမထက်သန်တော့။ သူ့ခေါင်းထဲတွင် ဓာတ်ပေါင်းစုများနှင့် ဆေးပြားများသာ ရှိသည်။ အလုပ်ချိန်တွင် ဓာတ်တွေပေါင်းမည်။ နားချိန်တွင် ဓာတ်တွေဖြိုခွဲမည်။ နိဗ္ဗာန်ဘုံတစ်ခုခုတွင် အိပ်စက်မည်။

မြန်မာပြည်နှင့် ပတ်သက်သည့် ယခု ပရောဂျက်ကြီး ပေါ်လာသည့်အခါ အန်ကယ်ကြီးက ဖွဲ့မောင်ကို ချက်ချင်း ပြန်ခေါ်သည်။ ထိုအချိန်တွင် ဖွဲ့မောင်က ဆူဒန်တွင် တာဝန်ထမ်းဆောင်နေရသည့်အချိန် ဖြစ်သည်။ ခွဲထွက်ရေးသမား ကပ္ပလီ သူပုန်ကြီးအတွက် လက်နက်များကို အမေရိကန်ကိုယ်စား တိတ်တိတ်ပုန်း ထောက်ပံ့ပေးနေရသည့် ကာလလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတလေ အမေရိကန်နိုင်ငံကိုလည်း ဖွဲ့မောင် များစွာ အံ့ဩသည်။ အများသူငါ အမြင်တွင် အမေရိကန်နှင့် မတည့်ဟု ထင်သူများကို နောက်ကွယ်ကနေ လက်နက်များ ထောက်ပံ့လေ့ရှိသည်။ ဘာရည်ရွယ်ချက်တော့ မသိ။ သူတို့နှင့် မဟာမိတ်ဆိုသော အစ္စရေး၏ ထာဝရ ရန်သူတော် ပါလက်စတိုင်းကိုလည်း သူကိုယ်တိုင် သွားရောက်ကာ လက်နက်များ ထောက်ပံ့ဖူး၏။

ဖွဲ့မောင်ကတော့ ဘာမှမသိ။ ပေးအပ်သည့် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သည်။ တာဝန်ချိန် အပြင်ရောက်လျှင် ဆေးပြားကလေးတွေနှင့် စီးမျောသည်။ ဆူဒန်က မဆိုးလှ။ ပါလက်စတိုင်းက ဆိုးရွားလွန်းသည်။ ဆေးပြားကွာလတီတွေက ဘိတ်ချေး။ ဒီကြားထဲ နားအေးပါးအေး ဓာတုဓာတ်ပေါင်းလေးတွေ ခွဲစိတ်ရသည်ဟူ၍ မရှိ။ သေနတ်သံများ၊ ဆဲဆိုသံများနှင့် အချိန်ပြည့် ဆူညံ။ နိဗ္ဗာန်မရောက်ဘဲ ငရဲပြည် ရောက်နေသလား အောက်မေ့ရ၏။

မြောက်ကိုရီးယားနှင့် တကယ့် မတည့်ပုံတော့ ရသည်။ မြောက်နှင့်ပတ်သက်၍ ဘာသံမျှ မကြားမိ။ တစ်ခါတလေတော့လည်း သူ၏ မြောက်ကိုရီးယားမလေးကို လွမ်းမိသည်။ မြောက်နှင့် အမေရိကန်တို့သာ လက်တွဲကြည်ဖြူကြလျှင် အခုအချိန်ဆို သူနှင့် သူ့ကိုရီးယားမလေးတို့၏ ချစ်ခရီးလမ်းသည် ဖျားရည်လွှမ်းနေလောက်မည်။

မြန်မာပြည်ကိုတော့ ဖွဲ့မောင် ကြိုက်သည်။ ရောက်ဖူးသမျှ နိုင်ငံတိုင်းတွင် အကြိုက်ဆုံးနိုင်ငံဟုပင် ပြောနိုင်သည်။ မွေးရပ်မြေ ဖြစ်ခြင်းကြောင့်သာမက ဓာတုဓာတ်ပေါင်းလေးတွေ၏ ကွာလတီမှာ အကောင်းဆုံး မဟုတ်သော်လည်း ထိပ်တန်းအဆင့် ရှိသည်။ ဈေးသက်သာသည်။ လွယ်လွယ်ကူကူ ဝယ်နိုင်သည်။ ဖောဖောသီသီ ရသည်။ ပစ္စည်းပြတ်သည်ဟူ၍ မရှိ။ ထို့အပြင် ဆူဒန်တို့ ပါလက်စတိုင်းတို့ထက် အပုံကြီးသာသည်။ လမုန်းဂနီးကား တဂီးဂီးမောင်းကာ မင်းသမီးလေးများနှင့် စိတ်တိုင်းကျ လွတ်နိုင်၏။ သူ့ကို ဘုရင်လို ထားသည်။ လုပ်ချင်တာ လုပ်နိုင်သည်။

တစ်ခါတလေ ကချင်သို့ သွားကာ သူ၏ မိခင်နှင့် ပတ်သက်သည့် သတင်းအစအန ရလိုရငြား စုံစမ်းကြည့်ချင်သေး၏။ သို့သော် ခရီးထွက်ဖို့ရာ အချိန်မပေးသေးသကဲ့သို့ အခြေအနေလည်း မပေးသေး။ နျူကလီးယား ဗုံးတစ်လုံးကို ငါးနှင့်အတွင်း ပြီးအောင် လုပ်ရသည်ဆိုသည်မှာ လွယ်တဲ့အလုပ် မဟုတ်။

ဘဂရှင်မင်းတြားကြီးကတော့ ကံကောင်းသည်ဟု ဆိုရမည်။ ဖွဲ့မောင် တာဝန်ထမ်းဆောင်သည့် ကာလအတွင်း အမေရိကန်အနေနှင့် နိုင်ငံတော်တော်များများကို လက်နက်များ တိတ်တခိုး ထောက်ပံ့ခဲ့ဖူးသော်လည်း သာမန်လက်နက်များသာ။ ကြီးကြီးမားမားဆို၍ ပါလက်စတိုင်းဘက်သို့ အစ္စရေး တိုက်လေယာဉ်များကို ပစ်ချနိုင်သည့် ဂေဟောင်ပစ်ဒုံးကျည်များသာ ပေးဖူးသည်။ ယခုကဲ့သို့ စက်ရုံကြီး ခမ်းခမ်းနားနား ဆောက်ကာ

www.burmeseclassic.com

www.burmeseclassic.com

နျူကာလီးယားလက်နက်ကြီး ထုတ်ပေးတာမျိုးတော့ တစ်ခါမျှ မရှိခဲ့။ ဘဂရှင်မင်းတြားကြီးက ပထမဆုံးပင်။

ဖွဲ့မောင်ကတော့ ရှင်းသည်။ ပေးအပ်လာသည့် တာဝန်ကို အပြည့်စုံဆုံး ထမ်းရွက်သည်။ အာဏာရှင်တွေ၊ အာဏာသေတွေ မသိ။ ဒီမိုကရေစီတွေ၊ ဒီမိုကရေဘီတွေ စိတ်မဝင်စား။ နိုင်ငံရေးလည်း နားမလည်။ နားလည်ချင်စိတ်လည်း မရှိ။ နားလည်ချင်စရာလည်း မကောင်း။ သူသိသမျှ နိုင်ငံရေးသမားမှန်သမျှသည် ကောင်းသည့်သူ တစ်ယောက်မျှ မရှိ။ အာဏာရူးများပင်။ ပေါ်တင်ရူးတာနှင့် ကြိတ်ရူးတာပဲ ကွာသည်။

ယခုတစ်ခေါက် မြန်မာပြည်တွင် တာဝန်ပြီးဆုံးပါက အနိကယ်ကြီးကို တစ်ခုတောင်းဆိုရမည်။ တစ်ကမ္ဘာလုံးကို ပတ်ကာ လက်နက်တွေ၊ ဗုံးတွေလုပ်ပေးရတာ စိတ်ကုန်ပြီ။ လူတွေနှင့် ဆက်ဆံရတာ ရွံလာပြီ။ ဘယ်သူနှင့်မျှလည်း မတွေ့ချင်တော့။ ဘာအလုပ်မှလည်း မလုပ်ချင်တော့။ ဖြစ်နိုင်ရင် ကမ္ဘာလေထုအပြင်ဘက်ကို တစ်ယောက်ညတ်း လွင့်သွားချင်ပေပြီ။

ကမ္ဘာဆွဲအား အပြင်ဘက်တွင် ဓာတုဆေးပြားလေးများကို ဓာတ်ခွဲကာ ထပ်ဆင့် လွင့်မျောကြည့်ချင်သည်။ မည်မျှစိတ်ကူးယဉ်ဖွယ် ကောင်းလိုက်သနည်း။

"ဟုတ်တယ်..."

ဖွဲ့မောင်က ကိုယ်အတွေးနှင့်ကိုယ် ကျေနပ်နေမိ၏။ ခန္ဓာကလည်း လွင့်မျော၊ စိတ်ကလည်း လွင့်မျော။ မည်မျှအရသာ ရှိလိုက်မည်နည်း။ နိဗ္ဗာန်ကို စိတ်ရောကိုယ်ပါ ရောက်နိုင်မည့် နည်းပင်။

"ဟူး..."

ဖွဲ့မောင်က အရှိန်ထပ်မြင့်သည့်အနေဖြင့် တတိယဓာတ်ပေါင်း၏ နောက်ဆုံးအစအနကို အပြီးတိုင် ဖြို့ခွဲလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

(၃)

ဘဂရှင်မင်းတြားကြီး စာဖတ်နေသည်။ တစိမ့်စိမ့် ဖတ်နေသည်။ တငြိမ့်ငြိမ့် ဖတ်နေသည်။ စိတ်ပြေနပြေ ဖတ်သည်။ ဇိမ်ခံဖတ်သည်။

ဘဂရှင်မင်းတြားကြီး ဖတ်နေသည်မှာ ကဗျာ မဟုတ်၊ ဂတ္တုမဟုတ်၊ အက်ဒေးမဟုတ်၊ ပြဇာတ်မဟုတ်။ ဒါဆို ဘာလဲ....။ ဘဂရှင်မင်းတြားကြီး ဖတ်နေသည်မှာ အစီရင်ခံစာများ။

တတ်လာသမျှ အစီရင်ခံစာများကို ဖတ်၍ သဘောကျသည်။ ပီတိဖြစ်သည်။ ကျေနပ်သည်။ ဂမ်းသာသည်။ သူ့လက်ထွက်များက သူထင်တာထက် လက်စောင်းထက်ကြသည်။

သည်းသည်းလှုပ် လိုချင်နေကြသည့် ဒီမိုကရေစီ။ ငမ်းငမ်းတက် တောင့်တနေကြသည့် ဒီမိုကရေစီ။ အခု ရပြီ။ ဘာဖြစ်ကြသနည်း။ ဒီမိုကရေစီ မြန်မာနိုင်ငံတော်ကြီး ဘာဖြစ်နေသနည်း။ ဘဂရှင်မင်းတြားကြီး၏ ခဏ ငုပ်လျှိုးထားသည့် အချိန်အတွင်း ဘာတွေဖြစ်ကုန်ကြပြီလဲ။

ဆန္ဒပြပွဲတွေ နားရက်မရှိ မြန်မာပြည်အဂှမ်း ဖြစ်ပေါ်လာ၏။ ပြစေသတည်းပေါ့။ ဆန္ဒတွေ ပြလေလေ မီဒီယာတွေ အလုပ်များလေလေ။ မီဒီယာတွေ အလုပ်များလေလေ ဘဂရှင်မင်းတြားကြီး၏ ချူကလီးယား ပရောဂျက်ကြီးဘက် အာရုံမရောက်နိုင်လေလေ။

ယခင်က ဘဂရှင်မင်းတြားကြီးကို တက်ညီလက်ညီ တော်ကြလှန်ကြမည် ဆိုသူများကလည်း အခုတော့ တော်စရာ လှန်စရာ မရှိတော့ဘဲ ရောင်ဂါးဂါး ဖြစ်ကုန်၏။ နိုင်ငံတကာဆီကလည်း ပိုက်ဆံတောင်းဖို့ ခေါင်းစဉ်တွေ လျော့ကုန်၏။ ရှိစုမဲ့စုစားခွက်လေး ပိုင်းလုရာမှ ပြဿနာတွေ တက်လာကြသည်။ အချင်းချင်း ဆော်ပလော်တီးကုန်ကြ၏။ အဖွဲ့တွေ အစိတ်စိတ်အမြွာမြွာ ကွဲကုန်ကြ၏။ ချကြ၊ သတ်ကြ။ ဒါမှ ဘဂရှင်မင်းတြားကြီးဘက် အာရုံမရောက်နိုင်မှာ။

စာရေးဆရာတွေ၊ သတင်းစာဆရာ ဆိုသူတွေ ပိုဆိုးသေး။ စာပေစိစစ်ရေး လွှတ်ပေးလိုက်သည့်အခါ မအီမလည်နှင့် ဘာရေးလို့ ဘာထုတ်ရမလဲ မသိကြတော့။ ဘဂရှင်မင်းတြားကြီးလက်ထက် စိစစ်ရေးရှိတုန်းကမှ ဟိုဟာဖြုတ် ဒီဟာမထုတ်နဲ့ဆိုပြီး လမ်းညွှန်မှု ရခဲ့သေးသည်။ အခုတော့ စိစစ်ရေးအစား ဥပဒေပေါင်း သောင်းခြောက်ထောင်က ကလောင်ဖျားမှာ သီးနေ၏။ ဘာကိုရေး၍ ဘာကိုဖြုတ်ရမလဲ မသိကြတော့။ လည်ပတ်ဖြတ်ခံလိုက်ရသော ခွေးလေးများပမာ ရှေ့နောက် တောင်မြောက် မသွားတတ် မလာတတ်နှင့် စာရေးဆရာပေါင်း ကူရာမဲ့နေကြရှာ၏။

မြန်မာ့ဒီမိုကရေစီ ဂဲခြောက်ကို ပိုင်းကုတ်နေကြသူများထဲတွင် ဘဂရှင်မင်းတြားကြီး အကြိုက်ဆုံးကတော့ ဂန်ချုပ်ကြီးပင်။ ဂန်ချုပ်ကြီးသည် ယခုအခါ သမ္မတကြီး ဖြစ်နေလေပြီ။ ဘဂရှင်မင်းတြားကြီးသည် ဂန်ချုပ်ကြီးကို ထိုမျှလောက် စွံမည်ဟု မထင်ထားခဲ့။ နူနူအအ မပြောတတ် မဆိုတတ်နှင့် ဒုက္ခရောက်တော့မှာပဲဟုပင် တွေးထားခဲ့သည်။ သို့သော် မထင်ထားသည်များကို လုပ်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

မိန့်ခွန်းတွေဘာတွေ အထစ်အငေါ့မရှိ ပြောနိုင်၏။ လေသံကတော့ လင်ငယ်ထားတာ လူမိသွားသဖြင့် ဖြေရှင်းချက်ပေးနေသည့် လေသံမျိုး ဖြစ်နေတာကိုတော့ ပြောစရာရှိသည်။ ဒါပေမယ့် ပြဿနာမရှိ။ ဘဂရှင်မင်းတြားကြီး ကြိုက်ဖို့မလို။ မိဘပြည်သူတွေဆိုတဲ့ သတ္တဝါတွေ ကျေနပ်ရင် ပြီးတာပဲ။ ဒင်းတို့ ကျေနပ်နေရင် ဘဂရှင်မင်းတြားကြီးဘက် အာရုံမရောက်နိုင် မဟုတ်လား။

မိန့်ခွန်းတွေသာမက အင်တာဗျူးတွေပါ ခပ်တည်တည် ဖြေနေ၏။ အင်တာဗျူးတောင် ရိုးရိုး အင်တာဗျူးမဟုတ်။ ကမ္ဘာကျော် မီဒီယာကြီးတွေနှင့် အင်တာဗျူးတွေ ဖြစ်သည်။ ဘဂရှင်မင်းတြားကြီး မှာထားသကဲ့သို့ပင် ဒီမိုကရေစီကို မန်းမှုတ်သလို တဖွဖွရွတ်သည်။ ဖြေရခက်လာပါက အရင်အစိုးရ လုပ်တာပါဟု မျက်နှာပြောင်တိုက် လွှဲချသည်။ မြန်မာဒီမိုကရေစီလေးက ပြည်တည်ကာစဆိုတော့ မရင့်ကျက်သေးဘူး၊ ဘာညာ ဖောရောလုပ်သည်။ မဆိုးလှ။ နိုင်ငံတကာက မီဒီယာသမားတွေကလည်း အဟုတ်ကြီးမှတ်ကာ ဂန်ချုပ်ကြီးကို တလေးတစား ဆက်ဆံကြသည်။

ဒါတင်မက အနောက်နိုင်ငံများသို့လည်း သွားရောက်လည်ပတ်၏။ အနောက်နိုင်ငံခေါင်းဆောင်များကိုလည်း ဖိတ်ကြား၏။ ကမ္ဘာ့ခေါင်းဆောင်များကြား ပြောင်ပြောင်ရောင်ရောင် ရှိနေလေပြီ။ တစ်ခုပဲ။

နောက်တစ်ခါဆို အင်္ဂလိပ်လို ပြောတတ်အောင် သင်ထားပေးရမည်။ နိုင်ငံခြားသွားပြီး မြန်မာလို မိန့်ခွန်းခြွေတာကတော့ သိပ်မကောင်းလှ။ ဒါပေမယ့် မဆိုးပါဘူး။

ဒီကောင် အင်္ဂလိပ်လို နားမလည်တော့ ဟိုက ဘာပြောပြော မသိတော့ဘူးပေါ့။ ဆဲရင်တောင် နားမလည်တော့ မနာတော့ဘူးပေါ့။

"ဟား... ဟား... ဟား... ဟား..."

ဘဂရှင်မင်းတြားကြီးက ကိုယ့်အတွေးကို ကိုယ်သဘောကျကာ အသံထွက်ရယ်မိသွား၏။

"မောင်တော် ဘာတွေများ ရွှေစိတ်တော် လန်းရွှင်နေပါသလဲ"

ဘုရားခန်းထဲမှ ထွက်လာသည့် မယ်မယ်ဖွားက မေးလိုက်သည်။

"ဩော်... မယ်မယ်ဖွားရဲ့၊ မြန်မာပြည်အဝှမ်း ဖြစ်ပေါ်နေတဲ့ အရေးအခင်းတွေကို လွန်စွာ နှစ်ထောင်းအားရနေလို့ပါ"

"ဒါပေါ့ မောင်တော်ရယ်၊ မောင်တော်တို့ မယ်မယ်ဖွားတို့ လိုမ့်သမျှကို မြန်မာပြည်က နလပိန်းတုံးအပေါင်းတို့က အင်တိုက်အားတိုက် လိမ့်နေကြတာပေါ့။ ဒင်းတို့ ချောက်ထဲကျမယ့်နေ့ကိုတော့ မသိကြဘူး၊ ဒါပေမယ့်လည်း သူတို့အနေနဲ့ ပူစရာမလိုပါဘူး။ ချောက်ထဲကျတဲ့အခါ ကယ်မယ့် ဘဂရှင်မင်းတြားကြီးက အဆင်သင့် မဟုတ်လား"

"ဟုတ်တာပေါ့... မယ်မယ်ဖွားရယ်"

ဘဂရှင်မင်းတြားကြီးနှင့် မယ်မယ်ဖွားတို့က အတိုင်အဖောက်ညီညီ တက်ကြွနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com

"သြော်... ဒါနဲ့ မောင်တော် မနက်ဖြန်ဆို သမီးတော်တွေနဲ့ ဆုံးမြေးတို့ ပြန်ရောက်တော့မယ်နော်"

"ဟုတ်ပ... ဟုတ်ပ၊ ပြန်ရောက်ရင်တော့ သူတို့ရဲ့ အမေရိကခရီးစဉ်အကြောင်း နားမဆံ့အောင် ကြားရမှာပဲ"

"သေချာတာပေါ့ မောင်တော်ရယ်၊ ဒါပေမယ့် နော်..."

မယ်မယ်ဖျားက တစ်စုံတစ်ခုကို သတိရမိသွားသည်။

"သမီးတော်တို့ ပြန်လာရင် ဟိုမှာ မောင်မိုးသောက်ပန်းနဲ့ မောင်ဖွဲ့မောင်တို့ ကျန်ခဲ့ကြမှာ မဟုတ်လား"

"ဟုတ်တယ်လေ... သူတို့က မောင်တော်တို့ နျူကလီးယား စီမံကိန်းအတွက် အရေးကြီးတဲ့ အစိတ်အပိုင်းတွေကို လေတစ်တန်၊ ကုန်းတစ်တန်၊ ရေတစ်တန် အဆင့်ဆင့် သယ်လာကြမှာ"

ဘဂရှင်မင်းတြားကြီး ခေါင်းထဲမှာ မြန်မာပြည်အဂုမ်းရှိ ပြဿနာအကြော်း လွင့်စင်ကုန်၏။ အမေရိကားမှ သယ်လာမည့် အစိတ်အပိုင်းများကို တွေးကာ ပူနေ၏။ ထိုအစိတ်အပိုင်းများသည် ဘဂရှင်မင်းတြားကြီးအတွက် သေရေးရှင်ရေးပင်။ ထိုအစိတ်အပိုင်းများကို မြန်မာပြည်တွင်းသို့ အောင်အောင်မြင်မြင် တင်သွင်းနိုင်လျှင် အောင်ပြီ။ ဘဂရှင်မင်းတြားကြီး၏ နျူကလီးယား စီမံကိန်းကြီး အောင်ပြီ။

"အမေရိကားကနေ ဒီထိ အဆင့်ဆင့် သယ်တာဆိုတော့ အဂေးကြီးပဲနော် မောင်တော်"

"ဟုတ်ပ... အဂေးကြီးပဲ"

"နောက်ပြီး ခရီးစဉ်တစ်လျှောက် နိုင်ငံတကာက မီဒီယာတွေ၊ အစိုးရတွေ မရိပ်မိအောင်လည်း လျှို့ဝှက်သယ်ရမှာ မဟုတ်လား"

"ဒါပေါ့ မယ်မယ်ဖျားရယ်၊ အဲဒီ နိုင်ငံတကာ မီဒီယာဆိုတဲ့ သတ္တဂါတွေကလည်း ကြွက်တွေလိုပဲ၊ အနံ့ခံ သိပ်ကောင်းတဲ့ ကောင်တွေ၊ ဒင်းတို့ကို ခြေရာဖျောက်ဖို့ အတော်လုပ်ယူရမှာ"

"အဲဒီအတွက်ရော မောင်တော်မှာ ဘာအစီအစဉ်တွေ ရှိသလဲ"

"မပူနဲ့ မယ်မယ်ဖျားရယ်၊ ကြွက်စုတ် ကြွက်ပဲ့ မီဒီယာတွေအတွက် အနံ့ပြင်းပြင်းတစ်ခုခု ချကျွေးရမှာပေါ့၊ ဒါမှ ဒင်းတို့တစ်တွေ မိုးသောက်ပန်းတို့ ဖွဲ့မောင်တို့ လမ်းကြောင်းပေါ် အာရုံမရောက်မှာ"

"ဟုတ်လား..."

မယ်မယ်ဖျားက ဘဂရှင်မင်းတြားကြီးထံတွင် အစီအစဉ်ရှိပြီးသား ဆိုသဖြင့် တက်ကြွသွား၏။

"အနံ့ပြင်းပြင်းဆိုတာ ဘာမျိုးလဲ မောင်တော်ရဲ့... မိန့်တော်မူပါဦး"

"ဒီလိုလေ..."

www.burmeseclassic.com

www.burmeseclassic.com

ဘဂရှင်မင်းတြားကြီးက နိုင်ငံတကာ မီဒီယာများကို အာရုံလွှဲနိုင်ရန် အသေးစိတ် စီမံထားသည်။ ဖွဲ့မောင်နှင့် မိုးသောက်ပန်းတို့ အမေရိကမှ ထွက်လာသည်နှင့် တစ်ပြိုင်နက် ပြည်တွင်းတွင် ပဋိပက္ခကြီးတစ်ခု ဖြစ်အောင်လုပ်မည်။ ရိုးရိုး ပဋိပက္ခမဟုတ်။ ဘာသာရေးနှင့် နွယ်သည့် ပဋိပက္ခကြီး။ မီးတွေရှို့၊ လူတွေသတ်၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံတွေ ဖျက်ဆီး။ ပြဿနာအကြီးကြီးဖြစ်အောင် အချက်ကျကျ စီမံထားသည်။

ထိုအခါ မီဒီယာတွေကလည်း ထိုအဓိကရုဏ်းဘက်သို့သာ သဲကြီးမဲကြီး လိုက်နေမည်။ နိုင်ငံတကာကလည်း ဆန့်ကျင်ကြ၊ ကန့်ကွက်ကြနှင့် ပွက်လောရိုက်နေမည်။ ထိုအခါ ဘယ်သူမှ နျူကလီးယား လမ်းကြောင်းပေး အာရုံရောက်နိုင်ကြမည် မဟုတ်။

လူနည်းနည်းနှင့် အဆောက်အအုံ နည်းနည်းတော့ အဆုံးအရှုံး ရှိမည်။ မတတ်နိုင်။ လူဆိုတာ ယောက်ျားနှင့် မိန်းမရှိလျှင် ထပ်မွေးလို့ ရသည်။ အဆောက်အအုံဆိုတာ ပိုက်ဆံရှိလျှင် အချိန်မရွေး ပြန်ဆောက်လို့ရသည်။ နျူကလီးယား ဆိုတာကတော့ ပိုက်ဆံရှိတိုင်းလည်း မရ။ လူရှိတိုင်းလည်း မရ။ တန်ပါတယ်၊ ဒီလောက်တော့ ရင်းရမှာပေါ့။

"ကောင်းလိုက်ပါပေ့ါ မောင်တော်ရယ်"

မယ်မယ်ဖျားက ဘဂရှင်မင်းတြားကြီး၏ အစီအစဉ်ကို ရွှေစိတ်တော် ညွှတ်တော်မူ၏။

"အခု မယ်မယ်ဖျားလည်း ခါခါကြီးပေးတဲ့ အခါတော်အတိုင်း မောင်မိုးသောက်ပန်းတို့ရဲ့ ခရီးစဉ်အတွက် အဓိဋ္ဌာန်ဝင်နေတာ၊ မောင်တော့်အတွက်လည်း ယတြာပေးထားတယ် မဟုတ်လား"

"အင်း... ဟုတ်တယ်၊ ယတြာက ဒီညလုပ်ရမှာလေ၊ သိပ်မခက်ပါဘူး။ မြန်မာပြည်မြေပုံပေါ်မှာ ဒုံးကျည်ပုံ ဖက်လုံးကြီးကို ခွပြီး အိပ်ရုံပဲ"

"ဒါနဲ့ ဒုံးကျည်ပုံ ဖက်လုံးကြီးကရော ရပြီလား"

"အင်း... ရပြီ၊ မြန်မာပြည်မြေပုံလည်း အကြီးကြီး လုပ်ခိုင်းထားတာ ရပြီ"

"ကောင်းပြီ.... မောင်တော်ရေ"

မယ်မယ်ဖျားက နှုတ်ဆက်လိုက်သည်။

"မောင်တော်ကလည်း မောင်တော့် ယတြာကို အောင်အောင်မြင်မြင် လုပ်၊ မယ်မယ်ဖျားလည်း အဓိဋ္ဌာန်အောင်ဖို့ ဘုရားခန်းထဲ ပြန်ဝင်ဦးမယ်"

ပြောပြောဆိုဆိုနှင့် မယ်မယ်ဖျားက ဘုရားခန်းထဲသို့ ပြန်လှည့်သွား၏။ ဘဂရှင်မင်းတြားကြီးကလည်း ယတြာချေရမည့် အိပ်ခန်းထဲ ဆတ်တောက်ဆတ်တောက်နှင့် တစ်လှမ်းချင်း လှမ်းကာ ဝင်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၄)

မိုးသောက်ပန်းဘဝတွင် တိုက်လေယာဉ် ဝယ်ဖူးသည်။ ဒုံးကျည်တွေ သယ်ဖူးသည်။ တင့်ကားတွေ သွင်းဖူးသည်။ မြန်မာ့တပ်မတော်၏ နောက်ပိုင်း လက်နက်များမှန်သမျှ မိုးသောက်ပန်း လက်ရာ၊ ခြေရာ လွတ်သည်ဟူ၍ ခပ်ရှားရှား။

ရုရှား၊ မြောက်ကိုရီးယား၊ တရုတ် စစ်တပ်အရာရှိကြီးများ၊ လက်နက်ပွဲစားများ၊ ကုန်သည်များနှင့် အရောင်းအဝယ် လုပ်ဖူးသည်။ အပေးအယူ လုပ်ဖူးသည်။ ပြဿနာမရှိ။ ရင်ခုန်စရာမရှိ။ တချို့ကို ပိုက်ဆံပေးသည်။ တချို့ကို မြန်မာပြည်တွင်းရှိ သယံဇာတများ ပေးသည်။ ရော့ ပတ္တမြား... ရော့ လက်နက်ပဲ။ ဒါပဲ။

ယခုက ယခင်ကနှင့်မတူ။ သယ်ရတာ လက်နက်တော့ လက်နက်ပင်။ သို့သော် ရိုးရိုးလက်နက် မဟုတ်။ နျူကလီးယားအတွက် အထူးအရေးပါသည့် အစိတ်အပိုင်းများ။ သယ်ရသည့်နိုင်ငံကလည်း သာမန်နိုင်ငံမဟုတ်။ ဒိတ်ဒိတ်ကျဲ အမေရိကန်။ သယ်ရပြန်တော့လည်း ခိုးကြောင်ခိုးဝှက်။ တိုက်ရိုက်လည်း သယ်လို့မရ။ လေတစ်တန်၊ ကုန်းတစ်တန်၊ ရေတစ်တန်။

"ကိုဖွဲ့မောင်ရေ... ကျွန်တော်တို့ အခုသွားမယ့် လမ်းကြောင်းလေး ထပ်ပြောပါဦး"

"ဩော်... အင်း... အခု ကျွန်တော်တို့ သွားနေတာက ပါကစ္စတန်က အမေရိကန် စစ်အခြေစိုက်စခန်းကို၊ အဲဒီပါကစ္စတန် စစ်အခြေစိုက်စခန်းကနေမှတစ်ဆင့် ထိုင်းကို စစ်သင်္ဘောနဲ့ သွားမယ်၊ ထိုင်းကနေ မြန်မာပြည်ထဲကို ကုန်တင်ကားကြီးတွေနဲ့ သယ်မှာ"

မလွဲ။ မိုးသောက်ပန်း နားကြားမလွဲ။ ခရီးက တစ်ဆင့်တည်း မဟုတ်။ အဆင့်ဆင့် ဖြစ်နေသည်။ အဆင့်များလေလေ တစ်နေရာတွင် ခြေချော်လက်ချော်ဖြစ်ဖို့ များလေလေ။

"ကိုဖွဲ့မောင် စိတ်တော့ မရှိနဲ့ဗျာ"

မြန်မာပြည်တွင် မေးခွန်းဆိုသည်မှာ မေးတိုင်းမကောင်း။ မေးပါများ ထောင်ထဲရောက်ဆိုသည့် စကားပုံပင် ရှိသည်။ အထက်လူကြီးတွေက မေးခွန်းဆို မကြိုက်။ သို့သော် အခု ကိုဖွဲ့မောင်မှာ အမေရိကန်၌ ကြီးပြင်းလာသူဖြစ်သလို သူ၏ အထက်လူကြီးလည်း မဟုတ်သဖြင့် စိတ်ထဲမတင်မကျ ဖြစ်နေသည်ကိုတော့ မေးရမည်ဟု ဆုံးဖြတ်လိုက်သည်။

"ဒီက ပါကစ္စတန်ကို လေယာဉ်နဲ့ သယ်တာတော့ ထားပါတော့၊ ဘာလို့ ပါကစ္စတန်ကနေ ထိုင်းကို သင်္ဘောနဲ့ ဆက်သယ်ရတာလဲ၊ ပါကစ္စတန်က မြန်မာကို တိုက်ရိုက်သယ်လို့ မဖြစ်ဘူးလား၊ ကျွန်တော်ဆိုလိုတာက လမ်းကြောင်းရှည်လေလေ အန္တရာယ်များများ..."

"ကိုမိုးသောက်ပန်းရယ်၊ ဒါ အမေရိကန် စီစဉ်တာပါဗျာ၊ စိတ်ချ လိုက်ခဲ့စမ်းပါ။ အမေရိကန်တောင် ရိုးရိုးအမေရိကန် မဟုတ်ဘူး၊ အမေရိကန်ထဲမှာ အတော်ဆုံး ဉာဏ်အထက်ဆုံးဆိုတဲ့ သူတွေ စီစဉ်တာပါဗျာ၊ အေးအေးဆေးဆေး"

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့မောင်ပုံစံက တကယ့်ကို အေးဆေးပင်။ အပူအပင်မရှိ။ မသိလျှင် ဟာဂါရီကျွန်းသို့ အပန်းဖြေခရီးထွက်နေသည့်အလား။ လေကလေး တချွန်ချွန်နှင့် လေယာဉ်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်နေ၏။

"ဟုတ်တော့ ဟုတ်ပါတယ်ဗျာ၊ ကျွန်တော့်စိတ်ထဲမှာ နည်းနည်း ခုနေလို့ပါ"

ဖွဲ့မောင်က မိုးသောက်ပန်းကို တစ်ချက်ပြုံးပြသည်။ ထို့နောက် သူ့အိတ်ထဲက ပစ္စည်းတချို့ ထုတ်လိုက်ကာ...

"ကဲ... လာ ကိုမိုးသောက်ပန်း ခင်ဗျားကြည့်ရတာ သိပ်စိတ်လှုပ်ရှားနေပုံပဲ၊ ငြိမ်းချမ်းသွားအောင် ဒါလေး တစ်ပြားလောက် မှီဂဲလိုက်ချေ"

သေနာ။ ဒင်းက အပူအပင် ဘယ်ရှိပါ့မလဲ။ အသီးတွေ မျိုထားတာကိုး။ မိုးသောက်ပန်း၏ စိတ်ထဲက ကျိန်ဆဲလိုက်သည့် စကား။ တကယ်ပြောလိုက်သည့် စကားက...

"လေယာဉ်ပေါ်မှာ ဆေးလိပ်သောက်လို့ မရဘူး မဟုတ်လား၊ ဒါကလည်း အငွေ့ထွက်တာပဲ"

"ဟား... ဟား... ဟား.... ဟား..."

ဖွဲ့မောင်က အားရပါးရ ရယ်သည်။

"ကိုမိုးသောက်ပန်းရယ်... ဒါက ခရီးသည်တင် လေယာဉ် မဟုတ်ဘူးလေဗျာ၊ စစ်လေယာဉ်ဗျ၊ နောက်ပြီး လေယာဉ်မောင်းနေတဲ့ ပိုင်းလော့ဆိုတဲ့ကောင်ကလည်း ကျွန်တော့်ထက် အများကြီး ရာထူးနိမ့်တယ်၊ ကျွန်တော် ဘာလုပ်လုပ် စောဒက တက်ရဲမှာ မဟုတ်ဘူး"

ဖွဲ့မောင်စကားက အမှန်ပင်။ မိုးသောက်ပန်းက ကိုယ့်ကိုယ်ကိုယ် အမေရိကန် စစ်လေယာဉ်ကြီးပေါ်တွင် ဆိုသည်ကို မေ့နေသည်။ ဘေးပတ်ဝန်းကျင်တွင် အခြားတစ်မိမ်း တစ်ယောက်မှ မရှိ။ ခရီးသည်ဆိုလို့ သူတို့နှစ်ယောက်သာ။ သူတို့ လုပ်ချင်တာ လုပ်နိုင်ပေသည်။

"ကဲလာ... ချလိုက်စမ်းပါ၊ ဒီတိုင်း စကားပြောရတာ ခြောက်ကပ်ကပ်ကြီးနဲ့ ဒါလေးဆွဲရင်း ပြောကြတာပေါ့"

မိုးသောက်ပန်းလည်း ငြင်းမနေတော့။

"ဖူး..."

ခပ်ပြင်းပြင်း တစ်ချက်ဆွဲလိုက်၏။

"အင်း... ဒီလိုမှပေါ့ဗျာ၊ ဆွဲသာဆွဲဗျို့..."

ဖွဲ့မောင်ကလည်း အပင့်ကောင်းသည်။

"ဖူး..."

နောက် တစ်ရှိုက်ပြီး တစ်ရှိုက်ပြီး တစ်ရှိုက်။

တဖြည်းဖြည်းနဲ့ ငြိမ်လာသည်။ ငြိမ့်လာသည်။ စိုးရိမ်ပူပန်မှုတွေ လျော့လာသည်။

www.burmeseclassic.com

www.burmeseclassic.com

"တကယ်တော့ ကျွန်တော် မေးတာ ကြောက်လို့မဟုတ်ဘူးဗျ၊ မအောင်မြင်မှာ စိုးလို့ပါ"

လက်ထဲက ဘူးကို ဖွဲ့မောင်သို့ မိုးသောက်ပန်းက ကမ်းပေးလိုက်သည်။ ဖွဲ့မောင်က တစ်ချက်ရှိုက်လိုက်ရင်း ပြန်ဖြေ၏။

"သိပါတယ်ဗျ၊ ကျွန်တော်လည်း ပြောပြမှာပါ၊ ပါကစ္စတန်ထိရောက်အောင် လေယာဉ်က နာရီနှစ်ဆယ်နီးပါး စီးရမှာ၊ ဒါနဲ့ မြန်မာပြည်မှာ လေယာဉ်တင်သင်္ဘော ရှိလားဗျ"

"ဘယ်လိုလုပ် ရှိမှာလဲဗျ၊ ကျွန်တော်လည်း ဂယ်ပေးချင်တာပေါ့၊ ဒါပေမယ့် လေယာဉ်တင်သင်္ဘောကို ဘဂရှင်မင်းတြားကြီးက သိပ်မကြိုက်ဘူးဗျ၊ ချူကလီးယား လက်နက်ရမှ သူများတွေထက် သာအောင် သင်္ဘောတင် လေယာဉ်ဆောက်မယ်တဲ့"

"ဘာ... အဟွတ်... အဟွတ်"

လည်ချောင်းဝ ရောက်နေသည့် အငွေ့များပင် သီးကုန်၏။ ဖွဲ့မောင်ဘဝတွင် တစ်ခါမှ မကြားဖူးသည့် စကားလုံး။ သင်္ဘောတင်လေယာဉ်။

"ဟုတ်တယ်ဗျ၊ ဒီလိုလေဗျာ... တစ်နိုင်ငံနဲ့ တစ်နိုင်ငံ သင်္ဘောတွေနဲ့ သွားရင် နှေးတယ် မဟုတ်လား၊ ပစ်မှတ်ဆီ မရောက်ခင်မှာပဲ ရန်သူတွေက လက်ဦးမှုရပြီး ချေမှုန်းပစ်နိုင်တယ်လေ၊ ဒီတော့ စစ်သင်္ဘောတွေကို လေယာဉ်ပျံတွေနဲ့ သယ်မယ်၊ ပြီးတော့ ကမ်းစပ်ကို လေထီးနဲ့ ချပေးမယ်၊ ပြီးရင်တော့ လက်ဦးမှုရပြီး ဆော်ပေ့ါဗျ၊ ဒါ ကျွန်တော်တို့ မြန်မာနိုင်ငံက ပထမဆုံး တီထွင်ဖို့ ကြိုးစားနေတာ၊ ချူကလီးယား စီမံကိန်းပြီးရင် အဲဒီစီမံကိန်းကြီး လုပ်မှာ"

ဖွဲ့မောင် ခေါင်းထဲတွင် တဒေါင်ဒေါင်မြည်အောင် စဉ်းစားရပြီ။ သင်္ဘောတွေကို လေယာဉ်နဲ့သယ်မယ်၊ အဲဒီလေယာဉ်ထဲကို သင်္ဘောတွေ ဘယ်လိုထည့်မလဲ၊ သင်္ဘောတွေ ထည့်လောက်အောင် ကြီးတဲ့လေယာဉ်ပျံကို ဘယ်လိုလေထဲရောက်အောင် ပျံမလဲ၊ နောက်ပြီး လေထီးနဲ့ သင်္ဘောတွေ ချမယ်၊ သင်္ဘောဂိတ်ကို နိုင်လောက်တဲ့ လေထီးမျိုးက ဘယ်လိုမျိုးပါလိမ့်။ တက်နေသည့် အရှိန်များပင် တန့်ကာ ကြောင်တောင်တောင် ဖြစ်ကုန်၏။

"အင်း... ကောင်းပါတယ်ဗျာ၊ ခင်ဗျားတို့ရဲ့ မဟာစီမံကိန်းကြီး ကျွန်တော်မသေခင် အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်ဗျာ၊ ဒါမှ ကျွန်တော်လည်း သင်္ဘောတင်လေယာဉ်လေး ဘာလေး မြင်ဖူးတယ် ရှိတာပေ့ါဗျာ"

ဖွဲ့မောင်က ရွဲ့ပြောသည်ကို မိုးသောက်ပန်းက ခေါင်းတညိတ်ညိတ်နှင့် ရပါတယ်ဗျာဟု အတည်ပေါက်ကြီး ပြန်ဖြေ၏။ ဖွဲ့မောင် စဉ်းစားရပြီ။ သင်္ဘောတင် လေယာဉ်ဆိုတာ တကယ်ပြောနေတာလား၊ နောက်နေတာလား။

"ဒါနဲ့ အဲဒီ ခင်ဗျားတို့ရဲ့ သင်္ဘောတင်လေယာဉ်ကြီးကို တကယ်တည်ဆောက်နိုင်မယ်လို့ ထင်သလား"

မိုးသောက်ပန်းက တွေဝေတုံ့ဆိုင်းခြင်း အလျှင်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေါ့... သူများတွေတောင် လေယာဉ်တင်သင်္ဘော ဆောက်သေးတာပဲ၊ ကျွန်တော်တို့ကလည်း ဘာလို့ သင်္ဘောတင်လေယာဉ် မဆောက်နိုင်ရမှာလဲ၊ အဲဒီလို ဆောက်ပြီးမှသာ တစ်ကမ္ဘာလုံးက မြန်မာနိုင်ငံကို အံ့သြအားကျလာကြမှာ"

သူ့ပလပ်ပေါက်နှင့် ပလပ်ခေါင်းကတော့ အံကိုက်ပဲဟု ဖွဲ့မောင်က အသံမထွက်ဘဲ ညည်းလိုက်သည်။

"ဒါနဲ့ ကိုဖွဲ့မောင်၊ ခင်ဗျားကို ရဲဘော်ရဲဘက် တစ်ယောက်လို ယုံကြည်လို့ ပြောတာနော်၊ ဒါ ကျွန်တော်တို့နိုင်ငံရဲ့ ထိပ်တန်းလျှို့ဝှက်ချက်နော်၊ ပေါက်ကြားလို့ မရဘူး"

ဖွဲ့မောင်က မရယ်မိအောင် ကြိုးစားထိန်းထားရ၏။ ထိပ်တန်းလျှို့ဝှက်ချက် ဆိုပါလား။ ဆန်းပါပေ့။ ထူးပါပေ့ ပြည်မြန်မာ။

"ခုန ကျွန်တော်တို့ မေးတဲ့ လေယာဉ်တင်သင်္ဘောဆိုတာ ဘာလုပ်ဖို့လဲ"

"ဩော်... ဘာမှမဟုတ်ပါဘူး၊ ပင်လယ်ကွေ့က လေယာဉ်တင်သင်္ဘောပေါ်က ခဏဆင်းပြီး လေယာဉ်ဆီဖြည့်မှာဆိုတာ ပြောမလို့ပါ"

"ကောင်းတာပေါ့ဗျာ၊ လေယာဉ်တင် သင်္ဘောပေါ် ရောက်ဖူးတာပေါ့၊ ဒီဘက်ပြန်ကမ်းပါဦးဗျ"

မဆိုးလှ။ ဖွဲ့မောင် ပြောလေ့ရှိသည့် ဓာတုဆေးပြားလေးတွေ ဆိုတာတွေက သိပ်ကောင်းတာပဲ၊ စိတ်တွေ အဝေးမရောက်တော့။ အဝေးမရောက်တော့ မဖြစ်သေးတာကို ပူစရာမလိုတော့။ အရာရာ အေးဆေး။

"ဆီဖြည့်ပြီးတော့ ပါကစ္စတန်ပေါ့ ဟုတ်လား"

နာခေါင်းဝကနေ အငွေ့များကို မိုးသောက်ပန်းက မှုတ်ထုတ်ရင်း မေးလိုက်သည်။ အစတုန်းကလို စိုးရိမ်သည့် ပုံစံမျိုးမဟုတ်တော့။ မိတ်ဆွေအချင်းချင်း အလ္လာပသလ္လာပ ပြောသည့် ပုံစံမျိုးဖြစ်လာ၏။

"ဟုတ်တယ် ကိုမိုးသောက်ပန်း၊ ပြီးရင် မြန်မာကို တိုက်ရိုက်မသယ်ဘဲ ထိုင်းကို တစ်ဆင့်ခံသယ်တာ အကြောင်းရှိတယ်"

ဖွဲ့မောင်က နောက်ထပ် ဓာတုဓာတ်ပေါင်းစု တစ်ခုကို ဖြိုခွဲရန် ပြင်လိုက်သည်။

"ကျွန်တော်တို့ စီမံကိန်းက ထိပ်သီးလျှို့ဝှက်စီမံကိန်း၊ ဒီလေယာဉ်မောင်းနေတဲ့ ကောင်တောင် သူ့လေယာဉ်ပေါ်မှာ ဘာတွေသယ်လာတယ်ဆိုတာ မသိဘူး၊ ဒီတော့ ပါကစ္စတန် စစ်အခြေစိုက်စခန်းကို အမေရိကန်က လေယာဉ်ကြီး ဆင်းလာတယ်၊ ပြီးတော့ ပစ္စည်းတွေကို မြန်မာပြည်ကို သယ်သွားတယ်ဆိုရင် သွားပြီးပေါ့ဗျ၊ အကုန်ပေါ်ကုန်တော့မှာပေါ့၊ ဒါပေမယ့် ထိုင်းကိုဆိုရင်တော့ ဘယ်သူမှ ဂရုမစိုက်ဘူးလေ၊ အရင်လည်း ထိုင်းနဲ့ အမေရိကန်ကလည်း မဟာမိတ်ပဲ မဟုတ်ဘူး အဲဒါကြောင့် ထိုင်းကို တစ်ဆင့် ခံထားတာ"

"အကွက်စေ့ပါပေ့ဗျာ..."

www.burmeseclassic.com

www.burmeseclassic.com

မိုးသောက်ပန်းက စိတ်ထဲက လှိုက်လှိုက်လှဲလှဲ ချီးကျူးလိုက်၏။ အခုဆို သူ့တွင် မည်သည့် စိုးရိမ်ပူပန်စိတ်မှ မရှိတော့။ ဖွဲမောင်တို့ အဖွဲ့ကို ရာနှုန်းပြည့် ယုံကြည်နေပြီ။ ဒင်းတို့အဖွဲ့က မပိုင်ရင် ခြင်တောင်မရိုက်ဘူးဆိုသည့် အဖွဲ့မျိုး။ လူကြားထဲ အီးပေါက်လျှင် ဘယ်နှစ်ကရီစောင်းကာ ပြင်းအားဘယ်လောက်နှင့် ပေါက်ပါက အသံဘယ်လောက်ကျယ်သွားပြီး လူဘယ်နှစ်ယောက် ကြားနိုင်သနည်းကအစ တွက်ချက်ထားမည့် အဖွဲ့မျိုး။

ထို့ကြောင့် မိုးသောက်ပန်းက မျက်လုံးကို စုံမှိတ်လိုက်၏။ အငွေ့တွေကို ပြန်မထုတ်တော့။ အသွေးထဲ အသားထဲ မျိုချလိုက်ပြီ။ လိုရာကို လွင့်စေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

(၅)

မိန်းကလေး ဖြစ်ရတာ မလွယ်။ မြန်မာမိန်းကလေးဖြစ်ရတာ ပိုမလွယ်။ မြန်မာမိန်းကလေးထဲမှာမှ အာဏာထွင့်ဖျား မိသားစု၏ သမီးတော် ဖြစ်ရတာ ပို၍ မလွယ်။ အာဏာထွင့်များ မိသားစုထဲမှာမှ အလတ်ဖြစ်ရတာ ပို၍ပိုကာ မလွယ်။

မိမိဘဝကို တွေးလိုက်တိုင်း တော်လတ်၏ စိတ်ထဲတွင် ဝေမှိုင်းလာ၏။ ခြောက်ခမ်းလာ၏။ အခုဆို အသက်လေးဆယ်ပြည့်တော့မည်။ ဖူးစာရှင်က ဘယ်ဆီပျောက်နေပါလိမ့်။ လုံခြုံရေးဟု အကြောင်းပြလျက် အိမ်တော်ထဲတွင်ပင် နေ့စဉ် ဘဝကို ဖြတ်သန်းရ၏။ သူများတွေလို လွတ်လွတ်လပ်လပ် ဟိုဒီသွားရသည်ဆို၍ မရှိ။ သွားရပါကလည်း အစောင့်အရှောက်တွေက အပြည့်။ လက်နက်ကိုင် လူများ ဝိုင်းရံထားသည့်ကြားက ရွှေမင်းသမီးလေးကို ဘယ်သူကများ မျက်မွှေးထော်လို့ မော်ကြည့်ပံ့မည်နည်း။

အိမ်တော်ကို ရောက်လာသူများကလည်း သူတို့ရှေ့ရောက်ပါက အစ်မတော်ဟု နှုတ်ခွန်းဆက်ကာ ဒူးထောက်ဖူးမြော်ကြသူများချည်းပင်။ ကိုယ်ထိလက်ရောက် ပစ်မှားဖို့ မပြောနှင့် စိတ်နှင့်တောင် မပစ်မှားရဲကြ။ တစ်ခါတလေ မြန်မာရုပ်ရှင်တွေထဲကလို အဆီတဝင်းဝင်းနှင့် မူးနေသော လူကြီးတစ်ယောက်က တံခါးကို ပုန်းခနဲဖွင့်ဝင်လာကာ မဟားတရား အနိုင်ကျင့်တာမျိုးကိုပင် မျှော်လင့်နေမိသေးသည်။ သို့သော် သံကွန်ချာ ခုနစ်ထပ် ကာရံထားသည့် သူတို့၏ အိမ်တော်အတွင်းသို့ သူစိမ်းတစ်ယောက် ဝင်လာဖို့ နေနေသာသာ ယင်ဖိုတောင် ဝဲလို့မရ။

တော်လတ်အတွက် အဖော်ဆို၍ ကဗျာတွေသာ ရှိ၏။ တော်လတ်က ကဗျာတွေ ရေးသည်။ ဂမ်းနည်းလည်း ကဗျာရေးသည်။ ဂမ်းသာလည်း ကဗျာရေးသည်။ ခံစားချက် မှန်သမျှကို ကဗျာရေးသည်။ ရေးထားသမျှ ကဗျာတွေကို ဘယ်သူ့ကိုမှ မပြ။ ဗီရိုတစ်ခုထဲတွင် သော့ခတ်၍ သိမ်းထားသည်။ တော်လတ်ကဗျာရေးသည်ကို အိမ်တော်က တစ်ယောက်မှ မသိ။ တော်ကြီးတို့ တော်ငယ်တို့ပင် မသိ။

ညီအစ်မတွေထဲတွင် အလတ်ဖြစ်ရသည်ကလည်း ဂဠ်ပင်။ အကုန်လုံးကို ငဲ့ညှာထောက်ထားနေရသည်။ မိသားစု ဂုဏ်သိက္ခာကို ဘာလုပ်လုပ် ထည့်တွက်ရသည်။ တော်ကြီးတို့ တော်ငယ်တို့ကတော့ သူပလောက် တာဝန်မကြီး။ အို... တာဝန်ဆိုတာကလည်း တာဝန်ယူတတ်တဲ့သူဆီမှာပဲ တာဝန်ကြီးတာ မဟုတ်လား။

တော်ကြီးဆို ကြည့်။ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျသည်။ ဆုံးမြေးကို မွေးသည်။ ထို့နောက် ယောက်ျားတွေကို စိတ်ကုန်သည်ဟုဆိုကာ တရားဝင် အိမ်ထောင်ကွဲသည်။ ယောက်ျားဖြစ်သူက မကွဲပေးနိုင်ဘူးဟုဆသိည့်အခါ ဘဂရှင်မင်းတြားကြီးကို ငိုပြီး တိုင်သည်။ သူ့ယောက်ျားက သူ့ကိုရိုက်သည်။ နှိပ်စက်သည်။ အိပ်တိုင်းလည်း မဟုတ်ကဟုတ်က နည်းပေါင်းစုံ အတင်းအကျပ် လုပ်ခိုင်းသည်။ အစရှိသဖြင့် လီဆယ်လိုက်သဖြင့် တော်ကြီးယောက်ျားခမျာ ညတွင်းချင်းပဲ အိမ်တော်မှ ပျောက်သွား၏။ ထောင်ထဲပဲ ပို့လိုက်သလိုလို၊ ရှေ့တန်းစစ်မြေပြင်

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုစီ တာဝန်ပေးကာ အစအန ဖျောက်လိုက်သလိုလို။ ဘယ်သူမှ မသိ။ ဆုံးမြေးလည်း မသိ။ တော်ကြီးလည်း မသိ။ တော်လတ်လည်း မသိ။

တော်ငယ်က မလွယ်။ တော်ကြီးလို ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်မပြုသော်လည်း ကြိတ်ပုန်း ဇာတ်လမ်းတွေ မနည်း။ အိမ်တော်သို့ တာဝန်ကျလာသမျှ သူတိုင်းနှင့် ဇာတ်လမ်းကိုယ်စီ ရှိသည်။ လုံခြုံရေးမှူး၊ စားဖိုမှူး၊ ဒရိုင်ဘာ၊ သက်တော်စောင့်၊ အိမ်ထောင်ထိန်း၊ ခွေးတော်ထိန်း၊ ခြံတော်စောင့်၊ စားတော်ဝယ် အစရှိသဖြင့် တစ်ယောက်နှင့်မျှ မလွတ်။ နောက်ဆုံးတွင် မယ်မယ်ဖျားက မထိန်းနိုင်တော့သဖြင့် ဂန်ထမ်းအားလုံးကို မိန်းကလေးများနှင့် အစားထိုးရသည်။ ဒါတောင် ခြံတော်ထဲတွင် အသက်ကြီးနေသဖြင့် သနားကာ ရာထူးမှ မဖြုတ်မိသည့် မာလီကြီးနှင့် ရအောင် ရှုပ်သေး၏။ ထို့ကြောင့် နောက်ဆုံးတွင် တပ်ထဲက နူနူအအ တစ်ယောက်နှင့် အိမ်ထောင် အမြန်ချပေးလိုက်ရသည်။ ဒါတောင် မာလီကြီးနှင့် ထွက်ပြေးဖို့ ကြံသေးသည်။ မာလီကြီးက မပြေးရဲ၍သာ အကြံအစည် မအောင်မြင်ခဲ့ခြင်းပင်။

တော်လတ်လည်း သွေးနှင့်ကိုယ် သားနှင့်ကိုယ်ပင်။ စောင့်ထိန်းရတာတွေ များသည့်အခါ တစ်ခါတစ်ရံ ဘာကို ဒေါသထွက်မှန်းမသိ ထွက်လာ၏။ မြင်သမျှ တွေ့သမျှ စိတ်တိုင်းမကျ။ အရာရာကို သံသယနှင့်သာ မြင်တတ်လာသည်။ မယ်မယ်ဖျားကိုက အစ။ မိုးသောက်ပန်း အိမ်တော်လာတိုင်း မယ်မယ်ဖျား ပုံမှာ သိသာသည်။ ရွှင်လန်းတက်ကြွကာ မြီးကောင်ပေါက်လေးများကဲ့သို့ မြူးထူးနေတတ်၏။ မိုးသောက်ပန်းကို ရိုက်လားပုတ်လားနှင့် တခစ်ခစ် ရယ်နေတတ်၏။

မိန်းမချင်းမို့ ပိုသိသည်။ ဒူဘိုင်းရောက်သည့်အခါတိုင်းလည်း ရှော့ပင်ထွက်ရတာ မောသည်ဟူ၍ ဟိုတယ်တွင် မိုးသောက်ပန်းနှင့် အတူချိန်နေခဲ့လေ့ ရှိသည်။ တစ်လတစ်ခါ ဒူဘိုင်းကို မသွားရလျှင် အိမ်တော်တစ်ခုလုံး ပွက်လောရိုက်နေပြီသာ မှတ်ပေတော့။

စိတ်ညစ်သည်။ အိမ်တော်တွင် နေရသည်မှာ တော်လတ်အတွက် ဘာမှမကောင်း။ စိတ်သွားတိုင်း ကိုယ်မပါသည့် ဘဝက နေမပျော်။ တစ်ခါတလေ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း အိမ်တော်နှင့်ဝေးရာသို့ ထွက်ပြေးသွားချင်မိ၏။ သို့သော် အိမ်တော်ပြင်ပသို့ သက်တော်စောင့်များ မပါဘဲ တစ်ကြိမ်တစ်ခါမှ မထွက်ဘူးခဲ့။ ဒရိုင်ဘာ မပါဘဲ ဘယ်ဆီဘယ်ဝယ် သွားရမည်မသိ။ ထို့ပြင် အပြင်က သာမန်လူများသည် အရိုင်းအစိုင်းများဟု ဘဝရှင်မင်းတြားကြီးက မှာထားသေးသည်။ ထိုအရိုင်းအစိုင်းတွေက သူတို့မိသားစုကို အမြဲဒုက္ခပေးဖို့ ချောင်းနေကြသည်တဲ့။ ညည်းငွေ့ခြောက်ခန်းသော နေ့ညများပင်။

ယခုတော့ အဆိုပါ နေ့ညများ ကုန်ဆုံးတော့မည်။ ညည်းငွေ့နေသည့် သူ့ဘဝလေး ပြန်လည်သက်ဝင်လာတော့မည်။ ခြောက်ခန်းနေသည့် သူ့နှလုံးသားလေး ပြန်လည်စိုပြေလာတော့မည်။ တော်လတ်ဘဝတစ်လျှောက်လုံး ရှာဖွေခဲ့ရသည့်အရာကို တွေ့လေပြီ။ မိမိရရ တွေ့လေပြီ။ ထင်ထင်ရှားရှား တွေ့လေသည်။ အချစ်။

www.burmeseclassic.com

www.burmeseclassic.com

တွေ့မယ့်တွေ့တော့လည်း နီးနီးနားနား မဟုတ်။ အမေရိကားတွင်။ မြင့်မားသည့် အရပ်အမောင်း။ ကျစ်လစ်သည့် အချိုးအစား။ ဖြူနုသည့် အသားအရေ တွေ့နေကြ မဟုတ်သည့် မျက်နှာအမူအရာ၊ လေယူလေသိမ်း၊ မေးရိုးကားကားကြီးများပေါ်မှ အပြုံးလေးကို မြင်လိုက်ရတိုင်း ကြက်သီးများများပင် တဖြန်းဖြန်း ထမိ၏။ နှလုံးသားက တောင်းဆိုလာတိုင်း တော်လတ်၏ နှုတ်ဖျားက မင်းသားလေး၏ နာမည်ကို တဖွဖွ ရွတ်ကာ အောက်မေ့၊ တသလေ့ ရှိသည်။

"ဖွဲ့မောင်... ဖွဲ့မောင်... ဖွဲ့မောင်... ဖွဲ့မောင်၊ ဖွဲ့... မောင်၊ မောင်... မောင်... မောင်..."

ဘယ်လောက်ချစ်စရာကောင်းတဲ့ နာမည်ပါလိမ့်။ ချစ်သူတွေ ဖြစ်သွားပြီးရင် တစ်ယောက်ကို တစ်ယောက် ခေါ်ဖို့ရာ သိပ်စဉ်းစားစရာ မလို။ နာမည်မှာ ပါပြီးသား။ မောင်။

သူ့ကိုရော မောင်က ဘယ်လုခေါ်မှာပါလိမ့်။ တော်ဟု ခေါ်မည်လား၊ လတ်ဟု ခေါ်မည်လား၊ ဒါမှမဟုတ် တော်တော်၊ ဒါမှမဟုတ် လတ်လတ်။ ခေါ်ပစေ.... ကိုယ့်ချစ်သူက ကြိုက်သလို ခေါ်ပစေ။

"ခစ်...."

တော်လတ်က ကိုယ့်အတွေးကို ကိုယ်သဘောကျကြီး ကျနေ၏။ ရုတ်တရက် သတိရလာသဖြင့် နာရီကို ကြည့်လိုက်သည်။

"အို..."

ဆယ်နာရီတောင် ကျော်ပါပြေ့၊ အိပ်မှ။ အိပ်ရေးပျက်လျှင် ပိန်သွားမည်။ ပိန်သွားလျှင် မလှတော့။ ဂမှ လှမည် မဟုတ်လား။

တော်လတ်က အိပ်ရာမဝင်ခင် ကိုယ်လုံးပေါ်မှန်ကြီးရှေ့သို့ သွားကာ ကိုယ်ကို တစ်ပတ်လှည့်လိုက်၏။ ဒီလို ဖွံ့ဖွံ့ထွားထွား အလှဘုရင်မကို သဘောမကျဘဲ ဘယ်သူရှိပါ့မလဲ။ မှန်ထဲက တော်လတ်ကို အပြင်က တော်လတ်က စူးစူးရဲရဲ ကြည့်လိုက်၏။ အင်း... အဲ... ဒီအကြည့် ဟုတ်တယ်။ မောင်နဲ့တွေ့ရင် အဲသလို ကြည့်ရမယ်။ အကြည့်တစ်ချက်နဲ့တင် အလှဘုရင်မဆီ ဒူးထောက်စေရမယ်။

တော်လတ်က မနက်ဖြန်အကြောင်း တွေးကာ ရင်တွေ တလှပ်လှပ် ခုန်လာ၏။ မနက်ဖြန်က သိပ်အရေးကြီးသည်။ မနက်အစောကြီးထကာ နျူကလီးယားစက်ရုံသို့ သွားရမည်။ နျူကလီးယားစက်ရုံသို့ ပြန်လာမည့် ကိုမိုးသောက်ပန်းနှင့် မောင်တို့ကို ကြိုရမည်။ သူတို့နှင့်အတူ နျူကလီးယားစက်ရုံအတွက် အလွန်အရေးပါသည့် အစိတ်အပိုင်းများ အမေရိကမှ သယ်လာမည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

(၆)

လေယာဉ်ပျံပေါ်တွင် ဆွဲသည်။ သင်္ဘောပေါ်တွင် ဆွဲသည်။ ကားပေါ်တွင်လည်း ဆွဲသည်။ မြန်မာပြည်ထဲ မရောက်မချင်း မနားမနေ ဆွဲသည်။ ဖွဲ့မောင်နှင့် မိုးသောက်ပန်းတို့ တစ်ယောက်တစ်လှည့် ဆွဲသည်။ လမ်းတွင် ခေတ္တဝိုက်သည်မှအပ ခုနစ်ရက်လုံးလုံး တစ်ရေးမှ မအိပ်ခဲ့ရ။ မအိပ်ရလည်း ပြဿနာမရှိ။ ဓာတုဆေးပြားလေးများ၏ တန်ခိုးနှင့် ကြည်လင်လန်းဆန်းနေ၏။

လမ်းတွင်လည်း အခက်အခဲ အတားအဆီးဟူ၍ မရှိ။ အကုန်လုံးက အမေရိကန် အလံတပ် စစ်တပ်ယာဉ်များဖြင့် သွားသဖြင့် သင်္ကာမကင်းလည်း ရှိပုံမရ။ ထိုင်းနိုင်ငံထဲ ရောက်မှသာ ပုံစံပြောင်း သယ်ကြမည်။ နယ်စပ်သို့ ရောက်သည့်အခါ ပိုတောင်လွယ်သေး။ ငြိမ်းချမ်းရေး တပ်များက မြန်မာနယ်စပ်က စောင့်ကြိုသည်။ ကားတန်းဖြင့် မြန်မာပြည်ထဲထိ လိုက်ပို့သည်။ ထိုမှတစ်ဆင့် မြန်မာစစ်တပ် ကားတန်းဖြင့် နျူကလီးယားစက်ရုံသို့ တိုက်ရိုက်မောင်းသွားကြ၏။

စက်ရုံရောက်သည့်အခါ ဘဂရှင်မင်းတြားကြီးတို့ တစ်မိသားစုလုံးက စောင့်ကြိုနေကြ၏။

"ကြည့်စမ်းပါဦး... မောင်တော်၊ မောင်မိုးသောက်ပန်း တစ်ယောက် မျက်တွင်းတွေလည်း ချိုင့်လို့၊ မျက်နှာလေးလည်း ချောင်ကျသွားလိုက်တာ ခရီးပန်းပြီး မအိပ်ခဲ့ရဘူး ထင်တယ်"

"ဟုတ်တာပေါ့ မယ်မယ်ဖျားရယ်၊ ခရီးက ရှည်လည်း ရှည်၊ စွန့်လည်း စွန့်စားရဆိုတော့ ဘယ်အိပ်ပျော်ပါ့မလဲ"

မိုးသောက်ပန်းက ချောလဲရောထိုင်လုပ်ကာ ဖြေလိုက်သည်။ အသီးကျူးပြီး အိပ်မပျော်တာပါ ခင်ဗျာဟု အမှန်အတိုင်း ပြောလို့တော့ ဘယ်ဖြစ်မလဲ။

မယ်မယ်ဖျားက ဘဂရှင်မင်းတြားကြီးရှေ့တွင်ပင် ဟန်မဆောင်နိုင်။ မိုးသောက်ပန်း၏ ပါးကလေးကိုပွတ်ကာ အရမ်းပင်ပန်းသွားပြီနော်ဟု တဖွဖွ ရွတ်နေ၏။ ဘဂရှင်မင်းတြားကြီးက ကြာလာတော့ မြင်ပြင်းကပ်လာကာ...

"မောင်မိုးသောက်ပန်း တစ်ယောက်တည်း ပင်ပန်းတာ မဟုတ်ပါဘူးကွ၊ ဒီက မောင်ဖွဲ့မောင်လည်း ပင်ပန်းတာပါပဲ"

ခပ်ဆတ်ဆတ် ပြောလိုက်သည်။

"ဟုတ်ပါတယ်... ဟုတ်ပါတယ် ကိုဖွဲ့မောင်က ကျွန်တော့်ထက်တောင် ပင်ပန်းပါသေးတယ်၊ ကျွန်တော်က အဖော်လိုက်ပေးရုံပါ"

မိုးသောက်ပန်းက ဘဂရှင်မင်းတြားကြီး၏ စကားကို ဗျာပျာသလဲ ထောက်ခံ၏။ ဖွဲ့မောင်နားထဲမှာတော့ ဗလုံးဗထွေး အသံများသာ ကြားနေရ၏။ မျက်စိထဲမှာလည်း ဝိုးတိုးဝါးတားများသာ မြင်နေရ၏။ တတ်နေသည့် အရှိန်က ပြန်ဆင်းမလာသေး။ ပုံမှန်ဆိုလျှင် ထိုမျှလောက် ကြွစရာမရှိ။ ထိုင်းမြန်မာ နယ်စပ်ရောက်သည့်အခါ ငြိမ်းချမ်းရေးအဖွဲ့တွေက သူ့အကြိုက်ကို သိသွားသဖြင့် ဓာတုဓာတ်ပေါင်း ပေါင်းစုံ တစ်ထုပ်ကြီး ထည့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

အရောင်စုံ၊ ပုံစံစုံဖြင့် ဘယ်ဟာကို ဘယ်လိုသောက်ရမလဲပင် မသိ။ ဖွဲ့မောင်က ရှည်ရှည်ဝေးဝေး မစဉ်းစား။ တစ်ပြားပြီး တစ်ပြား မီးကင်လိုက်သည်။ ရလဒ်ကတော့ အခုလို ဘာမှကို သဲသဲကွဲကွဲ မမြင်ရ၊ မကြားရတော့။

"မောင်ဖွဲ့မောင် မင်း သိပ်တော်တယ်၊ ဒီစီမံကိန်းကြီး ပြီးရင်လည်း မပြန်နဲ့ကွာ မြန်မာနိုင်ငံသားအဖြစ် ရာသက်ပန် နေစမ်းပါ၊ ကျုပ် မောင်ရင့်ကို ကောင်းကောင်း ဂုဏ်ပြုမယ်"

ဘဂရှင်မင်းတြားကြီး သူ့ရှေ့တွင် ရပ်နေတာမှန်းတော့ သိသည်။ သူ့ကို တစ်ခုခု ပြောနေတာမှန်းလည်း သိသည်။ ခက်တာက ဘာပြောလို့ ပြောနေမှန်း သဲသဲကွဲကွဲ မကြားရ။ သို့သော် ဟန်ကိုယ့်ဖို့ အနေဖြင့် ခေါင်းကိုသာ တွင်တွင်ညိတ်နေ၏။

"ကောင်းတယ်... မောင်ဖွဲ့မောင်၊ မင်း တကယ်ပြောတာနော်"

ဘဂရှင်မင်းတြားကြီးက မြန်မာပြည်တွင် ရာသက်ပန်နေဖို့ ဖိတ်ခေါ်သည်ကို ဖွဲ့မောင်က ခေါင်းညိတ်လက်ခံသဖြင့် အားတက်သွားသည်။ မြန်မာပြည်တွင် ဖွဲ့မောင်ကဲ့သို့ ပညာရှင်တစ်ယောက်ကို မွေးထားနိုင်ပါက ဘဂရှင်မင်းတြားကြီးအတွက် လွန်စွာ အကျိုးများသည်။

"ဂမ်းသာတယ်ကွာ... မထူးပါဘူး၊ မောင်ရင်လည်း ဒီမှာ ရာသက်ပန် နေတော့မှာဆိုတော့ တူတူတန်တန်ဖြစ်သွားအောင် အခုလက်ရှိ ရိုးရိုးဗိုလ်ကနေ ဗိုလ်မှူးကြီးရာထူးအဖြစ် တိုးခန့်လိုက်ပြီကွာ အဆောင်အယောင်တွေကို ဒီညနေ ချက်ချင်းရအောင် လုပ်ပေးမယ်ကွာ... ဘယ်လိုလဲ"

ဖွဲ့မောင်ကို မြန်မာနိုင်ငံသားအဖြစ် မှတ်ပုံတင် ထုတ်ပေးခဲ့သည့်အပြင် သာမန်ဗိုလ်အဖြစ်ပါ ရာထူးပေးခဲ့သည်။ ဒါမှသာ ဘာလုပ်လုပ် အဆင်ပြေမယ် ဖြစ်သည်။ အစကတော့ ဖွဲ့မောင် မသိ။ နောက်ပိုင်းမှ ဖွဲ့မောင် သဘောပေါက်ခဲ့သည် အမှန်ပင်။ မြန်မာနိုင်ငံ၏ စစ်ယူနီဖောင်းသည် စူပါမန်းဂတ်စုံကဲ့သို့ အစွမ်းထက်လှသည်။ ဘာလုပ်လုပ် ချောမွေ့တင့်တယ်၏။

ဖွဲ့မောင်ကတော့ ဘုမသိ ဘမသိ ခေါင်းတတွင်တွင် ညိတ်နေဆဲ။

"ဒါနဲ့ မောင်ဖွဲ့မောင်... အခု ဒီပစ္စည်းတွေ ဒီကို ချောချောချူချူ ရောက်လာပြီဆိုတော့ မောင်ရင်ပြောထားတဲ့အတိုင်း နောက်နှစ်မကူးမီ နျူကလီးယား ဒုံးကျည်ကြီး ထုတ်နိုင်တော့မှာပေါ့နော်"

ဖွဲ့မောင်၏ ညိတ်နေသည့်ခေါင်းက မရပ်သေး။

"ကောင်းတယ်ကွာ... သိပ်ကောင်း"

ဘဂရှင်မင်းတြားကြီးမှာ လွန်စွာ ပီတိဖြစ်နေသည်။ နောက်နှစ်မကူးဘဲ နျူကလီးယား လက်နက်ကြီး ထုတ်နိုင်လျှင် သူ၏ ရည်မှန်းချက်ကြီး အောင်မြင်ပြီ။

နောက်နှစ်ဆို ဂန်ချုပ်ကြီး၏ သမ္မတသက်တမ်း ကုန်လေပြီ။ နောက်နှစ် ရွေးကောက်ပွဲကိုလည်း လူတန်းစားစုံ ပါဝင်နိုင်မည့် ရွေးကောက်ပွဲကြီးအဖြစ် သမာသမတ်ရှိရှိ ကျင်းပပေးမည်ဟု နိုင်ငံခြားသွားတိုင်း လိုမ့်ခိုင်းထား၏။ တကယ်သာ ရွေးကောက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

ကျင်းပပေးရလျှင် မလွယ်။ သူ့တပည့်များ ခြေချော်လက်ချော ဖြစ်သွားနိုင်သည်။ ဘဂရှင်မင်းတြားကြီး အရိပ်ပြင်ပက တစ်ဦးတစ်ယောက်သို့ အာဏာလွှဲပေးလိုက်ရပါက ဇာတ်လမ်းတွေ ရှုပ်ကုန်မည်။

ထို့ကြောင့် အချိန်မီ အာဏာပြန်သိမ်းဖို့ လိုသည်။ အခု နျူကလီးယားလက်နက် ရတော့မည်။ နျူကလီးယား ရပြီးတာနှင့် လာခဲ့စမ်း အာဏာဆိုပြီး ဇက်ခနဲ သိမ်းလိုက်ရုံသာ။ ဘယ်သူ့ကိုမှ ဂရုစိုက်စရာ မလို။ ဘယ်သူ့ကိုမှ ကြောက်စရာမလို။ နျူကလီးယား ရှိနေပြီမဟုတ်လား။

"ကျေးဇူးတင်ပါတယ် မောင်ဖွဲ့မောင်"

ဘဂရှင်မင်းတြားကြီးက တကယ့်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကား ဆိုနေခြင်း ဖြစ်သည်။ ပြောရင်း ပြောရင်းနှင့် အားမရ ဖြစ်လာသည်။ ပါးစပ်နှင့် ကျေးဇူးတင်ရုံတာ အလုပ်မဖြစ်။ တစ်ခုခု လုပ်ပေးချင်လာ၏။

"ကဲ... မောင်ဖွဲ့မောင် မင်းရဲ့ စွမ်းဆောင်မှုတွေက မြန်မာ့တပ်မတော်ကြီးအတွက် အလွန်အရေးပါ အရာရောက်တယ်၊ ဒီတော့ မောင်ရင့်ကို ဗိုလ်မှူးကြီးရာထူးပါမက သီဟသူရဘွဲ့ပါ ပေးမယ်ကွာ၊ ဒီနေ့ကစပြီး သီဟသူရ ဖွဲ့မောင် ဖြစ်သွားပြီ ဟုတ်လား..."

ဖွဲ့မောင်က ကိုယ့်ကိုယ်ကိုယ် ဘာတွေဖြစ်လို့ ဘာတွေဖြစ်နေမှန်း မသိ။ ဘဂရှင်မင်းတြားကြီး၏ စကားတွေက ကြားတစ်ချက် မကြားတစ်ချက်။ ကြားရင်တောင် နားမလည်။ သူ့စိတ်တွေက ကိုယ်ထဲမှာ မဟုတ်။ နတ်ဘုံနတ်နန်းထက် နတ်စည်းစိမ် ရစ်နေလေ၏။ သို့သော် ခေါင်းကိုတော့ မပြတ်ညိတ်နေမိသည်။

"ဘယ်လိုလဲ မောင်ရင်... ကျေနပ်တယ် မဟုတ်လား"

ဖွဲ့မောင်က ခေါင်းညိတ်နေဆဲ။

"ဒီလိုပဲ ဖြစ်ရမယ်လေ၊ မြန်မာ့တပ်မတော်မှာ သီဟသူရဘွဲ့ ရတဲ့သူဆိုတာ သိပ်ရှိတာမဟုတ်ဘူး၊ သိလား... သီဟသူရ ဖွဲ့မောင်ကဲ... ကဲ... မင်းကြည့်စရတာ တော်တော်ပင်ပန်းနေတယ် ထင်တယ်၊ ခေါင်းကြီးညိတ်နေတော့တာပဲ၊ နားလိုက်ဦး၊ ကဲ... မိုးသောက်ပန်းရေ ကျုပ်တို့ကို သယ်လာတဲ့ ပစ္စည်းတွေ လိုက်ပြပါဦး"

ဘဂရှင်မင်းတြားကြီး မိသားစုနှင့် မိုးသောက်ပန်းတို့က အမေရိကမှ သယ်လာသည့် ပစ္စည်းအစိတ်အပိုင်းများ ရှိရာသို့ ထွက်သွား၏။ သို့သော် အကြံသမား တစ်ယောက်ကတော့ မလိုက်သွားဘဲ ချန်နေခဲ့၏။ တော်လတ်။

"ဂမ်းသာလိုက်တာ ကိုဖွဲ့မောင်ရေ အဲ မဟုတ်ဘူး... သီဟသူရ ဖွဲ့မောင်ရေ... ခစ်ခစ်"

တော်လတ်သည် သူ၏ နလုံးသားထက်က ကဗျာတစ်ပုဒ်ဖြစ်သည့် ဖွဲ့မောင်ကို ဘဂရှင်မင်းတြားကြီး ကိုယ်တိုင် ယခုကဲ့သို့ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုလိုက်ခြင်းအတွက် များစွာ ဂုဏ်ယူနေမိ၏။ ဘဂရှင်မင်းတြားကြီးက လိုလိုချင်ချင်ရှိမှသာ သူတို့နှစ်ဦး၏ ချစ်ခရီးလမ်းက

www.burmeseclassic.com

www.burmeseclassic.com

ဖြောင့်ဖြူးမည်မဟုတ်လား။ အခုတော့ ပူစရာမလိုတော့။ ဇွဲမောင်ဆီက ချစ်ခွင့်ပန်မည့် အသံကို နားစွင့်ထောင်ဖို့သာ လိုတော့၏။

ချစ်ခွင့်ပန်လာတာနဲ့ သုံးနှစ်သုံးမိုးတွေ ဘာတွေလုပ်မနေနဲ့၊ သုံးမိနစ်တောင် စောင့်မနေနဲ့။ ချက်ချင်း အဖြေပေး။ ပြီးရင် ချက်ချင်း မင်္ဂလာဆောင်။ ပြီးရင် ချက်ချင်း ကလေးမွေး။ အဲ... ကလေးမွေးဖို့ ကိုးလတော့ စောင့်ရမည်။ တော်လတ်က သူ့အတွေးကို မနည်း ဘရိတ်အုပ်လိုက်ရသည်။

"ကိုဇွဲမောင်အစား တော်လတ် အရမ်းဂုဏ်ယူတာပဲ သိလား၊ ကိုဇွဲမောင်လို သူရဲကောင်းကြီးမျိုးနဲ့ ခင်ရတာလည်း သိပ်ပျော်တာပဲ။ တော်လတ်ရဲ့ ခင်မင်မှုကို ရာသက်ပန် တည်တံ့အောင် ကြိုးစားကြမယ်နော်"

ဇွဲမောင် စဉ်းစားသည်။ ခုန သူ့ရှေ့မှာရပ်နေတာက ဘဂရှင်မင်းကြားကြီး။ အခု နောက်တစ်ယောက် ပြောင်းသွားသလိုပင်။ လေယူလေသိမ်း နားထောင်ကြည့်ရသလောက် မိန်းမတစ်ယောက်ယောက် ဖြစ်ပုံရသည်။ မျက်လုံးကို ကြိုးစား၍ အတင်းဖွင့်ကြည့်သည်။ မနည်းမနော် အယ်စတုံကြီးပါလား။ မယ်မယ်ဖျားတော့ ဟုတ်ပုံမရ။ သမီးတော်ထဲက တစ်ပါးပါးဖြစ်မည်။ သူတို့သုံးယောက်စလုံးက ဆိုက်တူ ဂိုက်တူ။ မထူး။ ဆက်ပြီး ခေါင်းညိတ်နေမှ။

ဇွဲမောင်က သူ၏စကားကို ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံနေသဖြင့် တော်လတ် အားတက်သွား၏။

"ဒါဆို တော်လတ်ဆီ အချိန်ရတိုင်း စာရေးပါလား"

ခေါင်းညိတ်နေဆဲ။

"တကယ်... ဖမ်းသာလိုက်တာ ကိုဇွဲမောင်ရယ်၊ တကယ်တော့ ကိုဇွဲမောင်က အရမ်းအလုပ်ရှုပ်မှန်း သိပါတယ် တိုင်းပြည်တာဝန်ကြီးတစ်ဖက်နဲ့ မဟုတ်လား တစ်ပတ်ကို တစ်စောင်လောက်ရေးရင်ကို ကျေနပ်ပါပြီ"

ခေါင်းညိတ်နေဆဲ။

"ပျော်လိုက်တာ ကိုဇွဲမောင်ရယ်၊ တော်လတ်လည်းလေ ကဗျာတွေ ရေးထားတာ အများကြီးရှိတယ် သိလား ကိုဇွဲမောင်ဆီ တစ်နေ့ကဗျာတစ်ပုဒ် ပို့ပေးမယ်နော် ကိုဇွဲမောင်"

ခေါင်းညိတ်နေဆဲ။

"အင်း...ကိုဇွဲမောင် ကိုဇွဲမောင်နဲ့ ခေါ်ရတာ သိပ်ထောက်တာပဲ သိလား အတိုကောက် တစ်ခုခုပြောင်းခေါ်ချင်တယ် ဖြစ်မလား ဟင်"

ခေါင်းညိတ်နေဆဲ။

"အင်း.. အဲဒါဆိုရင် ကိုဇွဲ၊ ကိုမောင်၊ ကိုကိုဇွဲ၊ ကိုကိုမောင်... အို တစ်ခုမှ မကောင်းပါလား၊ မောင်... ဟုတ်ပြီ မောင်ဆိုတဲ့ တစ်လုံးတည်း ဆိုရင်ကော..."

ခေါင်းညိတ်နေဆဲ။

www.burmeseclassic.com

www.burmeseclassic.com

"ဟယ်...တကယ်နော်၊ အခု စမ်းခေါ်ကြည့်ရမလားဟင်..."

ခေါင်းညိတ်နေဆဲ။

"မောင်...."

ခေါင်းညိတ်နေဆဲ။

"အို... ဟိုမှာ မယ်မယ်ဖျားက ခေါ်နေပြီ၊ သွားလိုက်ဦးမယ် သိလား၊ စာတွေ ပို့လိုက်မယ်နော် မောင်"

ဖွဲ့မောင် ခေါင်းမှာ ညိတ်ပြီးရင် ညိတ်နေဆဲ။ သို့သော် ဘာကိုညိတ်၍ ဘာအတွက် ညိတ်နေသလဲဆိုတာကိုတော့ ကိုယ့်ကိုယ်ကိုယ် မသိ။ ဗိုလ်မှူးကြီး၊ သီဟသူရ၊ မောင်၊ ဘုမသိ ဘမသိနှင့် လက်ခံမိလိုက်ပြီ။

ယခု ညိတ်လိုက်သည့်ခေါင်းများကြောင့် နောင်တစ်ချိန်တွင် အကြီးအကျယ် ချောက်ကျတော့မည်ဆိုတာကိုတော့ ဖွဲ့မောင်တစ်ယောက် မသိလိုက်ပေ။ အဲ... သီဟသူရ ဖွဲ့မောင် မသိလိုက်ပေ။

www.burmeseclassic.com

www.burmeseclassic.com

(၇)

**မောင်...**
**မောင်ဟာ ပင်လယ်ကြီးဆိုရင်**
**ကျွန်မက ကမ်းစပ်ပါ မောင်...**
**မောင့်လှိုင်းလုံးလေးတွေရဲ့ ရိုက်ချက်ကြောင့်**
**အခုတော့ ကျွန်မမှာ ပြည့်စုံခဲ့ရပါပြီ**
**မောင့်အသံ မောင့်အသွင်တွေနဲ့ ဝေးတဲ့အခါ**
**ပင်လယ်မရှိတဲ့ ကမ်းစပ်လို**
**လမသာတဲ့ ညတစ်ညလို**
**ကျွန်မဘဝလည်း အဓိပ္ပါယ်မရှိတော့ပါဘူး မောင်။**

**မောင်ရဲ့ ကျွန်မ**

လက်ထဲက စာရွက်ကို ဖင်ပြန်ခေါင်းပြန် ကြည့်၏။ ရှေ့နောက်လှန်ကြည့်၏။ ဘာလဲဟ။ ဖွဲ့မောင် စဉ်းစားသည်။ စဉ်းစား၍ မရ။ အဓိပ္ပါယ် ဖော်ကြည့်သည်။ ဖော်၍မရ။ ဘယ်က မောင်လဲ...။ ဘယ်က ကျွန်မလဲ...။

ဖွဲ့မောင်လက်ထဲက စာသည် ပထမဆုံးစာမဟုတ်။ သူ့ဆီသို့ တစ်နေ့ တစ်စောင်ကျ ရောက်လာသည်မှာ ယခုဆိုလျှင် မနည်းမနော။ အစတုန်းကတော့ အလုပ်ရှုပ်နေသဖြင့် အလေးအနက် မထားမိ။ အခုမှ သေချာပြန်ဖတ်ကြည့်သည်။

`မောင့်ရဲ့ ပန်းချီကားထဲမှာ ကျွန်မက ဆေးစက်လေး တစ်စက်အဖြစ် ထာဝရ ပါရမီဖြည့်မယ့်သူပါ´ တို့၊ `မောင်ကသာ ကျွန်မရဲ့ ခြောက်ခမ်းနေတဲ့ တောအုပ်လေးကို ပြန်လည်စိမ်းစိုအောင် ပြုလုပ်ပေးနိုင်တဲ့ ဉယျာဉ်မှူးကြီးပါ´ တို့၊ `မောင်ကသာ ကျွန်မရဲ့ လမ်းပြကြယ်´၊ `မောင်ကသာ ကျွန်မဘဝကို မောင်းနှင်မယ့် ကပ္ပတိန်ကြီး´။

ဖွဲ့မောင်မှာ ဖတ်ရင်းဖတ်ရင်း ခေါင်းတွေ မူးလာ၏။ တစ်မောင်တည်း မောင်ကာ တစ်ကျွန်မတည်း ကျွန်မနေ၏။ သူ့ဆီလာတာ မဖြစ်နိုင်။ တစ်ယောက်ယောက်နဲ့ မှားပြီး ရောက်လာခြင်း ဖြစ်မည်။ မြန်မာပြည်ကို ရောက်ကတည်းက ဖွဲ့မောင်အနေနှင့် ပတ်သက်ဖူးသည့် မိန်းကလေးဆို၍ တိုင်းရင်းသူ အာကယ်ဒမီ မင်းသမီးလေး တစ်ယောက်သာ ရှိသည်။ ထိုမိန်းကလေးကလည်း တစ်ည အတူတွေ့ပြီးကတည်းက အခုချိန်ထိ ပြန်မတွေ့။ အဆက်အသွယ်လည်း မရှိ။ ဖွဲ့မောင် ဘယ်သူလည်းဆိုတာတောင် ကောင်းကောင်း သိလိုက်တာ မဟုတ်။ လိပ်စာသိဖို့ဆို ဝေလာဝေး...။

"ရခိုင်လေး အခန်းထဲ အမြန်ဆုံး လာခဲ့..."

www.burmeseclassic.com

www.burmeseclassic.com

အင်တာကွန်းမှတစ်ဆင့် သူ့တပည့်ကျော် ရခိုင်လေးကို ခေါ်လိုက်သည်။ နျူကလီးယား စီမံကိန်းကြီး စကတည်းက ရခိုင်လေးဆိုသည့် တပ်ကြပ်လေးတစ်ယောက်ကို သူ့လက်ထောက်အဖြစ် ဘဂရှင်မင်းတြားကြီးက ခန့်ထားပေး၏။

ရခိုင်လေးက ဖင်ပေါ့ါသည်။ ဟာသဉာဏ်ရှိသည်။ အလိုက်သိသည်။ ထို့ကြောင့် ဖွဲ့မောင်နှင့် အချိန်တိုလေးအတွင်း အတော်ရင်းနှီးသွားသည်။ ဆရာတပည့် ဆက်ဆံရေးမျိုး မဟုတ်။ သူငယ်ချင်းကဲ့သို့ ဖြစ်နေ၏။ လျှာရှည်တာတစ်ခုတော့ သည်းခံရသည်။ ဘာဖြစ်ဖြစ် ရခိုင်လေးကို တိုင်ပင်ဖြစ်သည်။ ယခုကဲ့သို့ လူသူဝေးရာ တောကြီးထဲက နျူကလီးယား စက်ရုံကြီးထဲတွင် ရခိုင်လေးနှင့် မတိုင်ပင်လည်း အခြားတိုင်ပင်စရာ မရှိ။

အခုလည်း သူ့စကားပင် မဆုံးသေး။ အခန်းထဲသို့ လှစ်ခနဲ ရောက်လာကာ ဆတ်ခနဲ အလေးပြု၏။

`အမိန့်ရှိပါ သီဟသူရ ဗိုလ်မှူးကြီး ဖွဲ့မောင်"

"နင့်အမေကလွှား... အဲဒီလို မခေါ်ဖို့ ဘယ်နှစ်ခါ မှာထားရမလဲ၊ မင်း ခေါ်နေကျ အာစရိလို့ပဲ ခေါ်စမ်းပါဟ"

ဘဂရှင်မင်းတြားကြီး လက်အောက်မှာ အလုပ်လုပ်ရသည့် ဂုဏ်ထမ်းတွေကို အခုမှ တဖြည်းဖြည်း စနာလာမိ၏။ အမေရိကားက ပစ္စည်းတွေ သယ်လာပြီး နောက်တစ်နေ့ သတင်းစာထဲတွင် သူ့နည်းကြီးပါလာ၏။ ရိုးရိုးမဟုတ်၊ `တိုင်းပြည်နှင့် လူမျိုးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဗိုလ်ဖွဲ့မောင်အား ဗိုလ်မှူးကြီးရာထူးသို့ တိုးမြှင့်ပေးလိုက်သည့်အပြင် သီဟသူရဘွဲ့ပါ ချီးမြှင့်လိုက်၏။" ဟူသတည်း။ ငါ ဘယ်တုန်းကများ တိုင်းပြည်နဲ့ လူမျိုးအတွက် သက်စွန့်ဆံဖျား ကြိုးစားဖူးပါလိမ့်ဟု ဖွဲ့မောင်တစ်ယောက် ခေါင်းခြောက်အောင် စဉ်းစားကြည့်သည်။ အဖြေမတွေ့။

အမေရိကားကနေ ပြန်လာတဲ့ လမ်းတစ်လျှောက်တွင်လည်း ဓာတုဆေးပြားလေးတွေ ဓာတ်ခွဲနေရုံကလွဲလို့ ဘာမှမလုပ်ရ။ အင်း... သေချာစဉ်းစားပြန်တော့လည်း သက်စွန့်ဆံဖျားလို့ ပြောချင်က ပြောလို့ရ၏။ ထိုင်းမြန်မာနယ်စပ်က ပေးလိုက်သည့် အပြားပေါင်းစုံကို ဂမ်းသာအားရဖြင့် တစ်ထိုင်တည်း ဆွဲလိုက်သဖြင့် စက်ရုံသို့ ရောက်သည့်အခါ ပလပ်ကျွတ်သွားခဲ့၏။ ကံကောင်း၍ မသေ။

အဲဒီတုန်းကများ ဘဂရှင်မင်းတြားကြီး သူ့ကို ဘွဲ့ပေးဖို့ ပြောခဲ့သေလား မသိ။ သူမှတ်မိသည်မှာ တစ်ခုတည်း။ ဘဂရှင်မင်းတြားကြီးနှင့် စကားပြောသည်။ သူ ခေါင်းညိတ်သည်။ ထို့နောက် ဘာမှမသိတော့။

"ဟုတ်... အာစရိ၊ ဘာခိုင်းစရာရှိ"

"ဒီစာတွေကို သိလား..."

"ဟုတ်... သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"မင်း သိတယ် ဟုတ်လား၊ ပြောစမ်းပါဦး.... ငါ့ဆီကို ဘယ်သူပို့တာလဲ"

ဖွဲ့မောင်က အားတက်သရော မေးလိုက်၏။

"ကျွန်တော်ပါပဲ"

"ဘာ... မင်းက ငါ့ဆီကို ဘာလို့ ဒီလိုမျိုးစာတွေ ပို့ရတာလဲ"

ရခိုင်လေးဆိုတဲ့ကောင်က ကျားကျားလျားလျားပါ၊ အခုမှ ဘာစိတ်တွေ ပေါက်သွားသလဲ မသိ။

"ဟို.... ဟို... မဟုတ်ပါဘူး အာစရိ၊ ကျွန်တော် ပို့တယ်ဆိုတာ အာစရိနာမည်နဲ့ ရောက်လာလို့ အဝင်ရုံးခန်းကနေ အာစရိရုံးခန်းထဲကို ပို့တာလို့ ပြောတာပါ အာစရိ"

"သြော်... အေ.... အဲဒီလိုရှင်းရှင်း ပြောပါဟ၊ ဒါနဲ့ ရခိုင်လေး... ရော့ ဒီစာတွေ တစ်ရွက်မကျန် ဖတ်စမ်းကွာ... လာ... ဒီမှာထိုင်ဖတ်"

ရခိုင်လေးက သူ့စားပွဲရှေ့ရှိ ထိုင်ခုံလေးပေါ်တွင် ရို့ရို့လေး ထိုင်ကာ စာတွေ တစ်စောင်ပြီးတစ်စောင် ဖတ်၏။ နောက်ဆုံးစာကို ဖတ်ပြီးသည့်အခါ ဖွဲ့မောင်စားပွဲရှေ့သို့ ရိုရိုသေသေ ပြန်တင်လိုက်သည်။

"မင်း ဘယ်လိုသဘောရလဲ"

ရခိုင်လေး၏ အမြင်ကို သိချင်သဖြင့် ဖွဲ့မောင်က မေးလိုက်သည်။

"ကဗျာလေးတွေက ကောင်းသားပဲ အာစရိ"

"ဟာ... နင့်မေကြီးတော်၊ မင်းကို ကဗျာဝေဖန်ရေး လုပ်ခိုင်းနေတာ မဟုတ်ဘူး၊ ဒီစာကို ဘယ်သူရေးပြီး ငါ့ဆီ ဘာလို့ပို့တာလဲလို့ မေးနေတာဟ"

"သြော်... ဒါလား"

ရခိုင်လေးက စပ်ဖြဲဖြဲဖြင့် ပြောသည်။

"အာစရိက အခု သာမန်ဗိုလ်လေး မဟုတ်တော့ဘူးလေ၊ သီဟသူရ ဘွဲ့ ဒိတ်ဒိတ်ကျဲ ဗိုလ်မှူးကြီး ဖြစ်နေပါရောလား၊ ဒီတော့ အာစရိကို စိတ်ဝင်စားတဲ့ ကောင်မလေး တစ်ယောက်ယောက်က ပို့တာ နေမှာပေ့ါ"

ဖွဲ့မောင်က မျက်မှောင်ကြုတ်သည် ခေါင်းရမ်းသည်။

"တစ်ယောက်ယောက်နဲ့ စာများမှာရောက်လာသလား၊ ငါ့မှာ ပတ်သက်စရာ မောင်တို့ ကျွန်မတို့ ဘာမှမရှိပါဘူး"

"မဖြစ်နိုင်ပါဘူး အာစရိ"

"ဘာလို့ မဖြစ်နိုင်ရတာလဲ"

"ဟုတ်... နံပါတ်တစ်အချက်က ဒီနေရာက ထိပ်တန်းလျှို့ဝှက်နေရာ ဖြစ်ပါတယ်၊ တော်ရုံလူ ဒီစက်ရုံလိပ်စာကို မသိနိုင်ပါဘူး၊ နံပါတ်နှစ်အချက် ကျွန်တော်အပါအဝင် ဒီစက်ရုံက ဝန်ထမ်းတွေအားလုံး ပြင်ပနဲ့ စာအဆက်အသွယ်၊ ဖုန်းအဆက်အသွယ် လုပ်ခွင့်မရှိပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com

အာစရိတစ်ယောက်က လွဲလို့ပေါ့၊ နံပါတ်သုံးအချက် စာအိတ်ပေါ်မှာ သီဟသူရဗိုလ်မှူးကြီး ဖွဲ့မောင်ဆိုတဲ့ နာမည်ကြီးကလည်း ထင်းနေအောင် ရေးထားပါတယ်ခင်ဗျ"

"အင်း..."

ဖွဲ့မောင်မှာ စဉ်းစားရ ခက်သွားပြီ။

"မင်းပြောတာလည်း ဟုတ်နေတာပါပဲ"

"ဒါနဲ့ စာအိတ်ပေါ်မှာ ပို့တဲ့သူ လိပ်စာရော ပါလား..."

"ပါပါတယ် အာစရိ"

"အေး... ဟုတ်လား ဘယ်ကလဲ"

"နေပြည်တော်ကပါ အာစရိ"

"ဘာ... နေပြည်တော်က"

စဉ်းစားရ ပိုကျပ်သွားသည်။ နေပြည်တော်က တွေ့ဖူးသမျှ သူအားလုံးသည် ဗိုက်ရွှဲရွှဲ ထိပ်ပြောင်ပြောင်နှင့် သေနတ်ကို ခါးကြားမှ ဘယ်တော့မှ မချသည့် စစ်ဗိုလ်ကြီးများသာ။ မိန်းမများဟူ၍ တစ်ယောက်မှ မပါ။

သမီးတော် သုံးပါးထဲကများလား... စဉ်းစားကြည့်သေးသည်။ သူ့အတွေးကို သူ ချက်ချင်းပင် ပယ်ချလိုက်၏။ တော်ကြီးနှင့် တော်ငယ်တို့တွင် အိမ်ထောင်ကိုယ်စီ ရှိကြသည်။ တော်လတ်တွင်လည်း အိမ်ထောင်ရှိနိုင်သည်။ ဘယ်လိုမှ မဖြစ်နိုင်။

"ကျွန်တော့်အထင်တစ်ခု တင်ပြရမလား အာစရိ"

"အေး... ပြောစမ်းပါ၊ မင်း ဘာထင်တုန်း"

"ဟုတ်... နံပါတ်တစ်အချက်"

"ဟေ့ကောင် ရခိုင် ငါ့ကို မင်းတို့ထပ်တဲ့က ငပိန်းဗိုလ်တွေကို အစီရင်ခံသလို နံပါတ်တစ်တွေ နှစ်တွေ လုပ်မနေနဲ့၊ ပြောစရာရှိတာ တည့်တည့်ပြောစမ်း"

ဖွဲ့မောင် စိတ်မရှည်တော့၊ အရေးနှင့် အကြောင်းနှင့်ဆို သူ့နံပါတ်တွေ အရင်နားထောင်နေရတာနှင့် လိုရင်းမရောက်တော့။

"ဟုတ်ကဲ့ပါ အာစရိ"

ဖွဲ့မောင် ဟောက်လိုက်သဖြင့် ရခိုင်လေးက ခေါင်းတစ်ချက် ပုပင်သွား၏။

"အခု အာစရိက သာမန်လူ မဟုတ်တော့ပါဘူး၊ သီဟသူရဘွဲ့ရ ဗိုလ်မှူးကြီးတစ်ယောက် ဖြစ်နေပါပြီ၊ ဒီတော့ အာစရိရဲ့ နာမည်ကလည်း နေပြည်တော်အသိုက်အဝန်းမှာ ထင်ရှားနေလောက်ပါပြီ၊ အဲဒီထဲမှာ ဗိုလ်ချုပ်ကြီးတွေ၊ ဗိုလ်မှူးကြီးတွေရဲ့ သမီးတစ်ယောက်ယောက်က အာစရိကို စိတ်ဝင်စားသွားပြီး ဆက်သွယ်လာတာရော မဖြစ်နိုင်ဘူးလား ခင်ဗျာ"

"အင်း..."

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့မောင်က အံဆွဲကိုဆွဲဖွင့်လိုက်သည်။ ဆေးလိပ်နှင့် မီးခြစ်ထုတ်သည်။ မီးခိုးတွေ မှုတ်ထုတ်သည်။ အငွေ့များကြားထဲတွင် စဉ်းစားသည်။

"မင်းပြောတာ သဘာဝကျတယ် ရခိုင်လေး၊ ဒါပေမယ့် ငါ အဲဒီစာတွေ ဖတ်ရတာ စိတ်ရှုပ်တယ်ကွာ အကုန် မီးရှို့လိုက်...."

"ဗျာ... အာစရိ"

"မီးရှို့လိုက်လို့ ပြောနေတယ်လေ၊ ရော့... အခုယူသွားပြီး ရှို့လိုက်၊ နောက်ထပ်လာတဲ့ စာတွေလည်း ငါ့ဆီ ယူမလာခဲ့နဲ့ ကြားလား"

ဖွဲ့မောင်က စာရွက်တွေ အကုန်လုံးကို ရခိုင်လေးလက်ထဲသို့ ထိုးထည့်ပေးလိုက်သည်။ ရခိုင်လေးက စာရွက်များကို ကိုင်ထားရင်း မပ့ံမရဲဖြင့်...

"အာ... အာစရိ၊ ကျွန်တော်တစ်ခုလောက် တင်ပြပါရစေ"

ဟု တောင်းဆိုသည်။ ဖွဲ့မောင်က ဆေးလိပ်ကို ပြာခွက်ထဲ ထိုးချေကာ ပြော ဆိုသည့်သဘောဖြင့် ခေါင်းဆတ်ပြသည်။

"ကျွန်တော် တင်ပြချင်တာက နံပါတ် တစ်..."

"လာပြန်ပြီလား ဒီနံပါတ်တစ်"

"ဩော်... ဟုတ်... ဟုတ်၊ ကျွန်တော် မေ့သွားလို့ပါ အာစရိ ဒီစာကို ပေးပို့လာသူက မိန်းကလေးတစ်ယောက်ပါ အာစရိ မြန်မာမိန်းကလေးတစ်ယောက်ပါ စာတွေကို ဖတ်ကြည့်တော့လည်း အာစရိကို နင့်နင့်သည်းသည်း ခံစားပြီး ရေးဖွဲ့ထားတာ ပေါ်လွင်ပါတယ် အာစရိ၊ ဆိုတော့ကာ အာစရိအနေနဲ့ လာသမျှစာတွေကို မီးထိုင်ရှို့နေမယ်ဆိုရင် တစ်ဖက်သား ကောင်မလေးကို အားနာစရာကြီးပေါ့ အာစရိရယ်"

"ဟော... လာပြန်ပြီလား ရခိုင်လေး၊ မင်း မြဲမြဲမှတ်ထား ငါနဲ့ စကားပြောရင် သီဟသူရ ဗိုလ်မှူးကြီးဆိုတာရယ်၊ နံပါတ်တစ်တွေ ဆိုတာရယ်၊ အားနာတယ် ဆိုတာရယ် မပြောနဲ့လို့ ဘယ်နှစ်ခါ ပြောထားရမလဲ"

ဖွဲ့မောင် အော်မိပြန်သည်။ မြန်မာပြည်ရောက်ကတည်းက ဖွဲ့မောင်သည် တစ်ခါမှ မကြားဖူးသည့် `အားနာလိုက်တာ´ ဆိုသည့် စကားကို ခဏခဏကြားရသည်။ အစက ဘာဆိုလိုမှန်း မသိ။ နောက်မှာ တဖြည်းဖြည်း သဘောပေါက်လာသည်။

လူကြီးတွေကို လက်ဆောင်သွားပေးလျှင် လူကြီးတွေက အားနာစရာကြီးဟု အရင်ပြောမည်။ ပြီးလျှင် ယူထားမည်။ ထိုလူကြီးတွေကိုပဲ တစ်ခုခု လုပ်ပေးဖို့ တောင်းဆိုလျှင် အားနာလို့လုပ်ပေးလိုက်မယ်ဟု ပြောမည်။ ပြီးလျှင် လုပ်ပေးမည်။ ဘာမှန်းမသိ။ မင်း ငါ့ကို ဒါပေးရင်း ငါက မင်းကို ဒါပြန်ပေးမည်ဆိုလျှင် ပြီးရောပေါ့။ အခုတော့ အဆိုပါ အားနာလို့ ဆိုတာကြီးနှင့် အီလည်လည် ဖြစ်ခဲ့ရပေါင်း မနည်း။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်... အာစရိ နောက်တစ်ခါ မဖြစ်စေရပါဘူး၊ အားမနာရင် ဟို... ဟို.. မေ့လို့ အဲဒီလိုမဟုတ်ရင်တောင် တစ်ဖက်သား မိန်းမသားတစ်ယောက်ရဲ့ မျှော်လင့်ချက်ကို အသိအမှတ်ပြုသင့်ပါတယ်၊ တစ်နည်း လူသားတစ်ယောက်ရဲ့အိပ်မက်ကို မရိုက်ချိုးသင့်ပါဘူး"

"ဟုတ်ကဲ့ပါ ဆရာ ရခိုင်၊ ဆက် အမိန့်ရှိပါဦး"

ဖွဲ့မောင်က ရွဲ့ပြောလိုက်သည်။

"ဟာ...အာစရိကလည်း ကျွန်တော်က အကောင်းပြောတာပါ"

"ကဲ... ဒီတော့ မင်းက ငါ့ကို ဘာဖြစ်စေချင်လဲ ပြော၊ ခေါင်းရှုပ်တယ်ကွာ"

"ဒီလိုပါ အာစရိ၊ ကျွန်တော့်မှာ အာစရိလည်း ခေါင်းမရှုပ်၊ တစ်ဖက်သား မိန်းကလေးရဲ့ ဆန္ဒတွေလည်း ပြည့်ဝစေဖို့ နည်းတစ်နည်း ရှိပါတယ်၊ တစ်နည်းကို နေပြည်တော်က လူကြီးတွေ ခဏခဏပြောနေကြတဲ့ ဝင်းဝင်းဆိုတဲ့ နည်းပေါ့ အာစရိ"

"တယ်ဟုတ်ပါလား ရခိုင်လေး၊ မင်းတောင် Win Win တွေ ဘာတွေတောင် သိနေပါလား"

"ဟဲဟဲ... ကျွန်တော်က သတင်းစာ နေ့တိုင်းဖတ်တယ်လေ"

ဖွဲ့မောင်က ချီးကျူးလိုက်သဖြင့် ရခိုင်လေးမှာ မနေတတ် မထိုင်တတ် ဖြစ်သွားသည်။

"ကဲ... ဆက်ပြော... ဆက်ပြော"

"ဟုတ်၊ နောက်နေ့တွေ ထပ်ရောက်လာမယ့် စာတွေကို အာစရိ ခေါင်းမရှုပ်အောင် အာစရိဆီ ယူမလာတော့ဘူး"

"အင်း..."

"တစ်ဖက်က ကောင်မလေးလည်း စိတ်မပျက်အောင် ကျွန်တော်ကပဲ တာဝန်ယူပြီး အဲဒီမိန်းကလေးဆီ ကဗျာတွေ ပြန်ရေးပေးမယ်၊ အာစရိ ကိုယ်စားပေ့ါ"

"ဟာ.. ဖြစ်ပါ့မလား၊ တော်ကြာ..."

"ဖြစ်ပါတယ် အာစရိ၊ တကယ်တော့ ရခိုင်လေးဟာ တပ်မတော်ထဲ ရောက်မလာခဲ့ရင် အခုချိန် စာရေးဆရာကြီး ဖြစ်နေလောက်ပါပြီ၊ တပ်မတော်ထဲ ရောက်လာရတာလည်း စာရှူးပေရူး အလုပ်ကောင်းလို့ပါ၊ ရခိုင်မှာ အမေက ကျောင်းထားပေးတာကို ကျောင်းမတက်ဘဲ တောထဲသွားသွားပြီး စာတွေရေးနေတုန်း မြန်မာစစ်ကြောင်းနဲ့ တွေ့တော့ ပေ့ါကောင် လာဆိုပြီး ပေါ်တာအဆွဲခံရလို့ စစ်ထဲ ရောက်လာရတာပါ အာစရိ"

"ငါက အဲဒီစာထဲက ကျွန်မဆိုတာကြီးကို စိတ်ဝင်စားလို့ စာပြန်တယ်လို့ ထင်ယောင်ထင်မှား ဖြစ်ကုန်ရင် ဘယ်လိုလုပ်မလဲ"

"ဟာ.. အာစရိရယ်၊ အာစရိတပည့်က အာစရိ ဒုက္ခရောက်အောင် လုပ်ပါ့မလား၊ အခု ဒီစာတွေထဲမှာ ရေးသလို ကဗျာလေးတွေပဲ ပြန်ရေးမှာပေ့ါ၊ ထင်ယောင်ထင်မှား ဖြစ်စေမယ့် စကားလုံး တစ်လုံးမှ မပါစေရဘူး စိတ်ချ..."

"မင်းဟာက သေချာရဲ့လားကွ..."

www.burmeseclassic.com

www.burmeseclassic.com

"သေချာတယ် အာစရီ၊ ဂင်းဂင်း ဖြစ်စေရမယ်"

"အေး... ပြီးရောကွာ၊ ငါ ခေါင်းမရှုပ် ပြီးတာပဲ၊ ဟုတ်ပြီလား"

"ဟုတ်..."

ရခိုင်လေးက ဂမ်းသာအားရနှင့် ထိုင်ရာမှ ထသည်။ ဖြောင်းခနဲနေအောင် အလေးပြု၏။

"လေးစားပါတယ် သီဟသူရ ဗိုလ်မှူးကြီး ဖွဲ့မောင်"

"မအေ..."

ဖွဲ့မောင်၏ စကားပင် မဆုံးလိုက်။ ရခိုင်လေးက အခန်းထဲကနေ လှစ်ခနဲ ပြေးထွက်သွား၏။ လက်ထဲတွင်တော့ ရွှေပေလွှာလေးများ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လို့။ နှစ်ပေါင်းများစွာ ငုပ်လျှိုးနေသည့် ကလောင်အစွမ်းကို ပြန်လည်ပြသခွင့် ရတော့မည်။ စာတွေ ကဗျာတွေ ရေးခွင့်ပြန်ရတော့မည်။

ယခုတစ်ခေါက်ရေးရမှာက ရခိုင်တွင် ရေးခဲ့ဖူးသလို မဟုတ်တော့။ သူ့စာကို စောင့်ဖတ်မည့် တစ်ယောက်သောသူ ရှိလေပြီ။ ထိုသူကလည်း ကောင်မလေး တစ်ယောက်ဆိုတော့...

"ငါလည်း အဆင်ပြေ၊ ငါ့အာစရီလည်း အဆင်ပြေ၊ စာထဲက ကောင်မလေးလည်း အဆင်ပြေ၊ ဒါဆိုရင် ဂင်းဂင်းဆိုတဲ့ နှစ်ဂင်းတင် မကတော့ဘူး ဂင်းဂင်းဂင်း သုံးဂင်းတောင် ဖြစ်နေပြီ"

ရခိုင်လေးမှာ ကိုယ့်အတွေးနှင့်ကိုယ် အလွန်ပီတိဖြစ်နေရှာ၏။ ချက်ချင်းဆိုသလို ခေါင်းထဲသို့ စကားလုံးတွေ စီးဆင်းလာ၏။ အချိန်ပင် မဆိုင်း။ စာရွက်လွတ်တစ်ရွက် အမြန်ရှာသည်။ အနုအလှ စကားလုံးတွေ အမြန်ရှာသည်။ ထို့နောက်တွင်တော့ ခေါင်းမဖော်တော့၊ ရေးပြီးရင်း ရေးပါလေတော့သည်။

ဖွဲ့မောင်ရော ရခိုင်လေးရော မေ့သွားသည့် အချက်တစ်ချက် ရှိသည်။ တခြားမဟုတ်။ မှုန်ဝင်သွားသော စာရေးသူ တစ်ယောက်အတွက် မိမိကလောင်ကို ထိန်းရသည်မှာ အလွန်ခက်လှပေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

(၈)

"မင်းက ဘာကို စိုးရိမ်တာလဲ"

ဘဂရှင်မင်းတြားကြီး၏ ခပ်ပြတ်ပြတ် အသံကြောင့် ဂန်ချုပ်ကြီး၏ ခေါင်းလေး ပုပင်သွား၏။ သေချာစဉ်းစားသည်။ စကားလုံးတစ်လုံးချင်း ရွေးပြီးမှ ဘဂရှင်မင်းတြားကြီးကို ပြန်ပြောသည်။

"ကျွန်တော် စိတ်ပူတာက လူထုအုံကြွမှုကြီး ဖြစ်လာပြီး မထိန်းနိုင် မသိမ်းနိုင်နဲ့ ကျွန်တော်တို့ရဲ့ အချုပ်အခြာ အာဏာကို ထိပါးလာမှာ စိုးရိမ်မိတာပါ"

ဘဂရှင်မင်းတြားကြီး ပေးထားသည့် ရွှေရည်စိမ် ဒီမိုကရေစီကို အချိန်ကြာလာသည်နှင့်အမျှ မြန်မာပြည်သူတွေက အတုကြီးမှန်း ရိပ်မိလာကြပြီ။ ဂန်ချုပ်ကြီးပြောသမျှ မယုံကြတော့။ ပိုဆိုးတာက ပြည်ပခရီးစဉ်များ။ ဒီမိုကရေစီ သမ္မတဖြစ်သည့်အတွက် ဂန်ချုပ်ကြီးကို အနောက်နိုင်ငံပေါင်းစုံက လူရာသွင်းကာ ဖိတ်ကြားသည်။ သို့သော် ထိုနိုင်ငံက မီဒီယာတွေက အလိုက်မသိ။ အကြောက်အလန့်လည်း မရှိ။ ထောင့်ပေါင်းစုံက နည်းလမ်းပေါင်းစုံနှင့် ချောင်ပိတ်မေးလေ့ ရှိသည်။ အခုဆိုရင် ဂန်ချုပ်ကြီးခမျာ နိုင်ငံခြားဆိုသည့် အသံကြားရုံနှင့် ရင်တွေ တလုပ်လုပ် တုန်လာပြီ။

ပိုဆိုးတာက အင်္ဂလိပ်လို့ မပြောတတ်ခြင်းပင်။ တစ်ခါတလေ သူတို့က ဘာသာပြန်ကို မပြောဘဲ ဂန်ချုပ်ကြီးကို တိုက်ရိုက်ပြောတတ်သည်။ ထိုအခါ ဂန်ချုပ်ကြီးအနေနှင့် သွားလေးဖြဲကာ ပြုံးပြရုံကလွဲပြီး ဘာမှပြန်မပြောတတ်။ သူတို့ကလည်း ပြန်မပြောမချင်း တွတ်တွတ်မေးနှင့် အတော် ကသိကအောက် နိုင်လှသည်။ ကြာလာသည့်အခါ နိုင်ငံခြားတစ်ခါထွက်တိုင်း အသက်တစ်နှစ် ပိုတိုသလို ခံစားရ၏။

ပြည်တွင်းမှာလည်း မစားသာ။ ယခင်ကကဲ့သို့ လိုက်လိုက်လဲ့လဲ့ မရှိတော့။ အကြောင်းမသိခင်ကတော့ ဂန်ချုပ်ကြီးကို ဒီမိုကရေစီဖခင်ယောင်ယောင် ဘာယောင်ယောင် ထင်ကြသေး၏။

"မင်းကို ငါ တခြားသင်ပေးထားတာတွေ အများကြီး ရှိတာပဲ။ အဲဒါတွေ လျှောက်ပြောနေပေါ့ကွ"

"ပြောပါတယ် ဘဂရှင်မင်းတြားကြီးခင်ဗျာ၊ ဒါပေမယ့် အခု ကျွန်တော် ဘယ်လိုပြောပြော မိဘပြည်သူတွေက ကျွန်တော့်ကို မယုံတော့ဘူး ဖြစ်နေပါတယ်"

"အဲဒါ မင်း စောက်သုံးမကျလို့ပေါ့၊ တာဂန်ကို ပေါ့လျော့လို့ပေါ့ကွ နောက်ပြီး မင်း စကားပြောတဲ့ပုံကိုလည်း ကြည့်ဦး၊ သူများမယား ကြာခိုနေတုန်း လူမိသွားတဲ့ လေသံနဲ့ မပွင့်တပွင့် ညောင်နာနာ ပြောမှတော့ မင်းစကားကို ဘယ်သူက စိတ်ဝင်စားမှာလဲ လိမ်တယ်ဆိုတာ အားနဲ့ မာန်နဲ့ လိမ်ရတယ်ဟ၊ သူများနိုင်ငံ့ရေးသမားတွေ မိန့်ခွန်း ဘယ်လိုပြောလဲ နားမထောင်ဖူးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com

ဂန်ချုပ်ကြီးက ဘာမှ ပြန်မပြော၊ ခေါင်းငုံ့၍သာ ထိုင်နေ၏။ ဘဂရှင်မင်းတြားကြီးထံ ဝင်ရောက်ခစားကတည်းက သူ အကြိမ်းခံရမည်ဆိုတာကို ရိပ်မိပြီးသားပင်။ တိုင်းပြည်က အခြေအနေ သိပ်မကောင်းတော့။ အထူးသဖြင့် ဘဂရှင်မင်းတြားကြီး အလွန်အလေးအနက်ထားသည့် ဖွဲ့ဥကိုပြည်သူတွေက မျက်စပစ်လာကြသည်။ ပြင်ဖို့ ပြုဖို့ လေသံ ဟလာကြသည်။ ဘဂရှင်မင်းတြားကြီးကလည်း တစ်ချက်လွှတ် အမိန့်ပေးပြီးသား။ ဖွဲ့ ဥ ထိသူ လက်ထိပ်ယူ။

သို့သော် ဖွဲ့ ဥကို ထိသူတွေက များလာသည်။ တစ်တိုင်းပြည်လုံးစာ လက်ထပ်တွေကလည်း သူတို့ထံတွင် အလုံအလောက်မရှိ။ ထို့ကြောင့် ဘဂရှင်မင်းတြားကြီးထံ အချိန်မီ လာရောက်တင်ပြရခြင်းပင်။

"ငါလုပ်ခိုင်းထားတဲ့ အမိကရုဏ်းတွေ၊ အကြမ်းဖက်မှုတွေကရော အခြေအနေ ဘယ်လိုရှိလဲ။ ဖွဲ့ ဥ မျက်စောင်းထိုးနေတဲ့ အဖွဲ့ကို အာရုံမလွှဲနိုင်ဘူးလား"

"ဟုတ်ကဲ့ပါ.. ဘဂရှင်မင်းတြားကြီး အာရုံတော့ အတော်အတန် လွှဲနိုင်ပါတယ်၊ ဒါပေမယ့် အလုံးစုံ မဟုတ်ပါဘူး"

ဘဂရှင်မင်းတြားကြီးက ပုံစံပြောင်းလိုက်သည်။ ဂန်ချုပ်ကြီးလို လူစားမျိုးကို အော်ငေါက်ကာ အကြမ်းနည်းနှင့် ခိုင်း၍မရ။ အခုတောင် သူ့ရှေ့တွင် ဒူးလေးတုပ်၍ ထိုင်ကာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေ၏။ ချော့မော့ခိုင်းမှ အလုပ်ဖြစ်မည်။

"ငါ အမိန့်ပေးတဲ့အတိုင်းသာ သေချာလိုက်နာ၊ ဘယ်တော့မှ ငါတို့ရဲက အချုပ်အခြာအာဏာကို မထိခိုက်နိုင်ဘူး၊ သဘောပေါက်လား"

ဘဂရှင်မင်းတြားကြီး လေသံပြောင်းသွားတော့မှသာ ဂန်ချုပ်ကြီးလည်း အသက်ဂဂ ပြန်ရှူနိုင်တော့သည်။ စောစောကတော့ ကြောက်လွန်းသဖြင့် အသက်ကိုတောင် ခိုးရှူရ၏။

"နောက်ပြီး မင်း သေချာစဉ်းစား၊ လူထုအုံကြွမှုဆိုတာ ခေါင်းဆောင်ကောင်းရှိမှ ဖြစ်မှာ၊ အခု အစဉ်အဆက် ခေါင်းဆောင်ဆိုတဲ့ ကောင်တွေ ထောင်ထဲက လွှတ်ပေးလိုက်တော့ အာဖြစ်နေလဲ၊ ပိုက်ဆံနောက် တကောက်ကောက် လိုက်တဲ့ကောင် လိုက်၊ နေပြည်တော် အရိပ်အောက်မှာ ဒူးလေးနန့်ပြီး ဖိမ်ယူနေတဲ့ ကောင်က ယူနဲ့ တစ်ကွဲတပြား ဖြစ်နေကြပြီပဲ၊ နောက်ပြီး တစ်ယောက်နဲ့တစ်ယောက်လည်း အရင်ကလောက် အစည်းမကပ်ကြတော့ဘူးလေ၊ အခုအချိန်တွေမှာ သူတို့တွေ အကုန်လုံး ပြန်စည်းလုံးဖို့ပဆိုတာ မဖြစ်နိုင်တော့ဘူး၊ နောက်ပြီး မင်းရဲ့ မိဘပြည်သူဆိုတဲ့ ဟာတွေကလည်း သူတို့ကို အရင်ကလောက် မယုံကြတော့ဘူး မဟုတ်လား၊ ဒီလိုပုံစံမျိုးနဲ့ ငါတို့ကို ပခုံးချင်း ယှဉ်ဖို့ ဘယ်ဖြစ်နိုင်ပါ့မလဲကွာ"

ဘဂရှင်မင်းတြားကြီးက စကားကို ခဏရပ်လိုက်သည်။ နောက် ဂန်ချုပ်ကြီးကို တစ်ချက် ငုံ့ကြည့်လိုက်ပြီး စကားစကို အဆုံးသတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"အရေးအကြီးဆုံးအချက်ကတော့ အခုချိန်မှာ တစ်နိုင်ငံလုံးကို စည်းရုံးသိမ်းသွင်းနိုင်လောက်တဲ့ လူမျိုး မပေါ်လာနိုင်တော့တာပဲ"

ဂန်ချုပ်ကြီးမှာ ဘဂရှင်မင်းတြားကြီးကို ကြည်ညိုပြီးရင်း ကြည်ညိုလာ၏။ သိပ်မှန်။ ဘဂရှင်မင်းတြားကြီး ပြောတာတွေက သိပ်မှန်။ အိမ်တော်ထဲတွင် ထိုင်နေသော်လည်း ပြင်ပက အခြေအနေတွေကို မျက်ခြည်မပြတ်။ ထိုကဲ့သို့ ဉာဏ်အမြော်အမြင် ကြီးမားလှသည့် ပုဂ္ဂိုလ်ကြီးမျိုး၏ လက်အောက်တွင် အမှုထမ်းရသည့်အတွက် ဂန်ချုပ်ကြီးသည် ကိုယ့်ကိုယ်ကို ကျေနပ်၍မဆုံး။

"မှန်လှပါ ဘဂရှင်မင်းတြားကြီးခင်ဗျာ"

ဂန်ချုပ်ကြီးကလည်း အခုမှ စိတ်သက်သာသွား၏။ အသံတွေ ဘာတွေတောင် မတုန်တော့။

"ကျွန်တော်မျိုးကြီး အခု ဘာလုပ်သင့်ပါသလဲ ခင်ဗျာ"

"မင်း အခု လုပ်ရမှာကတော့ ခေါင်းပေါင်း ပြန်ပေါင်းပြီးတော့ သမ္မတကြီးအဖြစ် ဆက်လုပ်နေဦး၊ ငါ လိုအပ်တဲ့အခါ မင်းဆီကို တိုက်ရိုက် အမိန့်ပို့လိုက်မယ်၊ ငါ့အမိန့်မရမချင်း စိတ်ထင်ရာ ဘာမှ လျှောက်မလုပ်ကြနဲ့... ကြားလား"

"ဟုတ်..."

ဆိုကာ သမ္မတကြီးတစ်ဖြစ်လဲ ဂန်ချုပ်ကြီးက ထိုင်နေရာမှ ထသည်။ ထို့နောက်...

"လေးစားပါတယ်"

ဟု ဆိုကာ အလေးပြု၏။ ထို့နောက် ဘဂရှင်မင်းတြားကြီးကို မျက်နှာမူ၍ နောက်တစ်လှမ်းချင်း ဆုတ်ကာ အခန်းဂရောက်မှ ချာခနဲ လှည့်ထွက်သွား၏။

ဘဂရှင်မင်းတြားကြီးက ဂန်ချုပ်ကြီးကို ကြည့်ရင်း တစ်ခုခုတော့ လွဲနေသလိုပဲဟု စဉ်းစားသည်။

"အဟား..."

သိပ်မစဉ်းစားလိုက်ရ။ အလွဲကို သိလေပြီ။ ချိတ်ပုဆိုးကြီးဂတ်ကာ သတိဆွဲ၍ အလေးပြုပြီး ဘယ်ညာလှမ်းကာ ထွက်သွားခြင်းကြောင့် ဖြစ်လေသည်။

"ဘာတွေများ သဘောကျလို့ ပြုံးတော်မူနေတာလဲ မောင်တော်"

အခန်းထဲသို့ မယ်မယ်ဖျား ဝင်လာသည်။

"ခုနက ထွက်သွားတာ ဂန်ချုပ်ကြီး မဟုတ်လား"

ဘဂရှင်မင်းတြားကြီးက ဂန်ချုပ်ကြီး လာရောက်တင်ပြသွားသည့် အကြောင်းများ မယ်မယ်ဖျားသို့ ပြန်လည်ဖောက်သည်ချနေသည်။ ထို့အပြင် ဂန်ချုပ်ကြီးက စိုးရိမ်လွန်နေကြောင်း၊ သမ္မတလုပ်နေသည့် ကာလအတွင်း မထိန်းနိုင် မသိမ်းနိုင် တစ်ခုခုဖြစ်မှာကို ကြောက်နေကြောင်း၊ အခုလည်း သူတစ်ခွန်းလောက် ဟောက်လိုက်ရုံ ရှိသေးတယ်၊ အသားတွေ တဆတ်ဆတ် တုန်ကာ ကြောက်နေကြောင်း၊ အစက ဂန်ချုပ်ကြီးကို အဲသလောက် ကြောက်တတ်မည် မထင်ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com

သူ့တပည့်ရင်းဖြစ်ပြီး အဲသလောက် ကြောက်တတ်နေသဖြင့် စိတ်ပျက်မိကြောင်း မယ်မယ်ဖျားကို ရင်ဖွင့်လိုက်သည်။

"အဲသလို ကြောက်တတ်တာ ကောင်းတာပေါ့"

"ကြောက်တာ ကောင်းတယ်... ဟုတ်လား"

မယ်မယ်ဖျား၏ စကားကို ဘဂရှင်မင်းတြားကြီးက သဘောမပေါက်။

"ဟုတ်တယ်လေ... အခု သူက လက်ရှိသမ္မတဆိုတာကြီး မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် အများအမြင်မှာတော့ တိုင်းပြည်မှာ အာဏာအရှိဆုံးသူပေါ့၊ သူနေရာမှာ မကြောက်တတ်တဲ့သူ တစ်ယောက်ယောက်သာ ဆိုရင် တိုင်းပြည်ရဲ့ အရှင်သခင်ကွဆိုပြီး ဘဂင်တွေ မြှောက်၊ လုပ်ချင်တာတွေ လုပ်၊ နောက်ဆုံး မောင်တော်ကိုပါ ကလန်ကဆန် လုပ်ချင်လုပ်မှာလေ၊ သူ့လိုကြောက်မျိုးကို ရာထူးပေးထားလို့သာ ထစ်ခနဲရှိ မောင်တော့်ဆီ ပြေးလာပြီး သံတော်ဦး တင်တာပေါ့၊ မဟုတ်ဘူးလား"

ဟုတ်သပ။ သိပ်ဟုတ်။ ဘဂရှင်မင်းတြားကြီးသည် မယ်မယ်ဖျားကို ကြည့်ရင်း အချစ်တွေ တိုးပြီးရင်း တိုးလာ၏။ အမြော်အမြင် ကြီးပါပေ့။ မားပါပေ့။ ထို့ကြောင့်လည်း ဘဂရှင်မင်းတြားကြီး သက်တမ်းတစ်လျှောက်လုံး မယ်မယ်ဖျားကို သစ္စာမဖယ် မေတ္တာမပြယ်ဘဲ ယခုအချိန်ထိ ချစ်လှသာသက်လယ် ဖြစ်နေတုန်းပင်။

"ဒါနဲ့ မောင်တော်၊ မောင်တော့်ကို အရမ်းအရေးကြီးတာ ပြောစရာရှိတယ်"

"ဘာလဲ... ကျောက်စိမ်းတုံးကြီးတွေ ထပ်တွေ့ပြန်ပြီလား"

တစ်ခါတလေ မြန်မာနိုင်ငံ၏ သယံဇာတ ပေါကြွယ်ဝပုံကို ဘဂရှင်မင်းတြားကြီးကိုယ်တိုင်ပင် အံ့သြမိသည်။ ရေနံတွင်းကြီးတွေ၊ ကျွန်းသစ်တောကြီးတွေ၊ ကမ်းလွန်ဓာတ်ငွေ့တွေ ဘယ်လောက်ထုတ်ထုတ် ကုန်တယ်ကို မရှိ။ တစ်နေရာပြီး တစ်နေရာ။ ရှာဖွေလေလေ တွေ့ရှိလေလေ။ ဘိုးတော်ဘုရား လက်ထက်ကတည်းက တူးဖော်လာကြသည့် ကျောက်စိမ်းများ၊ ပတ္တမြားများမှာလည်း ထိုနည်းလည်းကောင်း၊ ယခုအချိန်ထိ ထွက်နေတုန်း။

မကြာသေးခင်က ကမ္ဘာ့စံချိန်ကျော် ကျောက်စိမ်းတုံးကြီးတစ်တုံး ပေါ်လာသေးသည်။ အစကတော့ ကမ္ဘာ့အကြီးဆုံး ကျောက်စိမ်းတုံးဟု ပြတိုက်ထဲတွင် ပြသရန် စီစဉ်သေးသည်။ သို့သော် မယ်မယ်ဖျားက ကျောက်စိမ်းဆိုတာ အိမ်တွင် ဆောင်ထားပါက လာဘ်လာဘ တိုးပွားသည်။ အေးချမ်းသည်ဆိုပြီး ကျောက်စိမ်းတုံးကြီးကို တစ်စစီခွဲကာ အဆောင်အယောင်များ လုပ်ခဲ့သည်။ ကျောက်စိမ်းပန်းကန်၊ ကျောက်စိမ်းစားပွဲ၊ ကျောက်စိမ်းရုပ်တုများ လုပ်ကာ အိမ်တော်ကို အလှဆင်ခဲ့၏။ သို့သော် ကျောက်စိမ်းတုံးကြီးက ကြီးမားလွန်းသဖြင့် ဘယ်လောက်လုပ်လုပ် မကုန်နိုင်။ နောက်ဆုံးတွင် ပေနစ်ဆယ်ပတ်လည် ဘဂရှင်မင်းတြားကြီး မိသားစုပုံတူ ကျောက်စိမ်းပန်းချီကားကြီးကို သွန်းလုပ်သည်။ ဒါလည်း ကျောက်စိမ်းတုံးကြီးက မကုန်သေး။ ထိုပန်းချီကားကြီးကိုပင် ကျောက်စိမ်းဘောင် ထပ်ကွပ်လိုက်တော့မှသာ

www.burmeseclassic.com

www.burmeseclassic.com

ကျောက်စိမ်းတုံးကြီး၏ ဇာတ်လမ်း နိဂုံးတံသွား၏။ ဒါတောင် နည်းနည်းပိုနေသေးသဖြင့် ပန်းချီကားနှင့် ဘောင်လုပ်ပေးသည့် တရုတ်ပြည်က ပညာရှင်ကို လက်ဆောင်ပေးလိုက်ရသေးသည်။

ယခုဆိုလျှင် ဘဂရှင်မင်းတြားကြီး၏ အိမ်တော်ကြီးတစ်ခုလုံးလည်း ဘယ်နေရာကြည့်ကြည့် ကျောက်စိမ်းများနှင့် လက်ညှိုးထိုးမလွဲ စိမ်းစိမ်းတောက်နေလေ၏။

"မဟုတ်ဘူး မောင်တော်ရေ။ ကျောက်စိမ်းတုံးထက် မင်္ဂလာရှိတဲ့ သတင်း"

"ကျောက်စိမ်းတုံးထက် မင်္ဂလာပိုရှိသေးတယ်၊ ပြောပြပါဦး မောင်တော်ကြားချင်လွန်းလို့ မစောင့်နိုင်တော့ဘူး"

"မောင်တော်ရဲ့ သမီးတော် တော်လတ်မှာ ချစ်သူရှိနေပြီ"

"ဟော..."

ဘဂရှင်မင်းတြားကြီးမှာ လွန်စွာ အံ့ဩသွားမိ၏။ တော်လတ်နှင့် ချစ်သူဆိုသည့် စကားလုံး နှစ်လုံးသည် အစွရေးနှင့် ပါလက်စတိုင်းတို့ကဲ့သို့ ဘယ်လိုမှ တွဲဖက်နိုင်မည်မဟုတ်ဟု ဘဂရှင်မင်းတြားကြီး တစ်သက်လုံး ထင်ထားခဲ့ခြင်း ဖြစ်သည်။

"တော်လတ်နော်... တော်ငယ်မဟုတ်ဘူးနော်"

"တော်လတ်မို့လို့ မင်္ဂလာသတင်း ပြောတာပေါ့၊ ဟို လင်တရှူးမ တော်ငယ်မှာ ဒီတစ်ခေါက် ချစ်သူထပ်ရှိလို့ကတော့ အိမ်ပေါ်က ကန်ချမယ်လို့ ပြောထားပြီးသား"

"ကောင်းပါလေ့၊ ငါ့သမီးလတ်ကြီး တစ်သက်လုံး မစုံတော့ဘူး ထင်ထားတာ၊ အခုတော့ ဟော့ဟော့"

`သိပ်ပျော်မနေနဲ့ဦး ရှင့်သမီးလတ်ရဲ့ ချစ်သူကရော ဘယ်သူလဲ သိလား.."

ဘဂရှင်မင်းတြားကြီးက ခေါင်းရမ်းလိုက်သည်။

"ဖွဲမောင်ပါသတဲ့ရှင်၊ မောင်တော်ရဲ့ သူရဲကောင်းကြီး သီဟသူရ ဖွဲမောင်ပါသတဲ့"

ဘဂရှင်မင်းတြားကြီးသာ ယခင်ကကဲ့သို့ သန်စွမ်းဦးမည်ဆိုလျှင် ခန်းမကြီးတွင် ခုန်ပေါက်ပြေးလွှားနေမိမည်။ ခန္ဓာကြီးက ခုန်ပေါက်မပြေးလွှားနိုင်တော့သော်လည်း အတွေးများကတော့ ဦးခေါင်းအတွင်း ခုန်ပေါက်ပြေးလွှားနေ၏။ ဖွဲမောင်လို လူမျိုးကို သမက်တော်ရမည်မှာ မည်မျှ မင်္ဂလာရှိလိုက်လေသနည်း။

နောက်ကါယ်က ကြိုးကြိုးကြီးနဲ့ ဖွဲမောင်ကို တော်လတ်က ထိန်းချုပ်ထားနိုင်ပါက ပွဲပြီးပြီ။ နျူကလီးယားဗုံးတွေ တစ်လုံးပြီးတစ်လုံး လုပ်ခိုင်းမည်။ အာရုတိုက်အတွင်း သာမက အမေရိကန်၊ အင်္ဂလန် အစရှိသဖြင့် ကမ္ဘာတစ်ဖှမ်းလုံး ပစ်လွှတ်နိုင်မည့် ဒုံးကျည်တွေ ရအောင် တီထွင်ခိုင်းမည်။ တစ်လောကလုံး၏ ရေမြေအရှင်သခင် ဘဂရှင်မင်းတြားကြီးသာမက စကြာဝဠာတစ်ခုလုံး စိုးမိုးနိုင်မည့် စကြဝတေးမင်းပါ ဖြစ်အောင် လုပ်ရမည်။

"မောင်တော် ပြောနေတာ မကြားဘူးလား"

www.burmeseclassic.com

www.burmeseclassic.com

"ကြော်... အင်း၊ ဘာလဲဟင်"

ဘဂရှင်မင်းတြားကြီးက အတွေးလွန်းသွားသဖြင့် မယ်မယ်ဖျား၏ စကားကို မကြားမိလိုက်။

"မောင်ဖွဲ့မောင်ကို အိမ်ကို ထမင်းစားဖိတ်ပြီး မင်္ဂလာကိစ္စ ပြောရင် ကောင်းမလားလို့ မေးနေတာ"

"ကောင်းတာပေါ့၊ အဲ... ဒါပေမယ့် သေရော သေချာရဲ့လား မယ်မယ်ဖျားရယ်"

"သေချာတာပေါ့ရှင်၊ မယ်ဖျားဘဂမှာ ဘယ်တုန်းက လွဲဖူးလို့လဲ၊ မယ်မယ်ဖျားသာ လွဲခဲ့ရင် ဘဂရှင်မင်းတြားကြီးဆိုတာလည်း ဒီလိုအခြေအနေတောင် ရောက်မှာမဟုတ်ဘူး သိရဲ့လား"

"ဟုတ်ပါတယ်... ဟုတ်ပါတယ်"

ဘဂရှင်မင်းတြားကြီးက အမြန်ထောက်ခံလိုက်သည်။

"တကယ်တော့ သူတို့နှစ်ယောက်က အတော်ခရီးရောက်နေကြပြီ"

"ဟုတ်လား"

"ဟုတ်ပ... တစ်ယောက်နဲ့တစ်ယောက် နေ့တိုင်း စာအပေးအယူ ရှိကြတယ်။ အိမ်တော်ရဲ့ အဂင်အထွက် စာမှန်သမျှ အကုန်ဖောက်စစ်ရတယ် မဟုတ်လား၊ သူတို့နှစ်ယောက်ကလေ မောင်ရဲ့ ကျွန်မ၊ ကျွန်မရဲ့ မောင်တွေနဲ့ ချွဲနေလိုက်ကြတာ၊ ဖတ်ရင်းနဲ့ မယ်ဖျားတောင် နှစ်ငါးဆယ်လောက် ပြန်ငယ်သွားသလိုပဲ... ခစ်ခစ်၊ နောက်ပြီး မယ်ဖျားကိုယ်တိုင်လည်း တော်လတ်ကို ဖွင့်မေးပြီးသွားပြီ။ တော်လတ်ကလည်း ဂန်ခံတယ်"

"ကြော်... ငါ့သမီးအပျိုကြီး ဒီတစ်သက် မစုံတော့ဘူးလို့ ထင်နေတာ၊ စုံမယ်စုံတော့လည်း တကယ့်ပညာရှင် ပညာတတ်ကြီးနဲ့ စုံပါလေရောလား။ ကောင်းတယ်ဟေ့.. မောင်ဖွဲ့မောင်ကို မြန်မြန်ဖိတ် မင်္ဂလာကိစ္စကို မြန်မြန်ပြောပေါ့"

"မယ်ဖျားလည်း အဲဒါကို စဉ်းစားနေတာ၊ ဒါပေမယ့် ဒါမျိုးကိစ္စဆိုတာ သတို့သားလောင်းဘက်က စပြောရမှာ မဟုတ်လား"

"အင်း.."

ဘဂရှင်မင်းတြားကြီးက စဉ်းစားသည်။ သူစုံစမ်းသိရှိထားသလောက် ဖွဲ့မောင်သည် တစ်ကောင်ကြွက် ဖြစ်သည်။ အဖေကလည်း ဆုံးသွားပြီ။ မြန်မာပြည်မှာ ဆွေမျိုးတွေ ရှိကောင်းရှိနိုင်သော်လည်း အဆက်အသွယ် မရှိကြောင်း သိရသည်။

"မောင်ဖွဲ့မောင်ကတော့ တစ်မျိုးတစ်ဘာသာ ဖြစ်နေတယ် မယ်ဖျားရဲ့၊ သူ့မှာက ဆွေမျိုးတွေ ဘာတွေလည်း မရှိ။ မြန်မာပြည်မှာလည်း မောင်တော်တို့ မိသားစုကလွဲလို့ အဆက်အသွယ်လည်း မရှိဆိုတော့ကာ မောင်တော်တို့ဘက်ကပဲ စီစဉ်သင့်တာ စီစဉ်ပေးရမှာပေါ့၊ ဘာပဲဖြစ်ဖြစ်လေ သူ့လိုလူမျိုးကို အိမ်တော်ထဲ ထည့်ထားနိုင်ရင် မောင်တော်တို့ တစ်မိသားစုလုံးအတွက် ဘယ်လောက်ကောင်းလိုက်မလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် မောင်တော်၊ ဒီတော့ မောင်ဖွဲ့မောင်ကို အိမ်တော်မှာ ညစာလာစားဖို့ အမြန်ဆုံး ဖိတ်လိုက်၊ ဒါနဲ့ မောင်ဖွဲ့မောင်တစ်ယောက်တည်းဆို ငေါင်တောင်တောင် ဖြစ်နေဦးမယ်၊ ပိုပြီး စိုပြေသွားအောင် မိုးသောက်ပန်းလေးပါ ဖိတ်လိုက်ရင် မကောင်းဘူးလား"

မယ်မယ်ဖျားကလည်း သူ့အကြံနှင့်သူ။ မောင်မိုးသောက်ပန်းတစ်ယောက် အမေရိကားက ပြန်လာကတည်းက ပျောက်ချက်သား ကောင်းနေ၏။ မောင်မိုးသောက်ပန်းကို တစ်လလောက် မတွေ့ရလျှင် ခေါင်းမူးသလိုလို၊ ရင်ပူသလိုလိုနှင့် နေရထိုင်ရတာ အဆင်မပြေ။

"ကောင်းသားပဲ၊ မိုးသောက်ပန်းကို မောင်ဖွဲ့မောင်ဘက်က အသိသက်သေမျိုး လုပ်ခိုင်းလို့ရတာပဲ မဟုတ်လား"

ဘဂရှင်မင်းတြားကြီးကတော့ မယ်မယ်ဖျား၏ အကြံကို မရိပ်မိ။ ဖွဲ့မောင်လိုလူမျိုးကို ခါးပိုက်ထောင်ထဲ ထည့်နိုင်တော့မည်ဆိုကာ တွေး၍ အပျော်ကြီး ပျော်နေပါတော့သည်။

"ကဲ... အဲဒါဆိုရင် မယ်မယ်ဖျားလည်း ညစာစားဖို့အတွက် စီစဉ်စရာရှိတာ စီစဉ်ပေးမယ်၊ မောင်တော်လည်း မောင်ဖွဲ့မောင်နဲ့ မိုးသောက်ပန်းလေးတို့ကို အိမ်တော်လာခဲ့ဖို့ စီစဉ်လိုက်တော့..."

ဘဂရှင်မင်းတြားကြီးက သွက်လက်ပေ့ါပါးစွာ ထလိုက်၏။ ဖွဲ့မောင်ကို သမက်တော်ခွင့် ရတော့မည်ဖြစ်သဖြင့် မယ်မယ်ဖျားကလည်း သွက်လက်ပေ့ါပါးစွာ ထလိုက်၏။ မိုးသောက်ပန်းလေးနှင့် ပြန်တွေ့ရတော့မည် ဖြစ်သဖြင့်...။

www.burmeseclassic.com

www.burmeseclassic.com

(၉)

ဘဂရှင်မင်းတြားကြီး၏ အိမ်တော်သို့ အကြိမ်ကြိမ်အခါခါ ရောက်ခဲ့ဖူးပါသော်လည်း ယခုကဲ့သို့ ညစာ ဖိတ်ကျွေးခြင်းမျိုးတော့ တစ်ခါမှ မကြုံဖူးခဲ့ပေ။

အိမ်တော်ကြီး၏ ထမင်းစားခန်းကြီးကလည်း ခမ်းပါပေ၏။ နားပါပေ့။ ကျောက်စိမ်းပန်းကန်ပြားများ ရွှေဇွန်းများသည် ကျောက်စိမ်းစားပွဲကြီးအလယ်တွင် ထွန်းထားသည့် ဖယောင်းတိုင်ထက်ပင် ထွန်းလင်းတောက်ပနေ၏။

စားပွဲကြီး၏ ထိပ်ဖျားတွင် ဘဂရှင်မင်းတြားကြီး ထိုင်သည်။ ဘေးတွင် မယ်မယ်ဖျား၊ မိုးသောက်ပန်းနှင့် ဖွဲ့မောင်တို့ အစဉ်လိုက်။ သူတို့၏ မျက်နှာချင်းဆိုင်တွင် သမီးတော်သုံးပါး။ ဆုံးမြေးကိုတော့ မတွေ့။

အစားအသောက်များကလည်း အထူးစပါယ်ရှယ်ပင်။ ဟင်းခွက်တွေ များလွန်းသဖြင့် စုံစေ့အောင်ပင် မစားနိုင်။ အရသာကလည်း ထူးကဲကောင်းမွန်လှ၏။ တစ်ခုပဲ ပြောစရာရှိသည်။ သူ အိမ်တော်ရောက်လာကတည်းက တော်လတ်က အိမ်ဂကနေ ဆီးကြိုသည်။ ထမင်းစားတော့လည်း သူ့တစ်ယောက်တည်းကို ဟင်းတွေမျိုးစုံအောင် ထည့်ပေး၏။ အဆိုးဆုံးက အကြည့်။ သူ ထမင်းစားနေသည်ကို မျက်လုံးကြီး ပြူးကာ ဒေါက်ထောက်ကြည့်နေခြင်းပင်။ စားရသည့်ကောင်က မျိုမကျ။

ထမင်းပွဲကြီး ပြီးသည့်အခါ အချိုပွဲတည်းရင်းနှင့် ဘဂရှင်မင်းတြားကြီးက စကားစ၏။

"မောင်ဖွဲ့မောင်ကို အခုလို ထမင်းစားပွဲ ဖိတ်ရတာ ဘာကြောင့်လဲဆိုတာ သိပါတယ်နော်"

"ဟုတ်ကဲ့ ခင်ဗျ၊ သိပါတယ်ခင်ဗျ"

ဘဂရှင်မင်းတြားကြီးဆိုသည့် ဘာကြောင့်လဲဆိုသည်မှာ တော်လတ်နှင့် သားရေး သမီးရေး နားထွင်းရေးကို ဆိုလိုသည်။ ဒါကို ငမိုက်သား ဖွဲ့မောင်က အမေရိကားကနေ နျူကလီးယားအတွက် အရေးကြီးသည့် အစိတ်အပိုင်းများ သယ်ဆောင်နိုင်ခြင်းကြောင့် ဂုဏ်ပြုညစာ စားပွဲ ကျင်းပပေးသည်ထင်ကာ သိပါတယ်ဟု ဖြေလိုက်ခြင်း ဖြစ်သည်။

"ဒါဆိုလည်း ကောင်းတယ်ကွာ၊ ငါ့အနေနဲ့လည်း ရှည်ရှည်ဝေးဝေး သိပ်မပြောချင်ဘူး၊ လူကြီးမိဘတစ်ယောက်အနေနဲ့ ကန့်ကွက်စရာ မရှိဘူးလို့ ပြောချင်တယ်"

ဖွဲ့မောင်က မျက်ခုံးတစ်ချက် ကြုတ်သည်။ စဉ်းစားသည်။ ဘဂရှင်မင်းတြားကြီးက ဘာကိုကန့်ကွက်စရာ မရှိရတာပါလိမ့်။

"အမှန်တော့ မြန်မာ့ဓလေ့မှာ ဒါမျိုးကိစ္စဆိုတာ သားရှင်ဘက်က စပြောရတာ၊ အခုတော့ မောင်ဖွဲ့မောင်ကလည်း ဒီမှာနေတဲ့သူ မဟုတ်တာက တစ်ကြောင်း၊ အခုဆိုရင် ကျုပ် အားကိုးရတဲ့ လူယုံတစ်ပိုင်း ဖြစ်နေတာကြောင့် တစ်ကြောင်း၊ ကျုပ်တို့ သမီးရှင်ဘက်ကပဲ စပြီးတော့ သဘောတူတယ်လို့ ပြောရတာပါ"

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့မောင်ခမျာ အခုထိ ဇာတ်ရည်မလည်နိုင်သေး။ တော်လတ်ကတော့ ဖွဲ့မောင်ကို အကြည့်ရွှဲကြီးများနှင့် မကြည့်တော့။ ခေါင်းလေးငုံ့ကာ ရှက်သွေးဖြာနေ၏။

"မောင်ရင်တို့ လူငယ်သဘာဝ ချစ်ကြ၊ ကြိုက်ကြတာ ဘာမှမပြောလိုပါဘူး၊ သီးချိန်တန်သီး၊ ပွင့်ချိန်တန် ပွင့် မဟုတ်လား"

ဘာတွေသီးပြီး ဘာတွေပွင့်ရမှာလဲ ဖွဲ့မောင် နားမလည်။ ထို့ကြောင့်...

"ဟို.... ဟို..."

ဘဂရင်မင်းတြားကြီးကို မေးရန် ကြိုးစားသော်လည်း မအောင်မြင်။

"နေဦး မောင်ဖွဲ့မောင်၊ မောင်ဖွဲ့မောင်အနေနဲ့ အမြန်ဆုံး လက်ထပ်ချင်တာကို ကျုပ် သဘောပေါက်တယ်။ ဒါပေမယ့် လက်ရှိစီမံကိန်းကြီးကိုတော့ ပြီးအောင် အရင်လုပ်စေချင်တယ်။ အဲဒီစီမံကိန်းကြီး ပြီးတဲ့အခါမှ ကျုပ်ကိုယ်တိုင် တော်လတ်နဲ့ မောင်ဖွဲ့မောင်တို့ရဲ့ မင်္ဂလာအခမ်းအနားကို အကြီးကျယ်ဆုံး လုပ်ပေးမယ် ဟုတ်ပလား"

တော်လတ်နှင့် ဖွဲ့မောင်။ မင်္ဂလာဆောင်။ ဖွဲ့မောင်ခမျာ အံ့သြလွန်းသဖြင့်...

"ဗျာ..."

ဟုသာ အော်လိုက်နိုင်၏။

"မအံ့သြပါနဲ့ မောင်ဖွဲ့မောင်၊ မောင်ဖွဲ့မောင်တို့ရဲ့ မင်္ဂလာဆောင်မယ့်နေ့ကို မြန်မာနိုင်ငံရဲ့ ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးမယ်။ တစ်ကမ္ဘာလုံးက ပြည်သူတွေ ကြည့်လို့ရအောင် ရုပ်သံလိုင်းတွေကနေ တိုက်ရိုက်ထုတ်လွှင့်ပေးမယ်၊ ကုလသမဂ္ဂ အတွင်းရေးမှူးတို့၊ အမေရိကန် သမ္မတတို့၊ အင်္ဂလန် ဘုရင်မကြီးတို့ကိုပါ ဖိတ်ပေးဦးမယ်ကွာ"

"ဟို... ဟို... မဟုတ်သေးဘူး ထင်တယ်"

"ဘာလို့ မဟုတ်ရမှာလဲကွ၊ အဲဒီအချိန်ကြရင် ကျုပ်မှာ နျူကလီးယားဗုံးကြီးလည်း ရှိနေပြီပဲ၊ အင်အားလည်း ကြီးနေပြီ၊ တစ်ကမ္ဘာလုံးက ဖိန့်ဖိန့်တုန်အောင် ကြောက်နေကြရလောက်ပြီ ဒီတော့ ကျုပ်ဖိတ်ရင် ဘယ်သူမဆို လာကြမှာပဲ"

ဖွဲ့မောင်ခမျာ ချွေးစတွေပင် ပြန်လာ၏။ ဘယ့်နယ်လုပ် သူနဲ့ တော်လတ်နဲ့ မင်္ဂလာဆောင်ရမှာလဲ ရေမြင်းကြီးလို မဲမဲလုံးလုံးကြီးနဲ့များ တစ်သက်လုံး အတူအိပ်ရဖို့ဆိုတာ တွေးကြည့်ရုံနဲ့ ကြက်သီးထစရာ။

"မောင်ဖွဲ့မောင်နဲ့ တော်လတ်တို့ နေ့တိုင်း စာအပေးအယူရှိကြတာကို ကျုပ်အနေနဲ့ အပြစ်မပြောလိုပါဘူး၊ ဒါပေမယ့် အခုရက်ပိုင်းလေးအတွင်းမှာတော့ ခဏလောက် အောင့်အီးပြီး နေ့တိုင်းမဟုတ်ဘဲ တစ်ပတ်တစ်ခါလောက်ပဲ စာအဆက်အသွယ် လုပ်ဖို့ မေတ္တာရပ်ခံချင်ပါတယ်၊ ဒါမှလည်း နျူကလီးယားစီမံကိန်းကြီးအပေါ် အပြည့်အဝ အာရုံစိုက်နိုင်မှာ မဟုတ်လား"

စာ...။ တစ်ရက် တစ်စောင်။ ဒါဆို သူ့ဆီလာနေတဲ့ တမောင် မောင်နဲ့ စာတွေက တော်လတ်ရဲ့စာတွေပေါ့။ တဖြည်းဖြည်းနှင့် သဘောပေါက်လာ၏။ ဖွဲ့မောင် သဘောပေါက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ အဲဒီစာတွေကို တစ်စောင်မှ သူ မပြန်ခဲ့ပါဘူး။ ဘယ်လိုလုပ် သူနဲ့ တော်လတ်တို့ ချစ်သူ ဖြစ်ခဲ့ရမှာလဲ။

"စိတ်မပျက်သွားပါနဲ့ မောင်ဖွဲ့မောင်၊ ကျုပ်က စစ်သားပါ၊ ကတိတည်ပါတယ်။ နျူကလီးယားစီမံကိန်း ပြီးတာနဲ့ တော်လတ်နဲ့ မောင်ဖွဲ့မောင်ကို အမြန်ဆုံး စီစဉ်ပေးမယ်၊ ပြီးရင် မောင်ဖွဲ့မောင်တို့ ဇနီးမောင်နှံ နေဖို့အတွက်လည်း ဒီခြံကြီးထဲမှာ နောက်ထပ်အိမ်တစ်လုံး ဆောက်ပေးမယ်ကွာ၊ ဟုတ်ပလား..."

"အဲဒီအိမ်တော်အသစ်ကို ကျွန်တော် လက်ဖွဲ့ပါရစေ ခင်ဗျာ"

မိုးသောက်ပန်းက ဝင်ပြောသည်။

"အေး... ကောင်းတယ်၊ မောင်မိုးသောက်ပန်း ဆောက်ပေးတော့ ပိုကောင်းတာပေါ့၊ ကျုပ်တို့ မိသားစုအကြိုက်လည်း မောင်မိုးသောက်ပန်းသိနေတာ သိပ်ပြောစရာ မလိုတော့ဘူးပေါ့၊ ကဲ... ဒီနေ့တော့ တကယ့်ကို မင်္ဂလာရှိသွားပြီ"

"ဟုတ်ပါတယ်... တကယ့် မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ နေ့တစ်နေ့ပါပဲ၊ ကိုဖွဲ့မောင်နဲ့ တော်လတ်တို့ကလည်း နေနဲ့လ ရွှေနဲ့မြ လိုက်ဖက်ညီပါပေ့"

ဘဂရှင်မင်းတြားကြီး စကားကို မိုးသောက်ပန်းက ထောက်ခံ၏။ ဖွဲ့မောင်ကတော့ မိုးကြိုးဆယ်ခါလောက် အပစ်ခံထားရသကဲ့သို့ပင်။ မလှုပ်နိုင်၊ မရှားနိုင်။ ဘာပြန်ပြောလို့ ပြောရမှန်း မသိ။ တွေးရင်း တွေးရင်း သဘောပေါက်လာ၏။

ဟိုကောင် ရခိုင်။ ဘာတွေရေးလို့ ဘာတွေပြောလိုက်မှန်း မသိ။ အခုတော့ အချောင် မိန်းမရတော့မည်။

"ဒါနဲ့ မောင်ဖွဲ့မောင် မောင်ဖွဲ့မောင်အနေနဲ့ နိုင်ငံခြားသား ဖြစ်ခဲ့ဖူးတယ်ဆိုတာကိုတော့ ရာသက်ပန် လျှို့ဝှက်ထားစေချင်တယ် ကျုပ်တို့မိသာစုဟာ တကယ်တော့ မင်းမျိုးမင်းနွယ် မိသားစုဖြစ်ပြီး ကျုပ်တို့သွေးကို တိုင်းတစ်ပါးသား သွေးနဲ့ ရောဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဒါကြောင့် မောင်ဖွဲ့မောင်အနေနဲ့လည်း ကိုယ့်ကိုယ်ကိုယ် နိုင်ငံခြားသားဆိုတာကို မေ့လိုက်တော့ မြန်မာနိုင်ငံသားလို့ပဲ ခံယူ ဟုတ်ပလား၊ နောက်ပြီး အမေရိကန်ကိုလည်း မပြန်နဲ့တော့။ ဒီမှာသာ တော်လတ်နဲ့ ချစ်ချင်ခင်ခင် ကြည်ကြည်နူးနူး ရှိုးမြေကျ အရိုးထုတ်သွားပေတော့... ဟုတ်ပလား"

ဖွဲ့မောင်အနေနှင့် တစ်ခုခုတော့ ပြောမှဖြစ်မည်။ ကြာလျှင် ပိုဆိုးကုန်မည်။ သို့သော် ဘယ်ကနေ ဘယ်လို စပြောရမှန်းမသိ။ အခုအချိန်မှ စာတွေက သူရေးတာမဟုတ်ပါဘူး၊ တခြားသူ ရေးတာပါဆို တစ်ခါတည်း ဇက်ပြုတ်သွားနိုင်သည်။ မပြောပြန်တော့လည်း ဒါကြီးကို လက်ထပ်ရပြန်ဦးမည်။ အသေခံမလား၊ မိန်းမယူမလား။

"ကဲ.... ကျုပ်ရဲ့ မင်္ဂလာစကားကတော့ ဒါ အကုန်ပဲ။ ကျန်တဲ့သူတွေရော ဘာပြောစရာ ရှိသေးလဲ တော်လတ်"

"ရှင်..."

www.burmeseclassic.com

www.burmeseclassic.com

"ဝါ့သမီးတော်လေး တော်လတ်က ဖွဲ့မောင်ကို ဟက်စကီးကွင်းထိ လိုက်ပို့လိုက်၊ စက်ရုံမှာက မောင်ဖွဲ့မောင် မရှိလို့ မဖြစ်ဘူး"

"ဟုတ်ကဲ့ပါရှင်"

ထမင်းစားခန်းထဲက အားလုံး ထွက်သွားကြသည်။ ကျန်ခဲ့သည်က တော်လတ်နှင့် ဖွဲ့မောင်။

"မောင်..."

"အွတ်..."

တော်လတ်၏ ချွဲချွဲပစ်ပစ် မောင်ခေါ်သံကြောင့် ဖွဲ့မောင် လည်ချောင်းအတွင်း ပျို့တက်လာ၏။

"မောင်... မပျော်ဘူးလားဟင်"

ဘယ့်နယ်လို့ ပျော်နိုင်ပါ့မလဲ၊ တစ်သက်လုံး ဝင့်ခံရမယ့် ကိစ္စကြီးကိုး။

"သိပါတယ် မောင်၊ မောင်ပျော်လွန်းလို့ စကားတစ်ခွန်းမှ မပြောနိုင်ဘူးဆိုတာကို လတ်လတ်လည်း အို... လတ်လတ်လို့ပြောပါရစေနော်၊ မောင် သဘောကျတယ် မဟုတ်လား၊ လတ်လတ်လည်းလေ ရင်တွေ အရမ်းခုန်နေတယ် သိလား၊ မောင်ကသာ လတ်ရဲ့ ဘဝကို ပထမဆုံး အလင်းပျိုး ကြဲပေးခဲ့သူပဲ သိလား"

သိပါပြီ။ သိပါပြီ။ အဲဒီအလင်းပေးသူတို့၊ ပျိုးကြဲသူတို့၊ လမ်းပြသူတို့ဆိုတဲ့ လက်သည်က ဟောဒီက တော်လတ်ကြီးမှန်း သိပါပြီ။ သို့သော် ဖွဲ့မောင် သိရသည့်အချိန်မှာ နောက်ကျနေလေပြီ။ နောက်ကျတာမှ ရိုးရိုးမဟုတ်။ တစ်ဘဝလုံးစာ နောက်ကျနေလေပြီ။

"ကဲပါ... မောင်ရယ်၊ လတ်လတ်ကိုတော့ တစ်ချက်လောက် ကြည့်ပါဦး"

"ဟို... ဟိုလေ... စက်ရုံက နောက် နောက် နောက်ကျလို့ မဖြစ်လို့ အခု ပြန်မှာ ဖြစ်ဖြစ်"

လှစ်ခနဲထ၊ ပုန်းခနဲ ပြေး။ ကားပေး ရွှတ်ခနဲ တက်၊ ဒရိုင်ဘာကို

"မောင်း.... ဟက်စကီးကွင်းကို အမြန်ဆုံးမောင်း၊ နောက်ကို တစ်ချက်မှ ပြန်လှည့်မကြည့်ဘဲ မြန်နိုင်သမျှ အမြန်ဆုံး မောင်းစမ်းကွာ"

ဒရိုင်ဘာကို အမိန့်ပေးလိုက်၏။

"မောင်တော်... မောင်တော်... မောင်တော်... စောင့်ဦးလေ၊ မောင်တော့်ကို လတ်လတ် လိုက်ပို့ပေးမယ်လေ"

ဖွဲ့မောင်က ဘာမှ မကြားနိုင်တော့။ ဒေါသလည်း ထွက်၊ ရှက်လည်း ရှက်။ ကြောက်လည်း ကြောက်ကာ နားထဲက လေများပင် ထွက်နေ၏။

ဒေါသထွက်ရသည်မှာ ဘုမသိ ဘမသိနှင့် ဘာတွေရေးလို့ ရေးလိုက်မှန်း မသိသည့် ရခိုင်ဆိုတဲ့ ကောင်ကို။ ရှက်ရသည်မှာ ဒီလို ဘုတ်ပြဲကြီးကို လူလယ်ကောင်မှာ ဇနီးချောကြီးပါလို့ ပြောရမည်ကို။ ကြောက်ရသည်မှာ တစ်သက်လုံး ဒီမိသားစုနှင့် အတူနေထိုင်ရမည်ကို။

စက်ရုံကို ပြန်ရောက်ရောက်ချင်း ဖွဲ့မောင် လုပ်သည်မှာ တစ်ခုတည်း။

www.burmeseclassic.com

www.burmeseclassic.com

"ရခိုင်လေး...."

စက်ရုံကြီး တုန်ခါသွားအောင် အော်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

## CHAPTER - G

### (၁)

မြေဈေးတွေ တက်နေသည်။ အိမ်ငှားခတွေ တက်သည်။ ကုန်ဈေးနှုန်းတွေ တက်သည်။ ကားခတွေ တက်သည်။ လမ်းတွေပိတ်သည်။ လမ်းပေါ်မှာ အချိန်ပေါင်းများစွာ လေလွင့်သည်။ အခြေခံလစာတွေကတော့ ဒုံရင်းက ဒုံရင်း။ ပညာရေးက ထူးမခြားနား။ ဆင်းရဲသားတွေ ဆင်းရဲသထက် ဆင်းရဲလာကြသည်။ လယ်သမားတွေမှာ ထွန်စရာ လယ်မရှိ။ ပြည်သူတွေမှာ နေစရာ အိမ်မရှိ။ ကျောင်းသားတွေအတွက် အဆင့်မီပညာရေး မရှိ။

အစားကျပ်၊ အနေကျပ်၊ အသွားကျပ်၊ အပြောကျပ်။ ကျပ်သထက် ကျပ်လာသည့်အခါ ထွက်ပေါက်ကို ရှာရမည်။ ထွက်ပေါက်က အိမ်ထဲမှာ မရှိ။ လမ်းပေါ်တွင်သာ ရှိသည်။

ဟိုတစ်စ ဒီတစ်စနှင့် ဆန္ဒပြပွဲများ တဖြည်းဖြည်း တိုးပွားလာ၏။ သို့သော် တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်လောက်သည့် အနေအထားသို့ မရောက်သေး။ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်နယ်နှင့်တစ်နယ် မပေါင်းမိ၊ မစည်းမိ။ လိုအပ်နေတာက ခေါင်းဆောင်။ အထက်အောက် မြန်မာပြည် တစ်ပုံမ်းကို ချိတ်ဆက်ပေးနိုင်မည့် ခေါင်းဆောင်မျိုး။

ခေါင်းဆောင်ဟောင်းများကတော့ ရှိပါသည်။ တချို့က လမ်းပေါ်ထွက် ဆန္ဒပြခြင်းကို အားမပေး။ ဆန္ဒပြခြင်းသည် တိုင်းပြည်အတွက် ကောင်းကျိုးမပေးဟုဆိုကာ ပြောင်ပြောင်တင်းတင်းပင် ခေါင်းပေါင်းပေါင်းကာ နေပြည်တော်ထဲ ဝင်သွား၏။ တချို့ကျတော့လည်း မြေကွက်များ၊ မော်တော်ကားများနှင့် ပါးစပ်ထဲဆို့နေကာ ဘာအသံမှ မထွက်ရဲကြ။

ဘဂရှင်မင်းတြားကြီးကတော့ ခပ်အေးအေးပင်။ မြန်မာပြည်ရှိ ဆန္ဒပြပွဲများ အခြေအနေကို အကဲခတ်သည်။ မဆိုးလှ။ ဆန္ဒပြပွဲတွေ များလာလေလေ သူ့အတွက် အကျိုးပိုရှိလေလေ။ မကြာမီ နျူကလီးယားပုံးကြီး ရတော့မည်။ ထိုအချိန်တွင် တိုင်းပြည်တွင်လည်း ဆန္ဒပြပွဲတွေ များသထက် များလာမည်။ ဆူပူအုံကြွလာမည်။ ထိုအခါ ဓာတ်ပြားဟောင်းကြီး ပြန်ဖွင့်လိုက်ရုံသာ။ တိုင်းပြည်ကြီး ချောက်ထဲကျဖို့ လက်တစ်လုံးအလိုဟု ယခုတစ်ခေါက်တွင် မပြောတော့။ ချောက်ထဲက ပြန်ကယ်ထားသည်ဟု ပြောရမည်။

မြန်မာပြည်တွင် အာဏာသိမ်းရသည်မှာ ငါးပိရည်ကျိုရသလောက်ပင် မခက်။

www.burmeseclassic.com

www.burmeseclassic.com

(၂)

ဒီမိုကရေစီ ရပြီးသည့်နောက်တွင် မြန်မာပြည်တွင် သိသိသာသာ တိုးတက်လာတာ တစ်ခုတော့ ရှိသည်။

နိုင်ငံခြားသားများ။

စီးပွားရေးသမားတချို့က အရိုးအရင်းလေးများ ကိုက်ရမလားဆိုကာ ရင်းနှီးမြှုပ်နှံရန် လာကြ၏။ နိုင်ငံရေးသမားတချို့က ဒီမိုကရေစီ အပျိုစင်နိုင်ငံလေးဆိုကာ လက်သပ်မွေးရန် အလုအယက် လာကြ၏။ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းများကလည်း စားပေါက်အသစ်အဖြစ် အပြိုင်အဆိုင် ကြော်ငြာကြသည်။ မြန်မာပြည်သည် နိုင်ငံတကာ ခရီးသွားများအကြား ရေပန်းစားလာ၏။

ရလဒ်ကတော့ နှစ်ပေါင်းများစွာ ခြောက်ကပ်ခဲ့သော အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးခမျာ ခရီးသွားများဖြင့် ပြန်လည်စိုပြေလာသည်။ လူဝင်မှုကြီးကြပ်ရေးဌာနမှ ဂန်ထမ်းများလည်း နေ့မအား ညမနား အလုပ်ရှုပ်လာရ၏။

နိုင်ငံခြားခရီးသည်များနှင့် ဆက်ဆံရေးသည်မှာ အတော်လက်ပေါက်ကတ်၏။ မေးခွန်းလေး တစ်ခန်း နှစ်ခွန်းလောက် မေးမိလိုက်ပါက သူတို့ကို တမင် ရစ်နေသည်ဟု ထင်သည့်သူက ထင်ကြသည်။ မဖြေချင်ဖြေချင်နှင့် ဖြေသွားသည့် သူများ၊ စောင့်ကြီးအောင့်ကြီး ဖြေသွားသည့်သူများ ကြုံခဲ့ရပေါင်း များလေသည်။ တချို့ဆို အရာရှိထံ တိုင်မည်ဟု ခြိမ်းခြောက်သူများပင် ရှိလေသည်။

အခုလည်း ကြည့်... ခရီးသည်တစ်ယောက်က လူဝင်မှုကြီးကြပ်ရေး ကောင်တာရှေ့တွင် နေကာမျက်မှန်ကြီးတပ်ကာ မတ်တတ်ရပ်နေသည်။ ပတ်စပို့စ် စစ်ချိန်တွင် မျက်မှန်မတပ်ရ၊ ဦးထုပ်မဆောင်းရ ဆိုတာ တစ်ကမ္ဘာလုံး လှည့်နေသည့် ဒင်းတို့ မသိမရှိ။ တမင်သက်သက် လူပါးဝခြင်းပင်။ ထို့ကြောင့် အရာရှိက မမေးချင်ဘဲနှင့် မေးရပြန်တော့သည်။

"Sir can you take off your glass?"

ထိုဆရာသမားက ခေါင်းတစ်ချက်ညိတ်သည်။ ပြီးတော့ မျက်မှန်ချွတ်ပေး၏။ ပတ်စပို့စ်ထဲက ပုံနှင့် အပြင်က ပုံကို တိုက်ကြည့်သည်။ မုတ်ဆိတ်မွေး ထူလပျစ်ကြီးကတော့ သိသိသာသာ ထူသည်။

White card တွင် ဖြည့်ထားသည့် နာမည်နှင့် ပတ်စပို့စ်တွင် ပါရှိသည် နာမည် ကိုက်မကိုက် စစ်ကြည့်သည်။ နာမည်က ရှည်လည်း ရှည်၊ ရှုပ်လည်း ရှုပ်၊ အသံပင် ဘယ်လိုထွက်ရမလဲ မသိ။

"your name is ?"

ထိုသူက အရာရှိဖြစ်သူကို ကြည့်သည်။ ပတ်စပို့စ်ထဲက နာမည်ကို လက်ညှိုးထောက်ပြသည်။ ထိုသူကြည့်ရတာ အင်္ဂလိပ်လို သိပ်ပြောတတ်ပုံမရ။ အရာရှိက

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်အဖုံးကို ကြည့်လိုက်သည်။ ထို့နောက် ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။ ရုရှားနိုင်ငံသားကိုး။ ဒါကြောင့် ဒင်းနာမည်ကြီးက ရှည်လျားထွေပြားနေတာကိုး။ သေချာအောင် နောက်တစ်ခေါက် ထပ်ကြည့်လိုက်သည်။

"Yakovlevich Rothkowitz"

တစ်လုံးချင်း သေချာအောင် တိုက်စစ်ပြီးသည့်အခါ

"ဒုန်း"

တံဆိပ်တုံး ထုလိုက်၏။ ထို့အတူ ပါးစပ်မှလည်း။

"Welcome to Myanmar"

ဟု နှုတ်ခွန်းဆက်သလိုက်သည်။

အဆိုပါ ရုရှားကြီး၏ နားထဲတွင်တော့ မြန်မာအရာရှိ ပြောလိုက်သည့် ဂဲလ်ကမ်းတူ မြန်မာ ဆိုသည့် အသံက မပျောက်။ ဟိုတယ်သို့ ရောက်သည့်တိုင်အောင် မပျောက်။ ဂဲလ်ကမ်းတူ မြန်မာ။ ရေချိုးသည်။ ဂဲလ်ကမ်းတူ မြန်မာ။ တစ်ရေးမေးလိုက်သည်။ ဂဲလ်ကမ်းတူ မြန်မာ။ တခြားဘာကိုမှ တွေးမရ။ ဂဲလ်ကမ်းတူ မြန်မာ။

ဟုတ်ပ။ မြန်မာပြည်က သူ့ကို ကြိုဆိုရမည်။ သူက မြန်မာပြည်အတွက် လာတဲ့သူပဲ။ တစ်နည်း မြန်မာပြည်ကြီးကို အမှောင်ထုကြားမှ ဆွဲထုတ်ရန် ရောက်လာသူပဲ။

အိပ်ရာက နိုးလာသည်နှင့် ဖုန်းတစ်ချက် ဆက်သည်။ တစ်ခွန်းပဲ ပြောသည်။

``ခြသေ့်လိုဏ်ဂူထဲ ရောက်ပြီ´´

www.burmeseclassic.com

www.burmeseclassic.com

(၃)

ဂန်ချုပ်ကြီးသည် ဘဂရှင်မင်းတြားကြီးထံ ခစားရမည့်အစား မိချောင်းကိုသာ သွားကြားထိုးပေးလိုက်ချင်သည်။ အခုတော့ တိုင်းပြည်အတွက် မဖြစ်မနေ အရေးကြီးလာသဖြင့် ခစားရပြန်သည်။

ဆန္ဒပြပွဲများသည် ယခင်ကလို ဟိုတစ်ဖွဲ့ ဒီတစ်ဖွဲ့ မဟုတ်တော့။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်မိလာကြသည်။ ကျိုးတိုးကျဲတဲအဆင့်မှ ကျယ်ကျယ်ပြန့်ပြန့်အဆင့်သို့ တိုးလာ၏။ လွှတ်ထားလျှင် မလွယ်။ တစ်ခုမဟုတ် တစ်ခုတော့ လုပ်ရတော့မည်။

``ဆန္ဒပြပွဲတွေ ပေါ်လာရင် ဘယ်လိုနှိမ်နင်းရမလဲဆိုတာ မင်း သိပြီးသားပဲ မဟုတ်လားကွ´´

``ဟုတ်... သိပါတယ် ဘဂရှင်မင်းတြားကြီးခင်ဗျာ၊ ဘဂရှင်မင်းတြားကြီး မိန့်ကြားထားသလိုပါပဲ၊ ပထမအဆင့်အနေနဲ့ ဆန္ဒပြသူတွေကို ဆန့်ကျင်တဲ့ ဆန္ဒပြအဖွဲ့တွေလည်း လွှတ်ထားပါတယ်။ ဒုတိယအဆင့်အနေနဲ့ ဆန္ဒပြသူတွေကြားထဲ အသွင်ယူထားတဲ့ လူတွေကို လွှတ်ပြီး အဖျက်အမှောက်လုပ်ငန်းတွေလည်း လုပ်ခိုင်းထားပါတယ်၊ တတိယအဆင့် အနေနဲ့ ဆန္ဒပြပွဲခေါင်းဆောင်တွေကိုလည်း ဖမ်းထားပါတယ်၊ စတုတ္ထအဆင့်အနေနဲ့ ဆန္ဒပြသူတွေကို အကြမ်းဖက် ဖြိုခွင်းဖို့လည်း အမိန့်ပေးထားလိုက်ပြီ´´

ဂန်ချုပ်ကြီးက သူ ဆောင်ရွက်ထားသည်များကို တစ်ခုချင်း တင်ပြသည်။

``အေး... အဲဒါဆိုလည်း ဘာလိုသေးလဲ၊ ဒင်းတို့ ဘယ်လောက်ကြာကြာ ဆန္ဒပြနိုင်မှာမို့လို့လဲ အကုန်ပစ်သတ်ပစ်ပေါ့ကွ´´

``ဟုတ်ကဲ့ပါ ဘဂရှင်မင်းတြားကြီးခင်ဗျာ၊ အဲသလို ပစ်သတ်ပစ်ဖို့ အနယ်နယ် အရပ်ရပ်ရှိ စစ်တပ်တွေကို အမိန့်ပေးထားပြီးပါပြီ´´

``အေး... အဲဒါဆိုလည်း ပြီးရောပေါ့၊ ငါ့ဆီ ဘာလို့လာလျှောက်ထားနေသေးတာလဲ´´

ဘဂရှင်မင်းတြားကြီးက စိတ်မရှည်တော့။ ဆန္ဒပြသူအားလုံးကို ပစ်သတ်လိုက်မှတော့ ဆန္ဒပြပွဲတွေ ဘယ်ရှိတော့ပါ့မလဲ။ ဒီငကြောက် ဂန်ချုပ်ကြီးက ဘာတွေ အရစ်လာရှည်နေတာပါလိမ့်။

``ဒါပေမယ့် အခြေအနေက တစ်မျိုးတစ်ဖုံ ဖြစ်နေပါတယ်´´

ဘဂရှင်မင်းတြားကြီးက မျက်မှောင်ကြုတ်လိုက်သည်။

``ကဲ... ဂန်ချုပ်ကြီး မင်း ပြောစရာရှိတာ ရှင်းရှင်းပြောစမ်းကွာ၊ မင်းရဲ့ မိဘပြည်သူတွေကို မိန့်ခွန်းပြောသလို ဖေ့လည်ကြောင်ပတ် လုပ်မနေနဲ့´´

ဂန်ချုပ်ကြီးက လေပူကြီးတစ်ချက် မှုတ်ထုတ်လိုက်သည်။ တစ်ကိုယ်လုံး ရှိသမျှအားအင်များကို စုစည်းကာ လျှောက်တင်လိုက်၏။

``မန္တလေးတိုင်း စစ်ဌာနချုပ်က အခုဆိုရင် ဆန္ဒပြသူတွေနဲ့ ပေါင်းသွားပါပြီ´´

www.burmeseclassic.com

www.burmeseclassic.com

``ဘာ...''

ဘဂရှင်မင်းတြားကြီးက ထိုင်နေရာကနေ ပုန်းခနဲ ထလိုက်၏။

``ပြန်ပြောစမ်းပါဦး၊ မန္တလေးမှာ ဘာဖြစ်တယ်''

``ဟို... ဟို.... ဆန္ဒပြတဲ့ သူတွေနဲ့...''

ဂန်ချုပ်ကြီးက တုန်တုန်ရင်ရင်နှင့် လျှောက်တင်၏။

``ပေါင်း... ပေါင်း... ပေါင်းသွားပါပြီ''

အံ့ဩစိတ်များ၊ အလိုမကျစိတ်များ၊ ဒေါသစိတ်များနှင့်အတူ...

``တောက်...''

ဘဂရှင်မင်းတြားကြီးက ခပ်ပြင်းပြင်း တောက်ခေါက်လိုက်၏။

``အဲ့ဒါ မင်း စောက်သုံးမကျလို့ပေါ့၊ ငါက မင်းကိုယုံပြီး သမ္မတ လုပ်ခိုင်းမိတာ မှားပြီဟော့၊ ငါ့သက်တမ်းတစ်လျှောက် တပ်မတော်က သစ္စာဖောက်တယ်လို့ မင်း ကြားဖူးလို့လား''

ဂန်ချုပ်ကြီးသည် သူ၏ခန္ဓာကိုယ်လေးကို ကျုံ့လို့ရသမျှ ကျုံ့ထားကာ ခေါင်းလေးကိုလည်း ငုံ့လို့ရထားသမျှ ငုံ့ထားသည်။

``နေပါဦး... မန္တလေးက ကောင်တွေက ဘာစိတ်ကူးပေါက်ပြီး အဲဒီပေါက်လွှတ်ပဲစား ဆန္ဒပြတဲ့ကောင်တွေနဲ့ ပေါင်းသွားရတာလဲ''

``ဒီ... ဒီ... ဒီ... လူကြောင့်... ကြောင့်.... ပါ''

ဂန်ချုပ်ကြီးက ဓာတ်ပုံတစ်ပုံ ထုတ်ပြသည်။ ဘဂရှင်မင်းတြားကြီးက ဓာတ်ပုံကို အလျင်အမြန် ကြည့်လိုက်သည်။ သူ့တပ်ထဲက သူတွေကိုပါ ပါအောင် စည်းရုံးနိုင်သည်ဆိုသည့် ကောင်မျိုးဆိုတာ ဘယ်လိုလူပါလိမ့်။

ဓာတ်ပုံထဲတွင် မုတ်ဆိတ်မွေး ပရပျစ်နှင့် အကောင်တစ်ကောင်။ လက်သီးလက်မောင်းတန်းကာ ကြွေးကြော်နေ၏။ သူ့နောက်တွင်တော့ မျက်စိတဆုံး များပြားလှသည့် လူပင်လယ်ကြီး။

``အင်း...''

ဘဂရှင်မင်းတြားကြီး ကြည့်သည်။ သေသေချာချာ ကြည့်သည်။

``ဒီကောင်က...''

အကြိမ်ကြိမ် ကြည့်သည်။ သေသေချာချာ ကြည့်သည်။

``ဒီကောင်က...''

အကြိမ်ကြိမ် ကြည့်သည်။ ဒီမျက်နှာပေါက်ကို သူ ကောင်းကောင်းကြီး ရင်းနှီးနေ၏။

``ဟာ...''

မုတ်ဆိတ်များကို ဖျောက်ကြည့်လိုက်သည်။

``ဒါ... ဒါ...''

www.burmeseclassic.com

www.burmeseclassic.com

သူ့မျက်စိကိုပင် သူ မယုံနိုင်။
``ဒါ... ကာဆောင်ကြီးပဲ´´

www.burmeseclassic.com

www.burmeseclassic.com

(၄)

``ထွက်ခွာဖို့ အဆင်သင့် ဖြစ်ပါပြီ ခင်ဗျာ´´

လေယာဉ်မှူးက လာရောက် အကြောင်းကြားသဖြင့် ကာဆောင်ကြီးသည် ထိုင်နေရာမှ ထလိုက်သည်။ ကာဆောင်ကြီးဘေးတွင် ရပ်နေသည့် လက်ထောက်အရာရှိက ကာဆောင်ကြီးကို အလေးပြုသည်။

``လေးစားပါတယ်´´

လေယာဉ်လှေကားထစ်များပေး တစ်ထစ်ချင်း တက်ရင်း နေပြည်တော်ကြီးကို လည်ပြန်ကြည့်လိုက်သည်။ သက်ရှိသတ္တဝါ တစ်ကောင် တစ်မြီးမျှ မရှိသည့် ကန္တာရ လွင်ပြင်ကြီးအလား။ တိတ်ဆိတ်ခြောက်ကပ်လို့။ ကာဆောင်ကြီး၏ ညာဘက်လက်ကို နဖူးပေါ်သို့ တဖြည်းဖြည်း မ,တင်လိုက်၏။ လေးလေးနက်နက် အလေးပြုလိုက်သည်။ သူချစ်သည့် မြန်မာပြည်ကြီးကို။

လေယာဉ်ပေါ်တွင် ထိုင်လျက် စဉ်းစားသည်။ ကာဆောင်ကြီး စဉ်းစားသည်။ အခု သူသွားသည်မှာ နိုင်ငံတော်တာဝန်နှင့် ဖြစ်သည်။ ယခင်ကဆိုလျှင် ယခုလို ခရီးသွားတိုင်း အရာရှိကြီးများက လိုက်ပါပို့ဆောင်လေ့ ရှိသည်။ တစ်ခါတစ်ရံ ဘဝရှင်မင်းတြားကြီးကိုယ်တိုင်ပင် လိုက်ပါပို့ဆောင်လေ့ရှိသည်။ အခုတော့ တစ်ယောက်မှ မရှိ။ လေယာဉ်ကြီးပေါ်တွင်လည်း ခရီးသည်ဟူ၍ ကာဆောင်ကြီးတစ်ယောက်တည်းသာ။ ထူးတော့ထူးသည်။

``ဖူး....´´

ကာဆောင်ကြီးသည် လေပူကြီးတစ်ချက် မှုတ်ထုတ်ကာ ထိုင်ခုံနောက်သို့ မှီလိုက်၏။ တဖြည်းဖြည်း သေး၍ ဝေးကွာသွားသည့် နေပြည်တော်ကြီးကို လက်ပြလိုက်၏။ မျက်စိနှစ်လုံးကို တင်းတင်းမှိတ်လိုက်၏။ နောက် ဘာတွေ ဆက်ဖြစ်မည်ဆိုတာ သူ မတွေးချင်တော့။

မတွေးချင်ဆိုမှ တွေးစရာတစ်ခုကို သတိရသွားသည်။ စာရွက်။ လေယာဉ်ပေါ်တက်ခါနီး လှေကားဝတွင် လေတပ်အရာရှိတစ်ဦး ဘွားခနဲ ပေါ်လာကာ သူ့လက်ထဲသို့ စာရွက်အပိုင်းလေး ထိုးထည့်ပေးသွားသည်။ ဘာသဘောပါလိမ့်။ တွန့်ကြေနေသည့် စာရွက်ပိုင်းလေးကို ဘောင်းဘီအိတ်ထဲက အမြန်ထုတ်လိုက်၏။

``လေယာဉ်ပေါ်တွင် ချိန်ကိုက်ဗုံး ပါသည်။ နီးစပ်ရာ နိုင်ငံခြားလေဆိပ်သို့ အမြန်ဆင်းပါ´´

မညီမညာ ရေးထားသည့် လက်ရေးများကို ဖတ်ကာ ကာဆောင်ကြီး တွေဝေသွားသည်။ တကယ်ပဲလား၊ တမင် ထင်ယောင်ထင်မှား ဖြစ်အောင် လုပ်ထားတာလား။

ကာဆောင်ကြီး တွေးရပြီ။ ယခု ခရီးစဉ်ကို မထွက်ခင်ကတည်းက ကာဆောင်ကြီးအနေနှင့် စိတ်ထဲတွင် လေးလံနေခဲ့သည်။ တိုင်းပြည်အတွက် အင်မတန် အရေးကြီးနေသည့် အချိန်တွင် သူ့ကို မယ်မယ်ရရ အကြောင်းပြချက်မရှိဘဲ နိုင်ငံခြားသို့ လွှတ်သည်။ သွားရပြန်တော့လည်း

www.burmeseclassic.com

www.burmeseclassic.com

မည်သည့်အရာရှိတစ်ယောက်မှ လိုက်ပါနှုတ်ဆက်ခြင်း မရှိသလို အဖော်တစ်ယောက်မှလည်း မပါ။ စဉ်းစားလေလေ မသင်္ကာစရာ ကောင်းလေလေ။

ဘဂရှင်မင်းတြားကြီးက နာရီပက် လေးဆယ့်ငါးမိနစ်ခန့် စောင့်သည်။ အမှန်တကယ် ချိန်ကိုက်ဗုံးပါလာပါကလည်း မြန်မာပြည်တွင်းထဲမှာ ပျက်ကျအောင် လုပ်မည်မထင်။ ပြည်ပ တစ်နေရာရာတွင် ပျက်ကျအောင် လုပ်မည်သာ။ ပြည်တွင်းတွင် ပျက်ကျသည်ဆိုပါက နောက်ဆက်တွဲ ပြဿနာများ ရှိလာနိုင်မည် မဟုတ်လား။

မြန်မာပြည် နယ်နိမိတ်ထဲက ထွက်လောက်မည့်အချိန်ကို စောင့်သည်။ ထို့နောက် ကာဆောင်ကြီးက ခါးတွင် မချွတ်တမ်း ဆောင်ထားသည့် ပစ္စတိုသေနတ်ကို ထုတ်လိုက်သည်။ ကျည် အပြည့် ရှိမရှိ စစ်သည်။ အိုကေ...။ ခါးပတ်ချွတ်သည်။ ထိုင်နေရာမှထကာ ပိုင်းလော့ခ်အခန်းဂသို့ သွားလိုက်။ လေယာဉ်မှူးများကလည်း ကာဆောင်ကြီးဖြစ်သဖြင့် ယုံယုံကြည်ကြည် တံခါးဖွင့်ပေးလိုက်ရာ...

``တစ်ယောက်မှ မလှုပ်နဲ့၊ ငြိမ်ငြိမ်နေ...´´

``ဗျာ...´´

ကာဆောင်ကြီးက သူတို့ကို သေနတ်ဖြင့် ချိန်ထားသဖြင့် အံ့သြမှင်သက်နေကြ၏။

``အခုချက်ချင်း ဒီလေယာဉ်နဲ့ မြန်မာပြည်နဲ့ အဆက်အသွယ်တွေ အားလုံး ဖျက်ပစ်လိုက်တော့...´´

``ဟုတ်... ဟုတ်... ဖျက်လိုက်ပါပြီ ကာဆောင်ကြီး´´

``အေး... ပြီးရင် အနီးဆုံးလေဆိပ် ဘာရှိလဲ´´

``တရုတ်ပြည်က လေဆိပ်တစ်ခုပါ ခင်ဗျာ´´

``ဟုတ်ပြီ... အဲဒီလေဆိပ်ကို လေယာဉ်ပေါ်မှာ လူနာတစ်ယောက် ပါလာလို့ အရေးပေါ်ဆင်းသက်ခွင့်ပေးဖို့ တောင်းလိုက်´´

``တောင်း... တောင်းလိုက်ပါပြီ ကာဆောင်ကြီး´´

တရုတ်နိုင်ငံရှိ မြို့လေးတစ်မြို့ လေဆိပ်သို့ အရေးပေါ် ဆင်းခွင့်ရသည်။ ကာဆောင်ကြီးက အရေးပေါ် လူနာအဖြစ် ဆင်းကာနေခဲ့သည်။ လေယာဉ်ပျံကိုတော့ နဂိုလမ်းကြောင်းအတိုင်း ရုရှားသို့ ဆက်လက်ပျံသန်းခိုင်းလိုက်သည်။

ကံသီပေလို့ပင်။ လေယာဉ်ပျံသည် ပြန်တက်ပြီး မကြာမီမှာပင် လေထုထဲ၌ တစ်စီ ပေါက်ကွဲသွားလေတော့၏။ လေယာဉ်ပေါက်ကွဲသည့် သတင်းကို ကြားကြားချင်း ကာဆောင်ကြီး တစ်ချက်ပြုံးလိုက်သည်။ ကြည်နူးသည့်အပြုံးမဟုတ်။ နာကြည့်သည့် အပြုံး။ ခံပြင်းသည့် အပြုံး။ မြန်မာ့တပ်မတော်ကြီးအတွက် တစ်ဘဝလုံးစာ ပေးဆပ်၍ တာဝန်ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့သူ တစ်ယောက်အတွက် ဆုလာဘ်က ချိန်ကိုက်ဗုံးပဲလား။

www.burmeseclassic.com

www.burmeseclassic.com

ဘဂရှင်မင်းတြားကြီးဘက်က ပြတ်သားမှတော့ ကာဆောင်ကြီးဘက်ကလည်း ပြတ်သားရပေတော့မည်။ ကာဆောင်ကြီးက တရုတ်ပြည်မှတစ်ဆင့် ရုရှားနယ်စပ်သို့ ကုန်လမ်းအတိုင်း သွားသည်။ ရုရှားနယ်စပ်သို့ ရောက်သည့်အခါ ပြည်ဝင်ခွင့်ရရန် ဘာမှမခက်။ ရုရှားစစ်တပ်နှင့် ကာဆောင်ကြီးကြားတွင် အလွန်တရာ ကောင်းမွန်သည့် ဆက်ဆံရေးရှိသည်။ သို့သော် အခုလိုအချိန်မျိုးတွင် ဘယ်သူ့ကိုမှ ယုံလို့မရ။ ကာဆောင်ကြီးဆိုသည်မှာ လေယာဉ်နှင့်အတူ တစ်စစီဖြစ်သွားပြီဟူ၍ မှတ်ယူထားရမည်။ ထို့ကြောင့် ရုရှားသို့ လူမသိ သူမသိ အောက်လမ်းမှ ခိုးဝင်ရန်သာ ဆုံးဖြတ်လိုက်၏။ အောက်လမ်းဟု အလွယ်ပြောရသော်လည်း တကယ်တော့ တရားဝင်နီးနီးပင်။ ခက်ခက်ခဲခဲ ဘာမှမလုပ်ရ။ နယ်စပ်ရှိ ဂန်ထမ်းများကို အမေရိကန်ဒေါ်လာများ ထုတ်ပေးလိုက်ရုံသာ။

ရုရှားနိုင်ငံထဲ ရောက်သည့်အခါ လုံခြုံရလောက်မည့် တောရွာကလေးတစ်ရွာတွင်သာ ဇာတ်မြုပ်နေထိုင်သည်။ ရုရှားလို ပြောတတ်သကဲ့သို့ ဒေါ်လာများလည်း အလုံအလောက် ပါလာသဖြင့် များစွာ အဆင်ပြေလှသည်။ အတန်ငယ် ဇာတ်မြုပ်ပြီးမှသာ ကာဆောင်ကြီးသည် ရုရှားရှိ စိတ်ချရလောက်မည့် အမာခံများသို့ စတင်ဆက်သွယ်၏။

ကာဆောင်ကြီး တပည့်များက ကာဆောင်ကြီးကို တွေ့ရသည့်အခါ ဖတ်ငိုကြသည်။ သူတို့ သိထားသည်မှာ ကာဆောင်ကြီးသည် လေယာဉ်ပျက်ကျသည့်အထဲတွင် ပါသွားပြီ။ အလောင်းပင် ရှာ၍မရတော့။

ယခုကဲ့သို့ ကာဆောင်ကြီးကို မသေမပျောက်ဘဲ ပြန်တွေ့လိုက်ရသဖြင့် အံ့သြမဆုံး ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

(၅)

ယခုကဲ့သို့ ကာဆောင်ကြီးကို မသေမပျောက်ဘဲ ပြန်တွေ့လိုက်ရသဖြင့် အံ့ဩမဆုံး ဖြစ်နေ၏။ ဘဂရှင်မင်းတြားကြီးထံ တိတိကျကျ သတင်းဝင်ခဲ့သည်။ လေယာဉ်သည် တစ်စစီဖြစ်ကာ တရုတ်နိုင်ငံအတွင်း ပျက်ကျခဲ့၏။ အသက်ရှင်ဖို့ နေနေသာသာ အစအနတောင် မတွေ့ဟု လျှောက်တင်ခဲ့ကြသည်။

အခုတော့ ဒင်းက ဘယ်ကနေ ဘယ်လိုလုပ် ပြန်ပေါ်လာပါလိမ့်။ ပြန်ပေါ်လာပြန်တော့လည်း ရိုးရိုးမပေါ်လာ။ ဘဂရှင်မင်းတြားကြီး၏ ရန်သူန်အဖြစ် ပြန်ပေါ်လာ၏။

ဘဂရှင်မင်းတြားကြီး တစ်ချက်ပြုံးလိုက်သည်။ ကြည်နူးသည့်အပြုံး မဟုတ်။ နာကြည်းသည့် အပြုံး။ ခံပြင်းသည် အပြုံး။ ကိုယ်မွေးသည် မျောက်က ကိုယ့်ပြန်ခြောက်လေပြီ။

ဘဂရှင်မင်းတြားကြီး ဖွဲ့မောင်ထံ ဖုန်းဆက်လိုက်၏။ နျူကလီးယားပုံးသည် ရက်ပိုင်းအတွင်း ပြီးတော့မည် ဖြစ်သည်။ စမ်းသပ် ဖောက်ခွဲမှုများပင် နောက်ဆုံးအဆင့် ရောက်ရှိနေလေပြီ။

``အမိန့်ရှိပါ ဘဂရှင်မင်းတြားကြီး´´

မောင်ဖွဲ့မောင်၏ ရုံးခန်းထဲတွင် ဘဂရှင်မင်းတြားကြီးတစ်ယောက်တည်းနှင့် သီးသန့်ပြောရန် အထူးဖုန်းလိုင်းတစ်ခု ချိတ်ဆက်ထား၏။

``နျူကလီးယားပုံးကို ဘယ်နစ်ရက်အတွင်း ရနိုင်မလဲ´´

ဖွဲ့မောင်က ဖုန်းကိုကိုင်ရင်း သေချာစဉ်းစားသည်။

``တစ်ပတ်အတွင်း ရနိုင်ပါတယ်´´

``တစ်ပတ်...´´

ဘဂရှင်မင်းတြားကြီး တွက်ကြည့်သည်။ လက်ရှိ တိုင်းပြည်အခြေအနေမှာ သိပ်မကောင်း။ လူတွေချည်းပဲ ဆန္ဒပြခြင်းမျိုး မဟုတ်ဘဲ သူ့တပ်တချို့ကပါ ဆန္ဒပြသူတွေနဲ့ ပူးပေါင်းကုန်သည်။ ထိုသူများလက်ထဲတွင် လက်နက်တွေ ရောက်ကုန်ပြီ။ ထို့အပြင် ထိုလက်နက်ကိုင်များကို ဦးဆောင်မည့်သူက ကာဆောင်ကြီး။ မြန်မာနိုင်ငံတွင် စစ်ရေးဗျူဟာ အကြွယ်ဝဆုံးထဲက တစ်ယောက်။ အချိန်မရွေး သူ့ကို ဒုက္ခပေးနိုင်သည့်သူ။

``သုံးရက်အတွင်း မရနိုင်ဘူးလား´´

တစ်ဖက်ကအသံ ခေတ္တတိတ်သွားသည်။

``ဟုတ်... ရအောင် ကြိုးစားပါ့မယ်´´

``အေး... ကောင်းတယ်ကွာ´´

ဘဂရှင်မင်းတြားကြီး အတန်ငယ် စိတ်သက်သာရာ ရသွားသည်။

``မောင်ဖွဲ့မောင်ရေ... နျူကလီးယားပုံးကြီး ရပြီးသွားတာနဲ့ ကျုပ်ဘက်ကလည်း ကတိမပျက်ပါဘူး၊ ကျုပ်သမီးနဲ့ မောင်ရင်တို့ မင်္ဂလာပွဲကို အမြန်ဆုံး ကျင်းပပေးမယ်... စိတ်ချ´´

www.burmeseclassic.com

www.burmeseclassic.com

``ဟယ်လို... ဟယ်လို...''

ဘယ်လိုဖြစ်တာပါလိမ့်။ မင်္ဂလာပွဲကိစ္စ ပြောလိုက်ရုံရှိသေး ဖုန်းကျသွားသည်။ လိုင်းမကောင်းလို့များလား။ ဘာပဲဖြစ်ဖြစ် သူ့ထံတွင် မောင်ဖွဲ့မောင်ကဲ့သို့သော ပညာရှင်မျိုး ရှိနေသဖြင့် တော်သေးသည်။ နျူကလီးယားဗုံးသာ လက်ထဲရောက်လာပါက မည်သည့်ဗျူဟာဖြင့် မည်ကဲ့သို့ လာလာ ဂရုစိုက်စရာ မလို။ နျူကလီးယား ကြဲလိုက်ရုံသာ။ အရှုံးတောင် ရှာတွေ့မည်မဟုတ်။

ဘဂရှင်မင်းတြားကြီး စိတ်ထဲကနေ ကြိမ်းဝါးလိုက်၏။

``ကဲ... ကာဆောင်ကြီးရေ ကျားနဲ့ဆင် နေပြည်တော်မှာ တွေ့ကြပြီပေါ့...''

www.burmeseclassic.com

www.burmeseclassic.com

(၆)

တချို့က အခွင့်ထူးခံ ဖြစ်ချင်သည်။ တချို့က ဗိုလ်လုပ်ချင်သည်။ တချို့က ချမ်းသာချင်သည်။ တချို့က တိုက်ချင်ခိုက်ချင်သည်။ တချို့က ပစ်ချင်ခတ်ချင်သည်။ တချို့ အာဏာရချင်သည်။ တချို့က သူရဲကောင်း ဖြစ်ချင်သည်။ မြန်မာနိုင်ငံ၏ တပ်မတော်အတွင်းသို့ ရည်ရွယ်ချက်အမျိုးမျိုးနှင့် လူအမျိုးမျိုး ရောက်လာခဲ့ကြသည်။

ထိုအထဲတွင် ကာဆောင်ကြီးသည် တစ်မျိုးတစ်ဘာသာ ထူးခြား၏။ ကာဆောင်ကြီး တပ်မတော်ထဲ ဝင်ခဲ့ရခြင်းသည် ရာထူး၊ အာဏာ၊ အခွင့်အရေး အစရှိသော မျှော်လင့်ချက်များ ဘာမှမပါ။ ရှင်းရှင်းလေးပင်။ စစ်သားဘဝကို မြတ်နိုးသည်။ ဂုဏ်ယူသည်။ သွေးထဲသားထဲကကို မြတ်နိုးသည်။ အရိုးထဲ ချဉ်ဆီထဲကကို ဂုဏ်ယူသည်။ မသေမချင်း စစ်သားဘဝကို မစွန့်လွှတ်ဆိုသည့် ခံယူချက်ဖြင့် စစ်ထဲသို့ ဝင်ခဲ့ခြင်းပင်။

ထိုကဲ့သို့ ခံယူချက်မျိုးသည် ကာဆောင်ကြီးတစ်ယောက်တည်းတွင် ရှိသည်မဟုတ်။ ကာဆောင်ကြီး၏ ဖခင်ထံတွင်လည်း ရှိခဲ့သည်။ ကာဆောင်ကြီး ဖခင်သည် ဂျပန်ခေတ်တွင် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် လက်တွဲကာ ဖက်ဆစ်များကို တော်လှန်ခဲ့သည်။ နယ်ချဲ့များကို တိုက်ထုတ်ခဲ့သည်။ သို့သော် လွတ်လပ်ရေးရရှိပြီးသည့်အခါ တိုင်းရင်းသား အချင်းချင်း တိုက်ခိုက်ရခြင်းကို ရွံရှာသဖြင့် မြန်မာတပ်မတော်ကို အပြီး မျက်နှာလွှဲခဲ့သည်။

မျက်နှာသာ လွှဲခဲ့ရသော်လည်း စိတ်ကမပျက်နိုင်။ တပ်မတော်နှင့် ပတ်သက်ပြီး အစဉ်အမြဲ နားစွင့်နေကြ ဖြစ်သည်။ သားဖြစ်သူ ကာဆောင်ကြီးက တပ်မတော်ထဲဝင်ပါရစေဟု ခွင့်တောင်းသည့်အခါ တားချင်ပါသော်လည်း နှုတ်ကမထွက်။ ဒီလူကမွေးတဲ့သားက ဒီလောက်တော့ ရှိမှာပေါ့ဟုဆိုကာ မျက်စိမှိတ် ခွင့်ပြုခဲ့သည်။

မြန်မာ့တပ်မတော်နှင့် ပတ်သက်၍ အစဉ်အမြဲ နားစွင့်နေခဲ့သည့် ကာဆောင်ကြီး ဖခင်သည် စိတ်ဆင်းရဲပြီး ဆင်းရဲနေရတော့သည်။ မြန်မာ့တပ်မတော်၏ ပုံရိပ်ကောင်းများ တဖြည်းဖြည်း လွင့်ပါးလာသည်။ လူအများ ချစ်ခင်အားကိုးရသည့် တပ်မတော်မှ လူအများ၏ ရွံရှာမုန်းတီးသည့် တပ်မတော် ဖြစ်လာ၏။ အာဏာရှူးများ၊ လက်နက် ဘီလူးများအောက်တွင် တပ်မတော်ကြီး ရေစုန်မျောရတော့သည်။

အရေးအခင်းကြီးတစ်ခုတွင် စစ်သားများက ကျောင်းသားပြည်သူများကို ပစ်ခတ်နှိမ်နင်းသည်ဆိုသည့် သတင်းကို ကြားရသည့်အခါ ကာဆောင်ကြီးဖခင်မှာ မတ်တတ်ပင် မရပ်နိုင်တော့။ အိပ်ရာထဲ ဘုံးဘုံးလဲရပါသည်။ လက်နက်ကိုင် တိုင်းရင်းသားများနှင့်ပင် ထိပ်တိုက်မတွေ့လိုသဖြင့် တပ်မတော်မှ ထွက်ခဲ့သည့်သူ။ အခုတော့ လက်နက်မဲ့ ပြည်သူများကို ဗိုလ်ကျ အနိုင်ကျင့်နေသည့် မိစ္ဆာတပ်မတော် ဖြစ်နေခဲ့ပါရောလား။

www.burmeseclassic.com

www.burmeseclassic.com

ကံကောင်းသည်က သားဖြစ်သူ ကာဆောင်ကြီးသည် ထိုအချိန်က နယ်စပ်တစ်ခုတွင် တာဝန်ထမ်းဆောင်နေသဖြင့် ကျောင်းသာပြည်သူများကို ပစ်သည့် အဖွဲ့ထဲတွင် မပါဝင်ခဲ့။ ထို့အပြင် ဖခင်ဖြစ်သူ ကျန်းမာရေးအတွက် ထိုကာလဆိုးကြီးအတွင်း ခွင့်ယူခဲ့လေသည်။

သို့သော် ခွင့်က ကြာရှည်ယူစရာမလိုခဲ့။ ကာဆောင်ကြီး ရောက်လာပြီး မကြာမီမှာပင် ကာဆောင်ကြီးဖခင်သည် သူချစ်ခဲ့ဖူးသည့် တပ်မတော်ကြီးနှင့် ရာသက်ပန် ခွဲခွာသွားပါတော့သည်။ ကာဆောင်ကြီးကိုတော့ စကားတစ်ခွန်း သေချာမှာသွားခဲ့သည်။

``ဒီမှာ ငါ့သား... မင်းပစ်တဲ့ ကျည်ဆံတစ်တောင့်ဟာ ပြည်သူတွေကို ကာကွယ်ဖို့ပဲ ဖြစ်ပါစေ၊ ပြည်သူတွေကို သတ်ဖို့ ပစ်ခဲ့မိရင်တော့ အဲဒီကျည်ဆံဟာ မင်းရဲ့ဂိညာဉ်ကို အချိန်ပြည့် လိုက်လံနှောင့်ယှက်နေလိမ့်မယ်။ သေသွားတော့လည်း အဲဒီကျည်ဆံက ပျောက်သွားလိမ့်မယ် မထင်နဲ့။ ဘဝဆက်တိုင်း ဘဝဆက်တိုင်း ထိအောင် မင်းရဲ့နောက်ကို တကောက်ကောက် လိုက်နေဦးမှာပဲ´´

ကာဆောင်ကြီးကလည်း သူ့ဖခင်စကားကို သည်းခြေမဆုံးထိ စွဲအောင် မှတ်ထားသည်။ ကံကောင်းသည်။ ကာဆောင်ကြီးသည် စစ်ရေးဗျူဟာ ကြွယ်ဝသူအဖြစ် မြန်မာတပ်မတော်ထဲတွင် နာမည်ကောင်း ရလာသည့်နှင့်အမျှ ရှေ့တန်းစစ်မြေပြင်များတွင်သာ တာဝန် ထမ်းဆောင်ခဲ့ရသည်။ ပို၍ကံကောင်းသည်မှာ ဒုဆောင်ကြီးနှင့် တပ်ရင်းတစ်ရင်းတည်းတွင် ဆရာတပည့်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ထိုအချိန်ကတည်းက ကာဆောင်ကြီး၏ လက်စလက်နကို ဒုဆောင်ကြီးက သတိပြုမိခဲ့သည်။

ဒုဆောင်ကြီးသည် ကာဆောင်ကြီးကို ကာကွယ်ရေး၏ အကြီးဆုံးခေါင်းဆောင် ရာထူးရရန် ထောက်ခံခဲ့သူဖြစ်သည်။ ကာဆောင်ကြီးသည် မြန်မာ့တပ်မတော်တွင် လက်အောက်ငယ်သားများက အထူးချစ်ခင်သလို အထူးလေးစားသည့် သူတစ်ယောက် ဖြစ်သည်။ ထိုသူမျိုးကို တပ်မတော်ခေါင်းဆောင်အဖြစ် ခန့်ထားပါက တပ်တွင်း စည်းရုံးမှု ပိုမိုတိုးတက်လာနိုင်သည်ဟု ဘဂရှင်မင်းတြားကြီးကို တိုက်တွန်းပေးခဲ့သည်။

အခုတော့ တစ်ချိန်က ကာဆောင်ကြီးသည် သူသည် ရှရှားနိုင်ငံတော်တွင်း တစ်နေရာတွင် ပုန်းလျှိုးနေထိုင်နေရသည့် အိမ်နိမ့်စံဖြစ်နေလေပြီ။ သူ၏ ကျေးဇူးရှင်ဖြစ်သည့် မြန်မာနိုင်ငံ ဒုတိယအရှင်သခင်ဟု လူအများသိခဲ့သော ဒုဆောင်ကြီးသည် အကျဉ်းကျခံခဲ့ရသည်။ ထောင်ထဲတွင် မည်မျှ နှိပ်စက်ခံရကာ မည်မျှ ဒုက္ခရောက်ခဲ့သလဲ သူမသိ။ သူသိသည်မှာ ဒုဆောင်ကြီး ထောင်ထဲ၌ ကွယ်လွန်သွားသည်ဟူ၍သာ။

မြန်မာ့တပ်မတော်ကို မိစ္ဆာတပ်မတော်ဖြစ်အောင် လုပ်ခဲ့သူ။ စစ်ယူနီဖောင်းများကို လူအများက ရွံ့အောင် လုပ်ခဲ့သူ။ သူနှင့် သူ၏ ကျေးဇူးရှင်တို့၏ ဘဝကို ပျက်အောင်လုပ်ခဲ့သူ။ ထိုသူက အခြားမဟုတ်။ ဘဂရှင်မင်းတြားကြီးဆိုသည့် အာဏာဘီလူးကြီးပင်။

www.burmeseclassic.com

www.burmeseclassic.com

ထိုဘီလူးကြီးသည် သူ၏ အစွယ်ကို ရာသက်ပန် ချွန်ထက်နေအောင် ကာကွယ်နိုင်ဖို့ နျူကလီးယား လက်နက်ကြီးကို ပိုင်ဆိုင်တော့မည်။ နျူကလီးယား လက်နက် ရသွားပါက မြန်မာနိုင်ငံကို ထိုဘီလူးကြီး ခံတွင်းထဲက ပြန်ကယ်နိုင်ဖို့ဆိုသည်မှာ မဖြစ်နိုင်တော့။

တစ်ရက်မှ မမေ့။ တစ်ညမှ တစ်စက္ကန့်မှ မမေ့။ သူ့စိတ်ထဲတွင် ဘဂရှင်မင်းတြားကြီးကို ဘယ်လိုနည်းမှ မမေ့။ ပြည်ပကလူတွေ၊ ပြည်တွင်းက လူတွေကိုသာ အာရုံလွှဲထားနိုင်မည်။ သူ့အာရုံကို တစ်စက်လေးမှ မလွှဲနိုင်။ အချိန်ပြည့် စဉ်းစားသည်။ ဘဂရှင်မင်းတြားကြီး၏ အစွယ်ကို မည်သို့ ချိုးရမည်နည်း။

ကာဆောင်ကြီးသည် ဘဂရှင်မင်းတြားကြီးနှင့် အနီးကပ် တာဝန်များ ထမ်းရွက်ခဲ့ဖူးသူပီပီ ဘဂရှင်မင်းတြားကြီးကို လျော့မတွက်။ ဘဂရှင်မင်းတြားကြီးက အကွက်စေ့သည်။ တစ်ဖက်သားကို လွယ်လွယ်နှင့်မယုံတတ်။ အာဏာနှင့် ပတ်သက်လာလျှင် အရင်းရော အကျက်ရော ဘာမှမရွေး။ ပြတ်ပြတ်သားသား နိုပ်ကွက်သည်။

ထို့ကြောင့် စနစ်တကျ အကွက်ချသည်။ အချိန်ကောင်းကို စောင့်သည်။ ပြည်တွင်းသို့ ရုရှားက သူ့လက်ရင်း တပည့်များကို တစ်ဖွဲ့ပြီးတစ်ဖွဲ့ လွှတ်သည်။ မြေအောက်လှုပ်ရှားမှုများ လုပ်စေသည်။ တချို့သူများကို မြန်မာ့တပ်မတော်များထဲသို့ စိမ့်ဝင်စေသည်။

ဘဂရှင်မင်းတြားကြီးလို လူမျိုးကို ဖြိုဖို့ဆိုလျှင် မြန်မာ့တပ်မတော်ကို အရင်ဖြိုနိုင်မှ ဖြစ်မည်ကို ကာဆောင်ကြီး ကောင်းကောင်းသိသည်။ တပ်မတော်ကို ဖြိုရန်အတွက် မြန်မာပြည်တွင်းသို့ လက်နက်ကိုင်ကာ ဝင်ရောက်တိုက်ခိုက်ဖို့ဆိုသည်မှာ မည်သို့မျှ မဖြစ်နိုင်။ ထို့ကြောင့် တပ်မတော်၏ စည်းလုံးမှုကို ပုံပျက်အောင် ဦးစွာ စီစဉ်သည်။ လူထုဘက်သို့ ယိမ်းလာစေရန် ရနိုင်သမျှ စည်းရုံးသည်။ ထိုကဲ့သို့စည်းရုံးရာတွင်လည်း တပ်မတော်သားအချင်းချင်း အတွင်းစည်းသာ စည်းရုံးမှုသာ ဖြစ်မည်။

ကာဆောင်ကြီး တွက်ထားသကဲ့သို့ နောက်ဆုံးတွင် ဟိုနားပွက်ပွက် ဒီနားပွက်ပွက် မြန်မာပြည်တစ်ပြည်လုံး အုံကြွမှုများ ဖြစ်လာသည်။ ထိုအဖွဲ့များကို စုစည်းလိုက်ရမည်။ ထိုမှတစ်ဆင့် တပ်မတော်ကို စည်းရုံးရမည်။ တပ်နှင့်ပြည်သူ လက်တွဲကာ အဆုံးစွန် တိုက်ပွဲတစ်ရပ် ဖန်တီးရမည်။ ထိုအခါ ဘဂရှင်မင်းတြားကြီးလည်း ဘာခံနိုင်တော့မည်နည်း။

နှစ်ပေါင်းများစွာ စောင့်ဆိုင်းခဲ့ရသော ထိုအချိန်။ ဘဂရှင်မင်းတြားကြီးကို တစ်ချက်တည်းနှင့် နောက်ကောက်ချအောင် ထိုးချရတော့မည့်အချိန်။ ထိုအချိန်ကို ရောက်လေပြီ။

ကာဆောင်ကြီးက ရုရှားနိုင်ငံသား ပတ်စပို့စ်အတုတစ်ခု လုပ်သည်။ ရုရှားခရီးသွား အေးဂျင့်ကို သွားကာ မြန်မာပြည်ခရီးစဉ်တစ်ခု ဝယ်သည်။ ထို့နောက်...။

အမိနိုင်ငံ။ ကာဆောင်ကြီး ချစ်တဲ့ နိုင်ငံ။ ကာဆောင်ကြီး တန်ဖိုးထားတဲ့ နိုင်ငံ။ ပြန်လာခဲ့ပြီ။ ရုရှားက မထွက်ခင် ဘုရားရှေ့တွင် ဒူးထောက်သည်။ ကိုယ့်ကိုယ်ကိုယ် သရဏဂုံတင်သည်။

www.burmeseclassic.com

www.burmeseclassic.com

အဘက်ဘက်က အကွက်စေ့အောင် မည်မျှပင် ပြင်ထားစေကာမူ အောင်မြင်ဖို့ရာ ရာခိုင်နှုန်းက အင်မတန် နည်းသည်။

ဘဂရှင်မင်းတြားကြီးဆိုသည်မှာ စားနေကျ ကြောင်ပါးကြီး။ သဘောချင်း ယှဉ်၍မရ။ အာဏာချင်း ယှဉ်၍မရ။ လက်နက်ချင်း ယှဉ်၍မရ။ ဘဂရှင်မင်းတြားကြီးက အဘက်ဘက်က သာလွန်သည်။ ကာဆောင်ကြီးဘက်က သာတာဆိုလို့ တစ်ခုသာ ရှိသည်။ စိတ်ဓာတ်။

သရဏဂုံတင်ပြီးသည့်နောက် ကာဆောင်ကြီးသည် မြတ်စွာဘုရားကို ယုံယုံကြည်ကြည် ရှိခိုးဦးညွတ်လိုက်၏။ သို့သော် ဘာဆုမှ မတောင်း။ ဆုတောင်းခြင်းကို မယုံ။ ကာဆောင်ကြီးက ယုံသည်က စိတ်ဓာတ်။ မရရအောင် လုပ်မည်ဟု သန္နိဋ္ဌာန် ချထားသည့် သူ၏တိုက်ပွဲဝင် စိတ်ဓာတ်၊ အဆိုပါ စိတ်ဓာတ်ကို မည်သည့်အရာတွေက တားနိုင်ပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com

(၇)

အမှန်တော့ နျူကလီးယားဒုံးကျည်ကြီးသည် ပစ်လွှတ်ရန် အဆင်သင့် ဖြစ်နေလေပြီ။ လုံခြုံရေး စနစ်တချို့ ထည့်သွင်းရန်သာ ကျန်၏။ လူအစုလိုက် အပြုံလိုက် သေစေနိုင်သည့် လက်နက်ကြီးဖြစ်သည့်အလျောက် ထိပ်တန်းလုံခြုံရေးစနစ် ရှိမှ ဖြစ်မည်။

အမေရိကန်တွင် အကြောင်းအမျိုးမျိုးကြောင့် နျူကလီးယား လက်နက် သုံးရတော့မည်ဆိုပါတော့။ သော့နှစ်ချောင်း ရှိသည်။ သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ်တို့ထံတွင် ဖြစ်သည်။ ထိုသော့နှစ်ချောင်းကို အတူတကွ ဖွင့်မှ နျူကလီးယား လက်နက်ပွင့်မည်။ သို့သော် ပစ်လို့တော့ မရသေး။ နောက်ဆုံးအဆင့် ပစ်လွှတ်ရန်အတွက် ဂဏန်းဆယ်နှစ်လုံးပါ လျှို့ဝှက်ကုတ် ထည့်သွင်းရသည်။ အဆိုပါ လျှို့ဝှက်ကုတ်မှာ ဖွဲ့မောင်တို့အဖွဲ့၏ ခေါင်းဆောင်လက်ထဲတွင်သာ ရှိ၏။

မြန်မာနိုင်ငံ၏ နျူကလီးယား လုံခြုံရေးစနစ်ကတော့ ရှင်းသည်။ သော့များ၊ လျှို့ဝှက်နံပါတ်များ အားလုံးကို ဘဂရှင်မင်းတြားကြီးကသာ ချုပ်ကိုင်ထားမည်။ ဘဂရှင်မင်းတြားကြီး ပစ်ချင်သည့်အချိန်တွင် ပစ်လွှတ်လို့ရအောင် လုပ်ဆောင်ပေးရမည်။

ထိုကဲ့သို့ လုံခြုံရေးစနစ် ထည့်ရန်အတွက် အချိန်မည်မျှ မလို၊ အခုထည့် အခုရသည်။ ခက်နေတာက ဘဂရှင်မင်းတြားကြီး နောက်ဆုံးပြောသွားသည့် စကားပင်။

``မောင်ဖွဲ့မောင်ရေ... နျူကလီးယားဗုံးကြီး ရပြီးသွားတာနဲ့ ကျုပ်ဘက်ကလည်း ကတိမပျက်ပါဘူး၊ ကျုပ်သမီးနဲ့ မောင်ရင်တို့ မင်္ဂလာပွဲကို အမြန်ဆုံး ကျင်းပပေးမယ်၊ စိတ်ချ´´

စင်းစားလေလေ ကြောက်စရာ ကောင်းလေလေ။ သူ့ကို မြင်တာနှင့် အမဲဖျက်တော့မလား စူးစူးရဲရဲ ကြည့်တတ်သည့် တော်လတ်၏အကြည့်။ အဆီများ တစ်ထစ်ထစ် ထနေသည့် တော်လတ်၏ ခါး၊ ရယ်လိုက်ပါက နားရွက်ကို ချိတ်အောင်ပြဲသည့် တော်လတ်၏ ပါးစပ်၊ မိတ်ကပ်မလိပ်သည့်နေရာမှန်သမျှ မဲကျစ်နေသည့် တော်လတ်၏ အသား။ ဒီလို မိန်းမတစ်ယောက်ကို ရာသက်ပန် ပေါင်းရမည်တဲ့လား။ တစ်ရေးနိုး ရုတ်တရက် မြင်လိုက်ရုံနှင့် လိပ်ပြာလွင့်မတတ် ကြောက်စရာ ကောင်းသည့် ရုပ်ကာမျိုးနှင့်မိန်းမကို မည်သူက အတူအိပ်ချင်မည်နည်း။ စင်းစားမိတိုင်း ကြက်သီးများသာ တဖြန်းဖြန်း။

ထို့ကြောင့် မစင်းစားတော့၊ စင်းစားလျှင် ခေါင်းခြောက်သည်။ သူ ဒီကိုလာသည့်တာဝန်က နျူကလီးယား လုပ်ဖို့သာ။ နျူကလီးယား ပြီးလျှင် သူ့တာဝန်ပြီးပြီ။ အဲဒီအခါကျရင် ငါက ဒီဘူတားမကြီးနဲ့ ဘာလို့ယူရမှာလဲ၊ အမေရိကန်ကို အသာပြန်ပြေးလို့ ရတာပဲ။ ဟုတ်သားပဲ ကြည့်စမ်း။ ဖွဲ့မောင်က ထိုအချက်ကို မေ့နေသည်။ ကိုယ့်ကိုယ်ကိုယ် အမေရိကန်နိုင်ငံသားဆိုပြီး မေ့နေ၏။ ဖွဲ့မောင် ပျော်သွားသည်။ ပေါ့သွားသည်။ တော်လတ်၏ လက်ထဲက ထွက်ပြေးလို့ရသည်ကို မစင်းစားမိဘဲ ခေါင်းခြောက်နေသည့် ကိုယ့်ကိုယ်ကိုယ်ပင် အပြစ်တင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com

ပျောက်လက်စနှင့် မထူး။ မြန်မာပြည်တွင် ကြာကြာမနေရတော့မည့်အတူတူ နောက်ဆုံးအနေနှင့် အမှတ်တရလေးတွေ လုပ်ချင်သေးသည်။ အထူးသဖြင့် အကယ်ဒမီ မင်းသမီး တိုင်းရင်းသူဆိုတာလေး။ သူ၏ ရွှေမင်းသမီးလေး။ သူ့ကို မမေ့နိုင်လောက်အောင် အယုအယတွေ ထွေးပွေ့ပေးလိုက်သည့် ရွှေမင်းသမီးလေ။

တွေးနေကြာတယ်။ မိုးသောက်ပန်းဆီ ဖုန်းဆက်မှ။

မီးရောင်များ။ တီးလုံးများ။ လူငယ်များ၊ တက်ကြွသည့် အားမာန်များနှင့် ရွှင်လန်းသည့် အနာဂတ်များ။ ဖွဲ့မောင်နှင့် မိုးသောက်ပန်းတို့ မယ်မယ်ဖျား၏ တူ၏ ဇနီး၏ မောင်၏ ယောက်ဖ၏ တစ်ဂမ်းကွဲအစ်ကိုဆိုသူ ဖွင့်ထားသည့် ဘားသို့ နောက်တစ်ကြိမ် မကျေပွဲ ဆင်နွှဲရန် ရောက်လာပြန်ပါပေါ့။

ယခုတစ်ခေါက်တွင်တော့ သူတို့ရောက်လာသည်နှင့် တစ်ပြိုင်နက်တည်း စားပွဲပေါ်တွင် လက်နက်များ အဆင်သင့်။ ဓာတုဓာတ်ပေါင်းများ ဖြိုဖျက်ပစ်ရန် အချိန်မဆိုင်း။ ဖွဲ့မောင်က...

``ချက်...´´

မီးခြစ်ကို ခြစ်သည်။

``ဖူး...´´

အငွေ့ကိုရှိုက်သည်။ ပခုံးပေါ်တွင် မှီနေသည့် ရွှေမင်းသမီးလေးကို ခပ်တင်းတင်း ဖက်လိုက်သည်။ သို့သော် လူ့စိတ်ဆိုတာ အခက်သား။ ရင်ခွင်ထဲက ရွှေမင်းသမီးလေးကို ကြည့်ကာ တော်လတ်ကို ပြန်မြင်ယောင်လာ၏။ ဆိုးလိုက်တဲ့ ကံ။ ဘဂရှင်မင်းတြားကြီးမှာသာ ရွှေမင်းသမီးလေးလို သမီးမျိုးရှိရင် သိပ်ကောင်းမှာပဲ။

ရွှေမင်းသမီးလေး၏ အသားအရည်မှာ နို့နှစ်ရောင် နုနုလေး။ အားကစားလိုက်စားသူပီပီ ခါးလေးက ကျစ်ကျစ်သေးသေး။ ရှိုက်ကြီးဖိုယေ် အသွယ်သွယ်တို့မှာလည်း အပြစ်ပြောစရာ မရှိ။ ဆိုက်ပြည့် ကိုက်ပြည့်။ ရွှေမင်းသမီးလေး တစ်ကိုယ်လုံးတွင် ဖွဲ့မောင် အကြိုက်ဆုံးကတော့ လက်သည်းများကိုပင်။ အနီရင့်ရင့် ဆိုးထားကာ ချွန်ကော့နေအောင် တိတိကျကျ ပြင်ဆင်ထားသည့် လက်သည်းကလေးများ။ အဆိုပါ လက်သည်းကလေးများနှင့် ဖွဲ့မောင်၏ ကျောပြင်ကို မထိတထိ ကုတ်ခြစ်လိုက်ပါက...

``အို...´´

ဖွဲ့မောင်ခမျာ တွေးရင်းနှင့်ပင် ချဉ်ဆီတစ်လျှောက် စိမ့်တက်လာ၏။

မေ့စမ်း။ နေပြည်တော်က ဆားဘူးသီးကြီးကို မေ့လိုက်စမ်း။ ဖွဲ့မောင် နောက်တစ်ကြိမ် အငွေ့များ ရှိုက်သွင်းလိုက်၏။ နောက်တစ်ခါ အငွေ့များ ရှိုက်သွင်းလိုက်၏။ နောက်တစ်ခါ အငွေ့များ ရှိုက်သွင်းလိုက်၏။

``အ...

ငွေ...

www.burmeseclassic.com

www.burmeseclassic.com

များ...''

မိုးသောက်ပန်းက ထုံးစံအတိုင်း ကပွဲကြမ်းပြင်ထက်သို့ ဆင်းသွားသည်။ တွေ့သမျှ ကောင်မလေးများ၏ ခါးကိုချိတ်ကာ စည်းချက်ညီညီ ငြိမ့်နေ၏။ ဖွဲမောင်အတွက်တော့ မလို။ ဘေးတွင် ပြီးပြည့်စုံအောင် ဖြည့်ဆည်းပေးမည့် ရွှေမင်းသမီးလေး ရှိနေပြီ။

``သွားကြရအောင်လား ကို''

``ဘယ်ကိုလဲ...''

တစ်ယောက်နှင့်တစ်ယောက် ရီဝေသော အကြည့်များ။ ရီဝေသော အထိများ..။

``တစ်နေရာရာပေါ့ကွာ၊ စိတ်လွတ်ကိုယ်လွတ် ပေါက်ကွဲလို့ရတဲ့ တစ်နေရာရာလေ''

``ကောင်းပြီလေ...''

ဖွဲမောင်က မိုးသောက်ပန်းကို နှုတ်ဆက်လိုက်သည်။ မိုးသောက်ပန်းက...

``ခင်ဗျား အတော်ရောက်ရှိနေပြီနော်၊ ကားမောင်းလို့ ဖြစ်ပါ့မလား၊ ကျွန်တော် ဒရိုင်ဘာတစ်ယောက် ခေါ်ပေးမယ်လေ''

ဆိုသည့်စကားကို လက်မခံ။ ဒီညက ရွှေမင်းသမီးလေးနှင့် သူ၏ နစ်ပါးသွား ည။ အခြားသောသူ အလိုမရှိ။

``ကျွိ....''

ပြည်လမ်းမကြီးပေါ်တွင် အရှိန်ပြင်းပြင်းနှင့် မောင်းနေသည့် စစ်စိမ်းရောင် ဖိမ်ခံကားကြီး တစ်စီး ရုတ်တရက် ထိုးရပ်သွား၏။

``ဘာဖြစ်လို့လဲ ကို...''

ရွှေမင်းသမီးလေးက ဖွဲမောင်ကို မေးသည်။

``အင်းလျားကန်ဆိုတာ ဒါလား''

``ဟုတ်တယ်လေ ကို''

``အခုအချိန် အပေါ်တက်လို့ ရသေးလား...''

``ရတာပေါ့ ကိုရယ်၊ ကိုက ဗီဗီအိုင်ပီဆိုတာ မမေ့နဲ့လေ၊ ရန်ကုန်မြို့ကြီးမှာ ကို လုပ်ချင်တာ လုပ်လို့ရတယ်''

ဖွဲမောင်က တစ်ချက်ပြုံးလိုက်ကာ ကားပေါ်က ဆင်းလိုက်၏။ နာမည်ကြီး အင်းလျားကန်ဆိုတာကြီးကို ကြည့်ချင်သည်။ ဘားထဲတွင် တင်ခဲ့သမျှသည် ကားမောင်းလိုက်ရသဖြင့် အတန်ငယ် ပြန်ကျသွားပြီ။ ကန်ဘောင်ပေါ်ထိုင်ကာ အရှိန်ပြန်တင်ရမည်။

``ကိုယ် နည်းနည်းလောက် ထပ်တင်ချင်သေးတယ်ကွာ၊ ဒီပေါ်မှာ လုပ်လို့ ဖြစ်ရဲ့လား..''

ကန်ဘောင်ပေါ် လူမြင်ကွင်းကြီးထဲတွင် ဆေးပြားလေးတွေ ဓာတ်ခွဲလို့ ရမရ ဖွဲမောင် မသိ။

``ကို... ကိုက ဗီဗီအိုင်ပီဆိုတာ မမေ့ပါနဲ့၊ ကိုယ့်ကို ဘယ်သူမှ ဘာမှ မပြောရဲဘူး စိတ်ချ''

www.burmeseclassic.com

www.burmeseclassic.com

``ဟုတ်ပါပြီတဲ့ဗျာ... ချစ်ကရော သွားချင်စိတ် ရှိရဲ့လား´´

``အို... သိပ်သွားချင်တာပေါ့၊ ဒါ ချစ်ရဲ့ ဗိမာန်ပဲ၊ အင်းလျားကန်ဘောင်ကြီးက သိပ်လှ၊ ဒါပေမယ့် အခုရက်ပိုင်းတွေမှာ လူတွေ ဆန္ဒပြနေတာနဲ့ သွားခွင့်မကြုံ ဖြစ်နေတာ၊ ကိုနဲ့တွေ့မှပဲ သွားရတော့မယ်´´

``အင်း... ကိုယ်လည်း ကြားတယ်၊ ဆန္ဒတွေ အကြီးအကျယ် ပြနေတယ်ဆိုတာကိုး၊ ဒါပေမယ့် ဘားမှာတော့ လူတွေက လျော့မသွားပါလား´´

ရန်ကုန်က အတော်ထူးဆန်းသည်။ နေ့လယ်ပိုင်းဆို လူတွေက သဲကြီးမဲကြီး ဆန္ဒပြနေကြ၏။ ထို့ကြောင့် ဘားများ၊ ကလပ်များ၊ ဘီယာဆိုင်များတွင် လူများ ခြောက်ကပ်နေလိမ့်မည်ဟု တွေးခဲ့သည်။ သို့သော်မဟုတ်။ စည်ကားမြဲ စည်ကားလျက်ပင်။

``အို... ဘာဆိုင်လို့တုန်း၊ ဆန္ဒပြတဲ့သူတွေက သူတို့ဘာသာသူတို့ ဆန္ဒပြနေကြတာ၊ ချစ်တို့နဲ့ ဘာဆို ဘာမှမဆိုင်။ ချစ်တို့က ဘားသွားမယ်၊ ပျော်မယ်၊ ပါးမယ်၊ အားအားလျားလျား လမ်းပေါ်ထွက်ပြီး အော်နေစရာ မလိုပါဘူး၊ သူတို့တွေ ဆန္ဒပြလို့ နေ့လယ်ဘက်ဆို လမ်းတွေပိတ်၊ လုံခြုံရေးတွေ တင်းကျပ်နဲ့ သိပ်ရှုပ်တာပဲ၊ အခု ကန်ဘောင်တောင် ကို့ကားနဲ့မို့လို့ လုံခြုံရေးတွေက ဘာမှလာမပြောတာ၊ တခြားကားနဲ့ဆို ရပ်ခွင့်တောင် ရှိတာမဟုတ်ဘူး´´

ဟုတ်မည်။ ဇွဲမောင် ကားရပ်လိုက်စဉ်က ရဲတစ်ယောက်နှစ်ယောက် ထလာသေးသည်။ ကြယ်တံဆိပ်တပ် သူ့ကားနံပါတ်ပြားကြီး မြင်သွားမှသာ မယောင်မလည်နှင့် ပြန်ထွက်သွားခြင်း ဖြစ်သည်။

``ကဲပါလေ... အဲဒါတွေ ထားလိုက်ပါတော့၊ အခု အရေးကြီးတာက ဒါပဲ´´

ဇွဲမောင်က ရွှေမင်းသမီးလေး လက်ထဲသို့ ထည့်ပေးလုကိသည်။

``ဖူး...´´

ရွှေမင်းသမီးလေး တစ်လှည့်၊ ဇွဲမောင်တစ်လှည့်။ အငွေ့များ၊ ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေထုထဲသို့ အားရပါးရ မှုတ်ထုတ်လိုက်သည့် အငွေ့များ။

``အင်းလျားကန်ကြီးက သိပ်သာယာတာပဲနော် ကို´´

``အင်း..´´

ဇွဲမောင် ခေါင်းထဲတွင် မော်တာတစ်လုံး ရောက်နေသကဲ့သို့ တဂီဂီလည်နေ၏။ အင်းလျားကန်ကြီးက သိပ်သာယာတာပဲနော်၊ အင်းလျားကန်ကြီးက သိပ်သာယာတာပဲနော်။

``ကန်... ကန်... ကန်...´´

ဇွဲမောင် ပါးစပ်မှ ညည်းနေမိသည်။

``ဟုတ်တယ်လေ... ကန်ကြီးက မလှဘူးလားလို့´´

``ဒါနဲ့ နေပါဦး ချစ်... ကိုမိုးသောက်ပန်းက ပြောတော့ ချစ်က တိုင်းရင်းသူဆို ဟုတ်လား´´

``ဟုတ်တယ်လေ... ဘာဖြစ်လို့လဲ´´

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့မောင် အတွေးတွေ ရှုပ်နေ၏။ ကန်၊ တိုင်းရင်းသူ။

``ဒါဆို ချစ်က ဘာလူမျိုးလဲ၊ ကချင်လူမျိုးဆိုတာရော သိလား´´

ဖွဲ့မောင် အတွေးတွေ ရှုပ်နေ၏။ ကချင်၊ ကန်၊ တိုင်းရင်းသူ။

``သိတာပေါ့၊ ချစ်တောင်မှ ကချင်တစ်မတ်သားလောက် ပါသေးတယ်။ ချစ်အဖေက ကချစ်စပ်တယ်လေ၊ ဒါပေမယ့် ချစ်မျိုးရိုးက နည်းနည်းရှုပ်တယ်၊ ကချင် ဗမာ ရှမ်း တရုတ်...´´

``နေဦး... ခဏ... ခဏ...´´

ဖွဲ့မောင်က ရွှေမင်းသမီးလေး၏ စကားကို ရပ်ခိုင်းလိုက်သည်။

``ကချင်ကိုရော ရောက်ဖူးလား...´´

``ရောက်ဖူးတာပေါ့၊ ဒါပေမယ့် ကချင်ပြည်ဆိုတာ အကျယ်ကြီးရယ်၊ မြစ်ကြီးနား၊ ဗန်းမော်၊ ဖားကန့်၊ အကုန်ရောက်ဖူးတယ်´´

``ဟုတ်ပြီ´´

ဖွဲ့မောင်၏ အတွေးတွေ ရှုပ်နေ၏။ ကချင်၊ ကန်၊ တိုင်းရင်းသူ၊ အဖေ။

``ဒီကနေ ကချင်ကို ကားမောင်းသွားရင် ရမလား´´

``ရတာပေါ့၊ ဒါပေမယ့် လမ်းတော့ သိပ်မကောင်းဘူးရယ်´´

ကချင်၊ တိုင်းရင်းသူ၊ အဖေ၊ ကန်တစ်ကန်၊ သူ မှတ်မိနေသည်။ အင်မတန် သာယာသည့် ကန်တစ်ကန်။ ကန်ရေပြင်ကြီးကလည်း မှန်သားအလား ကြည်လင်လှသည်။ ရေအောက် ကြမ်းပြင်ထက်က ကျောက်တုံးလေးများကိုပင် မြင်နေရသေး၏။ ညနေ တိမ်တောက်သည့် အချိန်ဆို မိန်းမကြီးတစ်ယောက် ရေခပ်သွားလေ့ရှိသည်။ ထိုမိန်းမကြီး၏ လက်ကိုဆွဲကာ ကလေးတစ်ယောက် အဖော်အဖြစ် လိုက်ပေးနေကျ။

သူ့အာရုံထဲတွင် ပုံရိပ်များ ဟိုတစ်ကွက် ဒီတစ်ကွက် ပေါ်လာ၏။ အဲဒီကလေးက ဘယ်သူလဲ။ သူလား...။ အဲဒီမိန်းမကြီးကရော ဘယ်သူလဲ၊ သူ့အမေများလား၊ ဒါဆို ကချင်ပြည်နယ် တစ်နေရာရာမှာများ သူ့အမေ ရှိနေဦးမည်လား။

သူ ပြန်သွားရမည်။ သူ့စီမံကိန်းကြီး မပြီးခင် ပြန်သွားရမည်။ ဘာပဲပြောပြော သဲလွန်စ ကန်ကြီးတစ်ကန်တော့ ရထားပြီ။ ကချင်ပြည်နယ် ကန်ဘယ်နှစ်ကန် ရှိမည်နည်း။ ရှိသမျှ ကန်တွေဆီ အကုန်သွားမည်။ သူ့စိတ်ထဲ ပြန်ပေါ်လာသည့် ကန်ကြီးကို မတွေ့မချင်းရှာမည်။ သူ့အမေကို ရှာမည်။ သူ့ဆွေမျိုးတွေကို ရှာမည်။ သူ့ဇာတိကို သူ ရှာမည်။

အခုရှာမည်။ အခုရှာမှ ဖြစ်မည်။ စီမံကိန်းပြီးပါက တော်လှန်ရန်မှ ရှောင်ရန် မြန်မာပြည်ထဲက အပြီးအပိုင် ထွက်ပြေးရမည်။ ထိုအချိန်တွင် ဇာတိမြေသို့ပြန်လာဖို့ရာ မဖြစ်နိုင်။

ထိုင်ရာမှ ထလိုက်သည်။ ရွှေမင်းသမီးလေးကို လက်ကမ်းလိုက်သည်။

``ချစ် ကိုယ်နဲ့ လိုက်ခဲ့မလား...´´

``ဘယ်ကိုလဲ...´´

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့မောင်က ရွှေမင်းသမီးလေးကို စူးစူးနစ်နစ် တစ်ချက် စိုက်ကြည့်ပြီးမှ ပြောလိုက်သည်။

``ကချင်ပြည်နယ်...''

www.burmeseclassic.com

www.burmeseclassic.com

(၈)

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပုံစံအမျိုးမျိုးဖြင့် ရောက်ဖူးသည်။ နိုင်ငံတော်အဆင့် ကြိုဆိုခြင်းလည်း ခံခဲ့ဖူးသလို နိုင်ငံတကာက စစ်ဦးစီးချုပ်များ၊ ဧည့်သည်တော်များကိုလည်း ခမ်းခမ်းနားနား သွားရောက်ကြိုဆိုဖူးခဲ့သည်။

သို့သော် ယခုလောက် စိတ်လှုပ်ရှားမှုမျိုး တစ်ခါမျှ မဖြစ်ခဲ့။ ယခုအခေါက်သည် သာမန်ခရီးသည်တစ်ယောက် အနေဖြင့် ပထမဆုံးအကြိမ် ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

လေယာဉ်ကွင်း ရောက်ရောက်ချင်း ပထမဆုံး သတိထားမိသည်မှာ နိုင်ငံခြားသားများနှင့် စည်စည်ကားကား ဖြစ်နေခြင်းကိုပင်။ လူဝင်မှုကြီးကြပ်ရေး ကောင်တာတွင်လည်း နိုင်ငံတကာ ခရီးသည်များနှင့် စိုစိုပြေပြေ ဖြစ်နေသည်။ သူ့အလှည့်သို့ရောက်ရန်ပင် လူတန်းရှည်ကြီးကို စောင့်ရသေး၏။

အရေးထဲ လူဝင်မှုကြီးကြပ်ရေး ကောင်တာက အရစ်ရှည်နေသေးသည်။ မျက်မှန်ချွတ်ခိုင်းသည်။ နာမည်မေးသည်။ ပတ်စပို့စ်စာအုပ်ကို ဖင်ပြန်ခေါင်းပြန် ကြည့်နေသည်။ သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ပတ်စပို့စ်အတုဆိုတာကို ရိပ်မိသွားပြီလား။ တော်လှန်ရေး မယ်မယ်ရရ မလုပ်ရသေးဘဲ လေဆိပ်တွင် အဖမ်းခံဖို့ မဖြစ်။

ဘာလုပ်ရမည်နည်း။ ပိုက်ဆံထုတ်ပေးလိုက်ရင် ကောင်းမလား၊ ဒါမှ ပိုမသင်္ကာဖြစ်သွားနိုင်သည်။ လူဝင်မှုကြီးကြပ်ရေး အရာရှိက သူ့မျက်နှာကို တစ်လှည့်၊ ပတ်စပို့စ်ကို တစ်လှည့် ကြည့်နေသည်။ ကာဆောင်ကြီးကလည်း ကိုယ့်ကိုယ်ကိုယ် အဆင်သင့်အနေအထား ပြင်ထား၏။ လွယ်လွယ်နှင့် အဖမ်းမခံနိုင်။ သူတို့ဘက်က တစ်စုံတစ်ခု လှုပ်ရှားလာပါက ပြန်လည်တိုက်ခိုက်၍ ဖွတ်အတင်း တိုးဝင်ရန် ဆုံးဖြတ်ထား၏။

ဆရာသမားက ပတ်စပို့စ်နှင့် သူ့ကို သုံးကြိမ်လောက် အပြန်အလှန် ကြည့်ပြီးမှသာ...

``ဒုန်း...''

တံဆိပ်တုံး ထုလိုက်သံနှင့်အတူ သူ့ရင်ထဲက အလုံးကြီးလည်း ကျသွား၏။ ထို့နောက် Welcome to Myanmar ဆိုသည့် အင်မတန် ချိုမြိန်သော စကားသံကို အရသာရှိရှိ နားသောတ ဆင်လိုက်ရ၏။

ဟုတ်ပ။ မြန်မာပြည်က သူ့ကို ကြိုဆိုရမယ်။ သူက မြန်မာပြည်အတွက် လာခဲ့တဲ့သူပဲ။ တစ်နည်း မြန်မာပြည်ကြီးကို အမှောင်ထုကြားမှ ဆွဲထုတ်ရန် ရောက်လာသူပဲ။ ဟိုတယ်သို့ ရောက်သည့်အခါ ရေတဂကြီး ချိုးလိုက်ပြီးနှင့် အားရှိစေရန် ခဏသာ မှေး၍ အနားယူလိုက်၏၊ နောက်နေ့များအတွက် အိပ်ချိန် အနားယူချိန်ဆိုသည်မှာ မရေရာ။

အိပ်ရာကနိုးလာသည်နှင့် ဖုန်းတစ်ချက် ဆက်ကာ တစ်ခွန်းပဲ ပြောသည်။

``ခြသေ့်လိုက်ဂူထဲ ရောက်ပြီ''

www.burmeseclassic.com

www.burmeseclassic.com

ကာဆောင်ကြီး ရောက်ပြီဆိုတာကို အချက်ပြလိုက်သည်နှင့် တစ်ပြိုင်နက်တည်း မြန်မာပြည်အတွင်းရှိ ကာဆောင်ကြီး၏ အတွင်းလူများက စတင်၍ ပေါ်ပေါ်တင်တင် လှုပ်ရှားတော့သည်။ မြေအောက်လှုပ်ရှားမှုကို မြေပေါ်လှုပ်ရှားမှုအဖြစ် တစ်ဆင့်တိုး အသွင်ပြောင်းလိုက်၏။

အနယ်နယ် အရပ်ရပ်ရှိ မြန်မာတပ်မတော် အတွင်းမှ ကာဆောင်ကြီး၏ အမာခံများကလည်း လမ်းပေါ်ထွက်လာကြသည်။ ပထမဆုံးအနေနှင့် မန္တလေးရှိ တပ်ဖွဲ့အားလုံးသည် လက်နက်ချကာ လူထုနှင့် ပူးပေါင်းသည်။ ကာဆောင်ကြီး၏ ပထမဆုံး ပြည်သူ့မိန့်ခွန်းကို မန္တလေးတွင် ပြောကြားခဲ့သည်။

``စစ်တပ်ဆိုတာ စစ်တိုက်ဖို့ပါ၊ သေနတ်ကို သေနတ်နဲ့၊ ဓားကို ဓားနဲ့ ခုခံတိုက်ခိုက်ရမယ်။ လက်နက်မဲ့ ပြည်သူတွေကို တိုက်ရင် အဲဒါ စစ်တပ်မဟုတ်။ လူသတ်ကောင်တွေပဲ´´

မန္တလေးမြို့လယ်ရှိ အားကစားကွင်းကြီး လေးဘက်လေးလံစလုံး လူတွေပြည့်ကျပ်နေ၏။ လေးဘက်လေးလံ ပွဲကြည့်စင်၊ မြက်ခင်းပြင်တို့တွင်သာမက ကွင်းပြင်ပတွင်ပါ လူပင်လယ်ကြီး။ ကြိတ်ကြိတ်တိုး စည်ကားနေ၏။

``စစ်တပ်ဆိုတာ တိုင်းပြည်ကို ကာကွယ်ဖို့ပါ၊ တိုင်းပြည်ကို အုပ်ချုပ်ဖို့ မဟုတ်ဘူး၊ တိုင်းပြည်ဆိုတာ လက်နက်နဲ့ အုပ်ချုပ်လို့ မရဘူး၊ ဦးနှောက်နဲ့ အုပ်ချုပ်ရတယ်၊ နှလုံးသားနဲ့ အုပ်ချုပ်ရတယ်´´

``ဖြောင်း... ဖြောင်း... ဖြောင်း...´´

လက်ခုပ်သံများ မန္တလေးတစ်မြို့လုံး ပွင့်ထွက်သွား၏။ ပြည်သူတွေက နှစ်ပေါင်းများစွာ စောင့်စားခဲ့ရသည့် အသံ။ ဆယ်စုနှစ်ပေါင်းများစွာ မျှော်လင့်နေရသည့် အမှန်တရား။ ထိုစကားတို့ကို တစ်ချိန်က တပ်မတော်၏ အကြီးဆုံး ရာထူးရှင် ကာဆောင်ကြီးဆီမှ ကြားနေရပြီ။

နှစ်အတန်ကြာ ပျောက်ကွယ်သွားပြီးမှ ကာဆောင်ကြီး ပြန်ပေါ်လာသည်။ လက်နက်နှင့် မဟုတ်။ စိတ်ဓာတ်ဖြင့်။ ပြည်သူကို စောင့်ရှောက်မည်ဆိုသည့် မြင့်မြတ်သော စိတ်ဓာတ်နှင့်။

``စစ်သားဆိုတာ စစ်တန်းလျားမှာပဲ နေရမယ်၊ တောထဲတောင်ထဲမှာပဲ နေရမယ်၊ အဲယားကွန်းခန်းထဲမှာထိုင်ပြီး လက်မှတ်ထိုးတဲ့အလုပ်က စစ်သားတွေရဲ့ အလုပ်မဟုတ်´´

ကာဆောင်ကြီး၏ အမိန့်ကို နားထောင်ရင်း တချို့မှာ ဂမ်းသာလွန်းသဖြင့် မျက်ရည်များ ဖြန်ဖြန်ကျကုန်၏။ တချို့မှာ အံ့သြလွန်းသဖြင့် ကြက်သီးများ ဖြန်းဖြန်းထကုန်၏။ မြန်မာပြည်သူတွေ ရှေ့တွင် မားမားမတ်မတ် ရပ်ပေးမည့် ခေါင်းဆောင်တစ်ယောက် ရရှိသွားလေပြီ။

ကာဆောင်ကြီးက စင်ပေါ်ကနေ လူတွေကို ကြည့်လိုက်၏။ လူတွေ တစ်ယောက်ချင်းစီ၏ မျက်လုံးတွေကို လိုက်ကြည့်သည်။ သူပြောနေတာတွေ အားလုံးက လျှာဖျားလေးနှင့် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com

ရင်ဘတ်ကြီးအပြည့်ဖြင့် ပြောနေခြင်း ဖြစ်၏။ သူ့ပတ်ပတ်လည်ရှိ လူတွေအားလုံးကလည်း နားဖျားလေးနှင့် နားထောင်နေသည် မဟုတ်။ ရင်ဘတ်ကြီးနှင့် နားထောင်နေကြသည်ဟု သူယုံ၏။

ကာဆောင်ကြီး အားတက်သွား၏။ တပ်မတော်၏ အခန်းကဏ္ဍများအကြောင်း ပြောသည်။ ချူကလီးယား အန္တရာယ်အကြောင်း ပြောသည်။ စစ်သားတစ်ယောက်အနေနှင့် နျူကလီးယား လက်နက် ပိုင်ဆိုင်လိုပါသော် လူသားများနှင့် သဘာဝပတ်ဝန်းကျင်အတွက် ဒုက္ခများစွာ ပေးမည့် လက်နက်ဖြစ်သဖြင့် လက်ရှောင်သင့်ကြောင်း၊ မြန်မာပြည်ကဲ့သို့ ဆင်းရဲသည့် နိုင်ငံတစ်နိုင်ငံအတွက် နျူကလီးယားလက်နက်ကြီး ရခဲ့လျှင်တောင် ထိန်းသိမ်းစရိတ်မှာ ကြောက်စရာ ကောင်းလောက်အောင် များကြောင်း၊ ဆင်းရဲသထက် ပိုဆင်းရဲသွားနိုင်ကြောင်းနှင့် ယခုအခါ ဘဂရုင်မင်းတြားကြီးမှာ အဆိုပါလက်နက်ရဖို့ လက်တစ်ကမ်းသာ လိုပါတော့ကြောင်း ပြောကြားလိုက်သည်။

တိတ်သွားသည်။ သိန်းပေါင်းများစွာ လူများအားလုံး တိတ်သွားသည်။ ဘဂရုင်မင်းတြားကြီးနှင့် နျူကလီးယားဆိုသည့် စကားများအောက်တွင် တိတ်သွားသည်။ အတွေးများ ကိုယ်စီနှင့် တိတ်သွားသည်။

မြန်မာပြည်သူတွေက ဒုံးမဝေး။ ချက်ဆို နားခွက်က မီးတောက်ပြီးသား။ နျူကလီးယားနှင့် ဘဂရုင်မင်းတြားကြီးဟု ပြောလိုက်တာနှင့် သဘောပေါက်သွားကြသည်။ ဘဂရုင်မင်းတြားကြီးသာ နျူကလီးယားလက်နက် ရသွားလျှင် မြန်မာပြည်ကြီး အာဏာရှင်လက်အောက်မှ ရာသက်ပန် လွတ်တော့မည်မဟုတ်ဆိုတာကို သဘောပေါက်ကြသည်။

``အခု ခင်ဗျားတို့ ရထားတဲ့ ဒီမိုကရေစီ ဆိုတာကြီးကလည်း ဘဂရုင်မင်းတြားကြီးက ဘီလူးကို မိတ်ကပ်လူးပြီး ပေးထားတဲ့ ဘီလူးဒီမိုကရေစီ၊ နျူကလီးယား လက်နက်ကြီးရရှိအောင် ကြိုးစားနေတဲ့ ကာလမှ ခင်ဗျားတို့တွေ သူ့ကိုမေ့သွားအောင် ထိုးဇာတ်ထည့်ထားတဲ့ ဒီမိုကရေစီ၊ တစ်နည်း ဇာတ်ကြမ်းကြီး မလာခင်စပ်ကြား ခဏတဖြုတ် အတီးအမှုတ်လေး အကအခုန်လေးနဲ့ အာရုံလွှဲထားတဲ့ ဒီမိုကရေစီပဲ၊ အခု အဲဒီ မိစ္ဆာလက်နက်ဆိုးကြီးကို အာဏာဘီလူးကြီးလက်ထဲ မရောက်အောင် တားဆီးရမယ်၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မရမက တားဆီးရမယ်၊ ဒီစင်ပေါ်မတက်လာခင် ကတည်းက အသက်စွန့်ဖို့ ဆုံးဖြတ်ပြီးသား။ အသေခံပြီးတော့ကို တားဆီးရမယ်´´

``ဖြောင်း... ဖြောင်း... ဖြောင်း... ဖြောင်း... ဖြောင်း... ဖြောင်း...´´

ကာဆောင်ကြီးသည် မိန့်ခွန်းကို အားနှင့်မာန်နှင့် ပြောနေပါသော်လည်း သတိလက်လွတ်မဟုတ်။ စကားလုံးတိုင်းကို အသေအချာ ဆင်ခြင်၍ ပြောသည်။ နျူကလီးယား စီမံကိန်းအကြောင်း ဖွင့်ထုတ်ရာတွင်လည်း အမေရိကန်၏ အကူအညီဆိုတာကို တစ်ခွန်းမှ မပြောခဲ့။ အခုချိန်တွင် ဖွင့်ချလိုက်ပါက အမေရိကန်နားရွက်ကို တံတွေး ဆွတ်လိုက်သကဲ့သို့ ဖြစ်သွားမည်။ နိုင်ငံတစ်ခုကို တော်လှန်ရေးလုပ်မည်ဆိုပါက နိုင်ငံတကာက ထောက်ခံဖို့လည်း

www.burmeseclassic.com

www.burmeseclassic.com

အရေးကြီးသည်။ မဟာအင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်သည့် အမေရိကန်လို နိုင်ငံမျိုး၏ ထောက်ခံမှုကသာ၍ အရေးကြီးသေး၏။

``အခု ကျွန်တော်တို့ လုပ်ရမှာက တစ်ခုပဲ၊ လူမျိုးမရွေး ဘာသာမရွေး မြန်မာပြည်တွင်း နေထိုင်သူတွေ လုပ်ရမှာ တစ်ခုပဲ၊ စစ်သားဂန်ထမ်း၊ ပြည်သူမရွေး လုပ်ရမှာက တစ်ခုပဲ၊ အဲဒါကတော့ အားလုံး ကျောချင်းကပ်ကာ စည်းစည်းလုံးလုံး ညီညွတ်ဖို့ရာပဲ၊ ညီစေနော်...´´

ကာဆောင်ကြီးက စင်မြင့်ထက်က တိုင်ပေးလိုက်သည်။ သိန်းပေါင်းများစွာသော လက်သီးများ လေပေါ်တက်လာ၏။

``ညီတယ်.. ညီတယ်´´

``ညီစေနော်...´´

``ညီတယ်... ညီတယ်´´

``ညီစေနော်...´´

``ညီတယ်.. ညီတယ်´´

ဘာလိုသေးသနည်း။ အားလုံး တစ်သွေးတည်း။ တစ်သားတည်း ဖြစ်နေပြီ။ ဘာလိုသေးသနည်း။ အဆုံးသတ် တိုက်ပွဲစဖို့သာ လိုတော့၏။

www.burmeseclassic.com

www.burmeseclassic.com

(၉)

``နျူကလီးယားလက်နက်ကြီး အဆင်သင့် ဖြစ်ပါပြီခင်ဗျာ´´

မြန်မာနိုင်ငံ အလံတပ် နျူကလီးယား လက်နက်တော်ကြီး လှည့်ပတ်ကြည့်သည်။ ပွတ်သပ်ကြည့်သည်။ ကြည့်ရင်း ကြည့်ရင်း ပီတိတွေ ဖြာလာကာ လျှာနှင့်ပင် လျက်ပစ်ချင်စိတ် ပေါက်လာ၏။

နျူကလီးယား လက်နက်ကြီး ရပြီ။ တကယ်ရပြီ။ အမှန်ရပြီ၊ အချိန်မဆိုင်း။ ဘဂရှင်မင်းတြားကြီးက အာကာသသိမ်းလိုက်ကြောင်းနှင့် နျူကလီးယား လက်နက်ကြီး ပိုင်ဆိုင်ပြီဖြစ်ကြောင်း တစ်ကမ္ဘာလုံးသို့ ကြေညာလိုက်သည်။ ဘဂရှင်မင်းတြားကြီး၏ ကြေညာချက် ပြီးဆုံးပြီးသည်နှင့် တစ်ကမ္ဘာလုံး သိမ့်သိမ့်တုန်သွား၏။

တော်ကြမည်၊ လုန်ကြမည်ဆိုသည့် ပြည်တွင်းရှိ လူအပေါင်းတို့လည်း ပါးစပ်ပိတ်ကုန်၏။ ကာဆောင်ကြီးပင် လက်နက်ချကာ သူ့ရှေ့သို့ ဒူးထောက်လာ၏။ ဘဂရှင်မင်းတြားကြီးက သူ့ရှေ့တွင် ဒူးထောက်ကာ တုန်တုန်ရင်ရင်ဖြင့် ကျွန်တော်မှားပါပြီဟု တောင်းပန်နေသည့် ကာဆောင်ကြီးကို ကြည့်ပြီး တစ်ချက်ပြုံးလိုက်သည်။

``ဘဂရှင်မင်းတြားကြီးဘဂမှာ ခွင့်လွှတ်တယ်ဆိုတာ မရှိဘူးကွ´´

ဟု စိတ်ထဲက ကြိမ်းဝါးလိုက်သည်။ သို့သော် ဒင်းက ဉာဏ်များသည်။ အသက်ပြင်းသည်။ သူများတွေ သတ်ခိုင်းလျှင် စိတ်မချရ။ ဒင်းကို ကိုယ်တိုင်ရှင်းရမည်။

အံဆွဲထဲက ခြောက်လုံးပြူးကို ထုတ်လိုက်သည်။ အဆိုပါ ခြောက်လုံးပြူးသည် ဘဂရှင်မင်းတြားကြီးကို တရုတ်ပြည်က အထူးလက်ဆောင် ပေးထားသည့် ရှားပါး ခြောက်လုံးပြူး ဖြစ်သည်။ သေနတ်တစ်လက်လုံးကို ရွှေချထားသည်။ ကမ္ဘာပေါ်တွင် သုံးလက်သာ ရှိပြီး နှစ်လက်မှာ တရုတ်ဂန်ကြီးချုပ်၊ စစ်ဦးစီးချုပ်တို့ထံတွင် ဖြစ်သည်။

ယခုကဲ့သို့ ရှားပါး သေနတ်ကြီးနှင့် အပစ်ခံရမှာကို ကာဆောင်ကြီးအနေနှင့် ဂုဏ်တောင်ယူသင့်သည်။

``ခွင့်လွှတ်တော်မူပါ ဘဂရှင်မင်းတြားကြီး၊ ခွင့်လွှတ်တော်မူပါ ဘဂရှင်မင်းတြားကြီး´´

ကာဆောင်ကြီးခမျာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ တောင်းပန်းနေရှာသည်။ ဘဂရှင်မင်းတြားကြီးက ခေါင်းကို ဖြည်းညင်းစွာ ရမ်းလိုက်ပြီ သေနတ်ခလုတ်ကို ဆွဲလိုက်ပါတော့သည်။

``ကလင်... ကလင်... ကလင်.... ကလင်´´

ဘယ့်နယ် သေနတ်က ဒိုင်းလို့မြည်ရမှာ မဟုတ်လား။ ဖုန်းသံကြီး ဘာလို့ မြည်နေပါလိမ့်...။

``ကလင်.... ကလင်... ကလင်... ကလင်...´´

www.burmeseclassic.com

www.burmeseclassic.com

သူ့ရှေ့တွင် ဒူးထောက်နေသည့် ကာဆောင်ကြီးလည်း ပျောက်သွားသည်။ လက်ထဲက ရွှေသေနတ်ကြီးလည်း ပျောက်သွားသည်။ မျက်လုံးဖွင့်ဖွင့်ချင်း မျက်နှာကြက်ကြီးကိုသာ မြင်နေမိသည်။

``ကလင်.... ကလင်... ကလင်... ကလင်...´´

ဖုန်းသံက မြည်နေဆဲ။ အိပ်ရာပေါ်က လူးလဲထကာ ဖုန်းကိုင်လိုက်သည်။ ဘဂရှင်မင်းတြားကြီး အိပ်ခန်းထဲက ဖုန်းသည် အရေးပေါ် ဖုန်းလိုင်းဖြစ်ကာ သာမန်ကိစ္စလောက်နှင့် ခေါ်ခွင့်မရှိ။

``ပြော...´´

``ဘဂရှင်မင်းတြားကြီး ခင်ဗျား၊ အရေးပေါ် လျှောက်တင်စရာ ရှိလို့ ဖုန်းခေါ်လိုက်တာပါ´´

``မိုးသောက်ပန်းလား...´´

``ဟုတ်.... ဟုတ်... ဟုတ်ပါတယ်´´

ဘဂရှင်မင်းတြားကြီး လျှောက်တင်ခိုင်းလိုက်၏။ မိုးသောက်ပန်းက

``ဖွဲ... ဖွဲ... ဖွဲမောင် လေ...´´

ဟု ဆိုပြီး ထစ်နေသည်။

``အေး... ဖွဲမောင် ဘာဖြစ်လို့လဲ´´

``ဖွဲမောင် အဖမ်းခံနေရတယ်´´

``ဘာ...´´

ကန်တစ်ကန်ကို အစပြုကာ ဖွဲမောင်နှင့် ရွှေမင်းသမီးလေးတို့သည် ရန်ကုန်မှ ကချင်ပြည်နယ်ထိ တက်သွား၏။ ဘေးနားတွင် ရယ်ပြုံးစုပေးမည့် ရွှေမင်းသမီးလေးလည်း ပါ။ အဆင်အမြဲ လန်းဆန်းစေမည့် ဓာတုဆေးပြားလေးများလည်း ပါ။ ကားကလည်း တွေ့သမျှလူတိုင်း ရှိခနဲဖြစ်သွားစေမည့် ကြယ်ပွင့်တံဆိပ်လေးလည်း ပါ၊ ဘာလိုသေးသနည်း။ ဖွဲမောင်မှာ ကိုယ့်ဘဂကို ကိုယ် အလွန်သဘောကျနေ၏။ သူ့ဇာတိမြို့လေးကို မတွေ့မချင်း ရေကန်တွေ တစ်ကန်ပြီးတစ်ကန် ရှာမည်။ တွေ့ခဲ့ပါက ဇာတိရွာလေးတွင် ရွှေမင်းသမီးလေးနှင့် ဇာတ်မြုပ်ကာ ရာသက်ပန် နေထိုင်သွားမည်။

တစ်ယောက်က ပိုက်ဆံအိတ်တွေ မိတ်ကပ်တွေကလွဲလို့ ဘာမှမသိသည့် ရွှေမင်းသမီး၊ တစ်ယောက်က ဓာတုဆေးပြားတွေ ဓာတ်ခွဲလိုက်၊ ဓာတုလက်နက်တွေ ဓာတ်ပေါင်းလိုက်ကလွဲပြီး ဘာမှမသိသည့် ပညာရှင်။ အကယ်၍ မြန်မာနိုင်ငံရေးအကြောင်း ငါးပြားဖိုးလောက် စိတ်ဝင်တစား လေ့လာဖူးပါက ယခုလို မိုက်ရူးရဲဆန်ဆန် အလုပ်မျိုး လုပ်ဖြစ်ကြမည် မဟုတ်။

သူတို့နှစ်ယောက်၏ ကြယ်ပွင့်တပ် နောက်ဆုံးပေါ်ကားကြီးကို လမ်းတစ်လျှောက်ရှိ ဂိတ်များ၊ အစောင့်များက ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သည်ဆိုသည်မှာ မှန်သည်။ သို့သော် မြစ်ကြီးနားအထိသာ။ မြစ်ကြီးနားကို ကျော်လွန်၍ အထက်သို့ တက်သွားသည့်အခါ...

www.burmeseclassic.com

www.burmeseclassic.com

မြန်မာစစ်တပ်နှင့် အကြိတ်အနယ် ဆော်ပလော်တီးနေသည့် ယခုကဲ့သို့ အချိန်မျိုးတွေ သူတို့၏ နယ်မြေအတွင်းသို့ မြန်မာ့စစ်တပ်၏ ကြယ်ပွင့်တံဆိပ်ကပ် ကားတစ်စီးက နေ့ခင်းကြောင်တောင်ကြီး ခပ်တည်တည် မောင်းဝင်လာ၏။ ကချင်တပ်က အရာရှိတချို့ပင် နည်းနည်းကြောင်သွားသည်။ သူတို့ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ရောက်လာသည့် ကိုယ်စားလှယ်ဟုပင် ထင်မိကြသေးသည်။ ထို့ကြောင့် အထက်ခေါင်းဆောင် အဆင့်ဆင့်သို့ အစီရင်ခံရသေး၏။ အထက်က ဆရာသမားများက မြန်မာစစ်တပ်နဲ့ ငြိမ်းချမ်းရေး စကားပြောဖို့ရာ မရှိဆိုသည့် အဖြေရမှသာ အဆိုပါကားကို သေနတ်များနှင့် ဝိုင်းလိုက်၏။

ဖွဲ့မောင်က သူ့ကားပတ်လည်ကို စစ်သားများ ဝိုင်းလာသည်ကို တွေ့သည့်အခါ သူ့ကို လာရောက်နှုတ်ဆက်ကြသည်အထင်နှင့် လက်ပြလိုက်သေး၏။ သူသိသည်က လက်နက်လည်း ကိုင်ထားသည်။ ယူနီဖောင်းလည်း ဝတ်ထားသည်။ ဒါဆိုလည်း မြန်မာ့တပ်မတော်ပဲဟုသာ တစ်ထစ်ချ တွက်ထား၏။ ထို့ကြောင့် ကားပေါ်မှနေ သူ၏ ကိုယ်ပိုင်အမှတ်နှင့် ဗိုလ်မှူးကြီးဖြစ်ကြောင်းပင် ကြွားလိုက်သေးသည်။

သို့သော် အောက်က လက်နက်ကိုင်များက သူ့ကို မလေးမစားလုပ်သည်။ အရှိအသေ မပေးသည့်အပြင် သူ့ကို ကားပေါ်မှ အတင်းဆွဲချသွား၏။ သူ၏ ရွှေမင်းသမီးလေးကိုလည်း ခေါ်သွားကြ၏။ ထို့နောက် သူ့ကို အခန်းတစ်ခန်းထည့်ကာ သီးသန်းခွဲထားလေတော့သည်။

ဘဂရှင်မင်းတြားကြီးသည် ခေါင်းမီးတောက်လေပြီ။ ယခုကဲ့သို့ သေရေးရှင်းရေး အရေးကြီးနေသည့်အချိန်တွင် ဖွဲ့မောင်ဆိုတဲ့ ကောင်က ဘာစိတ်ဖောက်ကာ ကချင်ပြည်နယ်ထဲ သွားသည်မသိ။ မိုးသောက်ပန်းကလည်း သူ့အပြစ်ဖြစ်မည်ဖြစ်သဖြင့် ရွှေမင်းသမီးလေးနှင့် ထွက်သွားသည့်အခန်းကို ထိန်ချန်ကာ ကချင်တွေ ဖမ်းထားသည်ဟုသာ သတင်းပို့ထား၏။

တိုင်းပြည်က အခြေအနေ သိပ်မကောင်း။ ဘဂရှင်မင်းတြားကြီး လက်ထဲသို့ နျူကလီးယား မြန်မြန်ရောက်ဖို့ အရေးကြီးသည်။ နျူကလီးယား လက်နက်ရဖို့အတွက် ဖွဲ့မောင် ရှိဖို့လိုသည်။ ယခုအချိန်တွင် ဖွဲ့မောင်ထိသူ ဘုံရန်သူ ဖြစ်ပြီသာ မှတ်ပေတော့။

တော်လတ်ကလည်း အိမ်တော်တွင် ပွက်ပွက်ဆူနေပြီ။ ကချင်တွေဆီ ကိုယ်တိုင်လိုက်ကာ အချစ်အတွက် အသက်စွန့်မယ် တကဲကဲနှင့် ထိန်းမနိုင် သိမ်းမရဖြစ်နေ၏။ ဘဂရှင်မင်းတြားကြီးလည်း မနေသာတော့။ ဗိုလ်ချုပ်မှူးကြီးကို သူ့ရှေ့ ချက်ချင်း ခစားစေ၏။

``ကဲ... မောင်ရင့်တပ်မှာ ရှိသမျှ ကြည်း၊ ရေ၊ လေ အကုန်လုံးကို ကချင်ပြည်ကို ထိုးစစ်ဆင်ကြဖို့ တပ်လှန့်လိုက်ပေတော့...´´

``ဗျာ...´´

ဗိုလ်ချုပ်မှူးကြီးဆိုသူက ကိုယ့်နားကိုပင် ကိုယ် မယုံနိုင်။ မန္တလေးရှိ တပ်အချို့ ဆန္ဒပြသူများနှင့် ပူးပေါင်းသွားသည့်ကိစ္စနှင့် ပတ်သက်ပြီး ဘဂရှင်မင်းတြားကြီးက သူ့ခေါ်ကြိမ်းသည်ဟု ထင်ထားခဲ့ခြင်း ဖြစ်သည်။ ယခုတော့ ကချင်ပြည်သို့ ထိုးစစ်ဆင်ရမည်ဆိုပဲ။

www.burmeseclassic.com

www.burmeseclassic.com

``ဟို... ဟို... ဘဂရင်မင်းတြားကြီးခင်ဗျား´´

စစ်တပ်တွင် အရေးကြီးဆုံးမှာ အမိန့်ဟူသမျှ နာခံကြ၏။ စောဒက တက်ခွင့်မရှိ။ ဘဂရင်မင်းတြားကြီးကဲ့သို့သော ပုဂ္ဂိုလ်ကြီးမျိုး၏ အမိန့်ဆို ပိုလို့ပင် အရေးကြီးသေး၏။ ပြားပြားဝပ်ကာ နာခံရမည်။ သို့သော် ဗိုလ်ချုပ်မှူးကြီးခမျာ ခေါင်းခြောက်နေ၏။ ကချင်ပြည်သို့ ကြည်းကြောင်း၊ လေကြောင်းက ချီတက်တာတော့ ဟုတ်ပါပြီ။ ရေကြောင်းက မည်သို့ ချီတက်ရမည်နည်း။

``ရေ... ရေတပ်က ကချင်ပြည်နယ်ထဲကို ချီတက်လို့ မရ... ရ... ရ´´

``ဟိတ်...´´

ဘဂရင်မင်းတြားကြီးက ဟောက်လိုက်သည်နှင့် ဗိုလ်ချုပ်မှူးကြီးက တိတ်သွား၏။

``ငါက ကြည်း၊ ရေ၊ လေ အကုန်တက်ဆို မရရတဲ့နည်းနဲ့ တက်၊ ရေဘူးပေါက်တာ မလိုချင်ဘူး၊ ရေပါတာပဲ လိုချင်တယ်၊ သင်္ဘောတွေ တက်စရာ ရေမရှိရင် ရှိသမျှ သင်္ဘောတွေကို ဘီးတပ်ပြီး ချီတက်ခိုင်းကွာ၊ လျှာမရှည်နဲ့ မင်းပခုံးပေါ်က ကြယ်တွေ မတွေ့ချင်တော့ဘူးလား´´

``မ... မ... မဟုတ်ပါဘူးဗျ... ဗျ၊ အမိန့်တော်အတိုင်း အခုပဲ ဆောင်ရွက်ပါ့... ပါ့မယ်´´

``နေဦး... ကချင်က သေနာတွေကို အခုချက်ချင်း လေယာဉ်တွေနဲ့ ဗုံးကြဲပြလိုက်၊ ပြီးရင် ငါကိုယ်တိုင် ဒင်းတို့ဆီဖုန်းဆက်ပြီး ငါ့သမက်လောင်းကို လွှတ်မလား မလွှတ်ဘူးလား၊ မလွှတ်ရင်တော့ ဒင်းတို့တစ်တွေ ငါ့အကြောင်း ကောင်းကောင်း သိစေရမယ်´´

ဗိုလ်ချုပ်မှူးကြီးက အမိန့်တော်အတိုင်း ရုံးသို့ပြန်ရောက်သည်နှင့် ရှိသမျှ လေယာဉ်များ လွှတ်ကာ ကချင်လက်နက်ကိုင်များ အခြေစိုက်ရာသို့ ဗုံးမိုးတွေ ရွာပစ်လိုက်၏။

ကချင်စစ်တပ်ကလည်း ပျာပျာသလဲ ဖြစ်သွား၏။ မြန်မာတပ်နှင့် နှစ်ပေါင်းများစွာ အီလေးဆွဲ စစ်ပွဲကြီးများ အကြိမ်ကြိမ် ဆင်နွှဲဖူးပါသော်လည်း ယခုတစ်ခေါက်လောက် လေယာဉ်ပျံများ၊ ဗုံးများ မမြင်ဖူးခဲ့။ ဗိုလ်ချုပ်မှူးကြီးဆိုသူကလည်း သူ့ကြယ်လေးများ ကြွေမကျ မြေမခဖို့အရေး လိုတာထက်ပိုကာ တာဝန်ကျေလိုက်၏။ ရုရှားမှ ဝယ်ထားသည့် တိုက်လေယာဉ်များ၊ တရုတ်က လက်ဆောင်ပေးထားသည့် တိုက်လေယာဉ်များ ရှိသမျှ အကုန်ထွက်ကာ တိုက်စေဟု အမိန့်ပေးလိုက်သည်။ ဂိုထောင်ထဲက ပြင်လက်စ တိုက်လေယာဉ်အစုတ်များပါမချန် အကုန်ထွက်တိုက်စေ၏။

ကချင်စစ်တပ်က ပျာပျာသလဲ ဖြစ်သွားသကဲ့သို့ ဒေါ်သလည်း မတရားထွက်ကုန်၏။ သူတို့လက်ထဲက မြန်မာဗိုလ်မှူးဆိုသည့် ကောင်ကို လည်ပင်းဖြတ်သတ်ရင် ကောင်းမလား၊ သေနတ်နှင့် ပစ်သတ်ရင် ကောင်းမလား၊ ကြိုးကွင်းစွပ်သတ်လျှင် ကောင်းမလားဟူ၍ပင် အကြိတ်အနယ် ဆွေးနွေးနေကြပြီ။ သို့သော် အဆိုပါ ဆွေးနွေးပွဲများ အထမမြောက်ခဲ့။ ဆွေးနွေးပွဲမဆုံးခင်မှာပင် ဖုန်းဝင်လာသည်။ ဘဂရင်မင်းတြားကြီးထံမှ။

www.burmeseclassic.com

www.burmeseclassic.com

ကချင်ခေါင်းဆောင်လည်း အတန်ငယ် ဖြုံသွားသည်။ သူတို့အနေနှင့် မြန်မာစစ်တပ် အသိုက်အဝန်း လူတော်တော်များများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးလိုက် စစ်တိုက်လိုက် အကြိမ်ကြိမ် တွေ့ဖူးသည်။ ဘဂရှင်မင်းတြားကြီးဆိုသူနှင့်တော့ တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသလို စကားပင် မပြောဖူးခဲ့။ ဘဂရှင်မင်းတြားကြီး ပြောတာက ရှင်းသည်။ တိုက်လေယာဉ်တွေက ပမာဏပဲ ရှိသေးကြောင်း၊ ယခုဆို ကြည်း၊ ရေ၊ လေ စစ်ကြောင်း အကုန်လုံး ကချင်သို့ ဦးတည်ချီတက်နေပြီ ဖြစ်ကြောင်း၊ အခုချက်ချင်း သူတို့ဖမ်းထားသည့် မြန်မာစစ်ဗိုလ်ဆိုသူကို လွှတ်စေလိုကြောင်း၊ ထိုစစ်ဗိုလ်မှာ သာမန်စစ်ဗိုလ် မဟုတ်ကြောင်း၊ သီဟသူရဘွဲ့ ရ ဗိုလ်မှူးကြီးဖြစ်သလို သူ့သမီးတော်နှင့် စေ့စပ်ထားသူဖြစ်ကြောင်း တရစပ် ပြောသွားသည်။

ကချင်ခေါင်းဆောင် စဉ်းစားရပြီ။ မတွေ့ဖူးသော်လည်း ဘဂရှင်မင်းတြားကြီးအကြောင်း ကောင်းကောင်းသိသည်။ ပြောလျှင် ပြောသည့်အတိုင်း လုပ်မည့်သူ။ တကယ့်တကယ်လည်း မြန်မာစစ်တပ်က အင်တိုက်အားတိုက် တိုက်ခိုက်လာပါက သူတို့တွင် ခုခံနိုင်သည့် လက်နက်အင်အား မရှိ။ ထို့အပြင် ဘဂရှင်မင်းတြားကြီး၏ ကျေးဇူးများက တိုက်ရိုက်မဟုတ်သော်လည်း သွယ်ဝိုက်သောနည်းဖြင့် ရှိခဲ့ဖူးသည်။ မြန်မာစစ်တပ်များနှင့် ကြိုးကြား ကြိုးကြား ဖျင်းကြသည်မှာ မှန်သော်လည်း တစ်ယောက်နှင့်တစ်ယောက် အပြုတ်တိုက်ခဲ့သည်ဟူ၍ မရှိ။ တစ်ဖွဲ့နှင့် တစ်ဖွဲ့ အားစမ်းကြရုံသာ ရှိသည်။ ကချင်တပ်ကလည်း မြန်မာတပ်ရှိသည့်အတွက် မြန်မာတွေကို တော်လှန်မည်ဟု အကြောင်းပြကာ ပြည်နယ်အတွင်း ဆက်ကြေးကောက်သည်။ သယံဇာတတွေ ထုတ်ယူသည်။ လက်နက်တွေ ဝယ်သည်။ ပညာတတ်စရာ မလို။ လက်နက်ရှိနေသမျှ အနေအစား ချောင်သည်။ တိုင်းရင်းသား လွတ်မြောက်ရေးဟု တကြော်ကြော် ဟစ်ကြွေးကာ ကိုယ့်မိသားစု ကောင်းစားရေးသာ လုပ်ကြသည်။

တကယ်တော့လည်း သူတို့မိသားစုသည်လည်း တိုင်းရင်းသားများပင်။ သူတို့မိသားစု ကောင်းစားပါက တိုင်းရင်းသားများ ကောင်းစားသည်နှင့် အတူတူပင် မဟုတ်လား။

ဘဂရှင်မင်းတြားကြီးတို့ဘက်ကလည်း တရားဝင် သဘောတူထားသည် မဟုတ်သော်လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကို ဘယ်တော့မှ မျိုးမဖြုတ်၊ တိုင်းရင်းသားလက်နက်ကိုင်များ ရှိနေ၍သာ တိုင်းပြည်ကြီး၏ လုံခြုံရေး ရတက်မအေးရပါဟု အကြောင်းပြ၍ တပ်မတော်ကြီးကို တောင့်သထက်တောင့်အောင်၊ တင်းသထက် တင်းအောင် ဖွဲ့မည်။ တပ်မတော်ကြီး လက်နက်တောင့်လေလေ ဘဂရှင်မင်းတြားကြီး သက်ဆိုးရှည်လေလေ မဟုတ်လား။ တကယ်တမ်း လက်ရှိအင်အားဖြင့်ပင် လက်နက်ကိုင်အဖွဲ့များကို အပြုတ်တိုက်ချင်ပါက တိုက်နိုင်သည်။

ဒါကို ကချင်ခေါင်းဆောင်က သဘောပေါက်သည်။ ဘယ်လိုလုပ်ပြီး ဘဂရှင်မင်းတြားကြီး၏ သမက်လောင်းကိုမှ သူ့ကောင်တွေက ဖမ်းထားရသနည်း။ ပြန်မလွှတ်ပါက တကယ်

www.burmeseclassic.com

www.burmeseclassic.com

မျိုးဖြုတ်မည့်ပုံ။ ထို့ကြောင် ဘဂရှင်မင်းတြားကြီးကို အမြန်တောင်းပန်လိုက်၏။ ဘဂရှင်မင်းတြားကြီး ကမ်းလှမ်းသည့် ကျောက်စိမ်းတွင်းနှင့် ကျွန်းသစ်တောများကို ဂမ်းမြောက်ဂမ်းသာ လက်ခံပါကြောင်းနှင့် နှစ်ဦးနှစ်ဖက် စစ်ဖြစ်ပါက ကောင်းကျိုးမရှိကြောင်း၊ အခုချက်ချင်းပင် ဘဂရှင်မင်းတြားကြီး၏ သမက်လောင်းကို နီးစပ်ရာ မြန်မာ့တပ်မတော်ဌာနချုပ်သို့ ပို့ပေးမည်ဖြစ်ကြောင်း၊ အခုပြောနေရင်းနှင့်ကို ပို့လိုက်ပြီဖြစ်ကြောင်း၊ လွန်တာရှိ ဂန္ဒာမိပါကြောင်း ပြောရင်း ဖုန်းချလိုက်၏။

သိပ်မဆိုး။ ဘဂရှင်မင်းတြားကြီး၏ လေယာဉ်မှူးများ လက်စွမ်းပြ ဗုံးကြဲသွားသည်မှာ ကချင်လက်နက်ကိုင် အခြေစိုက် စခန်းများမဟုတ်။ ကချင်ပြည်သူများ နေထိုင်ရာ ကျေးရွာများသာ ဖြစ်သည်။ ကချင်တပ်များကို ထိခိုက်မှုမရှိ။ အခုဆို သူတို့၏ အိမ်များအပေါ် ရက်ရက်စက်စက် ဗုံးကြဲခဲ့သည့် မြန်မာစစ်တပ်ကို ကချင်ပြည်သူ ပိုမိုရွံရှာ မုန်းတီးနေတော့မည်။ မြန်မာတွေကို မုန်းတီးလေလေ ကချင်လက်နက်ကိုင်များကို အားကိုးလေလေ။

ထို့အပြင် ဘဂရှင်မင်းတြားကြီးက ကချင်ပြည်နယ် တစ်ပှမ်းရှိ ကျောက်စိမ်းတွင်းများနှင့် ကျွန်းသစ်တောများကို လက်ဆောင်အဖြစ် ကချင်တပ်များကို ရွှေစိတ်တော်ကျ လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ကတိပေးခဲ့သေးသည်။ ထိုအခါ ကချင်ခေါင်းဆောင်ကြီးလည်း မနေသာတော့။ သူ့ရှေ့တွင်သာ ဘဂရှင်မင်းတြားကြီး ရှိပါက ပါးကို ဘယ်ပြန်ညာပြန် တရွှတ်ရွှတ်နမ်းကာ ကျေးဇူးတင်စကားများပင် ပြောမိလေမည်။

ဖွဲ့မောင်ကို နေပြည်တော် စစ်ဌာနချုပ်က အထူးလေယာဉ်ဖြင့် ချက်ချင်း သွားခေါ်သည်။ ထို့နောက် ချူကလီးယား စက်ရုံသို့ အမြန်ပို့ပေးလိုက်၏။ ချူကလီးယား စက်ရုံတွင် ဘဂရှင်မင်းတြားကြီးကိုယ်တိုင် စောင့်နေသည်။

ဖွဲ့မောင်ကို ပြန်တွေ့သည့်အခါ ဘဂရှင်မင်းတြားကြီးက ထွေထွေထူးထူး ဘာမှမပြော။ တစ်ခွန်းသာ။

``အခုချက်ချင်း ချူကလီးယား လက်နက်ရဲ့ နောက်ဆုံးအဆင့်ကို လုပ်ပေးပါ´´

အချိန်ဆွဲလို့ မဖြစ်တော့။ အဆုံးသတ် တိုက်ပွဲ စရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

## NUCLEAR + 1

## (၁)

အချိန်ဆွဲနေလို့ မရတော့။ အဆုံးသတ်တိုက်ပွဲ စရတော့မည်။

မန္တလေးမှာတော့ တပ်နှင့်ပြည်သူ လက်တွဲဖြုံခဲ့ပြီ။ တစ်သွေးတည်း တစ်သားတည်း ဖြစ်ခဲ့ပြီ။ ဖြစ်ဆို မန္တလေးရှိ ဗျူဟာမှူးများ၊ တပ်ရင်းမှူးများ အားလုံးသည် ကာဆောင်ကီးလက်ထွက်များ ဖြစ်သကဲ့သို့ ကာဆောင်ကြီးကိုလည်း အလွန်မှ ကြည်ညိုကြသူများ ဖြစ်သည်။ တကယ်တော့ မြန်မာတပ်မတော်တစ်ခုလုံးရှိ တပ်သား ဗိုလ်မှူးမရွေး ကာဆောင်ကြီးကို ချစ်ခင်ရှိသေကြသူများချည်းသာ။ သို့သော် နီးရာဓားကို ကြောက်နေရသဖြင့် တချို့က ကာဆောင်ကြီးနှင့် ပေါ်ပေါ်တင်တင် မပူးပေါင်းရဲကြခြင်းပင်။

ထိုတချို့ထဲတွင် ရန်ကုန်ရှိ တပ်များလည်း ပါဝင်၏။ ကာဆောင်ကြီး သိသည်။ မန္တလေး တစ်မြို့တည်း ပူးပေါင်းရုံနှင့် ဘဂရှင်မင်းတြားကြီးကို ပခုံးချင်းယှဉ်လို့ ရဦးမည်မဟုတ်။ ဘဂရှင်မင်းတြားကြီးထံတွင် အနီးကပ် တပ်ဖွဲ့များ၊ လျှို့ဝှက်အမာခံအဖွဲ့များ ရှိသေးသည်။ ထိုတပ်များက မြန်မာတစ်ပြည်လုံး ရှိရှိသမျှ တပ်များတွင် ကိုင်ဖူးဖို့ မဆိုထားနှင့် မြင်တောင်မမြင်ဖူးသည့် လက်နက်ဆန်းများ တပ်ဆင်ထားသည့် တပ်များဖြစ်သည်။

ထိုအဖွဲ့များကို ဖြိုမည်ဆိုလျှင် ရန်ကုန်ကို မဖြစ်မနေ အိတ်ထဲထည့်ထားနိုင်ဖို့ လိုသည်။ ရန်ကုန်မြို့ရှိ ပြည်သူကိုတော့ ကောင်းကောင်း စည်းရုံးနိုင်ခဲ့သည်။ တပ်များကို စည်းရုံးဖို့ ကျန်သည်။ သို့သော် မိမိအထက်အရာရှိ၏ အမိန့်ကိုသာ နာခံရမည်ဆိုသည့် သံမဏိစည်းကမ်းကို မြန်မာ့စစ်သားများ၏ အသည်းထဲသို့ ရိုက်ထည့်ပေးထားသည်။ ကာဆောင်ကြီးတွင် တရားဝင် အာဏာမရှိ။ ထို့ကြောင့် အာဏာရှိသူ၏ အမိန့်ကိုသာ နာခံနိုင်မည်ဆိုသဖြင့် ကာဆောင်ကြီး အနေနှင့် စည်းရုံးရ ခက်နေသည်။

တစ်ချိန်တည်းလိုလိုမှာလည်း ကာဆောင်ကြီး၏ ကောင်းသတင်းများသည် ပြည်တွင်းတွင်သာမက ပြည်ပနိုင်ငံများထိ ထိုးဖောက်ကျော်ကြားလျက် ရှိသည်။ တစ်ကမ္ဘာလုံးက ကာဆောင်ကြီးနှင့် ဘဂရှင်မင်းတြားကြီးတို့၏ အားပြိုင်မှုကို စောင့်ကြည့်နေကြ၏။ ဒီမိုကရေစီ အစိုးရဆိုသည့် ဂန်ချုပ်ကြီး၏ အစိုးရအဖွဲ့မှာတော့ ကသောင်းကနင်းနှင့် ပျက်လုနီးပါ ဖြစ်နေပြီ။ နေပြည်တော်အတွင်းတွင်သာ အာဏာရှိတော့သဖြင့် နေပြည်တော်အစိုးရဟူ၍တောင် မီဒီယာများက သရော်နေကြသည်။

ကမ္ဘာကျော် တိုင်းမ် မဂ္ဂဇင်းကြီးလည်း ကာဆောင်ကြီးကို `ပြည်သူ့ဗိုလ်ချုပ်´ ဟု ခေါင်းစဉ်တပ်ကာ မျက်နှာဖုံးတွင် ဖော်ပြ၍ ဂုဏ်ပြုခဲ့သည်။ ပြည်တွင်းရှိ ဖေ့ဘုတ်စာမျက်နှာများတွင်လည်း ကာဆောင်ကြီးအကြောင်း အကျယ်တဝင့် ဆွေးနွေးကြ၊ ထောက်ခံကြ၊ ကန့်ကွက်ကြနှင့် ပွက်လောရိုက်နေ၏။ မြန်မာ့သမိုင်းတွင် ရှားမှရှား ပြည်လုံးကျွတ်

www.burmeseclassic.com

www.burmeseclassic.com

အရေးတော်ပုံကြီးဟု ကင်ပွန်းတပ်ကြသည်။ ခေတ်သစ် ၁၃၈၈ ပြည့် အရေးတော်ပုံဟု ခေါ်သူက ခေါ်ကြသည်။

နာမည်အတုများ၊ ကလောင်ပုက်များနှင့် အကောင့်ပိုင်ရှင် တချို့ကတော့ ကာဆောင်ကြီးကို ဂေဖန်နေကြသည်။ ကာဆောင်ကြီးသည် စစ်သားဖြစ်သည့်အတွက် ကာဆောင်ကြီး တက်လာပါက စစ်အုပ်ချုပ်ရေးစနစ်သာ ဖြစ်မည်ဟု ထော်ကပြကြ၏။ ပြည်သူတွေနှင့် သွေးခွဲ၏။

သို့သော် မရ။ လူတွေကလည်း ကာဆောင်ကြီးသည် မည်သို့ လူစားမျိုးဆိုသည်ကို သိသည်။ စစ်သားတော့ စစ်သားပဲ။ သို့သော် ရှားမှရှား စစ်သားဖြစ်သည်ကို လူတွေအကုန်လုံး သိကြ၏။ ကာဆောင်ကြီးဘဝတွင် အာဏာကို ဘယ်တုန်းကမှ အလွဲသုံးစား လုပ်ခဲ့ခြင်း မရှိ။ ပိုင်ဆိုင်မှုဟူ၍လည်း များများစားစား မရှိ။ ယနေ့ထက်တိုင် ကိုယ်ပိုင်အိမ်မရှိ။ စစ်တန်းလျားများတွင်သာ ဘဝကို မြှုပ်နှံခဲ့သူ။ စကားတစ်ခွန်းကို ရှေ့တစ်မျိုး နောက်တစ်မျိုး ပြောတတ်သူမဟုတ်။ ဘဂရှင်မင်းတြားကြီးကို အပြုတ်ချပြီးပါက ပြည်သူလက်ထဲသို့ အာဏာကို အပြီးအပ်မည်ဆိုသည့် စကားကို အကြွင်းမရှိ ယုံကြည်ကြသည်။ ထို့ကြောင့် ကာဆောင်ကြီး ခင်းပေးမည့်လမ်းကိုသာ တညီတညွတ်တည်း လျှောက်ရန် ပြည်သူအများစုက သန္နိဋ္ဌာန် ချထား၏။

ရန်ကုန်အခြေစိုက် တပ်နှင့် အကြိမ်ကြိမ်အခါခါ ဆွေးနွေးပြီးသည့်အခါ သဘောတူညီမှုတစ်ခု ရခဲ့သည်။ ကာဆောင်ကြီးနှင့် တရားဝင် မပူးပေါင်းနိုင်သော်လည်း ကာဆောင်ကြီး ဦးဆောင်သည့် တော်လှန်ရေးကြီးကို တစ်စုံတစ်ခု နှောင့်ယှက်မည်မဟုတ်။ ကြားနေကာ စောင့်ကြည့်ပေးမည်ဟု ကတိပြု၏။ ကာဆောင်ကြီးတို့ဘက်ကလည်း ရန်ကုန်မြို့တွင် အဖျောက်အမှောင့် ဆူပူမှုများ မဖြစ်စေဘဲ ငြိမ်းချမ်းစွာ ဆန္ဒပြမည်ဟု ပြန်လည် ကတိပြုခဲ့သည်။

ကာဆောင်ကြီး စဉ်းစားရပြီ။ သူ့ထံတွင် အချိန်သိပ်မရှိ။ အပြီးသတ်တိုက်ပွဲကို အမြန်စရမည်။ ပြည်သူအပေါင်း၏ စိတ်ဓာတ်က အမြင့်ဆုံးထိ တက်ကြွနေကြပြီ။ အဆုံးသတ်ဖို့ အချိန်ကောင်းပင်။ ထို့ကြောင့် နောက်ဆုံးတိုက်ပွဲနေ့ကို အနီးဆုံး သတ်မှတ်ကာ ပြည်သူများကြားထဲသို့ ကြေညာလိုက်ပြီ။

မနက်ဖြန်။

မနက်ဖြန်မှ စတင်ကာ နေပြည်တော်သို့ အဖွဲ့နှစ်ဖွဲ့ ချီတက်မည်။ ပထမအဖွဲ့သည် ရန်ကုန်မှ နေပြည်တော်။ ဒုတိယအဖွဲ့သည် မန္တလေးမှ နေပြည်တော်။ နေပြည်တော်တွင် အဖွဲ့နှစ်ဖွဲ့ပေါင်း ဆုံကာ ဘဂရှင်မင်းတြားကြီး အိမ်တော်ကို ဝိုင်းမည်။ ပြည်သူများထံတွင် လက်နက်ချဖို့ တောင်းဆိုမည်။ တစ်စုံတစ်ခု ခုခံလာပါက မန္တလေးအဖွဲ့နှင့် အတူပါလာမည့် စစ်သားများနှင့် ပြန်လည်တိုက်ခိုက်မည်။

ရန်ကုန်အဖွဲ့ကို ကာဆောင်ကြီး ဦးဆောင်ချီတက်မည်။ မန္တလေးအဖွဲ့ကိုတော့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တပ်ရင်းမှူးကိုယ်တိုင် ဦးဆောင်မည်။ လမ်းတစ်လျှောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com

မြို့များက ပြည်သူများတပ်ဖွဲ့များကို ပူးပေါင်းဖို့ စည်းရုံးမည်။ နေပြည်တော်သို့ ငါးရက်အတွင်း ရောက်အောင် ချီတက်မည်။

www.burmeseclassic.com

www.burmeseclassic.com

(၂)

``သာဓု... သာဓု... သာဓု....´´

စင်မြင့်ထက်ကနေ ဆရာတော်ဘုရားကြီးများက သရဏဂုဏ် တင်ပေး၏။

ကာဆောင်ကြီး အပါအဝင် သိန်းပေါင်းများစွာသော ပြည်သူများက ညီညီညွတ်ညွတ် ဦးသုံးကြိမ်ချလိုက်၏။ ထို့နောက် ကာဆောင်ကြီးက စင်မြင့်ထက်သို့ တက်သွားသည်။ လက်ခုပ်သံတဖြောင်းဖြောင်းက ကြားရသူအပေါင်း ကြက်သီးထစရာ။

ကာဆောင်ကြီးက မိုက်ခရိုဖုန်းကို ကိုင်ကာ လက်ပြလိုက်သည်။ တိတ်သွားသည်။ ငြိမ်သွားသည်။ သိန်းပေါင်းများစွာသော လူထုကြီးသည် မယုံကြည်နိုင်လောက်အောင် တိတ်သွားသည်။ ပုရွက်ဆိတ်တစ်ကောင် ချော်လဲရင်တော့ အသံအကျယ်ကြီး ထွက်လာနိုင်သည်အထိ တိတ်သွား၏။ သူတို့မျှော်နေသည့် ကာဆောင်ကြီး မိန့်ခွန်းသံကို သောတဆင်ရတော့မည် မဟုတ်လား။

ကာဆောင်ကြီးက မိန့်ခွန်းကို ရှည်ရှည်ဝေးဝေး မပြော။ မကြာမီ အဆုံးသတ်တိုက်ပွဲကြီး စတင်တော့မည် ဖြစ်ကြောင်း၊ အဆိုပါ တိုက်ပွဲ အောင်မြင်မည် မအောင်မြင်မည်ကို သူ့အနေနှင့် အာမခံ၍ မရပါကြောင်း မည်သူတစ်ဦးတစ်ယောက်၏ အသက်အန္တရာယ် လုံခြုံရေးကိုလည်း အာမခံနိုင်မည်မဟုတ်ကြောင်း၊ အသက်စွန့်ရဲမှသာ လိုက်ခဲ့စေလိုကြောင်း၊ ထို့ကြောင့်သာ အခုလို သရဏဂုံတင်ထားခြင်း ဖြစ်ကြောင်း ပြောကြားသည်။ နောက်ဆုံးပိတ်အနေနှင့်...

``အခုလို အသက်စွန့်ပြီး တိုက်ပွဲဝင်မယ်ဆိုတဲ့ သူတိုင်းကို သူရဲကောင်းများအဖြစ် ဦးညွတ်လိုက်ပါရစေ...´´

ကာဆောင်ကြီးက စင်မြင့်ထက်မှ စင်အောက်ရှိ ပြည်သူများကို ဦးညွတ်လိုက်၏။ လက်ခုပ်သံများက မစဲတော့။ လက်ခုပ်သံများနှင့်အတူ အလံများ လေပေါ်လွင့်တင်လိုက်ကြသည်။ သာသနာတော်အလံများ၊ ရဲရဲနီ ခွပ်ဒေါင်းအလံများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးကို ကိုယ်စားပြုသည့် အလံများ လေမှာ ဝေ့ဝဲနေ၏။ ထိုအလံများနောက်တွင်တော့ သံဃာတော်များ၊ ကျောင်းသားများ၊ ပြည်သူများအားလုံး အဆင်သင့် ဖြစ်နေပြီ။ အပြီးသတ် တိုက်ပွဲရှည်ကြီးအတွက် အဆင်သင့် ဖြစ်နေကြပြီ။

တပ်ဦးတွင် ကာဆောင်ကြီးက နေရာယူလိုက်၏။ တိုက်ပွဲရှည်ကြီး၏ ပထမဆုံးခြေလှမ်းကို စတင်လှမ်းလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၃)

မြန်မာတစ်နိုင်ငံလုံး ရပ်သွား၏။ ကျောင်းကန် သိမ်ဇရပ် အသီးသီးမှ သံဃာတော်များ တရားအားမထုတ်ကြတော့။ လုပ်ငန်းအသီးသီးမှ လုပ်သားတို့ အလုပ်မလုပ်တော့။ တက္ကသိုလ်၊ ကောလိပ်၊ ကျောင်း အသီးသီးမှ ကျောင်းသားတို့ ကျောင်းမတက်ကြတော့။ ဆရာဝန်များ၊ သူနာပြုများ၊ ပြည်သူ့ရဲများ၊ အနုပညာရှင်များ အားလုံး အားလုံးတို့သည် မိမိ၏ လက်ရှိအလုပ်အကိုင်များဘက် မျက်နှာမလှည့်အားကြ။ အားလုံး၏ မျက်နှာများသည် အာဏာရှင်လက်အောက်မှ အမြစ်ပြတ် လွတ်မြောက်ရေးဘက်သို့သာ ဦးတည်ထား၏။

နေပြည်တော်အထိ ချီတက်ရာ လမ်းတစ်လျှောက်မှာ အားရစရာ ကောင်းလှ၏။ မြို့အသီးသီးက ပြည်သူများက အစားအသောက်များ ၊ နားနေစရာများနှင့် စောင့်ကြိုနေကြသည်။ နားနေသည့် အချိန်များအတွင်း နာမည်ကြီး အနုပညာရှင်များက အလှည့်ကျ ဖျော်ဖြေကြသည်။ စာရေးဆရာများက နိုင်ငံရေးတရားများ ရဲရဲတောက် ဟောပြောကြသည်။ မြို့တစ်မြို့က ထွက်တိုက်း လူအုပ်ကြီးမှာ များသထက် များလာ၏။ ကြီးသထက် ကြီးလာ၏။ မြန်မာရာဇဝင်တွင် ယခုလောက် စည်းလုံးညီညွတ်သည့် ကာလဟူ၍ မရှိခဲ့။ မြန်မာပြည်သူအပေါင်း တစ်သွေးတည်း၊ တစ်သားတည်း။

ထိုမျှ များပြားလှသော လူအုပ်ကြီးအတွင်း တစ်စုံတစ်ရာ ပြဿနာမရှိခဲ့။ လူကြီးများက ကလေးများကို ဖေးမသည်။ အမျိုးသားများက အမျိုးသမီးများကို စောင့်ရှောက်သည်။ လူငယ်များက လူကြီးများကို ကူညီသည်။ ချီတက်နေသည့် ခရီးတစ်ယောက် လူမျိုးဘာသာဟူ၍ မရှိ။ ဆင်းရဲချမ်းသာဟူ၍ မရှိ။ အကုန်လုံး တစ်သွေးတည်း တစ်သားတည်း။

နေပြည်တော်သို့ ရောက်သည့်အခါ မန္တလေးအဖွဲ့နှင့် ပေါင်းမိကြ၏။ မန္တလေးအဖွဲ့မှာလည်း ရန်ကုန်အဖွဲ့ကဲ့သို့ပင် လူအင်အား တောင့်တင်းလှ၏။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ နှုတ်ဆက်ကြ၊ ပွေ့ဖက်ကြနှင့် ပျော်ရွှင်နေကြ၏။ နှစ်ဖွဲ့ပေါင်း၍ တက်ကြွဖွယ်ရာ အမျိုးသားသီချင်းများ လက်သီးလက်မောင်းတန်း သီဆိုကြသည်။

ယုံကြည်ချက်များ မာသထက် မာလာ၏။ စိတ်ဓာတ်များ မြင့်သထက် မြင့်လာ၏။ အင်တန်နီးနေပြီ။ ပြည်သူအားလုံး၏ ရည်မှန်းချက်ပန်းတိုင်ကို လှမ်းကိုင်နိုင်ရန် အင်မတန် နီးနေကြပြီ။

အနှောင့်အယှက်လည်း အတားအဆီး တစ်စုံတစ်ရာမှ မရှိခဲ့။ ရန်ကုန် မန္တလေး နှစ်ဖွဲ့လုံး နေပြည်တော်သို့ ရှောရှောရှူရှူ ရောက်ရှိခဲ့သည်။

``ဖူး...''

ကာဆောင်ကြီးက တက်ကြွရွှင်လန်းနေသည့် ချစ်လှစွာသော သူ၏ ပြည်သူများကို ကြည့်၍ ဘယ်သူမှမမြင်အောင် သက်ပြင်းရှည်ကြီး ကြိတ်ချလိုက်သည်။ ပြည်သူများအားလုံးသည် နေပြည်တော်ကြီးထိအောင် ချီတက်နိုင်ခဲ့ပြီ ဖြစ်သဖြင့် သူတို့၏ တိုက်ပွဲကြီး အောင်မြင်ဖို့ လက်တစ်ကမ်းအလိုသို့ ရောက်နေပြီဟု ထင်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ကာဆောင်ကြီး သိသည်။ ဘဂရှင်မင်းတြားကြီး လက်အောက်တွင် တာဂန်ထမ်းရွက်ခဲ့ဖူးသူပီပီ ဘဂရှင်မင်းတြားကြီးအကြောင်းကို ကောင်းကောင်းသိသည်။ သူလိုကောင်မျိုး ဦးဆောင်လာမည့် အဖွဲ့ကြီးကို အိမ်တော်အပေါက်ဂကနေ ဆီးကြိုကာ ကျွန်တော့်ကို ဖမ်းပါခင်ဗျာ့၊ ဟောဒီမှာ အာဏာပါ ခင်ဗျာ့၊ ပြည်သူတွေ လက်ထဲ ထည့်လိုက်ပါပြီခင်ဗျာ ဟု လွယ်လွယ်ပေးလိမ့်မည်ဟု ထင်သလား။

ဟေးသေး..။ အာဏာသည် ဘဂရှင်မင်းတြားကြီး၏ ဘဂ။ အာဏာသည် ဘဂရှင်မင်းတြားကြီး၏ ကိုးကွယ်ရာ။ သေသည်အထိ ဖက်တွယ်ထားမည်သာ။ လွယ်လွယ်နှင့် လက်လွှတ်မည် မဟုတ်။ ယခုကဲ့သို တစ်တိုင်းပြည်လုံး အုတ်အော်သောင်းတင်း ချီတက်လာသည်ကို မသိဘဲ ရှိမည်မဟုတ်။ သိကိုသိမည်သာ။ ဒါကို ဘာအတွက် အခုလို လွှတ်ပေးထားတာပါလိမ့်။ ယခင်ကဆို လူပေါင်း သန်းနှင့်ချီ၍ နေပြည်တော်ကြီးကို ဝိုင်းရံထားဖို့ နေနေသာသာ နေပြည်တော်အနီးအနားတွင် လေကျယ်ကျယ် လည်မိလျှင်တောင် ဖျတ်ခနဲ ချက်ချင်းရောက်လာကြသည်။

ဆန်းသည်။ တော်တော်ဆန်းသည်။ ကာဆောင်ကြီး စဉ်းစားရပြီ။ ဘဂရှင်မင်းတြားကြီး၏ အကွက်ထဲများ ဂင်နေမိပြီလား။ ယခုကဲ့သို့ ရန်သူဘက်က လှုပ်ရှားမှုမရှိဘဲ လက်သည်းပုက်ကာ ငြိမ်နေခြင်းမျိုးသည် စစ်ရေးဗျူဟာတွင်ဆိုပါက အခြေအနေမကောင်း။ စိုးရိမ်စရာပင်။

ထိုးမည့်ဆင် နောက်တစ်လှမ်းဆုတ် ဆိုသည့်သဘောပင်။

www.burmeseclassic.com

www.burmeseclassic.com

(၄)

ထိုးမည့်ဆင် နောက်တစ်လှမ်းဆုတ် ဆိုသည့်အတိုင်း ဘဂရှင်မင်းတြားကြီးသည် နောက်တစ်လှမ်းသာမက နှစ်လှမ်း သုံးလှမ်းမက ဆုတ်ထား၏။ အဘယ့်ကြောင့်ဆိုသော် သူ၏ ထိုးချက်မှာ ပုံမှန်ထက် နှစ်ဆ သုံးဆမက ပိုပြင်းမည့်အတွက်ပင်။

ပထမဆုံးအနေနှင့် နေပြည်တော်ရှိ မိသားစုတစ်ခုလုံးကို နျူကလီးယားစက်ရုံအတွင်းသို့ ပြောင်းရွှေ့အခြေချလိုက်သည်။ နျူကလီးယားလက်နက်ကို အပြီးသတ် ဆင်ခိုင်းသည်။ ယခုဆိုလျှင် ဘဂရှင်မင်းတြားကြီး လက်ထဲတွင် နျူကလီးယားလက်နက်ကြီး ရှိနေပြီ။ တိုင်းပြည်ကလည်း ထိန်းမနိုင် သိမ်းမရဆိုတဲ့ အခြေအနေကို ဆိုက်ရောက်နေပြီ။

စီးပွားရေး ယန္တယားကြီး ရပ်တန့်သွားပြီ။ လက်ရှိ သမ္မတဆိုတဲ့ ငကြောက် ဂန်ချုပ်ကြီးလည်း ပြားပြားဝပ်နေပြီ။ လက်ရှိ အစိုးရအဖွဲ့တွင် မည်သည့် ဩဇာအာဏာမှ မရှိတော့။ နျူကလီးယား လက်နက်အလို့ငှာ အာရုံလွှဲ ဒီမိုကရေစီ ပေးထားခြင်းဆိုသည်ကိုလည်း လူအများက သိရှိသဘောပေါက်နေကြပြီ။ သို့သော် အခုအချိန်မှ ဘယ်သူဘာသိသိ ဂရုမစိုက်။ ကာဆောင်ကြီးကဲ့သို့ ကောင်ကိုလည်း ဂရုမစိုက်။ မြန်မာတစ်နိုင်ငံလုံးက ပြည်သူဆိုတဲ့ သတ္တဝါများကိုလည်း ဂရုမစိုက်။ သူတို့တွေနဲ့ ပူးပေါင်းသွားတဲ့ သစ္စာဖောက် စစ်တပ်က ကောင်တွေကိုလည်း ဂရုမစိုက်။

ဒါဆို ဘာကိုဂရုစိုက်သနည်း။ ဘဂရှင်မင်းတြားကြီး ဘာကို ဂရုစိုက်သနည်း။ ရှင်းသည် နျူကလီးယားမှ တစ်ပါး အခြားမရှိ။ အခု နျူကလီးယားကြီး သူ့လက်ထဲတွင် ရောက်နေပြီ။ သူ့ကိုဖြုတ်ချမည့် ဆိုသူများလည်း သူ့အကွက်ထဲသို့ ရောက်နေပြီ။

``ကာဆောင်ကြီးရယ်''

ဘဂရှင်မင်းတြားကြီးက စိတ်ထဲကနေ ကြိမ်းဝါးနေ၏။

``မင်း... ငယ်... ပါ... သေး... တယ်''

သူ့ကို ဖြုတ်ချမည်ဆိုသည့် လူအုပ်ကြီးနှင့် ကာဆောင်ကြီးတို့သည် နေပြည်တော်ဂန်းကျင်သို့ ရောက်ရှိနေကြပြီ။ မကြာမီ ဘဂရှင်မင်းတြားကြီး၏ အိမ်တော်သို့ ဂန်းရံတော့မည်။ ထိုအချိန်တွင် ဘဂရှင်မင်းတြားကြီး၏ အိမ်တော်၌ မည်သူမှရှိမည်မဟုတ်။ လုံခြုံရေးအစောင့်တောင် ရှိမည်မဟုတ်။

သူတို့မျှော်လင့်ထားသည့် တိုက်ပွဲများလည်း ဖြစ်မည်မဟုတ်။ သူတို့မျှော်လင့်ထားသည့် ဘဂရှင်မင်းတြားကြီး မိသားစုကို ဖမ်းကာ ဖြုတ်ချနိုင်မည်လည်း မဟုတ်။ သူတို့မျှော်လင့်ထားသည့် အာဏာလည်း ရမည်မဟုတ်။ သူတို့ မမျှော်လင့်သည့် အရာကိုသာ သူတို့ ရလိမ့်မည်။ တခြားမဟုတ်။

နျူကလီးယားပုံး...။

www.burmeseclassic.com

www.burmeseclassic.com

ဘဂရှင်မင်းတြားကြီးက ဈူကလီးယား လက်နက် ထိန်းချုပ်ရေးအခန်းထဲသို့ ဝင်လိုက်သည်။

``ဖွဲ့မောင်ရေ... ဈူကလီးယား ထိပ်ဖူးတပ် ဒုံးကျည်ကို ပစ်လွှတ်ဖို့ အဆင်သင့် ပြင်လိုက်တော့...''

``ဗျာ...''

ဖွဲ့မောင် တအံ့တသြ ပြန်မေးလိုက်သည်။

``အခုပစ်မှာ ဟုတ်လား...''

``အေး...ဟုတ်တယ်၊ ဘာဖြစ်လို့လဲ...''

``ဟိုဟာလေ... ဈူကလီးယား လက်နက်ကြီး သုံးမယ်ဆိုရင် အရင် စစ်ကြေညာဖို့ လိုမယ်ထင်ပါတယ်''

ဘဂရှင်မင်းတြားကြီးက ဖွဲ့မောင်ကို စိတ်မရှည်သည့်လေသံဖြင့် တစ်ချက်ကြည့်လိုက်သည်။

``စစ်ကြေညာရမယ်... ဟုတ်လား၊ ဘာလို့ကြေညာရမှာလဲ၊ ငါပစ်မှာက တခြားနိုင်ငံကို ပစ်မှာမှ မဟုတ်ဘဲ၊ ငါ့နိုင်ငံထဲကို ငါပစ်မှာ''

နေပြည်တော် တစ်ခုလုံးကို ဘဂရှင်မင်းတြားကြီး အပြောင်ရှင်းချင်နေပြီ။ နေပြည်တော်ကို ရောက်နေသည့် ဆန္ဒပြသူများရော၊ သုံးစားလို့မရသည့် သူ့တပည့်များအားလုံးကိုပင်။ ဒင်းတို့တစ်တွေ တစ်ယောက်မှ မရှိမှ သူ့အတွက် နားအေးမည်။

အနာဂတ်တွင် ဆုံးမြေကို တိုင်းပြည်ခေါင်းဆောင် တင်မည်။ ဆူဆူပူပူ လုပ်ချင်သူများအတွက် နေပြည်တော်၏ ပြာပုံကြီးကို မပြုမပြင်ဘဲ ထားမည်။ သူတို့မိသားစုကို သွေးတိုးစမ်းလာပါက မျက်ရည်ယိုဗုံးတွေ၊ ကျည်ဆံတွေ မလာတော့။ ဈူကလီးယားဗုံးပဲ လာမည်။ တစ်ခါတည်း မျိုးဖြုတ်ပစ်မည်။

ထို့နောက် တစ်ကမ္ဘာလုံးကိုပါ ကြေညာမည်။ စီးပွားရေးပိတ်ဆို့တာတွေ နားမလည်။ ဘဂရှင်မင်းတြားကြီး ပြောသမျှ နားထောင်။ ကလန်ကဆန် မလုပ်နဲ့။ လုပ်ရင် လုပ်တဲ့နိုင်ငံကိုပါ ပြာကျမယ်။

``အခုချိန် နေပြည်တော်ထဲကို ပစ်လိုက်ရင် လူတွေတော်တော်များများ သေကုန်ပါလိမ့်မယ်။ ဒ့ါအပြင် နောက်ဆက်တွဲ ဓာတုရောင်ခြည်သင့်တာတွေ၊ ဘေးထွက်ဆိုးကျိုးတွေ များစွာ ဖြစ်နိုင်ပါတယ်ခင်ဗျ၊ မြန်မာမျိုးဆက်သစ်များ အတွက်ပါ အန္တရာယ်ကြီးလှပါတယ်၊ သေချာစဉ်းစားပေးပါဦး ဘဂရှင်မင်းတြားကြီး''

ဖွဲ့မောင်က ဈူကလီးယားလက်နက် ပစ်လွှတ်ခြင်း၏ ဆိုးကျိုးများကို ရှင်းပြသည်။ ထို့အပြင် ကမ္ဘာ့သမိုင်းတွင်လည်း ကိုယ့်နိုင်ငံကို ကိုယ် ဈူကလီးယားနှင့် ပြန်ဆော်သည့် ခေါင်းဆောင်မျိုး မရှိဖူးသေးကြောင်း၊ တိုင်းပြည်တစ်ပြည်လုံး ပျက်စီးသွားနိုင်ကြောင်း သတိပေး၏။

``ဒါပေမယ့် ဒီစက်ရုံထဲက ငါ့မိသားစုတော့ ဘာမှမဖြစ်နိုင်ဘူး မဟုတ်လား''

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့မောင်သည် ကိုယ့်နားကို ကိုယ်ပင် မယုံနိုင်။ ဘဂရှင်မင်းတြားကြီး တစ်ကိုယ်ကောင်းဆန်မှုန်း၊ အာဏာရူးမှန်း တစောက်ကန်းသမားမှန် သိသော်လည်း ယခုလောက် ယုတ်မာလိမ့်မည် မထင်ခဲ့။ မေးခွန်းကိုလည်း ကြည့်လေ။ သူ့မိသားစု လုံခြုံဖို့ တစ်တိုင်းပြည်လုံး ဆုံးရှုံးချင် ဆုံးရှုံးပါစေဆိုသည့် လူမျိုး။ သူ့အာဏာသက် အဓွန့်ရှည်ဖို့ သိန်းနှင့်သန်းနှင့်ချီသော လူ့အသက်တွေ ဆုံးရှုံးချင် ဆုံးရှုံးပါစေဆိုသည့် လူစားမျိုး။

``ဒီလိုရှိပါတယ် ဘဂရှင်မင်းတြားကြီး။ နျူကလီးယားလက်နက်က အခုမှ ရတာဖြစ်တဲ့အတွက် အရင်ဆုံး အမေရိကားက ကျွန်တော်တို့ အထက်အရာရှိကို နျူကလီးယားလက်နက်ရကြောင်း တင်ပြရပ့ါမယ်၊ အခုလို ပစ်တော့မယ်ဆိုလည်း ပစ်တော့မယ် အကြောင်းကြားရပ့ါမယ်''

ဖွဲ့မောင်က တတ်နိုင်သလောက် အချိန်ဆွဲဖို့ ကြိုးစားသည်။

``ဘာ...''

ဘဂရှင်မင်းတြားကြီးက အော်လိုက်သည်။

``ဒီမှာကြည့်စမ်း ဖွဲ့မောင်''

ဘဂရှင်မင်းတြားကြီး၏ သူ၏လက်ဆွဲတော် ရွှေသေနတ်ကြီးနှင့် ဖွဲ့မောင်၏ နားထင်ကို တေ့လိုက်သည်။

``မင်းကို နျူကလီးယားလက်နက်ပစ်ဖို့ တောင်းဆိုနေတာ မဟုတ်ဘူး၊ အမိန့်ပေးနေတာ နားလည်တယ်နော်''

``ဟုတ်... ဟုတ်... ဟုတ်...''

ဖွဲ့မောင်က တုန်တုန်ရင်ရင်နှင့် ပြန်ဖြေသည်။ မတတ်နိုင်တော့။ သူ့မှာ ရွေးစရာလမ်း မရှိ။ အသေခံမလား၊ ဘဂရှင်မင်းတြားကြီး အမိန့်ကို နာခံမလား။

တစ်ခုကို ရွေးလိုက်သည်။

``ဒုံးကျည်ပစ်ဖို့ အဆင်သင့်ပြင်''

သူ့လက်အောက်ရှိ ဂန်ထမ်းများကို အမိန့်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

(၅)

ရန်ကုန်နှင့် မန္တလေးတို့မှ အသီးသီး ချီတက်လာသည့် ဆန္ဒပြအဖွဲ့ကြီးနှစ်ဖွဲ့သည် နေပြည်တော်အဝင်တွင် ရောမ အဖွဲ့ကြီးအဖြစ် ပေါင်းမိကြသည်။ ထို့နောက် နေပြည်တော်အတွင်းသို့ စည်းစည်းလုံးလုံး ချီတက်ကြပါတော့သည်။

နေပြည်တော်ထဲသို့ ချီတက်သည့်အခါတွင်လည်း မည်သည့်အတားအဆီးဟူ၍ မရှိ။ လူထုကြီးကတော့ ပျော်သထက် ပျော်လာကြ၏။ သူတို့၏ ပန်းတိုင်ကို မကြာမီ ရောက်တော့မည်။

ပန်းတိုင်ဖြစ်သည့် ဘဂရှင်မင်းတြားကြီး အိမ်တော်ဂသို့ ရောက်သည့်အခါ နဂိုစီမံထားသည့်အတိုင်း တံတိုင်းသုံးခုဖြင့် ဂန်ရံလိုက်သည်။

ပထမဆုံး တံတိုင်းတွင် သံဃာတော်များ၊ ဘဂရှင်မင်းတြားကြီး၏ အိပ်တော်ပေါက်ဂထိသွားကာ မေတ္တာပို့ ဆုတောင်းမည်။ ထို့နောက် ငြိမ်းငြိမ်းချမ်းချမ်း အာဏာလွှဲပေးရန် မေတ္တာရပ်ခံမည်။

ဒုတိယတံတိုင်းတွင် အမျိုးသမီးများနှင့် ကျောင်းသားများ အများစုပါဂင်သည့် ပြည်သူများ။ အဆိုပါသူများက သံဃာတော်များနောက်တွင် နေရာယူကာ သံဃာတော်များနှင့်အတူ မေတ္တာပို့မည်။ ဘဂရှင်မင်းတြားကြီးလက်ထဲက အာဏာကို ငြိမ်းငြိမ်းချမ်းချမ်း စွန့်လွှတ်ဖို့ တောင်းဆိုမည်။

နောက်ဆုံးတံတိုင်းတွင်တော့ ပြည်သူများ၏ ရင်ခွင်ထဲသို့ ပြန်ရောက်လာသည့် တပ်မတော်သားများ၊ လက်နက်ကိုင် ရဲများ၊ အစိုးရဂန်ထမ်းများ၊ ဘဂရှင်မင်းတြားကြီးက တစ်စုံတစ်ခု အကြမ်းဖက်လာလျှင် ထိုအဖွဲ့က တန်ပြန်နှိမ်နင်းရေး ဆောင်ရွက်မည်။ ဘဂရှင်မင်းတြားကြီးက အာဏာကို အနုနည်းနှင့်မရလျှင် အကြမ်းနည်းနှင့် တိုက်ယူမည်။

တံတိုင်း သုံးခုစလုံး အသင့်အနေအထားဖြစ်သည့်အခါ ကာဆောင်ကြီးနှင့် သံဃာတော်များသည် အိမ်တော်ကြီးအဂသို့ ချဉ်းကပ်သွားသည်။ အိမ်တော်ကြီးအဂတွင် မည်သည့်အစောင့်မျှ မရှိ။ ထို့ကြောင့် အိမ်တော်ကြီးထဲထိ ဂင်သွားသည်။ အိမ်တော်ကြီးထဲတွင်လည်း သက်ရှိသတ္တဂါဆို၍ အရိပ်အယောင်မျှပင် မရှိ။

ကာဆောင်ကြီး ထိတ်ခနဲ ဖြစ်သွားသည်။ ကာဆောင်ကြီး သိလိုက်ပြီ။ တစ်ကွက်မှားသွားပြီ။ ဘဂရှင်မင်းတြားကြီး၏ အကွက်ထဲသို့ ဂင်သွားပြီ။

ဘယ်လိုလုပ်ရမည်နည်း။

တိုက်ပွဲပေါင်းများစွာကို တိုက်ခိုက်ဖူးသူပီပီ ရန်သူ၏ အနံ့ကို အလိုလို ရလိုက်သည်။ သူ့နောက်က ပြည်သူတွေအတွက် စိတ်မချ။ ရန်သူ့ပစ်ကွင်းထဲ ကျံဂင်နေသည်ဟု ခံစားမိသည်။ ထို့အတူ သိန်းပေါင်းများစွာသော လူထုကြီးကို အခုချက်ချင်း ပြန်ဆုတ်ခိုင်းဖို့ဆိုတာလည်း မဖြစ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com

ဒီအတိုင်း ထားပြန်တော့လည်း အန္တရာယ် များလှသည်။ တစ်ခုခုကို အမြန်ဆုံးဖြတ်မှ ဖြစ်မည်။ ဟုတ်တယ်... တစ်ခုခုကို အမြန်ဆုံး ဆုံးဖြတ်ရမည်။

ကာဆောင်ကြီးသည် သူ့နောက်ကပါလာသည့် သံဃာထုကြီးထဲသို့ အတင်းပြန်တိုးဝင်ကာ ခြံအပြင်သို့ ထွက်လိုက်သည်။ ပြည်သူများကို တစ်စုံတစ်ခု ပြောဖို့ ပြင်လိုက်စဉ်မှာပင်...

``ဂုန်း...''

ပေါက်ကွဲသံကြီးနှင့်အတူ ကာဆောင်ကြီးသည် ကြမ်းပြင်ထက်သို့ လွင့်စင်ကျသွားသည်။ သူ့ရှေ့ရှိ လူအုပ်ကြီးလည်း ဖရိုဖရဲဖြင့် ပုံပျက်ပန်းပျက် ပြိုလဲသွားသည်။

ထို့နောက် မျက်လုံးထဲတွင် စူးခနဲ အလင်းတန်းကြီးတစ်ခု ဖျတ်ခနဲ ပေါ်လာသည်။ အဆိုပါ အလင်းတန်းသည် တစ်စက္ကန့်တောင် ကြာမည်မထင်။ ချက်ချင်း ပြန်ပျောက်သွား၏။ ထို့နောက် မီးခိုးများ အူတက်လာသည်။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်အတိ ကျသွားသည်။

ကြွေးကြော်သံများ၊ တောင်းဆိုသံများနှင့် စည်ကားသက်ဝင်ခဲ့သော ရပ်ဝန်းလေးသည် ချက်ချင်းဆိုသလို သုသာန်တစ်စပြင်ကဲ့သို့ တိတ်ဆိတ်သွား၏။

``ဟူး... ဟူး... ဟူး... ဟူး...''

အသက်ရှူသံများ၊ ခပ်ပြင်းပြင်း အသက်ရှူသံ၊ ခက်ခက်ခဲခဲ အသက်ရှူသံ။ မိမိ၏ အသက်ရှူသံမှ လွဲပြီး ကာဆောင်ကြီးသည် တခြားဘာမှ မကြား။

တကယ်တော့ ပတ်ဝန်းကျင်က တိတ်သွားသည်မဟုတ်။ ညည်းညူသံများ၊ ငိုရှိုက်သံများနှင့် ဆူညံနေသည်။ ကာဆောင်ကြီးနားက အူသွားပြီး ဘာသံမှ မကြားရတော့ခြင်း ဖြစ်သည်။

ကာဆောင်ကြီးက အားယူရွေ့ ဒူးထောက်လိုက်သည်။ မျက်လုံးကို ကြိုးစားရွေ့ ဖွင့်ကြည့်သည်။ မရ။ ဘာမှ မမြင်ရ။ မျက်လုံးကို လက်နှစ်ဖက်နှင့် ပွတ်သည်။

"အား"

စပ်လိုက်တာ။ ဒါဆို မျက်လုံးဖွင့်ထားတာပဲ။ ကာဆောင်ကြီးက မျက်လုံးဖွင့်ထားပြီး ဘာမှ မမြင်ရသည့် ကိုယ်အဖြစ်ကိုကိုယ် တွေးမရ။

ရှေ့ နောက် တောင် မြောက် ပတ်ပတ်လည် လှည့်ကြည့်လိုက်သည်။ မဟုတ်။ မမြင်ရတာ မဟုတ်။ အရပ်ရှစ်မျက်နှာတစ်ခွင် မီးခိုးများ ဖုံးလွှမ်းနေ၍သာ ဘာမှ မမြင်ရခြင်းဖြစ်သည်။ ထို့နောက် အပေါ်သို့ မော့ကြည့်လိုက်သည်။

မှိုပွင့် သဏ္ဌာန်မီးခိုးလုံးကြီးက အခုထိ အငွေ့မပျယ်သေး။ စဉ်းစားနေစရာတောင် မလို။ ကာဆောင်ကြီး သိလိုက်သည်။ နျူကလီးယားလက်နက်။

"တောက်"

ကာဆောင်ကြီး၏ ခပ်ပြင်းပြင်း တောက်ခေါက်သံ။ လုပ်လိုက်လေခြင်း။ ဒီနျူကလီးယား ဘယ်က လာသနည်း ဆိုတာကို ကာဆောင်ကြီးသိသည်။

www.burmeseclassic.com

www.burmeseclassic.com

နေဦး။ ကာဆောင်ကြီး တွေးသည်။ အစောက ပေါက်ကွဲသံကြီးသည် နျူကလီးယား လက်နက်ဆိုလျှင် အခုချိန်တွင် သူအနေဖြင့် အရိုးရော အသားရော တခြားစီ ဖြစ်နေလောက်ပြီ။ အရိုးတောင် ရှာတွေ့ချင်မှ တွေ့မည်။ ဒါဆို ဘာလက်နက်လဲ။ နျူကလီးယားမဟုတ်လျှင် ဘာလက်နက်လဲ။

ကြာကြာ မစဉ်းစားလိုက်ရ။ ကာဆောင်ကြီး ခန္ဓာကြီးသည် လေထဲသို့ စွက်ကနဲ မြောက်သွားသည်။ ကြည့်လိုက်တော့ ဒေါင်းအလံကို လက်တစ်ဖက်ကကိုင်ကာ ကျန်လက်တစ်ဖက်ဖြင့် ကာဆောင်ကြီး ဂျိုင်းကို ထူမ,နေသည့် ကျောင်းသားတစ်ယောက်။

မျက်လုံးတွေထဲတွင် အားမာန်အပြည့်။ ကြောက်ရွံ့ခြင်းဆိုသည့် အရိပ်အယောင် စိုးဆင်းမျှ ရှာမတွေ့။ ကာဆောင်ကြီး အားတက်သွားသည်။ သူ့လူတွေ သူပြန်ကြည့်သည်။

ဖရိုဖရဲ ဖြစ်သွားသည့် သင်္ကန်းစကို ပြန်ရုံနေသည့် သံဃာတော်များ။ လဲကျသွားသည့် အမျိုးသမီးများကို လိုက်လံဖေးမနေသည့် အမျိုးသားများ။ ပွန်းပဲ့သွားသူများအတွက် ဆေးဂါးများ လိုက်လံဝေငှပေးနေသည့် ပြည့်သူ့တပ်မတော်သားများ။

ပေါက်ကွဲသံကြီးကြောင့် သွေးရူးသွေးတန်း ထွက်ပြေးနေသူ တစ်ယောက်မှ မရှိ။ တည်တည်ငြိမ်ငြိမ်နှင့် ပြန်လည် စုရုံးနေကြ၏။

" ကမ္ဘာမကျေ၊ မြန်မာပြည်

တို့ဘိုးဘွား အမွေစစ်မို့ ချစ်မြတ်နိုးပေ"

ဘယ်သူက စလိုက်သည် မသိ။ နိုင်ငံတော် သီချင်းသံ။ တစ်ယောက်ပြီး တစ်ယောက်။ သီဆိုသံများ။ သံပြိုင်သံများ။ ရဲရဲတောင် အသံများ။

အစောလေးက ကြားလိုက်ရသည့် ပေါက်ကွဲသံကြီးထက်ပင် ကျယ်လောင်သယောင်။ ကာဆောင်ကြီးကလည်း လူအုပ်ကြီးနှင့်အတူ လိုက်ပါစီးမျောလိုက်သည်။

" ပြည်ထောင်စုကို

အသက်ပေးလို့ တို့ကာကွယ်မလေ"

နိုင်ငံတော်သီချင်းကို ဟစ်ကြွေးရင်း ခေါင်းမော့လိုက်သည်။ ကောင်းကင်ထက်က မှိုပွင့်ကြီး တဖြည်းဖြည်း ပုံပျက်စပြုလာပြီ။

ဒါ နျူကလီးယားပါ။ နျူကလီးယားမှ နျူကလီးယား စစ်စစ်။ မမှားနိုင်။ ခက်သည်က သူတို့ လူအုပ်ကြီး တစ်ခုလုံးတွင် အပေါ်ယံ ပွန်းပဲ့ဒဏ်ရာများ ရသည်မှလွဲ၍ ပြင်းပြင်းထန်ထန် ထိခိုက်မှု မရှိ။ နေရာမှားပြီး ဒုံးကျဉ်ကျသွားလို့လား။ ဒါတော့ သူလည်း မသိ။

သူသိသည်မှာ တစ်ခုတည်း။ ကာဆောင်ကြီး သိသည်မှာ တစ်ခုတည်း။ ဒီနျူကလီးယား ဒုံးကျည် ဘယ်ကလာသနည်းနှင့် ဒုံးကျည်ကို ဘယ်သူပစ်လွှတ်လိုက်သနည်း ဆိုသည်မှလွဲ၍ တခြားဘာမှ မသိ။

www.burmeseclassic.com

www.burmeseclassic.com

ကာဆောင်ကြီးက အတန်ငယ် ပြန်လည်တည်ငြိမ်ကာစ ရှိလာတော့ လူထုကြီး၏ ရှေ့သို့ ထွက်လိုက်သည်။ ကိုယ့်နားကို ကိုယ်ပြန်စမ်းသပ်သည်။ မဆိုး။ အသံများ ကြည်ကြည်လင်လင် ပြန်ကြားလာရပြီ။

" အာလုံးပဲငြိမ်ပါ၊ ကာဆောင်ကြီး စကားပြောပါမယ်"

ကာဆောင်ကြီးက လက်တစ်ချက် ဝှေ့ရမ်းပြလိုက်သည်။ လူအုပ်ကြီး ရုတ်ကနဲ ငြိမ်ကျသွား၏။ ထို့နောက် သူတို့ လှည့်စားခံလိုက်ရတာ ဖြစ်ကြောင်း။ ဘဂရှင်မင်းတြားကြီးက သူတို့ကို ရက်ရက်စက်စက် နျူကလီးယားဗုံးခွဲ၍ နှိမ်နင်းခြင်း ဖြစ်ကြောင်း။ ကံကောင်း၍ သူတို့အားလုံး အသက်ဘေးမှ လွတ်ခဲ့ခြင်းဖြစ်ကြောင်း။ ပို၍ကံကောင်းသည်မှာ အခုလို နျူကလီးယား လက်နက်ကို ပစ်ခွင့်မှာ ဘဂရှင်မင်းတြားကြီး တစ်ယောက်တည်းတွင် ရှိကြောင်း၊ ထို့ကြောင့် ဘဂရှင်မင်းတြားကြီး ဘယ်မှာရှိသလဲဆိုတာ သူ့အနေနဲ့ သိလိုက်ပြီဖြစ်ကြောင်း ပြောလိုက်သည်။

" ဘဂရှင်မင်းတြားကြီးဆီ အခုပဲသွားကြရအောင် လိုက်မှာလား"

" လိုက်မယ် လိုက်မယ် လိုက်မယ်"

အသံများက တစ်ညီတည်း။ တစ်ညာတည်း။

" ပြည်သူတွေ လက်ထဲ အာဏာမရမခြင်း တိုက်မှာလား"

" တိုက်မယ် တိုက်မယ် တိုက်မယ်"

ကာဆောင်ကြီးက အချိန်မဆွဲ။ ဦးတည်လိုက်သည်။ ဘဂရှင်မင်းတြားကြီးရှိရာသို့။

www.burmeseclassic.com

www.burmeseclassic.com

(၆)

ဖွဲ့မောင်သည် နျူကလီးယားလက်နက်ကို ပစ်လွှတ်ပြီးလိုက်သည်နှင့် တစ်ပြိုင်နက်တည်း မယောင်မလည်လုပ်ကာ စက်ရုံအပြင်သို့ ထွက်သွား၏။ ထို့နောက် စက်ရုံနောက်ဘက်ရှိ ပန်းခြံဘက်ကနေ အပြင်သို့ ခိုးထွက်လို့ရသည့် လျှို့ပုက်တံခါးရှိရာ အပြေးသွားလိုက်သည်။

" မောင်"

ကံဆိုးချင်တော့ ပန်းခြံထဲတွင် စာအုပ်တစ်အုပ်နှင့် ဘောပင်တစ်ချောင်းကိုင်ကာ ဟိုတွေးသည်ငေး လုပ်နေသည့် တော်လတ်နှင့် ပတ်ပင်းတိုးလေသည်။ ဖွဲ့မောင်က မကြားချင်ယောင်ဆောင်ရှေ့ ဆက်သွားသည်။

" မောင်တော်၊ မောင်တော် ခဏနေပါဦး မောင်တော်"

အဆီများ တတုန်တုန် လှုပ်ရမ်း၍ ဖွဲ့မောင်နောက်သို့ ပြေးလိုက်သည်။ ဖွဲ့မောင်က တစ်ချက်လှည့်ကြည့်သည်။ အခြေအနေ မကောင်း။ သုတ်ခြေတင် ပြေးတော့သည်။

" မောင်တော်၊ မောင်တော်"

တော်လတ်ကလည်း ဖွဲ့မလျှော့။ မမီမီအောင် လိုက်သည်။ ဖွဲ့မောင်ကလည်း နောက်ကျတဲ့ ခြေထောက် သစ္စာဖောက်ဆိုသည့် သဘောဖြင့် သုတ်ခြေတင်ပြေးလေသည်။

သို့သော် မိန်းမတို့၏ဇောသည် လွန်စွာကြောက်ဖို့ ကောင်း၏။ မိမိချစ်သူကို လက်လွှတ်ဆုံးရှုံးရမှာ ကြောက်သည့် ဇောကြောင့် တော်လတ်ကဲ့သို့ ဘုတ်ထိုင်းမကြီးက ဖွဲ့မောင်ကို မီအောင် လိုက်ပြေးနိုင်၏။

မီလုမိခင်မှာပင်

" ဟေ့လူ လာအမြန်"

ဖွဲ့မောင်ရှေ့သို့ ကားတစ်စီး ကျိကနဲထိုးဆိုက်လာ၏။ ရှည်ရှည်ဝေးဝေး မစဉ်းစားအား။ နောက်က ဘုတ်ဆုံမကြီး လက်က လွတ်ဖို့အရေး ကားပေါ်သို့ ပြေးတက်လိုက်၏။

" ဟော...ဟူး...ဟော... ကို...ကို...မိုး"

အမောဆို့နေသဖြင့် စကားကမထွက်။ မိုးသောက်ပန်းက အလိုက်တသိဖြင့် ရေဘူးတစ်ဘူး ထုတ်ပေးသည်။ ရေဘူးတစ်ဘူးလုံးကို တစ်ကျိုက်တည်း မော့ချလိုက်သည်။

" ဟူး"

အသက်ကို ခပ်ပြင်းပြင်းရှူလိုက်ပြီး ကားနောက်သို့ လှည့်ကြည့်လိုက်၏။

" စိတ်ချပါဗျ ဒီလောက်မြန်တဲ့ကားနောက်တော့ ပြေးမလိုက်လာနိုင်ပါဘူး"

ဖွဲ့မောင်က စိတ်မချကာ နောက်ဆံတင်းနေပုံကို မိုးသောက်ပန်းက ရိပ်မိသဖြင့် စိတ်အေးအောင် ပြောလိုက် သည်။

" ဒါနဲ့ ကိုဖွဲ့မောင်က ခင်ဗျားက ဘယ်ပြေးမလို့လဲ"

" ခင်ဗျားကရော"

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့မောင်က မိုးသောက်ပန်း အမေးကို မဖြေဘဲ မေးခွန်း ပြန်ထုတ်လိုက်၏။

" ဟာ ကိုဖွဲ့မောင်ကလည်း ခင်ဗျားလည်း သိသားနဲ့၊ ခင်ဗျားရဲ့ ချူကလီးယားပုံးက ဟိုမှာ အငွေ့ပဲထွက်မယ့် ဟာကို၊ ဒါကြောင့် ခင်ဗျားလိုပဲ ကျုပ်လည်း လစ်ထွက်လာရတာပေ့ါ၊ ခင်ဗျားတို့ အမေရိကန်တွေ အမြော်အမြင်ကြီးပုံကတော့ သြချလောက်ပါတယ်ဗျာ တကယ်ပြောတာ"

ဒါတော့ ဟုတ်သည်။ မိုးသောက်ပန်း ပြောလည်း ပြောချင်စရာ။ အမေရိကန်တွေက ပေ့ါသေးသေးမဟုတ်။ ဘာလုပ်လုပ် ရေရှည်အတွက် စဉ်းစားသည်။ ရှေ့သို့ တစ်လှမ်း နှစ်လှမ်းမက။ တစ်မိုင်လောက် ကြိုပြေးသည်။ ကြိုတွေးသည်။ ဘဂရှင်မင်းတြားကြီးကဲ့သို့သော လူမျိုးလက်ထဲသို့ ချူကလီးယားလက်နက် ထည့်ပေးလိုက်လျှင် ကမ္ဘာကြီးအတွက် မည်မျှ အန္တရာယ်ကြီးကြောင်း သိကြသည်။

သို့သော် အာရှ၏ ကြောက်ခမန်းတီတီ အရှိန်အဟုန်နှင့် တိုးတက်နေမှုကို ဟန့်ချင်သည်။ မဟန့်လျှင် တစ်ချိန်တွင် အမေရိကန်ကို ပခုံးချင်းလာတိုက်ကြတော့မည်။ အထူးသဖြင့် တရုတ်နှင့် အိန္ဒိယ။ ထိုနှစ်နိုင်ငံ၏ အရှိန်ကို ဟန့်ရန် အကောင်းဆုံးမှာ မြန်မာ။ ထို့ကြောင့် မြန်မာကို ချူကလီးယားလက်နက်ရှိသည့် နိုင်ငံဖြစ်အောင် တိတ်တဆိတ် ကူညီပေးသည်။

တဖက်ကလည်း ချူကလီးယားအန္တရာယ် ကာကွယ်ဖို့အတွက် ကန့်သက်ချက်များ ထည့်သွင်းခဲ့သည်။ ဖွဲ့မောင် ပြုလုပ်ပေးခဲ့သည် ချူကလီးယားလက်နက်သည် ပစ်လို့ရသည်။ တစ်ချက်တည်းနှင့် မြို့တစ်မြို့လုံး ပြာပုံဖြစ်သွားအောင် ဖြိုဖျက်နိုင်စွမ်းရှိသည်။ သို့သော် အဆိုပါလက်နက်တွင် အထူးမြေပုံ အာရုံခံစနစ် ထည့်ထား၏။

ဥပမာ ထိုလက်နက်နှင့် အမေရိကန်၏ မဟာမိတ်နိုင်ငံများဖြစ်သည့် ထိုင်း၊ ဖိလစ်ပိုင်၊ ကိုရီးယား၊ ဂျပန်အစရှိသော နိုင်ငံများသို့ ပစ်မည်ဆိုပါတော့... ဂုန်းကနဲ ပေါက်မည်။ မီးခိုးများ ထွက်မည်။ သို့သော် ဘာအန္တရာယ်မှ မရှိ။ ဘာအစွမ်းမှ မရှိအောင် စီမံထား၏။

မြန်မာပြည်တွင်းကိုလည်း ထိုကဲ့သို့ပင် ဖြစ်အောင် စီမံထား၏။ တစ်နေ့နေ့ တစ်ချိန်ချိန် ဘဂရှင်မင်းတြားကြီး စိတ်ရူးပေါက်ကာ ကိုယ့်နိုင်ငံတွင်းကို ချူကလီးယားပုံးနှင့် မထုဟု ကံသေကံမ မပြောနိုင်။ ထို့ကြောင့် ပြည်တွင်းကို ပစ်မိပါကလည်း အာနိသင်မရှိအောင် ကြိုတင်စီစဉ်ထား၏။ ထိုအစီအစဉ်များကို ဘဂရှင်မင်းတြားကြီး မသိခဲ့။

ဘဂရှင် မင်းတြားကြီး မသိသော် ယခု စီမံကိန်းကြီးကို အစအဆုံး အသေးစိတ်ပါဝင်ခဲ့သည် မိုးသောက်ပန်းကတော့ အဆိုပါ လျှို့ဝှက်ချက်ကို သိလေသည်။ ထိုကြောင့်ပင် ချူကလီးယားပစ်လိုက်ပြီ ဆိုကတည်းက ဖွဲ့မောင်ကဲ့သို့ပင် စက်ရုံထဲက မယောက်မလည် လစ်ထွက်လာရခြင်း ဖြစ်သည်။

" ကိုမိုးသောက်ပန်းရေ ခင်ဗျား အခု ဘယ်ကိုမောင်းနေတာလဲ၊ ကျွန်တော်တို့ ဘယ်သွားကြမလဲ"

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့မောင်က စိုးရိမ်တကြီး မေးလိုက်သည်။ အခုချိန်ဆိုလျှင် ဘဂရှင်မင်းတြားကြီးလည်း နျူကလီးယားလက်နက်ကြီး အကြောင်းသိကာ စွေစွေခုန်နေလောက်ပြီ။ ပြန်မိသွားလို့ကတော့ သူ့အနေနှင့် မစားသာ။ ပြေးနိုင်မှ လွတ်မည်။

" ဘယ်သွားရမှာလဲဗျ၊ ကာဆောင်ကြီးတို့ဆီပေါ့"

"ကာဆောင်ကြီး ဘယ်က ကာဆောင်ကြီးလဲ၊ ဟိုအခု ဆန္ဒပြပွဲတွေကို ခေါင်းဆောင်နေတဲ့သူ ဆိုတာလား"

" အေးလေ ခင်ဗျားဒီကို ရောက်ကာစက တစ်ခါတွေ့ဖူးတယ် မဟုတ်လား"

ဖွဲ့မောင် မှတ်မိပြီ။ သူ ရောက်ကာစက ကာကွယ်ရေးခေါင်းဆောင်ကြီးအဖြစ် တာဝန်ယူနေသော သူဖြစ်သည်။ တစ်ခေါက်တွေ့ပြီးကတည်းက ထပ်မတွေ့ဖြစ်သည့် အပြင် သတင်းအစအန မရတော့ဘဲ စုံးစုံးမြုပ် ပျောက်ကွယ်သွား၏။ အခုမှ ပြန်ပေါ်လာက ဘဂရှင်မင်းတြားကြီး၏ ပထမရန်သူတော် ဖြစ်လာသူဖြစ်သည်။

" ဒါနဲ့ ခင်ဗျားက ဘာလုပ်ဖို့ ကာဆောင်ကြီးစီ သွားမှာလဲ"

ဖွဲ့မောင် တွေးမရ။ မိုးသောက်ပန်းဆိုသည်မှာ ဘဂရှင်မင်းတြားကြီး၏ အယုံကြည်ရဆုံးသူ။ ဘဂရှင်မင်းတြား ကြီး၏ မိသားစုဝင်တစ်ယောက်ကဲ့သို့ပင် သတ်မှတ်ခံထားရသည့်သူ။ ဘာကြောင့် ရန်သူဆီ သွားမှာပါလိမ့်။

"ဟ၊ ဒီမှာ ကိုဖွဲ့မောင်ရဲ့ ကျုပ်ကို အရူးထင်နေလား၊ အခု ဘဂရှင်မင်းတြားကြီးက အခြေအနေမကောင်းတော့ဘူး၊ နောက်ဆို အာဏာက အဲဒီကာဆောင်ကြီးလက်ထဲ ရောက်တော့မှာ၊ ဒီတော့ အာဏာရမယ့်သူဆီသွားတာ ဘာဆန်းတုန်း၊ ကျုပ်က စီးပွားရေးသမားဗျ ဘယ်သူအာဏာရရ ကျုပ်နဲ့ မဆိုင်ဘူး၊ ကျုပ်နဲ့ဆိုင်တာက အဲဒီအာဏာရတဲ့သူက ကျုပ်လူဖြစ်ဖို့ပဲ ရှင်းလား"

ရှင်းသမျှ သိပ်ရှင်း။ ဖြစ်နိုင်လျှင် ဖွဲ့မောင်သည် အော်ကြီးဟစ်ကျယ် အော်ရယ်ပစ်လိုက်ချင်သည်။ ဘယ်လိုလူတွေနှင့် လာတွေ့နေပါလိမ့်။ တစ်ယောက်ကလည်း ကိုယ်နိုင်ငံကိုကိုယ် နျူကလီးယားဗုံးနှင့် ပစ်သည်။ တစ်ယောက်ကလည်း တစ်သက်လုံး ပြားပြားဝပ် ချစ်ကြောက်ရိုသေလာခဲ့သူကို အာဏာမရှိတော့မည့် အရိပ်အယောင်လေး တွေ့လိုက်ရုံထားကာ တခြားတစ်ယောက် အရိပ်သို့ ပြေးကာ ခိုလှုံသည်။

" ဟာ ကိုဖွဲ့မောင် ခင်ဗျားလည်း လိုက်ခဲ့လေဗျာ၊ ကာဆောင်ကြီးက ခင်ဗျားလိုလူမျိုးကို သဘောကျမှာပါ၊ အဲ နေဦးဗျ သူ့ရှေ့သွားပြီး ကာဆောင်ကြီးလို့ ခေါ်လို့မကောင်းဘူး၊ ရိုရိုသေသေဖြစ်အောင် ဘဘကာဆောင်ကြီးလို့ ခေါ်ရမယ်၊ လိုက်ခဲ့မယ်မဟုတ်လား ကိုဖွဲ့မောင်"

ဖွဲ့မောင် စိတ်ပျက်လက်ပျက် ခေါင်းခါလိုက်သည်။

" မလိုက်တော့ပါဘူးဗျာ၊ နီးစပ်ရာဟိုတယ်တစ်ခုမှာသာ ချပေးခဲ့ပါ အခု ကျွန်တော် ဘာလိုနေလဲ ခင်ဗျားသိ တယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

ဘောင်ဘီအိတ်ကို စမ်းလိုက်သည်။ ကိုယ်နှင့်မကွာ အမြဲဆောင်ထားသည့် ဓာတုဓာတ်ပေါင်းလေးများ။ ကိုယ် နိဗ္ဗာန်ကို ကိုယ်သွားတာပဲ ကောင်းသည်။ ဓာတုဓာတ်ပြားလေးတွေက သူ့ကို ဘယ်တော့မှ သစ္စာဖောက်မည် မဟုတ်။ ဘယ်အချိန် မီးမြိုက်မြိုက် သူ့အတွက် အဆင်သင့်ပင်။ သူ့ထံတွင် အာဏာရှိရှိ။ မရှိရှိ။ ပိုက်ဆံရှိရှိ။ မရှိရှိ။ အာနိသင် မပြယ်။ အရသာ မပြောင်း။

လူတွေနှင့်တော့ တခြားစီ။

www.burmeseclassic.com

www.burmeseclassic.com

(၇)

မိုးသောက်ပန်းသည် ကျော်ဇော်ထင်ရှားသူ တစ်ယောက်ဖြစ်သည်။ သို့သော် ကောင်းသတင်းနှင့်တော့ မဟုတ်။ ဘဂရင်မင်းတြားကြီး၏ လက်ရုံးတစ်ပါးအဖြစ် ပြည်သူများက ရွံရှာသူကြီး ဖြစ်သည်။

ထိုကဲ့သို့ ဘဂရင်မင်းတြားကြီး၏ လက်ရုံးတစ်ပါးသည် ပြည်သူများစုဝေးရာ အရပ်သို့ ရောက်လာသည့်အခါ အုတ်အော်သောင်နင်း ဖြစ်ကုန်၏။ နှုတ်ကလီးယားပုံး အကြေခံထားရသဖြင့် ဒေါသထွက်နေသော လူအုပ်ကြီးသည် မိုးသောက်ပန်းကို တွေ့လိုက်ရသည့်အခါ ထိန်းမနိုင်သိမ်းမရ ဖြစ်ကုန်သည်။ သတ်မယ် ဖြတ်မယ် တကဲကဲနှင့် မိုးသောက်ပန်းအနီးသို့ ဝိုင်းအုံသွားကြသည်။

မိုးသောက်ပန်း ရောက်လာသည်ဆိုသော သတင်းသည် ကာဆောင်ကြီးထံသို့ ချက်ခြင်းရောက်လာ၏။ ကာဆောင်ကြီးကလည်း သူ့ပြည်သူများ ခြေလွန်လက်လွန် မဖြစ်ခင် မိုးသောက်ပန်းထံ အမြန်သွားလိုက်သည်။ ကာဆောင်ကြီး ရောက်လာသဖြင့် မိုးသောက်ပန်းဘေးမှ လူအုပ်ကြီး ရှဲကနဲ ဖြစ်သွားသည်။

" ဘဘ ကာဆောင်ကြီး၊ ဘဘ ကာဆောင်ကြီး ဘဘကာဆောင်ကြီးတို့ရဲ့ တော်လှန်ရေးကြီးကို ကျွန်တော် မောင်မိုးသောက်ပန်းက လာရောက်ပူးပေါင်းတာပါခင်ဗျား၊ ဘဘကာဆောင်ကြီးခင်ဗျား"

ကာဆောင်ကြီးကို မြင်သည်နှင့် မိုးသောက်ပန်းက တကျော်ကျော် အော်နေ၏။ ကာဆောင်ကြီး စိတ်ထဲတွင် ထောင်းကနဲ ဖြစ်သွား၏။ ဘယ်လောက်မျက်နှာ ပြောင်လိုက်သလဲ။ သူ့ကိုလည်း တခြား စစ်ဗိုလ်တွေလို ထင်နေပုံရသည်။ ခေါ်တာကိုက ဘဘကြီးတဲ့။

သို့သော် ကာဆောင်ကြီးက ချက်ခြင်း ဟန်ကိုယ်ဖို့လိုက်သည်။ မီးဟုန်းဟုန်းထမတတ် မိုးသောက်ပန်းကို ဝိုင်းကြည့်နေကြသော ပြည်သူများကြားတွင် သူသာ ဒေါသရှေ့ထား၍ တစ်စုံတစ်ခု အမိန့်ပေးလိုက်လျှင် မိုးသောက်ပန်း ချက်ခြင်း ပြာကျသွားနိုင်သည်။

မိုးသောက်ပန်းလိုကောင်မျိုးမှာ မကောင်းသည်မှန်သော်လည်း ပစ်ပယ်လို့တော့ မရ။ အထူးသဖြင့် ဘဂရင်မင်းတြားကြီးကို အပြီးသတ် ခြေမှုန်းရေး စစ်ဆေးရေးတွင်။ လက်ရှိ ဘဂရင်မင်းတြားကြီး ရှိမည့်နေရာကို အတိအကျ သိနိုင်မည့်သူမှာ မိုးသောက်ပန်းမှ လွဲ၍ တခြားသူ မရှိနိုင်။ ထို့ကြောင့် မိုးသောက်ပန်းကို သူ၏ ယာယီ စခန်းတွင်းသို့ ခေါ်လိုက်သည်။

" ပထမဆုံးအနေနဲ့ ကျုပ်ကို ဘဘကာဆောင်ကြီးတွေ ဘာတွေမခေါ်နဲ့၊ သူများတွေခေါ်သလို ရိုးရိုးပဲခေါ်၊ နောက်ပြီး ခင်ဗျားဒီကို ဘာရည်ရွယ်ချက်နဲ့ ရောက်လာတယ်ဆိုတာ ကျုပ်မသိပေမယ့် ကျုပ်က ခင်ဗျား ဖားနေကြ ဗိုလ်ချုပ်တွေလို တစ်စုံတစ်ခု မျော်လင့်ချက်နဲ့ လာရင်တော့ ခင်ဗျားမှားနေပြီလို့ ကြိုအသိပေးထားပါရစေ"

မိုးသောက်ပန်းက ခေါင်းခါခြေခါ ငြင်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com

" မဟုတ်ပါဘူး ဘဘကာဆောင်ကြီး... အဲလေ ကာဆောင်ကြီးရယ်၊ ကျွန်တော်က တစ်တိုင်းပြည်လုံး အခုလို အုံနဲ့ကျင်းနဲ့ တက်ညီလက်ညီ ချီတက်နေတဲ့ တော်လှန်ရေးကြီးကို မျက်နှာမလွှဲနိုင်တော့လို့ အုတ်တစ်ချက် သဲတစ်ပွင့်အဖြစ် လာရောက်ပူးပေါင်းပေးတာပါ"

" ကောင်းပြီလေ၊ ဒါဆို အခု ဘဂရှင်မင်းတြားကြီး ချူးကလီးယားစက်ရုံမှာ မဟုတ်လား၊ အဲဒီ စက်ရုံဘယ်မှာလည်းဆိုတာ ခင်ဗျားသိမှာပဲ"

" ဟုတ်သိပါတယ် ခင်ဗျား"

" ကောင်းပြီ ဒါဆိုလာ သွားကြမယ်"

ကာဆောင်ကြီးက ပြောပြောဆိုဆိုနှင့် ထွက်သွားသည်။ ကာဆောင်ကြီး၏ အနီးကပ်အကြံပေးသဖွယ် ဖြစ်နေသည့် မန္တလေးမှ တပ်မမှူးကြီးက မိုးသောက်ပန်းလို လူမျိုးကို ယုံရပါ့မလားဟု သတိပေးသည်။

ကာဆောင်ကြီး ခေါင်းတစ်ချက်ညိတ်လိုက်သည်။ အခုချိန်တွင် မိုးသောက်ပန်းကို ယုံခြင်း မယုံခြင်းက အရေးမကြီး။ ဘဂရှင်မင်းတြားကြီးကို လက်ဂယ် ဖမ်းမိရေးအရေးကြီးသည်။ တနည်း အာဏာရှင်ကြီးကို အမြစ်ပြတ် ချေမှုန်းဖို့သာ အရေးကြီးသည်။

တစ်ရက်ပိုကြာလျှင် တိုင်းပြည်အတွက် တစ်ရက် ပိုနစ်နာသည်။ ယခုပင် တော်လှန်ရေးကာလအတွင်း ကုန်စည်စီးဆင်းမှု မရှိ။ စီးပွားရေး မရှိ။ ကြာလျှင်မလွယ်။ ပြည်သူတွေ နာပြီးရင်း နာမည်။

ချူးကလီးယားစက်ရုံကြီးဆီသို့လည်း ပြည်သူများ တစ်ပြုံတစ်မကြီးနှင့် မချီတက်တော့။ ဗျူဟာပြောင်းလိုက်သည်။ စစ်ဆေးရေးတစ်ခု ရေးဆွဲသည်။ အထူးတပ်တစ်တပ်ကို အလျှင်အမြန်ဖွဲ့သည်။ အဆိုပါတပ်ကို ကာဆောင်ကြီးကိုယ်တိုင် ကွပ်ကဲကာ ဘဂရှင်မင်းတြားကြီးထံ ချီတက်လေသည်။

"ကဲ.... အာဏာဘီလူးကြီးရေ... ခင်ဗျား အစွယ်မပြုတ်ရင် ကျုပ်ဇာတ်ပြတ်ပြီပေါ့"

ကာဆောင်ကြီးက စိတ်ထဲကနေ ကြိမ်းဝါးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၈)

" ဖွဲ့မောင်၊ ဖွဲ့မောင်"

ဘဂရင်မင်းတြားကြီး၏ ဒေါသတကြီး အော်သံ။

" မိုးသောက်ပန်း၊ မိုးသောက်ပန်း"

စက်ရုံတစ်ရုံလည်း အန့်ရှာသည်။ စက်ရုံကြီး တစ်ခုလုံး တိတ်ဆိတ်နေသည်။ ဂန်ထမ်းများလည်း အခြေအနေမကောင်းသည် ရိပ်မိကြကာ အသီးသီး စွန့်ခွာထွက်ပြေးကြသည်။

" ငိုမနေစမ်းပါနဲ့အေ၊ အဲဒီလို အသားထဲက လောက်ထွက်၊ ပုဆိန်ရိုး သစ္စာဖောက်ကောင်ကိုများ"

မယ်မယ်ဖျားက သူ့ဘေးတွင် တရှုံ့ရှုံ့ငိုနေသည့် တော်လတ်ကို ဟောက်လိုက်သည်။ တော်လတ်ကတော့ ဘာမှ ပြန်မပြောနိုင်။

"ကောင်ကင်ကြီး ပြို

တိမ်တွေငို

နေမထွက်တဲ့ ကမ္ဘာကို

ဘယ်သူက ထွေးပွေ့ချင်ပါ့မလဲ" ဟု မျက်ရည်လေး စမ်းတန်းစမ်းတန်းနှင့် ကဗျာရွတ်နေသေးသည်။

" ဒီမှာကြည့်ကြပါဦး၊ ဒီမှာ ကြည့်ကြပါဦး"

ဆုံးမြေးလေးဘေးသို့ တော်ကြီး တော်လေးတို့ ပိုင်းသွားကြသည်။

" ဟာ"

" ဟင်"

တော်ကြီးက ဆုံးမြေး၏ ဖုန်းကို ယူသွားကာ မယ်မယ်ဖျားကို ပြလိုက်သည်။

" အို... သူ...သူ...သူ"

မယ်မယ်ဖျားမှာ တောက်တစ်ချက်ခေါက်ကာ မူးမေ့လဲသွားလေတော့သည်။

" မယ်မယ်ဖျား၊ မယ်မယ်ဖျား လုပ်ကြပါဦး"

တော်ငယ်က မယ်မယ်ဖျားကို ပွေ့ဖက်ထားသည်။ တော်ကြီးက ယက်ခပ်ပေးသည်။ မယ်မယ်ဖျားလဲကျမည်ဆိုလည်း လဲကျစရာပင်။ သူတို့မိသားစုကို စစ်ဆင်ရေးလုပ်ရန် နေပြည်တော်မှ ထွက်ခွာသွားသည့် ဆိုသည့် ဓာတ်ပုံများ ဖေ့ဘုတ်ပေါ်တွင် တက်လာသည်။ အဆိုပါ ဓတ်ပုံများထဲတွင် ပြည်သူများကို လက်ပြနှုတ်ဆက်နေသည့် ကာဆောင်ကြီး ဘေးတွင် ခန့်ခန့်ကြီး ထိုင်နေသူမှာ တခြားသူမဟုတ်။

မိုးသောက်ပန်း။

" တောက်"

www.burmeseclassic.com

www.burmeseclassic.com

ဒင်း သစ္စာဖောက်လေပြီ။ ဘာဂရှင်မင်းတြားကြီးမှာ မယ်မယ်ဖျားကို ဂရုမစိုက်နိုင်။ ဒေါသများ လှိုက်တက်လာ၏။ ဘာလုပ်ရမလဲ။ ငါဘာလုပ်ရမလဲ။ မယ်မယ်ဖျားနားတွင် ပိုင်းနေသည့် သူ့မိသားစုကို ကြည့်လိုက်သည်။ ထို့နောက် ဆုံးဖြတ်ချက် တစ်ခုကို ခိုင်ခိုင်မာမာ ချလိုက်သည်။ ထို့နောက် ထွက်သွားသည်။ စက်ရုံဂသို့။

www.burmeseclassic.com

www.burmeseclassic.com

(၉)

ကာဆောင်ကြီးတို့ အဖွဲ့သည် ချူကလီးယားစက်ရုံသို့ ရောက်ရောက်ခြင်း မမျှော်လင့်သည့် သူတစ်ယောက်ကို ဘွားကနဲ တွေ့ရသည်။

ဘဂရှင်မင်းတြားကြီး။

ဘဂရှင်မင်းတြားကြီးကို နှိမ်နင်းရန်လာရောက်သည်မှာ မှန်သော်လည်း ယခုကဲ့သို့ လွယ်လွယ်ကူကူ တွေ့ရလိမ့်မည်ဟု မထင်။ သူတို့ကိုမြင်သည်နှင့် ဘဂရှင်မင်းတြားကြီးက လက်နှစ်ဘက်ကို လေထဲသို့ မြှောက်ထား၏။ ကာဆောင်ကြီးက ကားပေါ်က အလျင်အမြန် ခုန်ဆင်းလိုက်သည်။ ထို့အတူ သူ့တပ်ဖွဲ့ဝင်များကလည်း ဘဂရှင်မင်းတြားကြီးကို ဝိုင်းကာ သေနတ်များနှင့် ချိန်ထားလိုက်၏။

" ကာဆောင်ကြီး မင်းတော်ပါတယ်၊ ငါလက်နက်ချပါတယ်၊ ဒါပေမယ့် မင်းနဲ့ငါ နှစ်ယောက်တည်း ဆွေးနွေးချင်တယ် ဖြစ်မလား"

ဘဂရှင်မင်းတြားကြီး၏ တောင်းဆိုချက်ကို ကာဆောင်ကြီး၏ အနီးကပ်ရဲဘော်က ခွင့်မပြုချင်။ နှစ်ယောက်ချင်း မတွေ့သင့်ဟု တားသည်။ ကာဆောင်ကြီး ခေါင်းတစ်ချက် ရမ်းလိုက်သည်။ အခုချိန်မှာ သူသေသွားလည်း အရေးမကြီး။ ဘဂရှင်မင်းတြားကြီး သူတို့လက်ထဲသို့ ရောက်နေပြီ။ ထို့ကြောင့်ပင် ဘဂရှင်မင်းတြားကြီးထံသို့ ရဲရဲဝံ့ဝံ့ တိုးသွားလိုက်၏။

" ကျေးဇူးပါပဲကွာ"

" ချောက်"

" ဟော့"

" မလှုပ်နဲ့"

ကာဆောင်ကြီး အဖွဲ့များ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဘဂရှင်မင်းတြားကြီးက အနီးကပ်လာသည့် ကာဆောင်ကြီးကို ကျေးဇူးစကားဆိုရင်း နှုတ်ဆက်ရန် လက်ကမ်းလိုက်သဖြင့် ဖြစ်သည်။ ဘဂရှင်မင်းတြားကြီးက ကမ်းလိုက်သည့် လက်ကို ရုပ်ကာ လေပေါ်ပြန်မြှောက်လိုက်ရသည်။

" ရပါတယ်၊ သက်သက်သာသာနေပါ"

ကာဆောင်ကြီးက သူ့လူများကို လက်ကာပြလိုက်ပြီး ဘဂရှင်မင်းတြားကြီး၏ မြှောက်ထားသည့်လက်ကို ပြန်ချထားခွင့်ပြုလိုက်သည်။

" ဖြစ်သမျှ ကိစ္စတွေအားလုံးဟာ ငါတစ်ယောက်တည်း လုပ်တာပါကွာ"

ကာဆောင်ကြီး ဘဂတွင် တစ်ခါမှ မကြားဖူးသည့် လေသံမျိုးဖြင့် ဘဂရှင်မင်းတြားကြီးက ပြောနေ၏။

www.burmeseclassic.com

www.burmeseclassic.com

" အားလုံးကိုလည်း ငါပဲ အမိန့်ပေးတာပါပဲ၊ ဒီတော့ မင်းတို့တတွေ ဖမ်းချင်ရင် ငါ့တစ်ယောက်တည်း ဖမ်းပါ၊ ငါ့မိသားစုကိုတော့ လွတ်ငြိမ်းချမ်းသာခွင့် ပေးပါ၊ ကလေးတွေနဲ့ မဆိုင်ပါဘူးကွာ၊ အဲဒါတစ်ခုတော့ မင်းလုပ်ပေးနိုင်တယ် မဟုတ်လားဟင်"

ကာဆောင်ကြီးက ဘဂရှင်မင်းတြားကြီး၏ မျက်လုံးကို စေ့စေ့ကြည့်ကာ နားထောင်နေသည်။ ဘဂရှင်မင်းတြားကြီးကတော့ ကာဆောင်ကြီးကို ပြန်မကြည့်ပံ။ မျက်လုံးလေး အောက်ချကာ တောင်းဆိုနေသည်။

သူတစ်ပါးမိသားစုဘဂများကို ဖျက်စီးရန် အမိန့်ပေးခဲ့စဉ်က အသံမျိုး။ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့စဉ်က အကြည့်မျိုး။ နောက်ကျောပေါင်းများစွာကို ထိုးခဲ့စဉ်က မျက်နှာမျိုး။ ဘယ်ရောက်ကုန်ပြီလဲ။ ဘယ်များရောက်ကုန်ပြီလဲ။

" ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်နဲ့"

ဖခင်ဖြစ်သူ၏ နောက်ဆုံးမှာတမ်းစကားက နားထဲအလိုလို ဝင်လာ၏။ ဘဂရှင်မင်းတြားကြီး မည်သို့ပင် ယုတ်မာခဲ့ပါစေ။ မည်သို့ပင် ရက်စက်ခဲ့ပါစေ။ လူမိုက်နှင့် ပြိုင်ဖြစ်စရာမလို။ သူ့မိုက်ပစ်နှင့် သူသွားလိမ့်မည်။

" စိတ်ချပါ... မဆိုင်တဲ့သူက မဆိုင်တဲ့အလျောက် ပြစ်ဒဏ်မကျစေရပါဘူး၊ တရားဥပဒေနဲ့အညီ ဖြေရှင်းကြရအောင်လားခင်ဗျာ၊ ဘဂရှင်မင်းတြားကြီးဘက်ကလည်း လိုအပ်တဲ့ ရှေ့နေတွေကို စိတ်ကြိုက် ငှားနိုင်ပါတယ်၊ ထုချေနိုင်ပါတယ်၊ ဒါပေမယ့် အခုလောလောဆယ်တော့ ကြည်ကြည်ဖြူဖြူ အဖမ်းခံပေးပါ"

ဘဂရှင်မင်းတြားကြီးက ဘာမှ ပြန်မပြော။ လက်နှစ်ဘက်ကို ရှေ့သို့ထုတ်ပေးသည်။ ကာဆောင်ကြီးက မျက်ရိပ်ပြလိုက်သည်နှင့် ရဲဘော်များက ဘဂရှင်မင်းတြားကြီးကို ထပ်ကနဲ လက်ထိပ်ခတ်လိုက်၏။

စက်ရုံအတွင်းမှ သမီးတော်သုံးပါးနှင့် ဆုံးမြေးတို့ကိုလည်း လက်ထိပ်အသီးသီးနှင့် ထွက်လာကြသည်။ ဆုံးမြေးကိုတော့ လက်နှစ်ဖက်ကနေ မ,ကာ ယက်ကန်ယက်ကန်နှင့် ခေါ်လာကြသည်။

" ငါဘယ်သူလည်း မသိဘူးလားကွ၊ ငါဆုံးမြေးနော်၊ မြန်မာပြည်ရဲ့ အာဏာထွင့်ခေါင် မိသားစုရဲ့ အသည်းကျော် ဆုံးမြေးနော်၊ မင်းတို့အားလုံး ဇာတ်ပြုတ်ချင်လို့လား"

လက်ထိပ်ကို မြောက်ကာ သွေးရူးသွေးတန်း အော်နေ၏။ စက်ရုံအဝတွင် ဘဂရှင်မင်းတြားကြီးကိုယ်တိုင် လက်ထိပ်တန်းလန်း ဖြစ်နေသည်ကို မြင်လိုက်တော့မှ အသံတိတ်သွားတော့သည်။ မယ်မယ်ဖျားကတော့ သတိပြန်မလည်လာသေးသဖြင့် ဆေးရုံကားတစ်စီး အရေးပေါ်ခေါ်ကာ တင်ပေးလိုက်ရသည်။

" ကာဆောင်ကြီးခင်ဗျား၊ အရေးပေါ် တင်ပြစရာရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ဘဂရှင်မင်းတြားကြီး တစ်မိသားစုလုံး လက်ထိပ်တန်းလန်းနှင့် ကားပေါ်သို့ တက်နေသည်ကို ကြည့်နေသည့် ကာဆောင်ကြီးဘေးသို့ ဆက်သားတစ်ယောက်က သတင်းပို့သည်။

" ပြော"

ကာဆောင်ကြီး ခေါင်းတငြိတ်ငြိတ်နှင့် နားထောင်သည်။ ဘဂရှင်မင်းတြားကြီးတို့ကို ချူးကလီးယားစက်ရုံသို့ ဖမ်းနေစဉ်မှာပဲ ချူးကလီးယားစီမံကိန်း၏ အဓိက ဇာတ်ဆောင်တစ်ဦးဖြစ်သည့် ဖွဲ့မောင်ကို ဖမ်းဖို့ တစ်ဖွဲ့လွှတ်လိုက်သည်။ ဖွဲ့မောင်ကို ရှာရသည်မှာလည်း ဘဂရှင်မင်းတြားကြီးကို ရှာရသလိုပင် လွယ်လွန်းလှသည်။ အဘယ်ကြောင့်ဆိုသော် မိုးသောက်ပန်းက ဖွဲ့မောင်ရှိမည့် နေရာကို အတိအကျ သတင်းပေးထားသဖြင့် ဖြစ်သည်။

သို့သော် ကာဆောင်ကြီး ရဲဘော်များ ရောက်သွားသည့်အခါ အလာကောင်းသော်လည်း အခါနှောင်းခဲ့လေပြီ။ တည်းခိုခန်းတစ်ခုထဲ၌ ဖွဲ့မောင်သည် သူ့သိပ်ချစ်သည့် ဓာတုဆေးပြားလေးများ ဓာတ်ခွဲလွန်ကာ နိဗ္ဗာန်အစစ်သို့ ပေါက်မြောက်သွားရှာလေတော့သည်။

" ကဲ ဒါဆိုလည်း လုပ်စရာရှိတာ ဆက်လုပ်"

ကာဆောင်ကြီးက အမိန့်ပေးလိုက်သည်နှင့် တပြိုင်နက် ကာဆောင်ကြီး ကားပေါ်တွင် ပါလာသည့် မိုးသောက်ပန်းကို ရဲဘော်များက ဆွဲချလိုက်သည်။ ထို့နောက် လက်နှစ်ဖက်ကို လက်ထိပ်ခတ်လိုက်၏။

" ဟာ... ဒါ...ဒါ...ဒါ ဘာလုပ်တာလဲ၊ ဘဘကာဆောင်ကြီး အဲ ကာဆောင်ကြီး လုပ်ပါဦးဗျ၊ ဒီမှာ ကျွန်တော်ကို ဖမ်းနေပြီ"

" စိတ်မကောင်းပါဘူး ကိုမိုးသောက်ပန်း"

ကာဆောင်ကြီးက မိုးသောက်ပန်းနား ကပ်သွားသည်။

" ခင်ဗျားတို့အားလုံးကို တရားဥပဒေနဲ့ အညီ စစ်ဆေးသွားမှာပါ၊ အဲဒီလို စစ်ဆေးပြီးလို့ ခင်ဗျားမှာ အပြစ်မရှိရင် တစ်စက္ကန့်လေးတောင် ခင်ဗျားကို မချုပ်ထားမိစေဖို့ ကျွန်တော် အာမခံပါတယ်၊ အခုတော့ ကျွန်တော်တို့နဲ့ အသာတကြည် ပူးပေါင်းပါဗျာနော်"

ကာဆောင်ကြီး စကားအဆုံးတွင် မိုးသောက်ပန်းသည် ကြက်ကြီး လည်လိမ်ချိုးလိုက်သလို ခေါင်းကြီးငိုက်စိုက် ကြသွားလေတော့သည်။

" ကဲ"

ကာဆောင်ကြီးက သူ့လူများဘက်သို့လှည့်ကြည့်လိုက်၏။

" အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ"

www.burmeseclassic.com

www.burmeseclassic.com

ရဲဘော်များ၏ ဟစ်ကြွေးသံများက မိုးထိလုမတက်။ အာကာဘီလူးကြီး၏ အစွယ်ကိုသာမက ရှိသမျှသွားများအလုံး ရိုက်ချိုးခဲ့နိုင်ပြီ။ နှစ်ပေါင်းများစွာ သံခြေဖနောင့်အောက်မှ မြန်မာပြည်ကို ကယ်ထုတ်လိုက်နိုင်ပြီ။ ဘာလိုသေးသနည်း။

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

ဘာလိုသေးသနည်း။

နှစ်ပေါင်းများစွာ စူးနစ်ခဲ့သော အာဏာရှင်အစွယ်ကို နုတ်ခဲ့နိုင်ပြီ။ ပြည်သူစစ်စစ်ရွေးကောက်သည့် အစိုးရတစ်ဖွဲ့ကို ဖွဲ့စည်းပေးနိုင်လိုက်ပြီ။ တပ်မတော်ကို အုပ်ချုပ်ရေးယန္တရားထဲမှ အပြီးအပိုင် ဆွဲထုတ်လိုက်နိုင်ပြီ။ တိုင်းရင်းသား လက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးရယူကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ လုပ်ပိုင်ခွင့်များ ပေးခဲ့ပြီ။ တောင်ပေါ် မြေပြန့်သွေးစည်းနိုင်ခဲ့ပြီ။

ဘာလိုသေးသနည်း။

တိုင်းပြည်တိုးတက်ဖို့အတွက် အစိုးရပြောင်းရုံဖြင့် မရ။ ပြည်သူတွေကလည်း ပြောင်းရမည်။ ခေါင်းဆောင်တွေ ပြင်ရုံဖြင့်မရ။ နောက်လိုက်များလည်း ပြင်ရမည်။ တက်ညီလက်ညီ တွန်းမှ ရှေ့သို့ရွေ့မည်။

ဘာလိုသေးသနည်း။

ကာဆောင်ကြီးကတော့ သူ့ကတိအတိုင်း အာဏာရှင် ရေစီးကြောင်းကို ခန်းခြောက်စေပြီးသည့် သကာလ နိုင်ငံရေးထဲမှ လုံးဝထွက်လိုက်သည်။ စစ်ရေးမှလည်း ထွက်လိုက်သည်။ သာမန်ပြည်သူများနှင့်အတူ ကြမ်းတပြေးတည်း ရှိစေရန် အောက်ခြေထိဆင်းကာ ပရဟိတလုပ်ငန်းများ လုပ်ကိုင်သည်။ အခြေခံလိုအပ်ချက်များအတွက် အင်တိုက်အားတိုက် ဆောင်ရွက်သည်။

ဘာလိုသေးသနည်း။

တစ်ခုပဲလိုသည်။

ကာဆောင်ကြီးသည် ဒူးထောက်လိုက်သည်။ လက်အုပ်ချီလိုက်သည်။ မျက်လုံးမှ စူးစူးနစ်နစ်ကြည့်လိုက်သည်။ ကာဆောင်ကြီး၏ အကြည့်သည် ထုံးဖြူဖြူ ဖွေးနေသည့် အုတ်ဂူတစ်ဂူ။ အဆိုပါ အုတ်ဂူထဲတွင် ကာဆောင်ကြီး ဖခင်၏ အသက်မဲ့ ခန္ဓာကြီး လဲလျောင်းနေ၏။ ကြာပြီ။ ဆယ်စုနှစ်ပေါင်း များစွာပင် ကြာလေပြီ။

ကာဆောင်ကြီး ဖခင်ကို အဆိုပါ ဂူအတွင်းသို့ ထည့်သွင်းစဉ်က အမျှ မဝေခဲ့။ တနည်း အမျှဝေခွင့်မရ။ တိုင်းပြည်တွင် အာဏာရှင် အမြစ်ပြတ်မှ အမျှဝေဟု မှာခဲ့သည်။ ပြည်သူအများ ချစ်ခင်တန်ဖိုးထားသည့် တပ်မတော်ဖြစ်မှ အမျှဝေဟု မှာခဲ့သည်။

အခုတော့ ကာဆောင်ကြီးသည် ဖခင်၏ ဆန္ဒကို ဖြည့်ဆည်းလိုက်နိုင်ပြီ။ နှစ်ပေါင်းများစွာ နုတ်မှ ဖွင့်ဟချင်သည့် စာလုံးသုံးလုံးကို ဖွင့်ဟခွင့်ရတော့မည်။ ဆုတောင်းခွင့် ရတော့မည်။

" အမျှ..... အမျှ..... အမျှ"

မြေမှုန်လွင်

www.burmeseclassic.com


www.burmeseclassic.com

၂၀၀၉

www.burmeseclassic.com

www.burmeseclassic.com

NDSP



# ဘဝရှင်မင်းတြားကြီးနှင့် သူ၏နျူးကလီးယား

## မြေမှုန်လွင်

www.burmeseclassic.com